ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

နှင့်

ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့

ဟောကြားတော်မူအပ်သော

# ကျောင်း
# အနုမောဒနာ

## တရားတော်

---


မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

ကောဇာ ၁၃၃၂။ သာသနာ ၂၅၁၄၊ ဩဂုတ်လ ၁၉၇၀။

MHS000050

မဟာစည်သာသနာ့ရိပ်သာ
မှတ်တမ်းဌာနမိတ္တူ
ပုံနှိပ်ကာသဓာတုပုံဟာနအမှုံးချုပ်
အမှတ် ၁၆၊ သာသနာ့ရိပ်သာလမ်း ဗဟန်း

၁၆၅၀-၃
[၁၉-၀၁၃၆]



ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး

နှင့်

ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့

ဟောကြားတော်မူအပ်သော

# ကျောင်းအနုမောဒနာ တရားတော်

ပဉ္စမအကြိမ် နှိပ်ခြင်း အုပ်ရေ (၅၀၀၀)

ပဋိပတ္တိသာသနာပြု မဟာစည်ရုံးပိုင်ငွေ
ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်
သာသနာ့ရိပ်သာ
ဟာမစ်တိတ်လမ်း၊ ကုက္ကိုင်း-ရန်ကုန်မြို့။

၁၃၄၂-ခု။ ၂၅၁၄-ခု။ ၁၉၈၀-ခု။

ထုတ်ဝေသူ။ ။မင်္ဂလာဦးအောင်မြင့် မြဲ(၀၁၁၆၇) အကျိုးတော်ဆောင်
(ပဋိပတ္တိသာသနာပြု မဟာစည်ရုံပုံငွေ)ဗုဒ္ဓသာသနာနုဂ္ဂဟ
အဖွဲ့ချုပ်၊ အမှတ် ၁၆၊ သာသနာ့ရိပ်သာ ဟာမစ်တိတ်
လမ်း ကုက္ကိုင်း၊ ရွှေဂုံတိုင်စာတိုက်၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၃၇၃၉)

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်)
ဦးလှမောင် M.A.,M.S.,B.L. (မှတ်ပုံတင်အမှတ် ၀၇၉၉)က ပုံနှိပ်သည်။

# နိဒါန်း

ဘဝတု သဗ္ဗမင်္ဂလံ။

ဤကျောင်းအနုမောဒနာ တရားစာအုပ်သည် မဟာစည် ကျောင်းတော် ရေစက်ချပွဲ ကျင်းပစဉ်က ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် ဓမ္မကထိက အရှင်မြတ်တို့ ဟောကြားတော်မူအပ်သော တရားတော်တို့ကို စုပေါင်း ပုံနှိပ်ထားအပ်သော တရားစာအုပ် ဖြစ်ပါသည်။

ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကြီးက ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရန် သာသနာ့ရိပ်သာအတွင်း၌ ထယ်ဝါ ခန့်ညားရှိ ခိုင်မာတောင့်တင်းသော မဟာစည်ကျောင်းတော်ကို ၁၃၂၉-ခုနှစ်က စ၍ စတင် တည်ဆောက်ခဲ့ပါသည်။

၁၃၃၀-ခုနှစ်၌ ကျောင်းတော်ကြီး ပြီးစီးခဲ့သောကြောင့် ကျောင်းရေစက်ချပွဲကြီးကို ၁၃၃၀-ခု ပြာသိုလဆန်း (၄) ရက် (၂-၁၂-၆၈) တနင်္ဂနွေနေ့၌ ခမ်းနားကြီးကျယ်စွာ ကျင်းပစဉ်က (၁၉) ကြိမ်မြောက် ဩဝါဒခံယူပူဇော်ပွဲနှင့်လည်း ကြုံကြိုက်သောကြောင့် အမြို့မြို့ အနယ်နယ်မှ မဟာစည် ဩဝါဒခံ ကမ္မဋ္ဌာနာစရိယဆရာတော်များ ရဟန်း ရှင်လူ ယောဂီများလည်း သုံး-လေးရက် ကြိုတင်ကြွရောက်လာကြပါသည်။

သို့ဖြစ်သောကြောင့် ကျောင်းတော် ရေစက်ချပွဲ မတိုင်မီ ပြာသိုလဆန်း ၁-ရက်နေ့မှ စ၍ ၃-ရက်တိုင်တိုင် အကြိုညတရား

ပွဲများကို ကျင်းပခဲ့ရာ ညစဉ် ညတိုင်းပင် တရားနာ ပရိသတ် မြောက်မြားစွာတို့ လာရောက် တရားနာကြပါသည်။

ဆရာတော်ဘုရားများ ဟောကြားတော်မူအပ်သည့် တရားတော်တို့ကိုလည်း အသံဖမ်းစက် အမျိုးမျိုးတို့ဖြင့် လာရောက် အသံဖမ်းယူကြသူတို့ များပြားလှသည့်အနက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကလည်း နောင်အခါ မှတ်တမ်းတရပ် အဖြစ် တည်ရစ်စေရန်အလို့ငှါ၊ တရားတော်များကို စုပေါင်း၍ စာအုပ်အဖြစ် ပုံနှိပ်နိုင်ရေးအတွက် အဖွဲ့ချုပ်၏ အမှုဆောင်လူကြီး တဦးဖြစ်သူ အငြိမ်းစား တရားမ တရားသူကြီး ဦးသိန်းဟန်အား အသံဖမ်းယူရန် မေတ္တာရပ်ခံခဲ့သည့်အတိုင်း ဦးသိန်းဟန်က တရားအလုံးစုံကို အသံဖမ်းယူခဲ့လေသည်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးကလည်း ဆရာတော်၏ အသံဖမ်းစက်များကို တာဝန်ယူ ဆောင်ရွက်ရသော ဦးပညာဝံသအား အသံဖမ်းယူ စေခဲ့ပါသေးသည်။

ထိုစဉ်က အကြို တရားပွဲ ၃-ညတွင်- ပဌမည ပဌမပိုင်း၌....

(၁) မန္တလေးမြို့ နန်းတော်ရှေ့ ရွှေစည်ရိပ်သာ ကျောင်းတိုက် မဟာနာယက ကမ္ဘဋ္ဌာနာစရိယ ဆရာတော် လယ်တီ အရှင်ကုလိသက မျက်မှောက်ချမ်းသာ ဝမ်းမြောက်စရာ တရားတော်ကို ဟောကြားတော်မူပါသည်။

ပဌမည ဒုတိယပိုင်း၌....

(၂) မိုးကုတ်မြို့ လောကမာရဇိန် ရွှေဘိုဆရာတော် အဂ္ဂမဟာဓမ္မကထိက အရှင်မုနိန္ဒက ချမ်းသာပျော်ရွှင်

အစဉ်နေနိုင်ရေးတရားတော်ကို ဟောကြားတော်မူပါသည်။

ဒုတိယည ပဌမပိုင်း၌....

(၃) ပဲခူးမြို့ သာသနမဏ္ဍိုင် (ပါဠိတက္ကသိုလ်) ကျောင်းတိုက် မဟာနာယကဆရာတော် အရှင် ပညာဇောတက အနုမောဒနာ တရားတော်ကို ဟောကြားတော်မူပါသည်။

ဒုတိယည ဒုတိယပိုင်း၌....

(၄) စစ်ကိုင်းမြို့ရွှေစေတီ သာသနာ့ရိပ်သာ မဟာနာယကကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်သုန္ဒရ မဟာထေရ်က ကျောင်းအနုမောဒနာတရားတော်ကို ဟောကြားတော်မူပါသည်။

တတိယည ပဌမပိုင်း၌....

(၅) မိုးကုတ်မြို့ လောကမာရဇိန် ရွှေဘိုဆရာတော် အဂ္ဂမဟာဓမ္မကထိက အရှင်မုနိန္ဒက ဝိသုဒ္ဓိ (၇) ပါး ဖြစ်စဉ် တရားတော်ကို ဟောကြားတော်မူပါသည်။

တတိယည ဒုတိယပိုင်း၌....

(၆) ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီးက ကျောင်းအနုမောဒနာ တရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။

ကျောင်းတော် ရေစက်ချပွဲ ကျင်းပသည့် ပြာသိုလဆန်း (၄) ရက်နေ့၌လည်း မြို့နယ်အသီးသီးတို့မှ ကြွရောက်လာတော်

မူကြသော ကမ္မဋ္ဌာနာစရိယ ဆရာတော်များ မြောက်မြားလှစွာသော ကျောင်းဒါယကာ, ကျောင်းဒါယိကာမများနှင့် ရဟန်း ရှင်လူ ယောဂီ သူတော်စင် အပေါင်းတို့အား ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် အနုမောဒနာနှင့် ဩဝါဒတရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။

ကျွန်ုပ်တို့သည် တိတ်ရီကော်ဒါတို့ဖြင့် ဖမ်းယူထားသော တရားအသံတော်တို့ကို စာမူအဖြစ်သို့ ရောက်ရေးအတွက် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အမိန့်ကို ခံယူရာ ဆရာတော်ဘုရားကြီး၏ အမိန့်အရ ဦးပညာဝံသနှင့် ဒီဃဘာဏက- ဦးကေလာသတို့က တရားတော်အသံမှ တရားတော် စာမူအဖြစ်သို့ ရောက်အောင် ကူးယူပေးတော်မူကြပါသည်။

၎င်းတရားတော်စာမူတို့ကို ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ကြည့်ရှုစစ်ဆေးတော်မူပြီးနောက် မူလဟောတော်မူကြသည့် ဆရာတော်များထံ ပြန်လည်ဆက်ကပ်၍ ကြိုက်နှစ်သက်သလို ပြင်ဆင်စေတော်မူပါသည်။ ထို့နောက် လိုအပ်သော အခဏ်း အပိုင်းတို့ကို ခွဲခြားကာ မာတိကာများ စီစဉ်၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အပြီးသတ် ခွင့်ပြုချက်ကို ထပ်မံရယူပြီးမှသာ ကျောင်းအနုမောဒနာတရားတော် ဟူသော အမည်ဖြင့် စက်တင်ပုံနှိပ်ခဲ့ပါသည်။

ဤတရားစာအုပ်အမည်ကို ကျောင်းရေစက်ချပွဲကို အကြောင်းပြု၍ "**ကျောင်းအနုမောဒနာ တရားတော်**"ဟု အမည်တတ်ထားပါသော်လည်း အနုမောဒနာတရား သက်သက်

လောက်သာ ပါဝင်သည်ဟု မယူဆကြစေလိုပါ၊ ဒါနနှင့်စပ်သောတရား, သီလနှင့်စပ်သောတရား, ဘာဝနာနှင့် စပ်သောတရားတို့လည်း အပြည့်အစုံ ပါဝင်သည်ဖြစ်၍ ဤစာအုပ်ကိုဖတ်ရှုလေ့လာ ပွါးများအားထုတ်သူတိုင်း ဗုဒ္ဓသာသနာတော်၌ များစွာ ထောက်တည်ရာကို ရနိုင်ပါသည်။

ဒါနတည်းဟူသော လှပတင့်တယ်သည့် ပန်း ဥယျာဉ်တို့ဖြင့်ဝန်းရံအပ်သော သီလ တည်းဟူသော ခိုင်မာတောင့်တင်းသည့်ဆိပ်ကမ်းရှိသော ဘာဝနာတည်းဟူသော အေးမြကြည်လင်သည့် ရေရှိသော ဤကျောင်းအနုမောဒနာ တရားရေကန်ကြီးအတွင်းသို့ သက်ဆင်းကြကာ ကိလေသာ တည်းဟူသောအညစ်အကြေးတို့ကို ဆေးကြောသုတ်သင်နိုင်ကြ၍ နိဗ္ဗာန်တည်းဟူသော တဖက်ကမ်းသို့ တက်လှမ်းနိုင်ကြပါစေသော်။

မင်္ဂလာပါခင်ဗျား။
၁၃၃၁-ခု၊ သီတင်းကျွတ် လဆန်း ၁-ရက်နေ့။
မင်္ဂလာအောင်မြင့်
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
ရန်ကုန်မြို့

မဟာစည်ကျောင်းတော် ရေစက်ချပွဲ အနုမောဒနာ

တရားတော်များ

# မာတိကာ

---


အကြောင်းအရာ                                                    စာမျက်နှာ

၁။ မန္တလေးမြို့ ရွှေစည်ဆရာတော် ဦးကုလိသ၏ မျက်မှောက်ချမ်းသာ ဝမ်းမြောက်စရာ တရားတော်

(၁) ဘုန်းကြီးအမြင်နှင့် စကားပလ္လင် ၁
(၂) တရားနာနည်း ၄
(၃) ဒါနနဲ့စပ်တဲ့တရား ၆
(၄) ပုဂ္ဂိုလ်လေးမျိုး ၉
(၅) ယောဂီသူတော်စင်တွေရဲ့ မဟာစည်ကျောင်း ၁၉
(၆) ခေတ်နောက်မကျတဲ့ တရား ၃-ပါး ၂၂
(၇) တရားသိမ်း ဆုတောင်း အမျှဝေ ၃၆

၂။ မိုးကုတ်မြို့ ရွှေဘိုဆရာတော် ဦးမုနိန္ဒ၏ ချမ်းသာပျော်ရွှင် အစဉ်နေနိုင်ရေး တရားတော်

(၁) စကားပလ္လင် ၃၉
(၂) ချမ်းသာပျော်ရွှင် ၂-မျိုး ၄၄
(၃) ဘုန်းကြီးဟောလိုတဲ့ ချမ်းသာပျော်ရွှင် ၄၅
(၄) မေ့ပီတိ ၄၉

အကြောင်းအရာ — စာမျက်နှာ

(၅) သာမန် လူနတ် မနိုင်းအပ် မြင့်မြတ်ပျော်ရွှင်ရာ ၅၅
(၆) ဗိမ္ဗိသာရမင်းကြီး ၅၉
(၆) မဟာကပ္ပိနမထေရ်နှင့် အနောဇာထေရီ ၆၁
(၈) ဝိသာခါကျောင်းအမကြီး ၆၈
(၉) ရိပ်သာရောက် ယောဂီများ ၇၄
(၁၀) ကဲ-ပူဇော်ကြရအောင် ၇၉

၃။ ပဲခူးမြို့ သာသနမဏ္ဍိုင် ဆရာတော် အရှင်ပညာဇောတ ဟောကြားတော်မူသော တရားတော်

(၁) မင်္ဂလာစကားပလ္လင် ၈၂
(၂) ကမ္ဘာသုံးထောင်မှ ဘုရားတဆူ ၈၅
(၃) သာသနာတော်နဲ့ကြုံတွေ့ရတဲ့အခါ ၈၆
(၄) ခန္ဓာကိုယ် အဆိပ်တုံးထဲက အသီး ၂-လုံး ၈၇
(၅) ခြေတလှမ်း တသန်းတန် ၉၀
(၆) ကျောင်းစသည် လှူရကျိုး ၉၅
(၇) တရားနိဂုံး ဆုပေး ၉၉

၄။ စစ်ကိုင်းမြို့ အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော်ဘုရားကြီး ဟောကြားတော်မူသော ကျောင်းအနုမောဒနာ တရားတော်

( ) စကားပလ္လင် ၁၀၀
(၂) မဟာစည်ကျောင်းတော် ၁၀၈
(၃) အားအလှူ ပေးလိုမှု ၁၁၃
(၄) အဆင်းအလှူ ပေးလိုမှု ၁၁၇

အကြောင်းအရာ စာမျက်နှာ


(၅) ချမ်းသာအလှူ ပေးလိုမှု ၁၂၀
(၆) မျက်စိအလှူ ပေးလိုမှု ၁၂၈
(၇) အားလုံးအလှူ ပေးလိုမှု ၁၃၀
(၈) ကျောင်းအမကြီး ဝိသာခါ ၁၃၇
(၉) ပုဗ္ဗာရုံ ကျောင်းဆောက်ခြင်း ၁၄၁
(၁၀) ကျောင်းရေစက်ချပွဲကြီး ၁၄၄
(၁၁) ဝိသာခါ၏ သားသမီး မြေးမြစ်များ ၁၅၃
(၁၂) တရားသိမ်း နိဂုံး ၁၅၅

၅။ မိုးကုတ်မြို့ ရွှေဘိုဆရာတော် ဦးမုနိန္ဒ ဟောကြားတော်မူသော ဝိသုဒ္ဓိ (၇)ပါး ဖြစ်စဉ်တရားတော်

(၁) စကားပလ္လင် ၁၅၉
(၂) ဒါနနှင့်စပ်သော ဝမ်းမြောက်ဖွယ် ၁၆၀
(၃) သီလနှင့်စပ်သော ဝမ်းမြောက်ဖွယ် ၁၆၅
(၄) ကိံသုကောပမသုတ်လာ ရဟန်းတပါး ၁၈၄
(၅) ကျောင်းရေစက်ချပွဲနှင့် စာဂါနုဿတိ ကမ္မဋ္ဌာန်း ၁၈၉
(၆) ကျောင်းရေစက်ချပွဲနှင့် ဒေဝတာနုဿတိ ကမ္မဋ္ဌာန်း ၁၉၂
(၇) ဝိသုဒ္ဓိ (၇)ပါး ဖြစ်စဉ်တရား ၁၉၅
(၈) ဝိသုဒ္ဓိ (၇)ပါးနှင့် ဉာဏ်စဉ်တက်ပုံ ၂၀၄
(၉) တရားသိမ်း ဆုပေး ၂၁၀

အကြောင်းအရာ စာမျက်နှာ

၆။ ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော ကျောင်းအနုမောဒနာ တရားတော်

(၁) တရားပလ္လင် ၂၁၁
(၂) အရှင်သာရိပုတ္တရာအလှူထက် ဘုရားအလှူကသာပြီး အကျိုးကြီးပုံ ၂၁၂
(၃) ကုသိုလ်ကို ပယ်လျှင် အကုသိုလ်ချည်းဖြစ်သွားမယ် ၂၁၇
(၄) သာသနာတော် ထွန်းပေါ်ခါစက အခြေအနေ ၂၂၀
(၅) တရားနာရုံမျှနဲ့ ပုဂ္ဂိုလ်တိုင်း သောတာပန်ဖြစ်သလား ၂၂၂
(၆) ကျောင်းဒါယကာ မပေါ်သေးခင်က ၂၂၆
(၇) ကျောင်း ဒါယကာ ပေါ်စက ၂၃၁
(၈) ကျောင်းပေါင်း ခြောက်ဆယ် ၂၃၅
(၉) ဘုရားအလိုကျ ကျောင်း ရေစက်ချ ၂၃၇
(၁၀) မြတ်စွာဘုရား ချီးကျူးတော်မူပုံ ၂၄၉
(၁၁) ဗဟုသုတရှိတဲ့ ဘုန်းကြီး ကိုးကွယ်ရမည်တဲ့ ၂၅၂
(၁၂) ဝေလာမအလှူထက်လဲ အကျိုးကြီးတယ် ၂၅၆
(၁၃) နိဂုံးချုပ် အမျှဝေ ၂၆၀

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **၇။ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော အနုမောဒနာနှင့် ဩဝါဒတရားတော်** | |
| (၁) ဩဝါဒ အကျဉ်း | ၂၆၂ |
| (၂) ကျောင်းအလှူ အနုမောဒနာတရားတော် | ၂၆၇ |
| (၃) အမြတ်ဆုံး အကျိုး | ၂၈၇ |
| (၄) ဝေလာမအလှူထက်လဲ အကျိုးကြီးတယ် | ၂၉၀ |
| (၅) သံဃိကကျောင်း အလှူ သာလွန် အကျိုးကြီးပုံ | ၂၉၇ |
| (၆) ကျောင်းအလှူထက် သရဏဂုံက သာ၍ အကျိုးကြီးပုံ | ၃၀၄ |
| (၇) သရဏဂုံထက် ငါးပါးသီလက သာ၍ အကျိုးကြီးပုံ | ၃၀၆ |
| (၈) ငါးပါးသီလထက် မေတ္တာဘာဝနာက သာ၍ အကျိုး ကြီးပုံ | ၃၀၇ |
| (၉) အနိစ္စာနုပဿနာ အကျိုးအကြီးဆုံး | ၃၀၈ |
| (၁၀) ရေစက်ချ စာတမ်းကို ရှင်းပြချက် | ၃၁၂ |
| (၁၁) ပါဠိ ရေစက်ချ စာတမ်း | ၃၂၁ |
| (၁၂) မြန်မာ ရေစက်ချ စာတမ်း | ၃၂၃ |

ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌
မဟာစည်ကျောင်းတော် ရေစက်ချပွဲအတွက် ကျင်းပသော
အကြိုတရားပွဲ သုံးညတွင် ပဌမည ပဌမပိုင်း၌
မန္တလေးမြို့ နန်းတော်ရှေ့

ရွှေစည်ဆရာတော် လယ်တီအရှင်ကုလိသ

ဟောပြတော်မူသော

# မျက်မှောက်ချမ်းသာ ဝမ်းမြောက်စရာ တရားတော်

## ဘုန်းကြီးအမြင်နှင့်စကားပလ္လင်

## (၁)

အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး သိတင်းသုံးဖို့ရာအတွက် အများကောင်းမှုဖြင့် ဆောက်လုပ်လိုက်တဲ့ ကျောင်းတော်ကြီး ပြီးစီးတဲ့အချိန်အခါမှာ ဒါနရှင် အားလုံးတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရန်အတွက် ရေစက်သွန်းချပွဲသဘင် ဆင်ယင်ကျင်းပပါတယ်၊ ဒီလို ကျင်းပတဲ့အခါမှာ အကြိုအနေနဲ့ ၃-ည တိုင်တိုင် တရားပွဲ ကျင်းပပါတယ်။

ပွဲဦးထွက် ဖြစ်တဲ့ ဒီကနေ့ည ဘုန်းကြီးရဲ့ တရားပွဲအလှည့်မှာ တရားနာ လာကြတဲ့ ဒကာ ဒကာမတွေက တရားမနာမီ ရှေး

အဖို့မှာ ဘုရား တရား သံဃာ ရတနာသုံးပါးရဲ့ ဂုဏ်ကို ယုံယုံကြည်ကြည် မြတ်မြတ်နိုးနိုးနဲ့ ကိုးကွယ်ဆည်းကပ်ကြတာတွေကို မြင်ရ ကြားရ တွေ့သိရတော့ ဘုန်းကြီးရဲ့ စိတ်ထဲမှာလေ ဘာကို သွားပြီးအမှတ်ရမိတုံးလို့ ဆိုတော့ နိကာယ် ငါးရပ်ထဲမှာ သံယုတ္တနိကာယ်ကို နိဿယပြန်ဆိုတော်မူကြတဲ့ မူလဝိသေ ခက, ပဋ္ဌိဝိသောခက, ဩဿာန သောခကဆရာတော်ဘုရားတို့ နိဒါန်းမှာရေးထားတဲ့ ဂါထာများနဲ့ အနက်များကို သွားပြီး အမှတ်ရမိပါတယ်။

မာနေန္တိ မဓုကာမာ ယေ၊ မဓုပါ မဓုရံ မဓုံ။
တမာဂမ္မ ဒုမံ မာလံ၊ မဓုဒံ မဓုလိမ္ပိတံ။

ယေ မဓုပါ၊ သင်းပျံ့ မွှမ်းထုံ ပန်းရဂုံ၌ လွှမ်းအုံလှည့်လည် ပျံဝဲသီလျက် ဝတ်ရည်စားသုံး အကြင် ပျားပိတုန်းတို့သည်။ မဓုကာမာ၊ ချိုအီမြိန်ရှက် ရသာမြက်ကို တပ်မက် နှစ်လိုကြကုန်သည်ဖြစ်၍။ မဓုရံ မဓုံ၊ ဩဇာယိုစိမ့် ကိုယ်လုံးသိမ့်မျှ ချိုဆိမ့်နှစ်ဆီ ပန်းဝတ်ရည်ကို၊ မာနေန္တိ၊ တရစ်ဝဲဝဲ မပစ်ခွဲနိုင်အောင် စွဲမြဲ မြတ်နိုးကြကုန်၏။ တေ မဓုပါ၊ သင်းပျံ့မွှမ်းထုံ ပန်းရဂုံ၌ လွှမ်းအုံလှည့်လည် ပျံဝဲသီလျက် ဝတ်ရည်စားသုံး ထိုပျားပိတုန်းတို့သည်။ တမာဂမ္မ၊ ဩဇာယိုစိမ့် ကိုယ်လုံးသိမ့်မျှ ချိုဆိမ့်နှစ်ဆီ ထိုပန်းဝတ်ရည်ကို စွဲမှီအကြောင်းပြု၍။ မဓုဒံ ဒုမံ၊ပန်းဝတ်ရည်တိုက်ကျွေးသည့် ကျေးဇူးအရှင် ပန်းမိခင် တည်းဟူသော အပင်ကိုရင်း၊ မဓုလိမ္ပိတံ မာလံ၊ ဂန္ဓိုင်အလုံး ကြိုင်မဆုံးသား ခိုင်လုံးရွှေကိုယ် ပန်းရည်ချိုတို့ အလိုလိုလိမ်းကျံ ပန်းပွင့် ပန်းမာလ်ကိုရင်း။ မာနေန္တိ၊ အာရုံမွှေကြူး ချိုရသာ အတွေ့ထူးသဖြင့် မေ့မူးယစ်မက် မပစ်ရက်အောင် နှစ်သက် မြတ်နိုးကြကုန်၏။

မာနေန္တိ ဓမ္မကာမာ ယေ၊ ဓမ္မမာဂမ္မ ဒေသကံ။
ဗုဒ္ဓဥ္စာမတဒံ သံဃံ၊ ဓမ္မောဇာမတလိမ္ပိတံ။

ယေ၊ ဗြဟ္မာ နတ် လူ အကြင်သူတို့သည်။ ဓမ္မကာမာ၊ ချမ်းသာဖို့ရေး ပို့ဆောင်ပေးမည့် လေးစားအပ်သော မြတ်သဘောကို မနောရှင်ပျို နှစ်လိုကုန်သည် ဖြစ်၍။ ဓမ္မံ၊ ပိဋကတ်သုံးသွယ် နိကာယ် ငါးရပ် ရှစ်သောင်း လေးထောင်သော ဓမ္မက္ခန္ဓာမြတ်ကို။ မာနေန္တိ၊သဒ္ဓါဓာတ်ပန်း ပွင့်လန်းသိုက်မြိုက် နှစ်ခြိုက်အားကိုး ကြည်ညိုမြတ်နိုးကြကုန်၏။ တေ၊ ဘုရားနှုတ်ထွက် ဓမ္မစက်ကို နှစ်သက်ကြည်ဖြူ ထိုမြတ်နိုးကြသူတို့သည်။ ဓမ္မမာဂမ္မ၊ သံသရာဝဋ်ဗေ့ ကရွတ်ခွေမှ လွတ်စေနိုင်တောင်း တရားကောင်းကို အကြောင်းပြုစွဲမှီ၍၊ ဒေသကံ၊ လေးဆယ်နှင့်ငါး ချိန်မြင့်လျားအောင် မြွက်ကြားဖွင့်ဖော် ဟောမိန့်တော်မူတတ်သော။ အမတဒံ၊ မြိုက်ရည်ချိုမြိန့် ပီတိစိမ့်အောင် ဟောမိန့်သာကြူ ပေးသနားတော်မူတတ်သော။ ဗုဒ္ဓဉ္စ၊ အကျင့်စရိုက် အသင့်လိုက်၍ အမြိုက်ရည် တိုက်ကျွေးသည့် ကျေးဇူးကြီးမား တရားသခင် ဘုရားရှင်ကိုငှင်း၊ ဓမ္မော-ဇာမတလိမ္ပိတံ-ကိလေချေးမှု ဖွေးဖွေးဖြူအောင် မွေးကြူပျံ့ငြိမ်း အမြိုက်ရည် လိမ်းတော်မူအပ်သော။ သံဃဥ္စ၊ ရှစ်ယောက် အ ိယာ မြတ်သံဃာအပေါင်းကိုငှင်း။ မာနေန္တိ၊ ကျေးဇူးဂုဏ်သိမ် နှလုံးအိမ်၌ တည်ငြိမ်မွေ့အောင်း မရွေပြောင်းပဲ နှစ်ထောင်း အားရ ကြည်ညို မြတ်နိုးကြကုန်၏ တကား။

(သာဓု-သာဓု-သာဓု- ပရိသတ်၏ ကောင်းချီးသံ)

အဲဒီဂါထာများနဲ့ အဲဒီအနက်များကို သွားပြီး အမှတ်ရမိပါတယ်။

## တရားနာနည်း
## (၂)

ဒီကနေ့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး သီတင်းသုံးဖို့ရာအတွက် အများကောင်းမှုဖြင့် ဆောက်လုပ် လှူဒါန်းလိုက်ကြတဲ့ ကျောင်းတော်ကြီး ပြီးစီးတဲ့ အထိမ်း အမှတ်အနေနဲ့ တရားပွဲသဘင် ဆင်ယင်ကျင်းပတဲ့ အချိန်အခါ မှာ တရားတော်ကို နာယူနေကြတဲ့ ဒကာ ဒကာမတွေကို ဘုန်းကြီးတို့က ဘာတရားကို ဟောကြား ချီးမြှင့်ရမတုံး ဆိုတော့....ဒကာ ဦးအောင်မြင့်က "တရားကျေညာချင်လို့ တရားခေါင်းစဉ်ပေးပါ"လို့ တောင်းတော့"မျက်မှောက် ချမ်း သာ ဝမ်းမြောက်စရာ တရားကို ဟောကြားချီးမြှင့်ပါမယ်"လို့ ဒီလိုပဲ ခေါင်းစဉ်ပေးလိုက်ပါတယ်။ အဲဒီခေါင်းစဉ်နဲ့ တရားကို မဟောကြားသေးခင်မှာ ဒကာဒကာမတွေကို တရားနာနည်း ကလေး နဲနဲပါးပါး သတိပေးချင်ပါသေးတယ်။

အတတ်ပညာနဲ့ ဥစ္စာစီးပွါးကို ရှာဖွေတော့မယ်ဆိုယင် စိတ် ကို ဘယ်ပုံဘယ်ပမ်းထားပြီး ရှာဖွေရမယ်ဆိုတဲ့ အကြောင်း၊ ပြီးတော့ တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်တော့မယ် ဆိုယင် စိတ်ကို ဘယ်ပုံဘယ်ပမ်းထားပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ရမယ်ဆိုတဲ့ အကြောင်း ဟိတောပဒေသဆိုတဲ့ သက္ကတကျမ်းဂန်ထဲမှာညွှန်ပြထားတဲ့ ဂါထာတပုဒ်ရှိပါတယ်။

အဇရာမရဝတ် ပြာဇ္ဇော၊ ဝိဒျာ မတ္ထံ စ စိန္တယေတ်။
ဂြဟိတ ဣဝ ကေရေ၀ု၊ မြတျုနာ ဓမ္မ မာစရေတ်။

(ဤတရားစာကို ဖတ်မည့် ပုဂ္ဂိုလ်များသည် အများအား ဖြင့် သက္ကတအက္ခရာကို မဖတ်တတ်သူများသာ ဖြစ်ကြပေ

လိမ့်မည်၊ ထိုကြောင့် ယင်းဂါထာ၌ အသံထွက် ဖတ်ပုံကို လည်း ပြဦးအံ့။)

(အဂျရာမရဝပ် ပရာဂျညော၊ ဝိဒျာ မတ်ရ်ထံ ကျ ကျိန္တ-ယေတ်။ ဂရိဟီတ ဣဝ ကေသျေဆု၊ မရိတျုနာ ဓရ်မ္မ မာကျ-ရေတ်။)

ပြာဇ္ဇော၊ ပညာရှိသည်။ အဇရာမရဝတ်၊ မအိုမသေ နေရမည်ကဲ့သို့။ ဝိဒျာံ စ၊ အတတ်ပညာကိုငှင်း။ အတ္ထဥ္စ၊ ဥစ္စာ စီးပွါးကိုငှင်း။ စိန္တယေတ်၊ ရှာဖွေ ဆည်းစုရာ၏။ မ္ဗတျုနာ၊ သေမင်းသည်။ ကေဇေမု၊ ဆံပင်တို့၌။ ဂ္ဂဟီတ ဣဝ၊ ဆွဲကိုင်ခံရသူကဲ့သို့၊ ဓရ်မ္မံ၊ တရားကို။ အာစရေတ်၊ ကျင့်ကြံကြိုးကုတ် အားထုတ်ရာ၏။

ပြန်ပြောလိုက်ပါဦးမယ်၊ အတတ်ပညာနဲ့ ဥစ္စာ စီးပွါးကို ရှာဖွေတော့မယ်ဆိုယင် အသက်တရာတမ်းမှာ ကံမကောင်း အကြောင်းမသင့်လို့ ကနေ့နက်ဖြန် သေချင် သေသွားပါ စေ၊ "ငါ အသက်တရာ မပြည့်ပဲ မသေဘူး" ဆိုတဲ့ စိတ်ကို တင်းတင်းရင်းရင်း ဆောက်တည်ပြီးတော့ ရှာဖွေပါတဲ့။ တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်တော့မယ်ဆိုယင် အသက်တရာတမ်းမှာ အသက်တရာပြည့်အောင် နေရမယ် ဆိုစေကာမူ "ဒီကနေ့ သေမင်းက ငါ့ဆံပင်ကို လာရောက် ဆွဲနေပြီ" လို့ အဲဒီလို အမြင်မျိုးနဲ့မြင်ပြီး ဘယဉာဏ်ပြခန်း ပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်ပါ-တဲ့။

ဒီကနေ့ ဘုန်းကြီးရဲ့ရှေ့မှောက် ရောက်ဆိုက်လာကြတဲ့ တရားနာ ဒကာ ဒကမတွေကတော့ အတတ်ပညာနဲ့ ဥစ္စာ

စီးပွါးကို ရှာဖွေဖို့ရာလာကြတဲ့ ဒကာ ဒကာမတွေ မဟုတ်ကြပါဘူး၊ တရားကိုသာ ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ရာ လာကြတဲ့ ဒကာ ဒကာမတွေ ဖြစ်ကြပါတယ်။ အဲဒီတော့ သဒ္ဓါတရားတည်းဟူသော နားတွေ၊ သမာဓိ တည်းဟူသော နားတွေ၊ ခြသေ့ဆီ တည်နိုင်လောက်တဲ့ သိဂီရွှေခွက်တည်းဟူသော နားတွေဖြစ်နေကြပါစေလို့ ဘုန်းကြီးက စောစောစီးစီး ကြိုတင်ပြီး သတိပေးလိုက်ပါတယ်။

## ဒါနနဲ့ စပ်တဲ့တရား

## (၃)

ဒကာ ဒကာမတွေက ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး သီတင်းသုံးဖို့ရာအတွက် ကျောင်းတော်ကြီးထဲမှာ ပစ္စယာနုဂ္ဂဟနဲ့ ထောက်ပံ့ကြသလို ဘုန်းကြီးတို့ကလဲ မဟာစည်ကျောင်းတော်ကြီးထဲမှာ ဓမ္မာနုဂ္ဂဟအနေနဲ့ မျက်မှောက်ချမ်းသာ ဝမ်းမြောက်စရာ တရားတည်းဟူသော ဓမ္မပန္နက်ကို ခိုင်ခိုင်မာမာ ချလိုပါတယ်။ ဓမ္မနံရံကြီးကိုလဲ လုံလုံလဲလဲ ကာရံလိုပါတယ်။ ဓမ္မအမိုးကြီးကိုလဲ ကောင်းကောင်းမွန်မွန် မိုးလိုပါတယ်။

ဘုန်းကြီးတို့ အနေနဲ့ ဓမ္မပန္နက်ကြီး မချခင် ဓမ္မနံရံကြီး မကာရံခင် ဓမ္မအမိုးကြီး မမိုးခင်မှာ ဒကာ ဒကာမတွေ သဒ္ဓါတရား ပွါးသထက်ပွါး များသထက် များအောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သထက် ဖြစ်အောင် ဒါနနဲ့စပ်တဲ့ တရားကလေးနဲနဲပါးပါးလောက်တော့ ပြောချင်ပါသေးတယ်။

ဒီကနေ့ အိန္ဒိယနိုင်ငံမှာ ဘာလ်ရမ်ပူလ်မြို့က နေပြီးတော့ ၁၄-မိုင်လောက်ကွာဝေးတဲ့ခရီးကို သွားလိုက်လို့ရှိရင် ဆရဗတ် ဆတိလို့ဆိုတဲ့ နေရာဌာနတခုကို တွေ့ရပါတယ်။ အဲဒီနေရာ ဌာနဟာ တခြား မဟုတ်ဘူး ဟို လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်လောက်တုန်းက သာဝတ္ထိနေပြည်တော်ကြီးရယ်လို့ အင်မတန် ထင်ရှားခဲ့တဲ့ နေရာ ဌာန ဖြစ်ပါတယ်။

အဲဒီ သာဝတ္ထိ နေပြည်တော်ကြီးဟာ လူနေ ဘယ်လောက် စည်ကားသတုံးလို့ ဆိုတော့ သန်းပေါင်း ၇၀-ရှိပါတယ်။ ကုဋေနဲ့ချိုပြီး ပြောရမယ်ဆိုရင် ၇-ကုဋေရှိသတဲ့။ အဲဒီ ၇-ကုဋေ ရှိတဲ့ လူဦးရေထဲမှာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ခဏခဏ တရားတွေ ဟောကြားထားလို့ အရိယာဘုမ်သို့ ရောက်ရှိနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ သန်းပေါင်း ၅၀-ရှိပါတယ်။ ကုဋေနဲ့ချိုပြီး ပြောရမယ်ဆိုရင် ၅-ကုဋေရှိသတဲ့။ အဲဒါလောက် လူဦးရေများပြားတဲ့ သာဝတ္ထိနေပြည်တော်ကြီး ဖြစ်ပါတယ်။ အခုပြောခဲ့တာတွေဟာ အဋ္ဌကထာဆရာတော် ကောက်ပြတဲ့ သန်ကောင်စာရင်းအရပါပဲ။

အဲဒီ သန်ကောင်စာရင်းအရ သာဝတ္ထိပြည်ရဲ့ လူဦးရေ၊ အရိယာပုဂ္ဂိုလ်တွေရဲ့ အရေအတွက်ကို လွယ်လင့်တကူနဲ့ သိရအောင် ဘုန်းကြီးက ဆောင်ပုဒ်ကလေးတွေ ပြုလုပ်ထားပါတယ်။ အဲဒီ ဆောင်ပုဒ်ကလေးတွေကို အခုလိုက်ဆိုကြရမယ်။ ကဲ-လိုက်ဆိုကြ။

၁။ သာဝတ္ထိပြေ၊ ခုနစ်ကုဋေ၊ လူနေများလှသည်။
၂။ မြတ်စွာဘုရား၊ ဟောတရား၊ နာကြားကြရသည်။
၃။ ငါးကုဋေမှာ၊ အရိယာ၊ ဖြစ်ကာနေကြသည်။

ဒီ ရန်ကုန်မြို့တော်ကြီးမှာလဲ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးများအမှူးထားပြီးတော့ နာယကဆရာတော်ဘုရားများ ဟောကြားပြသတော်မူကြတဲ့ အတွက်ကြောင့် တရားအားထုတ်ကြတဲ့ ယောဂီပုဂ္ဂိုလ်တွေ များပြားလှပါတယ်၊ အဲဒီများပြားလှတဲ့ ယောဂီပုဂ္ဂိုလ်တွေကို မြင်ရတော့ ဘုန်းကြီးရဲ့ စိတ်ထဲမှာလေ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀-ကျော် လောက်တုန်းက ဘုရားရဲ့ရှေ့တော်မှောက်မှာ ဘုရားရဲ့အဆုံးအမကို နာယူပြီးတော့ အရိယာဘုံကို ရောက်နေကြတဲ့ ပုဂ္ဂိုလ်များကို သွားပြီး သတိရမိပါတယ်။

ဘုရားလက်ထက်တော်က အရိယာပုဂ္ဂိုလ်တွေဟာ တနေ့တနေ့မှာ အဓိက လုပ်ငန်းကြီး နှစ်ရပ်ရှိပါတယ်။ အဲဒီ လုပ်ငန်းကြီး နှစ်ရပ်က ဘာတွေတုံး ဆိုတော့—

၁။ မနက်ခင်းမှာ မနက်ခင်းအလိုက် လှူဘွယ် တန်းရာတွေနဲ့ ကျောင်းတော်ကို သွားကြတယ်။

၂။ ညနေခင်းမှာ ညနေခင်းအလိုက် ပန်းနံ့သာတွေ၊ အဝတ် အထယ်တွေ အဖျော်ယမကာတွေကို ယူဆောင်ပြီးတော့ တရားနာသွားကြတယ်။

အဲဒီလို အဓိက လုပ်ငန်းကြီး နှစ်ရပ်ရှိပါတယ်။

ဒီ ရန်ကုန်မြို့တော်ကြီးက ယောဂီ ဒကာ ဒကာမတွေလဲ ဘုရားလက်ထက်တော်က အရိယာ သူတော်ကောင်းတွေလိုပါဘဲ။ နယ်အသီးသီးမှ ကြွလာတော်မူကြတဲ့ ဆရာတော်တွေကို မနက်ခင်းမှာ မနက်ခင်းအလိုက် ဆွမ်း ခဲဘွယ် ဘောဇဉ် အချိုအချဉ် အရသာတွေကို လိုလေးသေးမရှိရအောင် ဆက်ကပ်လှူဒါန်းကြတယ်။ ညနေခင်းမှာလဲ ညနေခင်း

အလိုက် ဘိလပ်ရေတို့၊ စတုမဓုတို့ ဆက်ကပ်လှူဒါန်းကြပါ တယ်၊ ဒါကြောင့် နယ်အသီးသီးက ကြွရောက်တော်မူလာကြတဲ့ ဆရာတော်တွေက ဒီလို ကောင်းကောင်းမွန်မွန် သုံးဆောင်တော်မူကြရတော့ ပြုံးပြုံး ပြုံးပြုံးနဲ့ ကျေနပ်တော်မူကြတာပေါ့။

ကိုယ်တော်မြတ်ရဲ့ လက်ထက်တော် အခါကာလတုန်းက အရိယာပုဂ္ဂိုလ်တွေဟာ အဓိကဖြစ်တဲ့ အလုပ် ၂-မျိုးသာရှိပုံ၊ အဲဒီ ရှိတဲ့အလုပ်ကလဲ ဘာတွေတုံး ဆိုတာကို သေသေချာချာသိရအောင် ဘုန်းကြီးက ဆောင်ပုဒ်ကလေးတွေ စီထားပါတယ်။ အခု အဲဒီ ဆောင်ပုဒ်ကလေးတွေကို လိုက်ဆိုကြရမယ်။ ကဲ-လိုက်ဆိုကြ။

၁။ အရိယာများ၊ ကိစ္စကား၊ နှစ်ပါးရှိကြသည်။
၂။ နံနက်ကာလ၊ လှူဒါန၊ ပြုကြလေတော့သည်။
၃။ ညနေချမ်းမှာ၊ နံ့သာပန်းတွေ၊ ဝေဝေဆာဆာ၊ ယူဆောင်ကာ၊ တရားနာ သွားကြသည်။

အဲဒီလို မှန်မှန်ကြီး တရားတွေဟော၊ တရားတွေနာကြရလို့ အရိယာပုဂ္ဂိုလ်တွေဟာ သာဝတ္ထိနေပြည်တော်မှာ ၇-ကုဋေတောင် ရှိနေတာပေါ့။

## ပုဂ္ဂိုလ်လေးမျိုး

## (၄)

ပြီးတော့ သာဝတ္ထိနေပြည်တော်သူ နေပြည်တော်သားတွေရဲ့အလေ့အထကောင်း တခု ရှိသေးတယ်၊ အဲဒါက ဘာလဲ ဆိုတော့ အုပ်စုဖွဲ့ပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို

ဆွမ်းအစရှိတဲ့ အလှူအတန်းတွေကို လှူတန်းကြတဲ့ အလေ့အထပါပဲ။

တနေ့မှာတော့ အဲဒီလို အုပ်စုဖွဲ့ပြီး လှူတန်းကြတဲ့ ဒကာ ဒကာမတွေကို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူလိုတဲ့အတွက် ဒီလို စကား စတော်မူလိုက်တယ်။

ဥပါသကာ ဣဓေကစ္စော အတ္တနာဝ ဒါနံ ဒေတိ၊ ပရံ န သမာဒပေတိ။ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ဘောဂ-သမ္ပဒံ လဘတိ၊ နော ပရိဝါရသမ္ပဒံ။

ဥပါသကာ၊ ဒါယကာတို့။ ဣဓ ဤလောက၌။ ဧကစ္စော၊ အချို့သောပုဂ္ဂိုလ်သည်။ အတ္တနာဝ၊ မိမိကိုယ်တိုင်က သာလျှင်။ ဒါနံ၊ အလှူအတန်းကို။ ဒေတိ၊ လှူတန်း၏။ ပရံ၊ သူတပါးကိုတော့ဖြင့်။ န သမာဒပေတိ၊ လှူအောင် တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်။ သော၊ ထို မိမိကိုယ်တိုင်ကသာလျှင် လှူတန်း၍ သူတပါးကိုတော့ဖြင့် လှူအောင် တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်သော ပဌမ ၁-နံပါတ် ပုဂ္ဂိုလ်သည်။ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်လေရာရာ သံသရာဘဝအဆက်ဆက်၌။ ဘောဂသမ္ပဒံ၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းကို။ လဘတိ၊ ရ၏။ ပရိဝါရသမ္ပဒံ၊ အခြံအရံနှင့် ပြည့်စုံခြင်းကို။ နော လဘတိ၊ မရ။

ဒကာ ဒကာမတို့ ဒီလောကမှာ ပုဂ္ဂိုလ်လေးမျိုး ရှိတယ်။ ပဌမ ၁-နံပါတ် ပုဂ္ဂိုလ်ကတော့ မိမိကိုယ်တိုင်ကသာ လှူတယ်၊ တန်းတယ်-တဲ့။ သူတပါးကိုတော့ဖြင့် လှူအောင်တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်ဘူး-တဲ့။ ကိုယ့်ပစ္စည်း ကိုယ်လှူ

ရတာက ပိုင်ပိုင်နိုင်နိုင်ရှိလို့ တာဝန်မလေးဘူး၊ သူတပါးရဲ့ ပစ္စည်းကို လှူအောင် တန်းအောင် တိုက်တွန်းနှိုးဆော်ရတာက တာဝန်ကြီးတယ်လို့ ယူဆတဲ့ ပုဂ္ဂိုလ်ပေါ့။ တာဝန်ကြီးမယူလိုတဲ့ ပုဂ္ဂိုလ်ပါပဲ။

အဲဒီလို မိမိကိုယ်တိုင်ကသာ လှူတန်းပြီးတော့ သူတပါးကိုတော့ဖြင့် လှူအောင် တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်တဲ့ ပဥ္စမ ၁-နံပါတ် ပုဂ္ဂိုလ်ဟာ ဖြစ်လေရာရာ သံသရာ ဘဝအဆက်ဆက်မှာ ပစ္စည်းဥစ္စာနဲ့တော့ဖြင့် ပြည့်စုံပါရဲ့-တဲ့။ အခြွေအရံနဲ့တော့ဖြင့် မပြည့်စုံဘူး-တဲ့။ တဖက်ကောင်း၊ တဖက်မကောင်းပါပဲ။

ဒီလောကမှာ ဒီလို ပုဂ္ဂိုလ်တွေ အများကြီးရှိကြပါတယ်။ တချို့မျာ း ပစ္စည်းဥစ္စာတွေ ပေါလိုက်ထာ၊ များလိုက်ထာ သုံးမကုန် စွဲမကုန်ပါပဲ၊ ထားစရာ သိုစရာ နေရာတောင် မရှိလောက်အောင် ပေါများပါတယ်။ ဒါပေမဲ့ သူတို့မှာ ခိုင်းစရာ စေစရာ အခြွေအရံတော့ မရှိဘူး၊ ညောင်းလို့မှလဲ နှင်းနှိပ်ပေးမယ့်သူ မရှိဘူး။ ရေငတ်လို့မှလဲ ရေကလေးတပေါက်ခပ်တိုက်ပေးမဲ့သူ မရှိဘူး။ ဆေးလိပ်ကလေး သောက်ချင်လိမှလဲ ဆေးလိပ် မီးညှိပေးမယ့်သူ မရှိဘူး။ သူတို့မှာ ရှိတဲ့ ပစ္စည်း ဥစ္စာတွေက နှင်းနှိပ်လဲ ပေးကြတာ မဟုတ်ဘူး၊ ရေလဲ ခပ်တိုက်ပေးကြတာ မဟုတ်ဘူး၊ ဆေးလိပ်လဲ မီးညှိပေးကြတာ မဟုတ်ဘူး။

အဲဒီလို ပစ္စည်းဥစ္စာတွေသာ ပေါများပြီး အခြွေအရံကရှားပါးမယ်ဆိုယင် နေရာမကျသေးဘူးနော်။ အဲဒါ ပဥ္စမ ၁-နံပါတ် ပုဂ္ဂိုလ်ရဲ့ အကျိုးပေးပုံပါဘဲ။ လွယ်လွယ်ကူကူ မှတ်ထားချင်ကြယင် တာဝန်ကြီး မယူလိုတဲ့ ပုဂ္ဂိုလ်ရဲ့ အကျိုး

ပေးပုံလို့ မှတ်ထားကြပေတော့။ ဒီ ပဌမ ၁-နံပါတ် ပုဂ္ဂိုလ်ရဲ့ အကျိုးပေးပုံကို လွယ်လွယ်ကူကူနဲ့ သိကြရအောင် ဘုန်းကြီး က ဆောင်ပုဒ်ကလေးတွေ ပြုလုပ်ထားပါတယ်။ အခု အဲဒီ ဆောင်ပုဒ်ကလေးတွေကို ချပေးမယ်၊ လိုက်ဆိုကြ။

၁။ ကိုယ်ကသာလှူ၊ သူမျှားမူ၊ လှူအောင် တန်းအောင် မတိုက်တွန်းပါ။

၂။ စည်းစိမ်သာများ၊ ခြွေရံကား၊ ရှားပါး ထိုသူမှာ။

ကေစ္စော အတ္တနာ ဒါနံ န ဒေတိ၊ ပရံ သမာဒပေတိ။ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ပရိဝါရသမ္ပဒံ လဘတိ၊ နော ဘောဂသမ္ပဒံ။

ကေစ္စော၊ အချို့သောပုဂ္ဂိုလ်သည်။ အတ္တနာ၊ မိမိကိုယ် တိုင်ကတော့ဖြင့်။ ဒါနံ၊ အလှူအတန်းကို။ န ဒေတိ၊ မလှူ မတန်း။ ပရံ၊ သူတပါးကိုသာလျှင်။ သမာဒပေတိ၊ လှူ အောင် တန်းအောင် တိုက်တွန်း နှိုးဆော်တတ်၏။ သော၊ ထို မိမိကိုယ်တိုင်ကတော့ဖြင့် မလှူမတန်းမူ၍ သူတပါးကို သာလျှင် လှူအောင် တန်းအောင် တိုက်တွန်း နှိုးဆော် တတ်သော ဒုတိယ ၂-နံပါတ်ပုဂ္ဂိုလ်သည်။ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်လေရာရာ သံသရာ ဘဝအဆက်ဆက်၌။ ပရိဝါရသမ္ပဒံ၊ အခြံအရံနှင့် ပြည့်စုံခြင်းကို။ လဘတိ၊ ရ၏။ ဘောဂသမ္ပဒံ၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းကို။ နော လဘတိ၊ မရ။

ဒုတိယ ၂-နံပါတ် ပုဂ္ဂိုလ်ကတော့ မိမိကိုယ်တိုင်ကတော့ ဖြင့် မလှူမတန်းဘူး-တဲ့။ သူတပါးကိုသာ လှူအောင် တန်း အောင် တိုက်တွန်း နှိုးဆော်တတ်သတဲ့။ တခါတခါ သူက သူများလှူတာ တန်းတာကို သွားရောက်ပြီး စားသောက်

တတ်သေးတယ်၊ စားပြီးယင် သာခုကလေးတော့ ကျယ်ကျယ် ခေါ်တတ်သတဲ့။ သာခုတန်းက ပုဂ္ဂိုလ်လို့ ဆိုကြပါစို့ရဲ့။

အဲဒီလို မိမိကိုယ်တိုင်ကတော့ဖြင့် မလှူမတန်းဘဲ သူတပါးကိုသာ လှူအောင် တန်းအောင် တိုက်တွန်း နှိုးဆော်တတ်တဲ့ ဒုတိယ ၂-နံပါတ် ပုဂ္ဂိုလ် သာခုတန်းက ပုဂ္ဂိုလ်ဟာ ဖြစ်လေရာရာ သံသရာဘဝအဆက်ဆက်မှာ အခြွေအရံနဲ့တော့ဖြင့် ပြည့်စုံပါရဲ့-တဲ့။ ပစ္စည်း ဥစ္စာနဲ့တော့ဖြင့် မပြည့်စုံဘူးတဲ့။ တဖက်ကောင်း၊ တဖက်မကောင်းပါပဲ။

ဒီလောကမှာ ဒီလို ပုဂ္ဂိုလ်တွေလဲ အများကြီး ရှိကြပါတယ်၊ တချို့များ အခြွေအရံ ပရိသတ်တွေ ပေါလိုက်ထာများလိုက်ထာ၊ ပြေ့လို့ပါပဲ၊ ပုတို့ စုတို့ ခရုတို့ ဆိုတာတွေပေါ့၊ ဒီအနားက နှုပ်တဲ့လောင်းနဲ့ ငိုနေတဲ့ သူကတယောက်၊ ဟိုအနားက မြေကြီးထဲမှာ လူးလှိမ့်နေတဲ့ သူက တယောက်၊ တခြားတနေရာမှာ ခုန်ပေါက်ပြေးလွှား ကစားနေတဲ့ သူကတယောက်၊ အို-ပြည့်လို့၊ မရေနိုင်မတွက်နိုင်ပါဘူး၊ ဒါပေမယ့် သူတို့မှာ ပစ္စည်း ဥစ္စာကျတော့လဲ ရှားပါးလိုက်ထာ၊ ကုန်းကောက်စရာတောင် မရှိဘူး။ မှုးလို့တောင်မှ ရှူစရာ မရှိဘူး၊ ရှေးလူကြီးများ ပြောသံကြားဘူးတယ်၊ သူတို့များ ဆင်းရဲလိုက်ထာ၊ မျက်စိကျိန်းလို့တောင်မှ မျက်စဉ်းသွေးခပ်စရာ ကြေးပြားတစမှ မရှိဘူး-တဲ့။ အဲဒီလိုပဲ ပြောကြတယ်။ အဲဒီလို ဆင်းရဲပုံကို စလေဆရာကြီး ဦးပုညက ရေသယ်ပြဇာတ်ထဲမှာ သဘာဝကျကျ သရုပ်ဖော်ထားခဲ့ပါတယ်။

"ခရု ဆံကျွတ်၊ ခါးဝတ်လွှာချင်း၊ ထမင်းရက်ချန်၊ ရေရက် မှန်နှင့်၊ ကပ်ကျန်မွဲတေ၊ ဖွတ်ဖိုးအေများနေ‌ောင်၊ ပြာတောင်

ကြီး ပေါက်ကရော့၊ ပြောင်မြောက်အောင် မွဲနိုင်တဲ့ ငါ့ကိုယ်နော်''တဲ့။

အဲဒီလို အခြေအရုံနဲ့သာ ပေါများပြည့်စုံပြီး ပစ္စည်းဥစ္စာက ရှားပါးမယ်ဆိုယင် နေရာမကျဘူး၊ အဲဒါ ဒုတိယ ၂-နံပါတ် ပုဂ္ဂိုလ်ရဲ့ အကျိုးပေးပုံပါဘဲ။ လွယ်လွယ်မှတ်ထားချင်ကြယင် သာဓုတန်းက ပုဂ္ဂိုလ်ရဲ့ အကျိုးပေးပုံလို့ မှတ်ထားကြပေတော့၊ ဒီ ဒုတိယ ၂-နံပါတ် ပုဂ္ဂိုလ်ရဲ့ အကျိုးပေးပုံကို လွယ်လွယ်ကူကူနဲ့ သိကြရအောင် ဘုန်းကြီးက ဆောင်ပုဒ်ကလေးတွေ ပြုလုပ်ထားပါတယ်။ အခု အဲဒီ ဆောင်ပုဒ်ကလေးတွေကို ချပေးမယ်။ ကဲ-လိုက်ဆိုကြ။

၁။ ကိုယ်ကမလှူ၊ သူများမူ၊ လှူအောင် တန်းအောင် တိုက်တွန်းတာ။

၂။ ခြေရုံသာများ၊ စည်းစိမ်ကား၊ ရှားပါးထိုသူမှာ။

ကောစ္စော အတ္တနာ စ န ဒေတိ၊ ပရဉ္စ န သမာဒပေတိ။ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ နေဝ ဘောဂသမ္ပဒံ လဘတိ၊ န ပရိဝါရသမ္ပဒံ။ ဝိဃာသာဒေါ ဟုတွာ ဝိစရတိ။

ကောစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ အတ္တနာ စ၊ မိမိကိုယ်တိုင်ကလည်း။ န ဒေတိ၊ မလှူမတန်း။ ပရဉ္စ၊ သူတပါးကိုလည်း။ န သမာဒပေတိ၊ လှူအောင် တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်။ သော၊ ထို မိမိကိုယ်တိုင်ကလည်း မလှူမတန်းမူ၍ သူတပါးကိုလည်း လှူအောင်တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်သော တတိယ ၃-နံပါတ် ပုဂ္ဂိုလ်သည်။ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်လေရာရာ သံသရာဘဝအဆက်ဆက်၌။ ဘောဂသမ္ပဒံ၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းကို။

နေဝ လဘတိ၊ မရသည်သာလျှင်တည်း။ ပရိဝါရသမ္ပဒံ၊ အခြံအရံနှင့် ပြည့်စုံခြင်းကို။ န လဘတိ၊ မရ။ ဝိဃာသာဒေါ၊ စားကြွင်းစားသည်။ ဟုတွာ၊ ဖြစ်၍။ ဝိစရတိ၊ သွားလာလှည့်လည်နေရ၏။

တတိယ ၃-နံပါတ် ပုဂ္ဂိုလ်ကတော့ မိမိကိုယ်တိုင်ကလဲ မလှူမတန်းဘူး-တဲ့။ သူတပါးကိုလဲ လှူအောင် တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်ဘူး-တဲ့။ ဘူးနှစ်ဘူး ပုဂ္ဂိုလ်ပါဘဲ။ မိမိကိုယ်တိုင်ကလဲ မလှူမတန်းဘူး။ အဲဒါက တဘူး၊ သူတပါးကိုလဲ လှူအောင် တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်ဘူး။ အဲဒါက တဘူး။ ဒီ နှစ်ဘူးကို ပြောတာပါ၊ တနည်းအားဖြင့် ဘာသာရေးကို မယုံကြည်တဲ့ ပုဂ္ဂိုလ်ပါဘဲ။

အဲဒီလို မိမိကိုယ်တိုင်ကလဲ မလှူမတန်း၊ သူတပါးကိုလဲ လှူအောင် တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်တဲ့ တတိယ ၃-နံပါတ် ပုဂ္ဂိုလ်ဟာ၊ ဝါ၊ ဘူးနှစ်ဘူး ပုဂ္ဂိုလ်ဟာ၊ ဝါ၊ ဘာသာရေးကို မယုံကြည်တဲ့ ပုဂ္ဂိုလ်ဟာ ဖြစ်လေရာရာ သံသရာ ဘဝအဆက်ဆက်မှာ ပစ္စည်းဥစ္စာနဲ့လဲ မပြည့်စုံဘူးတဲ့။ အခြွေအရံနဲ့လဲ မပြည့်စုံဘူး-တဲ့။ နေရာတကာမှာ သွားလာလှည့်ပတ်ပြီး သူများစားပြီးသား အကြွင်းအကျန်ကို လိုက်လံ တောင်းရမ်း စားသောက်ရတဲ့ စားကြွင်းစား၊ ဝါ၊ သူတောင်းစား ဖြစ်တတ်တယ်-တဲ့။

ဒီလောကမှာ ဒီလို ပုဂ္ဂိုလ်တွေလဲ အများကြီး ရှိကြပါတယ်၊ တချို့များ ပစ္စည်းဥစ္စာကလဲ မရှိ၊ အခြွေအရံကလဲ မရှိ၊ ငုံးတိတိကြီးတွေသာ နေရပါတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေကို ပါဠိလို မနုဿကပဏ၊ မနုဿဝရာက-လို့ ခေါ်ပါတယ်။

အထီးကျန် ကပ်ပါး ဆင်းရဲသား ခိုကိုးရာမဲ့ ပုဂ္ဂိုလ်လို့ အဓိပ္ပါယ်ရပါတယ်။

ခပ်ကြမ်းကြမ်း ပြောရမယ်ဆိုယင်တော့ တကောင်ကြွက်လို့ ခေါ်ပါတယ်။ အဖော်ရှိတဲ့ ကြွက်မှာတော့ ဘေးရန်အန္တရာယ်တွေလို့ အော်လိုက်ယင် သူ့အဖော်ကြွက်တွေက ဝိုင်းအုံလာကြတယ်၊ အဖော်မရှိတဲ့ တကောင်ကြွက်မှာတော့ ဘေးရန်တွေလို့ သူက အော်ပေမဲ့ ဘယ်ကြွက်မှ မလာဘူး၊ သူ့တကောင်ထဲသာ အော်နေရတယ်၊ အဲဒီကြွက်ဟာ တကောင်ကြွက်ပဲ။

အဲဒီလို ပစ္စည်းဥစ္စာကလဲမရှိ၊ အခြွေအရံကလဲမရှိ၊ ငုံးတိတိ ကြီးသာ ဖြစ်နေရမယ်ဆိုယင် ဘာမှ နေရာမကျဘူး၊ နှစ်ဖက်လုံးမကောင်းဘူး၊ အဲဒါ တတိယ ၃-နံပါတ် ပုဂ္ဂိုလ်ရဲ့ အကျိုးပေးပုံပါပဲ။ လွယ်လွယ်မှတ်သားချင်ကြယင် ဘူးနှစ်ဘူးပုဂ္ဂိုလ်ရဲ့ အကျိုးပေးပုံလို့ မှတ်ထားကြပေတော့။ တနည်းအားဖြင့် ဘာသာရေးကို မယုံကြည်တဲ့ပုဂ္ဂိုလ်ရဲ့ အကျိုးပေးပုံလို့ မှတ်ထားကြပေတော့၊ သူတောင်းစား ဖြစ်တတ်တဲ့ လမ်းစဉ်ဟာ ဒီလမ်းစဉ်ပါပဲ။

ဒီ တတိယ ၃-နံပါတ်ပုဂ္ဂိုလ်ရဲ့ အကျိုးပေးပုံကို လွယ်လွယ်ကူကူနဲ့ သိကြရအောင် ဘုန်းကြီးက ဆောင်ပုဒ်ကလေးတွေပြုလုပ်ထားပါတယ်၊ အခု အဲဒီ ဆောင်ပုဒ်ကလေးတွေကို ချပေးမယ်၊ ကဲ-လိုက်ဆိုကြ။

၁။ ကိုယ်လဲ မလှူ၊ သူများမှု၊ လှူအောင် တန်းအောင် မတိုက်တွန်းပါ။

၂။ စည်းစိမ်ခြွေရံ၊ ဤနှစ်တန်၊ ကေန်ရှားမည် ထိုသူမှာ။

၃။ လှည့်လည်တောင်းစား၊ စားကြွင်းစား၊ ဖြစ်ငြား ကေန်သာ။

ကေစ္စော အတ္တနာ စ ဒေတိ၊ ပရဉ္စ သမာဒပေတိ။ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ဘောဂသမ္ပဒဉ္စေဝ လဘတိ၊ ပရိဝါရသမ္ပဒဉ္စ။

ကေစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ အတ္တနာ စ၊ မိမိ ကိုယ်တိုင်ကလည်း။ ဒေတိ၊ လှူဒါန်း၏။ ပရဉ္စ၊ သူတပါးကို လည်း။ သမာဒပေတိ၊ လှူအောင် တန်းအောင် တိုက်တွန်း နှိုးဆော်တတ်၏။ သော၊ ထို မိမိကိုယ်တိုင်ကလည်း လှူတန်း၊ သူတပါးကိုလည်း လှူအောင် တန်းအောင် တိုက်တွန်း နှိုး ဆော်တတ်သော စတုတ္ထ ၄-နံပါတ် ပုဂ္ဂိုလ်အည်။ နိဗ္ဗတ္တ-နိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်လေရာရာ သံသရာ ဘဝအဆက်ဆက်၌။ ဘောဂသမ္ပဒဉ္စေဝ၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းကိုရင်း။ ပရိ-ဝါရသမ္ပဒဉ္စ၊ အခြံအရံနှင့် ပြည့်စုံခြင်းကိုရင်း။ လဘတိ၊ ရ၏။

စတုတ္ထ ၄-နံပါတ် ပုဂ္ဂိုလ်ကတော့ မိမိကိုယ်တိုင်ကလဲ လှူ တယ်၊ တန်းတယ်-တဲ့။ သူတပါးကိုလဲ လှူအောင် တန်းအောင် တိုက်တွန်း နှိုးဆော်တတ်တယ်-တဲ့၊ ပညာရှိ သူတော်ကောင်း သဘော အတော်သက်ဝင်တဲ့ ပုဂ္ဂိုလ်ပါပဲ။ အဲဒီလို မိမိကိုယ်တိုင် ကလဲ လှူတန်း၊ သူတပါးကိုလဲ လှူအောင် တန်းအောင် တိုက် တွန်း နှိုးဆော်တတ်တဲ့ စတုတ္ထ ၄-နံပါတ် ပုဂ္ဂိုလ်ဟာ ဖြစ်လေ ရာရာ သံသရာ ဘဝအဆက်ဆက်မှာ ပစ္စည်းဥစ္စာနဲ့လဲ ပြည့်စုံ တယ်၊ အခြွေအရံနဲ့လဲ ပြည့်စုံတယ်-တဲ့။

ဒီလောကမှာ ဒီလို ပုဂ္ဂိုလ်တွေလဲ အများကြီး ရှိကြပါတယ်၊ တချို့များ ပြည့်စုံလိုက်ကြတာ စားစရာ သောက်စရာ အစား

ကောင်း အသောက်ကောင်းတွေ၊ ဝတ်စရာ ဆင်စရာ အဝတ်ကောင်း အဆင်ကောင်းတွေ၊ နေစရာ ထိုင်စရာ အိမ်ကောင်း တိုက်ကောင်းတွေ၊ အဲဒီလို စားဝတ်နေရေးနဲ့တကွ သုံးစရာ ဆောင်စရာ အသုံးအဆောင်ကောင်းတွေ သွားစရာ လာစရာ ယာဉ်ရထား မော်တော်ကားကောင်းတွေ၊ အို-ဘာမဆို လိုလေသေး မရှိရအောင်ကို ပြည့်စုံကြပါတယ်၊ ဘယ်လောက်ကောင်းတုန်း၊ အဲဒီလို ပုဂ္ဂိုလ်တွေကို မျက်နှာကြီးတွေ အထက်တန်းလွှာတွေလို့ ဒီလောကက ခေါ်ကြပါတယ်၊ သူတို့ကလဲ မျက်နှာကြီးအောင် အထက်တန်းလွှာဖြစ်အောင် ပြုလုပ်ခဲ့ကြပေတာကိုး။

အဲဒီလို ပစ္စည်းဥစ္စာတွေနဲ့လဲ ပြည့်စုံ အခြေအရံတွေနဲ့လဲ ပြည့်စုံမှ တကယ် နေရာကျပါတယ်။ သိပ်ကောင်းပါတယ်။ အဲဒါ စတုတ္ထ ၄-နံပါတ် ပုဂ္ဂိုလ်ရဲ့ အကျိုးပေးပုံပါဘဲ။ တနည်းအားဖြင့် မှတ်သားချင်ကြသေးယင် ပညာရှိ သူတော်ကောင်းသဘော အတော်သက်ဝင်တဲ့ ပုဂ္ဂိုလ်ရဲ့ အကျိုးပေးပုံလို့ မှတ်ထားကြပေတော့။ ဒီ စတုတ္ထ ၄-နံပါတ် ပုဂ္ဂိုလ်မျိုး ဖြစ်အောင်ကြိုးစားကြပါလို့ တိုက်တွန်းပါတယ်။ ဒီ စတုတ္ထ ၄-နံပါတ် ပုဂ္ဂိုလ်ရဲ့ အကျိုးပေးပုံကို လွယ်လွယ်ကူကူနဲ့ သိကြရအောင် ဆောင်ပုဒ်ကလေးတွေ ပြုလုပ်ထားပါတယ်။ အခု အဲဒီ ဆောင်ပုဒ်ကလေးတွေကို ချပေးမယ်၊ ကဲ-လိုက်ဆိုကြ။

၁။ ကိုယ်ကလဲလှ၊ သူများမူ၊ လှူအောင်တန်းအောင် တိုက်တွန်းတာ။

၂။ စည်းစိမ်ခြေရံ၊ ဤနှစ်တန်၊ ကေန် များမည် ထိုသူမှာ။

အုပ်စု ဖွဲ့ပြီး လှူကြ တန်းကြတဲ့ သာဝတ္ထိ နေပြည်တော်သူ နေပြည်တော်သား ဒကာ ဒကမများကို မြတ်စွာဘုရားက

ယခု ပြောခဲ့တဲ့အတိုင်း အနုမောဒနာတရား ဟောကြား ချီးမြှင့်တော်မူလိုက်ပါတယ်။

ဒကာ ဒကာမတို့....အဲဒီ အနုမောဒနာတရားတော် အတိုင်း စတုတ္ထ ၄-နံပါတ် ပုဂ္ဂိုလ်မျိုး ဖြစ်ကြယင် ဒီဘဝမှာသာ မဟုတ်ပါဘူး၊ ဖြစ်လေရာရာ သံသရာ ဘဝအဆက်ဆက်မှာလဲ သူများတကာတွေ ဘယ်လောက်ပဲ ရှားပါးနေနေ မိမိတို့တတွေကတော့ ကောင်းကောင်းမွန်မွန် စားကြရ သောက်ကြရမယ်၊ ကောင်းကောင်းမွန်မွန် ဝတ်ကြရ ဆင်ကြ မယ်၊ ကောင်းကောင်းမွန်မွန် နေကြရ ထိုင်ကြရမယ်၊ ကောင်းကောင်းမွန်မွန် သွားကြရ လာကြရမယ်၊ ကောင်းကောင်းမွန်မွန် ပေါင်းသင်းဆက်ဆံကြရမယ်။ အစစ အရာရာ အဆင်ပြေမှုတွေ ဖြစ်ကြရမှာချည့်ပါဘဲ၊ ဒါကြောင့် မိမိကိုယ်တိုင်ကလဲ လှူတန်း သူတပါးကိုလဲ လှူအောင် တန်းအောင် တိုက်တွန်း နှိုးဆော်တတ်တဲ့ စတုတ္ထ ၄-နံပါတ် ပုဂ္ဂိုလ်လို့ ဆိုရတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြရအောင် ကြိုးစားကြပါလို့ ဘုန်းကြီးက မေတ္တာ ရှေ့ထားပြီး တိုက်တွန်းစကား ပြောကြားလိုက်ပါတယ်။

## ယောဂီသူတော်စင်တွေရဲ့ မဟာစည်ကျောင်း

## (၅)

ဒီကနေ့ မဟာစည်ကျောင်းတော်ကြီး ထီးထီးမတ်မတ် ပေါ်ပေါက်လာတာဟာ ဘယ်လိုပုဂ္ဂိုလ်တွေကြောင့် ပေါ်ပေါက်လာသလဲဆိုတာကို မေးချင်ပါသေးတယ်၊ မြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက အရိယာပုဂ္ဂိုလ်တွေနဲ့ မခြား သဒ္ဓါ

တရားရှင် ဖြစ်ကြတဲ့ မိမိကိုယ်တိုင်ကလဲ လျှုတန်း၊ သူတပါးကို လဲ လျှုအောင် တန်းအောင် တိုက်တွန်းနှိုးဆော်တတ်ကြတဲ့ စေတနာရှင် ယောဂီသူတော်စင်တွေကို အကြောင်းခံပြီး ထီးထီး မတ်မတ်ကြီး ပေါ်ပေါက်လာတယ်လို့ဆိုယင် မလွဲပါဘူး။ ခေတ်ကာလအားလျော်စွာ ဘယ်လိုပဲ ပစ္စည်းအခက်အခဲတွေ ရှိနေပေမယ်လို့ ဆောင်ရွက်ကြသူတွေရဲ့ သဒ္ဓါတရားနဲ့ ဝီရိယ အား နှစ်ပါး ပေါင်းကူးလိုက်တော့ ထူးထူးခြားခြား မြန်မြန် ဆန်ဆန်နဲ့ နတ်ဘုံဗိမာန် ပေါက်လာသလိုကို အောင်မြင်လာရ ပါတယ်။

မဟာစည် ကျောင်းတော်ကြီးဟာ ၂-သိန်းကျော် အကုန် အကျခံပြီး ဆောက်လုပ်ထားတဲ့ ကျောင်းတော်ကြီး ဆိုတော့ အင်မတန်ကို ကောင်းတာပေါ့၊ ကျောင်းတော်ကြီးပေါ်ကို ဘုန်းကြီးတို့ တက်ကြည့်ကြပါတယ်၊ ဘုရားခန်းရယ်၊ ကျိန်းစက် ခန်းရယ်၊ ရေချိုးခန်းရယ်၊ ကုဋီခန်းရယ်၊ အစစ အရာရာ ပြည့်စုံ ပါတယ်၊ ရှင်ဘုရင့်ပုဆိုး ပိုးနဲ့ချည့်ပဲ ဆိုတာလိုပေါ့လေ။ သီတင်း သုံးတော်မူမှာက သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့် တရားတွေနဲ့ ပြည့်စုံတော်မူတဲ့ ကျေးဇူးရှင် မဟာစည်ဆရာ တော်ဘုရားကြီး၊ ဆောင်ရွက်ကြသူတွေက မြို့မျက်နှာဖုံး လူကြီး တွေ၊ ကူညီဝိုင်းဝန်းကြတဲ့သူတွေက အရိယာပုဂ္ဂိုလ်တွေနဲ့မခြား သဒ္ဓါတရားရှင်တွေ၊ အဲဒီလိုဆိုတော့ ပြောစရာကို မလိုတော့ ပါဘူး၊ ပြည့်စုံရမှာပါပဲ။

ဒီလို အစစ အရာရာ ပြည့်စုံတာတွေကို မြင်ရတော့ ဝက်လက် မြို့ မစိုးရိမ်ကျောင်းတိုက် မဟာဣရတနာ ကျမ်းပြုဆရာတော် ဦးတိဿ ယ်၊ ဆိပ်ခွန်ရွာ ပိဋကတိုက်ကျောင်းဆရာတော် ဦးသုန္ဒရရယ်၊ ဒီဆရာတော်တွေက သဘောကျတော်မူကြလွန်း

လို့ ထပ်တလဲလဲနဲ့ ချီးကျူးလို့ကို မပြီးနိုင်ကြဘူး၊ ဒီအထဲမှာ မဟာဂန္ဓာရုံ ကျမ်းပြုဆရာတော် ဦးတိဿက ပြောလိုက်သေးတယ်၊ "ကျောင်းတော်ကြီးပေါ်ကတောင် မဆင်းချင်တော့ဘူး"တဲ့။ ဒီဆရာတော်က အဟောအပြော အရေးအသား သိပ်ကောင်းတယ်၊အမှားအမှန်ဝေဖန်ရာမှာ သိပ်စေ့စပ်တယ်၊ ချီးမွမ်းသင့် ရှုတ်ချသင့်တဲ့ ဂုဏ်နဲ့ အပြစ်တွေကို ဖော်ပြရာမှာလဲ သိပ်သဘာဝကျတယ်၊ အဲဒီ အကြောင်းတွေကိုတော့ မဟာဂန္ဓာရုံကျမ်းကြည့်ဘူးသူတိုင်း သိပြီးသား ဖြစ်နေပါတယ်။

ဒီကနေ့ ကျောင်းတော်ကြီးကို ဆောက်လုပ်လှူတန်းကြတဲ့ ဒကာ ဒကာမတွေဟာ မျက်မှောက် တမလွန် နှစ်တန်အကျိုးကို ပြည့်ပြည့်ဖြိုးဖြိုးကြီး ရနိုင်ကြပါတယ်၊ တမလွန်ကျိုး ရနိုင်တယ် ဆိုတဲ့စကားကိုတော့ ဒီခေတ်ဝေဘန်ရေးသမားတွေက ဝေဘန်တတ်ကြသေးတယ်။ "ဂေါတမ ဗုဒ္ဓရဲ့ တရားတွေဟာ မမြင်နိုင်တဲ့ နောင်တမလွန်ဘဝကိုချည့် လက်ညှိုးထိုး ညွှန်ပြတယ်"တဲ့။ သူတို့ဟာသူတို့ ဝေဘန်ရေးသမားကြီးတွေ ဆိုတဲ့ အနေနဲ့ ဂုဏ်ယူပြီး ဝေဘန်ကြတာပေါ့လေ၊ သူတို့ ပါးစပ်ကို ဘယ်သူကမှ သွားပြီး အပ်နဲ့ မချုပ်နိုင်တော့ သူတို့မှာ ထင်သလို ဝေဘန်ခွင့် ရနေကြတာပေါ့၊ ဒါပေမယ့် ဝေဘန်တိုင်း အမှန်မရနိုင်ဘူး ဆိုတာကိုတော့ သတိမလွတ်ကြနဲ့။

မြတ်စွာဘုရားရဲ့ တရားတော်တွေ ဆိုတာ အင်မတန် ပြည့်စုံပါတယ်၊ ဘယ်နေရာမှာ ဘာကလေးတခုတော့ဖြင့် လိုနေတယ်လို့ မရှိပါဘူး၊ လေးအသင်္ချေနဲ့ ကမ္ဘာတသိန်းတိုင်တိုင် ပစ္စည်းအကုန်ခံ၊ ကိုယ်အပင်ပန်းခံ၊ စိတ်အဆင်းရဲခံပြီး လက်တွေ့မျက်တွေ့ ကျင့်ယူမှ ရလာတဲ့ တရားတွေဆိုတော့ ပြည့်စုံတာပေါ့၊ ဘယ်ခေတ် ဘယ်အခါမှလဲ မပြောင်းလဲဘူး၊ အခုခေတ်

တက္ကိုသမားတွေ ကြံဆတွေးတောပြီး ဟောကြ ပြောကြ ရေးကြ သားကြတာတွေကတော့ ဒီခေတ်မှာ မှန်တယ်ဆိုပေမယ်လို့ နောက်တခေတ်ကျတော့ ပြောင်းလဲချင်ပြောင်းလဲတတ်သေးတယ်။

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက မိန့်တော်မူခဲ့ပါတယ်၊ "ငါ့တရားတော်က မျက်မှောက်ထင်ထင် သိမြင်နိုင်တဲ့ လက်တွေ့ မျက်တွေ့တရားပါ"တဲ့။ "နေ့ အားထုတ်ယင်နေ့၊ ည အားထုတ်ယင် ည၊ ချိန်ခါမဆိုင်း ဟောဟောဒိုင်းဒိုင်း ရနိုင်တဲ့တရားပါ"တဲ့။

ကဲ-ဘယ်လောက် ရှင်းသလဲ၊ ဘယ်လောက် ပြတ်သားသလဲ၊ မယုံယင် အားထုတ်ကြည့်ကြပေါ့၊ ဘုန်းကြီးက ဒီလို စကားပြင်နဲ့ တိုက်တွန်းနေရတာကို အားမရသေးဘူး၊ ရှစ်လုံးဖွဲ့ ကလေးနဲ့ တိုက်တွန်းလိုက်ချင်ပါသေးတယ်။ ကဲ-လိုက်ဆိုကြ။

အို လူအများ စိတ်ထားစင်ကြယ်၊
တတ်သိယောင်ကား ရှောင်ရှားကြဉ်ဖယ်၊
မှန်တရားမို့ ယုံမှားကင်းဖွယ်၊
အားထုတ်ကြည့် ကိုယ်သိဖြစ်လိမ့်မယ်။

## ခေတ်နှောက်မကျတဲ့ တရား ၃-ပါး

## (၆)

တချိန်က ဘုရားကိုယ်တော်မြတ်ကြီးဟာ ရဟန်းတော်တွေကို မျက်မှောက်ချမ်းသာ ဝမ်းမြောက် ဝမ်းသာ နေထိုင်ရဖို့ လုပ်ငန်းစဉ်တရားကို ဟောတော်မူခဲ့ပါတယ်။

တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု ဒိဋ္ဌေဝ ဓမ္မေ သုခသောမနဿဗဟုလော ဝိဟရတိ။

ဘိက္ခဝေ၊ ရဟန်းတော်အပေါင်း အို-သူတော်ကောင်းတို့။ တီဟိ ဓမ္မေဟိ၊ တရားသုံးပါးတို့နှင့်။ သမန္နာဂတော ဘိက္ခု၊ ပြည့်စုံသော ရဟန်းသည်။ ဒိဋ္ဌေဝ ဓမ္မေ၊ ခု ဝတ္တမာန် ပစ္စုပ္ပန် လောက မျက်မှောက်ဘဝ၌ပင်လျှင်။ သုခသောမနဿဗဟု-လော၊ ချမ်းသာခြင်း ဝမ်းမြောက်ခြင်း များသည်ဖြစ်၍။ ဝိဟ-ရတိ၊ နေရ ထိုင်ရ နေထိုင်ရပေ၏။

တရား ဆိုတာ များများ မဟုတ်ပါဘူး၊ သုံးပါးထဲသာ အား ထုတ်ကြည့်ပါတဲ့။ အဲဒီ သုံးပါးနဲ့သာ ပြည့်စုံလို့ရှိယင် သင်းချိုင်း ကုန်းရဲ့ ဟိုဖက် နောင်တမလွန်ဘဝထိအောင် မစောင့်ဆိုင်းရပဲ ပုခက်နဲ့ ခေါင်းပျဉ်ကြားလို့ ဆိုတဲ့ ဒီပစ္စုပ္ပန် လောကမှာကိုပဲ ချမ်းချမ်းသာသာ ဝမ်းမြောက်ဝမ်းသာစွာနဲ့ နေရထိုင်ရပါတယ် တဲ့။ မယုံယင် လာရောက် အားထုတ် ကြည့်လှဲ့ကြစမ်းပါ၊ မြတ်စွာဘုရားက မိန့်တော်မူနေတယ်၊ "ငါ့တရားက ဧဟိ ပဿိ-က ဂုဏ်နဲ့ ပြည့်စုံတဲ့ တရားပါ"တဲ့။ အစမ်းခံနိုင်တဲ့ တရားတော် ဘယ်တော့မှ ခေတ်နောက်မကျတဲ့ တရားတော်-လို့ ဆိုလိုပါ တယ်။

ဘယ်လောက်ထိအောင် ချမ်းချမ်းသာသာ ဝမ်းမြောက် ဝမ်းသာစွာနဲ့ နေထိုင်ရမှာတုံးလို့ ဆိုတော့ "အာသဝါနံ ခယာယ"အာသဝေါတရားလေးပါးကုန်တဲ့ နေရာရောက်အောင် ကို ချမ်းသာနိုင်ပါတယ်-တဲ့။ ဆိုလိုတာကတော့ ရဟန္တာ ဖြစ် အောင်ကို ချမ်းသာနိုင်ပါတယ်လို့ ဆိုလိုပါတယ်။

အဲဒီတရား သုံးပါးက ဘာတွေတုံး။

ဣန္ဒြိယေသု ဂုတ္တဒွါရော ဟောတိ၊ ဘောဇနေ မတ္တညူ၊ ဇာဂရိယာနုယုတ္တော။

ဣန္ဒြိယေသု၊ ဣန္ဒြေ ခြောက်ပါး တံခါးကြီး ခြောက်ပေါက်တို့၌။ ဂုတ္တဒွါရော၊ လုံခြုံသော တံခါးရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘောဇနေ၊ ခဲဘွယ် ဘောဇဉ်၌။ မတ္တညူ၊ သုံးဆောင်တဲ့အခါမှာ အတိုင်းအတာ ပမာဏကို သိသည်။ ဟောတိ၊ ဖြစ်၏။ ဇာဂရိယံ အနုယုတ္တော၊ နိုးကြားမှုနှင့် ယှဉ်သဖြင့် အသင့်နေရသည်။ ဟောတိ၊ ဖြစ်၏။

၁။ ဣန္ဒြေ ခြောက်ပါး တံခါးကြီး ခြောက်ပေါက်ကို လုံလုံခြုံခြုံ ဖြစ်အောင် သတိ တည်းဟူသော မင်းတုံးနဲ့ ရှုထိုး ပိတ်ဆို့ရမယ်တဲ့။

၂။ အစားအစာကို မို့ဝဲမျိုဝါး စားသောက် သုံးဆောင်တဲ့အခါမှာ အတိုင်းအတာ ပမာဏကို သိရမယ်-တဲ့။

၃။ နိုးကြားမှုနှင့် ယှဉ်သဖြင့် အသင့်နေရမယ်-တဲ့။

ဒီသုံးပါးနဲ့သာပြည့်စုံလို့ရှိယင် နောင်တမလွန်ဘဝထိအောင် မစောင့်ဆိုင်းရဘဲ ခုမျက်မှောက်ဘဝမှာပင် ချမ်းချမ်းသာသာ ဝမ်းမြောက်ဝမ်းသာစွာ နေထိုင်ရမယ်-တဲ့၊ ကဲ-ဆောင်ပုဒ်ကလေးတွေကို လိုက်ဆိုကြအုံး။

၁။ ဣန္ဒြေ ခြောက်ပါး၊ အစောင့်ထား၊ တံခါးလုံရမည်။

၂။ အစားအစာ၊ ဘောဇဉ်မှာ၊ တိုင်းတာသိရမည်။

၃။ နိုးကြားမှုနှင့်၊ ယှဉ်သဖြင့်၊ အသင့်နေရမည်။

၄။ ဤသုံးပါးသာ၊ ပြည့်စုံပါ၊ ချမ်းသာ မျက်မှောက် များရမည်။

အကျဉ်းချုပ်ကို ဟောပြလို့ သဘောကျ နှစ်သက်ကြတဲ့ သခေ်ပရှစိသမားတွေ အတွက်တော့ ဒါလောက်ဆိုယင်ကိုပဲ တရားပွဲ သိမ်းလို့ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ကိုယ်တော်မြတ်ရဲ့ လက်ထက်တော်က ကိုယ်တော်မြတ်ရဲ့ ရှေ့တော်မှောက်မှာ ရောက်နေကြတဲ့ တရားနာ ပရိသတ်တွေက အကျယ်ဟောမှ သဘောကျကြမယ့် ဝိတ္ထာရရှစိသမားတွေကလဲ ပါနေကြသေး တဲ့အတွက် ဒါလောက်နဲ့ တရားပွဲကို မသိမ်းသေးပါဘူး၊အကျယ် တဝင့် ဆက်လက်ပြီးတော့ အမေးနဲ့အဖြေနဲ့ ဟောပြတော်မူပါ သေးတယ်။

ပါဠိတော်မှာ လာတဲ့အတိုင်း အကျယ်တဝင့် စုံစုံလင်လင် ဟောပြနေလို့ရှိယင် အဂ္ဂမဟာဓမ္မကထိက လောကမာရဇိန် ရွှေဘိုဆရာတော် ဦးမုနိန္ဒဟောပြဖို့ အချိန်တောင် ရှိတော့မှာ မဟုတ်ပါဘူး။ အဲဒီတော့ ပါဠိတော်ကို အကျဉ်းချုပ်လောက် ထုတ်ပြပြီး ဆောင်ပုဒ်ကလေးတွေနဲ့ပဲ သရုပ်ဖော်သွားကြပါ စို့ရဲ့။

(၁) အချက် ဣန္ဒြေ ခြောက်ပါး ပိတ်ဆို့ စောင့်ရှောက်ပုံကို မြတ်စွာဘုရားက—

ဣဓ ဘိက္ခဝေ ဘိက္ခု စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ ဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ-စသည်ဖြင့် အကျယ် ဝေဘန်ပြတော် မူပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သံသရာဘေးကို ရှုမြင်၍ တရားအားထုတ်နေသော ယောဂီ ရဟန်းသည်။ စက္ခုနာ ရူပံ ဒိသွာ၊ မျက်စိဖြင့် အဆင်းကို မြင်ပြီး၍ (မျက်စိနဲ့ အဆင်းကို မြင်ပြီးတဲ့အခါ စောင့်ရှောက်ပုံ

ကို ပြတယ်နော်၊ မမြင်ရအောင် ရှောင်ကွယ်နေပုံကို ပြတာ မဟုတ်ဘူး၊ အဲဒါကို အထူးသတိပြုကြရမယ်။) စက္ခုနာ ရူပံ ဒိသွာ၊ မျက်စိဖြင့် အဆင်းကို မြင်ပြီး၍။ န နိမိတ္တဂ္ဂါဟီ၊ ကိလေသာ ဖြစ်ကြောင်း အပေါင်းပုံသဏ္ဍာန် နိမိတ်ကို မယူ သည်။ ဟောတိ၊ ဖြစ်၏။ န အနုဗျဉ္ဇနဂ္ဂါဟီ၊ ကိလေသာကို ထင်ရှား ဖြစ်ပေါ်စေနိုင်ကြောင်းဖြစ်သော အသေးစိတ် အင်္ဂါ ကို မယူသည်။ ဟောတိ၊ ဖြစ်၏-တဲ့။

ဗမာလို အတိုချုပ်ပဲ ပြောပါတော့မယ်၊ မျက်စိ အကြည် ဓာတ်နဲ့ အဆင်းရူပါရုံ ပေါင်းဆုံမိလို့ မြင်သိမှု စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာယင် ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါးယောကျ်ား မိန်းမ အစရှိတဲ့ ပုံဟန်သဏ္ဍာန် နိမိတ်အနေအားဖြင့် ယူမှားစွဲလမ်းမှု မရှိရဘူး၊ ခြေ လက် နား နှာခေါင်းအစရှိတဲ့ အင်္ဂါကြီးငယ် ပြုံး ရယ် ပင့်ချီဟန် အစရှိတဲ့ အမူအရာ မှတ်သားမှုလက္ခဏာ အနေအားဖြင့် ယူမှားမှု မရှိရဘူး-တဲ့။

ယူမှားမှု မရှိရဘူးဆိုတာ ယူမှားမှု ရှိနေလို့ မရှိရဘူးလို့ ပြောတာနော်။ နဂိုကတဲက ယူမှားမှု မရှိတဲ့ ပုဂ္ဂိုလ်ကို ယူမှားမှု မရှိရဘူးလို့ အထူးဟောနေစရာ မလိုပါဘူး၊ အခုတော့ ယူမှားမှု ရှိနေလို့ ယူမှားမှုမရှိရဘူးလို့ မြတ်စွာဘုရားက ဟောနေတာပါ။ ဘယ်အချိန်အခါကစပြီး ယူမှားမှုတွေ ရှိလာခဲ့ကြသတုံး ဆို တော့ အနမတဂ္ဂ ဘဝများစွာ သံသရာတခွင် ကျင်လည်တဲ့ အချိန်အခါကစပြီး ယူမှားမှုတွေ ရှိလာခဲ့ကြပါတယ်။ အဲဒီ ယူမှားမှုတွေ ကင်းသွားအောင် သတိပဋ္ဌာန် အသိဉာဏ်နဲ့ ရုပ် နာမ်ဓမ္မတွေကို မြင်အောင် ကျင့်ရမယ်၊ ရုပ်နာမ်တွေကို မြင် တော့ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်လာမယ်၊ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်လာယင် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ လူနတ်ဗြဟ္မာလို့ ဆိုတဲ့

အယူအဆ အစွဲအလမ်း အမှားအယွင်းတွေ ကင်းကွာသွားပါလိမ့်မယ်။ ဒါဟာ မျက်စိ တံခါးပေါက်ကို စောင့်ရှောက်ပုံပဲ။ နားအစရှိတဲ့ တံခါးပေါက်များ စောင့်ရှောက်ပုံကိုတော့ ပေါင်းပြီး အကျဉ်း ပြောသွားမယ်။

နားအကြည်ဓာတ်နဲ့ အသံသဒ္ဒါရုံ ပေါင်းဆုံမိလို့ ကြားသိတဲ့ သောတဝိညာဉ်စိတ် ဖြစ်ပေါ်လာယင်....နှာခေါင်း အကြည်ဓာတ်နဲ့ အနံ့ ဂန္ဓာရုံ ပေါင်းဆုံမိလို့ နံသိမှု ဃာနဝိညာဉ်စိတ် ဖြစ်ပေါ်လာယင်....လျှာအကြည်ဓာတ်နဲ့ ရသာရုံ ပေါင်းဆုံမိလို့ စားသိမှု ဇိဝှါဝိညာဉ်စိတ် ဖြစ်ပေါ်လာယင် ကိုယ်အကြည်ဓာတ်နဲ့ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံ ပေါင်းဆုံမိလို့ ထိသိတဲ့ ကာယဝိညာဉ်စိတ် ဖြစ်ပေါ်လာယင်....စိတ်အကြည်ဓာတ်နဲ့ ဓမ္မာရုံ ပေါင်းဆုံမိလို့ ကြံသိမှု မနောဝိညာဉ်စိတ် ဖြစ်ပေါ်လာယင် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အစရှိတဲ့ ပုံဟန်သဏ္ဍာန်နိမိတ် အနေအားဖြင့် အယူအဆ မှားယွင်းမှု မရှိရဘူး၊ ခြေလက် နား နှာခေါင်း အစရှိတဲ့ အင်္ဂါကြီးငယ် ပြုံးရယ် ပင့်ချီဟန် အစရှိတဲ့ အမူအရာ အမှတ်အသား လက္ခဏာ အနေအားဖြင့် အယူအဆ အမှားအယွင်း မရှိရဘူးတဲ့။

ကဲ-အမေး အဖြေ ဆောင်ပုဒ်ကလေးတွေကို လိုက်ဆိုကြပါအုံး။

(အမေး) ဣန္ဒြေ ခြောက်ပါး၊ အစောင့်ထား၊ တံခါး ဘယ်သို့ လုံရမည်။

(အဖြေ) ၁။ အဆင်းမြင်လတ် ရှုမှတ်သူသည်။
ငါ သူတပါး အမှားမသိ၊
အကုသိုလ်များ မပွါးရပြီ၊
ဤသို့အား တံခါး လုံရမည်။

၂။ အသံကြားလတ် ရှုမှတ်သူသည်၊
ငါ သူတပါး အမှားမသိ၊
အကုသိုလ်များ မပွါးရပြီ။
ဤသို့အားဖြင့် တံခါး လုံရမည်။

၃။ အနံ့နံလတ် ရှုမှတ်သူသည်၊
ငါ သူတပါး အမှားမသိ၊
အကုသိုလ်များ မပွါးရပြီ၊
ဤသို့အား တံခါး လုံရမည်။

၄။ အစာ စားလတ် ရှုမှတ်သူသည်၊
ငါ သူတပါး အမှားမသိ၊
အကုသိုလ်များ မပွါးရပြီ၊
ဤသို့အား တံခါး လုံရမည်။

၅။ အတွေ့တွေ့လတ် ရှုမှတ်သူသည်၊
ငါ သူတပါး အမှားမသိ၊
အကုသိုလ်များ မပွါးရပြီ၊
ဤသို့အား တံခါး လုံရမည်။

၆။ သဘောသိလတ် ရှုမှတ်သူသည်၊
ငါ သူတပါး အမှားမသိ၊
အကုသိုလ်များ မပွါးရပြီ၊
ဤသို့အား တံခါး လုံရမည်။

(နိဂုံး) ဋ္ဌါရ ခြောက်ပါး၊ အစောင့်ထား၊ တံခါး ဤသို့ လုံရမည်။

ပြီးတော့ (၂) အချက် ခဲဘွယ် ဘောဇဉ် အစားအစာကို မှီဝဲမျိုဝါး စားသောက် သုံးဆောင်တဲ့အခါမှာ အတိုင်းအတာ ပမာဏကို သိရမယ် ဆိုတာ ဘယ်လို သိရမှာလဲဆိုတော့—

ဣဓ ဘိက္ခဝေ ဘိက္ခု ပဋိသင်္ခါ ယောနိသော အာဟာရံ အာဟာရေတိ နေဝ ဒဝါယ န မဒါယ န မဏ္ဍနာယ န ဝိဘူသနာယ-စသည်ဖြင့် မြတ်စွာဘုရားက အကျယ်ဝေဘန် ပြတော်မူပါတယ်၊ အဲဒီ ပါဠိအရ အကျဉ်းချုပ်ကတော့—

အစာ အာဟာရ စားသောက် သုံးဆောင်ရတယ် ဆိုတာဟာ မြူးထူးပျော်ပါး ကစားဖို့၊ အားမာန် စသည် တက်ကြွပြီး မာန်ယစ်ဖို့၊ အရေအဆင်း ပြည့်တင်းလှပ အချိုးကျဖို့ မှီဝဲမျိုဝါး စားသောက် သုံးဆောင်တာ မဟုတ်ဘူး၊ အမှန်စင်စစ်တော့ ဒီ ရူပကာယ ခန္ဓာကိုယ်ကြီး ကြာရှည် လေးမြင့်စွာ တည်တံ့ပြီး မြတ်စွာဘုရား သာသနာတော်မှာ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားတွေကို ပွါးများကြိုးကုတ် အားထုတ်နိုင်အောင်လို့ မှီဝဲမျိုဝါး စားသောက်သုံးဆောင်ပါတယ်-လို့ အဲဒီလို အနေအားဖြင့် ပစ္စဝေက္ခဏာတင် ဆင်ခြင် ဆင်ခြင်ပြီး မှီဝဲမျိုဝါး စားအောက် သုံးဆောင်ရမယ်-တဲ့။

ကဲ-အမေးအဖြေ ဆောင်ပုဒ်ကလေးတွေကို လိုက်ဆိုကြပါအုံး။

(အမေး) အစားအစာ၊ ဘောဇဉ်မှာ၊ တိုင်းတာ ဘယ်သို့ သိရမည်။

(အဖြေ) ခဲဘွယ်ဘောဇန စားရသူသည်၊
မြူးထူး မာန်ယစ် ပြေပြစ် မရည်၊

အမြတ်တရား ပွါးများဖို့ရည်၊
ဤသို့သာ တိုင်းတာ သိရမည်။

(နိဂုံး) အစားအစာ၊ ဘောဇဥ်မှာ၊ တိုင်းတာ ဤသို့
သိရမည်။

ပြီးတော့ (၃) အချက် နိုးကြားမှုနှင့် ယှဉ်သဖြင့် အသင့်နေရမည်-ဆိုတာ ဘယ်ပုံ ဘယ်ပန်း နေရမှာတုံး ဆိုတော့ ဒီလိုပါ၊ ယောဂီ ပုဂ္ဂိုလ်ဆိုတာ နိုးနိုးကြားကြား ထထကြွကြွ လုံ့လ ဝီရိယနှင့် ပြည့်စုံရမယ်လို့ ဆိုလိုပါတယ်။

တနေ့တရက်မှာ နေ့ပိုင်းရယ် ညပိုင်းရယ်လို့ အပိုင်း ၂-ပိုင်း ရှိပါတယ်။ အဲဒီ ၂-ပိုင်းထဲက နေ့ပိုင်းမှာ ဘယ်လို အားထုတ်ရမတုံးဆိုတော့။

ဣဓ ဘိက္ခဝေ ဘိက္ခု ဒိဝသံ စင်္ကမေန နိသဇ္ဇာယ
အာဝရဏီယေဟိ ဓမ္မေဟိ စိတ္တံ ပရိသောဓေတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သံသရာဘေးကို ရှုမြင်၍ တရားအားထုတ်နေသော ယောဂီရဟန်းသည်။ ဒိဝသံ၊ နေ့ပိုင်းအခါ၌။ ဝါ၊ တနေ့ပတ်လုံး။ စင်္ကမေန၊ စင်္ကြံသွားခြင်းဖြင့်၎င်း။ နိသဇ္ဇာယ၊ ထိုင်နေခြင်းဖြင့်၎င်း။ စိတ္တံ၊ စိတ်ကို။ အာဝရဏီယေဟိ ဓမ္မေဟိ၊ ကုသိုလ်ကို တားမြစ်တတ်သော တရားဆိုးတို့မှ။ ပရိသောဓေတိ၊ ထက်ဝန်းကျင် စင်ကြယ်စေ၏-တဲ့။

ဆိုလိုတာကတော့ ယောဂီပုဂ္ဂိုလ်ဟာ နေ့ပိုင်းမှာ ဆိုယင် တခါတရံ ခေါက်တုန့်ပြန် စင်္ကြံလျှောက်နေရမယ်၊ တခါတလေ အညောင်းပြေ ထိုင်နေရမယ်၊ အဲဒီလို စင်္ကြံလျှောက်နေတာ

ထိုင်နေတာကလဲ တရားလက်မဲ့ နေရမှာမဟုတ်ဘူး၊ သတိပဋ္ဌာန် ဘာဝနာနဲ့ အမြဲမပြတ် ရှုမှတ်ပြီး နေရမယ်၊ ဒါကြောင့် အာဝရဏီယေဟိ ဓမ္မေဟိ စိတ္တံ ပရိသောဓေတိ၊ ကုသိုလ်ကို တားမြစ်တတ်တဲ့ တရားဆိုးတို့မှ စိတ်ကို ထက်ဝန်းကျင် စင်ကြယ်စေတယ်-လို့ ဟောထားတာ။

ဒါဖြင့် စင်္ကြံလျှောက်တဲ့အခါ ဘယ်လို ရှုမှတ်ပြီး လျှောက်ရမတုံး၊ ဗယ်လှမ်းတယ်၊ ညာလှမ်းတယ်-လို့ပဲ ဖြစ်ဖြစ်၊ ဒါမှ မဟုတ်ယင် ကြွတယ်၊ ချတယ်-လို့ပဲ ဖြစ်ဖြစ်၊ ဒါမှ မဟုတ်ယင် ကြွတယ်၊ လှမ်းတယ်၊ ချတယ်-လို့ပဲ ဖြစ်ဖြစ် ကိုယ်နိုင်နင်းသလို ရှုမှတ်ပြီး လျှောက်ရပါတယ်။

ထိုင်တော့ ဘယ်လို ရှုမှတ်ပြီး ထိုင်ရမတုံး၊ ထိုင်တယ် ထိုင်တယ်လို့ပဲ ဖြစ်ဖြစ်၊ ဖောင်းတယ် ပိန်တယ်လို့ပဲ ဖြစ်ဖြစ်၊ ဖောင်းတယ် ပိန်တယ် ထိုင်တယ်လို့ပဲ ဖြစ်ဖြစ်၊ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် လို့ပဲ ဖြစ်ဖြစ် ကိုယ်နိုင်နင်းသလို ရှုမှတ်ပြီး ထိုင်ရပါတယ်။

အဲဒီလို စင်္ကြံလျှောက်ရင်း ထိုင်ရင်း ရှုမှတ်နေတာဟာ နိဗ္ဗာန်သွားရာ လမ်းကြောင်းကြီးပေါ်မှာ ပိတ်ဆို့ တားမြစ်တတ်တဲ့ ကာမစ္ဆန္ဒ အစရှိသော နီဝရဏ ငါးစင်း ငြောင့်တံသင်းကို ပယ်ရှင်း သုတ်သင်နေခြင်း ဖြစ်ပါတယ်။

ညကျတော့ ဘယ်လို အားထုတ်ရမလဲ ဆိုရင် ညအချိန်ကို ညဥ့်ဦးယာမ်က တပိုင်း၊ သန်ကောင်ယာမ်က တပိုင်း၊ မိုးသောက်ယာမ်က တပိုင်း ဒီလို ၃-ပိုင်း ပိုင်းလိုက်ပါ၊ အဲဒီ သုံးပိုင်းထဲက ပဌမပိုင်းဖြစ်တဲ့ ညဥ့်ဦးယာမ်မှာ အားထုတ်ပုံကို မြတ်စွာဘုရားက ဒီလို ညွှန်ပြထားပါတယ်။

ရတ္တိယာ ပဌမံ ယာမံ စင်္ကမေန နိသဇ္ဇာယ အာဝရဏီ-
ယေဟိ ဓမ္မေဟိ စိတ္တံ ပရိသောဓေတိ။

အဲဒီ ပဌမပိုင်း ညဉ့်ဦးယာမ်မှာ အားထုတ်ပုံကတော့ နေ့ပိုင်းကလိုပါပဲ၊ တခါတရံ ခေါက်တုန့်ပြန် စင်္ကြံလျှောက်ပြီး မှတ်ပါ၊ တခါတလေ အညောင်းပြေ ထိုင်နေပြီး မှတ်ပါ၊ ဒါပါဘဲ။

ညရဲ့ အလယ်ပိုင်း သန်ကောင်ယာမ်မှာတော့ ကျန်းမာရေး ရစေရန် အပန်းဖြေ သဘောနဲ့ ခေတ္တ အိပ်နေဖို့ မြတ်စွာဘုရားက ဒီလို ညွှန်ကြားတော်မူပါတယ်။

ရတ္တိယာ မဇ္ဈိမံ ယာမံ ဒက္ခိဏေန ပဿေန သီဟသေယျံ
ကပ္ပေတိ ပါဒေ ပါဒံ အစ္စာဓာယ သတော သမ္ပဇာ-
နော ဥဋ္ဌာနသညံ မနသိ ကရိတွာ။

ရတ္တိယာ၊ ညဉ့်၏။ မဇ္ဈိမံ ယာမံ၊ အလယ်ပိုင်း သန်ကောင်ယာမ်၌။ သတော၊ အမှတ်ရလျက်။ သမ္ပဇာနော၊ သိလျက်။ ဥဋ္ဌာနသညံ၊ သုံးလေးနာရီခန့် ကြာသောအခါ ထမည်ဟု မှတ်ခြင်းကို။ မနသိ ကရိတွာ၊ စိတ်၌ထား၍။ ဝါ၊ နှလုံးသွင်း၍။ ပါဒေ၊ လက်ျာဖက် ခြေပေါ်၌။ ပါဒံ၊ လက်ဝဲဖက်ခြေကို။ အစ္စာဓာယ၊ အနည်းငယ် လွန်ထား၍။ ဒက္ခိဏေန ပဿေန၊ လက်ျာဖက် နံပါးဖြင့်။ သီဟသေယျံ၊ ခြင်္သေ့၏ အိပ်ခြင်းကို။ ကပ္ပေတိ၊ ပြု၏။

ဒါဟာ စံနစ်တကျ လဲလျောင်း အိပ်ပုံကို ပြတာပါပဲ။ ဆိုလိုတာကတော့ သန်ကောင်ယာမ်အချိန် ၄-နာရီခန့်လောက်တော့ အိပ်ပြီး ခေတ္တ နားနေပါ၊ ဒါပေမဲ့ ပက်လက် မှောက်ခုံကိုးရို့ကားရား မအိပ်ပါနဲ့၊ ခြင်္သေ့မင်းကဲ့သို့ လက်ျာနံတောင်း

ဖြင့် စောင်းပြီးအိပ်ပါ၊ အဲဒီလို အိပ်ရာမှာလဲ ခြေမျက်စိချင်း ဒူးချင်း ထပ်မိနေယင် အနေခက် အခံခက် ဖြစ်တတ်ပါတယ်၊ ဒါကြောင့် ညာဖက် ခြေပေါ်မှာ ဘယ်ဖက်ခြေကို တင်တဲ့အခါ နဲနဲကလေး လွန်ပြီး တင်ထားပါ၊ နောက်ပြီးတော့ အဲဒီလို လှဲအိပ်ရာမှာလဲ အမှတ်တမဲ့ လှဲမချလိုက်ပါနဲ့၊ အမှတ်သတိနဲ့ အသိဉာဏ်နဲ့ မှတ်သိရင်း လှဲချပါ၊ အဲဒါကလဲ ယောဂီမှာ အရေးကြီးပါတယ်၊ အဲဒီလို အမှတ်သတိနဲ့ ဉာဏ်နဲ့ မှတ်သိပြီး လှဲအိပ်နေရင်းလဲ မဂ်ဖိုလ်တရားထူးကို ရနိုင်ပါတယ်၊ ဒီနေရာမှာ အရှင်အာနန္ဒာရဲ့ ရဟန္တာဖြစ်ပုံက သက်သေခံနေပါတယ်။

အရှင်အာနန္ဒာဟာ ညတွင်းချင်း ရဟန္တာဖြစ်အောင်လို့ စင်္ကြံ လျှောက်ပြီး အားထုတ်နေတယ်၊ လင်းခါနီးတောင် ရောက်နေပြီ၊ ရဟန္တာက မဖြစ်သေးဘူး၊ ဒါနဲ့ ခေတ္တ လှဲအိပ်လိုက်ဦးမယ်လို့ နှလုံးသွင်းပြီး လှဲအိပ်နေဆဲမှာ ရဟန္တာ ဖြစ်တော်မူပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက-သတော၊ အမှတ်ရလျက်။ သမ္ပဇာနော၊ သိလျက် လှဲအိပ်ပါလို့ ညွှန်ကြားတော်မူပါတယ်။

နောက်ပြီးတော့ ယောဂီဆိုတာ မေ့မေ့ယောင်ယောင် မအိပ်ရဘူး၊ အိပ်ပျော်ချင်တိုင်း ပျော်ယောင်ဆိုတဲ့ အနေနဲ့ စည်းမဲ့ ကမ်းမဲ့ အချုပ်အထိန်း မရှိပဲ မအိပ်ရဘူး၊ သုံးလေးနာရီခန့် ကြာတဲ့ အခါ အိပ်ရာက ထမယ်၊ ထပြီး တရားအားထုတ်မယ်လို့ ဒီလို နှလုံးသွင်းပြီးတော့ အိပ်ပါ-တဲ့။

ဒီနေရာမှာ လက်ျာ နံတောင်းဖြင့် ခြင်္သေ့အိပ် အိပ်မှဘဲ တရားက အားထုတ်လို့ ဖြစ်ပါသလားလို့ ဒီလို မေးစရာ ရှိပါတယ်၊ အဲဒီလိုတော့လဲ မဟုတ်ပါဘူး၊ ယောဂီပုဂ္ဂိုလ်နဲ့ သင့်လျော်တဲ့ အိပ်ပုံကိုသာ ပြခြင်း ဖြစ်ပါတယ်။ အရေးကြီးတာက

တော့ အမှတ်မလွတ်ပဲ အမှတ်ရလျက် သိလျက် လှဲအိပ်ဖို့ရယ်၊ သုံးလေးနာရီခန့် ကြာတဲ့အခါ အိပ်ရာက ထမယ်လို့ နှလုံးသွင်းထားဖို့ရယ် ဒါတွေက လိုရင်းပါပဲ။

သန်ကောင်ယာမ် ကုန်တဲ့အခါ အိပ်ရာက စောစောထပြီး နေ့ပိုင်း ညဉ့်ဦးပိုင်းတုန်းကလိုပဲ တရားအားထုတ်ရမယ်၊ လူးလွန့်ပြီး အိပ်မနေရဘူး၊ ယောဂီ ဆိုတာ ကမ္မဋ္ဌာန်းကျောင်းကို အိပ်ဖို့ လာတာ မဟုတ်ဘူး၊ အိပ်တယ်ဆိုတာ ထူးတာ မဟုတ်ပါဘူး၊ တသက်လုံး အိပ်လာခဲ့တာ များလှပါပြီ၊ ကဲ ထတော့၊ တရားအားထုတ်ပေတော့၊ ကောင်းကင်ကို မော့ကြည့်လိုက်စမ်း၊ နက္ခတ် တာရာတွေက ပန်းမျက်နှာကျက်ကြီး မိုးထားသလိုပဲ၊ တင့်တယ်လိုက်တာ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ဖို့ အားထုတ်နေတဲ့ ယောဂီဆိုပြီး ကိုယ်က အိပ်နေယင် တင့်တယ်ပါ့မလား၊ ကုတင်ပေါ်မှာ ပြင်ထားတဲ့ မသာလောင်းကြီးနဲ့ တူနေမှာပေါ့၊ ကဲ-ထထ စသည်ဖြင့် ဆင်ခြင်တိုက်တွန်းပြီး နိုးနိုးချင်း အမှတ်သတိနဲ့ ထရမယ်။ အဲဒီလို စောစောထပြီး နေ့ခင်းကလို ညဦးကလိုပဲ တခါတရံ ခေါက်တုန့်ပြန် စင်္ကြံ လျှောက်ပြီး မှတ်နေပါ၊ တခါတလေ အမောပြေ ထိုင်နေပြီး အားထုတ်ပါ။ အဲဒီလို ရှုမှတ်အားထုတ်နေတာဟာ နိဗ္ဗာန်သွားရာ လမ်းကြောင်းကြီးရဲ့ အပေါ်မှာ နိဝရဏ ငါးပါး ဆူးငြောင့်ခလုတ်ငုတ်တံသင်းတရားတွေကို ဖယ်ရှားသုတ်သင်နေတာပါဘဲ၊ ဒါကြောင့် မြတ်စွာဘုရားက—

ရတ္တိယာ၊ ညဉ့်၏။ ပစ္ဆိမံ ယာမံ၊ နောက်ဆုံး မိုးသောက်ယာမ်၌။ ပစ္စုဋ္ဌာယ၊ စောစောထ၍။ စင်္ကမေန၊ စင်္ကြံလျှောက်ခြင်းဖြင့်ရင်း။ နိသဇ္ဇာယ၊ ထိုင်နေခြင်းဖြင့်ရင်း။ စိတ္တံ၊ စိတ်ကို။ အာဝရဏီယေဟိ ဓမ္မေဟိ၊ ကုသိုလ်ကိုတားမြစ်

ပိတ်ဆို့တတ်သော တရားဆိုးတို့မှ။ ပရိသောဓေတိ၊ ထက်ဝန်းကျင် စင်ကြယ်စေ၏-လို့ ဟောတော်မူပါတယ်။

ကဲ-အမေးအဖြေ ဆောင်ပုဒ်ကလေးတွေကို လိုက်ဆိုကြပါအုံး။

အမေး။ နိုးကြားမှုနှင့်၊ ယှဉ်သဖြင့်၊ အသင့် ဘယ်သို့နေရမည်။

အဖြေ။ စကြံ့ ထိုင်ရင်း နေ့ခင်း ရှုသည်၊
ညဉ့်ဦး နံနက် ရှုချက်တူသည်၊
သန်ကောင်ယာမ်မျှ ခေတ္တ အိပ်သည်၊
ဤသို့ဖြင့် အသင့်နေရမည်။

နိဂုံး။ နိုးကြားမှုနှင့်၊ ယှဉ်သဖြင့်၊ အသင့် ဤသို့ နေရမည်။

အခု ဟောခဲ့တဲ့ တရားတော်အတိုင်း ကျင့်ကြံ ကြိုးကုတ်အားထုတ်လိုက်ရင် နောင်တမလွန်ဘဝထိအောင် မစောင့်ဆိုင်းရပဲ အခု မျက်မှောက်ဘဝမှာကို ချမ်းချမ်းသာသာ ဝမ်းမြောက်ဝမ်းသာစွာနဲ့ နေထိုင်ရပါလိမ့်မယ်။

ကဲ-ဆောင်ပုဒ်ကလေးကို လိုက်ဆိုကြအုန်း။

ဤသုံးပါးသာ၊ ပြည့်စုံပါ၊ ချမ်းသာမျက်မှောက်များရမည်။

ကိုင်း-တနာရီ ပြည့်သွားပြီ၊ ဘုန်းကြီးရဲ့ တာဝန်က ဒါလောက်ပဲ ရှိပါတယ်၊ နောက် လောကမာရဇိန် ဆရာတော်ဘုရား ခဏနေ ဆက်လက်ပြီး ဟောကြားဦးမယ် ဆိုတာကိုလဲ သတိမူမြဲ မှုထားကြပါ။

## တရားသိမ်း ဆုတောင်း အမျှဝေ

## (၇)

ဓမ္မသူတော်စင် အပေါင်းတို့၊ ဤသို့လျှင် မျက်မှောက်ချမ်းသာ ဝမ်းမြောက်စရာ တရားတော်ကို နာကြားကြရသောသင် သူတော်ကောင်းတို့သည် ဤတရားတော်၌ လာရှိသည့်အတိုင်း ဣန္ဒြေခြောက်ပါး တံခါးကြီးခြောက်ပေါက်တို့ကို လုံခြုံအောင် သတိတည်းဟူသော မင်းတုန်းနှင့် လျှိုထိုးပြီးပိတ်ဆို့နိုင်ကြ၍ အစားအစာ စားသောက်သောအခါ၌ အတိုင်းအတာ ပမာဏကို သိပြီးလျှင် နေ့နေ့ညည ကာလမဆိုင်းအချိန်တိုင်း အချိန်တိုင်း၌ တခါတရံ ခေါက်တုံ့ပြန် စင်္ကြံလျှောက်ခြင်းဖြင့်၎င်း၊ တခါတလေ အညောင်းပြေ ထိုင်နေခြင်းဖြင့်၎င်း နီဝရဏငါးပါး ငြောင့်တရားတို့ကို ပယ်ရှားသုတ်သင်နိုင်ကြလျက် မျက်မှောက်ဘဝ၌ ဝမ်းမြောက်ဝမ်းသာစွာနှင့် နေထိုင်ကြရပြီးလျှင် ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာမှန် ပြည်နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်ကြ၍ကိုယ်စီကိုယ်င မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု-ပရိသတ်၏ ကောင်းချီးသံ)

ကဲ-တရားသိမ်းကို ဆုတောင်းအမျှဝေနဲ့ သိမ်းမယ်၊လိုက်ဆိုကြ။

၁။ တရား ဟောရ ပုည ကုသိုလ်၊
တရားနာရ ပုည ကုသိုလ်၊
အကျိုးတရား ပွါးများ ပိုမို၊
အန္တရာယ်ကင်း ဘေးရှင်း ရန်ပြို၊
ကပ်သုံးပါး ကျော်လွှားရပါလို့။

၂။ ရာကျော်သက်တန်း ကျန်းကျန်းမာမာ၊
ရုပ်ရေ ဆင်းလှ ဝင်းပ ညီညာ၊
ပဋိဘာန သုခ ဗလာ၊
ကျိုးတရား တိုးပွါးစေဖို့ရာ။

၃။ မကောင်းဟူက မှုမျှ မတွယ်၊
လိုရှိသမျှ ပြည့်ဝစေဖွယ်၊
စိတ်ကြံမဆိုင်း ဆောင်တိုင်းမြောက်လွယ်၊
ဒြပ်ဖြိုး လာဘ်မိုးစွေဖို့ရွယ်။

၄။ နောက်နောက်ဘဝ ရောက်ကြလေလျှင်၊
နတ်ရွာတလျှောက် ဝမ်းမြောက်ရွှင်ရွှင်၊
ထိုမှ တဆင့် အမြင့်မြိုက်ခွင်၊
ဆုံးဘဝ ရောက်ကြစေဖို့ပင်။

၅။ ဤကုသလ ဘာဂ ဖို့တွေ၊
နရက် ဘဝဂ် အောက်ထက် ညာကျေ၊
သဗ္ဗေ သတ္တာ များလှ ဝေနေ၊
မေတ္တာငှ အမျှ ယူကြစေ။

၆။ ကုန်းရေ ကျက်စား သွားငါး သတ္တဝါ၊
ဒွေ-နှင့် စတုပ် ဗဟုပ္ပဒါ၊
ကိုယ်စိတ် နှစ်ဝ သုခ ချမ်းသာ၊
ပေါင်းအစု ကောင်းမှု ပို့မေတ္တာ။

၇။ ဤသို့ ပေါင်းစု ကောင်းမှုထွေထွေ၊
ကျင်လည် မရပ် ရဟတ် စက်ဗွေ၊
သံသရာ ရှည်လျား မေ့ငြား တွေဝေ၊
ဝသုန်စက် သွက်သွက်ခါလည်စေ။

၈။ သုဝဏ္ဏဘောရှီ ရွှေစည်ဆရာတော်၊
တရားစည်ကြီး ရိုက်တီး ကြွေးကြော်၊
နာကြ ကြားကြ အားရပျော်ပျော်၊
တရားဆုံး အားလုံး သာဓုခေါ်။
(သာဓု-သာဓု-သာဓု)

မျက်မှောက်ချမ်းသာ ဝမ်းမြောက်စရာ တရားတော်
ဤတွင် ပြီးပြီ။

မဟာစည်ကျောင်းတော် ရေစက်ချပွဲအတွက် ကျင်းပသော
အကြိုတရားပွဲ ၃-ညတွင် ပဌမည ဒုတိယပိုင်း၌
မိုးကုတ်မြို့ မြို့လယ်ရိပ်သာ
**ရွှေဘိုဆရာတော် ဦးမုနိန္ဒ**
ဟောကြားတော်မူသော

# ချမ်းသာပျော်ရွှင် အစဉ်နေနိုင်ရေး တရားတော်

---

## စကားပလ္လင်

## (၁)

ဒီကနေ့ စပြီး ကျင်းပတဲ့ တရားပွဲတော်ကြီးကတော့ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးရဲ့ ဂုဏ်တော်တွေ အာရုံပြုပြီး ပူဇော်ကန်တော့ပွဲ သြဝါဒခံယူပွဲ မဟာစည်ကျောင်းတော်ကြီး ရေစက်ချပွဲဆိုတဲ့ ဒီပွဲတော်ကြီး ၃-ခုကို စုပေါင်းပြီး ကျင်းပတဲ့ အထူးပွဲတော်ကြီးရဲ့ အကြိုတရားပွဲကြီး ဖြစ်ပါတယ်၊ ဒီပွဲတော်ကြီးဟာ သာသနာတော်နဲ့ စပ်ပြီး အထူးအလေးပြုအပ်တဲ့အပြင် ပဋိပတ္တိနယ်ပယ်မှာ အမြင့်မားဆုံးထိပ်တန်း အကျဆုံး ပွဲတော်ကြီးလို့ ဆိုယင်လဲ မလွဲပါဘူး၊ ဘာကြောင့်လဲဆိုယင်—

မြတ်စွာဘုရား၏ သာသနာတော်မှာ တကယ်ပူဇော်သင့် ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်မြတ်ကြီးကို အာမိသပူဇာ ဓမ္မပူဇာ

ဆိုတဲ့ ပူဇော်ခြင်း နှစ်မျိုးတို့ဖြင့် အစွမ်းကုန် ပူဇော်ကြတဲ့ ပွဲတော်ကြီးဖြစ်နေလို့ပါဘဲ။ ဒီပွဲတော်ကြီးမှာ တတိုင်းတပြည်လုံးက ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ တပည့် ကမ္မဋ္ဌာနာ-စရိယ ဆရာတော်တွေ ကမ္မဋ္ဌာနာစရိယ လူပုဂ္ဂိုလ်တွေ တပည့်ယောဂီတွေ တတိုင်းတပြည်လုံးက စုပေါင်းပြီး ရောက်ရှိနေကြပါတယ်။ ဒါကြောင့် ဘုန်းကြီးက ဒီပွဲတော်ကြီး ဒီပရိသတ်တွေနဲ့ ထိုက်တန်အောင် ဘယ်လိုတရားကို ဟောရမလဲလို့ စဉ်းစားခဲ့ပါတယ်။ အဲဒီလို စဉ်းစားလိုက်တော့ ဘုန်းကြီးရဲ့ စိတ်ထဲမှာ ဒီလိုပေါ်လာပါတယ်၊ လူတွေဟာ အစဉ်ထာဝရ ချမ်းချမ်းသာသာ ပျော်ပျော် ရွှင်ရွှင်နဲ့ နေချင်ကြတယ်၊ ဒါကြောင့် လူတိုင်း လူတိုင်း ချမ်းချမ်း သာသာ ပျော်ပျော်ရွှင်ရွှင်နဲ့ နေနိုင်ဘို့ အထောက်အပံ့ဖြစ်မည့် **ချမ်းသာပျော်ရွှင် အစဉ်နေနိုင်ရေး** တရားတော်ကို ဟောမှဘဲလို့ စိတ်ကူး ပေါ်လာပါတယ်။ ဒါကြောင့် ဒီကနေ့ည အဲဒီ **ချမ်းသာပျော်ရွှင် အစဉ်နေနိုင်ရေး** တရားတော်ကို ဟောရမယ်။

ဒီတရားကတော့ ဆင်းရဲတယ်လို့ မရှိဘဲ ဘယ်အချိန်အခါမဆို အစဉ်ထာဝရ ပျော်ရွှင်ပြီး ချမ်းသာစေနိုင်တဲ့တရား ဖြစ်ပါတယ်၊ ဒီပွဲတော်ကြီးမှာ ဒီတရားကို ဟောလိုက်ရယင် သာသနာတော်မှာ သာသနာ့ဂုဏ်ထူး ဝိသေသနဲ့ ပြည့်စုံပုံတွေကိုလဲ အကုန်သိနိုင်တယ်၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးလဲ ယခုခေတ် ယခုအခါမှာ မြတ်စွာဘုရား၏ ကိုယ်စားတော် အနေနဲ့ ပဋိပတ္တိသာသနာတော်ကို ပြုစုဖြန့်ချီနေတဲ့အတွက် မြတ်စွာဘုရား၏ ကိုယ်စားတော်သဖွယ် ဖြစ်နေပုံလဲ ပေါ်လွင်ထင်ရှားမယ်။

ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်မှာ ပရိယတ္တိ သာသနာတော်ကို ပြန့်ပွါးအောင် ပြုစုတဲ့ ပုဂ္ဂိုလ်၊ ပဋိပတ္တိသာသနာတော်ကို ပြန့်ပွါးအောင် ပြုစုတဲ့ ပုဂ္ဂိုလ် ဒီလိုပုဂ္ဂိုလ်မျိုးကိုသာ မြတ်စွာဘုရားက ချီးမွမ်းတော်မူပါတယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးသည် သာလျှင် ငါဘုရား၏ သာသနာကို အရှည်တည်တံ့အောင် ပြုလုပ်၍ ငါဘုရား၏ သာသနာကို ကြီးပွါးအောင် ပြုလုပ်တယ်၊ ငါဘုရား၏ အကူအညီဖြစ်တယ်လို့ ချီးမွမ်းတော်မူပါတယ်။

ကျေးဇူးရှင်ဆရာတော် ဘုရားကြီးဟာ စာပေ ကျမ်းဂန် ပို့ချခြင်းဖြင့် ပရိယတ္တိသာသနာတော်ကိုလဲ ပြုခဲ့တယ်၊ ကျမ်းဂန်ရေးသားခြင်းဖြင့်လဲ ပြုခဲ့တယ်၊ အထူးအားဖြင့် ဝိသုဒ္ဓိမဂ် မဟာဋီကာကြီးဆိုတာ ခက်ခဲလွန်းလို့ ပြည့်ပြည့်စုံစုံ နိဿယရေးမည့် ပုဂ္ဂိုလ်မရှိခဲ့ဘဲ ရှိနေရာမှာ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးက အဲဒီ ဝိသုဒ္ဓိမဂ် မဟာဋီကာကြီးကို ပြည့်ပြည့်စုံစုံ နိဿယရေးသားပြီးတော့လဲ ပရိယတ္တိသာသနာတော်ကို ပြုတော် မူခဲ့တယ်။ အဲဒါဟာ အဲဒီ နိဿယ နိဂုံးမှာ ဖေါ်ပြထားတဲ့ဆရာတော် ဘုရားကြီးများ၏ ချီးကျူးထားပုံကို ထောက်ဆသောအားဖြင့် အဲဒီဋီကာနိဿယကို ကျေးဇူးရှင် ဆရာတော်ဆရားကြီး ပြုစုတော်မူတာဟာ ပရိယတ် ပဋိပတ် နှစ်ရပ်လုံးမှာ သူမတူတန်အောင် ထူးထူးခြားခြားကြီး ပြုစုတော်မူတာဘဲလို့ ထင်ရှားသိရပါတယ်။

နောက်ပြီးတော့ ပဋိပတ္တိသာသနာတော်ကိုလဲ သူမတူတန်အောင် ထူးထူးခြားခြား ပြုစုတော်မူပါတယ်၊ အဲဒါကတော့ အများသိပြီး ဖြစ်နေလို့ အကျယ်ချဲ့ပြောစရာ မလိုပါဘူး။ မြတ်စွာဘုရားက မဟာသတိပဋ္ဌာနသုတ်တော်ကြီးမှာ ဝိပဿနာ

ရှုမှတ်နည်းကို လွယ်လွယ်ကလေး အထင်အရှား ဟောထား ခဲ့ပါတယ်၊ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ-စသည်ဖြင့် သွားယင် သွားတယ်လို့သိဘို့၊ ရပ်ယင် ထိုင်ယင် လျောင်းယင် ရပ်တယ် ထိုင်တယ် လျောင်းတယ်လို့ သိဘို့၊ ကွေးယင် ဆန့်ယင် ကွေးတယ် ဆန့်တယ်လို့ သိဘို့၊ ကိုယ်အမူအရာ ပြုပြင်တိုင်း၊ စိတ်အမူအရာဖြစ်တိုင်း၊ ခံစားမှုဝေဒနာ ဖြစ်ပေါ်တိုင်း သိဘို့ လွယ်လွယ်ကလေး အထင်အရှား ဟောထားခဲ့ပါတယ်။ ဒါပေမဲ့ ပဋိပတ်လုပ်ငန်း အစဉ်အဆက်က ပြတ်လုနီးပါး ဖြစ်လာခဲ့လို့ အဲဒီ မဟာသတိပဋ္ဌာန်ပါဠိတော်နည်းအတိုင်း ရှုမှတ်ရမှန်း မသိ သလောက် ဖြစ်နေခဲ့ရာမှာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး က ကိုယ်တိုင်လဲ အားထုတ်ပြီးတော့ ဟောလဲဟောပြောတယ်၊ သူတပါးကိုလဲ လက်တွေ့ ကိုယ်တွေ့ ဉာဏ်တွေ့ဖြစ်အောင် အားထုတ်စေတယ်၊ ခိုင်လုံသော ပါဠိအဋ္ဌကထာဋီကာ သာဓက တွေကို ပြပြီးတော့ ဝိပဿနာရှုနည်း ကျမ်းကြီးကျမ်းငယ်များ ကိုလဲ ပြုစုတော်မူတယ်။ ဒီပုံဒီနည်းဖြင့် ကျေးဇူးရှင် ဆရာ တော်ဘုရားကြီးက ပဋိပတ္တိသာသနာကို ပြုစုတော်မူတဲ့အတွက် မြန်မာပြည်တွင်သာမကဘဲ ယိုးဒယား သီဟိုဠ် အစရှိတဲ့ အရှေ့ တိုင်းမှာရော ဥရောပ အမေရိက အနောက်တိုင်းမှာရော တကမ္ဘာလုံးမှာ သတိပဋ္ဌာန် ဝိပဿနာ ပဋိပတ္တိသာသနာတော် ဟာ ပြန့်နှံ့နေပါပြီ။

ဒီလို ပရိယတ္တိဘက်ကရော ပဋိပတ္တိဘက်ကရော ထူးထူး ခြားခြား သာသနာတော်ကို ပြုစုတော်မူတဲ့အတွက် ကျေးဇူး ရှင် ဆရာတော်ဘုရားကြီးဟာ ဗမာကသာမဟုတ်ဘူး၊ တကမ္ဘာ လုံးကပါ ဗုဒ္ဓသာသနာဝင်တွေဆိုရင် အလေးအမြတ် ပူဇော်

ထိုက်တဲ့ ဂုဏ်ထူးဝိသေသနဲ့ ပြည့်စုံတော်မူပါတယ်၊ အဲဒီလို ဂုဏ်ထူးဝိသေသတွေနှင့် ပြည့်စုံတော်မူတဲ့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကို ဓမ္မပူဇာဖြင့် ပူဇော်တဲ့ အနေနဲ့ ဒီကနေ့ည **ချမ်းသာပျော်ရွှင် အစဉ်နေနိုင်ရေး** တရားတော်ကို ဟောပါမယ်။

နောက်ပြီးတော့ ဘုန်းကြီးတို့အတွက် ကျေးဇူးများပုံကို ပြောရမယ် ဆိုယင်လဲ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးတွေဟာ ပြောလို့လဲ မကုန်နိုင်ပါဘူး၊ ဆပ်လို့လဲ မကုန်နိုင်ပါဘူး။ ဘုန်းကြီးဟာ ဆရာတော်ဘုရားကြီးနဲ့ မတွေ့ရသေးမီကတည်းက တရားဟောဓမ္မကထိက ပုဂ္ဂိုလ်ဖြစ်နေခဲ့ပါတယ်၊ အဲဒီတုန်းကတည်းက အရပ်ရပ် အနယ်နယ်မှာ ပွဲကြီးပွဲကောင်းတွေ ကျင်းပပြီး တရားဟောနေခဲ့ပါတယ်၊ ထင်ရှားကျော်ကြားတဲ့ ဆရာအမျိုးမျိုးထံမှာ နည်းနိဿယကိုလဲ ခံယူခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒီတုန်းက ကြားနာကောင်းရုံ သဒ္ဓါတရားဖြစ်ရုံ ကုသိုလ်ဖြစ်ရုံလောက်သာ ဟောနိုင်ခဲ့ပါတယ်၊ တရားနာသူတို့အား မဂ်ရောက် ဖိုလ်ရောက် ကျင့်နိုင်လောက်တဲ့ တရားကိုတော့ မဟောနိုင်ခဲ့ပါဘူး။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးထံမှာ နည်းဥပနိဿယ ခံယူပြီးတော့မှ မဂ်ရောက် ဖိုလ်ရောက် ကျင့်နိုင်လောက်တဲ့ ဒီတရားမျိုးကို ဟောနိုင်လာပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့အနေနဲ့ဆိုယင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတွေဟာ ပြောလို့လဲ မကုန်နိုင်၊ ဆပ်လို့လဲ မကုန်နိုင်ဖြစ်နေပါတယ်၊ အဲဒီ ကျေးဇူးတွေကို ဆပ်သောအားဖြင့်လဲ ဒီကနေ့ည ချမ်းသာပျော်ရွှင် အစဉ်နေနိုင်ရေးဆိုတဲ့ တရားတော်ကို ဟောပါမယ်။

## ချမ်းသာပျော်ရွှင် ၂-မျိုး

## (၂)

ချမ်းသာ ပျော်ရွှင်တယ် ဆိုတာ ကာမဂုဏ် အာရုံ အမျိုးမျိုး တွေကို အလိုရှိတိုင်း ခံစားပြီး ချမ်းသာပျော်ရွှင်နေရတာလဲ ရှိပါတယ်၊ အဲဒါကတော့ ယခုမျက်မှောက်တွင် စီးပွါးရေး အလုပ်တွေ လုပ်ပြီး ချမ်းသာပျော်ရွှင်ရတာလဲ ရှိတယ်၊ ဒါန သီလ အစရှိသော ကုသိုလ်တွေပြုပြီး ယခု မျက်မှောက်ရော နောင် သံသရာ ဘဝတလျှောက်လုံးရော ချမ်းသာပျော်ရွှင်ရတာလဲ ရှိတယ်၊ ဒီနှစ်မျိုးထဲက ယခု မျက်မှောက် စီးပွါးရေးအလုပ် ဆိုတာကတော့ ယခုလို တရားပွဲမှာ ဟောဘို့ မလိုပါဘူး၊ ကုသိုလ်ရေး အလုပ်ကိုသာ ဟောဘို့ လိုပါတယ်၊ မိမိတို့ နေ့စဉ် နှင့်အမျှ သရဏဂုံ ၃-ပါးနှင့်တကွ ငါးပါးသီလ ဆောက်တည် ကျင့်သုံးနေကြတယ်၊ ရှစ်ပါးသီလကိုလဲ တချို့က အမြဲ တချို့က ရံခါ ကျင့်သုံးနေကြတယ်၊ ဆွမ်းဟင်း မုံ့ စသည်ဖြင့် စားသုံး ဘွယ်တွေကို ရဟန်းသံဃာတော်များအား လှူနေကြတယ်၊ အကြောင်း ညီညွတ်တဲ့အခါ သင်္ကန်းတို့ ဆေးပစ္စည်းတို့ ဒီလို သုံးဆောင်ဘွယ်များကိုလဲ လှူနေကြတယ်၊ နေ့စဉ်နှင့်အမျှ ဘုရားရှိခိုးခြင်း ဆီမီးရေချမ်း ပန်းနံ့သာ ဆက်ကပ်ခြင်း စသည် ဖြင့် ဘုရားဝတ်ကိုလဲ ပြုလုပ်နေကြတယ်၊ တချို့က အမိအို အဖအိုတွေကို ရိုရိုသေသေနဲ့ ပြုစုလုပ်ကျွေးနေကြတယ်၊ ဒါ တွေဟာ အားလုံး ကုသိုလ်အမှုတွေချည်းဘဲ၊ အဲဒီ ကုသိုလ်တွေ ကြောင့် ယခု မျက်မှောက်မှာလဲ ကောင်းကျိုးတွေကိုရပြီး ချမ်းသာပျော်ရွှင်ရပါတယ်၊ နောင်သံသရာ ဘဝအဆက်ဆက် မှာလဲ လူ့လောက နတ်လောကမှာ မိမိတို့ လိုလားအပ်တဲ့

ကာမဂုဏ် အာရုံတွေကို အလိုရှိတိုင်း သုံးဆောင် ခံစားရပြီး ချမ်းသာပျော်ရွှင်ရမယ်။ ကဿပ မြတ်စွာဘုရား လက်ထက်တော်ကာလက ဒီလို ကောင်းမှုတွေကို ပြုလာခဲ့ကြလို့ နတ်ပြည်လောကမှာ ယခုထက်ထိ နတ်စည်းစိမ်တွေနဲ့ ချမ်းသာပျော်ရွှင်နေ ကြရတဲ့ နတ်သားတွေ နတ်သမီးတွေ အများကြီးဘဲ ရှိနေကြပါတယ်၊ တချို့ပုဂ္ဂိုလ်တွေလဲ ဘုန်းကြီးတို့ ဘုရားလက်ထက်တော်မှာ တရားနာပြီး ကျွတ်တမ်းဝင်ကုန်ကြပြီ၊ အဲဒီလို ချမ်းသာ ပျော်ရွှင်ချင်ကြယင် အဲဒီလို ဒါန သီလ ရှိသေမှု စသော ကုသိုလ်တွေကို ပြုကြရမယ်၊ ဒါကတော့ ကာမဂုဏ်နဲ့ စပ်ပြီး ချမ်းသာပျော်ရွှင် နေနိုင်ရေး တရား ဖြစ်ပါတယ်။

## ဘုန်းကြီးဟောလိုတဲ့ ချမ်းသာပျော်ရွှင်

## (၃)

ဘုန်းကြီး ဟောလိုရင်းတရားကတော့ အဲဒါ မဟုတ်သေးပါဘူး၊ သမထ ဝိပဿနာတရားနဲ့ စပ်ပြီး အစဉ်ထာဝရ ချမ်းသာပျော်ရွှင်ရေး တရား ဖြစ်ပါတယ်၊ သမထ ဝိပဿနာ ဘာဝနာအလုပ်ကို နည်းမှန် လမ်းမှန်ဖြင့် ကျကျနန အားထုတ်ယင် ဝမ်းမြောက်ရွှင်ပျော်တဲ့ ပီတိ ပါမောဇ္ဇ ဆိုတာ ဖြစ်စမြဲပါဘဲ၊ သမထလမ်းက အားထုတ်ယင် ဥပစာသမာဓိ ဖြစ်ပေါ်လာတဲ့ အခါ ဒိပီတိပါမောဇ္ဇဟာ အထင်အရှား ဖြစ်ပေါ်လာပါတယ်၊ ဝိပဿနာလမ်းက အားထုတ်ယင်လဲ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာတဲ့အခါ အထင်အရှား ဖြစ်ပေါ်လာပါတယ်၊ အဲဒီလို ဖြစ်ပေါ်လာပုံဟာ အရေးကြီးပါတယ်။

ဘုန်းကြီးဟာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးကို ဆပ်သောအားဖြင့် ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းစဉ်တရားကို အနယ်နယ် အရပ်ရပ်မှာ လှည့်ပြီး ဟောကြား ဖြန့်ချိနေပါတယ်၊ အဲဒီလို နယ်လှည့်ဟောရာမှာ ဆရာအမျိုးမျိုးရဲ့ နည်းအမျိုးမျိုးနဲ့ အားထုတ်ဘူးကြတဲ့ ပုဂ္ဂိုလ်ပေါင်းများစွာကို တွေ့ရပါတယ်၊ အဲဒီလို တွေ့ရတဲ့အခါမှာ သူတို့ရဲ့ အားထုတ်ပုံ အားထုတ်နည်းနဲ့ သူတို့ရဲ့ တွေ့မြင်ပုံများကို မေးမြန်းကြည့်ပါတယ်၊ အများအားဖြင့် အဲဒီပုဂ္ဂိုလ်တွေဟာ ပီတိပါမောဇ္ဇလောက်တောင် ထင်ထင်ရှားရှား မတွေ့ဘူးရှာကြဘဲ ဖြစ်နေတာကို တွေ့ရပါတယ်၊ ဒီတော့ ဝိသုဒ္ဓိမဂ်မှ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ထုတ်ပြထားတဲ့ စာပိုဒ်ကလေးကို သတိရမိပါတယ်၊ အဲဒီ စာပိုဒ်က ဒီလိုဆိုထားပါတယ်။

ဝိပဿနုပက္ကိလေသာ၊ ဝိပဿနာ ညစ်ညူးကြောင်း အရောင်အလင်း ပီတိ အစရှိသော တရားတို့သည်။ ပဋိဝေဓပ္ပတ္တဿ၊ မဂ်ဖိုလ်သို့ ရောက်ပြီးသော။ အရိယသာဝကဿ စေဝ၊အရိယာသာဝကအားလဲ မဖြစ်ပါဘူးတဲ့။ ဝိပ္ပဋိပန္နကဿ စ၊ မှားယွင်းစွာကျင့်သူအားလဲ မဖြစ်ပါဘူးတဲ့။ အဲဒါ သတိပြုဘို့ အရေးကြီးပါတယ်၊ အားထုတ်တဲ့ တရားလုပ်ငန်းစဉ်က မှားနေရင် ဘယ်လောက်ကြာအောင် အပင်ပန်းခံပြီး အားထုတ်နေပေမယ်လို့ အရောင်အလင်းတို့ ဝမ်းမြောက်မှု ပီတိတို့ အစရှိတဲ့ သဘောတရားတွေဟာ မဖြစ်ပေါ်နိုင်ဘူး၊ ဒါကြောင့် အဲဒီလို အထူးတွေကို မတွေ့ရလို့ရှိယင် မိမိတို့ အားထုတ်နေတဲ့ တရားနည်းလမ်းဟာ မှန်မှ မှန်ရဲ့လားလို့ စဉ်းစားရပေလိမ့်မယ်။

နောက်ပြီးတော့ နိက္ခိတ္တကမ္မဋ္ဌာနဿ စ၊ ကမ္မဋ္ဌာန်းကို ချထားလျက် ရပ်နားနေသောသူအားလဲ အဲဒီ အရောင်အလင်း

ပီတိစသည်တွေဟာ မဖြစ်ပေါ်ပါဘူးတဲ့။ ဒါကလဲ သတိပြုဘို့ အရေးကြီးပါတယ်၊ တနာရီလောက် အားထုတ်ပြီး ရပ်နားနေလိုက်ရင်း နောက်တခါ သို့မဟုတ် နောက်တနေ့မှာ တနာရီလောက် အားထုတ်ပြီး ရပ်နားနေလိုက်ရင်း ဒီလို လုပ်နေယင်လဲ သမာဓိအား ဉာဏ်အား မပြည့်တဲ့အတွက် အဲဒီအရောင်အလင်း ပီတိ စသည်တွေဟာ မဖြစ်ပေါ်ဘဲ ရှိနေတတ်ပါတယ်၊ အားမထုတ်ဘဲ လုံးလုံးရပ်နေတဲ့ ပုဂ္ဂိုလ်မှာတော့ အထူးပြောစရာ မလိုပါဘူး။

နောက်ပြီးတော့ ကုသီတပုဂ္ဂလသာ စ၊ ပျင်းပျင်းရိရိနှင့် အားထုတ်နေသော ပုဂ္ဂိုလ်အားလဲ အဲဒီ အရောင်အလင်း ပီတိ စသည်တွေဟာ မဖြစ်ပေါ်ပါဘူးတဲ့။ ဒါကတော့ သိသာပါတယ်၊ လျော့တော့တော့ အားထုတ်နေယင် သမာဓိတောင် ကောင်းကောင်း မဖြစ်ဘူး။

အဲဒီမှာ အရောင်အလင်း ပီတိ အစရှိတဲ့ တရားဂုဏ်ထူးတွေ မဖြစ်ပေါ်တတ်ဘဲ့ ပုဂ္ဂိုလ် ၄-ဦး ပြထားပါတယ်၊ အဲဒါ ဝိသုဒ္ဓိမဂ်ကျမ်းပါ၊ သာမန် ကျမ်းမဟုတ်ပါဘူး၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက အဲဒီ ဝိသုဒ္ဓိမဂ်ကျမ်းကို ထုတ်ပြထားတာပါ၊ အဲဒီတော့ တရားအားထုတ်ပါလျက် အရောင်အလင်းကလေး ပီတိပါမောဇ္ဇကလေးလောက်မှ မတွေ့ရလို့ရှိယင် ဘာချွတ်ယွင်းနေလို့လဲ ဆိုတာ စိစစ်ဖို့ လိုပါတယ်၊ အားထုတ်တဲ့ နည်းလမ်းကိုက မမှန်လို့လား၊ တစပ်တည်း အားမထုတ်ပဲ ရပ်နား ရပ်နားနေလို့လား၊ လျော့တော့တော့ အားထုတ်နေလို့လား ဆိုတာ စိစစ်ဖို့ လိုပါတယ်။ ဘုန်းကြီးတွေ့ရတဲ့ ပုဂ္ဂိုလ်တွေထဲမှာ တချို့က အားထုတ်တဲ့ နည်းလမ်းကိုက မှားနေလို့ ထင်ပါတယ်၊ တချို့ကတော့ ရပ်နား ရပ်နားနေတဲ့ အတွက် သမာဓိအား ဉာဏ်အား

မပြည့်လို့ ထင်ပါတယ်၊ တချို့ကတော့ လျော့တော့တော့ အားထုတ်နေလို့ ထင်ပါတယ်၊ နည်းလမ်းမှန်အတိုင်း မပျင်းမရိ မရပ်မနားဘဲ အားထုတ်ယင်တော့ ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါ ဒီအရောင်အလင်း ပီတိ အစရှိတဲ့ တရားဂုဏ်ထူးတွေဟာ ကေန်ပင် ဖြစ်ပေါ်လာစမြဲပါဘဲ။ ဒါကြောင့် အဲဒီ ဝိသုဒ္ဓိမဂ်မှာ-သမ္မာပဋိပန္နကဿ၊ နည်းလမ်းမှန်စွာ ကျင့်သည်ဖြစ်၍။ ယုတ္တပ္ပယုတ္တဿ၊ မပြတ်မစဲ အားထုတ်လျက်။ အာရဒ္ဓဝိပဿ-ကဿ၊ ဥဒယဗ္ဗယဉာဏ်သို့ ရောက်၍ အာရဒ္ဓဝိပဿက မည်သော။ ကုလပုတ္တဿ၊ အမျိုးသား အမျိုးသမီးအား။ ဥပ္ပဇ္ဇန္တိ-ယေဝ၊ အရောင်အလင်း ပီတိ စသည်တို့ ဖြစ်ပေါ်လာကြကုန်သည်သာတည်း-လို့ ဒီလိုလဲ ပြဆိုထားပါတယ်။

အဲဒီမှာ ဥပ္ပဇ္ဇန္တိယေဝ၊ ဖြစ်ပေါ်လာကြကုန်သည်သာ မဖြစ်ပေါ်ဘဲ မရှိကြဘူး-လို့ ကေန်သတ်မှတ်ပြီး ဆိုထားတာကို အထူးသတိပြုကြရမယ်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကိုခံယူပြီး အားထုတ်ကြတဲ့ တပည့်ယောဂီတွေကတော့ နေ့ရောညပါ မပြတ် ဒလစပ် ရှုမှတ်အားထုတ်နေကြတဲ့အတွက် တချို့မှာ ၂-ရက် ၃-ရက် အတွင်း ဒီလို အရောင်အလင်း ပီတိ စသည်တွေကို တွေ့ကြရပါတယ်၊ တချို့မှာတော့ လေး ငါး ခြောက်ရက် ခုနစ်ရက် အတွင်းမှာ တွေ့ကြရပါတယ်၊ အဲဒါတွေ တွေ့ပြီးကိုယ့်တရားနဲ့ကိုယ် အပျော်ကြီး ပျော်နေကြရပါတယ်၊ အဲဒါဟာ ထောင်သောင်းမက များလှပါပြီ၊ အဲဒါတွေကို လွန်မြောက်အောင်လဲ အားထုတ်လို့ အဲဒါတွေကို လွန်မြောက်ပြီး ဉာဏ်အဆင့်ဆင့် တက်သွားတဲ့ ပုဂ္ဂိုလ်တွေလဲ များလှပါပြီ။ အဲဒီလို ဖြစ်ပုံမျိုးကို ရည်ပြီးတော့ မြတ်စွာဘုရားက ဓမ္မပဒမှာ ဒီလိုဟောထားပါတယ်။

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

သုညာဂါရံ၊ဆိတ်ငြိမ်သော ကမ္မဋ္ဌာန်းကျောင်းသို့။ ပဝိဋ္ဌဿ၊ ဝင်လျက်။ သန္တစိတ္တဿ၊ ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍။ ဓမ္မံ၊ ရုပ်နာမ်တရားကို။ သမ္မာ၊ နည်းလမ်းမှန်ကန်စွာ။ ဝိပဿ-တော၊ ရှုမြင်နေသော၊ ဘိက္ခုနော၊ ယောဂီရဟန်း ယောဂီပုဂ္ဂိုလ်အား။ အမာနုသီ၊ လူသာမန် နတ်သာမန်တို့၏ ပျော်ရွှင်ခြင်းထက် လွန်ကဲ ထူးမြတ်သော။ ရတိ၊ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ခြင်းသည်။ ဟောတိ၊ မုချမသွေ အမှန်ဘဲ ဖြစ်ရလေတော့သတည်း။ (သာဓု-သာဓု-သာဓု)

•

## ဓမ္မပီတိ

## (၄)

ဆိတ်ငြိမ်သော ကမ္မဋ္ဌာန်းကျောင်းဝင်ပြီး အားထုတ်နေတဲ့ ပုဂ္ဂိုလ်မှာ ဓမ္မပီတိ ခေါ်တဲ့ ဒီပျော်ရွှင်မှုက ဖြစ်ပေါ်ပါတယ်၊ တရားအားမထုတ်ပဲ ကြံတွေးဆင်ခြင်နေရုံနဲ့တော့ ဒီ ပီတိက မဖြစ်ပါဘူး၊ အဲဒီလို အားထုတ်နေတာတောင်မှ နီဝရဏတွေ မကင်းသေးယင် ဒီ ပီတိက မဖြစ်သေးဘူး၊ ဒါကြောင့် သန္တ-စိတ္တဿ၊ ငြိမ်သက်သောစိတ်ရှိမှ ဖြစ်တယ်လို့ ဒီလိုဟောထားပါတယ်။

တရားအားထုတ်ခါစ ပုဂ္ဂိုလ်မှာ ဖန္ဒနံ စပလံ စိတ္တံ-စသည်ဖြင့် ဟောထားတဲ့အတိုင်း စိတ်က ထိုထိုအာရုံတွေဆီကို ပြေးသွားပြီး လှုပ်ရှားနေတတ်ပါတယ်၊ အဲဒါကို တရားအားထုတ်ဘူးတဲ့ ပုဂ္ဂိုလ်တိုင်း နားလည်ကြပါတယ်၊ တရားအားထုတ်လို့ သမာဓိ

တော်တော်ရလာမှ နီဝရဏတွေက ကင်းကွာသွားတာ၊ အဲဒီလို နီဝရဏတွေ ကင်းကွာသွားမှ စိတ္တဝိသုဒ္ဓိဖြစ်ပြီး စိတ်စင်ကြယ်တာ၊ သမထလမ်းကဆိုယင် ကသိုဏ်းအာရုံ ထွက်သက် ဝင်သက် အာရုံစသည်မှာ ရှုလျက် ရှုလျက်ချည်း ဖြစ်နေတယ်။ ဝိပဿနာလမ်းက ဆိုယင် ရှုမှတ်နေကျ ရုပ်နာမ်ပေါ်မှာ ရှုလျက် ရှုလျက်ချည်း ဖြစ်နေတယ်၊ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ဩဝါဒအတိုင်း အားထုတ်နေကြတဲ့ ယောဂီတွေမှာ ဆိုယင် ဖောင်းတယ် ပိန်တယ်လို့ ခေါ်ရတဲ့ တောင့်တင်းလှုပ်ရှား ရုပ်ပေါ်မှာ မှတ်လျက် မှတ်လျက်ချည်း ဖြစ်နေတယ်၊ တရံတခါ စိတ်က ထွက်လိုက်ယင်လဲ အဲဒီစိတ်ကို ချက်ခြင်းဘဲ မှတ်သိနိုင်တယ်၊ မှတ်သိလိုက်ယင်လဲ အဲဒီစိတ်မျိုးဟာ နောက်ထပ်မဖြစ်တော့ဘဲ တခါတည်း ငြိမ်းသွားတယ်၊ တခါတရံမှာ ဆိုယင် အပြင်ထွက်မယ်လို့ နှလုံးသွင်းမိတဲ့ စိတ်ကိုတောင် မှတ်သိနိုင်သေးတယ်၊ အဲဒီလို အခါမှာ ရှေ့စိတ် နောက်စိတ်တွေဟာ မှတ်စိတ်ချည်း ဖြစ်နေတယ်၊ အဲဒီလို မှတ်စိတ်ချည်း သန့်သန့်ဖြစ်နေတာကို စိတ္တဝိသုဒ္ဓိလို့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ဆုံးဖြတ်သတ်မှတ်ထားပါတယ်၊ အင်မတန် သင့်လျော်ပါတယ်၊ ကိုယ်တွေ့ဖြစ်တဲ့ ပုဂ္ဂိုလ်တွေမှာ အလွန်ရှင်းနေပါတယ်။

အဲဒီလို စိတ်ငြိမ်သက်ပြီး စိတ္တဝိသုဒ္ဓိ ဖြစ်ရုံမျှနဲ့ ဒီ ပီတိက ဖြစ်ပါသလားလို့ ဆိုတော့ အဲဒါလောက်နဲ့လဲ မဖြစ်သေးဘူး၊ ဒါကြောင့် သမ္မာ ဓမ္မံ ဝိပဿတော-လို့ ဟောတော်မူပြန်ပါတယ်၊ အဲဒီလို စိတ်ငြိမ်သက်ပြီး စိတ္တဝိသုဒ္ဓိ ဖြစ်တဲ့အခါ ပေါ်လာသမျှ ရုပ်နာမ်တွေကို ရှုတိုင်း မှတ်တိုင်း ရုပ်နှင့်နာမ် ဒီနှစ်ပါးကို ပိုင်းခြားပြီး သိတယ်၊ ဖောင်းတယ်လို့ မှတ်လိုက်တဲ့အခါမှာ ဖောင်းကြွပြီး တက်လာတဲ့ ရုပ်က တခြား၊ မှတ်သိတဲ့

စိတ်နာမ်က တခြား ပိုင်းခြားပြီး သိတယ်၊ ပိန်တယ်လို့ မှတ်တဲ့အခါ ပိန်ကျသွားတဲ့ရုပ်က တခြား၊ မှတ်သိတဲ့ စိတ်နာမ်က တခြား ပိုင်းခြားပြီး သိတယ်၊ ထိုင်တယ် ထိတယ် ကွေးတယ် ဆန့်တယ် လှုပ်တယ် စသည်ဖြင့် မှတ်ရာတွေမှာလဲ ဒီအတိုင်းဘဲ မှတ်သိရတဲ့ရုပ်က တခြား မှတ်သိတဲ့နာမ်ကတခြား ပိုင်းခြားပြီး သိဘယ်၊ အဲဒီတော့ ရုပ်နဲ့နာမ်မျှသာ ရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါ ရယ်လို့ မရှိဘူးဆိုတာ သိမြင်သဘောကျသွားတယ်၊ အဲဒီလို အသိရှင်းတာကို ဒိဋ္ဌိဝိသုဒ္ဓိ ခေါ်တယ်။

အဲဒီကနောက် ဆက်ပြီးမှတ်နေယင် အကြောင်းနဲ့အကျိုးမျှ ဆက်သွယ်ပြီး ဖြစ်နေတာကို သိမြင်သဘောကျသွားပြန်တယ်၊ အဲဒါကို ကင်္ခါဝိတရဏဝိသုဒ္ဓိခေါ်တယ်။ အဲဒီကနောက် ဆက်ပြီး မှတ်နေယင် မှတ်ရတဲ့အာရုံရုပ်နာမ်တွေ ဖြစ်ပေါ်လာပြီး တော့ ပျောက်ပျောက်သွားတာကိုတွေ့ရတယ်၊ အဲဒီလို တွေ့ရ တော့ မမြဲတဲ့အနိစ္စတရားတွေချည်းဘဲ၊ ဆင်းရဲ ဒုက္ခတွေချည်း ဘဲ၊ အစိုးမရတဲ့ အနတ္တသဘောတရားတွေချည်းဘဲလို့ သုံးသပ် ဆင်ခြင်တယ်၊ အဲဒီလို သုံးသပ်ဆင်ခြင်ပြီးတဲ့နောက် ဆက်ပြီး မှတ်နေယင် မှတ်ရတဲ့ရုပ်နာမ်တွေဟာပေါ်လာပြီးရင်း ပျောက် သွားရင်း၊ ပေါ်လာပြီးရင်းပျောက်သွားရင်းနဲ့ ခဏမစဲ အလျင် အမြန် ဖြစ်ပျက်နေတာကို တွေ့ရတယ်၊ အဲဒီလို တွေ့သိနေရ တာဟာ ဥဒယဗ္ဗယဉာဏ်ဘဲ၊ အဲဒီ ဥဒယဗ္ဗယဉာဏ် ဖြစ်ခါစမှာ အရောင်အလင်းတွေကိုလဲ တွေ့ရတယ်၊ တကိုယ်လုံးမှ ဖြိုးဖြိုး ဖျင်းဖျင်း တစိမ့်စိမ့်တသိမ့်သိမ့်နဲ့ဖြစ်ပြီး အလွန်အကဲ ဝမ်း မြောက်တဲ့ ပီတိတွေလဲ ဖြစ်လာတယ်၊ ဝမ်းသာရွှင်လန်းတဲ့ သုခ သောမနဿတွေလဲဖြစ်လာတယ်။ဒါကြောင့်မြတ်စွာဘုရားက–

သုညာဂါရံ၊ ဆိတ်ငြိမ်သော ကမ္မဋ္ဌာန်းကျောင်းသို့။ ပဝိ-ဋ္ဌဿ၊ ဝင်လျက်။ သန္တစိတ္တဿ၊ ငြိမ်သက်သော စိတ်ရှိသည် ဖြစ်၍။ ဓမ္မံ၊ ရုပ်နာမ် အဖြစ်အပျက်တရားကို။ သမ္မာ၊ နည်း လမ်းမှန်ကန်စွာ။ ဝိပဿတော၊ ဥဒယဗ္ဗယဉာဏ်ဖြင့်မြင်သော။ ဘိက္ခုနော၊ ယောဂီပုဂ္ဂိုလ်အား။ အမာနုသီ ရတိ၊ သာမန် လူဘို့၏ ပျော်မွေ့ခြင်း သာမန်နတ်တို့၏ ပျော်မွေ့ခြင်းထက် လွန်ကဲထူးမြတ်သော ပျော်မွေ့ခြင်းသည်။ ဟောတိ၊ မုချမသွေ ဖြစ်လေတော့သတည်း-လို့ ဟောတော်မူပါတယ်။

အဲဒီမှာ သာမန်လူ သာမန်နတ်ဆိုတာ ဥဒယဗ္ဗယဉာဏ်နှင့် မပြည့်စုံသေးတဲ့ လူတွေ နတ်တွေကို ဆိုတာဘဲ၊ အဲဒီလို သာ မန်လူတွေဟာ လူ့ကာမဂုဏ်တွေနဲ့သာ ပျော်ကြရတယ်၊ အိမ်ထောင်ရေး လင်ရေး မယားရေး သားရေး သမီးရေး စီးပွါးရေး အလုပ်အကိုင်ရေးတွေနဲ့ ဒါလောက်သာ ပျော်ကြရ တယ်၊ အဲဒီ ကာမဂုဏ်ရေး လောကရေးတွေနဲ့ ပျော်တာထက် လဲ လွန်ကဲထူးမြတ်တဲ့ ပျော်မွေ့ခြင်းပါလို့လဲ ဆိုလိုပါတယ်။ ထို့အတူ သာမန်နတ်တွေဟာလဲ နတ်ကာမဂုဏ် အာရုံတွေနဲ့ နေ့ရောညဉ့်ပါ အမြဲမပြတ် ပျော်နေကြပါတယ်၊ အဲဒီနတ် လောက အပျော်တွေထက်လဲ လွန်ကဲထူးမြတ်တဲ့ ပျော်မွေ့ခြင်း ပါလို့လဲ ဆိုလိုပါတယ်၊ အင်မတန် သန့်ရှင်းစင်စင်ကြယ်ပြီး အင်မတန်ကောင်းတဲ့ ပျော်မွေ့ခြင်းပါဘဲ။ အဲဒီလွန်ကဲထူးမြတ် တဲ့ ပျော်မွေ့ခြင်းကို ကျေးဇူးရှင်ဆရာတော်ဘုရားကြီးရဲ့ တပည့် ယောဂီတွေဟာ အများအားဖြင့် တွေ့ကြုံခံစားဘူးကြပါတယ်၊ အဲဒါထက် ထူးမြတ်တဲ့ အသိဉာဏ်တွေကိုလဲ တွေ့ဘူး သိဘူးကြ ပါတယ်၊ ကိုယ်တွေ့ ဉာဏ်တွေ့ဖြစ်နေတော့ အလွန် ရှင်းနေ ကြပါတယ်။ ဒါကြောင့် ဒီလိုတပည့်ယောဂီတွေမှာ ဆရာတော်

ဘုရားကြီး၏ ဂုဏ်ကျေးဇူးတွေကို ချီးကျူးလို့လဲ မကုန်နိုင်ပါဘူး၊ ဆပ်လို့လဲ မကုန်နိုင်ပါဘူး။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ရထဝိနီတသုတ်မှာ လာသည့်အတိုင်း ဝိသုဒ္ဓိ ၇-ပါးနဲ့ အံကျကိုက်နေအောင် ညွှန်ကြားပြသတော်မူပါတယ်၊ အမှားအယွင်း မရှိရအောင် စစ်ဆေးပြုပြင် ပေးတော်မူပါတယ်။ တရားဝင်တော့မယ်ဆိုယင် ရှေးဦးစွာ သီလဆောက်တည်ခြင်း စသည်ဖြင့် သီလဝိသုဒ္ဓိ ပြည့်စုံစေပါတယ်၊ အဲဒီကနောက် ကိုယ်အမူအရာ စိတ်အမူအရာ ဝေဒနာနှင့် သဘောတရားတို့ကို မရပ်မနားဘဲ မပြတ်ရှုမှတ်စေခြင်းဖြင့် နီဝရဏတို့မှ စင်ကြယ်တဲ့ စိတ္တဝိသုဒ္ဓိသို့ ရောက်စေပါတယ်၊ အဲဒီကနောက်လဲ မပြတ်ဆက်မှတ်စေခြင်းဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ စသည်တို့ကို အစဉ်အတိုင်းရောက်စေပါတယ်။ နောက်ပြီးတော့ ပဋိသမ္ဘိဒါမဂ် ဝိသုဒ္ဓိမဂ်တို့မှာ ပြဆိုထားတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ်စသည်တို့ကိုလဲ အစဉ်အတိုင်း ရောက်စေပါတယ်။ အဲဒီ ဝိသုဒ္ဓိအစဉ်နဲ့ ဉာဏ်စဉ်တွေ အချိုးတကျ ရှင်းနေအောင် စစ်ဆေး ရှင်းလင်းပြီး ညွှန်ပြတော်မူပါတယ်။ ဒီလို ကျကျနန ညွှန်ပြတော်မူဘဲ့ ဆရာကောင်းကို မှီဘဲ ဆည်းကပ်ကြရတာဟာ အင်မတန် ဝမ်းမြောက်စရာ ကောင်းပါတယ်။ ဒီလို ဆရာကောင်း နည်းကောင်း မရကြတဲ့ ပုဂ္ဂိုလ်တွေမှာ စိတ်ဆန္ဒကောင်းလို့ တရားအားထုတ်ကြပေမဲ့ ယခုပြောခဲ့တဲ့ အရောင်အလင်း ပီတိအစရှိတဲ့ ဝမ်းမြောက်ဖွယ်တွေကိုမျှ မတွေ့ကြရဘူး။ အမှန်ကတော့ တရားလမ်းမှန်အတိုင်း အားထုတ်ယင် အနည်းငယ် ဝမ်းမြောက်တဲ့ ပါမောဇ္ဇဆိုတာ တွေ့ရစမြဲဘဲ၊

အဲဒီလို နည်းနည်းပါးပါး ဝမ်းမြောက်တာကလေးတွေကတော့ သန္တစိတ္တဿ-ဆိုတဲ့အတိုင်း နီဝရဏတွေ ကင်းပြီး စိတ်ငြိမ်သက် စင်ကြယ်တဲ့ စိတ္တဝိသုဒ္ဓိစခန်း ရောက်ကတည်းကစပြီး ပေါ် လာတတ်ကြပါတယ်။ သမ္မသနဉာဏ်ဆီ ရောက်တဲ့အခါမှာ ခုဒ္ဒိကာပီတိ ခဏိကာပီတိ သြက္ကန္တိကာပီတိ ဥဗ္ဗေဂါပီတိဆိုတာ တွေ ဖြစ်တတ်ပါတယ်။ ဥဒယဗ္ဗယဉာဏ်ရောက်တဲ့ အခါကျ တော့ ဖရဏာပီတိနှင့်တကွ ပီတိငါးပါးလုံး အကုန် ဖြစ်တတ် ပါတယ်။ ဒါကြောင့်—

သုညာဂါရံ၊ တရားအားထုတ်လို့ ဖြစ်လောက်တဲ့ ဆိတ်ငြိမ်ရာ အရပ်သို့။ ပဝိဋ္ဌဿ၊ ဝင်ရောက်၍ နှလုံးသွင်း အားထုတ်လတ် သော်။ သန္တစိတ္တဿ၊ ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍။ ဓမ္မံ၊ ရုပ်တရား နာမ်တရားကို။ သမ္မာ၊ မဖောက်မပြန် ဟုတ်တိုင်း မှန်စွာ။ ဝိပဿတော၊ ရှုမြင်နေသော။ ဟုတ်တိုင်းမှန်စွာ ရှုမြင် တယ် ဆိုတာ စိတ်ကူး ကြံဆမှု အတွေးသဘော မဟုတ်ဘဲနဲ့ ရုပ်နာမ်ကလေးတွေ သူဖြစ်ပေါ်လာတာကို ဖြစ်ပေါ်လာတဲ့ အတိုင်း၊ သူ ပျက်သွားတာကို ပျက်သွားတဲ့အတိုင်း ရှုမှတ်ပြီး တွေ့မြင်တာ သိတာကို ဆိုတာ။ သမ္မာ၊ မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ။ ဓမ္မံ၊ ခဏမစဲ ဖြစ်ပျက်နေသော ရုပ်နာမ် တရားကို။ ဝိပဿတော၊ ရှုမြင်နေသော။ ဘိက္ခုနော၊ သံသရာဘေးကို ရှုမြင်၍ အားထုတ်နေသော ယောဂီပုဂ္ဂိုလ် အား။ အမာနုသီ၊ သာမန် လူနတ်တို့၏ ပျော်ရွှင်ခြင်းထက် လွန်ကဲထူးမြတ်သော။ ရတိ၊ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်ခြင်း သည်။ ဟောတိ၊ မုချမသွေ အမှန်ဘဲ ဖြစ်ရလေသတည်း။ (သာဓု-သာဓု-သာဓု)

## သာမန်လူနတ် မနှိုင်းအပ် မြင့်မြတ်ပျော်ရွှင်ရာ

## (၅)

နည်းလမ်းမှန်အတိုင်း ကျကျနန ပြည့်ပြည့်စုံစုံ တရားအားထုတ်ယင် ဒီလို ပျော်စရာကောင်းတာတွေကို တွေ့ပြီး ပျော်ရွှင်ရတယ်၊ ဒါဟာ ဘာဝနာအလုပ်မှာ ဖြစ်မြဲဘဲ၊ ကဲ ဆိုကြစမ်းပါ။

ဆိတ်ငြိမ်ရာတွင်၊ ချဉ်းကပ်ဝင်၊ ရှုလျှင် ဘာဝနာ။
ဘာဝနာရှုလျှင်၊ စိတ်ကြည်လင်၊ ပျော်ရွှင် လွန်ချမ်းသာ။
သာမန် လူနတ်၊ မနှိုင်းအပ်၊ မြင့်မြတ် ပျော်ရွှင်ရာ။

လောကမှာ ကုန်သည်ကြီးတွေ သေဌေးကြီးတွေ စက်ပိုင်ကြီးတွေ ဒီလို စည်းစိမ်ရှင်တွေဟာ သူတို့မှာ ရရှိသမျှ စည်းစိမ်တွေနဲ့ ပျော်နေကြတယ်၊ နိုင်ငံနယ်ပယ် တစိတ်တပိုင်းလောက်သာ ပိုင်တဲ့ ပဒေသရာဇ်မင်းတွေ၊ တကျွန်းလုံး တဝန်း တဝိုင်းလုံးကို ပိုင်တဲ့ အသောကမင်းတို့လို ဧကရာဇ်မင်းတွေ၊ တမြေထောင်လုံးကို ပိုင်တဲ့ မန္ဓာတ်မင်းတို့လို စကြဝတေးမင်းတွေ ဒီလိုမင်းတွေဟာလဲ သူတို့ရဲ့ မင်းစည်းစိမ်တွေနဲ့ ပျော်နေကြတယ်၊ အဲဒီမှာ မင်းတွေလိုဘဲ မိဖုရားတွေ မင်းကတော်တွေလဲ ပျော်နေကြတယ်၊ သေဌေးကြီးတွေလိုဘဲ သေဌေးကတော်ကြီးတွေလဲ ပျော်နေကြတယ်၊ အဲဒီ လူတွေဟာ ဥဒယဗ္ဗယဉာဏ်ကို မရသေးယင် သာမန် လူတွေဘဲ မည်ပါတယ်၊ အဲဒီ သာမန်လူတွေရဲ့ ပျော်ရွှင်မှုထက်လဲ လွန်ကဲ ထူးမြတ်တဲ့ ပျော်ရွှင်မှုတွေကို ဥဒယဗ္ဗယဉာဏ်ရောက်တဲ့ ယောဂီပုဂ္ဂိုလ်က ခံစားရတယ်။ နောက်ပြီးတော့ စတုမဟာရာဇ် တာဝတိံသာ အစရှိတဲ့ နတ်ပြည်လောကမှာရှိတဲ့ နတ်မင်းကြီးတွေ နတ်မိဖုရားကြီးတွေ

အခြား တန်ခိုးကြီးတဲ့နတ်တွေ၊ ဒီနတ်တွေဟာလဲ ဥဒယဗ္ဗယ ဉာဏ်ကို မရသေးလို့ရှိယင် သာမန် နတ်တွေဘဲ၊ ဒီနတ်တွေ ပျော်ရွှင်ရတာထက်လဲ ယောဂီရဲ့ ပျော်ရွှင်မှုက လွန်ကဲ ထူးမြတ်ပါတယ်တဲ့။ ဒါကြောင့်....

ဓမ္မပီတိ သုခံ သေတိ၊ ဝိပ္ပသန္နေန စေတသာ။

အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော။—

လို့ ဟောထားပါတယ်။

ဓမ္မပီတိ၊ တရားနှင့် စပ်သော ပီတိကို ရရှိသောသူသည်" သမာဓိဉာဏ် အားရှိလာတဲ့အခါ ဝမ်းမြောက်ဝမ်းသာမှုတွေက သူ့ အလိုလို ဖြစ်လာတယ်၊ နဲနဲလောက် ဝမ်းမြောက်တဲ့ ပါမောဇ္ဇလဲ ဖြစ်လာတယ်၊ အများကြီး ဝမ်းမြောက်တဲ့ ပီတိလဲ ဖြစ်လာတယ်၊ စိမ့်ကနဲ ဖျဉ်းကနဲ အေးကနဲ နွေးကနဲ ရှိန်းကနဲ ပေါ့ကနဲ ကြွကနဲ လှုပ်လှုပ်ရွရွနဲ့ ဖြစ်လာတတ်တယ်၊ ဒီပီတိက ငါးမျိုးတောင် ရှိပါတယ်၊ အဲဒီလို သမာဓိဉာဏ်တရားနဲ့ စပ်ပြီး ဖြစ်ပေါ်လာတဲ့ ဝမ်းမြောက်မှုကို ဓမ္မပီတိလို့ ခေါ်ပါတယ်၊ အဲဒီ ပီတိဟာ တရားအားထုတ်နေတဲ့ ယောဂီမှာ ဖြစ်ပေါ်လာမြဲ ပါဘဲ။

ဓမ္မပီတိ၊ တရားနှင့် စပ်သော နှစ်သိမ့်မှု ဝမ်းမြောက်မှု ပီတိကို ရသောသူသည်။ သုခံ၊ ချမ်းချမ်းသာသာ။ သေတိ၊ လျောင်း ထိုင် ရပ် သွား လေးပါးသော ဣရိယာပုထ်တို့ဖြင့် မျှတစွာ နေရ၏။ အရိယပ္ပဝေဒိတေ၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည် ဟောကြားညွှန်ပြ ဆုံးမတော်မူအပ်သော။ ဓမ္မေ၊ တရားတော်မြတ်၌။ ဝိပ္ပသန္နေန စေတသာ၊ ကြည်လင်သန့်ရှင်းသော စိတ်ဖြင့်။ ပဏ္ဍိတော၊ ကျိုးကြောင်း

မြင်သိ ပညာရှိသည်။ သဒ္ဒါ၊ အခါခပ်သိမ်း။ ရမတိ၊ မွေ့လျော် နှစ်ခြိုက် ပျော်ပိုက်ရလေသတည်း။ (သာဓု-သာဓု-သာဓု)

ဒီ ပီတိနဲ့ နေရတာကတော့ အချမ်းသာဆုံးပါဘဲ၊ အိမ်ထောင်ရေး သားရေး သမီးရေး စီးပွါးရေးအစရှိတဲ့ ကာမဂုဏ် အရေးတွေနဲ့စပ်ပြီး ဝမ်းမြောက်ရတဲ့ ပီတိကတော့ ကိလေသာတွေနဲ့ ရောယှက်နေလို့ မစင်ကြယ်ဘူး၊ ချမ်းသာသင့်သလောက် မချမ်းသာဘူး၊ ဒီတရားပီတိနဲ့ နေရတာကတော့ အချမ်းသာဆုံးပါဘဲ၊ ကဲ ဆောင်ပုဒ်ကလေးတွေကို လိုက်ဆိုကြရမယ်။

ချမ်းသာ ပျော်ရွှင်၊ နေလိုလျှင်၊ ရှုမြင် ဘာဝနာ။
လျောင်းထိုင် ရပ် သွား၊ ဤလေးပါး၊ ရှုပွါးဘာဝနာ။

မြတ်စွာဘုရားက ဣရိယာပုထ် ၄-ပါးလုံးကို ရှုဘို့ရာ ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ-စသည်ဖြင့် ဟောထားပါတယ်၊ သွားယင်လဲ သွားတယ်လို့သိပါ၊ ရပ်ယင်လဲ ရပ်တယ်လို သိပါ၊ ထိုင်ယင်လဲ ထိုင်တယ်လို့ သိပါ၊ လဲလျောင်းယင်လဲ လဲလျောင်းတယ်လို့ သိပါတဲ့။ အဲဒီဣရိယာပုထ် ၄-ပါးလုံးမှာ ကိုယ်အမူအရာ စိတ်အမူအရာဟူသမျှကို အကုန်လုံး ရှုမှတ်ပြီး သိရအောင်လို့ ကျေးဇူးရှင်ဆရာတော် ဘုရားကြီးက မလချည်တိုင် အနေအားဖြင့် ဝမ်းဗိုက်က ဖောင်းရုပ် ပိန်ရုပ် ထိုင်ရုပ် ထိရုပ်တွေကို ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ်လို့ မပြတ်ရှုမှတ်နေဘို့ ညွှန်ကြားထားပါတယ်။

အဲဒီညွှန်ကြားတဲ့အတိုင်း ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် စသည်ဖြင့် မပြတ်ရှုမှတ်နေတဲ့ ယောဂီပုဂ္ဂိုလ်မှာ

ရှုမှတ်ဖန် များလာတော့ စိတ်က ငြိမ်သက် တည်ကြည်လာ တယ်၊ ထိုထိုအာရုံဆီသို့ ပြေးသွားတဲ့ ကာမစ္ဆန္ဒ အစရှိသော နီဝရဏတွေ ကင်းသွားတယ်၊ စိတ်အညစ်အကြေးတွေ စင် ကြယ်သွားတယ်။ အဲဒီလိုအခါမှာ ရှုတိုင်း မှတ်တိုင်း နှစ်သိမ့် ဝမ်းမြောက်မှု ပီတိတွေ ဖြစ်လာပါတယ်။ ကျေးဇူးရှင် ဆရာ တော်ဘုရားကြီး ဟောကြားစီရင်ထားတဲ့ အရိယာဝါသတရား တော်ကြီးထဲမှာ ပြဆိုထားတဲ့အတိုင်း အရိယာတို့၏ စံနေအိမ် ကြီးထဲရောက်ပြီး ကိလေသာအပူတွေ ကင်းငြိမ်းနေပါတယ်။ ဘယ် ကိလေသာဘေးရန်မှ မကပ်နိုင်ဘူး၊ အင်မတန် ချမ်းသာ နေပါတယ်။ ဒီ မေ့ပီတိကလေးတွေ ဖြစ်လာယင် အင်မတန် ချမ်းသာတာ။ ထိုင်နေရင်းလဲ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ်လို့ ရှုမှတ်နေယင် မှတ်တိုင်း မှတ်တိုင်း မှတ်သိတဲ့ စိတ်ကလေးတွေက မှတ်သိစရာအာရုံ ပေါ်မှာ စိုက်ခနဲ ကပ်ခနဲ တွဲခနဲ ကျကျနေတယ်၊ နှစ်သိမ့် ဝမ်းမြောက်မှုကလဲ မှတ်စိတ် တိုင်းမှာ ပူးတွဲပြီး ဖြစ်နေတယ်။ ဒါကြောင့် ထိုင်နေရင်းလဲ ချမ်းသာနေပါတယ်။ လမ်းလျှောက်တဲ့အခါမှာလဲ ညာလှမ်း တယ် ဗယ်လှမ်းတယ်၊ ကြွတယ် လှမ်းတယ် ချတယ်စသည်ဖြင့် ရှုမှတ်ပြီး လျှောက်နေယင် ကြွတိုင်း လှမ်းတိုင်းချတိုင်း ပီတိ တွေ တဖျဉ်းဖျဉ်း တစိမ့်စိမ့် တငြိမ့်ငြိမ့်နဲ့ ဖြစ်နေတတ်တယ်၊ တကိုယ်လုံး ပေါ့ပြီး သူ့အလိုလို ကြွနေသလို သွားနေသလို ဖြစ်နေတတ်တယ်၊ မြေကြီးပေါ်မှာ မထိဘဲနဲ့ ကောင်းကင်မှာ သွားနေရသလိုလဲ ဖြစ်နေတတ်တယ်၊ အဲဒီလို အခါလဲ ကိုယ် ရော စိတ်ရော အင်မတန် ချမ်းသာနေတယ်။ အဲဒီလို ပီတိဖြင့် ချမ်းသာနေပုံကို ဗိမ္ဗိသာရမင်းကြီး ဖြစ်ပုံဖြင့် သိနိုင်ပါတယ်။

## ဗိမ္ဗိသာရမင်းကြီး

## (၆)

ဗိမ္ဗိသာရမင်းကြီး ဆိုတာ အများသိကြတဲ့အတိုင်း သားတော် အဇာတသတ်မင်းက နှောင်အိမ်ထဲသွင်းပြီး အကျဉ်းချထားရာမှာ မိဖုရားကြီးက ဝှက်ပြီး ယူလာတဲ့ ပဲတော်ကိုသာ စားရတယ်။ နောက်တော့ အဲဒီလို ယူခွင့်မရတဲ့အတွက် မိဖုရားကြီး၏ကိုယ်မှာ လူးလိမ်းလာခဲ့တဲ့ စတုမဓုကို လျှာနဲ့ လျက်ပြီး မျှတနေရတယ်၊ နောက်ဆုံးကျတော့ မယ်တော် မိဖုရားကြီးကို လုံးဝဝင်ခွင့် မပြုတော့ဘူး။ အဲဒီအခါ ဗိမ္ဗိသာရမင်းကြီးက စဉ်းစားတယ်၊ ဒီကနေ့ကစပြီး ငါ့မှာ စားစရာ မရှိတော့ဘူး၊ တရားနှလုံးသွင်းပြီး ဈာနပီတိဆိုတဲ့ အစာနဲ့ နေမှဘဲလို့ စဉ်းစားပြီးတော့ အဲဒီ အကျဉ်းထောင်ထဲမှာ စင်္ကြံလျှောက်ရင်း ရှုမှတ်နေတယ်၊ ညာလှမ်းတယ် ဗယ်လှမ်းတယ်၊ ကြွတယ် လှမ်းတယ် ချတယ် ဆိုတဲ့ ယနေ့ယောဂီတွေ ရှုမှတ်နေသလို ဖြစ်မှာပေါ့။ အဲဒီလို ရှုမှတ်ပြီး စင်္ကြံလျှောက်နေတော့ မင္ဂလာနေစဉ်က ဖြစ်တဲ့ ငတက်အကြံအစည်မျိုးတွေ မဖြစ်ရဘူး၊ ငါ့သားတော်ဟာ တနေ့ကျတော့ ဆရာကောင်း သမားကောင်း၏ ဆုံးမ ညွှန်ကြားချက်ကို ရပြီး ငါ့ကို လွှတ်ကောင်းပါရဲ့စသည်ဖြင့် ကြံတွေးပူပန်မှုတွေ မဖြစ်ရဘူး၊ ရှုမှတ်တဲ့ ဘာဝနာစိတ်နဲ့ တွဲပြီး ဈာနပီတိတွေက မပြတ် ဖြစ်နေတယ်၊ အဲဒီ ပီတိတွေနဲ့ စိတ်ဟာ ချမ်းသာနေတယ်၊ စိတ်ချမ်းသာနေတဲ့အတွက် အစာအာဟာရ မသုံးဆောင်ရသော်လဲ ရုပ်တွေဟာ ရှေးကထက် ကြည်လင် သန့်ရှင်းပြီးတော့ စိုစိုပြေပြေ ဖြစ်နေတယ်။ ဒါကြောင့် အဋ္ဌကထာမှာ—

ရာဇာ၊ ဗိမ္ဗိသာရမင်းသည်။ မဂ္ဂဖလသုခေန၊ မဂ်ဖိုလ်ချမ်းသာဖြင့်ရင်း၊ တခါတခါ ဖိုလ်ဝင်စားလို့ ဖြစ်ပေါ်တဲ့ ချမ်းသာရှိပါလိမ့်မယ်၊ အဲဒီ ချမ်းသာဖြင့်လဲ မျှတနေတယ်လို့ ဆိုလိုပါတယ်၊ စင်္ကမေန၊ စင်္ကြံလျှောက်ခြင်းဖြင့်ရင်း။ ယာပေတိ၊ မျှတနေ၏၊ အဿ၊ ထိုဗိမ္ဗိသာရမင်း၏။ အတ္တဘာဝေါ၊ ကိုယ်သည်။ အတိဝိယ ဝိရောစတိ၊ အလွန်ပင် တင့်တယ်လျက် ရှိပေ၏-လို့ ဆိုထားပါတယ်။

ခုနစ်ရက်လောက် ကြာတဲ့အခါ သားတော် အဇာတသတ်မင်းက သူ့ခမည်းတော် အစာ အာဟာရ ပြတ်တာနဲ့ သေလောက်ပြီလို့ ယူဆပြီးတော့ အမတ်တို့ ငါ့ခမည်းတော် ဘယ့်နှယ် နေသလဲလို့ မေးပါတယ်၊ အဲဒီအခါ အမတ်များက အရှင့်ခမည်းတော်ဟာ စင်္ကြံလျှောက်ခြင်းဖြင့် မျှတနေပါတယ်၊ ရှေးကထက်တောင် ပိုပြီး ပြည့်ဖြိုး တင့်တယ်နေပါသေးတယ်လို့ လျှောက်ကြတယ်။

ဒီတော့ အဇာတသတ်မင်းက စင်္ကြံမလျှောက်နိုင်အောင် ကြံစည်ပြီးတော့ ခေါင်းရိပ်သမား ဆတ္တာသည်တွေကို စေလွှတ်လိုက်ပါတယ်။ ငါ့ခမည်းတော်ရဲ့ ခြေဖဝါးတွေကို သင်ဓုန်းထားနဲ့ ခွဲပြီး ဆီဆား သိပ်ပြီး မီးမြှိုက်ကြလေလို့ အမိန့်ပေးပြီး စေလွှတ်လိုက်ပါတယ်။ အဲဒီအမိန့်အတိုင်း ဆတ္တာသည်တွေက မင်းကြီး၏ ခြေဖဝါးများကို သင်ဓုန်းနဲ့ အမွှာအမွှာ လှီးခွဲပြီး ဆီနဲ့ဆားတွေ သိပ်ပြီး မီးမြှိုက်ကြပါတယ်၊ အဲဒီအခါကျတော့မှ ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံသွားရှာပါတယ်။ အဲဒီဝတ္ထုမှာ ဗိမ္ဗိသာရမင်းကြီးဟာ အစာအာဟာရ မသုံးဆောင်ရပေမဲ့ စင်္ကြံလျှောက်ပြီး တရားနှလုံးသွင်းနေတာနဲ့ ဓမ္မပီတိဖြင့် မျှတပြီး နေနိုင်တယ် ဆိုတာ အထူး မှတ်ဖို့ပါဘဲ။

ဒါကြောင့် ဝိပဿနာ ရှုမှတ်နေယင် ထိုင်နေရင်းလဲ ချမ်းသာတယ်၊ စကြံ လျှောက်ရင်းလဲ ချမ်းသာတယ်၊ လဲလျောင်းနေရင်းလဲ ချမ်းသာတယ်၊ ရှုမှတ်မှု ဘာဝနာကို ချမထားဘဲ အမြဲမပြတ် ရှုမှတ်နေနိုင်လို့ရှိယင် အမြဲတမ်း ချမ်းသာနေပါတယ်။ တချို့က ထိုင်နေတုန်းသာ ရှုမှု ရှိပြီးတော့ ထသွားတဲ့ အခါ ရှုမှုမရှိပဲ ဘာဝနာလက်မဲ့ ဖြစ်နေကြတယ်၊ အဲဒီလိုဆိုတော့ သမာဓိက ကျနေလို့ ဒီဓမ္မပီတိကို မရနိုင်ဘဲလဲ ရှိတတ်တယ်၊ ရတောင် ထသွားတဲ့အခါ မရှိတော့ဘူး၊ ဒါကြောင့် အမြဲတမ်း ချမ်းသာကို မရနိုင်ဘူး။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဩဝါဒခံ ယောဂီတွေမှာတော့ ထိုင်ရင်းရော ရပ်ရင်းရော သွားရင်းရော လဲလျောင်းရင်းရော နေရာတကာမှာ ရှုမှတ်မှုကို မချဘဲ အမြဲ ရှုမှတ်နေကြတယ်၊ ဒါကြောင့် သမာဓိဉာဏ်အားကောင်းပြီး အမြဲတမ်း ဝိပဿနာချမ်းသာကို ရနေကြတယ်၊ အင်မတန် ဝမ်းသာစရာ ကောင်းပါတယ်။ ဒီနေရာမှာ ဣရိယာပုထ် ၄-ပါးလုံးမှာ ဓမ္မပီတိကို အမြဲတမ်းရပြီး အမြဲတမ်း ချမ်းသာနေတဲ့ မဟာကပ္ပိနမထေရ် ဝတ္ထုကို ပြောချင်တယ်။

## မဟာကပ္ပိနမထေရ်နှင့် အနော်ဇာထေရီ

## (၇)

မြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက မဟာကပ္ပိနထေရ်နှင့် အနော်ဇာထေရီတို့ဆိုတာ ရှိခဲ့တယ်၊ သူတို့ဟာ လွန်ခဲ့တဲ့ ကမ္ဘာတသိန်းထက်က ပဒုမုတ္တရ မြတ်စွာဘုရားထံမှာ ဆုထူးကို ပန်ဆင်လာခဲ့ကြတယ်၊ တခုသော ဘဝမှာ ယက္ကန်းသည်ရွာ

မှာ ယက္ကန်းသည် မျိုးထဲဖြစ်ခဲ့ကြတယ်၊ အဲဒီရွာမှာ ယက္ကန်းသည် အကြီးအမှူး ဖြစ်ခဲ့ဘယ်၊ ရွာသူကြီး ဖြစ်မှာပေါ့၊ အဲဒီရွာမှာ ယက္ကန်းအလုပ်ဖြင့် အသက်မွေးကြတဲ့ ယက္ကန်းသည် အိမ်ပေါင်း တထောင် ရှိပါတယ်၊ တနေ့သောအခါမှာ ဟိမဝန္တာမှ တထောင်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေဟာ မိုးဦးကာလမှာ ဝါကပ်နေရန်အတွက် ဗာရာဏသီမြို့သို့ ကြွလာကြတယ်၊ အဲဒီ ဗာရာဏသီမင်းထံ ဝါဆိုကျောင်းကလေးများ ဆောက်လုပ်ရန်အတွက် လုပ်အားပေးဘို့ အလှူခံကြတယ်၊ ဗာရာဏသီမင်းက ကိစ္စများနေလို့ လုပ်အားပေးလှူရန် မစွမ်းနိုင်သေးကြောင်း၊ နက်ဖြန်ခါ လယ်ထွန်မင်္ဂလာကိစ္စက အရေးကြီးနေလို့ သန်ဘက်ခါ ၃-ရက်မြောက် နေ့ကျမှ ဆောင်ရွက်နိုင်မည့် အကြောင်းကို ပြန်ကြားလိုက်တဲ့အခါ လုပ်အားပေးရန် အလှူခံကြတဲ့ အရှင်ပစ္စေကဗုဒ္ဓါများဟာ မြို့ထဲမှ ပြန်ထွက်လာကြပါတယ်။

ဒီအချိန်အခါမှာ အနောဇာ အလောင်း ယက္ကန်းသည်ရွာက ရွာသူကြီးကတော်က အဲဒီ အရှင်ပစ္စေကဗုဒ္ဓါတွေကို မေးမြန်းလျှောက်ထားပြီး မင်းက မဆောင်ရွက်နိုင်သေးတဲ့အကြောင်း သိရတော့ သူက ဒီလို ပင့်လျှောက်ပါတယ်၊ ဒီကိစ္စအတွက်တော့ ဘုရား စိုးရိမ်ကြောင့်ကြမရှိကြပါနဲ့၊ တပည့်တော်မက ဒီတာဝန်ကို ယူပါတယ်၊ တပည့်တော်မတို့ ရွာက အိမ်ခြေတထောင်ရှိပါတယ်၊ တအိမ်လျှင် တပါးအတွက် ကျောင်းဆောက်ပြီး နေ့စဉ် ဆွမ်းလဲ ကပ်လှူနိုင်ပါတယ်၊ တပည့်တော်မ၏ ပင့်လျှောက်ချက်ကို လက်ခံတော်မူကြပါလို့ လျှောက်ထားပါတယ်၊ အဲဒီလို ပင့်ဘိတ်ခဲ့ပြီးတော့ အနောဇာ အလောင်း

အဲဒီ ရွာသူကြီး ကတော်ဟာ သူ့ရွာကို ပြန်သွားပြီး ပစ္စေက ဗုဒ္ဓါတထောင်ကို ပင့်လာခဲ့တဲ့အကြောင်း ရွာက အမျိုးသမီး တွေကို ပြောပြတယ်၊ အရှင်ပစ္စေကဗုဒ္ဓါတွေ နေထိုင်စရာ နေရာ များကိုလဲ စီမံတယ်၊ ယာဂုဆွမ်းများကိုလဲ ချက်ပြုတ်စေတယ်။

နောက်တနေ့နံနက် ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေ ကြွလာတဲ့ အခါမှာ သူက အဲဒီရွာသူ အမျိုးသမီး တထောင်နှင့် တကွ မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တွေကို ဆက်ကပ် လှူဒါန်း ကျွေးမွေးပြုစုပြီးတော့ ဝါတွင်း သုံးလပတ်လုံး သီတင်းသုံးဘို့ ပင့်လျှောက်ကြပါတယ်။ အဲဒီလို ပင့်ပြီးတော့ တအိမ်လျှင် အရှင်ပစ္စေကဗုဒ္ဓါ တပါးအတွက် တာဝန်ယူပြီး ကျောင်းလဲ အသီးသီး ဆောက်လှူကြဘို့ ဆွမ်းဝတ်လဲပြုကြဘို့ ကျေညာ လိုက်ပါတယ်။ အဲဒီလို ကျေညာလိုက်တဲ့အတိုင်း အဲဒီရွာက လူတွေဟာ စုပေါင်းပြီး ကျောင်းတထောင် ဆောက်ပြီး လှူ ကြပါတယ်၊ ကျောင်းတွေကတော့ ကျောင်းကြီးတွေ မဟုတ် ပါဘူး၊ တပါးနေလောက်ရုံ သစ်ရွက် ခနိ သက်ကယ်မိုးကျောင်း ကလေးတွေ ပါဘဲ။ ဒါကြောင့် အဋ္ဌကထာမှာ ပဏ္ဏသာလာ- သစ်ရွက်မိုးကာတဲ့ ကျောင်းများလို့ ဆိုထားပါတယ်။ ကိုယ့် ကျောင်းမှာ သီတင်းသုံးတဲ့ အရှင်ပစ္စေကဗုဒ္ဓါမြတ်ကိုလဲ အသီး အသီး ဆွမ်းကပ်လှူကြပါတယ်။ အဲဒီမှာ အရှင်ပစ္စေကဗုဒ္ဓါ တွေဟာ ကပ်လှူတဲ့ဆွမ်းကိုဘုဉ်းပေးပြီး တရားနှလုံးသွင်းခြင်း သမာပတ် ဝင်စားခြင်းဖြင့် သီတင်းသုံးတော်မူကြပါတယ်။ ဒကာ ဒကာမတွေအား ကုသိုလ်ပွါးကြောင်း တရားကိုလဲ ထိုက်သည်အားလျော်စွာ ဟောကြားကြပါလိမ့်မယ်။ ဒါပေမဲ့ မဂ်ရောက် ဖိုလ်ရောက် ကျင့်နိုင်လောက်တဲ့ ဝိပဿနာလုပ်ငန်း တရားကိုတော့ အရှင်ပစ္စေကဗုဒ္ဓါများက မဟောနိုင်ကြဘူး၊

သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားနှင့် ဘုရားတပည့်များကသာ ဟော နိုင်တယ်လို့ ဆိုပါတယ်။

အဲဒီမှာ မဟာကပ္ပိနထေရ် အလောင်း အမျိုးသားကြီးနှင့် အနောဇာအလောင်း အမျိုးသမီးကြီး အမှူးရှိတဲ့ အိမ်ပေါင်း တထောင်က ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား စုပေါင်းပြီး ကျောင်းပေါင်း တထောင် ဆောက်လုပ် လှူဒါန်းကြသလိုဘဲ ယခု ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးက ကြီးမှူးပြီး ယောဂီအ ပေါင်း သူတော်ကောင်းတွေ အိမ်ပေါင်းတထောင်ကျော်က စုပေါင်းပြီး အင်မတန် ကြီးကျယ်ခန်းနားတဲ့ မဟာစည် ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီး လှူဒါန်းကြတာဟာ အင်မတန် အဆင်ပြေပါတယ်၊ အဆင့်အတန်းလဲ အင်မတန် မြင့်ပါတယ်။ ဒီကျောင်းတော်ကြီးကို ဘယ်လိုအသုံးပြုသွား မလဲဆိုယင် ဒီကျောင်းတော်ကြီးပေါ်မှာ ကျေးဇူးရှင် ဆရာ တော်ဘုရားကြီး အမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တွေဟာ ထိုက်သည်အားလျော်စွာ သီတင်းသုံးနေထိုင်ပြီး တရားလဲ နှလုံးသွင်း အားထုတ်ကြမယ်၊ သဒ္ဒါပွါးကြောင်း ကုသိုလ်ဖြစ် ကြောင်း တရားတွေကိုလဲ ဟောကြားကြမယ်၊ မဂ်ဝင် ဖိုလ် ရောက် နိဗ္ဗာန်ပေါက် ကျင့်ဘို့ ဝိပဿနာ လုပ်ငန်းတရားတွေလဲ ဟောကြားတော်မူကြမယ်။ အသုံးက အင်မတန်ကောင်းပါ တယ်၊ အဆင့်အတန်းလဲမြင့်ပါတယ်၊ ယက္ကန်းသည်တထောင်က လှူတဲ့ သစ်ရွက်အမိုးအကာ ကျောင်းကလေးတွေထက် အဆင့် အတန်းက အများကြီးမြင့်နေပါတယ်။ ဒါဟာ အင်မတန် ဝမ်းသာစရာကောင်းပါတယ်။

အဲဒီ ယက္ကန်းသည် အိမ်ထောင်စု တထောင်ဟာ အဲဒီဘဝက အသက်တမ်းကုန်လို့ စုတေကြတဲ့အခါ နတ်ပြည်လောကမှာ

တပေါင်းတစုတည်း ဂဏနတ်သား နတ်သမီးတွေ ဖြစ်ကြပါတယ်။ လူ့ပြည်က ရွာကြီးတရွာ နတ်ပြည်ကို ရွှေ့လာသလိုဘဲ တစုတဝေးတည်း ဖြစ်ကြပါတယ်၊ အင်မတန် ပျော်စရာကောင်းမှာပေါ့။ အဲဒီနတ်သား နတ်သမီးတွေဟာ ကဿပဘုရား လက်ထက်ကျတော့ ဗာရာဏသီပြည်မှာ သေဌေး သူကြွယ်မျိုးမှာ ဖြစ်ကြတယ်၊ တနေ့သောအခါ မြတ်စွာဘုရား၏ ကျောင်းတော်သို့ တရားနာသွားကြတယ်၊ အဲဒီအခါ မိုးကြီးက သည်းထန်စွာ ရွာတရက် ရွာတယ်၊ ကိုယ့်ကျောင်းရှိတဲ့သူတွေက ဆိုင်ရာဆိုင်ရာ မိမိတို့ကျောင်းသို့ ဝင်ပြီး မိုးခိုကြတယ်၊ မဟာကပ္ပိနအလောင်းအမှူးရှိတဲ့ အဲဒီအမျိုးသား တထောင် အမျိုးသမီးတထောင်မှာတော့ မိမိတို့က ဆောက်လုပ် လှူဒါန်းထားတဲ့ ကျောင်းကလဲမရှိ, ကျောင်းကိုအရောက်အပေါက်က နည်းတော့ အသိအကျွမ်းကလဲ မရှိတဲ့အတွက် အကုန်လုံး မိုးထဲမှာ အစိုခံကြရတယ်။

ဒါကြောင့် သူတို့ဟာ အရပ်ထဲ ပြန်ရောက်တဲ့အခါ စည်းဝေးပြီး တိုင်ပင်ကြတယ်၊ အဲဒီအခါ မဟာကပ္ပိနထေရ် အလောင်း ဥက္ကဋ္ဌကြီးက မိတ်ဆွေတို့ ဒီကနေ့ ငါတို့ မိုးစိုရွှဲခံရတာဟာ အလွန် ရှက်စရာ ကောင်းပါတယ်၊ ငါတို့မှာ ကျောင်းတိုက်ထဲ၌ အသိအကျွမ်း မရှိတဲ့အတွက် ဒီလို မိုးစို ခံရတာဘဲ၊ ဒီတော့ ငါတို့ဟာ ကျောင်းတိုက်ဆောက်လုပ်ပြီး လှူကြစို့ရဲ့၊ အလှူငွေ ထည့်ဝင်ကြပါလို့ ဆိုပြီးတော့ ဥက္ကဋ္ဌကြီးက အလှူငွေတထောင် ထည့်ဝင်ပါတယ်၊ ကျန်တဲ့ အမျိုးသားတွေက ငါးရာစီ လှူကြပါတယ်၊ ငါးရာပေါင်း တထောင်ဆိုတော့ ငါးသိန်းရပါတယ်၊ အမျိုးသမီးတထောင်ကလဲ ၂၅၀ စီ လှူကြပါတယ်၊ သူတို့ကလဲ စုပေါင်းလိုက်ယင် နှစ်သိန်း ငါးသောင်း ရပါတယ်၊ အားလုံး

စုပေါင်းလိုက်ယင် ခုနစ်သိန်းကျော်ရပါတယ်၊ အဲဒီငွေ ခုနစ်သိန်းကျော်နဲ့ ကျောင်းတိုက်ကြီးတခု ဆောက်လုပ်ပါတယ်၊ အဲဒါနဲ့ မလုံလောက်သေးတဲ့အတွက် နောက်ထပ်လဲ တဝက်စီထပ်ပြီး လှူကြရပါသေးတယ်၊ အဲဒီလို ကျောင်းတိုက်ကြီး ဆောက်လုပ်ပြီးတဲ့အခါ ဘုရားအမှူးရှိတဲ့ သံဃာတော်အား အလှူကြီး ပေးလှူပြီး ကျောင်းရေစက်ချ လှူဒါန်းကြပါတယ်။ ယခု မဟာစည် ကျောင်းတော်ကြီး စုပေါင်းပြီး ဆောက်လုပ်တာ ခမ်းခမ်းနားနား ရေစက်ချပွဲကြီး ကျင်းပတာများနဲ့ တူတယ်လို့ ဆိုရမှာဘဲ၊ အင်မတန် အားရဝမ်းသာစရာ ကောင်းပါတယ်။

အဲဒီ မဟာကပ္ပိန အလောင်း အမှူးရှိတဲ့ အမျိုးသား အမျိုးသမီး အိမ်ထောင်စု တထောင်ဟာ အဲဒီဘဝက သေဆုံးကြတဲ့ အခါ အဲဒီ ကျောင်း အလှူဒါန စသည်ကြောင့် နတ်ပြည်လောက ပြန်ရောက်သွားကြတယ်၊ ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်များ သိပ်နေရာကျတာဘဲ၊ အဲဒီ အမျိုးသား အမျိုးသမီးတွေဟာ အလျင်ကလဲ အရှင်ပစ္စေကဗုဒ္ဓါတွေကို ကျောင်း သင်္ကန်း ဆွမ်း ဆေး ပစ္စည်းလေးပါးလှူခဲ့လို့ နတ်ပြည်လောကမှာ တစုတဝေးကြီး တပျော်တပါးကြီး ဖြစ်ခဲ့ကြရတယ်၊ အဲဒီကတဖန် ကဿပ ဘုရားလက်ထက်တော်ကျတော့လဲ လူ့ပြည်မှာ သေဌေး သူကြွယ်မျိုးတွေမှာ တစုတဝေးကြီး ဖြစ်ကြပြန်တယ်၊ အဲဒီ ဘဝက ကျောင်းဆောက်ပြီး လှူဒါန်းကြပြန်တော့ တဖန် နတ်ပြည်လောကကို တစုတဝေးကြီး ပြန်ရောက်သွားကြပြန်တယ်။ ယခု ဂေါတမဘုရား လက်ထက်ကျပြန်တော့ မဒ္ဒတိုင်း ပြည်မှာ ဟိုတုန်းက ကျောင်းဒကာ အကြီးအမှူးက မဟာကပ္ပိနမင်းကြီး ဖြစ်လာတယ်၊ သူ့ဇနီး ကျောင်းအမကြီးကလဲ အနောဇာဒေဝီဆိုတဲ့ သူ့မိဖုရားကြီး ဖြစ်လာတယ်၊ ကျန်တဲ့

ကျောင်းဒကာ ကျောင်းအမတွေက မဟာကပ္ပိနမင်းကြီးရဲ့ အခြံအရံ အမတ်မင်းတွေ အမတ်မင်းကတော်တွေ ဖြစ်လာကြ တယ်၊ သူတို့ ဖြစ်ပုံဟာ ပျော်စရာကြီးပါဘဲ၊ ဒီလို ပျော်စရာ ဖြစ်ရတာလဲ တခြားကြောင့် မဟုတ်ဘူး၊ ကုသိုလ်ကောင်းမှု ရှိနေလို့ပါဘဲ။ ဒါကြောင့် မြတ်စွာဘုရားက ဒီလို ဖြစ်ပုံမျိုးကို ရည်ပြီးတော့—

> ဣဓ နန္ဒတိ ပေစ္စ နန္ဒတိ၊ ကတပုညော ဥဘယတ္ထ နန္ဒတိ၊ ပုညံ မေ ကာတန္တိ နန္ဒတိ၊ ဘိယျော နန္ဒတိ သုဂတိံ ဂတော-လို့ ဟောတော်မူပါတယ်။

ကတပုညော၊ ပြုအပ်ပြီးသော ဒါန အစရှိသော ကောင်းမှု ရှိသောသူသည်။ ဣဓ၊ ဤမျက်မှောက်ဘဝ၌လည်း။ နန္ဒတိ၊ နှစ်သိမ့်မွေ့လျော် ပျော်ရွှင်ရ၏။ ပေစ္စ၊ နောင်တမလွန်ဘဝ၌လည်း။ နန္ဒတိ၊ နှစ်သိမ့်မွေ့လျော် ပျော်ရွှင်ရ၏။ ဥဘယတ္ထ၊ မျက်မှောက်တမလွန် နှစ်ပါးလုံး၌။ နန္ဒတိ၊ နှစ်သိမ့်မွေ့လျော် ပျော်ရွှင်ရ၏။ ဣဓ၊ ဤမျက်မှောက်ဘဝ၌။ မေ၊ ငါသည်။ ပုညံ၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရကြောင်း ဖြစ်သော ကောင်းမှုကို။ ကတန္တိ၊ ပြုရပါပေပြီဟု ဆင်ခြင် လျက်။ နန္ဒတိ၊ နှစ်သိမ့်မွေ့လျော် ပျော်ရွှင်ရ၏။ ပေစ္စ၊ နောင် တမလွန်ဘဝ၌။ သုဂတိံ ဂတော၊ သုဂတိဘဝသို့ ရောက်သည် ဖြစ်၍။ ဘိယျော၊ လွန်စွာ။ နန္ဒတိ၊ နတ်စည်းစိမ် လူ့စည်းစိမ် ကို အကြိမ်ကြိမ် ခံစားလျက် အားပါးတရ နှစ်သိမ့်ပျော်ရွှင်ရ လေတော့သတည်း။

(သာဓု-သာဓု-သာဓု)

## ဝိသာခါကျောင်းအမကြီး

## (၇)

အဲဒီမှာ မျက်မှောက်ဘဝတွင် ကုသိုလ်ကောင်းမှုကို ဆင်ခြင်ပြီး ပျော်ရတယ် ဆိုတာဟာ ဒါနကုသိုလ် ဆင်ခြင်ပြီး ပျော်ရတာလဲ ရှိတယ်၊ သီလကုသိုလ် ဘာဝနာကုသိုလ်ကို ဆင်ခြင်ပြီး ပျော်ရတာလဲ ရှိတယ်၊ ဒါန ကုသိုလ် ဆင်ခြင်တာဟာ စာဂါနုဿတိနှင့် ဆိုင်ပါတယ်၊ ဒါကြောင့် ဝိသာခါ ကျောင်းအမကြီး စာဂါနုဿတိနဲ့ ဝမ်းမြောက်ဝမ်းသာ ပီတိတွေဖြစ်ပြီး သတိသမာဓိ ပညာ ပွါးများပုံကို ဒီနေရာမှာ ထည့်သွင်းပြီး ပြောချင်ပါတယ်။

တခါက ဝိသာခါ ကျောင်းအမကြီးဟာ မြတ်စွာဘုရားထံမှာ သံဃာအား မိုးရေခံ ရေသနုပ်လှူရန်၊ အာဂန္တု ဆွမ်းလှူရန်၊ ခရီးသွားဆွမ်းလှူရန်၊ ဂိလာနဆွမ်းလှူရန် စသည်ဖြင့် အလှူဝတ္ထု ရှစ်မျိုးကို အမြဲတမ်းလှူရန် ခွင့်တောင်းပါတယ်၊ ဘယ်လိုအကျိုးကို မြော်လင့်ပြီး လှူလိုပါသလဲလို့ မြတ်စွာဘုရားက မေးတော်မူခဲ့အခါ ကျောင်းအမကြီး ဝိသာခါက ဒီလို လျှောက်ထားပါတယ်၊ သီတင်းဝါလ ကျွတ်တဲ့အခါ အရပ်လေးမျက်နှာ နယ်အရပ်ရပ်က ရဟန်းတော်တွေဟာ မြတ်စွာဘုရားထံ လာရောက်ပြီး ဓမ္မပူဇာဖြင့် ပူဇော်ကန်တော့ကြပါလိမ့်မယ်၊ အဲဒီလို လာရောက်တဲ့ ရဟန်းတော်ထဲက ပျံလွန်တော်မူတဲ့ ရဟန်းတော်ကိုအကြောင်းပြုပြီး မေးမြန်းလျှောက်ထားတဲ့အခါ မြတ်စွာဘုရားက "မည်သည့် ရဟန်းဟာ သောတာပန် ဖြစ်သွားတယ်၊ သကဒါဂါမိ အနာဂါမိ ရဟန္တာ ဖြစ်သွားတယ်" စသည်ဖြင့် ပြောကြားတော်မူပါလိမ့်မယ်၊ အဲဒီအခါမှာ

တပည့်တော်မက အဲဒီ သောတာပန်သကဒါဂါမ် အနာဂါမ ရဟန္တာပုဂ္ဂိုလ်ဟာ ငါလှူထားတဲ့ မိုးရေခံ ရေသနုပ် အာဂန္တု ဆွမ်း အစရှိတဲ့ တမျိုးမျိုးတော့ သုံးဆောင်ဘူးမှာဘဲ၊ ဒီလို ပုဂ္ဂိုလ်မြတ်ကို လှူရပေပြီလို့ အာရုံပြုပြီး တပည့်တော်မမှာ ဝမ်းမြောက်ပြီး ပီတိ ဖြစ်ရပါလိမ့်မယ်၊ ပီတိဖြစ်တော့ ပဿဒ္ဓိ ဖြစ်ပါလိမ့်မယ်၊ ပဿဒ္ဓိ ဖြစ်တော့ ချမ်းသာသုခ ဖြစ်ပါလိမ့် မယ်၊ သုခ ဖြစ်တော့ သမာဓိ ဖြစ်ပါလိမ့်မယ်၊ အဲဒီလို ဖြစ်တာဟာ အထက်မဂ်ဖိုလ် ဉာဏ်များကို ရဘို့ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင်တို့ကို ပွါးစေခြင်း ဖြစ်ပါလိမ့်မယ်၊ အဲဒီလို ဘာဝနာ ဖြစ်မည့်အရေးကို မြော်တွေးပြီး အလှူဝတ္ထုရှစ်မျိုး ကို အမြဲတမ်း လှူလိုပါတယ်လို့ လျှောက်ထားပါတယ်၊ အဲဒါ ဟာ စာဂါနုဿတိဖြင့် အထက်မဂ်ဖိုလ်အတွက် ဘာဝနာပွါးပုံ ပါဘဲ။

ယခု ဒီ သာသနာ့ရိပ်သာ ဌာနကြီးမှာလဲ အရပ်ရပ်အနယ် နယ်မှ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးရဲ့ တပည့်ယောဂီတွေ ဟာ နှစ်ပတ်လည် အနေဖြင့် ပူဇော်ဘို့ ဩဝါဒခံယူဘို့ လာ ရောက်ကြတယ်၊ အရပ်ရပ် အနယ်နယ်က ရိပ်သာတွေမှာ ယောဂီပေါင်း မည်မျှရှိတယ်၊ မည်မျှ တိုးတက်တယ် စသည်ဖြင့် ယောဂီစာရင်းတွေကို ဖတ်ပြတော့ အဲဒီ စာရင်းအရ ဗုဒ္ဓ သာသနာ့နုဂ္ဂဟအဖွဲ့ကြီးနှင့်တကွ သက်ဆိုင်ရာ အခြားအဖွဲ့ တွေ အခြားပုဂ္ဂိုလ်တွေမှာ ငါတို့၏ အထောက်အပံ့ကို ခံယူပြီး ဒါလောက်များပြားတဲ့ ယောဂီတွေ တရားစစ် တရားမှန်ကို အားထုတ်ကြရပေတယ်၊ ဒီအထဲမှာ ဝိပဿနာဉာဏ် ပြည့်စုံလို့ ဉာဏ်စဉ်တရားကို နာရတဲ့ ပုဂ္ဂိုလ်တွေလဲ များစွာ ရှိပေလိမ့် မယ်၊ ဒီလို ပုဂ္ဂိုလ်မြတ်တွေကို ငါတို့ ထောက်ပံ့ လှူဒါန်းရပါ

ပေတယ်လို့ နှလုံးသွင်း ဆင်ခြင်ပြီး ဝိသာခါ ကျောင်းအမကြီး လို စာဂါနုဿတိကို ပွါးများနိုင်ကြပါတယ်၊ ဒါဟာ အင်မတန် ကောင်းတဲ့ အခွင့်အရေးကြီးဘဲ။ ဒါကြောင့် ဒီလို နှစ်ပတ်လည် သြဝါဒခံယူ ပူဇော်ပွဲကြီး ကျောင်းရေစက်ချပွဲကြီးကို ခမ်းခမ်း နားနား ကျင်းပတာဟာ အင်မတန် အကျိုး များပါတယ်၊ အင်မတန် ဝမ်းမြောက်စရာ ကောင်းပါတယ်။

ကဲ-မဟာကပ္ပိနအကြောင်း ပြန်ဆက်ကြဦးစို့။ မဟာကပ္ပိန မင်းကြီးနှင့် သူ့နောက်ပါ အမတ်တထောင်ဟာ တနေ့သော အခါမှာ မြတ်စွာဘုရားထံ လာရောက်ပြီး တရားနာရင်း သော တာပတ္တိဖိုလ် ရောက်ပြီး သောတာပန် ဖြစ်ကြပါတယ်၊ အဲဒီ အခါမှာ ရဟန်းအဖြစ် တောင်းပန်ကြလို့ မြတ်စွာဘုရားက ဧဟိဘိက္ခုခေါ်ပြီး ဟန်းပြုပေးတော်မူပါတယ်။ အနောဇာ ဒေဝီနှင့် အမတ်ကတော် တထောင်ဟာလဲ အဲဒီအခါ မြတ်စွာ ဘုရားထံ ရောက်လာကြတယ်၊ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားကို နာရင်း သူတို့လဲ သောတာပန် ဖြစ်ကြတယ်၊ အရှင် မဟာကပ္ပိနနှင့် ရဟန်းတထောင်ကတော့ အဲဒီ ဒုတိယအကြိမ် တရားနာရတဲ့အခါ ရဟန္တာ ဖြစ်တော်မူကြတယ်၊ အနောဇာ ဒေဝီနှင့် အမတ်ကတော် တထောင်ကတော့ ဘိက္ခုနီ ပြုလုပ်ပြီး တရားအားထုတ်ကြသဖြင့် နောက်ကာလမှာ ရဟန္တာမတွေ ဖြစ်ကြပါတယ်။

အဲဒီကနောက် မဟာကပ္ပိနမထေရ်ဟာ နေ့သန့်စင်ရာမှာ ဖြစ်စေ၊ ညဥ့်သန့်စင်ရာမှာ ဖြစ်စေ ဓမ္မပီတိတွေ ဖြစ်ပြီး ဝမ်း မြောက်တဲ့အတွက် အဟောသုခံ အဟောသုခံ - ဩော်ချမ်းသာ ပါပေစွ၊ ချင်းသာပါပေစွ - လို့ ဥဒါန်းကျူးလေ့ ရှိပါတယ်။ အဲဒါကို ပုထုဇဉ်ရဟန်းတွေက အထင်လွဲပြီး မြတ်စွာဘုရား

အား လျှောက်ထားကြပါတယ်။ အရှင်ကပ္ပိနမထေရ်ဟာ ရှေးက ခံစားခဲ့တဲ့ မင်းစည်းစိမ်တွေ ပြန်လည်အောက်မေ့ပြီး ဩော် ချမ်းသာပါပေစွ၊ ချမ်းသာပါပေစွ - လို့ ဒီလို ရွက်ဆိုနေပါတယ်လို့ လျှောက်ထားကြတယ်။ အဲဒီတော့ မြတ်စွာဘုရားက အဲဒီလို အထင်လွဲနေတဲ့ ပုဂ္ဂိုလ်တွေမှာ သံသယကင်းရှင်းသွားအောင် အရှင်မဟာကပ္ပိနကို ခေါ်ပြီး မေးမြန်းတော်မူပါတယ်။ ဒီတော့ အရှင်မဟာကပ္ပိနမထေရ်က တပည့်တော်မှာ မင်းစည်းစိမ်၌ အစွဲအလမ်းရှိတယ် မရှိဘူးဆိုတာ မြတ်စွာဘုရား အသိပင် ဖြစ်ပါသည်ဘုရားလို့ လျှောက်ထားပါတယ်။

အရှင်မဟာကပ္ပိနရဲ့ ဖြစ်ပုံအမှန်ကတော့ သာကီဝင်မင်းအဖြစ်မှ ရဟန်းပြုလာတဲ့ အရှင်ဘဒ္ဒိယရဲ့ ဖြစ်ပုံမျိုးပါဘဲ၊ သူ့မှာ မင်းအဖြစ်နှင့် နေစဉ်တုန်းက ပြည်နီးချင်းမင်းတွေက ထိးနန်းကို လုယက်မှာလဲ စိုးရိမ်ရတယ်၊ လက်အောက်လူတွေထဲက လုပ်ကြံမှာလဲ စိုးရိမ်ရတယ်၊ ဒါကြောင့် မင်းစည်းစိမ် ခံစားနေရတယ်ဆိုပေမဲ့ စိတ်မချရတာတွေက အများကြီးရှိနေပါတယ်။ ယခု ရဟန်းဖြစ်နေတော့ မိမိစည်းစိမ်ကို လုယက်မည့်သူရယ်လို့ မရှိနိုင်တော့ဘူး၊ နေ့ရောညရော ဘယ်နေရာမှာမဆို စိတ်ချလက်ချနဲ့ နေနိုင်တယ်၊ အဲဒါကိုလဲ သမထသုခလို့ ခေါ်ပါတယ်။ ရဟန်းမှာ အလိုလိုရနေတဲ့ ချမ်းသာပေါ့။ နောက်ပြီးတော့ မဟာကပ္ပိနမထေရ်မှာ စျာန်သမာပတ်တွေ ဝင်စားပြီးတော့လဲ ပီတိ သုခတွေကို ရနေတယ်၊ ဝိပဿနာ ရှုပြီးတော့လဲ ပီတိသုခတွေကို ရနေတယ်၊ ဖိုလ်ဝင်စားပြီးတော့လဲ ပီတိသုခတွေကို ရနေတယ်။ အဲဒီလို ပီတိသုခတွေကို ရည်ပြီးတော့ ချမ်းသာပါပေစွ၊ ချမ်းသာပါပေစွလို့ ဥဒါန်းကျူးနေခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားအသိပင် ဖြစ်ပါတယ်လို့ လျှောက်

ထားပါတယ်၊ အဲဒီတော့ မြတ်စွာဘုရားက သိတော်မူပြီးဖြစ်တဲ့ အတိုင်း ရဟန်းတို့အား မိန့်တော်မူပါတယ်၊ "ရဟန်းတို့ ငါသား တော် ကပ္ပိနသည် ကာမဂုဏ်ချမ်းသာ မင်းစည်းစိမ်ချမ်းသာကို အကြောင်းပြု၍ ဥဒါန်းကျူးသည်မဟုတ်ပေ၊ ဓမ္မပီတိဖြင့် နိဗ္ဗာန်ကို အကြောင်းပြု၍ ဥဒါန်းကျူးပေသည်"ဟု မိန့်တော် မူပြီးတော့ ဒီလို ဟောတော်မူပါတယ်။

ဓမ္မပီတိ သုခံ သေတိ၊ ဝိပ္ပသန္နေန စေတသာ။
အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော။

ဓမ္မပီတိ၊ သစ္စာလေးပါးကို သိသောအားဖြင့် တရားကို သောက်သုံးသောသူသည်။ (ဒါက အဋ္ဌကထာမှာ ပြထားတဲ့ အနက် ဖြစ်ပါတယ်။ သစ္စာလေးပါးသိယင် လောကုတ္တရာ တရားကို သောက်သည် မည်ပါတယ်၊ သိတာကိုဘဲ သောက် တယ် ဆိုလိုပါတယ်။ အဲဒီလိုသိယင် ပီတိကလဲ ဖြစ်တော့တာ ပါဘဲ၊ ဒါကြောင့်၊ ဓမ္မပီတိ၊ တရားနှင့်စပ်၍ဖြစ်သော ပီတိရှိ သောသူသည်-ဆိုတဲ့ ဒီအနက်လဲ သင့်လျော်ပါတယ်။) ဓမ္မပီတိ၊ တရားနှင့် စပ်၍ ဖြစ်သော ပီတိရှိသောသူသည်။ သုခံ၊ ချမ်း ချမ်းသာသာ။ သေတိ၊ လျောင်းထိုင်ရပ်သွား လေးပါးသော ဣရိယာပုထ်တို့ဖြင့် မျှတစွာနေရ၏၊ အရိယပ္ပဝေဒိတေ၊ ဘုရား အစရှိသော သူတော်ကောင်းတို့သည် ဟောကြားညွှန်ပြ ဆုံး မအပ်သော။ ဓမ္မေ၊ တရားတော်မြတ်၌။ ဝိပ္ပသန္နေန၊ ကြည်လင် သန့်ရှင်းသော။ စေတသာ၊ စိတ်ဖြင့်။ ပဏ္ဍိတော၊ ကျိုးကြောင်း မြင်သိ ပညာရှိသည်။ သဒါ၊ အခါခပ်သိမ်း။ ရမတိ၊ မွေ့လျော် နှစ်ခြိုက် ပျော်ပိုက်ရလေသတည်း။ (သာဓု-သာဓု-သာဓု)

ကဲ တခေါက်လောက် ဆိုကြပါဦး။

ချမ်းသာပျော်ရွှင်၊ နေလိုလျှင်၊ ရှုမြင် ဘာဝနာ။
လျှောင်း ထိုင် ရပ် သွား၊ ဣလေးပါး၊ ရှုပွါး ဘာဝနာ။
ဘာဝနာရှုလျှင်၊စိတ်ကြည်လင်၊ ပျော်ရွှင် လွန်ကျန်းမာ။

အဲဒီ အခွင့်အရေးဟာ လူတိုင်း လူတိုင်း ရပါတယ်၊ ဘယ်သူ သာ ဝမ်းမြောက် ပျော်ရွှင်ရတယ်၊ ငါတို့တော့ ဝမ်းမမြောက်ရ, မပျော်ရွှင်ရဘူးလို့ ဒီလို ခွဲခြားခြင်း မရှိပါဘူး၊ ဘယ်သူဖြစ်ဖြစ် နည်းလမ်းမှန်အတိုင်း တရားအားထုတ်ယင် ဒီဓမ္မပီတိကလေး တွေကို ရပြီး ဝမ်းမြောက်ရ ပျော်ရွှင်ရမှာဘဲ၊ ဒါပေမဲ့ အထူး သတိပြုစရာကတော့ တရားနည်းလမ်းမှန်ဘို့, မရပ်မနားဘဲ မ ပြတ် အားထုတ်ဘို့ အဲဒါကို အထူး သတိပြုရမယ်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ညွှန်ပြထားတဲ့အတိုင်း လျှောင်း ထိုင် ရပ် သွား ဣရိယာပုထ် လေးပါးလုံး နေ့ရော ညရော မပြတ် ရှုမှတ် အားထုတ်နေယင် ဝမ်းမြောက်တဲ့ ဒီ ဓမ္မပီတိကို ရပါတယ်၊ တချို့မှာ ၃-ရက်လောက် အတွင်းမှာဘဲ ရတယ်၊ တချို့မှာ ခုနစ်ရက်လောက်အတွင်းမှာ ရတယ်၊ ကြိုး ကြိုးစားစား အားထုတ်ယင် ခုနစ်ရက်အတွင်းလောက်ကတော့ ဒီဓမ္မပီတိကို ရတာကဘဲ များပါတယ်၊ အဲဒီလို အခါမှာ အရောင် အလင်းတွေကလဲပေါ်လို့ ပီတိသုခတွေကလဲ အလွန်အကဲဖြစ်လို့ အလွန် ဝမ်းမြောက်နေတတ်တယ်၊ ဝမ်းမြောက်မှု လွန်မသွား အောင်လို့ ကမ္မဋ္ဌာန်းဆရာတွေက ဖိနှိပ်ပြီး အတော် ဟောရ ပြောရပါတယ်၊ တချို့ ဖိနှိပ်လို့ မရနိုင်လောက်အောင် အလွန် အကဲ ဝမ်းမြောက်ပြီး ချမ်းသာနေကြပါတယ်၊ ရွှေမတိုးချင် နေပါစေ၊ ဒီအတိုင်းဘဲ နေပါရစေလို့တောင် ပြောတတ်ကြပါ တယ်။

## ရိပ်သာရောက်ယောဂီများ

## (၉)

တချို့က လင်သေ၊ သားသေ၊ မယားသေ၊ စီးပွါးပျက်လို့ ရူးမလိုလို သေမလိုလို အတိဒုက္ခရောက်နေရာက ကလျာဏမိတ္တာဖြစ်တဲ့ မိတ်ဆွေက ဘုန်းကြီးတို့ သာသနာ့ရိပ်သာတွေ ခေါ်လာတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေဟာ ရောက်ခါစ တရက်နှစ်ရက် လောက်တော့ တမှိုင်မှိုင် တတွေတွေနဲ့ သောက ပရိဒေဝတွေ ဖြစ်နေပါတယ်၊ ဒါပေမဲ့ ဆရာပြောတဲ့အတိုင်း မပြတ်ရှုမှတ်လိုက်တော့ သုံးလေးရက် အတွင်းမှာ သောက ပရိဒေဝစိတ်ဆင်းရဲတွေ သက်သာမှု ရသွားပါတယ်၊ အဲဒီလို သက်သာမှု ရလာတယ် ဆိုယင် တရားအပေါ်မှာ ယုံကြည်မှု သဒ္ဓါတွေ ပွါးလာတာဘဲ၊ အဲဒီ သဒ္ဓါ ပွါးသလောက် တိုးတက်ပြီး ကြိုးစားအားထုတ်လာတယ်၊ အဲဒီလို အားထုတ်လိုက်တော့ ရှေ့ပိုင်းက ပြောခဲ့တဲ့အတိုင်း နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် သမ္မသနဉာဏ် ဆိုတာတွေ အစဉ်အတိုင်း ဖြစ်ပြီး ဥဒယဗ္ဗယဉာဏ် ရောက်လာတယ်၊ ဒီဉာဏ်ကျတော့ ဒီပီတိသုခတွေက အလွန်အကဲ ဖြစ်တော့တာဘဲ၊ အဲဒီအခါမှာ မူလက ဖြစ်ခဲ့တဲ့ သောကပရိဒေဝဆိုတဲ့ ဆင်းရဲတွေဟာ ကင်းပျောက် ကုန်တယ်၊ ရိပ်သာကို လိုက်ပို့တဲ့ မိတ်ဆွေကိုလဲ ကျေးဇူးတင်တယ်၊ ကမ္မဋ္ဌာန်း ဆရာတွေကိုလဲ သိပ်ကျေးဇူးတင်တာဘဲ၊ ကျေးဇူးတင်ကြောင်း ပြောလို့ကို မဆုံးနိုင်အောင် ဖြစ်နေတတ်တယ်။

အဲဒီကနောက် ဆက်ပြီး အားထုတ်သွားယင် ဘင်္ဂဉာဏ် ဘယဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ် မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ် ဆိုတာတွေကို အစဉ်အတိုင်း ရောက်ပြီးတော့

သင်္ခါရုပေက္ခာဉာဏ် ဆိုတာကို ရောက်လာပါတယ်၊ အဲဒီကျမှ ဝိပဿနာချမ်းသာက သာပြီး ကောင်းပါတယ်၊ အကောင်းဆုံး လို့ ဆိုရမှာဘဲ၊စိတ်ဆင်းရဲစရာ ပူပန်စရာတွေ ဘယ်လောက်ပဲရှိရှိ အဲဒီဉာဏ်ရောက်ယင် ဆင်းရဲပူပန်ခြင်း လုံးဝကင်းပျောက်နေ တယ်၊ တချို့မှာ ရောဂါဝေဒနာဆိုတဲ့ ကိုယ်ဆင်းရဲတွေတောင် ပျောက်သွားသေးတယ်၊ အင်မတန် ကောင်းပါတယ်၊ အဲဒီက နောက်ဆက်ပြီး မပြတ်ရှုမှတ်နေယင် အရိယာ မဂ်ဖိုလ်ကိုလဲ ရောက်သွားနိုင်ပါတယ်။

ဒါပေမဲ့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒခံ ရိပ်သာဌာနတွေမှာ ကမ္မဋ္ဌာန်းဆရာတွေကိုယ်တိုင်ကလဲ သောတာ ပန် အရိယာ ရဟန္တာ ဆိုတဲ့ အမည်ကို ပြောဆိုဝန်ခံခြင်း မရှိစေရဘူး၊ တပည့် ယောဂီတွေကိုလဲ သောတာပန် ဖြစ်ပြီ၊ အရိယာဖြစ်ပြီ၊ ရဟန္တာ ဖြစ်ပြီလို့ ပြောဆိုဆုံးဖြတ်ခြင်း ကျေ ညာခြင်း မရှိစေရဘူး၊ ဝိပဿနာဉာဏ်စဉ် ဖြစ်ပုံ မဂ်ဖိုလ် ပစ္စဝေက္ခဏာဉာဏ်များ ဖြစ်ပုံကို ဓမ္မဓိဋ္ဌာန်အားဖြင့်သာ ဟော ပြောရပါတယ်၊ အဲဒီလိုဟောတဲ့ ဉာဏ်စဉ်တရားကို နာပြီး တပည့်ယောဂီ ကိုယ်တိုင်ဘဲ သူ့ဉာဏ်အဆင့်ကို သိစေရ ဆုံး ဖြတ်စေရပါတယ်၊ အဲဒါဟာ မြတ်စွာဘုရား ဟောတော်မူတဲ့ ဓမ္မာဒါသ တရားတော်နှင့် ညီညွတ်ပြီး အလွန် သင့်မြတ် လျော်ကန်ပါတယ်။ ဒီအထဲမှာ တချို့က အထင်ကြီးပြီး ရဟန္တာ ဖြစ်ပြီလို့ အထင်ရောက်တဲ့ ပုဂ္ဂိုလ်လဲ တဦးတလေ ပေါ်လာ တတ်ပါသေးတယ်၊ အဲဒီလို ပုဂ္ဂိုလ်ကလဲ ဗဟုသုတ မပြည့်ဝတဲ့ ပုဂ္ဂိုလ် ဖြစ်တတ်ပါတယ်၊ အဲဒီလို အထင်ကြီးတဲ့ ပုဂ္ဂိုလ်မှာ အထင်ကြီးလောက်တဲ့ အတွေ့ကောင်းကလေးများလဲ ရှိပါ

တယ်။ ဒါပေမဲ့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ပဋိပတ္တိ အစဉ် ဒေသနာအစဉ်နဲ့ညီပြီး ထင်တိုင်းမပြောဘဲ အရာရာမှာ ဆင်ခြင်ဘို့ သတိပေး ဆုံးမထားတဲ့အတွက် အရှုပ်အထွေးမရှိဘဲ ပြေလည်သွားပါတယ်။ ဒါကြောင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ဩဝါဒခံ ဌာနတွေမှာ သောတာပန် လူထွက် ရဟန္တာလူထွက်ဆိုတာမျိုးတွေ မပေါ်ပေါက်ဘူး၊ ဒါလဲ ဂုဏ်ယူစရာ ဝမ်းမြောက်စရာ အချက်တခုပါဘဲ။

နောက်ပြီးတော့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဩဝါဒခံ တပည့်တွေဟာ ဥာဏ်စဉ်တရားနာပြီးလို့ တရားပြည့်စုံပြီဆိုပြီး ကမ္မဋ္ဌာန်းချပြီး စိတ်ချလက်ချနဲ့ နားနေကြသလားဆိုယင် ဒီလို မဟုတ်ပါဘူး၊ တတ်နိုင်သမျှ အချိန်ရသမျှ ဆက်လက်ပြီး နှလုံးမှတ်အားထုတ် နေကြရပါတယ်၊ အဲဒါဟာလဲ အင်မတန် သဘာဝ ကျပါတယ်။ ဘာကြောင့်လဲ ဆိုယင် ခုနက ပြောခဲ့တဲ့ ဗိမ္ဗိသာရမင်းကြီးက ဘဝပြောင်းပြီး ဖြစ်လာတဲ့ ဇနဝသဘ နတ်မင်းက မြတ်စွာဘုရားကို ဒီလို လျှောက်ပါတယ်။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသောကာလပတ်လုံး။ အဝိနိပါတော၊ အပါယ်သို့ ကျရောက်ခြင်းမှ ကင်းသည်ဖြစ်၍။ အဝိနိပါတံ၊ အပါယ် မကျနိုင်ကြောင်း ဖြစ်သော တရားကို။ သဉ္ဇာနာမိ၊ သိပါသည် ဘုရားတဲ့။ (သူက သောတာပန် ဖြစ်နေလို့ အပါယ်လေးပါးတော့ မကျနိုင်တော့ဘူးဆိုတာ သိပါတယ်လို့ လျှောက်ထားပတယ်။) ပန၊ ထိုသို့ အပါယ်မကျနိုင်သော်လဲ။ မေ၊ တပည့်တော်မှာ။ သကဒါဂါမိတာယ၊ သကဒါဂါမ် ဖြစ်ရန်အလို့ငှါ။ အာသာ

စ၊ မြှော်လင့်၍ အားထုတ်နေခြင်းသည်ကား။ သန္တိဋ္ဌတိ၊ ကောင်းစွာ တည်ရှိနေပါသည် အရှင်ဘုရားတဲ့။

အဲဒါဟာ ဇနဝသဘ နတ်မင်းက သောတာပန် ဖြစ်နေပေမဲ့ ဝိပဿနာအလုပ်ကို မရပ်နားပဲ သကဒါဂါမ် ဖြစ်ဘို့ ဆက်လက် အားထုတ်နေကြောင်း လျှောက်တဲ့ စကားပါဘဲ။ ဒီပြင်လဲ သိကြားမင်းတို့ ဥပေါသထာ နတ်သမီးတို့ အစရှိတဲ့ သောတာပန်တွေလဲ သကဒါဂါမ် ဖြစ်ဘို့ရာ မြှော်လင့်ပြီး အားထုတ်နေကြကြောင်းများကို ပြောကြားကြပါတယ်။ ဒါကြောင့် တရားဆိုတာဟာ တထိုင်လောက် အားထုတ်ပြီး အားရနေရတာ နားနေရတာ မဟုတ်ဘူး၊ ခုနစ်ရက်လောက် ဆယ်ရက်လောက် အားထုတ်ပြီးတော့ အားရနေရတာ နားနေရတာ မဟုတ်ဘူး၊ သောတာပန်လောက်ဖြစ်ပြီ ဆိုတာနဲ့လဲ အားရနေရတာ နားနေရတာ မဟုတ်ပါဘူး။ မြတ်စွာဘုရား အလိုတော်ကတော့ အနာဂါမ် ဖြစ်တောင် အားရပြီး နားမနေနဲ့၊ ရဟန္တာဖြစ်အောင် အားထုတ်ရမယ်လို့ ဒီလို တိုက်တွန်းတော်မူပါတယ်၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကလဲ အဲဒီအတိုင်းဘဲ ခဏခဏ ဩဝါဒပေးတော်မူပါတယ်၊ ဩဝါဒပေးတဲ့အတိုင်းဘဲ တပည့်ယောဂီတွေဟာ အချိန်အခွင့်ရတိုင်း ဆက်လက်ပြီး အားထုတ်နေကြပါတယ်၊ အဲဒီလို အားထုတ်နေကြတဲ့ ယောဂီတွေဟာ ယခု နှစ်ပတ်လည် ပွဲတော်ကြီးမှာ ဒီသာသနာ့ရိပ်သာကို လာရောက်ပြီး မိမိတို့ ကျင့်သုံးခဲ့တဲ့ တရားတော်နဲ့ ဓမ္မပူဇာဖြင့် ပူဇော်ကြပါတယ်၊ အဲဒါဟာ သဘာဝကျပြီး အလွန်ဝမ်းမြောက်စရာ ကောင်းပါတယ်။

နောက်ပြီးတော့ သတိပဋ္ဌာနသံယုတ်ပါဠိတော် သာလသုတ်မှာ ကာယာနုပဿနာ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာဆိုတဲ့ သတိပဋ္ဌာန် လေးပါးကို သာသနာသို့ ဝင်ရောက်လာကာစ ရဟန်းသစ်များလဲ မပြတ်အားထုတ်နေကြရတယ်၊ သောတာပန် သကဒါဂါမ် အနာဂါမ် ဆိုတဲ့ ကျင့်ဆဲသေက္ခ ပုဂ္ဂိုလ်တွေလဲ မပြတ် အားထုတ်နေကြရတယ်၊ ရဟန္တာပုဂ္ဂိုလ်တွေလဲ ဒီသတိပဋ္ဌာန် ၄-ပါးကို ပွါးများအားထုတ်နေကြတယ် ဆိုတဲ့အကြောင်း ဟောထားပါတယ်၊ အဲဒါကို ထောက်ဆကြည့်ယင် ဒီသတိပဋ္ဌာန် ဘာဝနာလုပ်ငန်းစဉ် တရားတော်ဟာ ရဟန္တာဖြစ်ပြီးသည်တိုင်အောင် မပြတ်အားထုတ်နေရမည့် တရား ဖြစ်ကြောင်း သိရပါတယ်၊ ဒါကြောင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ဥာဏ်စဉ်တရား နာပြီးလို့ ကိုယ့်နေရာကိုယ်ပြန်သွားမည့် ပုဂ္ဂိုလ်တွေလဲ အချိန်အခွင့်ရသမျှ ဆက်ပြီး အားထုတ်သွားဘို့ မိန့်မှာတော်မူလိုက်ပါတယ်။

အဲဒီလို မိန့်မှာလိုက်တဲ့အတိုင်း အချိန်အခွင့်ရသလောက် မပြတ်အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေမှာ ဝမ်းမြောက်မှုဆိုတဲ့ ဒီဓမ္မပီတိကို အမြဲမပြတ် ရနေတတ်ပါတယ်၊ အဲဒီလို ဂုဏ်ကျေးဇူးတွေနဲ့ ပြည့်စုံအောင် ညွှန်ပြတော်မူတဲ့ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တွေဟာ ချီးကျူးလို့ ပြောပြလို့ မကုန်နိုင်ပါဘူး၊ ဒါကြောင့် အဲဒီလို ဂုဏ်ကျေးဇူးအပေါင်းနဲ့ ပြည့်စုံတော်မူတဲ့ ဆရာတော်ဘုရားကြီးကို အရှင်သာရိပုတြာမထေရ်က အရှင်အဿဇိကို အရှိအသေပြုသလို အရိုအသေ ပြုသင့်ပါတယ်၊ အရှင်သာရိပုတြာဟာ အရှင်အဿဇိ ဟောတဲ့ ဂါထာကို နာကြားပြီး သောတာပန် ဖြစ်ခဲ့ပါတယ်၊ ဒါကြောင့် အရှင်

သာရိပုတြာဟာ ကျိန်းစက်တော့မယ်ဆိုယင် အရှင်အဿဇိရှိရာ အရပ်ဆီကို ခေါင်းရင်းပြုပြီး ကျိန်းစက်လေ့ရှိပါတယ်၊ ဒါပေမဲ့ အရှင်အဿဇိလဲ မြတ်စွာဘုရား၏ တရားကို ဟောတာဖြစ်တဲ့ အတွက် အရှင်သာရိပုတြာဟာ အရင်းအကျဆုံးဖြစ်တဲ့ မြတ်စွာ ဘုရားကို သာပြီး အရိုအသေ ပြုပါတယ်၊ အဲဒါလိုဘဲ ယခုနေ အခါမှာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးထံမှ နည်းယူပြီး ဒီသတိပဋ္ဌာန် ၄-ပါး ပွါးများနည်းကို ဘယ်ဆရာကဟောဟော၊ ဘယ်ဆရာ့ထံမှာဘဲ အားထုတ် အားထုတ်၊အရင်းမူလအားဖြင့် ကျေးဇူးရှင်ဆရာတော်ကြီးသာ မူလ ဆရာတော်ကြီး ဖြစ်ပါ တယ်၊ ဒါကြောင့် ဒီကနေ့ည ဒီဆရာတော်ဘုရားကြီးကိုသာ ပူဇော်ကြရမယ်၊ ဘာနဲ့ ပူဆော်ကြမလဲဆိုရင် ပဋိပတ်အကျင့်နဲ့ ပူဇော်ကြရမယ်၊ အဲဒီ ဓမ္မာနုဓမ္မပဋိပတ် ဆိုတဲ့ အမြတ်ဆုံး အကျင့်ဖြင့် ပူဇော်ကြရအောင် ပြင်ပြီး ထိုင်ကြပါ။

## ကဲ-ပူဇော်ကြရအောင်

## (၁၀)

အမျိုးသားတွေက အမျိုးသားထိုင် တင်ပလ္လင်ခွေ ထိုင်ကြ ပါ၊ အမျိုးသမီးတွေက အမျိုးသမီးထိုင် ထိုင်ပါ၊ အမျိုးသား တွေက ခြေသလုံးပေါ် ဗယ်ဘက်လက်ကလေး ပက်လက်လှန်ပြီး တင်ပါ၊ အဲဒီ လက်ပေါ်မှာ ညာဘက်လက်ကို ထပ်ပြီး တင်ပါ၊ လက်မထိပ်ချင်း တိုက်ထားပါ၊ အမျိုးသမီးတွေက ဗယ်ဘက် ဒူးပေါ်မှာ ဗယ်ဘက်လက်ကလေး မှောက်တင်ပါ၊ ညာဘက် ဒူးပေါ်မှာ ညာဘက်လက်ကလေး မှောက်တင်ပါ၊ ဥဇုံ ကာယံ ပဏိဓာယ ဆိုတဲ့ အတိုင်း အထက်ပိုင်း ကိုယ်ကို မတ်မတ်

ဖြောင့်ထားပါ၊ မျက်စိ မှိတ်ထားပါ၊ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ ဆိုတဲ့အတိုင်း ကမ္မဋ္ဌာန်း အာရုံဆီကို စိတ်ညွှတ်ထား၊ ယခု ရှုရမှာက ဝမ်းပိုက်မှ လှုပ်ရှားတဲ့ ဝါယောကာယကို ရှုရမှာ ဖြစ်တယ်၊ ဒါကြောင့် ခေါင်းနဲ့နိုင့်၊ ဝမ်းပိုက်ဆီ အာရုံပြု၊ ဖောင်း တက်လာတဲ့အခါ ဖောင်းတယ်လို့ရှု၊ ပိန်ကျသွားတဲ့အခါ ပိန်တယ်လို့ရှု၊ ဖောင်းတဲ့အခါ ဖောင်းတဲ့အပေါ်မှာ စိတ်ကလေးက သိနေပါစေ၊ ပိန်တဲ့အခါ ပိန်တဲ့အပေါ်မှာ သိနေပါစေ၊ စိတ်ကို ဘယ်မှ မသွားစေနဲ့၊ သွားယင် အဲဒီစိတ်ကို ရှုလိုက်ပါ၊ ပြီးယင် ဖောင်းတာ ပိန်တာကို ပြန်ရှုပါ။

ကဲ-တော်လောက်ပါပြီ၊ အဲဒီ အကျင့်မြတ် ပဋိပတ်ဖြင့် ပူဇော်ကြရအောင် လိုက်ဆိုကြ။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ၊ လောကုတ္တရာ တရား ကိုးပါးအားလျော်သော ဤရှုမှတ်မှု အကျင့်ပဋိပတ်ဖြင့်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။ ဓမ္မံ၊ တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏အရှင်ဘုရား။ သံဃံ၊ သံဃာတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။ အာ-စရိယံ၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကို။ ပူဇေ-မိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

ဒီကနေ့တော့ ဒီ ချမ်းသာပျော်ရွှင် အစဉ်နေနိုင်ရေးတရားတော်ကို ဒီမျှနဲ့ အမျှပေးဝေပြီး နိဂုံးချုပ်ကြစို့။

အားလုံး ဒကာ ဒကမ အပေါင်းတို့....ဘုန်းကြီးတို့ ပြုလုပ်ကြတဲ့ ကောင်းမှု ကုသိုလ်အပေါင်း၏ အဖို့ဘာဂကို အားလုံးကုန်သော နတ်အပေါင်းတို့အားရင်း၊ အားလုံးကုန်သော ဗြဟ္မာအပေါင်းတို့အားရင်း၊ ဤနေရာဌာနဌ် တည်ရှိကြကုန်

သော မမြိတ်ဆွေ သူတော်စင်အပေါင်းတို့အားရင်း၊ အားလုံးသော သတ္တဝါအပေါင်းတို့အားရင်း အမျှ အမျှ ပေးဝေပါကုန်၏၊ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်နိုင်ကြသည်ဖြစ်၍ အမျှ ရကြလျက် ချမ်းသာအပေါင်းနှင့် ပြည့်စုံကြပါစေ။

သာဓု-သာဓု-သာဓု။

ချမ်းသာပျော်ရွှင် အစဉ်နေနိုင်ရေး တရားတော်
ပြီး၏။

ရန်ကုန်မြို့
မဟာစည်ကျောင်းတော် ရေစက်ချပွဲအတွက် ကျင်းပသော
အကြိုတရားပွဲ သုံးညတွင် ဒုတိယည ပဌမပိုင်း၌
ပဲခူးမြို့
**သာသနာ့မဏ္ဍိုင် (ပါဠိတက္ကသိုလ်) ဆရာတော်**
**အရှင်ပညာဇောတ ဟောသော**

# တရားတော်

---

## မင်္ဂလာစကားပလ္လင်

## (၁)

တရားပွဲ ကျင်းပလာတဲ့ အကြောင်းကို မနေ့ညက တာဝန်အရ ဆောင်ရွက်တော်မူသွားကြသော ရွှေဘိုအရှင် မုနိန္ဒ ဆရာတော်၊ မန္တလေး မောင်းထောင်ရိပ်သာ အရှင်ကုလိသ ဆရာတော်များက အပြည့်အစုံ မိန့်ဆို ရှင်းလင်းပြတော်မူကြပြီး ဖြစ်တဲ့အတွက်ကြောင့် ဘုန်းကြီးက ထပ်ပြီး ပြောနေစရာ လိုတော့မယ် မထင်ပါဘူးနော်။

ပြီးတော့ နောက်လာမယ့် ရွှေစေတီ ဆရာတော်ဘုရားကြီး အချိန်များများ ဟောနိုင်အောင် ဆိုပြီးတော့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ အမိန့်တော် ချမှတ်ချက်အရ ဘုန်းကြီးရဲ့ တာဝန်မှာ သီလပေးရေ တရားဟောရန် နာရီဝက်လောက်သာ အချိန်ရပါတယ်၊ ဒါ့ကြောင့် နာရီဝက်အတွင်း ကလေးမှာဘဲ နဲနဲစိ ပြောသင့် တိုက်တွန်းသင့်တာများကို

တရားနာလာသော ယောဂီသူတော်စင် အပေါင်းတို့အား သတိပေးပြောဆို တိုက်တွန်းလိုပါတယ်။
ကဲ တရားပွဲကို စကြစို့ရဲ့။

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဧတေန သစ္စဝဇ္ဇေန၊ သုခိတာ ဟောန္တု သာဓဝေါ။

လောကေ၊ သတ္တဝါတို့သည် နေထိုင်ရာဖြစ်သော သတ္တလောက... 

လောကေ၊ သတ္တသြကာသ သခ်ါရဟု သုံးဖြာသတ်မှတ် လောကခေတ်ကြီး အတွင်း၌။ ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူငြား မြတ်ဘုရားသည်။ သဗ္ဗပါဏိနံ၊ သုံးတိုက်ဗိုလ်ခြေ ဝေနေယျားစွာ သတ္တဝါ အပေါင်းတို့၏။ ဟိတာယ၊ လောကီ လောကုတ္တရာ နှစ်ဖြာ အကျိုး ပွါးတိုးကြစေခြင်းငှါ ။သမုပ္ပန္နော၊ ကောင်းစွာမသေွ ပွင့်ထွန်းပေါ်ပေါက်၍ လာပါပေသတည်း။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ ထုတ်ပြန် ဟုတ်မှန်စွာ ဆိုရသောသစ္စာစကားကြောင့်။ သာဓဝေါ၊ တရားသဘင် ဆင်ယင်ကျင်းပ ဤဌာနသို့ ညီညာ ဖျဖျ စည်းဝေးရောက်လာကြကုန်သော သူတော်စင် အပေါင်းတို့သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ဘယာမငြိ ကျန်းမာ ချမ်းသာခြင်း ရရှိကြကုန်သည်။ ဟောန္တု၊ ဤနေ့ကစ နိဗ္ဗာန် ရောက်ရသည့် ဘဝတိုင်အောင် မုချမှန်စွာ ဖြစ်နိုင်ကြပါစေ ကုန်သတည်း။

လောကခေတ်ကြီး အတွင်း၌ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်၍ လာတယ်လို့ ဆိုတာဟာ အားလုံးသော ဗုဒ္ဓသာသနာဝင် သူတော်စင် အပေါင်းတို့၏ ကံကောင်းကြဘို့၊ ကောင်းကျိုးချမ်းသာ မင်္ဂလာစီးပွါး ထွန်းကားစေနိုင်ကြဘို့ ဖြစ်ပါပေတယ်၊ ဒို့ ဘုရားသာသနာတော်ကြီး ဆိုတာဟာလဲ

ဆရာတော်ဘုရားတွေ မိန့်နေတော်မူကြသည့်အတိုင်း လေးသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်းမှာ မြတ်စွာဘုရားပေါင်း နှစ်ကျိပ်ရှစ်ဆူသာ ပွင့်တော်မူလာရသဖြင့် သာသနာတော်ခေတ်ပေါင်းလဲ ၂၈-မျိုးသာ ပွင့်ထွန်းလာနိုင်ခဲ့တယ်လို့ ဆိုရပါမယ်။

အဲဒီတော့ လေးသင်္ချေကို ဖယ်ထားပြီး ကျန်တသိန်းကိုဘဲ ၂၈-နဲ့ စားလိုက်ပါလျှင် ကမ္ဘာပေါင်း သုံးထောင်ကျော်လောက်မှ သာသနာတော်ခေတ်တခုသာ ထွန်းကား ပေါ်ပေါက်နိုင်ပါတယ်၊ မြတ်စွာဘုရား တဆူမျှလောက်သာ ပွင့်နိုင်ဖြစ်နိုင်ပါတယ်၊ အဲဒီလို မြတ်စွာဘုရားများ ပွင့်တော်မူလာကြတဲ့ အခါမှာလဲ မိမိတို့က သာသနာတော်ကြီးနဲ့ တွေ့နိုင်ဦးမှ သာသနာတော်ကြီးနဲ့ တွေ့ကြုံရပြန်ယင်လဲဘဲ လူ့အဖြစ်ဆိုတဲ့ မနုဿဘာဝ လူ့ဘဝ လူ့ခန္ဓာကိုလဲ ရဦးမှ လူ့အဖြစ်ကို ရယင်လဲ သာသနာတော်ကို ကြည်ညိုနိုင်တဲ့ သဒ္ဓါတရားကို ရရှိဦးမှ သဒ္ဓါတရားကို ရရှိပြန်ယင်ကော မိမိတို့၏သဒ္ဓါတရားအတိုင်း နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်တဲ့ ဒါန-အလှူပေးမှု သီလ-ဆောက်တည် စောင့်ထိန်းမှု ဘာဝနာ-ပွါးများ စီးဖြန်းမှု စတဲ့ ကောင်းမှုကုသိုလ်များကို ပြုလုပ်ကျင့်ပွါး ကြိုးစားမယုတ် အားထုတ်နိုင်ကြရုံမျှမက ဆရာတော်ဘုရားကြီးများ၏ ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူကြသည့်အတိုင်း ယခုဘဝမှာပင် မဂ်ဖိုလ်ဆိုတဲ့ ချမ်းသာထူး ချမ်းသာမြတ်ကို ရရှိ ခံစံစေနိုင်တဲ့ ဝိပဿနာအကျင့် တရားမြတ်တွေကိုလဲ ကြိုးစားရှုမှတ်နိုင်ကြဦးမှ သာသနာတော်ကြီးနဲ့ တွေ့ရကျိုး နပ်နိုင်ကြပေမယ်တဲ့။

ယခုအခါ စည်းဝေးရောက်လာကြတဲ့ ပရိသတ်များကတော့ သာသနာ့ရိပ်သာထည်းမှာ ဖြစ်သည့်အားလျော်စွာ သာသနာ့ရိပ်သာနှင့် စပ်သွယ်လာကြတဲ့ အများအားဖြင့် ယောဂီ

သူတော်စင်များသာ ဖြစ်ကြသည့်အတွက်ကြောင့် ယခုပြောခဲ့တဲ့ ဒါန သီလ သမထ ဝိပဿနာ အဖြာဖြာသော ကောင်းမှုကုသိုလ်အားလုံးတို့နှင့် ပြည့်စုံနေကြပါပြီလို့ ဘုန်းကြီးက ဝမ်းမြောက်အားရစရာ မင်္ဂလာစကားကို ပြောကြားရပါတယ်။

## ကမ္ဘာသုံးထောင်မှ ဘုရားတဆူ

## (၂)

အဲဒီလို ကမ္ဘာပေါင်း များစွာကြာမှ တကြိမ်တခါသာ ပွင့်ထွန်းလာတဲ့ သာသနာတော်မြတ်ကြီးနှင့် ကြုံတွေ့လာကြရတဲ့ သူတော်စင် အပေါင်းများသည် သာသနာတော်အတွင်းမှာ ပြုသင့်ပြုထိုက်သော ပါရမီ ကောင်းမှု ကုသိုလ်များကို ပြုနိုင်ကြရပါတယ်၊ နောက်ပြီးတော့ ကမ္ဘာပေါင်း သုံးထောင်ကျော်လောက်မှ ဘုရားတဆူကျလောက်သာ ပွင့်နိုင်တယ်ဆိုတော့ ကျန်တဲ့ (နှစ်ထောင့်ကိုးရာ ကိုးဆယ်နဲ့ ကိုး) ကမ္ဘာတွေမှာ ဘုရားမပွင့်နိုင်ကြဘူးပေါ့၊ နို့ ဘုရားမပွင့်ယင်ကော သတ္တဝါတွေ မရှိကြဘူးလား၊ လူတွေ နတ်တွေ ဗြဟ္မာတွေ မရှိကြဘူးလားလို့ဆိုယင် ရှိကြတာပါဘဲ၊ ရှိကြသော်လဲ အားလုံးသော လူတွေဟာ လူမှုရေးရာ လောကီကိစ္စတွေနဲ့သာ အချိန်ကုန်နေကြရပြီးတော့ တဖြေးဖြေး ကြီးရင့် ပျက်ပြုန်း သေဆုံးရှိသာ သွားကြရပါတယ်၊ မိမိတို့အတွက် ဘဝသံသရာမှ ထွက်မြောက်ကြောင်း ထွက်မြောက်ရာ လောကုတ္တရာကောင်းမှု ကုသိုလ်တရားများကို ပါရမီရင့်ယော် အလောင်းတော်များမှအပ တခြား ဘယ်သူမှ ပြုလုပ်နိုင်ခြင်း မရရှိကြပါဘူးတဲ့၊ အဲယခုအခါမှာတော့ ပြောဆိုခဲ့တဲ့ အဖြစ်ဆိုးကြီးတွေက ကျော်

လွန်ပြီးတော့ သာသနာတော်ကြီးနဲ့ တွေ့နေရတာဟာ အားလုံး အင်မတန် ကံကောင်းကြတာပါပဲ။

## သာသနာတော်နဲ့ တွေ့ကြုံရတဲ့အခါ (၃)

သာသနာတော်မြတ်ကြီးနဲ့ တွေ့ကြုံရတဲ့ အခါမှာလဲ တွေ့ကြုံရကျိုး နပ်ကြရလေအောင် နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်ကောင်းမှုများကို ပြုနိုင်ကြဖို့ရန် သာမန်ပုဂ္ဂိုလ်များအနေနဲ့ ခဲယဉ်းကြမည် ဖြစ်သော်လဲ ယခု စည်းဝေးရောက်လာကြတဲ့ ကျောင်းဒကာ ကျောင်းအမ သူတော်စင်အပေါင်းတွေကတော့ အားလုံးစုံအောင် ပြုလုပ်နေကြရသူများ ဖြစ်ကြသဖြင့် အားရရွှင်လန်း ဝမ်းပန်းတသာ ရှိကြဖို့ပါဘဲ။

ပြီးတော့လဲ ယခု စံကျောင်းတော်သစ်ကြီးနှင့် စပ်ပြီးတော့ ကြီးငယ်ကိစ္စ အဝဝတွေကို ဆောင်ရွက်ကြရတယ်၊ ခုနတုန်းက မင်္ဂလာ ဦးအောင်မြင့် ကြော်ငြာသွားတဲ့ မေတ္တာရပ်ခံ စကားထဲမှာ တရက်ထဲလှူကြတဲ့ ပုဂ္ဂိုလ်တွေနှင့်ပင် အားလုံးပြည့်စုံသွားတဲ့အတွက်ကြောင့် လှူချင်ကြတဲ့ ပုဂ္ဂိုလ်တွေတောင် မလှူကြရဘူးလို့ ကြားရပါတယ်။

ဒါတင် မကသေးဘူး၊ ဘုန်းကြီးများ ခပ်စောစောကပင် ရောက်နေခြင်းဖြစ်ရာ စံကျောင်းတော်သစ်ကြီးနဲ့ စပ်ပြီးတော့ ဆောင်ရွက်နေကြတဲ့ ပုဂ္ဂိုလ်တွေ အင်ဂျင်နီယာတွေ ကာယဉာဏ အလုပ်သမားတွေရော မနားမနေ တနေ့လုံး တညလုံး မပြတ် အလုပ်တွေ လုပ်နေကြတာကို တွေ့ရ သိရပါတယ်၊ အဲဒီလို ပြုလုပ်ကြရဒါဟာ ငါတို့သာသနာတော်ကြီးနှင့် တွေ့

ကြုံရတဲ့ အတွက်ကြောင့် အကျိုးရှိရာ အကျိုးရှိကြောင်း ကောင်းမြတ်တဲ့ အလုပ်တွေနဲ့ အချိန်ကုန်ကြရတာဘဲလို့ စဉ်းစားပြီးတော့ ဝမ်းမြောက် ဝမ်းသာ ရှိကြဘို့ပါဘဲ။

ထိုပြင် သံသရာမှာ သတ္တဝါရယ်လို့ ဖြစ်လာကြရတဲ့ သူတွေမှာ ခန္ဓာကိုယ်နှင့် မကင်းနိုင်ကြပါဘူး၊ ခန္ဓာကိုယ်ကြီး ရလာကြလို့ရှိယင်လဲ အဲဒီခန္ဓာကိုယ်ကြီးကို အရာရာမှာ ပြုစုစောင့်ရှောက်ကြရပြီး ကိစ္စအားလျော်စွာ အသုံးချရပါတယ်၊ ဒီခန္ဓာကိုယ်ကြီးကလဲ အဆိပ်ပင် အဆိပ်တုံးကြီးနဲ့ တူတဲ့အတွက်ကြောင့် မျက်စိ နား နှာ စသည့် အရာတို့မှ အဆိပ်ခိုးတွေ တဖွားဖွား တထောင်းထောင်းထွက်၍ နေတတ်သဖြင့် မိမိတို့က သတိမထားမိကြဘဲ မသင့်မတင့် နှလုံးသွင်းမိခဲ့ကြပါလျှင် မျက်စိကစပြီးတော့ အကုသိုလ် အဆိပ်ခိုးတွေ ဖြစ်လာတတ်ကြပါတယ်၊ အဲဒီ အကုသိုလ် တရားဆိုးတွေကြောင့် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် တွေ ဖြစ်ကြရကာ အပါယ်ဘေး ဒုက္ခအဝဝတွေကို တွေ့ကြုံခံစားကာ နေကြရတတ်ပါတယ်၊ ထိုနည်းအတူဘဲ နားက၊ နှာခေါင်းက၊ လျှာက၊ ကိုယ်က၊ စိတ်ကလဲ စပြီးတော့ အကုသိုလ်တရားတွေ ဖြစ်ပေါ်လာကာ အဆိပ်ခိုးသင့်ကြလျက် ဆင်းရဲဒုက္ခ အမျိုးမျိုးများကို တွေ့ကြုံခံစားကြရတတ်ပါတယ်။

## ခန္ဓာကိုယ်အဆိပ်တုံးထဲက ကောင်းတဲ့အသီး ၂-လုံး

(၄)

အကျဉ်းချုပ်အားဖြင့် ဒွါရခြောက်ပါးမှာ ယောနိသောကင်းပ အသုံးမချတတ်ကြယင်ဖြင့် အမြဲတန်း ဒီဒွါရခြောက်ပါး

မှ အကုသိုလ်အဆိပ်တွေ သင့်ခံနေကြရမည်ဖြစ်၍ ဒီခန္ဓာကိုယ်ကြီးဟာ အဆိပ်တုံး အဆိပ်ပင်ကြီးနဲ့ တူပါတယ်တဲ့။ အဲဒီလို အဆိပ်တုံး အဆိပ်ပင်ကြီးနဲ့ တူတဲ့ ခန္ဓာကိုယ်ကြီးထဲမှာ ယောနိသော အရင်းခံ ပညာဉာဏ်ဖြင့် ရှာကြံကတ်သတ် ယူတတ်ကြမယ် ဆိုလို့ရှိယင်တော့ ကောင်းမြတ်တဲ့ အသီးကလေး နှစ်လုံးမျှသာ တွေ့ရှိနိုင်ပါတယ်တဲ့။ တွေ့ရှိနိုင်ပုံကလေးကို ကျမ်းဂန်မှာ

သံသာရဝိသဝက္ခဿ၊ ဒွေယောဝ မဓုရာ ဖလာ၊
ပရိယတ္တျာ ယောဂေါ စ၊ ယောဂေါ စ ပဋိပတ္တိယာ။

ဟူ၍ ဆိုထားသည်ကို တွေ့ရှိရပါတယ်။

သံသရာ တည်းဟူသော (သို့မဟုတ်) ခန္ဓာကိုယ် တည်းဟူသော အဆိပ်တုံး အဆိပ်ခဲ အဆိပ်ပင်ကြီးထဲမှာ ကောင်းမြတ်တဲ့ အသီးကလေးနှစ်လုံးကတော့....

(က) စာပေကျမ်းဂန် သင်အံပို့ချ ဟောညွှန်ပြခြင်း၊ နာခံမှတ်သားခြင်း ဟူသော ပရိယတ္တိ အနုယောဂ။

(ခ) ဒီ စာပေကျမ်းဂန်များမှ လာရှိတဲ့အတိုင်းဘဲ လမ်းမှန်တဲ့ ကျင့်ကြံအားထုတ်ပုံ အားထုတ်စဉ်များကို ဆရာကောင်းများ၏ ညွှန်ပြချက်များကို နာခံ၍ဖြစ်စေ၊ မိမိဉာဏ်စွမ်းဖြင့် ကြံဖန်၍ဖြစ်စေ ပြုလုပ် စောင့်ထိန်း ပွါးများ ရှုမှတ်ခြင်း ဟူသော ပဋိပတ္တိအနုယောဂ ဆိုတဲ့ အသီးကလေးများ ဖြစ်ကြပါတယ်။

ဒီမှ ကြွင်းကျန်တဲ့ လုပ်ကိုင်ပြောဆို ကြံဖန်မှု ဟူသမျှတွေကတော့ အဆိပ်သီး အဆိပ်ပွင့် အဆိပ်ရွက်တွေပမာတွေသာ ဖြစ်ကြတဲ့အတွက်ကြောင့် သတိမထားနိုင်ကြဘဲ ကိုယ်စားပြု

ကျင့်မိကြပါလျှင် အဆိပ်ခိုးတွေ သင့်ပြီးတော့ အပါယ်လေးဝ ဝဋ်ဒုက္ခထဲမှာ ကျင်လည်ပြေးသွား အပူပွါးလျက် နေကြရတတ်ပါတယ်တဲ့။

ဒိုယောဂီ သူတော်စင်အပေါင်းတွေကတော့ ဒီအကုသိုလ်အဆိပ်အတောက်တွေ၏ ဖြစ်ပေါ်ရာ မိမိတို့၏ ခန္ဓာကိုယ်နှင့် တကွ ဒွါရခြောက်ပါးတို့ကို ပိတ်ဆို့ထိမ်းသိမ်းခြင်းဆိုတဲ့ သတိပဋ္ဌာန် အကျင့်လမ်းစဉ်တရားတွေကို ဆရာကောင်းများအထံ ချဉ်းကပ်နာခံကြ၍ ကြိုးစားအားထုတ် ရှုမှတ်ပြီးဖြစ်ကြသောကြောင့် ငါတို့၏ သန္တာန်မှာဖြင့် ရာဂ ဒေါသ မောဟဟူသော အဆိပ်တွေအားလုံး မကုန်ကြသေးသော်လဲ ခေါင်းပါး အားသေးသလောက်တော့ ခေါင်းပါး အားသေးစေနိုင်ကြပေပြီ၊ အရာရာမှာ သက်သာမှု ချမ်းသာမှုများကို ရသင့်သလောက် ရရှိကြပြီဖြစ်ကြ၍ ခုတင်က ဟောခဲ့တဲ့ ဒေသနာအတိုင်း ပရိယတ္တိအနုယောဂ၊ ပဋိပတ္တိအနုယောဂဆိုတဲ့ ချိုမြိန် ကောင်းမြတ်သော အသီးများကို စားသုံးကြရသည့်ပမာ မဂ်ဖိုလ်နိဗ္ဗာန်၏ အရသာထူးများကိုလဲ မိမိတို့၏ပါရမီဉာဏ်စွမ်းရှိသလောက် ခံစား သုံးဆောင်ကြရပေပြီဟူ၍ စဉ်းစား ဆင်ခြင်ကြကာ ကြည်လင်ရွှင်ပျ ဝမ်းမြောက်နိုင်ကြဘို့အရေးကို အားပေး တိုက်တွန်း လိုက်ရပါတယ်။

အဲဒီလို သာသနာတော်ကြီးနဲ့ စပ်ပြီးတော့ ပြောဆို လုပ်ကိုင်ကြရတဲ့ ကောင်းမှု ကုသိုလ်များ၏ အကျိုးကြီးပုံ အလုံးစုံကို ပြောဆိုနေမည်ဆိုပါက ဆုံးနိုင်မည် မဟုတ်ပါဘူးနော်၊ ဒါပေမယ်လို့ ဒိုယောဂီအပေါင်းတွေ ခြေနဲ့လက်နဲ့ ကိုယ်နဲ့စပ်၍ အမျိုးမျိုးဆောင်ရွက်ကြရတဲ့ ဝေယျာဝစ္စ ကုသိုလ်တွေ စိတ်နဲ့ ဆောင်ရွက် မှတ်သား ကြိုးစားကြရတဲ့ ကောင်းမှုကုသိုလ်

တွေကို မိမိတို့ကိုယ်အား ဥာဏ်အားရှိသမျှ ဆောင်ရွက်၍ နေကြရပေတယ်၊ အဲဒီလို ရတနာ သုံးပါးနဲ့ စပ်ပြီးတော့ ဆောင်ရွက်ရ လုပ်ရှားရတဲ့ ခြေတလှမ်းကာလ အခိုက်အတန့်မှာ ရနိုင်တဲ့ ကုသိုလ်၏တန်ဘိုးရှိပုံများကို ဝိနည်း ပိဋကတ်-စူဠဝဂ္ဂပါဠိ အနာထပိဏ်သေဋ္ဌေးကြီး၏ ဝတ္ထုမှာ ပါတဲ့အတိုင်း ဟောပြလိုပါတယ်။

## ခြေတလှမ်းတသန်းတန်ပုံ
## အနာထပိဏ်သေဋ္ဌေးကြီးဝတ္ထု
## (၅)

ဘုန်းကြီးတို့ရဲ့ ဘုရားသာသနာမှာ လွန်စွာကျေးဇူးများတဲ့ ဇေတဝန်ကျောင်းကြီး ဒါယကာ အနာထပိဏ်သေဋ္ဌေကြီးသည် မိမိနေရပ်ဌာနီ သာဝတ္ထိပြည်မှ ရာဇဂြိုလ်ပြည်သို့ ခေတ္တလာခိုက်မှာ လောက၌ မြတ်စွာဘုရားသခင်တို့၏ ပွင့်ထွန်းပေါ်ပေါက်နေကြောင်းကို ကြားရတာနဲ့ ဘုရားအပေါ်မှာ ကြည်ညိုလေးစားတဲ့ သဒ္ဓါတရားတွေ ဖြစ်နေလိုက်တာ အိပ်လို့မပျော် နေလို့မရ ထိုင်လို့မရ ကြက်သီးတွေ တဖြတ်ဖြတ်ထကာ ကိုယ်ခန္ဓာမှ အရောင်အလင်းများပင် ထွက်၍လာကြလေတယ်တဲ့၊ အဲဒီလို အရောင်အလင်းတွေရဲ့ အစွမ်းကြောင့် မနက်မိုးသောက် အလင်းရောက်ပြီထင်တာနဲ့ အိမ်ကထွက်၍ ဘုရားကျောင်းတော်ရှိရာသို့ ရည်မှန်းပြီးလာလိုက်တာ လမ်းခုလတ်က သုသာန်ကိုပင် ရောက်လာခဲ့လေတယ်၊ ရှေးအခါက ရာဇဂြိုဟ်ပြည်ကြီးမှာ လူဦးရေက အလွန်များပြီးနေတဲ့ အတွက်ကြောင့် ညအခါ သေကြတဲ့အလောင်းကောင်တွေကို မမြှုပ်နိုင်ကြ

သေးဘဲ သုသာန်မှာ စွန့်ပစ်ထားတတ်ကြသဖြင့် သေဋ္ဌေးကြီး ရောက်သွားတဲ့အခါ ထိုအလောင်းတွေကို တိုးမိတိုက်မိသဖြင့် ဘုရားအပေါ် ၌ ကြည်ညိုမှုအားနည်းကာ အလင်းရောင်ပျောက်၍ ကြောက်စိတ်တွေ ဝင်ရောက်လာလေတယ်တဲ့။

အဲဒီအခါမှာ သင်းချိုင်းစောင့် ဘီလူးကြီးက အောက်ပါ ဂါထာကလေးဖြင့် အားပေးစကား ပြောကြား တိုက်တွန်း လိုက်လေတယ်။

သတံ ဟတ္ထီ သတံ အဿာ၊ သတံ အဿတရီရထာ။
သတံ ကညာသဟဿာနိ၊ အာမုက္ကမဏိကုဏ္ဍလာ။
ဧကဿ ပဒဝီတိဟာရဿ၊ ကလံ နာဂ္ဃန္တိ သောဠသိံ ။

မဟာသေဋ္ဌိ-အနာထပိဏ်  သဒ္ဒါရှိန်ထန်သည်း အိုသေဋ္ဌေး ကြီး။ ယော ကောစိ-အမတ်မထင် အကြင် တစုံတယောက် သောသူသည်၊ သတံ ဟတ္ထီသဟဿာနိ-ဆင်ယာဥ်တသိန်းတို့ကို ၎င်း၊ သတံ အဿသဟဿာနိ-မြင်းယာဥ် တသိန်းတို့ကို၎င်း၊ သတံ အဿတရီရထသဟဿာနိ-သိန္ဓောမြင်းယာဥ် တပ်ယှဥ် အပ်ငြား မြတ်ရထား တသိန်းတို့ကို၎င်း၊အာမုက္ကမဏိကုဏ္ဍလာ၊ ပြည့်ဝစုံလင် တန်ဆာဆင်လျက် ပြောင်စင်ထိန်လျှပ် စိန်နား ကပ် စိန်ဆံထိုး အမျိုးမျိုးရှိကြကုန်သော၊ သတံ ကညာသဟ-ဿာနိ-သတို့သမီးကညာ တသိန်းတို့ကို၎င်း၊ လဘတိ-ဆု မြတ် အနေ ရရှိပါပေ၏၊ တောနိ-၎င်းသို့စုံညီ သိန်းလေးလီကို အတည်ရရိုး ဆုလာဘ်မျိုးတို့သည်၊ ဧကဿ ပဒဝီတိဟာရဿ-ကောင်းမှုပြုရန် ရည်သံစိတ်မှန်း ခြေတလှမ်းကာလ ရရှိနိုင်ရိုး ကုသိုလ်အကျိုး၏၊ သောဠသိံ ကလံ-တဆယ်ခြောက်စိတ် ခွဲဝေ

စိတ်ကာ တစိတ်ဧာလောက်မျှပင်၊ န အဂ္ဃန္တိ-မှန်းဆရည်သ် မထိုက်တန်နိုင်ကြသည်သာတည်း။

သေဌေးကြီး ရှေ့တိုး ရှေ့တိုး နောက်မဆုတ်လိုက်ပါနဲ့၊ သင် သေဌေးကြီး၏ ဘုရားရှင်ကို ရည်မှန်းပြီး ယခုထွက်လာခြင်း ဟာ အင်မတန်မှ ကြီးပွါးရာ ကြီးပွါးကြောင်း ကောင်းမြတ် သော ကိစ္စရပ်ဖြစ်ပါတယ်၊ ဘယ့်လောက်မြတ်တယ် တန်ဘိုး ရှိတယ် ဆိုတာကို လောကဥပမာအားဖြင့် ပြောရမယ် ဆိုပါ လျှင် ဤလောကကြီးအတွင်း၌ အမှတ်မထင် အကြင် တစုံ တယောက်သော ပုဂ္ဂိုလ်သည် ဆောင်ရွက်လုပ်ကိုင်ချက် ထူး ခြားလို့ ဖြစ်စေ၊ ဘုန်းကံပါရမီ ကြီးမားလို့ ဖြစ်စေ၊ ဆုထူး ဆုမြတ်အနေအားဖြင့်

(က) ဆင်ယာဉ်အစီးပေါင်း တသိန်း၊

(ခ) မြင်းယာဉ်အစီးပေါင်း တသိန်း၊

(ဂ) သိန္ဓောမြင်းများ တပ်ယှဉ်ရသည့် ရထားယာဉ် ပေါင်းတသိန်း၊

(ဃ) ပုတီး ဘယက် လက်ကောက် လက်ကြပ် နားကပ် လက်စွပ် အဝတ်တန်ဆာ အဖြာဖြာ ဆင်ယင် ထားတဲ့ သတို့သမီးကညာတသိန်း

စသည်ဖြင့် တသိန်းလေးလီ စုညီပြည့်ဝ ရရှိအပ်သော ဆုမြတ်၏ တန်ဘိုးသည် သင် သေဌေးကြီး ယခုကြည်ညိုဆဲဖြစ်တဲ့ ဘုရား တရား သံဃာ ရတနာမြတ်တို့၏ ဂုဏ်ကျေးဇူးတော် စသည် တွေကို ပွါးများဆင်ခြင် ကြည်ရွှင်သောစိတ်ထားဖြင့် ထွက်ခွါ လှမ်းသွား လှုပ်ရှားရသော ခြေတလှမ်းအခိုက်မှာ ရရှိတဲ့ ကုသိုလ်ထူးလောက်မျှ တန်ဘိုးမရှိနိုင်ပါဘူးတဲ့၊ ခြေတလှမ်း အခိုက်မှာ ရရှိတဲ့ ကုသိုလ်နှင့် ညီမျှဘို့ မဆိုထားနှင့်၊ ထို

ကုသိုလ်ကို တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်မျှလောက်ပင် တန်ဘိုးမရှိဘူး ဟူ၍ ဆိုလိုပါတယ်။

အဲဒီလို အဓိပ္ပါယ်ရှိတဲ့ စကားများဖြင့် သုသာန်စောင့် ဘီလူးကြီးက တိုက်တွန်းအားပေးလိုက်တဲ့ အခါကျတော့ သေဌေးကြီးရဲ့ စိတ်ထဲမှာ ဩော်-အစကတော့ ငါတယောက်ထဲ ထင်မှတ်နေခဲ့တယ်၊ ယခု ငါ့ရဲ့ နောက်မှ အဖော်တွေ များစွာ ရှိနေပါကလားဟူ၍ စဉ်းစားဆင်ခြင်ကာ ကြောက်စိတ်တွေ ပျောက်ကင်း ရဲတင်းကြည်ညိုခြင်း စိတ်များ ပြန်ပြီး ဖြစ်ပေါ် လာကာ (ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ) စသည်ဖြင့် ဘုရားရှင်၏ ဂုဏ်တော်တွေကို အာရုံပြု၍ ပွါးများ လိုက်ပြန်ရာ မိုက်မှောင်ကင်းကွာ အလင်းရောင်များ ဖြစ်ပေါ် လာသဖြင့် သေဌေးကြီးလဲ ဘုရားရှိရာ အရပ်သို့ ဆက်လက် သွားနိုင်ခဲ့လေရာ ဘုရားရှင်ရှိရာသို့ ချောချောမောမော ရောက် သွားလေတယ်တဲ့၊ ထိုအခါ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက စောင့်မျှော်နေသည့်အတိုင်း အနီးသို့ရောက်လာသော သေဌေး ကြီးကို (ဧဟိ သုဒတ္တ)အမောင်သုဒတ္တ ငါ့အနားသို့ လာခဲ့ပါ၊ သင်၏လာခြင်းဟာ အလွန်ကောင်းမြတ်သော လာခြင်း ဖြစ်ပါ တယ်၊ အစရှိသည့် သာယာနှစ်သက်ဖွယ်သော စကားများဖြင့် ဆီးကြိုနှုတ်ဆက်လေတယ်တဲ့။

သေဌေးကြီးလဲ အဝေးကပင် ရောင်ခြည်တော်များ ကွန့်မြူး လျက် တင့်တယ်စမွယ်စွာ နေထိုင်သော မြတ်စွာဘုရားကို တွေ့ရတာနဲ့ မမေးမမြန်းရဘဲနှင့် ဘုရားမှန်း သိရှိကာ လွန်စွာ အားရနှစ်သက်ခြင်းဖြင့် အနားသို့ ကပ်ရောက်သွားလေရာ ဘုရားရှင်ကိုယ်တော်မြတ်က မိမိ၏ သုဒတ္တ ဟူသော ငယ် နာမည်ဖြင့် လှမ်း၍ ခေါ်ကာ နှုတ်ဆက်သံကို ကြားရသဖြင့်

ဆထက်တိုး၍ပင် ဝမ်းမြောက်လေးစားခြင်း ဖြစ်သွားလေတယ်တဲ့၊ မြတ်စွာဘုရားကလဲ သေဋ္ဌေးကြီးအား နှုတ်ဆက်စကားပြောရင်းဘဲ တရားဓမ္မများကို ဟောပြောဆုံးမလေရာ၊ သေဋ္ဌေးကြီးသည် ကောင်းမှုပါရမီကံ ရင့်သန်ပြီးသူ ဖြစ်သည်အားလျော်စွာ သောတာပတ္တိမဂ်-ဖိုလ် ဉာဏ်ထူးများကို ဆွတ်ခူးရရှိကာ သာသနာတော်ကိုလဲ အသက်ပေးပြီးတော့ ကြည်ညိုမှု ရသည်နှင့် မြတ်စွာဘုရားကိုပါ မိမိတို့၏ နေရပ်ဌာနီသာဝတ္ထိပြည်သို့ ပင့်ဆောင်ပြီးလျှင် ငါးဆယ့်လေးကုဋေသောအသပြာငွေတို့ကို အကုန်ခံကာ ဇေတဝန် ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းလျက် အသက်ထက်ဆုံး သာသနာတော်ကြီးကို ပြုစုစောင့်ရှောက်၍ သွားနိုင်ခဲ့လေတယ်တဲ့။

ကဲ ကဲ၊ ဒီအကြောင်းအရာကလေးများနဲ့ စပ်ပြီး ဆောင်ပုဒ်ကလေးများကို ချပေးပါ့မယ်၊ အားလုံး လိုက်ဆိုကြ၊ မှတ်သားထားကြပေတော့။

(က) ဆင်မြင်းရထား၊ ကညာများ၊ ရခြား တသိန်းစီ။

(ခ) ကုသိုလ်ရေးတွက်၊ စိတ်မှန်းချက်ဖြင့်၊ လှမ်းထွက်သွားရ၊ ခြေတဘဝါးမျှ၊ ဘိုးကားမထိုက်ပြီ။

အခိုပ္ပါယ်ကတော့ ရှေနားက ပြောဆိုပြီး ပြဆိုပြီး စကားများဖြင့်ပင် ထင်ရှားသိမြင် နိုင်လောက်ကြပါပြီ။

ယခု ပြဆိုခဲ့တဲ့ စကားရပ်များဖြင့် သာသနာတော်ကြီးနဲ့ စပ်သွယ်ပြီး မိမိတို့ သွားလာလုပ်ကိုင် ဆောင်ရွက်ကြရတဲ့ အခိုက်မှာ ရနိုင်တဲ့ ကောင်းမှုကုသိုလ်များကို သိရှိထင်မြင်ပညာယဉ်ကြလျက် ဆထက်ထမ်းပိုး တိုး၍သာ ဆောင်ရွက်နိုင်ကြပြီးလျှင် လိုလားအပ်သော ဆုထူးဆုမြတ်နှင့် တကွနိရောဓသေစွာ နိဗ္ဗာန်ဓာတ်မဟာကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ထူး

တို့ဖြင့် ဆွတ်ခူးပိုင်ပိုင် ရရှိနိုင်ကြပါစေဟု၍ ဘုန်းကြီးက ဆု တောင်းလိုက်ပါတယ်။

## ကျောင်းစသည် လှူရသောအကျိုးများ
## မဟာသုဒဿန စကြာမင်းကြီးဝတ္ထု
## (၆)

ကဲ စံကျောင်းတော်သစ်ကြီးနဲ့ စပ်တဲ့ တရားကိုတော့ အ ကျယ်ဟောရန် အချိန်မရတော့ပါဘူး၊ ဖွဲ့စီထားတဲ့ ဆောင်ပုဒ် ကလေးများကို ချပေးရင်း အကျဉ်းချုံးပြီးတော့သာ ဟောပြ သွားပါမယ်။

ဘုန်းကြီးတို့ရဲ့ ဘုရားအလောင်းတော် မဟာသုဒဿနစကြာ မင်းကြီး ဖြစ်လတ့ံသော သူကြွယ်တယောက်သည် ကဿပ မြတ်စွာဘုရား၏ သာသနာတော် နောက်ဖျား၌ ရဟန်းတပါး ကမ္မဋ္ဌာန်းဘာဝနာတရား ကြိုးစားအားထုတ်နေသည်ကို တော ထဲသွားရင်း တွေ့ရလေရာ ကြည်ညိုဝမ်းမြောက် သဒ္ဓါပေါက်ကာ လေးစားစွာဖြင့် ထိုရဟန်းတော်မြတ် နေထိုင်ရန် သစ်ရွက်မိုး ကျောင်းကလေးတဆောင် ဆောက်လုပ် လှူဒါန်းခဲ့လေတယ် တဲ့၊ ထိုသို့ ကျောင်းကလေးတဆောင် ဆောက်လုပ်လှူဒါန်းခဲ့ရ သော ကောင်းမှုကံကြောင့် အဲဒီ သူကြွယ်သည် မဟာသုဒဿန မင်းကြီး ဖြစ်လာတဲ့အခါမှာ ကြီးကျယ်ခမ်းနားလှစွာသော နေပြည်တော်ကြီးနှင့်တကွ မြို့တော်ပေါင်း ရှစ်သောင်းလေး ထောင်၊ နန်းပြာသာဒ်ဆောင်ပေါင်း ရှစ်သောင်းလေးထောင်၊ အိမ်တော်ပေါင်း ရှစ်သောင်း လေးထောင်တို့ကို ရရှိတော်မူ လေတယ်တဲ့။

ကဲ-ကဲ-ဒါကလေးနဲ့ စပ်ပြီးတော့ ဆောင်ပုဒ်ကလေးကို ချပေးမယ်၊ လိုက်ဆို မှတ်သားကြပေတော့။

(က) ရှစ်သောင်းလေးထောင်၊ မြို့ဆောင်ဆောင်နှင့်၊ နန်းခေါင်ပြာသာဒ်၊ အိမ်တော်မြတ်၊ ရလာဘ်ကျောင်းလှူကျိုး။

ထိုပြင် ဆောက်လုပ်ထားတဲ့ ကျောင်းကလေးမှာ သံဃာတော် အရှင်သူမြတ် ကျိန်းစက်နေထိုင်ရန် ကုဋင် စားပွဲခုံကုလားထိုင် စသည်များကိုလဲ ပြုလုပ်လှူဒါန်းခဲ့ရတဲ့ ကောင်းမှုကြောင့် မဟာသုဒဿန စကြာမင်းကြီး ဖြစ်လာတဲ့အခါမှာ ရတနာတို့ဖြင့် ချယ်စီအပ်တဲ့ ပလ္လင်ညောင်စောင်းများနှင့် ရထား မြင်း ဆင် စသော အသုံးအဆောင်များကိုလဲ ရှစ်သောင်းလေးထောင်စီပင် ဖြစ်ပေါ်ရရှိခဲ့လေတယ်တဲ့။

ကဲကဲ ဆောင်ပုဒ်များကို လိုက်ဆိုကြရမယ်။

(ခ) နည်းတူပလ္လင်၊ ရရှိအင်၊ ခုဋင် လှူရကျိုး။

(ဂ) ရထား မြင်း ဆင်၊ ရရှိအင်၊ အင်းပျဉ် လှူရကျိုး။

အဲဒီ ကျောင်းဆောက်ပြီးတော့ သံဃာတော်အရှင်မြတ်နားမှာ ဆီမီးခွက်များ ထွန်းကာ လှူဒါန်းခဲ့တဲ့ ကောင်းမှုကြောင့် မဟာသုဒဿနမင်းကြီးဘဝမှာ စိတ်လို ဆန္ဒအတိုင်း ပြီးစေနိုင် ရစေနိုင်တဲ့ မနောမယ ပတ္တမြားရတနာပေါင်း ရှစ်သောင်းလေးထောင်တို့ကိုလဲ ရသည့်အပြင် အဲဒီ ကျောင်းနားမှာ ရေကန်ကလေးတကန်ကိုလည်း တူးဖော်လှူဒါန်းခဲ့တဲ့ ကောင်းမှုကြောင့် မဟာသုဒဿနမင်းကြီးမှာ ကြာမျိုးငါးပါးတို့ဖြင့်

ခမ်းနားကြီးကျယ်သော ရေကန်တော်ပေါင်း ရှစ်သောင်းလေးထောင်တို့ကိုလဲ ရရှိလေတယ်တဲ့။

ကဲ-ကဲ-ဆောင်ပုဒ်များကို လိုက်ဆိုကြရမယ်။

(ဃ) ပတ္တမြားရတနာ၊ ရရှိတာ၊ လှူပါဆီမီးကျိုး။

(င) များမြောင်ရေကန်၊ ရရှိဟန်၊ ရေကန်လှူရကျိုး။

ထို့ပြင် အဲဒီ သံဃာတော် သုံးဆောင်ရန် နွားနို့များကို လှူဒါန်းခဲ့တဲ့ ကောင်းမှုကြောင့် နို့စားနွားမပေါင်း ရှစ်သောင်းလေးထောင်တို့ကို ရရှိခဲ့တယ်၊ နေ့စဉ်နေ့တိုင်း ဆွမ်းဘောဇဉ် ခဲဘွယ်များကို လှူဒါန်းခဲ့ရတဲ့အတွက်ကြောင့် မဟာသုဒဿနမင်းကြီးဘဝမှာ ချက်ပြီး ကျက်ပြီးသား ထမင်းပြည့်အိုးပေါင်း တနေ့တနေ့လျှင် ရှစ်သောင်းလေးထောင်စီ ရရှိခံစားခဲ့ရတယ်တဲ့။

ကဲ-ကဲ-ဆောင်ပုဒ်များကို လိုက်ဆိုကြရမယ်။

(စ) နွားမများစွာ၊ ရရှိတာ၊ လှူရှာနွားနို့ကျိုး။

(ဆ) ထမင်းပြည့်အိုးများ၊ရရှိငြားၗတ်သားဆွမ်းလှူကျိုး။

ထိုသံဃာတော်အရှင်မြတ် ဝတ်ရုံရန် တိစီဝရိက် အဝင်အပါသင်္ကန်းများကို လှူဒါန်းခဲ့ရတဲ့ အတွက်ကြောင့် ချည်အမျိုးမျိုးတို့နှင့် ယက်သားတဲ့ အဝတ်အထည်ပေါင်း ရှစ်သောင်းလေးထောင်စီကိုလဲ ရရှိခဲ့လေတယ်၊ ထို့ပြင် ထိုကျောင်းနှင့် ရေကန်များသို့ ကျွဲ နွား စသည်တို့ မဝင်နိုင်အောင် သစ်ကိုင်းကလေးများကို ခုတ်ပြီးတော့ စည်းရိုးအကာရံကလေး ပြုလုပ်လှူဒါန်းခဲ့တဲ့ အတွက်ကြောင့် ရတနာခုနစ်ပါးဖြင့် ပြီးတဲ့ တံတိုင်းကြီး ခုနစ်ထပ်တို့ကို ရရှိခဲ့တယ်၊ ရေကန်၏ကန်သင်း၌ ထန်းပင်များကို စိုက်လှူခဲ့ရတဲ့ ကောင်းမှုရှိန်စော် အာနုဘော်တို့ကြောင့် ထို တံတိုင်း ခုနစ်ထပ်တို့၏အကြားများမှာ ရတနာ

ခုနစ်ပါးဖြင့် ပြီးတဲ့ ထန်းပင်ကြီးများ အလိုလို ပေါက်ရောက်လာရလေဘာယ်ဘဲ့။

ကဲ-ကဲ-ဆောင်ပုဒ်ကလေးများကို လိုက်ဆိုကြ။

(၉) ဝတ်ရုံများစွာ၊ ရရှိတာ၊ မှတ်ပါ ဝတ်လှူကျိုး။

(၁၀) တံဘိုင်းခုနစ်ဘန်၊ ရရှိပြန်၊ ကာရံစည်းလှူကျိုး။

(၁၁) ရဘနာ၁ထန်းပင်၊ ပေါ်ပေါက်အင်၊ ထန်းပင်စိုက်လှူကျိုး။

ထို့ပြင် အသေးအဖွဲ့ သေနာသန အသုံးအဆောင်အားဖြင့် လက်သည်းလှီး ဓားကလေးက စပြီးတော့ နားဖာကလော်၊ သွားကြားထိုးတန်၊ ထီး၊ ဘိနပ်၊ ခြေသုတ်၊ တံမြက်စည်း၊ ရေအိုး၊ ရေခွက်၊ ရေစစ်၊ ဒန်ပူအစရှိတဲ့ သေနာသန အသုံးအဆောင်ကလေးတွေကို လှူခဲ့ရတဲ့ကောင်းမှု အစုစုတို့ကြောင့် မဟာသုဒဿနစကြာမင်းကြီးဟာ သားသမီးရတနာပေါင်း ရှစ်သောင်းလေးထောင်၊ မိဖုရားရတနာပေါင်း ရှစ်သောင်းလေးထောင်၊ ဘုရင်မင်းမြတ် အလိုရှိယင် အချိန်မရွေး စိုက်ထုတ်ပေးနိုင်ကြဘဲ့ သေဌေး သူကြွယ် ရတနာပေါင်း ရှစ်သောင်းလေးဆောင်စီဘို့ကိုလဲ ရရှိလေဘာယ်လို့ ဆိုထားပါတယ်။

ကဲ- ဆောင်ပုဒ်ကလေးကို လိုက်ဆိုကြရမယ်။

(၁၂) သားမယားသူကြွယ်၊ အသွယ်သွယ်ပ၊ ပေါ်ပေါက်ရ၊ သေနာသနကျိုး။

ကဲ-ကဲ-အချိန်ကလဲ စေ့ပြီဖြစ်တဲ့အတွက်ကြောင့် တရားသိမ်းပါတော့မယ်။

ဤသခု ဟောပြောခဲ့သော ဝတ္ထုသွား တရားဒေသနာတော်အရ အလောင်းတော် မဟာသုဒဿနစကြာမင်းကြီးသည် ကြီးကျယ် ခမ်းနား များပြားစွာသော လောကီ စည်းစိမ်ချမ်းသာ

များကို ရရှိခံစားရသည်သာမက သဗ္ဗညုတဉာဏ်တော်ထူးကိုပါ ဆွတ်ခူးကာ သမ္မာသမ္ဗုဒ္ဓ မြတ်ဘုရားအဖြစ်ဖြင့် နိဗ္ဗာန်ရွှေပြည် မြတ်ကြီးသို့ ဝင်စံတော်မူရပါတယ်တဲ့။

## တရားနိဂုံး ဆုပေး

## (၇)

စည်းဝေးရောက်လာကြကုန်သော ယောဂီသူတော်စင် အပေါင်းတို့လဲဘဲ စံကျောင်းတော်သစ်ကြီးနှင့်စပ်၍ ပြုပြုသမျှ မွန်မြတ်သော ကုသိုလ်ကောင်းမှုကံတို့၏ အစွမ်းသတ္တိကြောင့် ဤယနေ့ ယခုအချိန်ကစပြီးတော့ နိဗ္ဗာန်သို့ ရောက်ရသည် တိုင်အောင် လောကီ လောကုတ္တရာ လိုရာအမျိုးမျိုး အကျိုး ဖလ အဝဝတို့ကို ရရှိခံစံနိုင်ကြမည်မှာ ကေန်ပင်ဖြစ်ပေသည် ဟူ၍ ယုံကြည်တက်ကြွ ထက်မြက်လှသော သဒ္ဓါတရားဖြင့် ရွှေသွားဉာဏ်ရောင် အလင်းဆောင်လျက် မြင့်ခေါင်ဒါန သီလ ဘာဝနာ အဖြာဖြာတို့ကို ကြိုးစားအားထုတ်နိုင်ကြပါစေ၊ ထို ကောင်းမှုမျှဖြင့်လဲ အားရတင်းတိမ်ပြီးတော့ မနေကြသေးဘဲ သက်ဆိုင်ရာ ကမ္မဋ္ဌာနာစရိယများထံ ချဉ်းကပ်နာခံနိုင်ကြ လျက် ယခုဘဝမှာပင် မဂ်ဖိုလ်နိဗ္ဗာန်တရားထူးများကို ဆွတ်ခူး ရရှိနိုင်သော ဝိပဿနာအကျင့်တရားများကိုပါ မပျက်မကွက် ဆက်လက်ကြိုးစား ကျင့်ပွါးရှုမှတ်နိုင်ကြ၍ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ခပ်သိမ်းတို့၏ ကင်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ရွှေပြည်မြတ်ကြီးကို မဂ်ဉာဏ် ဖိုလ်ဉာဏ် အဆင့်ဆင့်တို့ ဖြင့် မြင့်သထက်မြင့်ကာ လျင်မြန်စွာ မျက်မှောက်ပြုလျက် ဝင်စံ နိုင်ကြပါစေသတည်း။

(သာဓု-သာဓု-သာဓု)

ရန်ကုန်မြို့
သာသနာ့ရိပ်သာ၌ မဟာစည်ကျောင်းတော် ရေစက်ချပွဲအတွက်
ကျင်းပသော အကြိုတရားပွဲ သုံးညတွင် ဒုတိယည ဒုတိယပိုင်း၌
စစ်ကိုင်းမြို့
**အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီ ဆရာတော်ဘုရားကြီး**
**ဟောကြားတော်မူသော**

# ကျောင်းအနုမောဒနာ တရားတော်

**စကားပလ္လင်**

**(၁)**

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။

ဒီဂါထာကလေးဟာ ရှေးက အရှင်ပစ္စေကဗုဒ္ဓါတွေရဲ့ခေတ် အဲဒီအချိန်ကာလတုန်းက အရှင်ပစ္စေကဗုဒ္ဓါ မထေရ်မြတ်တို့ကို တစုံတခုသော ဝတ္ထုပစ္စည်း လှူးဒါန်းတဲ့အခါမှာ အဲဒီအရှင်ပစ္စေကဗုဒ္ဓါမထေရ်မြတ်က ရွတ်ဆိုပြီး ဆုပေးလိုက်တဲ့ ဂါထာ ဖြစ်ပါတယ်။ အဲဒီဂါထာရဲ့ အနက်အဓိပ္ပါယ်ကို ထင်ရှား သိကြ ရအောင် အနက်မြန်မာပြန်ပြမယ်။

ရတနတ္တယပဏာမာနုဘာဝေန စ၊ ဘုရား တရား သံဃာ အားဖြင့် သုံးပါးမြတ်စွာ ရတနာကို သဒ္ဓါရိုကြိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ကြရသော ကုသိုလ် ကံ စေတနာ၏ အာနုဘော်တော်ကြောင့်ရင်း။ (ဒီပုဒ်ကလေး က သူ့မူလ ဂါထာထဲမှာတော့ မပါဘူး၊ ဒီပရိသတ်နဲ့ ဒီလုပ်ငန်း နဲ့ ဆီလျော်လို့ ဘုန်းကြီးက ထည့်ပြီး အနက်ပြန်ပါတယ်။ ယခု တရားနာလာကြတဲ့ ဒကာ ဒကာမတွေအားလုံးကို ယောဂီ

တွေလို့ ဆိုကြပါစို့၊ ယောဂီတွေချည်းလိုဘဲ ဖြစ်နေပါတယ်။ ဒီယောဂီ ဒကာ ဒကာမတွေဟာ ဒီနေ့ဒီရက် ဒီအချိန် ဒီကာလမှာ ဘုရား တရား သံဃာ ဆိုတဲ့ ရတနာမြတ်သုံးပါးကို ယခုဘဲ သြကာသ သြကာသ စသည်ဖြင့် ညီညီညာညာ ရွတ်ဆိုပြီး ရှိခိုးကန်တော့ကြတယ်၊ အဲဒီ ရှိခိုးကန်တော့တဲ့ အခိုက်အတန့်ကလေးမှာ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေ တရားတော်ရဲ့ ဂုဏ်တော်တွေ သံဃာတော်ရဲ့ ဂုဏ်တော်တွေ ဒီဂုဏ်တော်တွေကို အာရုံပြုကြရတဲ့ ပဏာမ ကုသိုလ် စေတနာတွေရဲ့ အာနုဘော်ကြောင့်ရှင်း-လို့ ဆိုလိုပါတယ်။ ပြီးတော့ နောက်တပုဒ်လဲ ရှိပါသေးတယ်။)

ပစ္စယာနုဂ္ဂဟစေတနာနုဘာဝေန စ၊ ပစ္စည်းလေးဖြာ အရာရာကို ဖရဏာလွှမ်း ဆီထိဂွမ်းသို့ ရွှင်လန်းကြည်ညို သဒ္ဓါပိုလျက် ဆက်ကပ်လှူဒါန်းကြရသော ကုသိုလ်စေတနာ၏ အာနုဘော်ကြောင့်ရှင်း။ (ဒီပုဒ်လဲ သူ့မူလဂါထာထဲမှာ မပါဘူး၊ ဘုန်းကြီးက ထည့်ပြီး အနက်ပြန်ပါတယ်။ ဆိုလိုတာက တော့ ဒီကနေ့ ဒီမှာစုဝေးပြီးတော့ တရားနာကြတဲ့ ပုဂ္ဂိုလ်တွေဟာ အားလုံးဘဲ ဆွမ်း သင်္ကန်း ကျောင်း ဆေးဆိုတဲ့ ပစ္စည်းလေးပါးကို အဓိကထားပြီး လှူဒါန်းကြတဲ့ အချိန်အခါ၊ နောက်နောက်တုန်းက လှူခဲ့တဲ့ ရက်တွေကိုတောင် မထည့်ဘဲ ထားလိုက်ပါဦး၊ ဒီကနေ့ အခိုက်အတန့်ကလေး၊ သို့မဟုတ် ဒီကျောင်းရေစက်ချ ပူဇော်ပွဲ ကျင်းပနေတဲ့ ဒီကနေ့ နက်ဖြန် သန်ဘက် ဆိုတာလိုဘဲ ဆွမ်း သင်္ကန်း ကျောင်း ဆေး လေးပါးသော ပစ္စည်းတွေကို အဓိကထားပြီးသကာလ လှူကြ တန်းကြတဲ့ အချိန်အခါဖြစ်တယ်။ အဲဒါကြောင့် အဲဒီလို အချိန်အခါ ကာလမှာ အဲဒီလို ပစ္စည်းလေးပါးတွေကို လှူကြတန်းကြတဲ့

ကုသိုလ်စေတနာတွေရဲ့ ကောင်းကျိုးချမ်းသာကို ပေးနိုင်တဲ့ အစွမ်းအာနုဘော်ကြောင့်ဝ္ဂင်း-လို့ ဆိုလိုပါတယ်။)

ပစ္စယာနုဂ္ဂဟစေတနာနုဘာဝေန စ၊ ပစ္စည်းလေးဖြာ အရာရာကို ဖရဏာလွှမ်း ဆီထိဂွမ်းသို့ ရှင်လန်းကြည်ညို သဒ္ဓါပိုလျက် ဆက်ကပ်လှူဒါန်းကြရသော ကုသိုလ်စေတနာ၏ အာနုဘော်ကြောင့်ဝ္ဂင်း။ တုယ့်-တုမှာကံ၊ စာဂစေတနာ သဒ္ဓါဖြူစင် သင်အလှူရှင်ဖြစ်ကြတဲ့ ဒကာ ဒကမအပေါင်းတို့အား။ ဣစ္ဆိတံ၊ မနောမယ သောမနရှင်ပို အလိုရှိအပ်သော။ ပတ္ထိတံ၊ ဘောဂဘဝ စသည်ပွါးတိုး နှောင်မညိုးအောင် အားကိုးသတ်မှတ်တောင့်တအပ်သော။ ဝရံ၊ ကောင်းမြတ်လွန်ကြူး ဆုထူးဆုမြတ် အပေါင်းသည်။ ခိပ္ပမေဝ၊ မကြာစေရ ယခု လှူဆဲတန်းဆဲ ပေးကမ်းဆဲ ခဏဥ္စပင်လျှင်။ သမိဇ္ဈတု၊ စိတ်ကြံရှိတိုင်း မဆိုင်းခဏ ပြည့်စုံကြပါစေကုန်သတည်း။

(သာဓု သာဓု သာဓု)

ဒါလောက်ဆိုယင် သတ္တဝါတွေ လိုလား တောင့်တသမျှဆုတွေဟာ ကုန်ပါပြီ စုံပါပြီ၊ ဒါပေမဲ့ နောက်အပိုဒ်က ပြည့်စုံပုံကလေးကို စိတ်အကြံဘက်ကလှည့်ပြီး ဥပမာနဲ့ ပြောပြလိုက်ပါသေးတယ်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ကပ္ပါ၊ ကောင်းနိုးရာရာ အဖြာဖြာအဝဝ အကြံအစည်ဟူသမျှတို့သည်။ စန္ဒော ပန္နရသော ယထာ၊ တဆယ့်ငါးရက် ဥဒည်ထက်မှ ပေါ်ထွက်ရှိလာသော လပြည့်ဝန်းကြီးကဲ့သို့။ (နားလည်လွယ်အောင် မြင်လွယ်အောင်လို့ တွဲဘဲ့ဥပမာကလေး တယ်ကောင်းတယ်။ သတ္တဝါတဦးတယောက်ရဲ့ လိုလားချက်ကို ဘယ်လောက်လိုလားတယ်ဆိုတာ မှန်းဘို့ ဆဘို့ တိုင်းဘို့ ထွာဘို့က တော်တော်အခက်

သွားဘဲ၊ လောဘအလျောက် လိုချင်ကြတာချည်းဘဲ၊ ခုနက ရှေ့ပိုင်းကိုယ်တော်က ပြောသွားတဲ့ ဝတ္ထုထဲမှာ တောင့်တတဲ့ ဝတ္ထုပစ္စည်းတွေဟာ နည်းတာမဟုတ်ဘူး၊ ဒါလောက်နဲ့တောင် တင်းတိမ်ချင်မှ တင်းတိမ်ဦးမယ်၊ ဒီတော့ အရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်များက မင်းမှာ ဒီဝတ္ထုပစ္စည်းကလေးကို လှူဒါန်းရတဲ့ အတွက်ကြောင့် မင့်စိတ်သန္တာန်ထဲမှာ ကြံကြံသမျှ ဝတ္ထုပစ္စည်းအခြေအနေတွေဟာ အကုန်လုံး ပြည့်စုံပါစေ-တဲ့။ ဒီလိုဆိုတော့ လိုချင်သမျှတွေ အကုန်စုံသွားပါတယ်၊ အဲဒီ လိုချင်တာတွေ ဟူသမျှကို ပြည့်ပြည့်ဖြိုးဖြိုးကြီး မင်းရပါလိမ့်မယ်လို့ ဆိုလိုပါတယ်၊ ဘယ်လောက် ပြည့်ပြည့်ဖြိုးဖြိုးကြီး ရမှာလဲလို့ ဆိုယင် အဲဒီ ကြားနာနေတဲ့ ပုဂ္ဂိုလ်တွေ အားလုံး နားလည်အောင်လို့ မိုးပေါ်က လကြီးနဲ့ နှိုင်းယှဉ်ပြီး ပြောပြလိုက်ပါတယ်၊ လဆန်း ၂-ရက် ၃-ရက်က စပြီး ပေါ်လာတဲ့ လဟာ လပြည့်နေ့ညကျတော့ ဝိုင်းဝိုင်းစက်စက် ပြည့်ပြည့်ဖြိုးဖြိုးကြီး ဖြစ်နေတယ်၊ ဘယ်နေရာကမှ အချိုင့်အခွက်မရှိဘူး၊ အဲဒီလိုဘဲ မင်းလိုချင်သမျှ တောင့်တသမျှ အကြံအစည် ဟူသမျှဟာ တဆယ့်ငါးရက် ဥဒည်တောင်ထက်မှ ပေါ်ထွက်လာသော လဝန်းကြီးလိုဘဲ မင့်သန္တာန်မှာ ပြည့်စုံပါစေလို့ ဒီလို ဆုပေးတာပါဘဲ။)

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ကပ္ပါ၊ ကောင်းနိုးရာရာ အဖြာဖြာအဝဝ အကြံအစည်ဟူသမျှတို့သည်။ စန္ဒော ပန္နရသော ယထာ၊ တဆယ့်ငါးရက် ဥဒည်ထက်မှ ပေါ်ထွက်၍ လာသော လပြည့်ဝန်းကြီးကဲ့သို့။ ပူရေန္တု၊ သဒ္ဓါဗလဝ ပသန္နကြောင့် ခဏကုံလုံ ပြည့်စုံကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

ဒီ တရားဂါထာ တပုဒ်နဲ့ ဆိုယင်လဲ ဒီကျောင်းရေစက်ချပွဲကြီးမှာ အနုမောဒနာတရား ပြည့်စုံသွားတာပါဘဲ၊ အဲ-ရှေးက အရှင်ပစ္စေကဗုဒ္ဓါတွေ တရားဟောတာ တယ်ကောင်းတယ်၊ တယ်နေရာကျတယ်၊ တရားမကုန်ဘူး အချိန်လဲ မကုန်ဘူး၊ တိုတိုတုတ်တုတ်နဲ့ဘဲ ဟောလိုက်တာ ပြည့်စုံသွားတာပါဘဲ၊ သို့သော်လဲ ဒီထက်ပိုပြီး ဗဟုသုတအနေနဲ့ ကြားနာကြရအောင် ဘုန်းကြီးက ရှေ့ဆက်ပြီး ဟောရဦးမှာပေါ့၊ ဒီတရားပွဲမှာ ခေါ်စရာ ပြောစရာ တရားနာခံ လုပ်မည့်သူလဲ ရှိပုံမရဘူး၊ မြတ်စွာဘုရား ဟောထားတဲ့ တရားတော်တွေထဲမှာတော့ ဘိက္ခဝေ-ရဟန်းများတို့-လို့ ဒီလို ခေါ်ခေါ်ပြီး ဟောထားတာကို တွေ့ရတယ်၊ ယခု ဒီတရားပွဲမှာလဲ ပရိသတ်ကြီးများလို့ ခေါ်လိုက်ရယင် ကောင်းမလား၊ သို့မဟုတ် ဒကာ ဒကာမတို့လို့ ခေါ်လိုက်ရကောင်းမလား၊ ကိုင်း ကိုင်း ဒကာ ဒကာမတို့လို့ဘဲ ခေါ်ကြပါစို့။ ဒကာ ဒကာမတို့။ (ဘုရား-ပရိသတ်၏ အသံ) မညီသေးဘူး၊ ထပ်ပြီး ခေါ်လိုက်ဦးမယ်၊ ဒကာ ဒကာမတို့။ (ဘုရား) သိပ်လဲ မအော်လိုက်ကြနဲ့၊ လန့်ကုန်ဦးမယ်၊ ဟုတ်လား။

ဒီကနေ့ ဒီတရားပွဲမှာ တရားနာနေကြတဲ့ ရန်ကုန်က အားလုံး ဒကာ ဒကာမတွေဟာ ဟိုလွန်ခဲ့တဲ့ ၁၃၁၁-ခုနှစ်ကစပြီး ဒီ ရန်ကုန်မြို့ ဒီ သာသနာ့ရိပ်သာမှာ သီတင်းသုံးတော်မူတဲ့ မိမိတို့ရဲ့ ဆရာဖြစ်တော်မူတဲ့ မဟာစည်ဆရာတော်ဘုရား သီတင်းသုံးဘို့ ဆိုပြီးတော့ ကျောင်းတော်ကြီး ဆောက်ကြတယ်၊ မနှစ်တုန်းကတည်းက ပန္နက်ရိုက်ပြီး စတင် ဆောက်လုပ်နေကြတာကို ဘုန်းကြီးများ မြင်ခဲ့တယ်၊ ဒီနှစ်တော့ ခုကာလစကားနဲ့ ပြောရယင် အကောင်အထည် ပေါ်လာတယ်လို့ ဆိုရမှာပေါ့၊ ဟုဘ်လား၊ ဒီလို အကောင်အထည် ပေါ်လာတော့ ကျောင်း

တော်ကြီးကို မြင်လိုက်ရယင်ဘဲ ဘုန်းကြီးကိုယ်တိုင် စိတ်ဝင်စား ကြည့်တယ်၊ ဘုန်းကြီးပိုက်ဆံဆိုယင် ငါးပြားစေ့တောင် မပါပါ ဘူး၊ ဘယ်လောက်များတယ် မများတယ် မပြောနဲ့တော့၊ ဒါ တောင်မှ ဝမ်းသာလိုက်တာ၊ လှူဒါန်းတဲ့ပုဂ္ဂိုလ်တွေဘက်က နေပြီးတော့ ဒါမှ မဟုတ်ယင်လဲ အားလုံး ရန်ကုန်မြို့သူ မြို့သား တွေဘက်ကနေပြီးတော့ စဉ်းစားကြည့်ပါတယ်၊ သူတို့အတွက် ပျော်လိုက်တာ မပြောပါနဲ့တော့။ ပြီးတော့ ဒီကျောင်းကြီးကို အလှူခံရမည့် ပုဂ္ဂိုလ်တပါးအနေနဲ့ စဉ်းစားကြည့်တော့လဲ ဝမ်းသာလိုက်တာ၊ နှစ်ဖက်စလုံး ဝမ်းသာစရာ ကောင်းတယ်၊ ပျော်စရာ ကောင်းတယ်၊ အဲဒီ အလှူခံမည့် ပုဂ္ဂိုလ်ဘက်က တော့ နေပါစေတော့၊ ဒီက လှူဒါန်းကြတဲ့ ဒကာ ဒကာမတွေ အတွက် ဒီကနေ့ဟာ အင်မတန်ကို ပျော်ကြလိမ့်မယ်လို့ ဘုန်း ကြီးစိတ်ထဲမှာ မြော်တွေးမိပါတယ်။

အဲ နက်ဖြန်ခါကျတော့လဲ ပျော်ကြလိမ့်မယ်၊ သန်ဘက်ခါလဲ ပျော်ကြလိမ့်မယ်၊ သန်ဘက်ခါဆိုတော့ အပြီးသတ် ရေစက်ချ မည့် နေ့ကြီးဘဲ၊ အလှူဒါနနဲ့စပ်ပြီး ရေစက်ချမှ အလှူကိစ္စ ပြီးမြောက်တယ်လို့ အများအားဖြင့်ထင်နေကြပါတယ်၊ဆွမ်းတို့ မုန့်တို့ ဒီလို လက်ထဲ ထည့်လှူလို့ ဖြစ်နိုင်တဲ့ ပစ္စည်းတွေကိုတော့ ရေစက်မချပေမဲ့ လက်ထဲ ထည့်လှူလိုက်ရုံနဲ့လဲ ပြီးပါတယ်၊ ရေစက်ချနိုင်တဲ့ အခွင့်အရေးရလို့ ရေစက်ချနိုင်ယင်လဲ သာပြီး ကောင်းတာပါဘဲ၊ လက်ထဲ ထည့်လှူလို့ မဖြစ်နိုင်တဲ့ ဒီလို ကျောင်းအလှူမျိုးကတော့ ရေစက်ချဘို့ တကယ့်ကိုလိုပါတယ်၊ လူသိ ရှင်သိ အများသိ ရေစက်ချပြီး လှူလိုက်မှဘဲ ကိစ္စက ပြီးပါဘယ်၊ ဒါကြောင့် ယခု ဒီကျောင်းရေစက်ချပွဲတော်ကြီးကို တခမ်းတနား ကျင်းပရပေတယ်၊ ရှေးကလဲ အနာထပိဏ်

ဝိသာခါတို့ ကျောင်းတော်ကြီးတွေ လှူတဲ့အခါမှာလဲ ဒီလိုဘဲ ခမ်းခမ်းနားနားပွဲကြီး ကျင်းပပြီး ရေစက်ချ လှူဒါန်းခဲ့ကြပါတယ်။

ယခုကျောင်းရေစက်ချပွဲကြီးမှာ ရေစက်ချမည့် နေ့ကျတော့ ယခုပရိသတ်ထက် သုံးလေးဆမက များစွာလာကြလိမ့်မယ်၊ အဲဒီ ပရိသတ်ကြီးမှာ ဥဒါန်းကျူး ရွတ်ဆိုဘို့ ကဗျာလင်္ကာ ကလေးတပုဒ် ဘုန်းကြီးက ရေးစီလာခဲ့တယ်၊ လွယ်လွယ်ကူကူ ကလေးပါဘဲ၊ ခက်ခက်ကြီး မဟုတ်ပါဘူး၊ ကဗျာလင်္ကာကြီးက ရှည်နေယင် မှတ်မိကြမှာမဟုတ်ဘူး၊ ရန်ကုန်က စာရေးဆရာ တွေခေါ်ပြီး အရေးခိုင်းရယင် သာပြီးကောင်းကောင်း ကောင်း ပါလိမ့်မယ်၊ ဒါပေမဲ့ ရှည်နေယင်တော့ ဘယ်သူမှ မှတ်မိကြမှာ မဟုတ်ဘူး၊ ဒါကြောင့် ဘုန်းကြီးက တိုတိုတုတ်တုတ်ကလေး ရေးလာပါတယ်၊ အဲဒါ ကျောင်းရေစက်ချတဲ့နေ့ ရေစက်ချ ပြီးတဲ့အခါ ဒီက ကျောင်းအမတွေ ဝမ်းမြောက်ဝမ်းသာ ပီတိ ဖြစ်ပြီး ဆိုဘို့ပါဘဲ၊ ဟိုတုန်းက ဝိသာခါ ကျောင်းအမကြီးနဲ့ ဟောဒီက ဘုန်းကြီးတို့ ပရိသတ်နဲ့ ပြိုင်မယ်လို့ပါနော်။

ဘုရားလက်ထက်တော်ကာလတုန်းက ဝိသာခါ ကျောင်း အမကြီးဟာ ကိုးကုဋေ(သန်းပေါင်းကိုးဆယ်)သော ငွေတို့ဖြင့် ပုဗ္ဗာရုံဆိုတဲ့ ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီး ရေစက်ချ လှူဒါန်းပြီးတဲ့အခါမှာ ဝမ်းမြောက် ဝမ်းသာလွန်းလို့ သားတွေ သမီးတွေ မြေးတွေ မြစ်တွေနဲ့ ခြံရံပြီး ပုဗ္ဗာရုံကျောင်းတော်ကြီး ကို လှည့်ကာပတ်ကာ ဥဒါန်းကျူးသီဆိုပါတယ်၊ ကတယ်လို့ တောင် တချို့က ပြောကြတယ်၊ စာပေကျမ်းဂန်ထဲမှာ က-တယ် လို့တော့ မပါပါဘူး၊ သီဆိုတယ်လို့သာ ပါပါတယ်၊ ဝိသာခါမှာ သားသမီးမြေးမြစ်တွေက နဲတာမဟုတ်ဘူး၊ သားသမီးက နှစ်

ဆယ်၊ မြေးတွေက လေးရာ၊ မြစ်တွေက ရှစ်ထောင်၊ အားလုံး ပေါင်းလိုက်တော့ ရှစ်ထောင့်လေးရာ နှစ်ဆယ်တောင် ရှိပါ တယ်၊ အဲဒီလောက် များပြားတဲ့ သားသမီး မြေးမြစ် အခြံအရံ ပရိသတ်တွေနဲ့ ဝိသာခါ ကျောင်းအမကြီးဟာ ဝမ်းမြောက် ဝမ်းသာလွန်းလို့ ဥဒါန်းဂါထာတွေကို သီဆိုပါတယ်၊ ဂါထာ ဆိုတာ အသံနေအသံထားနဲ့ အချိုးတကျ ဆွဲငင်ပြီး ရွတ်ဆိုယင် ပါဠိလို သီချင်းပါဘဲ၊ ဒါကြောင့် အဲဒီတုန်းက ဝိသာခါကျောင်း အမကြီး ဥဒါန်းကျူးသီဆိုတယ်ဆိုတာ သီချင်းဆိုတာပါဘဲ၊ ဝိသာခါကျောင်းအမကြီးတောင် ဆိုရဲသေးတာဘဲ ဒီက ပရိ သတ်တွေက စိတ်မရဲ နှုတ်မရဲ မရှိကြပါနဲ့နော်၊ ဘုန်းကြီးက တော့ ဆိုရဲပါဘယ်၊ ဘုန်းကြီးတောင် ရဲသေးတာဘဲ၊ ပရိသတ် က ဘာ မရဲစရာရှိသလဲ၊ မဟုတ်ဘူးလား။

ဘုရား တရား သံဃာနဲ့ စပ်တဲ့ တရားဂါထာသီချင်းတွေကို မြတ်စွာဘုရား ကိုယ်တော်တိုင်ကိုက လက်ခံတော်မူပါတယ်၊ အပြစ်မဆိုပါဘူး၊ အပြစ်မဆိုတဲ့အပြင် ချီးမွမ်းတောင် ချီးမွမ်း ပါသေးတယ်၊ အဲဒီတုန်းက ဝိသာခါဆိုတဲ့ သီချင်းကို မြတ်စွာ ဘုရားက သဘောကျတော်မူပါတယ်၊ လက်ခံတော်မူပါတယ်။ နောက်ပြီးတော့ သက္ကပဉှသုတ်မှာ ပဥ္စသိခနတ်သား စောင်းတီး ပြီးဆိုတဲ့ ပါဠိဂါထာသီချင်းတွေကိုလဲ မြတ်စွာဘုရားက လက်ခံ တော်မူပါတယ်၊ မင်း ငါ့အနားမှာလာပြီး ဆိုရမလားလို့ ငေါက် မလွှတ်ပါဘူး၊ တယ်နေရာကျလိုက်တာကွာ-တဲ့၊ ဘုရားက။ ဘုရားက မင်း အခုတီးတဲ့ အတီးနဲ့ မင်းဆိုတဲ့အဆိုဟာ တယ် ကောင်းပေတယ်၊ တီးတာကလဲ ရှေ့ လွန်မသွားဘူး၊ ဆိုတာက လဲ ရှေ့ လွန်မသွားဘူးတဲ့၊ အသံကလေးနဲ့ အတီးကလေးဟာ ညီနေတယ်တဲ့၊ ဘယ်နှစ်ပေါက်လဲတော့မသိဘူး၊ ငါးပေါက်လား

ခြောက်ပေါက်လား၊ ခုနစ်ပေါက်လား ဆိုတာတော့ ဘုန်းကြီးက မသိဘူး၊ အဲဒီလို တီးတာ ဆိုတာကို မြတ်စွာဘုရားက နားငြီးလိုက်ထာကွာ ငါ့အနားလာဆိုရမလားလို့ အပြစ်မဆိုပါဘူး၊ အဲဒီသီချင်းက သူရိယဝစ္စသာ နတ်သမီးကို ဖွဲ့နွဲ့သီဆိုတဲ့သီချင်းပါ၊ အဆိုတော်ကတော့ ပဥ္စသိခနတ်သားပါဘဲ၊ ဒါပေမဲ့ အဲဒီသီချင်းထဲမှာ ဘုရား တရား သံဃာအကြောင်း ကုသိုလ်အကြောင်းတွေ ပါနေလို့ လက်ခံထိုက်တဲ့အတွက် မြတ်စွာဘုရားက လက်ခံတော်မူပါတယ်။

ဒီကနေ့ည နောက်နားပိုင်းမှာ ခုနကပြောခဲ့တဲ့ ဝိသာခါ ကျောင်းအမကြီး သီဆိုတဲ့ သီချင်းဂါထာတွေကိုလဲ ဆိုပြမယ်၊ ယခု မကြာခင်ဘဲ မဟာစည်ကျောင်းတော်ဘွဲ့ ကဗျာလင်္ကာကလေးကိုလဲ ဆိုပြမယ်၊ အဲဒီလင်္ကာကို အားလုံး ကျောင်းဒကာ ကျောင်းအမတွေဖြစ်ကြတဲ့ ဒီပရိသတ်တွေဟာ လဆန်း ၄-ရက်နေ့ ရေစက်ချပြီးတဲ့အခါ ဝမ်းမြောက်ဝမ်းသာနဲ့ ရွတ်ဆိုကြရမယ်၊ အဲဒီနေ့ကျတော့ ဒီပရိသတ်ထက်များများ ခါ့တက်ပြီး သူ့ထက်ငါ ဆိုသလိုဘဲ လုတက်ပြီး ဆိုကြရမယ်၊ ဘုန်းကြီးက ရှေ့ကဆောင်ပြီး တိုင်ပေးပါမယ်၊ ဟုတ်လား။

## မဟာစည်ကျောင်းတော်

## (၂)

ဝိသာခါ ကျောင်းမကြီးက ခေါင်းဆောင်ပြီး ရှစ်ထောင်လေးရာကျော်သော သား သမီး မြေး မြစ် ပရိသတ်တွေနဲ့ သူဆောက်လုပ် လှူဒါန်းတဲ့ ပုဗ္ဗာရုံကျောင်းတော်ကြီးကို လှည့်ပတ်ပြီးတော့ ပျော်လွန်းလို့ သီဆိုနေပါသတဲ့၊ အိုးစည် ဗုံမောင်း

အဘိုးအမှတ်တော့ မပါပါဘူး၊ အဆိုသက်သက်ပါဘဲ။ ဒါကြောင့် ကဗျာလင်္ကာအကဆိုတာလို တူရိယာလင်္ကာ အဆိုလို့ဘဲ ခေါ်ရမလား မပြောတတ်ပါဘူး။ အဲဒီတုန်းက သား သမီး မြေး မြစ်တွေနှင့်တကွ ဝိသာခါ ကျောင်းအမကြီးဟာ တပျော် တပါးကြီး သီဆိုသလို ဒီက ပရိသတ်တွေလဲ အသင့်ပြင်ထား ထားကြပေတော့၊ အဲဒီနေ့ကျတော့ စည်းကိုက်ဝါးကိုက် ဖြစ်နေ အောင် ဒီကနေ့ကတည်းက ဘုန်းကြီးက သင်ပေးထားနှင့်မယ်၊ ရှေလဲ့ရှေပါဘူး၊ ရပြီးယင် နေ့လဲ့မေ့တော့မှာ မဟုတ်ပါဘူး။ ဒီလို တိုဘိုနဲ့ လွယ်လွယ်ဖြစ်အောင် ဘုန်းကြီးမှာ သွားရင်း လာရင်း စိတ်ကူးကြံစည်ပြီး ကြိုးကြိုးစားစား ရေးစီထားရပါ တယ်၊ စာရေးဆရာလုပ်ရတာလဲ တယ်မလွယ်လှဘူး။ ကိုင်း ကိုင်း ဘုန်းကြီးက မေးမယ်၊ ဒကာ ဒကာမတွေက ဖြေကြ။ ဒီကျောင်းတော်ကြီးဟာ မဟာစည်ဆရာတော်ဘုရားနေဘို့ ဆောက်တဲ့ကျောင်းဆို မဟုတ်လား။ (တင်ပါဘုရား။)

ဘယ်သူနေဘို့ ဆောက်တာတုံး။ (မဟာစည်ဆရာတော် ဘုရားကြီး သီတင်းသုံးနေထိုင်ဘို့ပါ ဘုရား။)

အေး - ဟုတ်ပြီ ဟုတ်ပြီ၊ မိမိတို့ရဲ့ ကျေးဇူးတော်ရှင် ဖြစ်တဲ့ မိမိဘိုကို တရားမေ့ဖြင့် သွန်သင် ဆုံးမပေးတဲ့ ဆရာသမား ဖြစ် တော်မူတဲ့ မဟာစည်ဆရာတော်အတွက် ရည်မှန်းပြီး ဆောက် ကြတာပေါ့။ ဒါကြောင့် အင်မတန် ဝမ်းမြောက်ကြမှာပါဘဲ၊ အဲဒီလို အင်မတန် ဝမ်းမြောက်ကြမှာ ဖြစ်တဲ့အတွက် စိတ်ချည်း သက်သက် ဝမ်းမြောက်ရတာထက် ကဗျာကလေးနဲ့ သီဆိုပြီး ဝမ်းမြောက်ရဘာက ပိုကောင်းတယ်လို့ ဘုန်းကြီးက ယူဆ တယ်။ ဒါကြောင့် ဘုန်းကြီးက တိုင်ပေးမယ်၊ အားလုံး လိုက်

ဆိုကြ၊ သီလရှင်တွေလဲ လိုက်ပြီးဆိုသာ ဆိုကြ၊ အပြစ်မဖြစ်ပါဘူး၊ ဒို့များ ဆိုနေမှာလေလားလို့တော့ စိတ်ထဲက စိုးရိမ်မနေနဲ့၊ ဆိုသာ ဆိုကြ၊ ကိုင်း အားလုံး လိုက်ဆိုကြ။

မဟာစည် ကျောင်းတော်ကြီးကိုတဲ့။ (၃ - ခေါက်ဆို)

အဲဒီမှာ တဲ့-ဆိုတဲ့ စကားလုံးကလေးပါစေရမယ်၊ တဲ့-ကလေး မပါယင် ဆိုမကောင်းဘူး။ ကိုင်း ထပ်ဆိုလိုက်ကြပါဦး။

မဟာစည်ကျောင်းတော်ကြီးကို တဲ့။ (၃-ခေါက်ဆို)

အဲ တယ်ကောင်း၊ ဖြေးဖြေးဆိုကြရမယ်၊ ဒီက စည်းနဲ့ဝါးနဲ့ ကိုက်ထားပြီးသား။ မဟာစည် ကျောင်းတော်ကြီးကို တဲ့ -- အဲအဲ နောက်နားက ဒကာမကြီးတွေ ခိုမနေနဲ့၊ ဆိုကြ ဆိုကြ။ အဲဒီနေ့ကျတော့ အားရပါးရ ဆိုကြရအောင်၊ ဆိုကြ ဆိုကြ--

မဟာစည် ကျောင်းတော်ကြီးကို တဲ့။ ဆောက်ပြီ ဆောက်ပြီ။

အဲဒါက နှစ်ထပ်ကျော့ရမှာ။ "မဟာစည်ကျောင်းတော်ကြီးကိုတဲ့၊ ဆောက်ပြီ ဆောက်ပြီ။" ဒါကလဲ နှစ်ထပ်ကျော့ဆိုရမှာ။ ဟော ဆရာတော်သီတင်းသုံးဘို့ ကျောင်းတော်ကြီးဆောက်တာဟာ ယခု ပြီးစီး အောင်မြင်ပြီ မဟုတ်လား။ ကိုင်း ဆိုကြ။

အောင်ပြီ၊ အောင်ပြီ၊ ဒို့လဲ ခုအောင်ပြီ။ (ဆိုကြ)

အောင်ပြီ အောင်ပြီ၊ ဒို့လဲ ခုအောင်ပြီ။ မကောင်းဘူးလား၊ ဒါပေမဲ့ ဘုန်ကြီးကိုတော့ အတူမခိုးကြနဲ့၊ ဘုန်းကြီးက စစ်ကိုင်းတောင်ရိုး တောထဲမှာနေတာမို့ သိပ်ဆိုတတ်တာ မဟုတ်ဘူး။

ဒီက မြို့သူ မြို့သားတွေဘဲ ဘုန်းကြီးထက် ကောင်းအောင် ဆိုတတ်ကြရမယ်။ ကိုင်း တခါထဲ တဆက်ထဲ ဆိုကြစမ်းပါ။

မဟာစည် ကျောင်းတော်ကြီးကို တဲ့၊ ဆောက်ပြီ ဆောက်ပြီ၊ အောင်ပြီ အောင်ပြီ၊ ဒို့လဲ ခုအောင်ပြီ။

အဲဒီတော့ ရလောက်ကြပါပြီ။ တယ်ကောင်းတယ်၊ ဒီပွဲမှာ ဝမ်းမြောက်ပြီး ပျော်ဘို့က အရေးကြီးတာဘဲ၊ ဘယ့်နှယ်လဲ ကုသိုလ်ကောင်းမှု အကြီးအကျယ်လုပ်ပြီးတော့ ဝမ်းမမြောက် ဘဲ မပျော်ဘဲ ဣန္ဒြေကြီးနဲ့ နေလို့ တော်ပါမလား၊ ဘုန်းကြီး ကိုယ်တိုင်တောင် ကျောင်းဒကာတွေထဲက နေပြီးတော့ ကျောင်းဒကာဘယောက် အနေနဲ့ အနည်းဆုံး ငါးပြား လောက်တော့ ထည့်ပြီးတော့ ဝမ်းမြောက်ချင် ပျော်ချင်လိုက် တာ ခုနတုန်းက ဦးအောင်မြင့်က ဘိတ်ခေါ်နေတာ ကြားရ တော့ ကုသိုလ်ထည့်ဝင်ချင်လိုက်တာ မပြောပါနဲ့တော့၊ ဒါပေမဲ့ ငါးပြားမှ အဆင်သင့် မရှိလို့ ခက်နေတာပေါ့။

အဲ အဲ ဒီကနေ့ ဝမ်းမြောက်ရမည့် ပျော်ရမည့် ပွဲတော် ကြီး ကျင်းပနေတဲ့ နေ့ဖြစ်တယ်။ ဝမ်းမြောက်ရ ပျော်ရတယ် ဆိုဘာ အကြောင်းရှိတယ်၊ ဘာအကြောင်းလဲ ဆိုယင်၊ ကျောင်းအလှူဒါနရဲ့ အကျိုးတွေဟာ ဝမ်းမြောက်စရာ အကြောင်းတွေပါဘဲ၊ ဒါကြောင့် များများကြီး ဝမ်းမြောက် ရအောင် အဲဒီကျောင်း အလှူဒါနရဲ့ အကျိုးတွေကို ယခု နဲနဲ ပါးပါး ထည့်ပြီး ဟောရမယ်။ ဒါပေမဲ့ ဒီမှာ တရားဟောဘို့ အချိန်က သိပ်ပြီး များများမရဘူး။ အရပ်ဝေးက လာကြတဲ့ ပရိသတ်တွေ ဘတ်စကားနဲ့ ပြန်ဘို့ရာ အဆင်သင့်အောင် ဘတ်စကား မသိမ်းခင် အချိန်မှီ တရားကို စောစောသိမ်းရ

လိမ့်မယ်။ ဒါကြောင့် ၉-နာရီအတွင်းမှာ ရနိုင်သလောက် တရားကို ဘုန်းကြီးက ဟောပေးရမှာဘဲ။

## အားလျှုလိုသည့်နတ်သား ဘုရားလျှောက်

မြတ်စွာဘုရား လက်ထက်တော် ကာလတုန်းက နတ်သား တယောက်ဟာ သဘ္ဘာဝါတွေ့ အကျိုးပြုမည့် အကြံအစည်ကို ကြံစည်မိတယ်၊ ဘယ်လိုလဲ ဆိုယင် ဆွမ်းလှူတာ သင်္ကန်းလှူ တာ၊ ကျောင်းလှူတာ၊ ဆေးပစ္စည်းလှူတာ၊ ဒါတွေက ဝတ္ထု ပစ္စည်းလှူတာ ခေါ်တယ်၊ ဒီဝတ္ထုပစ္စည်းတွေကို လှူလိုက်တဲ့ အဘွက် ရရမည့် အကျိုးအာနိသင်တွေကိုတော့ သူ ကြားဘူး နာဘူးလို့ သဘောပေါက်နေပါတယ်၊ ခုနက မဏ္ဍိုင် ကိုယ်တော် ရှေ့နားက ဟောသွားတယ် မဟုတ်လား၊ ရှစ်သောင်းလေး ထောင် ရှစ်သောင်းလေးထောင်နဲ့ နည်းတဲ့ပစ္စည်းတွေ မဟုတ် ဘူး၊ အဲဒီ ရှစ်သောင်းလေးထောင်စီသော ဝတ္ထုပစ္စည်းတွေကို ရတာဟာ ဟိုအသျှင် တဘဝတုန်းက ဝတ္ထုပစ္စည်းတခု တခုကို လှူဒါန်းခဲ့လို့ ရလာတာဘဲ။ ယခု ဒီနတ်သားကြံတာကတော့ ဒီလို မဟုတ်ဘူး၊ ထူးတယ်၊ ဘယ်လိုလဲ ဆိုယင်---

လူတွေမှာ ခွန်အားဗလတွေ ဆိုတာ ရှိကြတယ်၊ ဥပမာ ဝိသာခါ ကျောင်းအမကြီးဆိုပါတော့၊ အဲဒီ ကျောင်းအမကြီး ဝိသာခါဟာ မိန်းမသားပင် ဖြစ်သော်လဲ ရှေးရှေးဘဝက ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေ အဟုန်ကြောင့် ဆင်ပြောင်ငါးစီးအား ကို ဆောင်နိုင်တဲ့အမျိုးသမီး ခွန်အားကောင်းကြီးဖြစ်နေတယ်၊ အဲဒါဟာ ယခုကာလမှာလို ကာယဗလလေ့ကျင့်ရေးတွေ ဘာ တွေ လုပ်နေရတာမဟုတ်ဘူး၊ ရှေးကံကြောင့် သူ့အလိုလို

ပြည့်စုံနေတဲ့ ခွန်အားတွေသာ ဖြစ်တယ်၊ နောက်ပြီးတော့ သူ့ကို ပူစူစောင့်ရှောက်နေတဲ့ ကျွန်မကလဲ သူလိုဘဲ ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်တယ်၊ အဲဒီလို မိမိတို့မှာ ရှိနေတဲ့ ခွန်အားဗလကို လှူချင်ယင် လှူလို့ ဖြစ်ပါမလား၊ ကိုင်လို့ တွယ်လို့ မရနိုင်တဲ့ ခွန်အားကို လှူလို့ ဖြစ်နိုင်ပါမလား၊ ခွန်အားကို လှူချင်ယင် ဘယ်လိုလုပ်ပြီး လှူရမလဲလို့ နတ်သားက ကြံစည်တယ်။

လောကမှာ ငွေရှိတဲ့လူက ငွေကို လှူချင်ယင် ရတယ်၊ ကျောင်းဆောက်နေရာမှာ ငွေထည့်ဝင် လှူဒါန်းလိုက်ယင် ကျောင်းကို လှူသည် မည်တာဘဲ၊ သင်္ကန်းလှူဘို့ ကြံစည်နေရာမှာ သင်္ကန်းဘိုးငွေ ထည့်ဝင်လှူဒါန်းလိုက်ယင်လဲ သင်္ကန်းကို လှူသည် မည်တာဘဲ၊ ထီး ဘိနပ် လှူဘို့ ကြံစည်နေရာမှာ ထီးဘိုး ဘိနပ်ဘိုးငွေ ထည့်ဝင်လှူဒါန်းလိုက်ယင်လဲ ထီးဘိနပ်ကို လှူသည် မည်တာဘဲ၊ ဒီလို ဝတ္ထုပစ္စည်းတွေကို လှူတာကတော့ ရှင်းနေပါတယ်၊ ဒီနတ်သားကတော့ အဲဒီလို မဟုတ်ပဲ ကြံကြံဖန်ဖန် တွေးတာကို ဘုန်းကြီးက သဘောကျတယ်၊ သူမေးပုံကို နားထောင်ကြည့်ပါ။

## အားအလှူပေးလိုမှု

## (၃)

"ကိံ ဒဒေါ ဗလဒေါ ဟောတိ"တဲ့။ ဘန္တေ၊ ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော မြတ်စွာဘုရား။ (ဒါက မြတ်စွာဘုရား မျက်မှောက် ရောက်လာပြီး မေးလျှောက်တော့မယ်လို့ မြတ်စွာဘုရားကို ခေါ်လိုက်တဲ့ စကားဘဲ၊ နတ်သားက

သူ ကြံစည်နေတာ တော်တော်ကြာပုံ ရပါပြီ၊ သူ ကြံစည်လို့ မရတဲ့ အခါကျတော့မှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် မြတ်စွာဘုရားထံ လာရောက်ပြီး ယခုလို ညဦးအခါမှာ မေး လျှောက်ပါတယ်၊ နတ်ပြည်က နတ်တွေ ဘုရားထံ လာယင် နေ့ခင်းအချိန်မှာ မလာကြဘူး၊ လူပရိသတ်တွေ ရှင်းနေတဲ့ ညအချိန်မှ လာကြတယ်၊ ညအချိန်မှာတောင် ယခုလို ညဦး ဦးယာမ် ဆိုယင် ရဟန်းပရိသတ်တွေ ရှိနေလို့ မလာကြသေး ဘူး၊ ၁၀-နာရီကျော်ပြီးတဲ့ သန်ကောင်ယာမ်အချိန်ကျမှ လာ ကြတယ်၊ ဒါကြောင့် ဒီနတ်သားကလဲ ညဦးသန်ကောင်ယာမ် အချိန်မှာ မြတ်စွာဘုရားထံ လာရောက်ပြီး ဒီလို မေးလျှောက် ပါတယ်။) ဘန္တေ၊ ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှ ပါသော မြတ်စွာဘုရား။ ကိံဒဒေါ၊ အဘယ်သို့သော ဝတ္ထု ပစ္စည်းကို လှူဒါန်းသောသူသည်။ ဗလဒေါ ဟောတိ၊ ခွန်အား ဗလကို လှူသည် မည်ပါသလဲ မြတ်စွာဘုရားတဲ့။

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှပါတဲ့ မြတ်စွာ ဘုရား သတ္တဝါတွေဟာ ခွန်အားဗလ ကြီးချင်ကြပါတယ်၊ လူသန်ကြီး နတ်သန်ကြီး ဖြစ်ချင်ကြပါတယ်၊ အဲဒီလို ခွန်အား ကြီးတဲ့ အကျိုးကိုရအောင် ဘယ်လိုဟာကို လှူရပါမည်လဲ၊ ကိုယ့်သန္တာန်က ခွန်အားကိုတော့ ထုတ်လှူလို့ မဖြစ်ပေဘူး၊ ဒါကြောင့် ဘယ်လို ဝတ္ထုပစ္စည်းကို လှူယင် ခွန်အားကို လှူ သည် မည်ပါသလဲ၊ ခွန်အားကြီးကြောင်း ကုသိုလ်ကောင်းမှု ဖြစ်ပါသလဲလို့ မေးလျှောက်ပါတယ်၊ကိုင်း ဆောင်ပုဒ်လင်္ကာ ကလေးကို ဆိုကြရမယ်။

ဘယ်လိုအလှူ၊ လှူသောသူ၊ အားလှူ လှူသူ မည် သနည်း။ (၃-ခေါက်ဆို)

သာမန် ပုဂ္ဂိုလ်ဆိုယင် ဒီလို ပြဿနာကို ဖြေဖို့ မလွယ်ပါဘူး၊ အချိန်နာရီ ဆိုင်း၊ နေ့ရက်လ ဆိုင်းပြီး အကြာကြီး စဉ်းစားပြီးမှ ဖြေနိုင်မယ်၊ အဲဒီလို ဖြေတော့လဲ အဖြေမှန် ရချင်မှ ရမယ်၊ မြတ်စွာဘုရားမှာတော့ အလုံးစုံကို အကုန်သိနိုင်တဲ့ သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်တဲ့အတွက် စဉ်းစားမနေရပါဘူး၊ နတ်သားရဲ့ မေးခွန်းဆုံးတာနဲ့ တပြိုင်နက် ချက်ခြင်းဘဲ ဖြေတော်မူလိုက်ပါတယ်။

"အန္နဒေါ ဗလဒေါ ဟောတိ"တဲ့။ ဒါဟာ မြတ်စွာဘုရားရဲ့ အဖြေပါဘဲ။

ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးလျှောက်လာသည့် အိုနတ်သား။ အန္နဒေါ၊ ထမင်းကို လှူဒါန်းသော ပုဂ္ဂိုလ်သည်။ ဗလဒေါ၊ ခွန်အားဗလကို လှူဒါန်းသည် မည်သည်။ ဟောတိ၊ ဖြစ်ပေသတည်း။

အချင်း နတ်သား၊ ခွန်အားကြီးချင်လို့ရှိယင် ခွန်အားကြီးကြောင်း မျိုးစေ့အလှူကို လှူချင်လို့ရှိယင် ကိုယ့်ကိုယ်ထဲက ခွန်အားကိုတော့ ထုတ်လှူလို့ မဖြစ်ပေဘူး၊ ပါဠိလို အန္နလို့ ခေါ်တဲ့ ထမင်းကို လှူရမယ်၊ အန္န ဆိုတာ အများသုံး လူသုံး ဝေါဟာရအားဖြင့်တော့ ထမင်းလို့ဘဲ ခေါ်ရပါတယ်၊ လူလူချင်း ဆိုယင် ထမင်း စားပြီးပြီလား၊ ထမင်းသုံးဆောင်လှည့်ပါ စသည်ဖြင့် ထမင်းလို့ဘဲ ပြောရပါတယ်၊ ရဟန်းသံဃာတော်များကျတော့ ထမင်းလို့ မပြောရဘူး၊ ဆွမ်းလို့ ပြောရတယ်၊ ထမင်းစားကြပါ၊ မုံ့စားကြပါ စသည်ဖြင့် ဒီလို လူသုံးဝေါဟာရတွေနဲ့ မပင့်ရ မပြောရဘူး၊ အဲဒီလို ပင့်ယင် ရဟန်းများမှာ မအပ်စပ်ဘူး၊ ဆွမ်းဘုဉ်းပေးကြပါ၊ ဆွမ်းအလှူခံ ကြပါ၊ ဆွမ်းဘုဉ်းပေးသည်လို့ ဒီလိုသာ ပြောရတယ်၊

သူ့နေရာနဲ့သူ ဝေါဟာရစကားပေမဲ့ နားလည်ထားရတယ်။ ဒါကြောင့် လူကို ကျွေးလှူလို့ရှိယင် ထမင်းကျွေးတယ်၊ ထမင်းပေးလှူတယ်ပေါ့၊ ရဟန်းသံဃာကို ကျွေးလှူလို့ရှိယင် ဆွမ်းကျွေးတယ်၊ ဆွမ်းလှူတယ်ပေါ့။ ဒီနေရာမှာ ထမင်းဆွမ်း ဆိုပေမဲ့ ထမင်းသက်သက် ဆွမ်းသက်သက်တွင် မဟုတ်ပါဘူး၊ အာဟာရခေတ်ဖြစ်ပြီး ခွန်အားဗလကို ဖြစ်စေနိုင်တဲ့ စားသောက်ဖွယ်တွေ အကုန်လုံးကိုဘဲ ဆိုလိုပါတယ်၊ ဒါကြောင့် အန္နခေါ်တဲ့ စားသောက်ဖွယ် အစာ အာဟာရကို ပေးလှူယင် ခွန်အားဗလကို ပေးလှူသည်မည်တယ်၊ ဘာကြောင့်လဲ ဆိုယင်—

လူတွေဟာ အစာအာဟာရကို သုံးဆောင်ရမှ ခွန်အားဗလနဲ့ ပြည့်စုံမြဲ ပြည့်စုံနိုင်တယ်၊ တနေ့တရက်လောက် ထမင်းမစားရယင် တော်တော်အားနည်းသွားတယ်၊ ခုနစ်ရက်လောက် မစားရယင်တော့ သေတောင်မှ သေသွားနိုင်သေးတယ်၊ လူတွေ မမြင်ရတဲ့ နတ်တွေ ဆိုတာလဲ အစာကို အချိန်မှန်မှန် စားရမှ ခွန်အားပြည့်စုံမြဲ ပြည့်စုံပြီး အသက်ရှင်နေနိုင်တယ်၊ စားနေကျအချိန် မစားမိလို့ အချိန်လွန်သွားယင် ဘယ်လိုမှ ပြုပြင်လို့ မရတော့ဘူး၊ သေသွားတော့တာဘဲတဲ့၊ ဒါကြောင့် အစာအာဟာရကို ပေးလှူယင် ခွန်အားကို ပေးလှူသည်မည်ပါတယ်၊ ခွန်အားကို ပေးလှူတဲ့အတွက် ခွန်အားကြီးခြင်းဆိုတဲ့ အကျိုးကို ရနိုင်ပါတယ်၊ ခုနကပြောခဲ့တဲ့ ကျောင်းအမကြီး ဝိသာခါဟာ ဒီလို အလှူကြောင့် ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်တာဘဲ၊ ကိုင်း ဆောင်ပုဒ်လင်္ကာလေးကို ဆိုကြရမယ်။

ထမင်းကိုမူ၊ လှူသောသူ၊ အားလှူ လှူသူ မည်သတည်း။
(၃-ခေါက်)

အဲဒီလို ဖြေလိုက်တော့ နတ်သားက ပဌမပြဿနာအဖြေကို နှစ်သက်အားရ သဘောကျပါပြီ၊ ဒုတိယပြဿနာမေးပါရစေ ဆိုတဲ့အနေမျိုးနဲ့ မေးမြန်းလျှောက်ထားပြန်ပါတယ်။

## အဆင်းအလှူပေးလိုမှု

## (၄)

"ကိံ ဒဒေါ ဟောတိ ဝဏ္ဏဒေါ"တဲ့။ ဘန္တေ၊ ဘုန်းတော်ကြီးမြတ်တော်မူပါသော မြတ်စွာဘုရား။ ကိံ ဒဒေါ၊ အဘယ်သို့သော ဝတ္ထုပစ္စည်းကို ပေးလှူသောသူသည်။ ဝဏ္ဏဒေါ ဟောတိ၊ အဆင်းကို လှူသည် မည်ပါသလဲတဲ့။ ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ သတ္တဝါတွေဟာ ရုပ်ရေအဆင်း လှပတင့်တယ်ချင်ကြပါတယ်၊ လူချောနတ်လှ ဖြစ်ချင်ကြပါတယ်၊ အဲဒီလို အဆင်းလှတဲ့ အကျိုးကို ရအောင် ဘယ်လိုဟာကို လှူရပါမလဲ၊ ကိုယ့်သန္တာန်က အဆင်းကိုတော့ သူများသန္တာန်ရောက်အောင် ပေးလှူလို့ မဖြစ်ပေဘူး၊ ဒါကြောင့် ဘယ်လို ဝတ္ထုပစ္စည်းကို လှူယင် အဆင်းကို လှူသည် မည်ပါသလဲ၊ အဆင်းလှကြောင်း ကောင်းမှုကုသိုလ် ဖြစ်ပါသလဲ မြတ်စွာဘုရားလို့ မေးလျှောက်ပါတယ်။ ကိုင်း ဆိုကြရမယ်။

> ဘယ်လို အလှူ၊ လှူသောသူ၊ ဆင်းလှူ လှူသူ မည်သနည်း။ (၃-ခေါက်)

ဒီဆောင်ပုဒ်ထဲမှာ အဆင်းလှူလို့ ဆိုရမည့်အစား လင်္ကာရေးနည်းနဲ့ ကိုက်ညီအောင် ဆင်းလှူလို့ ဆိုထားပါတယ်။

အဲဒီလို နတ်သားက မေးတော့ မြတ်စွာဘုရားက ဒီလို ဖြေတော်မူပါတယ်။

"ဝတ္တဒေါ ဟောတိ ဝဏ္ဏဒေါ"တဲ့။ ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးမြန်းလျှောက်ထားတဲ့ အိုနတ်သား၊ ဝတ္ထဒေါ၊ အဝတ်ကို လှူဒါန်းသော ပုဂ္ဂိုလ်သည်။ (ပါဠိလို ဝတ္ထ-ဆိုတာ အဝတ်အထည်ကို ဆိုပါတယ်၊ ရှေးဆရာများကတော့ ယောကျ်ား ခါးဝတ်ကို ရည်ပြီးတော့ ပုဆိုးလို့ ပြန်လေ့ရှိကြပါတယ်။ မိန်းမ ခါးဝတ်ကို ရည်လျှင် ထမီလဲ ဖြစ်နိုင်ပါတယ်၊ ထမီလိုနေတဲ့သူကို ထမီလှူလိုက်ယင်လဲ အဝတ်လှူသည် မည်တာပါဘဲ၊ အဆင်းလှူသည် မည်တာပါဘဲ၊ ရဟန်းများအတွက် ဆိုယင်တော့ သင်္ကန်းပေါ့၊ ရှေးတုန်းကတော့ ရဟန်းများကိုလဲ အဝတ်အထည် သားန်ကိုသာ လှူလေ့ရှိကြပါတယ်၊ အဲဒါကို သင်္ကန်းလျာ ပုဆိုးလို့လဲ ဆိုကြတယ်၊ အဲဒီ သင်္ကန်းလျာအဝတ်ကို ကျောင်းရောက်တော့မှ ချုပ်ဆိုးပြီး ဝတ်ရုံကြရပါတယ်၊ ယခုကာလမှာတော့ ပရိက္ခရာကုန်သည်တွေက ချုပ်ပြီး ဆိုးပြီး သင်္ကန်းကို ရောင်းနေကြတဲ့အတွက် ဒကာ ဒကာမတွေက အသွယ်တကူ ဝယ်ယူပြီး သင်္ကန်းကိုဘဲ လှူနေကြတယ်၊ ရဟန်းတော်များမှာ မချုပ်ရ မဆိုးရဘဲနဲ့ ဝတ်ရုံသုံးဆောင်ကြရတယ်၊ အင်မတန် ချမ်းသာပါတယ်၊ လူသူချင်း အဝတ်အထည် ပုဆိုး ထမီ အင်္ကျီ တဘက်စသည်တွေကို လှူတာလဲ ဒီ ဝတ္ထဒေါ-အရ အဝတ်အထည် လှူသူတွေပါဘဲ၊ သီလရှင်တွေကို ပိတ်အဝတ်အထည်တွေ လှူတာလဲ ဒီအဝတ်အထည်လှူသူ မည်တာပါဘဲ၊ ရဟန်းတော်တွေကို သင်္ကန်းလှူတာလဲ ဒီ ဝတ္ထဒေါ-အရ အဝတ်အထည် လှူသူ မည်တာပါဘဲ၊ ဒါကြောင့်) ဒေဝပုတ္တ၊ အို နတ်သား။ ဝတ္ထဒေါ၊ အဝတ်ကို လှူဒါန်းသော ပုဂ္ဂိုလ်

သည်။ ဝဏ္ဏဒေါ၊ အဆင်းကို လှူသည် မည်သည်။ ဟောတိ၊ ဖြစ်၏တဲ့။

အဝတ်အထည်ကို လှူယင် အဆင်း လှပတင့်တယ်ခြင်းကို လှူသည် မည်ပါတယ်တဲ့။ ဘာကြောင့်လဲဆိုယင် ယောကျ်ား ဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် လူတယောက်ဟာ ပကတိရုပ်ရေက ဘယ်လို လှပနေစေကာမူ သင့်လျော်တဲ့ အဝတ်မပါဘဲနဲ့ ဆိုယင် လှသင့်သလောက် မလှနိုင်ဘူး၊ ပွဲနေပွဲထိုင် အခမ်းအနားထဲ မသွားဝံ့ဘူး၊ ပကတိရုပ်ရေက မလှပစေကာမူ သင့်တော်တဲ့ အဝတ်အစားနဲ့ ပြင်ဆင်ထားယင် ကြည့်ရှုလို့ကောင်းအောင် ရုပ်ရေအဆင်း ပေါ်လာတယ်၊ ဒါကြောင့် "လူမှာအဝတ်၊ တောင်းမှာအကွပ်"လို့ စကားပုံတောင် တွင်နေတယ်၊ ရဟန်း များဆိုယင် သင်္ကန်းကို ဝတ်ရုံထားမှ ရဟန်း၏ ဂုဏ်ကြက် သရေကို ပေါ်စေနိုင်တယ်၊ ဒါကြောင့် အဝတ်အထည်ကို လှူ တဲ့ သူဟာ လှပတင့်တယ်တဲ့ အရုပ်အဆင်းကို လှူသူ မည်ပါ တယ်၊ အဲဒီလို လှပတင့်တယ်တဲ့ အရုပ်အဆင်းကို လှူသူ မည်တဲ့ အတွက် အဲဒီကောင်းမှုကြောင့် ဖြစ်လေရာရာ သံသရာဘဝ အဆက်ဆက်မှာ ရုပ်ရေအဆင်း လှပတင့်တယ်တဲ့ အကျိုးကို ရသွားနိုင်ပါတယ်၊ ယခု တရားနာနေကြတဲ့ ဒကာ ဒကာမတွေ ဟာ အရုပ်အဆင်း လှပကြောင်း ဖြစ်တဲ့ အဝတ်သင်္ကန်းအလှူ ကို လှူဘူးကြဘာ များလှပါပြီ၊ ဒါကြောင့် နိဗ္ဗာန်မရောက် သေးခင် စပ်ကြားမှာ အချောအလှခ့်တွချည်း ဖြစ်သွားကြမှာ ကတော့ သေချာနေပါပြီ၊ ကိုင်း-ဆိုကြရမယ်။

အဝတ်ကိုမူ၊ လှူသောသူ၊ ဆင်းလှူ လှူသူမည်သတည်း။
(၃-ခေါက်)

ပြီးတော့ နတ်သားက တဘိယ ပြဿနာကို မေးလျှောက်ပြန်ပါတယ်။

## ချမ်းသာအလှူပေးလို့မှု

## (၅)

"ကိံ ဒဒေါ သုခဒေါ ဟောတိ"တဲ့။ ဘန္တေ၊ ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူသော မြတ်စွာဘုရား။ ကိံ ဒဒေါ၊ အဘယ်သို့သော ဝတ္ထုပစ္စည်းကို လှူဒါန်းသောသူသည်။ သုခဒေါ၊ ချမ်းသာကို လှူဒါန်းသည် မည်သည်။ ဟောတိ၊ ဖြစ်ပါသနည်း။ ဘုန်းတော်အလွန်တရာ ကြီးမြတ်လှပါတဲ့ မြတ်စွာဘုရား။ သတ္တဝါတွေဟာ ချမ်းသာသုခကို အလွန်ပင် လိုလားတောင့်တနေကြပါတယ်၊ နေ့မအား ညမအား ချမ်းသာရေးကို အမြဲဘမ်း ရှာကြံ နေကြပါတယ်၊ ချမ်းသာ ဆိုတာ အကျဉ်းသချုပ်အားဖြင့် ကိုယ်ချမ်းသာနဲ့ စိတ်ချမ်းသာ ဒီနှစ်မျိုးဘဲရှိပါတယ်။ လူ့ချမ်းသာ နတ်ချမ်းသာ လူမင်း နတ်မင်းချမ်းသာဆိုတာတွေလဲ အရင်းစစ်ကြည့်ယင် ဒီနှစ်မျိုးပါဘဲ၊ စီးပွါးဥစ္စာတွေ အခြေအရံတွေ အသုံးအဆောင်တွေ ဆိုတာက ဒီချမ်းသာ နှစ်မျိုး ဖြစ်ပေါ်ဘို့ရာ အထောက်အပံ့တွေဘဲ၊ ဒါကြောင့် ယခုလူတွေ နေ့ညမအား စီးပွါးဥစ္စာ ရရာရကြောင်းကြံစည်အားထုတ် ပြုလုပ်နေကြတာတွေဟာ ဒီချမ်းသာ နှစ်မျိုးကို ရအောင်လို့ ပြုလုပ်နေကြတာချည်းပါဘဲ၊ ဒါပေမဲ့ ရှာတိုင်းလဲ ရတာတော့ မဟုတ်ဘူး၊ အလုပ်နဲ့ အကြောင်းက မှန်မှရနိုင်တယ်၊ တချို့ပုဂ္ဂိုလ်တွေမှာ နေပူစပ်ခါး မသွားရ မလာရပါဘဲနဲ့ တိုက်ကြီးတာကြီးပေါ်မှာ နေပြီးတော့ စိတ်ညစ်ပြီး စိတ်

ဆင်းရဲနေကြရတယ်၊ ဒီလို ပုဂ္ဂိုလ်တွေလဲ အများကြီးရှိတယ်၊ ရွှေနားကပ် စိန်နားကပ်ကြီးတွေနဲ့ မျက်ရည်ကျနေရတဲ့ ပုဂ္ဂိုလ်တွေလဲ အများကြီး ရှိတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေမှာ တိုက်ကြီး တာကြီးပေါ်မှာ ဆိုတော့ ကိုယ်ကတော့ မဆင်းရဲဘူး၊ ချမ်းသာ နေပါတယ်၊ ဒါပေမဲ့ စိတ်ကတော့ မချမ်းသာဘဲ ဖြစ်နေတယ်၊ အဲဒါဟာ ကိုယ်ချမ်းသာပြီး စိတ်မချမ်းသာတဲ့ ပုဂ္ဂိုလ်ဘဲ၊ စိတ်ဆင်းရဲပြီး ကိုယ်ချမ်းသာတဲ့ ပုဂ္ဂိုလ်လို့လဲ ဆိုနိုင်ပါတယ်။

တချို့ကတော့ စားဝတ်နေရေးအတွက် တနေကုန် တနေခန်း ကိုယ်အပင်ပန်းခံပြီး ထမ်းရ ပိုးရ တူးရ ဆွရ သွားရ လာရနဲ့ လုပ်ကိုင်နေကြရတယ်၊ ကုန်တင်ကုန်ချ အလုပ်သမားတွေနဲ့ လယ်သမားတွေမျိုးပေါ့၊ ဒါပေမဲ့ သူတို့မှာ စိတ်ကတော့ ချမ်းသာနေတယ်၊ သီချင်းကလေး တအေးအေးနဲ့ ဆိုပြီးတော့လဲ သူတို့မှာ ရွှင်ရွှင်လန်းလန်းနဲ့ ထမ်းပိုး ထွန်ယက် လုပ်ကိုင်နေကြတယ်၊ ဘေးကနေပြီး ကြည့်နေရတာတောင် ပျော်စရာလိုလို ထင်ရတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေထဲမှာ ကိုယ်ဆင်းရဲပေမဲ့ စိတ်ကတော့ ချမ်းသာနေတယ်၊ ဒီလို ပုဂ္ဂိုလ်တွေကတော့ များပါတယ်။

တချို့ကတော့ စားဝတ်နေရေး အခြေအရံ ပရိသတ်နှင့် တကွ အစစ အရာရာ ပြည့်စုံနေလို့ ကိုယ်ရော စိတ်ရော နှစ်ပါးလုံး ချမ်းသာနေတယ်၊ တချို့ကတော့ အစစအရာရာ မပြည့်စုံလို့ ကိုယ်ရော စိတ်ရော နှစ်ပါးလုံး ဆင်းရဲနေတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေဟာ လေးမျိုးရှိပါတယ်၊ အဲဒီ လေးမျိုးထဲမှာ ကိုယ်ရော စိတ်ပါ ချမ်းသာတဲ့ ပုဂ္ဂိုလ်မျိုးသာ ဖြစ်ချင်ကြပါတယ်၊ အဲဒီလို ကိုယ်ရော စိတ်ပါ နှစ်ပါးလုံး ချမ်းသာအောင် ဘယ်လို အလှူကို ပေးလှူရပါမလဲ၊ ဘယ်လိုဟာကို ပေးလှူယင် ချမ်း

သာကို ပေးလှူသည် မည်ပါသလဲ၊ မိမိသန္တာန်မှာ ရှိနေတဲ့ ကိုယ်ချမ်းသာ စိတ်ချမ်းသာကိုတော့ သူတပါးသန္တာန်ရောက် အောင် ပေးလှူလို့ မဖြစ်ပေဘူး၊ ဒါကြောင့် ဘယ်လို ဝတ္ထု ပစ္စည်းကို ပေးလှူယင် ချမ်းသာကို ပေးလှူသည် မည်ပါသလဲ၊ ချမ်းသာကို ရကြောင်း ကောင်းမှု ကုသိုလ်ဖြစ်ပါသလဲ မြတ်စွာ ဘုရားလို့ နတ်သားက မေးလျှောက်ပါတယ်၊ ကိုင်း လိုက်ဆိုကြ။

ဘယ်သိုအလှူ၊ လှူသောသူ၊ ချမ်းသာလှူသူ မည်သ နည်း။ (၃-ခေါက်)

အဲဒီလို နတ်သားက မေးလျှောက်တော့ မြတ်စွာဘုရားက ဒီလို ဖြေကြားတော်မူပါတယ်၊ ဖြေပုံကလေးကို နားထောင် ကြည့်ပါ။

"ယာနဒေါ သုခဒေါ ဟောတိ" တဲ့။ ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးမြန်းလျှောက်ထား အို နတ်သား။ ယာနဒေါ၊ ယာဉ်ကို လှူဒါန်းသောသူသည်။ သုခဒေါ၊ ချမ်းသာကို လှူဒါန်းသည် မည်သည်။ ဟောတိ၊ ဖြစ်ပါသတည်း။ အဲဒီ ဘုရားလက်ထက် တော်ကာလတုန်းကတော့ ယခုကာလလို သက်မဲ့ မီးရထား တွေ မော်တော်ကားတွေ လေယာဉ်တွေ မီးသင်္ဘောတွေ ဆိုတာက မရှိသေးဘူး၊ နွားလှည်းတို့ မြင်းရထားတို့ ဆင်တို့ မြင်းတို့ ဒီလို သက်ရှိယာဉ်လောက်သာ ရှိသေးတယ်၊ အဲဒီ မြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက ဆိုယင် ရုပ် လောကဘက်က အောက်ကျ နောက်ကျ ရှိနေသေးတဲ့ခေတ် ဖြစ်တယ်၊ ယခု ကာလမှာတော့ ဆိုင်းယင်းစ်-ခေါ်တဲ့ သိပ္ပံ ပညာတွေက ထွန်းကားလာလို့ ရုပ်လောကဘက်က အထက် တန်းကျလာတဲ့ခေတ် ဖြစ်တယ်။ ဒါကြောင့် ယခုခေတ်ကာလ လူတွေက ရုပ်ဝတ္ထုပစ္စည်းတွေကို ကောင်းသည်ထက် ကောင်း

အောင် ဆန်းသည်ထက် ဆန်းအောင် ကြံစည်ကြတယ်၊ တီထွင်ကြတယ်။ အဲဒီလို ကြံစည် တီထွင်ကြတဲ့အတွက် ရှေးက မမြင်ဘူး မကြားဘူးတဲ့ ရုပ်ဝတ္ထုပစ္စည်း အထူးအဆန်းတွေဟာ နေ့စဉ်နဲ့အမျှ ဆိုသလိုဘဲ အသစ်အသစ်ပေါ်လာနေကြတယ်၊ ဥပမာ ဒီမြောရုံကြီးကို ကြည့်ပါ၊ ယခု ဆောက်လုပ်ထားတဲ့ မဟာစည် ကျောင်းတော်ကြီးကို ကြည့်ပါ၊ မီးထွန်းထားတာတွေကို ကြည့်ပါ၊ ဒီလိုဟာတွေဟာ ယခုခေတ်မှာ သိပ္ပံပညာထွန်းကားလာတဲ့အတွက် ရလာတဲ့ အကျိုးတွေဘဲ၊ ရလာဒ်တွေလို့ ဆိုရမှာပေါ့။ ဒီလို တိုးတက်လာတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေကို ကြည့်ပြီးတော့ လူတွေက သိပ်ဝမ်းသာနေကြတယ်၊ ယခုခေတ်ကို သိပ်ချီးမွမ်းနေကြတယ်။

ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်ဟိုခေတ်တုန်းကတော့ ရုပ်လောကဘက်က အရေးမပေးဘဲ နာမ်လောကဘက်က စိတ်ဓာတ်တွေကို မြှင့်တင်ပေးနေတဲ့ ခေတ်ဖြစ်တယ်၊ ဈာန် အဘိညာဉ် မဂ်ဖိုလ်တရားထူးတွေ ရရေးကို အလေးပေးပြီး အားထုတ်ကြတဲ့ခေတ် ဖြစ်တယ်၊ ဒါကြောင့် အဲဒီခေတ်တုန်းက ဈာန်အဘိညာဉ်တန်ခိုးနဲ့ ကောင်းကင်မှာ ပျံသွားနိုင်တယ်၊ နတ်ပြည်လောကကို သွားနိုင်တယ်၊ ဘယ်လောက်ပဲဝေးဝေး ထိုထိုအရပ်ကို တခဏချင်း ရောက်အောင်သွားနိုင်တယ်၊ ဓာတ်ခွက် စက်ကိရိယာ ဘာမျှ မပါဘဲနဲ့ အလိုရှိရာကို ကြည့်နိုင် မြင်နိုင်တယ်၊ ကြားနိုင်တယ်၊ အာရုံ အကောင်းအဆိုးတွေ ချမ်းသာ ဆင်းရဲတွေ နောက်ကို မလိုက်ပဲ စိတ်ကို တည်ငြိမ်နေအောင် ထားနိုင်တယ်၊ အာရုံဝတ္ထုတွေက ဘယ်လိုဘဲ ရှိနေပေမယ်လို့ စိတ်ကို ချမ်းသာအောင် ထားနိုင်တယ်၊ အဲဒါတွေဟာ နာမ်လောက အထက်တန်းကျတဲ့ ခေတ်

တုန်းက ရတဲ့ ရလာဒ်တွေပါဘဲ။ အဲဒီခေတ်တုန်းကဆိုယင် ဗုဒ္ဓ မြတ်စွာဘုရားနှင့်တကွ ဘုရားတပည့် ပညာရှိတွေဟာ နာမ် လောက ကောင်းစားမှုသာ အမြဲတမ်း ချမ်းသာ အစစ်အမှန် ချမ်းသာကို ရနိုင်တယ်လို့ အသိအမှတ် ပြုထားကြတယ်၊ ဒါဟာ သိပ်သဘာဝကျတဲ့ အသိအမှတ်ပြုချက်ပဲ။

ယခုခေတ်မှာတော့ ရုပ်လောကဘက်က ခေတ်စားလာ တယ်၊ တိုးတက်လာတယ်၊ ကြီးပွါးလာတယ်၊ နာမ်လောက ဘက်က အောက်တန်းကျနေတယ်၊ ဒါကြောင့် သတ္တဝါတွေ ဟာ အဲဒီ ရုပ်လောက၏ ဒဏ်ကို နာမ်လောကက ခံနိုင်ရေမရှိ တဲ့အတွက် ဆင်းရဲကြရလိမ့်မယ်၊ ဆင်းရဲဘို့ကတော့ သေချာ တယ်၊ခံဘို့ရန် ခါးသာ ပြင်ထားကြပေတော့၊ ကုန်းသာခံကြပေ တော့၊ ရှင်းရှင်းဘဲပြောလိုက်ပါတယ်။ လူတွေကတော့ ရုပ် လောက တိုးတက်တဲ့အတွက် ဝမ်းသာနေကြပါတယ်၊ ဘုန်းကြီး အနေနဲ့ကတော့ ဝမ်းမသာပါဘူး၊ ဒီရုပ်ဝတ္ထုပစ္စည်းတွေ မြောက်မြောက်မြားမြား ဖြစ်ထွန်းလာလေလေ ဒီကမ္ဘာ လောကကြီး ပျက်စီးဘို့ရာ နီးလာလေလေဘဲလို့သာ မှတ်ထား ကြပေတော့၊ ဒါက ဒကာ ဒကာမတွေကို သတိပေးတဲ့အနေနဲ့ စပ်မိစပ်ရာ ပြောတဲ့ စကားပါဘဲ။ ယခုကာလမှာ ရုပ်လောက နာမ်လောကလို့ ဒီလို နှစ်မျိုး ခေါ်ဝေါ်ပြောဆိုနေကြပါတယ်၊ အဲဒီ လောကနှစ်မျိုးထဲက ရုပ်လောကဟာ ဘုရားလက်ထက် တုန်းက အောက်တန်းကျနေခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒီ ရုပ် လောက အောက်တန်းကျတာက အရေးမကြီးပါဘူး၊ မြတ်စွာ ဘုရားနှင့်တကွ ဘုရားတပည့်တော်များက အဲဒါကို အရေးလဲ မစိုက်ဘူး၊ ဘာပေါ်မှာဘဲ နေရနေရ၊ ဘာပေါ်မှာဘဲ စားရ စားရ၊ ဘုရားရဟန္တာအရှင်မြတ်တွေမှာ စိတ်ချမ်းသာမှုက

တော့ အပြည့်အဝရှိနေတာဘဲ၊ ဒါကြောင့် အောက်တန်းကျနေတဲ့ နာမ်လောကကို အထက်တန်းရောက်အောင် မြှင့်မြှောက်ပေးဘို့က အရေးကြီးပါတယ်၊ ရုပ်လောကကိုသာ ပြုပြင်ကြပြီးတော့ နာမ်လောကခေါ်တဲ့ စိတ်ဓာတ်တွေကို မပြုပြင်ကြယင်တော့ ဒီကမ္ဘာလောကကြီးဟာ ပျက်စီးဘို့သာ ရှိမှာဘဲ၊ ဘာကြောင့်လဲဆိုယင် ရုပ်လောကဘက်က ထွန်းကားကျယ်ပြန့်လာသလောက် နာမ်လောကဘက်က နှစ်သက်လိုချင်မှု လောဘတရားဆိုးတွေ ကျယ်ပြန့်လာမယ်၊ ပြစ်မှားမှု ဒေါသတရားဆိုးတွေ၊ မနာလိုမှု-ဣဿာတရားဆိုးတွေ၊ ဝန်တိုမှု-မစ္ဆရိယတရားဆိုးတွေ၊ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး သူတပါးတွေကို အထင်သေးမှု မာနတရားဆိုးတွေ၊ ဒီလို တရားဆိုးတွေကြီးပွါးကျယ်ပြန့်လာမယ်၊ ဒီလို တရားဆိုးတွေ ကျယ်ပြန့်လာယင် အချင်းချင်း လုယက်နှိပ်စက် သတ်ဖြတ်ပြီး ပျက်စီးကုန်မှာဘဲ၊ ဒါကြောင့် ဒီကမ္ဘာကြီးမပျက်စေချင်ကြယင် ဘုရားလက်ထက်ကလို စိတ်ဓာတ်-နာမ်လောကကို ဦးစားပေးပြီး ပြုပြင်ကြဘို့ လိုပါတယ်။

မြတ်စွာဘုရား လက်ထက်တော် ကာလဆီတုန်းကတော့ စိတ်ဓာတ် နာမ်လောကကိုသာ ဦးစားပေးပြီး ပြုပြင်ကြတယ်၊ ရုပ်လောကဘက်ကတော့ ပြုပြင်ဘို့ သိပ် စိတ်မဝင်စားကြဘူး။ ဒါကြောင့် အဲဒီ ခေတ်တုန်းက သွားစရာ ယာဉ်ဆိုယင် ခုနက ပြောခဲ့တဲ့ နွားလှည်း မြင်းရထား ဆင်မြင်းအစရှိတဲ့ သက်ရှိယာဉ်လောက်သာ ရှိခဲ့ပါတယ်၊ အဲဒီလို သက်ရှိယာဉ်တွေကတော့ မကျန်းမာ မသန်စွမ်းတဲ့ ရဟန်းများသာ စီးကောင်းတယ်၊ ကျန်းမာတဲ့ ရဟန်းများတော့ မစီးကောင်းဘူး၊ လှူယင်လဲ အဲဒီလို သက်ရှိယာဉ်တွေကို ရဟန်းတော်များမှာ

အလှူမခံကောင်းဘူး။ ဒါဖြင့် ယာနဒေါ-ယာဉ်ကိုလှူသောသူ-ဆိုတဲ့ ဒီပုဒ်အရ ဘယ်လိုယာဉ်ကို လှူရမှာလဲလို့ ဆိုတော့ ဘိနပ်ကို ဒီနေရာမှာ ယာဉ်လို့ ယူရမယ်လို့ ပြဆိုထားပါတယ်။ ဟုတ်တယ်၊ ဘိနပ်စီးပြီး ခရီးသွားယင် ကြာရှည်သွားနိုင်တယ်၊ နေပူလို့ မြေပြင်မှာ အလွန်ပူနေတဲ့အခါ ဘိနပ်မပါယင် သွားဘို့ ခက်တယ်၊ ဆူးငြောင့် ခလုတ်တွေရှိတဲ့ တောစခန်းများဆိုယင် ဘိနပ်ပါမှဘဲ သွားလို့ ဖြစ်တယ်။ ဒါကြောင့် ဘိနပ်ကို ခရီးသွားဘို့ ယာဉ်ခေါ်တယ်လို့ ဆိုတာဟာ အလွန်သင့်လျော်ပါတယ်။ နောက်ပြီးတော့ ထီးတို့ ယပ်တို့ တောင်ဝှေးတို့ကိုလဲ ခရီးသွားရာမှာ အထောက်အကူ ဖြစ်တဲ့အတွက် ယာဉ်အရထဲမှာ ထည့်သွင်းပြီး ယူသင့်ပါတယ်၊ ဒါကြောင့် ဘုရားလက်ထက်ရှေးခေတ်အရအားဖြင့် ရဟန်းတော်များကို ဘိနပ်လှူယင် ယာဉ်လှူသည် မည်ပါတယ်၊ ထီး ယပ် တောင်ဝှေးလှူယင်လဲ ယာဉ်လှူတယ်လို့ဘဲ ဆိုသင့်ပါတယ်။

ယ္ခုပ်လောကဘက်က တိုးတက်နေတဲ့ ယခုအခါမှာတော့ ရဟန်းတော်များ စီးကောင်းတဲ့ သက်မဲ့ယာဉ်တွေက များစွာ ရှိနေပါတယ်၊ မော်တော်ကား၊ မီးရထား၊ လေယာဉ်ပျံ၊ သင်္ဘော၊ မော်တော်ဘုတ်၊ ဒီလို ယာဉ်တွေဟာ စီးကောင်းတဲ့ ယာဉ်တွေပါဘဲ၊ ဒါပေမဲ့ မော်တော်ကား တစင်းလုံး မီးရထား တစင်းလုံး ဒီလို လှူဘို့ကတော့ ခဲယဉ်းပါလိမ့်မယ်၊ ဖြစ်နိုင်တာကတော့ ခရီးစရိတ် ရထားလက်မှတ် လေယာဉ်လက်မှတ် သင်္ဘောလက်မှတ် ဒီလိုဟာ လှူရတာပေါ့၊ လှူလဲ လှူနေကြပါတယ်။ အဲဒီလို လှူတာဟာ ယာဉ်အလှူကို လှူတာပါဘဲ၊ နောက်ပြီးတော့ ဒီရန်ကုန်မြို့မှာဆိုယင် ကားပိုင်ရှိတဲ့ပုဂ္ဂိုလ်တွေက သွားစရာ ကိစ္စရှိတဲ့အခါ ရဟန်းတော်များကို ကားနဲ့ လိုက်

ပို့တယ်၊ ကားနဲ့ သွားကြိုတယ်၊ အိမ်ကို ဆွမ်းစားပင့်တဲ့အခါ ကားနဲ့ပင့်တယ်၊ ကားနဲ့ ပြန်ပို့တယ်၊ ဒါတွေဟာ ယာဉ်အလှူ တွေပါဘဲ။

အဲဒီလို ယာဉ်အမျိုးမျိုးကို လှူတော့ ရဟန်းတော်များမှာ သွားရလာရမှာ ချမ်းသာတယ်၊ ဘိနပ်စီးသွားရယင် ဆူး ငြောင့်ခလုတ် မထိခိုက်ပဲ ချမ်းသာစွာ သွားရတယ်၊ ခြေဖဝါး မပူဘဲ ချမ်းသာစွာ သွားရတယ်၊ ထီးဆောင်းသွားယင် နေမပူ မိုးမစိုဘဲ သွားရတယ်၊ မော်တော်ကား စသည်နှင့် သွားရယင် တော့ အထူး ပြောစရာ မလိုပါဘူး၊ ထိုင်နေရင်းနဲ့ အလိုရှိရာ အရပ်ကို ရောက်သွားတယ်၊ အချမ်းသာဆုံးပါဘဲ၊ ဒါကြောင့် ယာဉ်ကိုလှူယင် ချမ်းသာကို လှူသည် မည်တယ်လို့ မြတ်စွာ ဘုရားက ဟောတော်မူတာဘဲ၊ အဲဒီလို ချမ်းသာကို လှူတော့ လှူတဲ့ ပုဂ္ဂိုလ်မှာ ဘယ်လို အကျိုးကို ရပါသလဲဆိုယင်— -

သုခံ ခေါ ပန ဒတွာ သုခဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ-လို့ ဒီလိုလဲ မြတ်စွာဘုရားက အခြား တသုတ်မှာ ဟောထားပါသေးတယ်။

သုခံ ခေါ ပန ဒတွာ၊ ချမ်းသာကို ပေးလှူသောကြောင့်။ ဒိဗ္ဗဿ ဝါ သုခဿ၊ နတ်ပြည်လောကဥ္စ ဖြစ်သော ချမ်းသာ၏ ၎င်း။ မာနုသဿ ဝါ သုခဿ၊ လူ့ပြည်လောကဥ္စ ဖြစ်သော ချမ်းသာ၏၎င်း။ ဘာဂီ ဟောတိ၊ ရရန်အဖို့ ရှိပေ၏-တဲ့။ အဲဒီ လို ချမ်းသာကို ပေးလှူတဲ့သူဟာ လူ့ပြည်လောကမှာလဲ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခကို ရသွားမယ်၊ နတ်ပြည် လောက ရောက်ပြီးတော့လဲ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ သုခကို ရသွားမယ်၊ ကိုယ်နဲ့ စိတ် ချမ်းသာတယ် ဆိုယင် အဲဒီလို ချမ်းသာဘို့ စားဘွယ် သောက်ဖွယ် သုံးဆောင်ဘွယ် အခြေ

အရုံ စသည် အလုံးစုံလဲ ပြည့်စုံနေတော့တာဘဲ။ ယခု ဒီက ဒကာ ဒကာမတွေဟာ ဒီလို ထီး ဘိနပ်စသည် ယာဉ်ရထား အလှူတွေ လှူဘူးလှူကြပါပြီ၊ ဒါကြောင့် ယခု မျက်မှောက် လူ့ဘဝကစပြီး သံသရာဘဝအဆက်ဆက်မှာ ချမ်းသာနှင့် ပြည့်စုံ သွားဘို့ရာ သေချာနေပါပြီ။ ကိုင်း ဆိုကြရမယ်။

ယာဉ်ရထားမူ၊ လှူသောသူ၊ ချမ်းသာလှူသူ မည်သတည်း။ (၃-ခေါက်)

## မျက်စိအလှူပေးလိုမှု

## (၆)

အဲဒီလို ဖြေလိုက်တော့ နတ်သားက ကိံဒဒေါ စက္ခုဒေါ ဟောတိ-လို့ မေးလျှောက်ပြန်ပါတယ်။

ဘန္တေ၊ ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူပါပေသော မြတ်စွာဘုရား။ ကိံဒဒေါ၊ အဘယ်သို့သော ဝတ္ထုပစ္စည်းကို လှူဒါန်းသောသူသည်။ စက္ခုဒေါ၊ မျက်စိကို လှူသည် မည်သည်။ ဟောတိ၊ ဖြစ်ပါသနည်း မြတ်စွာဘုရား-တဲ့။ နတ်သားက မျက်စိအမြင်ကောင်းတဲ့ အကျိုးကို ရချင်တဲ့သူဟာ ဘယ်လိုဟာကို လှူရပါမလဲ-လို့ ကြံစည်ပြီး မေးပါတယ်။ ကိုယ့်မျက်စိကို ထုတ်လှူမှ မျက်စိအမြင်ကောင်းတဲ့အကျိုးကို ရမယ် ဆိုယင် လှူဘို့ ခက်တယ်၊ ရှေးတုန်းက ဘုရားအလောင်း သိဝိမင်းကြီးတော့ မျက်စိကို ဆေးဆရာနဲ့ ထုတ်လှူဘူးတဲ့ သာဓကတခု ရှိပါတယ်၊ နောက်ပြီးတော့ သုဘာဆိုတဲ့ ထေရီမလဲ လူဆိုးတယောက်က မျက်စိကို နှစ်သက်တယ်ဆိုပြီး လမ်းက အတင်း ပိတ်ဆို့ထားလို့ မျက်စိကို လက်နဲ့အတင်း ကော်ထုတ်

ပြီး အဲဒီ လူဆိုးအား ပေးတယ်ဆိုတဲ့ ဝတ္ထုတရပ်လဲ ရှိတယ်။ ယခုခေတ်မှာ မျက်စိပါရဂူ ဆရာဝန်ကြီးများက မျက်စိ မကောင်းတဲ့သူကို သေပြီးခါစ သူ့ရဲ့ မျက်စိ ထည့်ပေးလို့ အောင်မြင်တယ်လို့လဲ ကြားသိရတယ်။ ဒါပေမဲ့ ကိုယ့်မျက်စိကို ထုတ်လှူဘို့ ဆိုတာကတော့ ဘုရားအလောင်း မဟုတ်ယင် ခဲယဉ်းပါတယ်။ ဒါကြောင့် မျက်စိအမြင်ကို လှူချင်ယင် ဘယ်လိုဟာကို လှူရပါမလဲ၊ ဘယ်လိုဟာကို လှူယင် မျက်စိ အမြင်ကို လှူရာရောက်ပြီး မျက်စိကို လှူသကဲ့သို့ပင် အကျိုး သက်ရောက်နိုင်ပါသလဲလို့ မေးလျှောက်ပါတယ်။ ကိုင်း ဆိုကြ ရမယ်။

ဘယ်လိုအလှူ၊ လှူသောသူ၊ မျက်စိလှူသူ မည်သ နည်း။ (၃-ခေါက်)

အဲဒီတော့ မြတ်စွာဘုရားက ဒီပဒေါ ဟောတိ စက္ခုဒေါ-လို့ ဖြေကြားတော်မူပါတယ်။

ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးမြန်း လျှောက်ထား အိုနတ် သား။ ဒီပဒေါ၊ ဆီမီးကို လှူသော သူသည်။ စက္ခုဒေါ၊ မျက်စိ ကို လှူသည်မည်သည်။ ဟောတိ၊ ဖြစ်ပါပေသတည်း။ ညဉ့် မှောင်နေတဲ့အခါ မျက်စိဖြင့် မမြင်နိုင်ဘူး၊ မျက်စိရှိပေမဲ့ မျက်စိ မရှိသလို ဖြစ်နေတယ်။ အဲဒီလို မှောင်နေတဲ့ နေရာမှာ မီးထွန်း လိုက်ယင်တော့ အမှောင်တွေ တခါထဲ ပျောက်ပြီး လင်းလာ တယ်၊ အဲဒီအခါ မျက်စိဖြင့် ဘာမဆို မြင်နိုင်တယ်။ ဒါကြောင့် ဆီမီးကို လှူယင် မျက်စိအမြင်ကို လှူသည် မည်ပါတယ်တဲ့။ ရှေးခေတ်တုန်းကတော့ မီးထွန်းစရာက ဆီဘဲရှိတယ်၊ ရေနံဆီ ဆိုတာတောင် ရှိပုံမရသေးပါဘူး၊ နှမ်းဆီနဲ့ မုန်ညင်းဆီ ဒါလောက်ပဲ အသုံးများပုံ ပေါ်ပါတယ်။ ဒါကြောင့် အဲဒီ

နှမ်းဆီ မုန်ညင်းဆီများကို မီးထွန်းဘို့ လှူလိုက်ယင်၊ ဒီလို မှ မဟုတ်ယင်လဲ နှမ်းဆီး မုန်ညင်းဆီကို မီးထွန်းပြီး လှူလိုက် ယင် မျက်စိအမြင်ကို ပေးလှူသည် မည်ပါတယ်။ ယခုခေတ်မှာ တော့ မီးရောင် လှူစရာတွေက ပေါပါတယ်၊ ရေနံဆီနဲ့လဲ လှူနိုင်တယ်။ ဖရောင်းတိုင်နဲ့လဲ လှူနိုင်တယ်၊ လျှပ်စစ်ဓာတ် မီးနဲ့လဲ လှူနိုင်တယ်၊ လျှပ်စစ်ဓာတ်မီးမှာလဲ ဖလ်သီးက အမျိုး မျိုးရှိတယ်၊ မီးချောင်းလဲ ရှိတယ်၊ ရောင်စုံလဲ ရှိတယ်၊ မာကျူ ရီခေါ်တဲ့ မီးသီးလဲ ရှိတယ်၊ ကြိုက်သလို လှူနိုင်ကြပါတယ်။ ဖရောင်းတိုင် တတိုင်လောက် လှူလိုက်ယင်လဲ မျက်စိကို လှူသည် မည်တာဘဲ။ မျက်စိအမြင်ကို လှူတဲ့အတွက် ဘယ်လိုအကျိုးတွေကို ရမလဲ ဆိုလို့ရှိယင် ဘဝအဆက်ဆက် မှာ မျက်စိ လှပခြင်း မျက်စိကြည်လင်ခြင်း မျက်စိ မမှုန်ခြင်း စသည်ဖြင့် လောကီအကျိုးတွေကိုလဲ ရနိုင်ပါတယ်။ သစ္စာ ၄-ပါး တရားထူးကို သိမြင်သည်အထိ ပညာမျက်စိ အကျိုးကိုလဲ ရနိုင်ပါဘယ်။ ကိုင်း ဆိုကြရမယ်။

ဆီမီးကိုမူ၊ လှူသောသူ၊ မျက်စိလှူသည် မည်သတည်း။ (၃-ခေါက်)

## အားလုံးအလှူပေးလိုမှု

## (၇)

အဲဒီတော့ နတ်သားက "ကော စ သဗ္ဗဒဒေါ ဟောတိ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော"လို့ မေးလျှောက်ပြန်ပါတယ်။

ဘန္တေ၊ ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှပါသော မြတ်စွာဘုရား။ ကော စ၊ အဘယ်သို့သော ပုဂ္ဂိုလ်သည်ကား။

ဝါ၊ အဘယ်အရာကို လှူသောပုဂ္ဂိုလ်သည်ကား။ သဗ္ဗဒဒေါ၊ ဆိုခဲ့ပြီးသမျှ အလုံးစုံကို ပေးလှူသူမည်သည်။ ဟောတိ၊ ဖြစ်ပါသနည်း။ ပုဋ္ဌောတော၊ မေးလျှောက်အပ်သော အရှင်ဘုရားသည်။ တံ၊ ထိုပြဿနာကို။ မေ၊ တပည့်တော်အား။ အက္ခာဟိ၊ ဖြေကြားတော်မူပါ အရှင်ဘုရားတဲ့။

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူသော မြတ်စွာဘုရား။ တပည့်တော်က (၁) နံပါတ် အနေနဲ့ ဘယ်အရာကို လှူယင် ခွန်အားဗလကို လှူသည်မည်ပါသလဲ-လို့ မေးခဲ့ပါတယ်။ (၂)နံပါတ် အနေနဲ့ ဘယ်အရာကို လှူယင် အဆင်းကို လှူသည်မည်ပါသလဲလို့ မေးခဲ့ပါတယ်။ (၃) နံပါတ်အနေနဲ့ ဘယ်အရာကို လှူယင် ချမ်းသာကို လှူသည် မည်ပါသလဲလို့ မေးခဲ့ပါတယ်။ (၄) နံပါတ်အနေနဲ့ ဘယ်အရာကို လှူယင် မျက်စိအလှူကို လှူသည် မည်ပါသလဲလို့ မေးခဲ့ပါတယ်၊ မေးသမျှကို မြတ်စွာဘုရားက ကရုဏာတော်ဖြင့် ဖြေကြားတော်မူခဲ့ပါတယ်။ တပည့်တော်ကလဲ နှစ်သက်အားရ သဘောကျခဲ့ပါတယ်။ ယခု (၅) နံပါတ် အနေနဲ့ မေးခဲ့ပြီး အရာဝတ္ထုတွေကို ပေါင်းပြီး မေးလိုပါတယ်၊ ဘယ်လို ပစ္စည်းကို လှူယင် တခုတည်းလှူရုံမျှနဲ့ ခွန်အား အဆင်း ချမ်းသာ မျက်စိ ဆိုတဲ့ အဲဒီ ၄-ပါးလုံးကို လှူသည် မည်ပါသလဲ၊ ဒီပြဿနာကို ကရုဏာရှေ့ထား၍ ဖြေကြားတော်မူပါ မြတ်စွာဘုရား-လို့ နတ်သားက မေးလျှောက်ပါတယ်၊ ကိုင်း ဆိုကြ။

အဘယ်ကိုမူ၊ လှူသောသူ၊ လုံးစုံ လှူသူ မည်သနည်း။ (၃-ခေါက်)

ဒီတော့ မြတ်စွာဘုရားက ဒီလို ဖြေကြားတော်မူပါတယ်၊ အဲဒါကို နားထောင်ကြည့်ပါ။

သော စ သမ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ-တဲ့။

ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးမြန်းလျှောက်ထား အို နတ်သား။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဥပဿယံ၊ သခ်ိမ်းကျောင်းကို။ ဒဒါတိ၊ ပေးကမ်းလှူဒါန်း၏။

[ဥပဿယ-ဆိုတာ သခ်ိမ်းကျောင်း၊ ဒီလိုဘဲ မြန်မာပြန်ကြတယ်၊ ရှေးဆရာတော်ကြီးတွေက ဝိဟာရ ဆိုတဲ့ ပုဒ်တခုကိုသာ ကျောင်းလို့ ပြန်ကြတယ်၊ အဿမ ပုဒ်ကိုလဲ သခ်ိမ်းကျောင်းလို့ ပြန်ကြပါတယ်။ ဟို ဝေဿန္တရာ ဇာတ်တော်မှာ....

ဣမေ ကုမာရေ ပဿန္တော၊ မဉ္ဇုကေ ပိယဘာဏိနော။

အဿမေ ရမဏီယမှိ၊ န ရဇ္ဇဿ သရိဿတိ—

ဆိုတဲ့ ဒီဂါထာထဲက အဿမပုဒ်ကို သခ်ိမ်းကျောင်းလို့ ပြန်ကြပါတယ်၊ အဲဒီ ဂါထာကလေးကို အပြည့်အစုံ အနက်ပြန်ပြလိုက်ဦးမယ်။

ရမဏီယမှိ၊ တောချုံပျော်ရှင် သူတော်စင်တို့သည် မွေ့လျော်ပျော်ဘွယ်ကောင်းထသော။ အဿမေ၊ ဝက်ပါတောင်စောင်း သခ်ိမ်းကျောင်း၌။ (ငယ်ငယ်တုန်းက ရဘူးတဲ့ အနက်ပဲ။ ဟို ဝေဿန္တရာမင်းကြီးတို့ မဒ္ဒီမိဖုရားတို့ သားတော်ကလေး ဇာလီနဲ့ သမီးတော်ကလေး ကဏှာဇိနာတို့ အဲဒီ ပုဂ္ဂိုလ်တွေ နေထိုင်ရတဲ့ နေရာဌာနကလေးပေါ့၊ အဲဒါကလေးကို ဇာတ်ပါဠိတော်မှာ အဿမ ဆိုတဲ့ ပါဠိပုဒ်ကလေးနဲ့ ဟောထားပါတယ်၊ ဒါကြောင့် သခ်ိမ်း ဆိုတဲ့ မြန်မာပြန်မှာ ခရေ့းမသတ်နဲ့ ရေးရတယ်။) အဿမေ၊ ဝက်ပါတောင်စောင်း သခ်ိမ်းကျောင်း၌။ မဉ္ဇုကေ၊ တီတီတာတာ သာယာသောအသံရှိကုန်ထသော။ ပိယဘာဏိနော၊ နှလုံးစိတ်ဝမ်း ချစ်ဖွယ်သောစကားကို ဆိုတတ်ကုန်သော ။ ဣမေ ကုမာရေ၊ ဤသားတော်

သမီးတော်တို့ကို။ ပဿန္တော၊ မျက်ဝါးထင်ထင် မြင်ရသည် ရှိသော်။ ဝါ၊ မြင်ရသော အရှင်မင်းမြတ်သည်။ ရဋ္ဌာသာ၊ သိဝိဘိုင်းခေါ် စေတုဘ္ဘရာ မြို့တော်ကြီး၌ ပိုင်သီးစိုးအုပ် မင်းလုပ်ရသော အဖြစ်ကို။ န သရိဿတိ၊ မအောက်မေ့ မထင်မြင် မဆင်ခြင်မိ သတိမရဘဲ ရှိပါလတံ့-တဲ့။ ဒါကတော့ စပ်မိလို့ ရွတ်ပြလိုက်ရတာ၊ လိုရင်းကတော့ အဿမ-ပုဒ်ကို ထောက်ပြီး သခ်မ်းကျောင်း ရေးသား ပြန်ဆိုပုံကလေးပါဘဲ။ အဲဒီ သခ်မ်းကျောင်းဆိုတာ သိပ် ခမ်းခမ်းနားနားကြီး မဟုတ်ပါဘူး၊ ဘုန်းကြီးတို့ မြတ်စွာဘုရားမှာ ဘုရားဖြစ်တော်မူပြီးကာစ တဝါက ကျောင်းမရှိသေးဘူး၊ ရဟန်းသံဃာတော်တွေမှာလဲ ကျောင်းမရှိသေးဘူး၊ သစ်ပင်အောက်တို့ တောင်ခေါင်းတို့ တောင်စောင်းတို့ ကောက်ရိုးပုံတို့ ဆိုတာမျိုးတွေမှာ မှီကပ်နေကြရတယ်၊ ဝါကျွတ်ပြီးတဲ့နောက် တပို့တွဲလမှာ ရာဇဂြိုဟ်မြို့ကို ရောက်တယ်၊ အဲဒီက နောက်မှ ရာဇဂြိုဟ်သေဋ္ဌေးက ဆောက်လုပ်ပြီးလှူလို့ ကျောင်းတွေ စတင်ပြီး ပေါ်လာပါတယ်၊ အဲဒီ သေဋ္ဌေးက တနေ့ထဲနဲ့ ကျောင်းပေါင်း ၆၀-ဆောက်လုပ်ပြီး လှူတယ်လို့ ဆိုပါတယ်၊ အဲဒီကျောင်းတွေဟာ ဒီလို ကျောင်းကောင်းကြီးတွေ မဟုတ်ပါဘူး၊ မဒမတိုင်လေးလုံးနဲ့ ဆောက်လုပ်တဲ့ တဲကလေးမျိုးတွေ ဖြစ်မှာပေါ့၊ ဒါကြောင့် တနေ့ထဲနဲ့ ကျောင်းပေါင်း ၆၀-ပြီးတာ၊ ယခု ဒီမဟာစည်ကျောင်းတော်ဟာ တနှစ်ဆောက်တာတောင်မှ အပြည့်အစုံ ပြီးသေးတာ မဟုတ်ဘူး၊ ရှေ့ရှောက်ပြီး လုပ်စရာကလေးတွေ ရှိနေပါသေးတယ်၊ ဆက်ပြီး လုပ်ရဦးမယ်။ ဟိုလေးသခ်ျေနဲ့ ကမ္ဘာတသိန်းထက်က ဘုရားအလောင်း သုမေဓာ ရှင်ရသေ့ကလေးနေတဲ့ ဟိမဝန္တာတောထဲက ဓမ္မိကဆိုတဲ့ တောင်မှာ ဖက်မိုးဖက်ကာ

သခ်မ်းကျောင်းကလေးဆိုတာ တယ်စိတ်ကြည်နူးဘွယ်ကောင်း တယ်လို့ ဆိုပါတယ်၊ အဲဒီလို ကျောင်းကလေးများကို မြင်လိုက် ရယင် တရားအားထုတ်ချင်တဲ့စိတ်တွေ ပေါ်လာတယ်၊ ယခု ကြည့်ပါ ဒီသာသနာ့ရိပ်သာထဲ ရောက်လာလို့ ကမ္မဋ္ဌာန်း ကျောင်းတွေကို မြင်လိုက်တာနဲ့ တပြိုင်နက် ငါလဲ တနေ့စ်တခါ လောက် ဒီလို တရားအားထုတ်ရယင် ကောင်းမှာဘဲလို့ စိတ်ကူး ကြံစည်မှုဟာ တခါထဲ ဖြစ်လာတယ်။ ယခုပြောလာခဲ့တာဟာ အဿမပုဒ်ကို သခ်မ်းကျောင်းလို့ မြန်မာပြန်တာလို ဥပဿယ ပုဒ်ကိုလဲ သခ်မ်းကျောင်းလို့ ပြန်ကြတဲ့ အကြောင်းနဲ့ စပ်ပြီး တော့ ပြောလာခဲ့တယ်၊ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ဝန- ရောပသုတ်မှာလဲ ဥပဿယံ ဆိုတဲ့ ပုဒ် ပါပါတယ်၊ အဲဒီပုဒ်ကို အဋ္ဌကထာက ဝါသာဂါရံလို့ ဖွင့်ပြထားပါတယ်၊ ဝါသာဂါရ ဆိုတာ နေရာအိမ် နေရာအဆောက်အဦ နေရာကျောင်းလို့ ပြန် နိုင်ပါတယ်၊ ဒါကြောင့် ဒီမှာလဲ ဥပဿယံ ပုဒ်ကို နေရာကျောင်း လို့လဲ ပြန်နိုင်ပါတယ်။]

ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဥပဿယံ၊ မှီခို၍ နေထိုင်စရာ ကျောင်းကို။ ဒဒါတိ၊ ပေးလှူ၏။ သော စ၊ ကျောင်းကိုလှူသော ထိုပုဂ္ဂိုလ်သည်ကား။ သဗ္ဗဒဒေါ၊ ခွန် အား အဆင်း ချမ်းသာ မျက်စိဆိုတဲ့ အလုံးစုံကို ပေးလှူသည် မည်သည်။ ဟောတိ၊ စင်စစ်မသွေ့ အမှန်ဘဲဖြစ်ပါပေသတည်း။ (သာခု ၃)

ကိုင်း ဆိုကြရမယ်။

ကျောင်းဆောက်အဦ၊ လှူသောသူ၊ လုံးစုံလှူသူ မည် သတည်း။ (၃-ခေါက်)

ကျောင်းတခု လှူတာနဲ့ အလုံးစုံကို လှူသည် မည်တာက ဘယ်လိုလဲဆိုယင် ဆွမ်းမရှိလို့ မစားရပေမဲ့ ကျောင်းခန်းထဲ ဝင်နေလိုက်ယင် နေသာထိုင်သာဖြစ်ပြီး အားလဲ ရှိတန်သမျှ ရှိလာနိုင်တယ်၊ ရုပ်ရေအဆင်းလဲ ကြည်လင်လာနိုင်တယ်၊ကိုယ်ထဲမှာ ချမ်းသာပြီး စိတ်လဲ ချမ်းသာနိုင်တယ်၊ မျက်စိလဲ ကြည်လင်နိုင်တယ်။ ဒါကြောင့် အဲဒီ ၄-မျိုး အလုံးစုံကိုလဲ လှူသည် မည်ပါဘယ်ဘဲ့။ အဲဒီလို အလုံးစုံကို လှူသည် မည်တယ် ဆိုတာဟာ ယခုလို ခမ်းခမ်းနားနား ကျောင်းကြီးကို လှူမှမဟုတ်ပါဘူး၊ ခုနက ပြောခဲ့တဲ့ ဖက်မိုးဖက်ကာ လေးပင်တိုင် ကျောင်းကလေးမျိုးကို လှူယင်လဲ အဲဒီ ၄-ပါးလုံးကို လှူသည်မည်ပါတယ်။ ယခု ရေစက်ချလှူမည့် မဟာစည်ကျောင်းတော်မျိုး ဆိုယင်တော့ အလုံးစုံကို လှူသည် မည်တယ်ဆိုတာကို ပြောစရာတောင် မလိုတော့ပါဘူး၊ အဲဒီလို အလုံးစုံကို လှူသည် မည်တဲ့အတွက် ဘယ်လို အကျိုးတွေကို ရနိုင်သလဲဆိုယင် ဒါကတော့ ရှေ့နားက ပြောခဲ့တဲ့ အတိုင်းပါဘဲ၊ ခွန်အားဗလတွေ အရုပ်အဆင်း လှပတင့်တယ်ခြင်းတွေ ကိုယ်ရော စိတ်ပါ ချမ်းသာခြင်းတွေ မျက်စိအမြင်နဲ့ ပညာအမြင်တွေ အဲဒီလို အကျိုးတွေကို ဘဝဆက်တိုင်း ရသွားကြပါလိမ့်မယ်။

ဒီက မဟာစည်ကျောင်းဆိုင်ရာ ကျောင်းဒကာ ကျောင်းအမတွေဟာ မိမိတို့ရဲ့ အနန္တကျေးဇူးရှင် ဆရာသခင် ဖြစ်တော်မူတဲ့ မဟာစည်ဆရာတော် သီတင်းသုံးဘို့ရာ ကျောင်းတော်ကြီးကို ခေတ်မှီ စံနစ်တကျ ဆောက်လုပ်ပြီး ရေစက်ချပွဲ ကျောင်းလှူဘ် ပူဇော်ပွဲကြီး ကျင်းပကြတယ်၊ အားလုံး စုစုပေါင်း ၂-သိန်းလောက် ကုန်တယ်ဆိုတော့ ယခုနေအခါမှာ နဲတဲ့ငွေတွေ မဟုတ်ဘူး၊ ဟို စီးပွါးရေးခေတ်ကောင်းတုန်းကဆိုယင်

တော့ ဒီ ၂-သိန်းလောက်ဟာလဲ တယ်မများသေးဘူးလို့ ဆိုရမှာပါဘဲ၊ ဒါပေမဲ့ ယခုလို စီးပွါးရေး အလုပ်အကိုင်တွေ ကြပ်တည်းနေတဲ့အချိန်အခါမှာ ၂-သိန်းလောက်ငွေကို လွယ်လွယ်ကူကူနဲ့ ရနိုင်တာဟာ ကျောင်းဒကာ ကျောင်းအမတွေရဲ့ စေတနာ အလွန်ထက်သန်မှုကြောင့်လို့ဆိုယင် လွဲမယ် မဟုတ်ပါဘူး၊ အဲဒီလို ခဲယဉ်းလောက်တဲ့ အချိန်အခါမှာ မခဲယဉ်းရအောင် ထက်သန်စွာနဲ့ လှူဒါန်းကြတဲ့ ဒကာ ဒကာမတွေမှာ ရမည့် အကျိုးတွေကတော့ ပြောလို့တောင် ကုန်နိုင်မယ်မဟုတ်ပါဘူး။

ဘုရားလက်ထက်တော်ကာလတုန်းက အနာထပိဏ် သေဋ္ဌေးကြီးက ဇေတဝန်ကျောင်တော်ကြီးကို ဆောက်လုပ် လှူဒါန်းခဲ့ပါတယ်၊ အဲဒီလို လှူရာမှာ မြေကွက် ဝယ်ယူရတာက ၁၈-ကုဋေ၊ ကျောင်းဆောက်တာက ၁၈-ကုဋေ၊ ရေစက်ချလှူဒါန်းပွဲကြီး ကျင်းပတာက ၁၈-ကုဋေ၊ စုစုပေါင်း ၅၄-ကုဋေကုန်တယ်လို့ ဆိုပါတယ်။ ဝိသာခါ ဒကာမကြီးက ပုဗ္ဗာရုံကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းရာမှာ အဲဒီ ၅၄-ကုဋေရဲ့ ထက်ဝက် ၂၇-ကုဋေ ကုန်တယ်လို့ ဆိုပါတယ်။ အဲဒါတွေကတော့ သုံးစွဲလို့ မကုန်နိုင်အောင် ကုဋေပေါင်း များစွာကြွယ်ဝနေတဲ့ သေဋ္ဌေးကြီးတွေမို့ လှူနိုင်တာတွေပါ။ ယခုကာလ ဒကာ ဒကာမတွေမှာတော့ သိန်းသောင်းထိအောင် ပြည့်စုံဘဲ့သူက အလွန်နဲပါတယ်။ အဲဒီလို နဲနဲသာရှိတဲ့ မိမိတို့ဥစ္စာထဲက ထုဘ်နုတ်ပြီး ယခုလို ၂-သိန်းတန် ခေတ်မှီကျောင်းကြီးဆောက်လုပ်ပြီး လှူနိုင်ကြတာဟာ အင်မတန် ချီးမွမ်းစရာကောင်းပါတယ်၊ ကျောင်းဒကာ ကျောင်းအမတွေအတွက် အင်မတန် ဝမ်းမြောက်စရာလဲ ကောင်းပါတယ်။

## ကျောင်းအမကြီးဝိသာခါ

## (၈)

ခုနက ပြောလက်စ ရှိတဲ့ ပုဗ္ဗာရုံကျောင်းတော်ကြီး ဆောက်လုပ် လှူဒါန်းပုံကို အကျဉ်းချုပ် ပြောရဦးမယ်။ ကျောင်းအမကြီး ဝိသာခါဟာ ခုနစ်နှစ်သမီးအရွယ်က မြတ်စွာဘုရား ဘဒ္ဒိယမြို့ ကြွလာတုန်းက ကြိုဆိုပြီး ပင့်တဲ့ပွဲမှာ တရားနာရလို့ သောတာပန် ဖြစ်ခဲ့ပါတယ်၊ ၁၅-နှစ် အရွယ်မှာ သာဝတ္ထိမြို့က မိဂါရသေဌေး၏သား ပုဏ္ဏဝဍ္ဎနဆိုတဲ့ သတို့သားနဲ့ မိဘများက လက်ထပ်ထိမ်းမြားပေးပါတယ်။ အဲဒီလက်ထပ် မင်္ဂလာပွဲမှာ သူ့ဖခင် ဓနဉ္စယသေဌေးက မဟာလတာတန်ဆာဆိုတာကို လက်ဖွဲ့ပေးပါတယ်။ မဟာလတာ တန်ဆာတဲ့နော် သေသေချာချာ မှတ်ထားကြ၊ မလ္လိကာ တန်ဆာမဟုတ်ဘူး၊ မလ္လိကာ ဆိုတာက ဗန္ဓုလစစ်သူကြီးရဲ့ ဇနီး စစ်ဗိုလ်ချုပ်ကတော် ဖြစ်တယ်၊ သူက မလ္လမင်းရဲ့ သမီးဖြစ်လို့ သူ့ကို မလ္လိကာလို့ ခေါ်တယ်၊ အဲဒီ မလ္လိကာမှာလဲ အလားတူ မဟာလတာ တန်ဆာ ရှိတယ်၊ ဒါကြောင့် လူတွေက မလ္လိကာ တန်ဆာလို့ လွယ်လွယ် ခေါ်နေကြဟန် တူပါတယ်။ ဒါပေမဲ့ မဟာလတာ တန်ဆာလို့ ခေါ်မှ မှန်တယ်၊ မဟာ-ဆိုတာ ကြီးကျယ်တယ်၊ ကောင်းမြတ်တယ်လို့ အဓိပ္ပါယ် ရှိတယ်၊ လတာဆိုတာ နွယ်-ကြိုးလို့ အဓိပ္ပါယ် ရှိတယ်၊ ဒါကြောင့် မဟာလတာဆိုတာ ရွှေနွယ်ကြိုး အကောင်းအမြတ်တွေနဲ့ ပြုလုပ်ထားတဲ့ အဆင် တန်ဆာလို့ ဆိုလိုပါတယ်၊ ရွှေနန်းချည် အင်္ကျီရှည်ကြီးလို့ ခေါ်ယင်လဲ သင့်တော်လောက်စရာ ရှိပါရဲ့။

အဲဒီ မဟာလတာ တန်ဆာထဲမှာ စိန်က ၄-စလယ်၊ ပုလဲက ၁၁-စလယ်၊ သန္တာခေါ်တဲ့ ကျောက်ရတနာက ၂၂-စလယ်၊ ပတ္တမြားက ၃၃-စလယ်နှင့် အခြားရတနာတွေလဲ ပါဝင်တယ်၊ ရွှေနန်းချည်တွေနဲ့ ယက်လုပ်ထားတယ်၊ တန်ဘိုးက သိန်းပေါင်း ကိုးရာ(၉-ကုဋေ)ထိုက်တန်တယ်၊ အမျိုးသမီးများမှာ သက်န်းလှူလို့ရတဲ့ အကျိုးထဲက အမြတ်ဆုံး အကျိုး ဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒါကို တိုတိုနဲ့ မှတ်ထားရအောင် ဟောဒီ လင်္ကာကလေးများကို ကျက်ထားယင် ကောင်းတယ်။

၁။ စိန် ပုလဲပါ၊ ကျောက်သန္တာ၊ တဖြာ ပတ္တမြား။

၂။ လေးစလယ် ဆဲ့တစ်၊ နှစ်ဆဲ့နှစ်၊ ထည့်လစ် သုံး သုံး များ။

စိန်က ၄-စလယ်၊ ပုလဲက ၁၁-စလယ်၊ ကျောက်သန္တာက ၂၂-စလယ်၊ ပတ္တမြားက ၃၃-စလယ် ထည့်ထားတယ်လို့ ဆိုလိုပါတယ်။

၃။ အခြားရတနာ၊ ရောယှက်ကာ၊ သင့်စွာ စီခြယ်ထား။

၄။ မဟာလတာ၊ မြတ်တန်ဆာ၊ ကိုးရာ သိန်း ထိုက်သား။

၅။ သင်္ကန်းလှူလတ်၊ မိန်းမမြတ်၊ ရတတ် ကျိုးတရား။

အဲဒီလင်္ကာမှာ ပါတဲ့အတိုင်း စိန် ပုလဲ ကျောက် ပတ္တမြား ရတနာတွေကိုက စလယ်ပေါင်း ၇၀- ရှိတယ်၊ တတင်းနဲ့ ၆-စလယ်ပေါ့၊ နဲတာတွေမဟုတ်ဘူး။ ဒီပြင် ရွှေ ငွေ ဥဿဘယား အစရှိတဲ့ ရတနာတွေကလဲ ပါသေးတယ်။ ပိဿာချိန် ၅၀-ထက် နဲပုံ မရပါဘူး။ ဒါလောက်လေးတဲ့ အင်္ကျီ အဆင် တန်ဆာကို သာမန်အမျိုးသမီးဆိုယင် ဘယ်ဝတ်နိုင်လိမ့်မှာတုံး၊ မ-တောင် မ-နိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ ဝိသာခါမှာတော့ ဘုန်းရှင် ကံရှင် ပါရမီရှင်မို့ ဆင်ပြောင်ငါးစီး အားနဲ့ ပြည့်စုံနေတဲ့အတွက်

ဒါလောက် အလေးချိန်ဟာ သူ့မှာ မပြောပလောက်ပါဘူး၊ သူမျှားမှာ အင်္ကျီပါးကလေးများ ဝတ်ရသလို ပေါ့ပေါ့ကလေး ဖြစ်နေပါတယ်။ နောက်ပြီးတော့ ဒီမဟာလတာ တန်ဆာကို သိမ်းဆည်းဖို့ သယ်ယူပေးဖို့ကလဲ သူ့မှာ အစေအပါး ကျွန်မ တယောက်က ရှိနေတယ်၊ အဲဒီ ကျွန်မကလဲ သူလိုဘဲ ဆင်ပြောင် ငါးစီးအားကို ဆောင်နိုင်တယ်။ ကုသိုလ်ကံများဟာ သိပ်နေရာ ကျတာဘဲ၊ သူ့နေရာနဲ့သူ အဆင်သင့် ဖြစ်နေအောင် အကျိုး ပေးတတ်တယ်။

တနေ့သောအခါမှာ ဝိသာခါဟာ အဲဒီ မဟာလတာ အင်္ကျီ ရှည်ဘန်ဆာကြီးကို ဝတ်ဆင်ရင်း မြတ်စွာဘုရားကျောင်းတော် ကို တရားနာသွားတယ်၊ ကျောင်းပေါက်ဝ ဝင်ခါနီးကျတော့ ဝိသာခါက စဉ်းစားတယ်၊ သောတာပန်ဆိုတော့ သင့်တော် တာ မသင့်တော်တာကို စဉ်းစားတတ်တာပေါ့၊ ဒီလောက် အဘိုးတန်တဲ့ အဆင်တန်ဆာကြီးနဲ့ မြတ်စွာဘုရားထံ သွားလို့ မတော်ပေဘူးလို့ စဉ်းစားပြီးတော့ အဲဒီ အဆင်တန်ဆာကို ချွတ်ပြီး သူ့ကျွန်မလက် အပ်လိုက်တယ်၊ ကျွန်မက အဲဒီ အဆင် တန်ဆာကြီးကို တသိန်းတန်တဲ့ တဘက်နဲ့ ထုပ်ပြီး ယူလာခဲ့ တယ်၊ မြတ်စွာဘုရားထံမှာ တရားနာကြတယ်၊ အဲဒီမှာ တရား ပရိသတ်တွေကသဲ ယခုပရိသတ်တွေလို အများကြီးပေါ့၊ အဲဒီ လို တရားနာပြီးလို့ ထပြန်ကြတဲ့အခါမှာ ကျွန်မက မဟာလ တာအင်္ကျီထုပ်ကို မေ့ထားခဲ့တယ်။

အဲဒီလို တရားနာပရိသတ်တွေ ပြန်သွားကြတဲ့အခါ အရှင် အာနန္ဒာက သိမ်းစရာရှိယင်သိမ်းရအောင် လျှောက်ကြည့်လိုက် တော့ အဲဒီ မဟာလတာ အင်္ကျီထုပ်ကြီးကိုတွေ့ရတယ်၊ တွေ့ရ တော့ ဝိသာခါရဲ့ အင်္ကျီထုပ်ကြီး မေ့ကျန်နေရစ်တဲ့အကြောင်း

ကို မြတ်စွာဘုရားလျှောက်တယ်၊ မြတ်စွာဘုရားက သိမ်းထားဘို့ အမိန့်ပေးတော်မူလိုက်တယ်။ ဒါကြောင့် အရှင်အာနန္ဒာက အဲဒီ အင်္ကျီထုပ်ကြီးကို မ-ပြီး စောင်းတန်းလှေကားဘေးမှာ ချိပ်ထားလိုက်တယ်၊ အရှင်အာနန္ဒာကလဲ ဆင်ပြောင် ငါးစီး အားဆောင်နိုင်တဲ့ အားကောင်းမထေရ်မို့ အဲဒီ အထုပ်ကို မ-နိုင်တာ၊ သာမန်ကိုယ်တော် ဆိုယင်တော့ ကိုယ်တော်တွေ တော်တော်များများ ခေါ်ပြီး ရွှေ့ရလိမ့်မယ်။

ဝိသာခါဟာ ကျောင်းတိုက်အပြင်ရောက်တော့ မဟာလတာ အင်္ကျီရှည်ကို ဝတ်မယ်လို့ ကျွန်မကို မေးတယ်၊ ကျွန်မက "ဟောတော့ မေ့ကျန်ရစ်ခဲ့ပြီး သခင်မရေ"လို့ ပြောတယ်။ ဟောတော့ ဆိုတဲ့စကားဟာ အဲဒီတုန်းကများ စဖြစ်လာတာ လေလားလို့ ဘုန်းကြီးက စဉ်းစားမိတယ်၊ ဒကာမတွေဟာ အဆင်မပြေတာ ချွတ်ယွင်းတာ တခုခုနဲ့ တွေ့ရယင် ဟောတော့ လို့ ဒီလိုဘဲ ဆိုတတ်ကြတယ်၊ မဟုတ်ဘူးလား၊ ဒီရန်ကုန်မှာ တော့ မပြောတတ်ဘူး၊ ဘုန်းကြီးတို့ စစ်ကိုင်း-မန္တလေးဆီမှာ တော့ ဒီလိုချည်းဘဲ။ ဟောတော့လို့ ဆိုတတ်ကြပါတယ်။

အဲဒီတော့ ဝိသာခါက ကိုင်း ညီး ပြန်ယူချေဦး၊ ဒါပေမဲ့ အရှင်အာနန္ဒာက မ-ပြီး ရွှေ့ထားယင်တော့ မယူခဲ့နဲ့တော့၊ အဲဒါ အရှင်အာနန္ဒာကို လှူပြီးသားဘဲ ဟေ့-လို့ ပြောပြီး စေလွှတ်လိုက်တယ်၊ ဒီတော့ ကျွန်မ သူ့ခမျာမှာ ပြန်သွားရတယ်၊ သုတ်သုတ်ပြာပြာနဲ့ လာတာကို မြင်ကတည်းက သူ့အကြောင်းကို အရှင်အာနန္ဒာက သိနေပါပြီ၊ ဒါပေမဲ့ ထင်ရှားပေါ်လာအောင်လို့ ဘာကိစ္စအတွက် ပြန်လာသလဲလို့ မေးတယ်။

သခင်မရဲ့ အင်္ကျီထုပ်ကြီး မေ့ကျန်ခဲ့လို့ ပြန်လာရပါတယ် ဘုရား။

အေး-အေး ငါ ဟိုအနားမှာ ချိပ်ထားတယ်၊ ယူသွားပေတော့။

အရှင်ဘုရား လက်နဲ့ ကိုင်ပြီး ရွှေထားယင် မယူခဲ့နဲ့လို့လဲ မှာလိုက်ပါတယ်ဘုရားလို့ လျှောက်ပြီး ကျွန်မက မယူတော့ဘဲ ပြန်သွားတယ်။ ဒီတော့ ဝိသာခါက မေးမြန်းပြီး အကြောင်းမှန်ကို သိရတာနဲ့ "အေးအေး အရှင်အာနန္ဒာကိုင်ပြီးယင်တော့ အဲဒါကို ငါမဝတ်တော့ဘူးဟေ့၊ လှူပြီး ဖြစ်သွားပြီ၊ ဒါပေမဲ့ အရှင်မြတ်တွေမှာ အဲဒါကို စောင့်ရှောက်ဖို့ ခဲယဉ်းပေလိမ့်မယ်၊ အဲဒါကို ရောင်းပြီးတော့ ရဟန်းတော်များ သုံးကောင်းတဲ့ ပစ္စည်းကို ဝယ်လှူမယ်၊ ကဲ ညီး သွားပြီး ယူချေဦး"လို့ တခါ လွှတ်လိုက်ပြန်တယ်၊ ဒီတော့ ကျွန်မက သွားပြီး ယူရတယ်၊ ဝိသာခါက အဲဒီ မဟာလတာအင်္ကျီရှည်ကြီးကို မဝတ်တော့ဘဲ ရွှေပန်းထိမ်ဆရာတွေကို ခေါ်ပြီး အဖိုးဖြတ်စေတယ်၊ အထည်က ၉-ကုဋေတန်တယ်၊ လက်ခက တသိန်းတန်တယ်လို့ အဖိုးဖြတ်ကြတယ်။

## ပုဗ္ဗာရုံကျောင်းကြီးဆောက်ခြင်း

## (၉)

ဒီတော့ အဲဒီ မဟာလတာ တန်ဆာကို လှည်းပေါ်တင်ပြီး မြို့လှည့်ရောင်းစေတယ်၊ ဝယ်နိုင်တဲ့သူ မရှိဘူး၊ ဝယ်နိုင်တောင်မှ ဒီလောက်လေးတဲ့ အဆင်တန်ဆာကို ဝတ်နိုင်တဲ့သူက ရှားပါတယ်၊ အဲဒီခေတ်တုန်းက ဒီလို အဆင်တန်ဆာကို ဝတ်နိုင်တဲ့ အမျိုးသမီးတွေဟာ သုံးယောက်ပဲ ရှိပါသတဲ့။ ဝိသာခါရယ်၊

ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာရယ်၊ ဗာရာဏသီက သေဌေး သမီးတယောက်ရယ် ဒါဘဲ ရှိပါသတဲ့။ ဒါကြောင့် ဘယ်သူမှ မဝယ်နိုင်ကြဘူး၊ အဲဒီတော့ ဝိသာခါက သူဟာသူဘဲ ပြန်ဝယ် တယ်၊ ဝယ်ပြီးတော့ အဲဒီ အထည်ဘိုးငွေ ၉-ကုဋေကို ယူလာခဲ့ ပြီး မြတ်စွာဘုရားကို လျှောက်ပါတယ်၊ မဟာလတာ တန်ဆာ ကို အရှင်အာနန္ဒာကိုင်ပြီး ဖြစ်တဲ့အတွက် သံဃာတော်အား စွန့်လှူတဲ့အကြောင်း၊ အဲဒီတန်ဆာကို ရောင်းခဲ့တဲ့အကြောင်း၊ ဝယ်သူမရှိလို့ သူဟာသူဘဲ ပြန်ဝယ်တဲ့အကြောင်း၊အဲဒီ တန်ဆာ မှ ရတဲ့ငွေ ၉-ကုဋေဖြင့် ပစ္စည်း ၄-ပါး လှူလိုကြောင်းများကို လျှောက်ပြီးတော့ ဘယ်လိုပစ္စည်း လှူယင် ကောင်းပါမလဲလို့ မေးလျှောက်ပါတယ်၊ အဲဒီတော့ မြတ်စွာဘုရားက သာဝတ္ထိမြို့ ရဲ့ အရှေ့တံခါးအနီးမှာ သံဃာတော်များ သီတင်းသုံးရန် ကျောင်းဆောက်ယင် မကောင်းပေဘူးလားလို့ မေးတော်မူ ပါတယ်။

ဝိသာခါက ကောင်းပါတယ်ဘုရားလို့ လျှောက်ထားပြီး တော့ ကျောင်းနေရာမြေကွက်ကို ၉-ကုဋေ ပေးပြီး ဝယ်ယူ တယ်။ အဲဒီ မြေကွက်မှာ ပုဗ္ဗာရုံဆိုတဲ့ အမည်နဲ့ ပြာသာဒ် ကျောင်းတော်ကြီးကို ဆောက်လုပ်ပါတယ်၊ အဲဒီလို ဆောက် လုပ်ရန် စီမံနေဆဲမှာ ဘဒ္ဒိယမြို့က သေဌေးတယောက် ကျွတ်ဖို့ ရာ အကြောင်းကို မြင်တော်မူတဲ့အတွက် မြတ်စွာဘုရားက သံဃာတော်များနှင့်တကွ ဒေသစာရီ ကြွတော်မူပါတယ်။ အဲဒီ သတင်းကို ကြားရတော့ ဝိသာခါက ကျောင်းဆောက်မည့် ဆဲဆဲ ဖြစ်နေလို့ ဒေသစာရီ ကြွတော်မမူရန် လျှောက်ပါသေး တယ်၊ လျှောက်လို့မရတော့ ကျောင်းဆောက်ရာမှာ စီမံ ခန့်ခွဲ မည့် ရဟန်းတပါး ထားတော်မူခဲ့ပါလို့ လျှောက်ပါတယ်။

အဲဒီတော့ မြတ်စွာဘုရားက ကဲကဲ ဒီလိုဆိုယင် ဟောဒီ သံဃာတော်တွေထဲက နှင်သဘောကျတဲ့ ကိုယ်တော်ရဲ့ သပိတ်ကိုသာ ယူလိုက်ပေတော့လို့ မိန့်တော်မူပါတယ်၊ ဒီတော့ ဝိသာခါက စဉ်းစားတယ်၊ ငါက အရှင်အာနန္ဒာကို အထူး ကြည်ညိုတာပဲ၊ အရှင်အာနန္ဒာကို ပင့်ထားလိုက်ချင်တာဘဲ၊ ဒါပေမဲ့ အရှင်အာနန္ဒာက သောတာပန်မျှသာ ဖြစ်တော့ တန်ခိုး ဣဒ္ဓိပါဒ် မရှိဘူး၊ ကျောင်းဆောက်ရာမှာ ထူးထူးခြားခြား ကူညီနိုင်မှာ မဟုတ်ဘူး၊ အရှင်မဟာမောဂ္ဂလာန်ကတော့ တန်ခိုးကြီးတယ်၊ သူ့တန်ခိုးတော်နဲ့ ဆိုယင် ကျောင်းဟာ မြန်မြန်ပြီးမြောက်နိုင်တယ်၊ ဒါကြောင့် အရှင်မဟာမောဂ္ဂလာန်ကို ပင့်ထားမှ တော်မယ်လို့ စဉ်းစားပြီးတော့ အရှင်မဟာမောဂ္ဂလာန်ရဲ့ သပိတ်ကို ယူလိုက်ပါတယ်၊ အဲဒီအခါ အရှင်မဟာမောဂ္ဂလာန်က မြတ်စွာဘုရား မျက်နှာတော်ကို မော်ကြည့်ပါတယ်၊ မြတ်စွာဘုရားက မောဂ္ဂလာန်ရေ မင့်ပရိသတ်နဲ့မင်း နေရစ်ပေတော့၊ ကျောင်းကိစ္စအတွက် သင့်လျော်အောင်ကြည့်ပြီး စောင့်ရှောက်ရစ်ပေတော့လို့ မှာကြားပြီးတော့ ဒေသစာရီ ကြွသွားတော်မူပါတယ်။

အရှင်မဟာမောဂ္ဂလာန်လဲ သူ့တပည့်ပရိသတ် ရဟန်းငါးရာနှင့်တကွ ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွပါတယ်၊ ဟိုခေတ်တုန်းကဆိုတော့ ကျောင်းဆောက်စရာ ပစ္စည်းတွေကို သယ်ယူဘို့က တယ်မလွယ်ဘူး၊ လမ်းခရီးတွေကလဲ ယခု ကာလလို ကျောက်လမ်းတွေ ကတ္တရာလမ်းတွေ မဟုတ်သေးဘူး၊ လှည်းလမ်းတွေသာ ရှိသေးတယ်၊ သယ်ယူဘို့ရာကလဲ ယခုကာလလို မီးရထားတို့ မီးသင်္ဘောတို့ ကုန်တင်ကားတို့ ဆိုတာတွေက မရှိသေးဘူး၊ လှည်းတို့ ဆင်တို့လောက်သာ ရှိသေး

တယ်၊ ဒါပေမဲ့ အရှင်မောဂ္ဂလာန်ရဲ့ အဓိဋ္ဌာန်တန်ခိုးကြောင့် ယူဇနာပေါင်း ငါးဆယ် ခြောက်ဆယ်၊ မိုင်ပေါင်း လေးရာ ငါးရာလောက်ဝေးတဲ့ အရပ်က သစ်တုံးကြီးတွေ တိုင်ကြီးတွေ ကျောက်တုံးကြီးတွေ ကျောက်ပြားကြီးတွေ ဒီလို အကြီးအကျယ် ပစ္စည်းတွေဟာ တနေ့တည်းနဲ့ သာဝတ္ထိမြို့ အရှေ့ဘက် ကျောင်းတော်ရာသို့ ရောက်လာကြတယ်၊ အဲဒီ ပစ္စည်းတွေကို တင်ရာ ချရာမှာလဲ ခက်ခဲခြင်း ပင်ပန်းခြင်း မရှိဘူး၊ လှည်းတွေလဲ ကျိုးခြင်း ပျက်ခြင်း ဘွက်ထဲ ကျွံနစ်ခြင်း ဒီလိုဟာတွေ ဘာမျှ မရှိဘူး၊ အားလုံး အရှင်မဟာမောဂ္ဂလာန်ရဲ့ တန်ခိုးတော်ဖြင့် လွယ်လွယ်ကူကူနဲ့ ပြီးမြောက်ပါတယ်၊ ဒါကြောင့် ၉-ကုဋေတန် ကျောင်းအဆောက်အဦတွေဟာ ၉-လမျှနဲ့ ပြီးစီးသွားပါတယ်။

## ကျောင်းရေစက်ချပွဲကြီး

## (၁၀)

အဲဒီ အခါမှာ မြတ်စွာဘုရားကလဲ ဒေသစာရီ ကြွချီတော်မူရာမှ ပြန်ရောက်လာပါတယ်၊ အဲဒီသတင်းကို ကြားရတော့ ဝိသာခါက မြတ်စွာဘုရားကို ခရီးဦး ကြိုဆိုပြီး ပုဗ္ဗာရုံ ကျောင်းတော်သို့ ပင့်ပါတယ်၊ ပင့်ပြီးတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို လေးလပတ်လုံး ဆွမ်းကျွေးလှူဒါန်းပြီး ကျောင်းရေစက်ချပွဲကြီး ကျင်းပပါတယ်၊ အဲဒီမှာ ကုန်ကျတဲ့ ငွေတွေကတော့ မြေကွက်ဝယ်တာက ၉-ကုဋေ၊ ကျောင်းဆောက်တာက ၉-ကုဋေ၊ ကျောင်းရေစက်ချပွဲကြီး ကျင်းပပြီး လှူဒါန်းကျွေးမွေးတာက ၉-ကုဋေ၊ စုစုပေါင်း ၂၇-ကုဋေ ဖြစ်ပါတယ်၊ တရား

ဟောဘို့ အချိန်က ၁၀-မိနစ်လောက်ပဲ ရှိတော့တယ်၊ အဲဒီ ကျောင်းရေစက်ချပွဲကြီး ပြီးတဲ့ နောက်ဆုံးနေ့မှာ ကျောင်း အမကြီး ဝိသာခါဟာ ပီတိငါးမျိုးလွှမ်းကာ ဝမ်းသာ ဝမ်း မြောက်လွန်းလို့ သားသမီး မြေးမြစ်တွေ ခြံရံပြီးတော့ ပုဗ္ဗာရုံ ကျောင်းတော်ကြီးကို လှည့်ကာ ပတ်ကာ သီဆိုနေပါတယ်တဲ့၊ အဲဒီ ကျောင်းအမကြီး ဝိသာခါ သီဆိုပုံကို ဘုန်းကြီးက ရွတ်ဆို ပြမယ်၊ နားထောင်ကြ၊ အဲဒီတုန်းက ဝိသာခါ သီဆိုတာ တယ် သာယာတယ်လို့ ဆိုပါတယ်၊ ဘုန်းကြီးရွတ်ဆိုတာကတော့ အဲဒီလောက်တော့ သာယာလှမယ် မဟုတ်ပေဘူး။ ဒါပေမဲ့ တရားနာ ပရိသတ်တွေက ဖြည့်စွက်ပြီး နာကြပေတော့။

ကဒါဟံ ပါသာဒံ ရမ္မံ၊ သုဓာမတ္တိကလေပနံ။
ဝိဟာရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

ဒါဟာ ရှေးဦးစွာ သီဆိုတဲ့ သီချင်း ဂါထာကလေးပါဘဲ၊ ကဲ အနက်ပေးပြမယ်။

အဟံ၊ ငါသည်။ ကဒါ၊ အဘယ်နံရော အချိန်ကာလမှ။ ရမ္မံ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရာကောင်းသော။ သုဓာ-မတ္တိကလေပနံ၊ ထုံးအင်္ဂတေ မြေညက်တို့ဖြင့် လိမ်းကျံအပ်သော။ ပါသာဒံ၊ ပြာသာဒ်ကို။ ကတွာ၊ ဆောက်လုပ်၍။ ဝိဟာရဒါနံ၊ ကျောင်းအလှူကို။ ဒဿာမိ၊ လှူဒါန်းရပါတော့ အံ့နည်း။ (သူ နောက်နောက်တုန်းက ကြံစည်တောင့်တဘူးတဲ့ ကျောင်းကြီးတွေက မားမားမတ်မတ်ကြီးတွေ တည်ရှိနေတာ ကို မြင်ရတော့ အားရဝမ်းသာနဲ့ သီဆိုလိုက်တာပါဘဲ။) ဣတိ၊ ဤသို့ ဖြစ်ခဲ့သော။ မယှံ၊ ငါ၏။ သင်္ကပ္ပေါ၊ အကြံအစည် ကလေးသည်။ ပူရိတော၊ ယနေ့ ပြည့်စုံခဲ့လေပြီတကား။

(သာဓု-သာဓု-သာဓု)

ကြေ့ နောက်နောက်တုန်းက ဟို လွန်ခဲ့တဲ့ အချိန်ကာလ တုန်းက ကြံစည်ခဲ့တဲ့ ငါ့အကြံအစည်ဟာ ထမြောက် အောင် မြင်သွားပြီလို့ ဆိုလိုပါတယ်။ ပြီးတော့ နောက်တပုဒ်လဲ ရှိပါ သေးတယ်။

ကဒါဟံ မဉ္ဇူပိဋ္ဌ၊ ဘိသိဗိမ္ဗောဟနာနိ စ။
သေနာသနဘဏ္ဍံ ဒဿာမိ၊ သက်ပ္ပေါ မယှ ပူရိတော။

အဟံ၊ ငါသည်။ ကဒါ၊ ဘယ်အချိန် ဘယ်ကာလဌ်။ မဉ္ဇူပိဋ္ဌ၊ ညောင်စောင်းအင်းပျဉ်ကိုရင်း။ (ကျောင်းဆောက်ယင်လေ လျော်ကန်တဲ့ ဝတ္ထုပစ္စည်းတွေကိုလဲ ထည့်ရသေးတယ်၊ တချို့ ကတော့ ကျောင်းကို ဆောက်လှူထားပြီး အဲဒီကျောင်းမှာ ကျောင်းဒကာက ဖျာတောင်မခင်းဘဲ ထားတာရှိသေးတယ်၊ ဘုန်းကြီးက ကြမ်းပြင်ပေါ်မှာ အိပ်ရမယ် ဆိုယင် တော်ပါ့ မလား၊ ခုတင်တို့ ဖျာတို့ သင်ပျူးတို့ ဆိုတာတော့ ပါပါမှပေါ့၊ ရန်ကုန်မြို့တော်ကြီးမှာ ဆိုတော့ ထွားထွားကြိုင်းကြိုင်း ခံ့ခံ့ ညားညားကြီး လှူပါမှပေါ့၊ ယခု မဟာစည်ကျောင်းတော်မှာ တော့ ကျောင်းသုံးပစ္စည်းတွေ စုံလို့ပါဘဲ၊ ခုတင်တွေ ကုလား ထိုင်တွေ၊ ဆက်တီခုံတွေ၊ စားပွဲခုံတွေ၊ ကော်ဇောအခင်းတွေ စုံလို့ပါဘဲ၊ ဒီလို စုံပါမှပေါ့၊ ဗိုလ်ဆံတယ် ပြောပြော ဘာပြော ပြော၊ ဟုတ်လား၊ အစကတည်းက ဗိုလ်ဆံအောင် ဆောက် ထားတာ၊ မတောက်တခေါက်ကလေး ပြင်ထားလို့ ဘယ်ဖြစ် မလဲ၊ မဟုတ်ဘူးလား၊ သူ့ဟာနဲ့သူ လျော်အောင်လုပ်မှ ကြည့် ကောင်းတာ၊ ကျောင်းကြီးကတော့ ဟိန်းနေအောင် ဆောက် ထားပြီး အဲဒီကျောင်းပေါ် ကွပ်ပျစ်တွေ ခင်းထားလို့ ဘယ် နေရာကျမလဲ၊ ယခု ဒီကျောင်းမှာတော့ ကျောင်းပေါ်မှာ

ပြည့်စုံတဲ့အပြင် ဘုန်းကြီးတို့တောင် ခြင်ထောင်တခုစီ လှူဦးမယ်လို့ ကြားရတယ်၊ အဖက်ဖက်က ပြည့်စုံနေပါတယ်၊ ဒီဝိသာခါ သီချင်းနဲ့လဲ ညီပါပေတယ်၊ ဒါကြောင့်။) မဥ္စပီဌဥ္စ၊ ညောင်စောင်း အင်းပျဉ်ကိုရင်း။ ဘိသိဗိမ္ဗောဟနာနိ စ၊ ဘုံလျှိုခေါ်တဲ့ မွေ့ရာနှင့် ခေါင်းအုံးတို့ကိုရင်း။ (ဘုံလျှိုဆိုတာ မွေ့ရာပါဘဲ၊ ဒီမွေ့ရာက လဲမှို့တို့ ဝါဂွမ်းတို့ ထည့်ထားယင်တော့ ရဟန်းများ မအိပ်ကောင်းဘူး၊ အုန်းဆံတို့ သစ်ရွက်တို့ ကောက်ရိုးတို့ ဒီလိုဟာတွေ ထည့်ထားတဲ့ မွေ့ရာဘုံလျှိုကတော့ ရဟန်းများ အိပ်ကောင်းပါတယ်၊ နောက်ပြီးတော့ လေမွေ့ရာ ရော်ဘာမွေ့ရာ စပလိန်မွေ့ရာ ဆိုတာတွေလဲ ဝိနည်းမှာ ပယ်မြစ်ချက်ထဲ မပါလို့ သုံးဆောင်ကောင်းတယ်လို့ဘဲ ယူကြပါတယ်၊ ယခု မဟာစည်ကျောင်းတော်မှာတော့ ခုတင်တွေပေါ်မှာ စပလိန်မွေ့ရာကြီးတွေ ခင်းထားတယ်၊ အလွန်ဘဲ ခမ်းနားတင့်တယ်ပါပေတယ်။ နောက်ပြီးတော့ ခေါင်းအုံးဆိုတာလဲ လိုတာဘဲ၊ တချို့ကမ္မဋ္ဌာန်းအားထုတ်နေတဲ့ ရဟန်းတော်များမှာ နိသဇ္ဇိုင်တင် ဆောက်တည်ပြီး ထိုင်ခြင်း ရပ်ခြင်း စင်္ကြံလျှောက်ခြင်း ဆိုတဲ့ ဣရိယာပုထ် ၃-ပါးထဲနဲ့ မျှတနေကြတယ်၊ လှဲ့မအိပ်ဘူး၊ အဲဒီလို ပုဂ္ဂိုလ်တွေမှာတော့ ခေါင်းအုံး မလိုပေဘူး၊ တချို့ကလဲ လှဲအိပ်ပေမဲ့ သစ်သားခေါင်းအုံး ဝါးခေါင်းအုံးနဲ့သာ မျှတနေကြတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေမှာလဲ လဲမှို့ ဝါဂွမ်းစသည်နဲ့ နူးညံ့တဲ့ ခေါင်းအုံး မလိုပေဘူး၊ ဒါပေမဲ့ အများအားဖြင့်တော့ ခေါင်းအုံးကလဲ လိုပါတယ်၊ ခေါင်းအုံးမရှိယင် လက်မောင်းကလေး ခေွပြီး အုံးရလိမ့်မယ်၊ ဘယ်နေရာကျလိမ့်မှာတုံး၊ ယခု မဟာစည်ကျောင်းတော်မှာတော့ အဲဒီ ခေါင်းအုံးတွေကလဲ ခန့်ညားတင့်တယ်စွာ ပြင်ထားပါတယ်၊ ယခု

ရွတ်ဆိုနေတဲ့ ဝိသာခါသီချင်းနဲ့ အညီပါဘဲ၊ ဒါကြောင့်) ဘိသိဗိမ္ဗောဟနာခိ စ၊ ဘုံလျှိုနှင့် ခေါင်းအုံးတို့ကိုငှင်း။ ဣတိ၊ ဤသို့သော။ သေနာသနဘဏ္ဍံ၊ ကျောင်းအသုံးအဆောင် ဟူသမျှကို။ (စားပွဲ ကုလားထိုင် စသည် တွေရော အစုံပါဘဲ) သေနာသနဘဏ္ဍံ၊ ကျောင်းအသုံးအဆောင် ဟူသမျှကို။ ဒဿာမိ၊ ပေးလှူရပါအံ့နည်း။ ဣတိ၊ ဤသို့ ဖြစ်ပေါ်ခဲ့သော။ မယှံ၊ ငါ၏။ သင်္ကပ္ပေါ၊ ရှေးက အကြံအစည်ကလေးသည်။ ပူရိတော၊ ယခုအခါ ကောင်းစွာလှလှ ပြည့်ဝအောင်မြင်ခဲ့လေပြီတကား။ (သာဓု-သာဓု-သာဓု)

ကဒါဟံ သလာကဘတ္တံ၊ သုစိံ မံသူပသေစနံ။
ဘောဇနဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

ဒါတွေကို ကျယ်ကျယ်ပြန့်ပြန့် ပြောရယင် သိပ်ကောင်းမှာပေါ့၊ အချိန်က မရတော့ဘူး။

အဟံ၊ ငါသည်။ ကဒါ၊ ဘယ်အခါကာလ၌။ သုစိံ၊သန့်ရှင်း စင်ကြယ်သော။ မံသူပသေစနံ၊ ငါးအမဲတို့ဖြင့် မွှမ်းမံစီရင်အပ်သော။ သလာကဘတ္တံ၊ စာရေးတံ မဲချ၍ လှူအပ်သော သလာကဘတ်ဟု ဆိုအပ်သော။ (သာလိယဘတ္တံ-လို့ ရှိယင် သာပြီး သင့်ပါတယ်၊ ဒါကြောင့်) သာလိယဘတ္တံ၊ နံ့သာကြိုင်မွှေး သလေးထမင်းဟု ဆိုအပ်သော။ ဘောဇနဒါနံ၊ ဆွမ်းအလှူကို။ ဒဿာမိ၊ ပေးလှူရပါအံ့နည်း။ ဣတိ၊ ဤသို့ ဖြစ်ခဲ့သော။ မယှံ၊ ငါ၏။ သင်္ကပ္ပေါ၊ အကြံအစည်ကလေးသည်။ ပူရိတော၊ ယခုအခါ ကောင်းစွာ လှလှ ပြည့်ဝ အောင်မြင်ခဲ့လေပြီတကား။ (သာဓု-သာဓု-သာဓု)

ပဉ္စမ ဂါထာက ကျောင်းအတွက်၊ ဒုတိယ ဂါထာက ကျောင်း အသုံးအဆောင် အတွက်၊ တတိယ ဂါထာက စား သောက် သုံးဆောင်စရာအတွက် လှူရတာ ဝမ်းမြောက်လို့ သီဆိုပါတယ်။ ဟော ယခု အဝတ်သင်္ကန်းတွေ လှူရတဲ့ အတွက် သီဆိုပြန်ပါတယ်။

ကဒါ ဟံ ကာသိကံ ဝတ္ထံ၊ ခေါမကပ္ပါသိကာနိ စ။
စီဝရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

အဟံ၊ ငါသည်။ ကဒါ၊ အဘယ်နံရော အချိန်အခါကာလမှ။ ကာသိကံ ဝတ္ထံ၊ ကာသိတိုင်း၌ ဖြစ်သော အဝတ်အထည်ကို၎င်း။ ခေါမကပ္ပါသိကာနိ စ၊ ခေါမတိုင်းဖြစ်အထည် ဝါချည် အထည်တို့ကို၎င်း။ ဒတွာ၊ ဆက်ကပ်၍။ စီဝရဒါနံ၊ သင်္ကန်း အလှူကို။ ဒဿာမိ၊ ပေးလှူရပါအံ့နည်း။ ဣတိ၊ ဤသို့ ဖြစ် ပေါ်ခဲ့သော။ မယှံ၊ ငါ၏။ သင်္ကပ္ပေါ၊ အကြံအစည်သည်။ ပူရိတော၊ ယခုအခါ ကောင်းစွာ လှလှ ပြည့်ဝ အောင်မြင်ခဲ့ လေပြီတကား။

(သာဓု-သာဓု-သာဓု)

ယခု နောက်ဆုံး ဂါထာ ရွက်ပြမယ်၊ အဲဒါကတော့ ဆေး ပစ္စည်း အမျိုးစုံကို လှူရတဲ့အတွက် သီဆိုတဲ့ ဂါထာဘဲ။

ကဒါဟံ သပ္ပိနဝနီတံ၊ မဓုတေလဉ္စ ဖာဏိတံ။
ဘေသဇ္ဇဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

အဟံ၊ ငါသည်။ ကဒါ၊ ဘယ်အချိန် ဘယ်အခါကာလ၌။ သပ္ပိနဝနီတံ စ၊ ထောပတ် ဆီဦးကို၎င်း။ မဓုတေလဉ္စ၊ ပျားရည်

နှင့် ဆီကိုင်း။ ဖာဏိတံ စ၊ တင်လဲကိုင်း။ ဘေသဇ္ဇဒါနံ ကတွာ၊ ဆေးအလှူ ဒါနပြု၍ ။ ဝါ၊ ဆေးဖေါ်ဝါးဘက် ပြုလုပ်၍ ။ ဒဿာမိ၊ ပေးလှူရပါအံ့နည်း။ ဣတိ၊ ဤသို့ ဖြစ်ပေါ်ခဲ့သော။ မယှံ၊ ငါ၏။ သင်္ကပ္ပေါ၊ ကောင်းမြတ်သော အကြံအစည်ကလေးသည်။ ပူရိတော၊ ယခုအခါ ကောင်းစွာလှလှ ပြည့်ဝ အောင်မြင်ခဲ့လေပြီတကား။ (သာဓု-သာဓု-သာဓု)

ယခု ရွတ်ဆိုပြခဲ့တဲ့ ဂါထာ ၅-ပုဒ်ဟာ ၉-ကုဋေတန်တဲ့ ကျောင်းတော်ကြီး လှူရတဲ့အတွက် ဝမ်းမြောက်လွန်းလို့ ကျောင်းအမကြီး ဝိသာခါ သီဆိုတဲ့ သီချင်းတွေပါဘဲ။ အဲဒီ ၉-ကုဋေတန်တဲ့ ကျောင်းတော်ကြီးဟာ ဝိသာခါဝတ်တဲ့ အင်္ကျီတထည်က ဖြစ်လာတာဘဲ။ ယခုကာလ ဒကာမတွေ ဝိသာခါလို အင်္ကျီများ မေ့ကျန်နေရစ်လို့ ရောင်းပြီး လှူမယ်ဆိုယင် ဘယ်လောက်တန်များ ရလိမ့်မတုံး၊ တဲကုတ်တခုတောင် ရမယ် မထင်ပါဘူး။ အဲဒါဟာ ဘုန်းကံ ကြီးမားတဲ့ ဝိသာခါ ဝတ်တဲ့ အင်္ကျီနဲ့ ဒို့ဒကာမတွေရဲ့ အင်္ကျီ ကွာခြားနေလို့ ပါဘဲ။ ဝိသာခါမှာ အဲဒီလောက် အဘိုးတန်တဲ့ မဟာလတာခေါ်တဲ့ အင်္ကျီကို ရတာဟာ ဘာကြောင့်လဲ ဆိုယင် ရှေးတုန်းက သင်္ကန်းလှူခဲ့တဲ့ ကုသိုလ်ကြောင့်လို့ ဆိုပါတယ်။ ဒါကြောင့် ခုနက လင်္ကာတွေထဲမှာ—

မဟာလတာ၊ မြတ်တန်ဆာ၊ ကိုးရာ သိန်းထိုက်သား။
သင်္ကန်းလှူလတ်၊ မိန်းမမြတ်၊ ရတတ် ကျိုးတရား-

လို့ ရွတ်ဆိုပြခဲ့ပါတယ်။ ဒါကြောင့် ဒီလို အဖိုးတန်အင်္ကျီ အဝတ်အစားကို ဝတ်ချင်ကြယင် သင်္ကန်းလှူကြရမယ်။ ဒို့ဗမာ

ပြည်က ဒကာမတွေကတော့ သက်န်းလှူဘူးတာလဲ များလှပါ ရော့မယ်၊ ဒီတော့ အဝတ်အထည်ကောင်းရမယ်ဆိုယင် ဒီဒကာမ တွေချည်း ရသွားကြတော့မှာပါဘဲ။ ဒါပေမဲ့ ယခုမျက်မှောက် မှာတော့ ဒို့ဒကာမတွေ ဝတ်ရတဲ့ အင်္ကျီက အလွန်သေးနုပ် နေပါတယ်၊ လက်တဆုပ်စာလောက်ရှိတယ်၊ နိုင်လွန်ဆိုလား ဘာဆိုလား၊ အလကားဟာတွေကို အကောင်းထင်ပြီး ဝတ် နေကြတယ်၊ ရှေးတုန်းက သင်္ကန်း မလှူခဲ့လို့လား၊ လှူခဲ့ယင် လဲ အတိုအထွာကလေး လှူခဲ့လို့လား မပြောတတ်ပါဘူး။ သူတို့ဟာ ချွေးမထွက်ရ အခိုးမထွက်ရနဲ့ ကျန်းမာရေးနဲ့လဲ မညီဘူး၊ ဒါကြောင့် သူတို့ ခဏခဏ မမာကြတာနဲ့ တူတယ်။ ဝိသာခါရဲ့ မဟာလတာခေါ်တဲ့ အင်္ကျီရှည် အဝတ်ကတော့ ခေါင်းကစွပ်ချလိုက်ယင် ခြေမျက်စိ ခြေဖမိုး ထိအောင် ရောက် တယ်၊ ချွေးလဲရတယ်၊အခိုးအငွေ့လဲ ထွက်စေတယ်။ ဒါကြောင့် ဝိသာခါဟာ ကျန်းမာတယ်၊ အသက်ရှည်တယ်။ အဲဒီကျောင်း ရေစက်ချပွဲကြီး ပြီးတဲ့နေ့က ဝိသာခါဟာ အဲဒီ မဟာလတာ ခေါ်တဲ့ အင်္ကျီရှည် အဆင်တန်ဆာကို ဝတ်ဆင်ပြီး သားသမီး မြေး မြစ်တွေနဲ့ တကွ ပုဗ္ဗာရုံကျောင်းတော်ကြီးကို လှည့်ပတ် ပြီးတော့ ခုနက ရွတ်ပြခဲ့တဲ့ ဂါထာ ၅-ပုဒ်ကို သီဆိုပြီး ဥဒါန်း ကျူးနေပါတယ်။

အဲဒီလို ဥဒါန်းကျူး သီဆိုနေတာကို မြင်ရ ကြားရတော့ အချို့ကိုယ်တော်တွေက အထင်လွဲကုန်တယ်၊ ကျောင်းအမကြီး ဝိသာခါဟာ ဘယ်တော့ကမှ ယခုလို သီချင်းဆိုတာ မကြားရ ဘူးဘူး၊ ဒီကနေ့တော့ ကျောင်းတော်ကြီးကို လှည့်ပြီး သား သမီးမြေးမြစ်တွေနဲ့ တကွ သီချင်းတွေ ဆိုနေတယ်၊ အကြီး

အကျယ် လှူဒါန်းကျေးမွေးရတာနဲ့ ဝမ်းသာလွန်းအားကြီးပြီး သည်းခြေများ ပျက်သွားလေရော့သလားလို့ အထင်လွဲကြတယ်၊ ဒါကြောင့် အဲဒီကိုယ်တော်တွေက သူတို့ထင်တဲ့အတိုင်း မြတ်စွာဘုရားကို လျှောက်ထားကြတယ်၊ အဲဒီတော့ မြတ်စွာဘုရားက ဟော့ မင်းတို့ ထင်သလို မဟုတ်ဘူးကွ၊ မင်းတို့ ရဟန်းတွေက လူကဲ မခပ်တတ်ကြဘူး၊ မင်းတို့ အကဲခပ်တာ လွဲကုန်ပြီ၊ အဲဒီလို မဟုတ်ဘူး၊ ရှေးကမ္ဘာတသိန်းထက်က စပြီး ပြုလုပ်လှူဒါန်းဘို့ ကြံစည်ခဲ့တဲ့ ကုသိုလ်ကောင်းမှု အဆောက်အဦတွေ အောင်မြင်ထမြောက်တဲ့အတွက် သူ့မှာ အင်မတန် ဝမ်းမြောက်လွန်းလို့ ရင်ထဲမှာ ရှိသမျှတွေကို ဖွင့်ပြသလို ဉဒါန်းကျူးနေတာပါ။ (ဉဒါန-ဉဒါန်း ဆိုတာ ဒယ်အိုးထဲက ဆီတွေဝေပြီးတော့ ထွက်သလို ရင်ထဲ နှလုံးထဲမှာ အောင့်မထားနိုင်လို့ ရွတ်တရက် ရွတ်ဆို ပြောဆိုတဲ့ စကားလို့ အဋ္ဌကထာများက ပြဆိုထားပါတယ်၊ ဗမာလို ရင်ဖွင့်တယ်လို့ ဆိုရယင်လဲ သင့်လောက်စရာ ရှိပါတယ်၊) အဲဒီလို ဉဒါန်းကျူး သီဆိုနေခြင်း ဖြစ်တဲ့အကြောင်းကို မြတ်စွာဘုရားက ရှင်းလင်းမိန့်တော်မူပြီးတော့ ကမ္ဘာတသိန်းထက်မှ စပြီး ကျောင်းဆောက်လှူရန် ကြံစည်ခဲ့ပုံ ဝိသာခါရဲ့ အတိတ်ဝတ္ထုကိုလဲ ထုတ်ဖော်ပြီး ဟောတော်မူပါတယ်၊ အချိန်က မရှိတော့တဲ့ အတွက် အဲဒီ အတိတ်အကြောင်းကိုတော့ ယခု မပြောနိုင်တော့ဘူး၊ ဒါပေမဲ့ ဝိသာခါရဲ့ သားသမီးမြေးမြစ် စာရင်းချုပ် ဂါထာတပုဒ်တော့ ရွတ်ပြရဦးမယ်။

## ဝိသာခါ၏ သားသမီး မြေး မြစ်များ စာရင်း

## (၁၁)

ဝိသာခါ ဝီသတိ ပုတ္တာ၊ နတ္တာ စ စတုရော သတာ။
ပနတ္တာ အဋ္ဌသဟဿာ၊ ဇမ္ဗုဒီပေ သုပါကဋ္ဌာ။

ဝိသာခါ-ဝိသာခါယ၊ ကျောင်းအမကြီး ဝိသာခါ၏။ ဝီသတိ၊ နှစ်ဆယ်သော။ ပုတ္တာ၊ သားသမီးတို့သည်။ အဟေသုံ၊ ရှိကြလေကုန်ပြီ။ (သားက ဆယ်ယောက်၊ သမီးကဆယ်ယောက် ပေါင်း ၂၀-ရှိပါတယ်။ ပုတ္တာ-ဆိုတဲ့ ပုဒ်ကို သဒ္ဒါနည်းအားဖြင့် ပုတ္တာ စ ဓီတရော စ ပုတ္တာ-လို့ ဝိရူပေကသိသ်ပြုပြီး ပြီးတယ်လို့ယူရပါတယ်၊ ဒါကြောင့် ပုတ္တာ၊သားသမီးတို့သည်လို့ အနက်ပြန်ပါတယ်၊ အဲဒီ သားသမီး ၂၀-ထဲက အရွယ်ရောက်လို့ အိမ်ထောင်ကျတဲ့အခါ တယောက်တယောက်မှာ သူတို့ အမေလိုဘဲ သားဆယ်ယောက်၊ သမီးဆယ်ယောက်စီ ရကြပါသတဲ့။ ဒါကြောင့် မြေးတွေက ၄၀၀-ဖြစ်ပါတယ်၊ အဲဒီ မြေးတွေကလဲ သားဆယ်ယောက်စီ သမီးဆယ်ယောက်စီ ရကြပြန်တော့ ၄၀၀ ကို ၂၀-နဲ့မြှောက် မြစ် ၈၀၀၀-ရပါတယ်၊ ဒါကြောင့်) နတ္တာ စ၊ ဝိသာခါ၏ မြေးတို့သည်ကား။ စတုရော သတာ၊ လေးရာတို့သည်။ အဟေသုံ၊ ဖြစ်လေကုန်ပြီ။ ပနတ္တာ၊ မြစ်တို့သည်။ အဋ္ဌသဟဿာ၊ ရှစ်ထောင်တို့သည်။ အဟေသုံ၊ ဖြစ်လေကုန်ပြီ။ ဣတိ၊ ဤသို့ ။ဝိသာခါ၊ ဝိသာခါသည်။ ဇမ္ဗုဒီပေ၊ ဇမ္ဗူဒီပါတခွင် ကျွန်းအပြင်၌။ သုပါကဋ္ဌာ၊ အလွန်ပေါ်လွင် ထင်ရှားခဲ့လေသတည်း။ (သာဓု-သာဓု-သာဓု)

အဲဒီလို ကျောင်းအမကြီး ဝိသာခါမှာ သားသမီးတွေက ၂၀၊ မြေးတွေက ၄၀၀၊ မြစ်တွေက ၈၀၀၀၊ ပေါင်းလိုက်တော့

(၀၄၂၀)တောင် ရှိပါတယ်၊ မြို့တမြို့က လူဦးရေလောက်ရှိတယ်။ ကိုင်း ဒီလူအုပ်စုကြီး ဘယ်သွားနေမလဲ၊ မခက်ကြပေဘူးလား။ မခက်ပါဘူး၊ အဲဒါက ဒီဗမာပြည်မှာ မဟုတ်ပါဘူး၊ အိန္ဒိယမှာ ပါ၊ အိန္ဒိယမှာတော့ ယခုလဲ လူဦးရေတွေ အလွန်များပါတယ်၊ ပုံတော်သလိုနေလို့ ဖြစ်နေကြတာပါဘဲ၊ နောက်ပြီးတော့ ဝိသာခါတို့ မိသားစုက အင်မတန် ပြည့်စုံကြွယ်ဝနေကြပါတယ်၊ ဒါကြောင့်မို့ မြတ်စွာဘုရားရဲ့ ကျောင်းအမကြီးဖြစ်တဲ့ ဝိသာခါ ဟာ အလွန်တရာ ဘုန်းကံကြီးမားတဲ့ ပုဂ္ဂိုလ်အထူး ဖြစ်ပါ တယ်၊ အဲဒီ ကျောင်းအမကြီး ဝိသာခါဟာ ကျောင်းရေစက် ချပွဲကြီး ပြီးတဲ့နေ့မှာ ခုနက ရွတ်ပြခဲ့တဲ့ ဂါထာကလေးတွေကို သား သမီး မြေး မြစ် အခြွေအရံတွေနဲ့တကွ ပျော်ပျော်ပါးပါး ကြီး ရွှင်ရွှင်ပျပျကြီး ရွတ်ဆိုသလို ဘုန်းကြီးတို့ မဟာစည် ကျောင်းတော်ဆိုင်ရာ ကျောင်း ဒကာ ဒကာမတွေလဲ လဆန်း ၄-ရက်နေ့ ရေစက်ချ ပြီးတဲ့အခါမှာ နဲနဲပါးပါးတော့ ရွတ်ဆိုပြီး ပျော်စေချင်ပါတယ်၊ ကိုင်း ပျော်ကြရအောင် လိုက်ဆိုကြ။

မဟာစည် ကျောင်းတော်ကြီးကိုတဲ့ ဆောက်ပြီ ဆောက်ပြီး၊
အောင်ပြီ အောင်ပြီ၊ ဒို့လဲ ခု အောင်ပြီ။

သေသေချာချာကလေး ဆဲ့ဆိုပါ၊ ဘုန်းကြီးတောင် ဆိုလို့ ဖြစ်သေးတာဘဲ၊ ဘုန်းကြီးအသံနဲ့ တူစေရမယ်၊ ကိုင်းဆို။ အောင်ပြီ အောင်ပြီ၊ ဒို့လဲ ခုအောင်ပြီ။ အဲဒီနေ့ကျတော့ ဂီတဆရာ လာမယ်လို့ ကြားရတယ်၊အဲဒီ အဆိုတော်နဲ့ ဘုန်းကြီး ဘယ်သူက ကောင်းသတုံးလို့ ယှဉ်ကြည့်ကြရမယ်၊ ကဲ တ ခေါက် ဆိုကြဦး။ မဟာစည်ကျောင်းတော်ကြီးကိုတဲ့ ဆောက် ပြီ ဆောက်ပြီ၊ အောင်ပြီ အောင်ပြီ၊ ဒို့လဲ ခုအောင်ပြီ။

## တရားသိမ်း

## (၁၂)

ဘယ့်နှယ်လဲ ရန်ကုန်က အသံနဲ့ ဘုန်းကြီးအသံ၊ ဘယ်ဟာက သာသလဲ၊ ဘုန်းကြီးက တောထဲနေရတာ၊ ရန်ကုန်များ တက်နေရယင် ဒီထက်များ ပိုကောင်းဦးမလားမသိဘူး၊ ကိုင်း တရားသိမ်းကြရအောင်၊ လိုက်ဆိုကြ။

သာသနာ့ရိပ်သာ မှတ်ခါခေါ်သည်၊
လောကဝဋ်ဘေး ကင်းဝေးစေသည်၊
ကိုယ်တွေ့ ဒိဋ္ဌ စိတ်ချဘို့ရည်၊
ကြိုးစားက မုချ သိနိုင်မည်။ (၃-ခေါက်)

ယောဂီ အပေါင်း ခိုအောင်းနေသည်၊
မဂ်ဖိုလ်ရကြောင်း စိတ်ကောင်းကြံစည်၊
နေ့ညမပြတ် ရှုမှတ်လီသီ၊
ဝဋ်အပေါင်း လွတ်ကြောင်း သေချာသည်။

နေ့တော့ ညတော့ မပေါ့နိုင်ပြီ၊
ဆရာတော်များ ဟောကြားပြင်သည်၊
နေ့ည မယုတ် အားထုတ်လီလီ၊
ဉာဏ်စဉ်တက် ရောက်လျက် နိဗ္ဗူပြည်။

ရှင်ပင်ဗုဒ္ဓ သာသနာ့ရောင်ခြည်၊
နေ့ညဥ္စခပင်း ထွန်းလင်းပြောင်ကြည်၊
ကြိုးကြ စားကြ များလှယောဂီ၊
ဝဋ်အပေါင်း လွတ်ကြောင်း နိဗ္ဗာန်ရည်။

ဗမာပြည်ကြီး စည်ထီးခရိုင်၊
မြို့ရော ရွာရော တသောသောမြိုင်၊
ဟောချေဖြန့်လို့ သင်းပျံ့ကြိုင်လှိုင်၊
တရားပန်း လန်းလန်းဝေလို့မြိုင်။

ကုသိုလ်ကောင်းမှု တောင်းဆုပိုင်ပိုင်၊
နိဗ္ဗာန်ပြည်ကြီး စည်ထီးခရိုင်၊
မဂ္ဂင်ဖောင်ကြီး တက်စီးမြိုင်မြိုင်၊
ဖောင်ကူးတို့ ဆောင်ပို့ နိဗ္ဗာန်ပိုင်။

ဤသို့ ပေါင်းစပ် များမြတ်ကုသိုလ်၊
ဆရာ မိဘ များလှုထိုထို၊
ပြောင်းကာ ရွှေကာ သံသရာတခို၊
ဝေနေယျ ရကြတောင်းဆုဆို။

ချမ်းသာသုခ ရကြစေကွယ်၊
ကုသိုလ်ဘာဂ အမျှဝေတယ်၊
သာဓု သာဓု ခေါ်ပြုစေမယ်၊
ဘုံသုံးဝ အမျှ ရစေကွယ်။

(၁) ပဟာရိဿံ ဓမ္မဘေရိံ၊ ဗုဇ္ဈန္တတ္ထာယ ဝေါ အဟံ။
အန္ဓကာရေနောနဒ္ဓါနံ၊ နိဒ္ဒါယတံ ဘဝတ္တယေ။
(၂) တံ မေ ပဟာရံ သုတွာန၊ ဓမ္မသဒ္ဒံ ပဗုဇ္ဈထ။
နိဒ္ဒါယ ဝေါ ပဗုဒ္ဓါနံ၊ ဒဿာမိ ဓမ္မမဋ္ဌရိံ ။
(၃) ပိလန္ဓိတွာန တံ တုမှေ၊ နိဗ္ဗာနနဂရံ သိဝံ။
သဟာယေဝ မယာ သီဃံ၊ အာဂစ္ဆေယျာထ သာဓဝေါ။

(၁) အဟံ၊ ငါသည်။ အန္ဓကာရေန၊ အဝိဇ္ဇာတိမ်တိုက်အမိုက်ထုကြီးသည်။ ဩနဒ္ဓါနံ၊ မိမိတို့ကိုယ်တွင် အစဉ်ပါရှိနေ

တဲ့ ပူပန်ဘွယ်တွေ အနန္တကိုမှ မသိရလေအောင် ပိတ်လှောင် မြှေးယှက်အပ်ကုန်သည်ဖြစ်၍။ ဘဝတ္တယေ၊ ဘဝသုံးပါး တည်း ဟူသော နှောင်အိမ်ကြီးထဲ၌။ နိဒ္ဒါယတံ နိဒ္ဒါယန္တာနံ၊ လွန့်လူး ဖောက်ပြန် သည်းထန်စွာ အိပ်ပျော်နေကြကုန်သော။ ဝေါ တုမှာကံ၊ သင်တရားနာပရိသတ်အပေါင်း သူတော်ကောင်း တို့အား။ ဗုဇ္ဈနတ္ထာယ၊ ကိလေသာတည်းဟူသော အိပ်ပျော် ခြင်းမှ နိုးကြားစိမ့်သောငှါ။ ဓမ္မဘေရိံ၊ တရားတည်းဟူသော စည်တော်ကြီးကို။ ပဟရိဿံ-ပဟရိဿာမိ၊ ရိုက်ခေါ် မြည် ဟည်းစေတော့အံ့။

(၂) မေ မယာ၊ ငါသည်။ ပဟဋံ၊ ရိုက်ခေါ် မြည်ဟည်း စေအပ်သော။ ဝါ၊ ရိုက်ခေါ်တီးခတ်ခြင်းကြောင့် ဖြစ်ပေါ် လာသော။ တံ ဓမ္မသဒ္ဒံ၊ ထိုတရားတည်းဟူသော မြည်ဟည်း သံကို။ သုတွာန၊ ကြားနာကြရကုန်သည်ဖြစ်၍။ နိဒ္ဒါယ၊ လွန့်လူးဖောက်ပြန် သည်းထန်စွာ အိပ်ပျော်ခြင်းမှ။ ပဗုဇ္ဈထ၊ နိုးကြားကြပါလော့။ ပဗုဒ္ဓါနံ၊ နိုးကြားကြကုန်သော။ ဝေါ တုမှာကံ၊ သင် တရားနာပရိသတ်အပေါင်း သူတော်ကောင်း တို့အား။ ဓမ္မမဋ္ဌရိံ၊ အလွန်တရာ ကောင်းမြတ်တင့်တယ်လှ စွာသော တရားတည်းဟူသော ပန်းခိုင်ကို။ အဟံ၊ ငါသည်။ ဒဿာမိ၊ ပေးဝေခဲ့ပေအံ့။

ကိုင်း လိုက်ဆိုကြ—
သစ္စာလေးပါး တရားပန်းခိုင်၊
ကိုယ်စီ ကိုယ်င ပန်ကြမိုင်မိုင်၊
ဘေးရန်ကင်းပ ဌာနဂနိုင်၊
ဝဋ်အပေါင်း လွတ်ကြောင်း နိဗ္ဗာန်ပိုင်။

(၃) သာဓဝေါ၊ အို တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ တုမှေ၊ သင်တို့သည်။ တံ ဓမ္မမဥ္စရိံ၊ ထိုတရားတည်းဟူသော ပန်းခိုင်ကလေးကို။ ပိလန္ဓိတွာန၊ ကျကျနန လှလှပပ ကိုယ်စီ ကိုယ်င ပန်ဆင်ကြကုန်ပြီး၍။ သိဝံ၊ ဘေးရန်ခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်၍ အလွန်တရာ အေးမြလှစွာသော။ နိဗ္ဗာနနဂရံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ မယာ-အမှေဟိ၊ ငါတို့နှင့်။ သဟယေဝ၊ အတူတကွသာလျှင်။ သီဃံ အာဂစ္ဆေယျာထ၊ မနှေးတူစုံ လိုက်ခဲ့ကြပါကုန်လော့။ ဝါ၊ မနှေးတူစုံ လိုက်ခဲ့ကြကုန်ရာတော့သတည်း။

သာဓု-သာဓု-သာဓု။

အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီ ဆရာတော်ဘုရားကြီး၏

ကျောင်းအနုမောဒနာ တရားတော်

ဤတွင် ပြီး၏။

မဟာစည်ကျောင်းတော် ရေစက်ချပွဲအတွက် ကျင်းပသော
အကြိုတရားပွဲ သုံးညတွင် တတိယည ပဥ္စမပိုင်း၌
မိုးကုတ်မြို့
**မြို့လယ်ရိပ်သာ ရွှေဘိုဆရာတော် ဦးမုနိန္ဒ**
ဟောကြားတော်မူသော

# ဝိသုဒ္ဓိ ၇-ပါး ဖြစ်စဉ် တရားတော်

---

**စကားပလ္လင်**

(၁)

ကျောင်းရေစက်ချ အလှူမင်္ဂလာပွဲတော်, ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကို ပူဇော်ကန်တော့တဲ့ပွဲတော်, ဩဝါဒ ခံယူတဲ့ပွဲတော် ဆိုတဲ့ ဒီပွဲတော်ကြီး ၃-ရပ်ကို စုပေါင်းပြီး ကျင်းပတဲ့ အကြောင်း အလျှင်ညများက ဟောသွားကြတဲ့ ဆရာတော်များရဲ့ ဟောမြွက်တဲ့ တရားတွေထဲ ပါသွားပါတယ်၊ သာသနာ့အကျိုးဆောင် ဖြစ်တဲ့ ဦးအောင်မြင့်ရဲ့ နေ့စဉ်ကျေညာပြောဆိုတဲ့ စကားတွေထဲမှာလဲ အကြိမ်များစွာ ပါသွားပါတယ်၊ ဘုန်းကြီးကလဲ ဒီပွဲတော်ကြီးနဲ့စပ်ပြီး ဝမ်းမြောက်ဖွယ် ကုသိုလ်အထူး ဖြစ်ဖွယ်များကို ဝိသုဒ္ဓိ (၇)ပါး အကြောင်း မပြောသေးမီ နည်းနည်း ထည့်သွင်းပြီး ပြောသွားလိုပါတယ်။

ဒီတရားပွဲကြီး ဒီပူဇော်ပွဲကြီးဟာ သာမန် ပွဲကြီးမဟုတ်ပဲ မဂ်ရောက်ဖိုလ်ဝင် ဖြစ်နိုင်တဲ့ ပူဇော်ပွဲကြီး မဂ်ရောက်ဖိုလ်ဝင် ဖြစ်နိုင်တဲ့ ကျောင်းရေစက်ချ ပွဲတော်ကြီး မဂ်ရောက်ဖိုလ်ဝင်

ဖြစ်နိုင်တဲ့ တရားပွဲတော်ကြီးလို့ ဒီလိုလဲ သတ်မှတ်နိုင်ပါတယ်၊ ဆရာတော်ဘုရားကြီးကို ပူဇော်ကန်တော့ရုံ ကျောင်းရေစက်ချ အနုမောဒနာပြုရုံ ဆရာတော်ဘုရားကြီးအား ပူဇော်တဲ့ အကျိုး ရရုံ ကျောင်းရေစက်ချ အနုမောဒနာပြုတဲ့ အကျိုးရရုံဘဲလို့ ဒါ လောက်သာ မမြော်ဘဲနဲ့ မဂ်ဖိုလ်တည်းဟူသော ချမ်းသာ သုခ ထူးကို ရနိုင်တဲ့ သီလ သမာဓိ ပညာတွေကို ဖြစ်ပွါးစေနိုင်တဲ့ ပွဲတော်ကြီးဘဲလို့ ဒီလို လေးလေးမြတ်မြတ် အာရုံပြုကြရမယ်။

## ဒါနနှင့်စပ်သော ဝမ်းမြောက်ဖွယ်

## (၂)

## အလှူပေးသူ ဂုဏ်အင်္ဂါနှင့် အလှူခံသူ ဂုဏ်အင်္ဂါ

အလှူဒါနပြုရာမှာ အကျိုးပေးထက်သန်ခြင်း၏ အကြောင်း ဖြစ်တဲ့ ဂုဏ်အင်္ဂါတွေ ဆိုတာ ရှိပါတယ်၊ အလှူပေး ပုဂ္ဂိုလ် ဘက်က အင်္ဂါ ၃-ပါး၊ အလှူခံ ပုဂ္ဂိုလ်ဘက်က အင်္ဂါ ၃-ပါး့ ဒီလို အင်္ဂါ ၆-ပါး ရှိပါတယ်၊ အလှူပေးတဲ့ ပုဂ္ဂိုလ်ဟာ ပုဗ္ဗေဝ ဒါနာ သုမနော-ဆိုတဲ့ ဒေသနာတော်နှင့် အညီ မလှူမီ ရှေး အဖို့က ပေးလှူဘို့ ကြံစည်အားထုတ်နေစဉ်ကလဲ ဝမ်းမြောက် ဝမ်းသာ ဖြစ်နေရတယ်၊ ဒဒံ စိတ္တံ ပသာဒယေ-ဆိုတဲ့ ဒေသနာ တော်နှင့်အညီ ပေးလှူနေဆဲကာလမှာလဲ စိတ်ကလေးတွေ သန့်ရှင်းကြည်လင်နေစေရတယ်၊ ကြည်ကြည်လင်လင် ဝမ်း မြောက်ဝမ်းသာနဲ့ လှူဒါန်းဘို့ပါဘဲ။ ပေးလှူပြီးတဲ့ နောက် ကာလမှာလဲ ဒတွာ အတ္တမနော ဟောတိ-ဆိုတဲ့ ဒေသနာ

တော်နှင့်အညီ ဝမ်းမြောက်ဝမ်းသာရှိနေရတယ်၊ ဒါဟာ အလှူပေး ပုဂ္ဂိုလ်ဘက်က ပြည့်စုံရမည့် အင်္ဂါ ၃-ပါးပါဘဲ။

အလှူခံပုဂ္ဂိုလ်ဘက်က အင်္ဂါ ၃-ပါး ဆိုတာကတော့ ဝီတရာဂါ ဝါ ဟောန္တိ ရာဂဝိနယာယ ဝါ ပဋိပန္နာ-အစရှိသော ဒေသနာတော်နှင့်အညီ ရာဂကင်းခြင်း သို့မဟုတ် ရာဂကင်းအောင် ကျင့်ကြံအားထုတ်နေခြင်း၊ ဒေါသကင်းခြင်း သို့မဟုတ် ဒေါသကင်းအောင် ကျင့်ကြံ အားထုတ်နေခြင်း၊ မောဟကင်းခြင်း သို့မဟုတ် မောဟကင်းအောင် ကျင့်ကြံ အားထုတ်နေခြင်း ဆိုတဲ့ ဒီ ၃-ပါးပါဘဲ၊ အဲဒီလို အလှူပေးပုဂ္ဂိုလ်ဘက်က အင်္ဂါ ၃-ပါး၊ အလှူခံပုဂ္ဂိုလ်ဘက်က အင်္ဂါ ၃-ပါး ဒီ အင်္ဂါ ၆-ပါးနဲ့ ပြည့်စုံတဲ့ အလှူဒါနဟာ ဆဋ္ဌမ်းအလှူဘဲ ဖြစ်စေကာမူ အသချေယျ အပ္ပမေယျ မရေတွက်နိုင် မနှိုင်းယှဉ်နိုင်တဲ့ အကျိုးများကို ပေးတယ်လို့ အင်္ဂုတ္တရပါဠိတော်မှာ မြတ်စွာဘုရားက ဟောတော်မူခဲ့ပါတယ်၊ ယခုလို ကျောင်းအလှူဆိုယင်တော့ အကျိုးကြီးကြောင်း အထူးပြောစရာကို မလိုတော့ပါဘူး။

ယခု ဒီအင်္ဂါ ၆-ပါးနှင့် ပြည့်စုံပုံကို ဘုန်းကြီးက ရှင်းပြချင်ပါတယ်၊ ဒီ မဟာစည်ကျောင်းတော် ရေစက်ချပွဲနှင့် စပ်ပြီး ဒကာ ဒကာမတွေမှာ ရှေးအဖို့က ဝမ်းမြောက်တဲ့စိတ်တွေ ဖြစ်နေတာကတော့ ပြောစရာကို မလိုပါဘူး၊ ဒီပွဲတော်ကြီးမှာ အမျိုးမျိုးသော ဝမ်းမြောက်စရာတွေနဲ့ အလွန်အကဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြတာကို မြင်လဲ မြင်ရတယ်၊ ကြားလဲ ကြားရတယ်၊ ဒါဟာ အလှူပေး ပုဂ္ဂိုလ်ရဲ့ အင်္ဂါ ၃-ပါးထဲက ပဌမအင်္ဂါနှင့် ပြည့်စုံနေတာဘဲ၊ နက်ဖြန် ရေစက်ချ လှူဆဲမှာလဲ အတိုင်းမသိ ဝမ်းမြောက်ကြည်လင် ရွှင်လန်းတဲ့စိတ်တွေ ဖြစ်ပွါးကြမှာကတော့ သေချာနေပါတယ်။ ဒီလို မလှူမီကရော

လှူဆဲမှာရော ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတယ်ဆိုတာဟာ အကြောင်း ညီညွတ်မှ ဖြစ်ပါတယ်၊ လှူဘွယ်ဝတ္ထုကလဲ ထူးထူး မြတ်မြတ် ဖြစ်ပါမှ အလှူခံပုဂ္ဂိုလ်တွေကလဲ ကြည်ညိုဖွယ် ဂုဏ်ထူးဝိသေသနဲ့ ပြည့်စုံပါမှ အလှူဒါန၏အကျိုးကိုလဲ သိပါမှ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်၊ ယခု ရေစက်ချ လှူဒါန်းမည့် မဟာစည်ကျောင်းတော်ဆိုတဲ့ အလှူဝတ္ထုကတော့ အင်မတန် ထူးကဲတဲ့ မွန်မြတ်တဲ့ ကျောင်းဖြစ်ပါတယ်၊ ယခုနေအခါမှာဆိုယင် ဒီမဟာစည်ကျောင်းလောက် ခေတ်မှီ အချိုးကျတဲ့ ကျောင်းဟာ ဗမာပြည်မှာတော့ ရှိသေးဟန်မတူပါဘူး၊ ကျောင်းဒကာ ကျောင်းအမတွေ မပြောနဲ့တော့ လာကြည့်တဲ့ လူတွေတောင် ဒီကျောင်းကို မြင်ရတော့ အင်မတန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါတယ်။ နောက်ပြီးတော့ ဒီကျောင်း ရေစက်ချပွဲတော်မှာ ကျေးဇူးရှင် ဆရာတော် ဘုရားကြီး အမှူး ရှိသော ယောဂီ ရဟန်း သံဃာတော်တွေအား ဆွမ်း စသည်ကို လှူရတယ်၊ ယောဂီပုဂ္ဂိုလ်တွေကို ကျွေးမွေးရတယ်၊ ဒီသံဃာ တော်တွေ ဒီယောဂီတွေဟာ ရာဂ ဒေါသ မောဟကင်းအောင် ကျင့်နေကြတဲ့ ပုဂ္ဂိုလ်တွေချည်းဘဲ။ နောက်ပြီးတော့ ကျောင်း ကို လှူတဲ့အခါမှာ ဗုဒ္ဓပမုခ သံဃိကနှင့် ဂဏိက ရေစက်ချမယ် ဆိုတာ အစီရင်ခံစာ စာအုပ်ထဲမှာ ပြဆိုထားပါတယ်၊ ဒီတော့ ကျောင်းအလှူခံ ပုဂ္ဂိုလ်တွေထဲမှာ ဘုရားလဲ ပါတယ်၊ သံဃာ လဲ ပါတယ်၊ တရား အားထုတ်နေတဲ့ ယောဂီ ရဟန်း ရှင်လူ တွေလဲ ပါတယ်၊ အဲဒီမှာ ဘုရားနှင့် သံဃာ ဆိုတာကတော့ ရာဂ ဒေါသ မောဟ ကင်းခြင်း အစရှိတဲ့ အတိုင်းမသိသော ဂုဏ်းကျေးဇူးတွေနဲ့ ပြည့်စုံနေပါတယ်၊ မဟာစည် ဆရာတော် အမှူးရှိသော ယောဂီ ရဟန်း ရှင်လူတွေ ဆိုတာလဲ ရာဂ စသည်

ကင်းအောင် ကျင့်နေကြပါတယ်၊ ဒါကြောင့် အလှူခံ ပုဂ္ဂိုလ်ဘက်က ကြည့်လိုက်ယင်လဲ အလွန်ဝမ်းမြောက်စရာ ကောင်းပါတယ်။ နောက်ပြီးတော့ ယခုကျောင်း ဒကာ ကျောင်းအမတွေဟာ အလှူဒါန၏ အကျိုးကို ကောင်းကောင်း သိကြပြီးဖြစ်နေပါတယ်၊ သိသည်ထက် ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိရအောင် အကြိုတရားပွဲ ၃-ညမှာရော နက်ဖြန်ခါမှာရော အနုမောဒနာ တရားကို ဟောနေကြပါတယ်။ ဒါကြောင့် ယခုကျောင်းဒကာ ကျောင်းအမတွေဟာ ဒါန၏အကျိုးကို သိနားလည်တဲ့ဘက်ကလဲ ကောင်းကောင်းကြီး ပြည့်စုံနေပါတယ်။

အဲဒီလို ဝမ်းမြောက်စရာ အကြောင်း အင်္ဂါတွေ ပြည့်စုံနေတဲ့ အတွက် ဒကာ ဒကာမတွေမှာ မလှူမီ ရှေးအဖို့ကလဲ ဝမ်းမြောက် ဝမ်းသာ နေကြပါတယ်၊ ယခုကျောင်းတော် ရေစက်ချပွဲတော် ကျင်းပတဲ့အခါ လှူဆဲမှာလဲ ဝမ်းမြောက် ဝမ်းသာ နေကြပါတယ်၊ ဒီလို မလှူမီက အခြေအနေ, လှူဆဲက အခြေအနေတွေကို အကြောင်းပြုပြီးတော့ လှူပြီးတဲ့ နောက်ကာလမှာလဲ တသက်ပတ်လုံး ဒီကျောင်းအလှူကို ပြန်လည် အောက်မေ့ပြီး ဝမ်းမြောက်ဝမ်းသာ သွားကြရပါလိမ့်မယ်၊ အဲဒီလို ဝမ်းမြောက် ဝမ်းသာသွားနိုင်အောင်လို့ အနုမောဒနာ တရားတွေကို ဟောကြရပါတယ်၊ ယနေ့ညနောက်ပိုင်းမှာရော နက်ဖြန်ခါမှာရော ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဒီအနုမောဒနာတရားကို အကျယ်တဝင့် ဟောကြားတော်မူပါလိမ့်မယ်။ အဲဒါကြောင့် ဒီကျောင်းအလှူဒါနမှာ အလှူပေး ပုဂ္ဂိုလ်ဘက်က အင်္ဂါ ၃-ပါး ပြည့်စုံနေပါတယ်။

အလှူခံဘက်က ရာဂ ဒေါသ မောဟ ကင်းခြင်း၊ သို့မဟုတ် ရာဂ ဒေါသ မောဟ ကင်းအောင် ကျင့်နေခြင်း ဆိုတဲ့ ဒီအင်္ဂါ

၃-ပါးနှင့် ပြည့်စုံပုံကတော့ ခုနက ပြောခဲ့တဲ့စကားထဲမှာ ပါသွားပါပြီ။ ဒါကြောင့် ယခု ကျောင်းအလှူပွဲတော်ကြီးဟာ အင်္ဂါ ၆-ပါးနှင့် ပြည့်စုံတဲ့ အလှူပွဲတော်ကြီး ဖြစ်ပါတယ်။ ဒီလို ပွဲတော်ကြီးဟာ တသက်မှာ တခါဆိုသလို အင်မတန်ကြုံထောင့် ကြုံခဲ ပွဲတော်ကြီး ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုယင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတွေဟာ တနေ့ညက ပြောခဲ့တဲ့အတိုင်း ပရိယတ္တိ ဘက်ကဘဲ ကြည့်ကြည့် ပဋိပတ္တိဘက်ကဘဲ ကြည့်ကြည့် ဟောပြောရေး ကျမ်းပြုရေးဘက်ကဘဲ ကြည့်ကြည့် သံဃာ့ဂုဏ်ဘက်ကဘဲ ကြည့်ကြည့် အာစရိယဂုဏော အရ ဆရာသမား ဂုဏ်ဘက်ကဘဲ ကြည့်ကြည့် ပြောလို့ ချီးကျူးလို့ မကုန်နိုင်ပါဘူး၊ တရားအားထုတ်လို့ တရားမြင်သိထားတဲ့ တပည့် ယောဂီတွေ အနေနဲ့ ဆိုယင် ကျေးဇူးဆပ်လို့လဲ မကုန်နိုင်ပါဘူး၊ အဲဒီလို ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူတဲ့ မိမိတို့ ဆရာတော်ဘုရားကြီးကို ဒီလို ကျောင်းမျိုး ဆောက်လုပ်ပြီး ပူဇော်ကြရတာဟာ နောက်တကြိမ် ဖြစ်ဖို့ မလွယ်ပါဘူး၊ ဒါကြောင့် ကြုံထောင့်ကြုံခဲတဲ့ ပွဲတော်ကြီးလို့ ဆိုရပါတယ်။

ဒီလို ပွဲတော်ကြီး ကျင်းပပြီး ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကို ငါတို့ ပူဇော်ရပေတယ် ပြည်လုံးကျွတ် အနေဖြင့် အရပ်ရပ် အနယ်နယ်မှ တပည့် ယောဂီတွေ စုပေါင်းပြီး ကန်တော့ကြရတယ် ဆိုတာကို ဆင်ခြင်ကြည့်လိုက်ယင် ဒါကတော့ ဝမ်းမြောက်လို့ မဆုံးနိုင်ပါဘူး။ မနေ့ညက အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီ ဆရာတော်ဘုရားကြီးကလဲ ဝိသာခါ ကျောင်းအမကြီး ကျောင်းရေစက်ချ ပူဇော်ပွဲနေ့မှာ ဝမ်းမြောက်အားကြီးပြီး ပီတိတွေဖြစ်လို့ သူ့ကျောင်းတော်ကြီးကို လှည့်ပတ်ပြီးတော့

ဝမ်းမြောက် ကြည်နူးပြီး ဥဒါန်းကျူးပုံကလေးတွေကို ဟော
သွားတယ်၊ ဒကာ ဒကာမတွေ မှတ်မိကောင်း မှတ်မိပါလိမ့်ဦး
မယ်၊ ဒီပီတိမျိုးဟာ စာဂါနုဿတိ ကမ္မဋ္ဌာန်းနဲ့ ဆိုင်ပါတယ်၊
ဒီပီတိကို ဝမ်းမြောက်တယ် ဝမ်းမြောက်တယ်လို့ ရှုလိုက်ယင်
ဝမ်းမြောက်ပြီးရင်း ပျောက်သွားရင်း ဝမ်းမြောက်ပြီးရင်း
ပျောက်သွားရင်းနဲ့ ကုန်သွားတာ ပျောက်သွားတာကို တွေ့နိုင်
ပါတယ်၊ အဲဒီလို တွေ့မြင်သွားတာမျိုးကို အာနာပါနုဿတိ
အဖွင့် ဝိသုဒ္ဓိမဂ်မှာ-ပီတိံ ၊ ဝမ်းမြောက်မှု ပီတိကို။ ခယတော၊
ကုန်သွားသည်ဟု။ ဝယတော၊ ပျောက်သွားသည်ဟု။ သမ္မ-
သတိ၊ သုံးသပ်၏။ စသည်ဖြင့် ဝိပဿနာရှုခိုက်၌ ပီတိကို မတွေ့
မဝေ သိပုံကို ပြထားပါတယ်၊ အဲဒီလို သိပြီးတော့ သောတာ
ပန်လဲ ဖြစ်နိုင်တယ်၊ သကဒါဂါမ်လဲဖြစ်နိုင်တယ်၊ အနာဂါမ်
လဲ ဖြစ်နိုင်တယ်၊ ရဟန္တာလဲ ဖြစ်နိုင်တယ်။ အဲဒီလို ဖြစ်နိုင်ပုံ
ကိုလဲ ဖုဿဒေဝမထေရ် ဝတ္ထုဖြင့် ဝိသုဒ္ဓိမဂ်မှာ ပြထားပါတယ်။
ဒါက ယခုပွဲတော်ကြီးမှာ ဒါနနဲ့စပ်ပြီး ဝမ်းမြောက်ဖွယ်
အကျဉ်းချုပ်ပါဘဲ။

## သီလနှင့်စပ်သော ဝမ်းမြောက်ဖွယ်

## (၃)

နောက်ပြီးတော့ သီလနဲ့ စပ်ပြီးတော့လဲ ဝမ်းမြောက်ဖွယ်
တွေ ရှိပါတယ်၊ သမာဓိ ပညာနဲ့ စပ်ပြီးတော့လဲ ဝမ်းမြောက်
ဖွယ်တွေ ရှိပါတယ်၊ ဘယ်လိုလဲ ဆိုယင် အလှူဒါနပွဲမှာဖြစ်စေ၊
တရားပွဲမှာဖြစ်စေ သရဏဂုံသုံးပါးနှင့် ငါးပါးသီလ ဆောက်
တည်ကြတာကတော့ အရိုးအစဉ်ပါဘဲ၊ ယခု ကျောင်းတော်

ရေစက်ချပွဲအတွက် ကျင်းပတဲ့ အကြိုတရားပွဲတွေမှာတော့ ရှစ်ပါးသီလကို အမြဲကျင့်သုံးနေကြတဲ့ သီလရှင်တွေ လူယောဂီတွေရော၊ အမြဲမကျင့်သုံးနိုင်တဲ့ တရားနာပရိသတ်လူတွေရော ရှေးဦးစွာ ရှစ်ပါးသီလကို ဆောက်တည်စေပါတယ်၊ ဒါဟာလဲ အင်မတန် သင့်မြတ်ပါတယ်၊ ရှစ်ပါးသီလနှင့် ပြည့်စုံပြီး တရားနာနေရတာ တရားနှလုံးသွင်းနေရတာဟာ အင်မတန် စိတ်ကြည်နူးဘွယ် ကောင်းပါတယ်၊ ဒါပေမဲ့ အကြားအမြင်နည်းတဲ့ တချို့ပုဂ္ဂိုလ်တွေမှာ ဒီလို ခေတ္တခဏ ရှစ်ပါးသီလဆောက်တည်တာဟာ သင့်မှ သင့်ပါမည်လားလို့ ယုံမှားတွေးတောစရာ ရှိပါတယ်၊ အဲဒါကလေးကို ဘုန်းကြီးက ရှင်းလင်းပြချင်ပါတယ်။

သီလ ဆိုတာ ကာလအပိုင်းအခြား အကန့်အသတ်မရှိဘဲ အမြဲတမ်းလဲ ဆောက်တည် ကျင့်သုံးနိုင်ပါတယ်၊ အဲဒီလို သီလကို ကာလအပရိယန္တသီလ ခေါ်ပါတယ်၊ ကာလအပိုင်းအခြားမရှိတဲ့ သီလလို့ ဆိုလိုပါတယ်။ ရက်ပိုင်း နေ့ပိုင်း ညပိုင်း နာရီပိုင်း စသည်ဖြင့် ပိုင်းခြားကန့်သတ်ပြီးတော့လဲ ဆောက်တည်ကျင့်သုံးနိုင်ပါတယ်၊ အဲဒါကို ကာလပရိယန္တသီလ ခေါ်ပါတယ်၊ ကာလအပိုင်းအခြားရှိတဲ့ သီလလို့ ဆိုလိုပါတယ်။ အဲဒီလို ဆောက်တည်ကျင့်သုံးကောင်းတဲ့အကြောင်းကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်နှင့် အဋ္ဌကထာများမှာ အထင်အရှား ပြဆိုထားပါတယ်၊ အဲဒါကို အများသော ပုဂ္ဂိုလ်တို့ အလွယ်တကူ သိနိုင်ရန်အတွက် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ဝိသုဒ္ဓိမဂ် မြန်မာပြန် သီလနိဒ္ဒေသပိုင်းမှာ ထည့်သွင်းပြီး ဖော်ပြထားပါတယ်၊ သိမှတ်စရာ အင်မတန်ကောင်းပါတယ်၊ အဲဒါကို ခိုင်ခိုင်မြဲမြဲ မှတ်ထားရအောင် ဘုန်းကြီးက ရွတ်ပြပါဦးမယ်။

> ကတမော ကာလပရိယန္တော၊ ဉပါသကောပါသိကာ ဒါနံ ဒဒမာနာ ပရိဝေသနပရိယန္တံ သီလံ သမာဒိယန္တိ၊ ဝိဟာရဂတာ ဝိဟာရပရိယန္တံ သီလံ သမာဒိယန္တိ၊ ဧကံ ဝါ ဒွေ ဝါ တယော ဝါ ဘိယျော ဝါ ရတ္တိန္ဒိဝါနိ ပရိစ္ဆေဒံ ကတွာ သီလံ သမာဒိယန္တိ၊ အယံ ကာလပရိယန္တော။

ဒါက ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ဖြစ်ပါတယ်။ အဲဒါကို ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဒီလို မြန်မာပြန်ပြထားပါတယ်။

ကာလအပိုင်းအခြားသည် အဘယ်နည်း၊ ရတနာသုံးပါးကို ဆည်းကပ်သော ဉပါသကာ ယောကျ်ား ဉပါသိကာမိန်းမတို့သည် အလှူဒါနကို ပေးလှူကုန်စဉ် ကျွေးမွေးခြင်းလျှင် အပိုင်းအခြားရှိသော (ကျွေးမွေးချိန် ဆုံးသည်တိုင်အောင် ပိုင်းခြား၍) သီလကို ဆောက်တည်ကုန်၏၊ ကျောင်းတိုက်၌ တည်သော ဉပါသကာ ဉပါသိကာမတို့သည် ကျောင်းတိုက်လျှင် အပိုင်းအခြားရှိသော သီလကို ဆောက်တည်ကုန်၏၊ တညဥ့်တနေ့ ဖြစ်စေ၊ နှစ်ညဥ့်နှစ်နေ့ဖြစ်စေ၊ သုံးညဥ့်သုံးနေ့ ဖြစ်စေ၊ ထိုထက် အလွန် ညဥ့်နေ့တို့ပတ်လုံး ဖြစ်စေ၊ ပိုင်းခြား၍ သီလကို ဆောက်တည်ကုန်၏၊ ဤသည်ကား ကာလအပိုင်းအခြားပေတည်း-တဲ့။ အဲဒါဟာ ဆရာတော်ဘုရားကြီးရဲ့ ဘာသာပြန်ပါဘဲ၊ မြန်မာစာ ဖတ်တတ်တဲ့လူတိုင်း သိနားလည်နိုင်ပါတယ်၊ ရှင်းလင်းပြတ်သားပါတယ်၊ အင်မတန် ကျေးဇူးများပါတယ်။

အဲဒီမှာ ဆွမ်းကျွေးနေခိုက်လောက် ပိုင်းခြားပြီးတော့လဲ ဆောက်တည်ကောင်းတယ်လို့ ပါပါတယ်၊ ကျောင်းတိုက်ထဲမှာ

ရှိနေတုန်းလောက် ပိုင်းခြားပြီးတော့လဲ ဆောက်တည်ကောင်း တယ်လို့ ပါပါတယ်၊ ဒီတော့ ယခု တရားနာပရိသတ်တွေဟာ တရားနာနေတုန်း ဒီသာသနာ့ရိပ်သာထဲမှာ ရှိနေတုန်းလောက် ပိုင်းခြားပြီးတော့ ဆောက်တည်ကောင်းတယ် ဆိုတာ အင်မတန် ထင်ရှားနေပါတယ်။ အဲဒီမှာ—

ပရိဝေသနပရိယန္တံ၊ ကျွေးမွေးခြင်းလျှင် အပိုင်းအခြားရှိသော။ သီလံ၊ သီလကို။ သမာဒိယန္တိ၊ ဆောက်တည်ကုန်၏– ဆိုတဲ့ စကားအရဖြင့် ခုနက သာသနာ့အကျိုးဆောင် မဂ်လာ ဦးအောင်မြင့် ကျေညာသွားတဲ့အတိုင်း နက်ဖြန်ခါ ကျယင် သံဃာတော်များကို ကျွေးမွေးလှူဒါန်းပြီးသည်တိုင်အောင် ပိုင်းခြားပြီးတော့ ရှစ်ပါးဖြစ်စေ၊ ၉-ပါး ၁၀-ပါးဖြစ်စေ မိမိတို့ အလိုရှိရာ သီလကို ဆောက်တည်ကျင့်သုံးနိုင်ပါတယ်၊ အဲဒီလိုဆိုယင် ကျွေးမွေးတဲ့ စားသောက်ဖွယ်တွေကို စားသောက်တဲ့အခါလဲ သီလအထူးနှင့် ပြည့်စုံပြီး သုံးဆောင်တဲ့ အတွက် အကျိုးကြီးပါတယ်၊ နောက်ပြီးတော့—

ဝိဟာရဂတာ၊ ကျောင်းတိုက်ထဲ၌ တည်ရှိနေသောသူတို့ သည်။ ဝိဟာရပရိယန္တံ၊ ကျောင်းတိုက် အာရာမ်လျှင် အပိုင်းအခြားရှိသော။ သီလံ၊ သီလကို။ သမာဒိယန္တိ၊ ဆောက်တည် ကုန်၏။—

ဆိုတဲ့ စကားအရအားဖြင့် ယခု ဒီသာသနာ့ရိပ်သာထဲ ရောက်နေကြတဲ့ တရားနာပရိသတ်တွေဟာ ဒီသာသနာ့ရိပ်သာထဲမှာရှိနေတဲ့အတွင်း ရှစ်ပါးသီလကို ကျင့်မယ်၊ ဆယ်ပါးသီလကို ကျင့်မယ်၊ ဒီလို နှလုံးသွင်းပြီးတော့ ဆောက်တည်နိုင်ပါတယ်၊ အဲဒါဟာ ကာလပရိယန္တသီလ ခေါ်ပါတယ်၊ ဒီသာသနာ့ရိပ်သာအတွင်းမှာ ရှိနေတုန်း အဲဒီသီလကို စောင့်ရှောက်

ဖို့ပါဘဲ၊ သာသနာ့ရိပ်သာက အပြင်ထွက်သွားတဲ့အခါကျတော့ အဲဒီသီလကို စောင့်ရှောက်ဖို့ မလိုပါဘူး၊ ဒါပေမဲ့ မကျူးလွန် သမျှ ကာလပတ်လုံး ဆောက်တည်ထားတဲ့ သီလသိက္ခာပုဒ် တွေကတော့ မပျက်ပဲ တည်နေကြပါတယ်၊ အဲဒါလဲ အထူးမှတ် ထားကြဘို့ပါဘဲ။

ယခု တရားပွဲမှာ တထိုင်အတွင်း တရားနာနေစဉ် အတွင်း ဒီသာသနာ့ရိပ်သာထဲမှာ ရှိနေစဉ်အတွင်း ကန့်သတ် ပိုင်းခြား ပြီးတော့ ရှစ်ပါးသီလ ခံယူစေတာဟာ ယခု ထုတ်ပြခဲ့တဲ့ ပဋိသမ္ဘိဒါမဂ် ပါဠိ အဋ္ဌကထာများနှင့် အညီပင် ဖြစ်ပါတယ်၊ ဒါကြောင့် ညနေစာ စားပြီးမှ ဝိကာလဘောဇနသိက္ခာပုဒ်ကို ဆောက်တည်တာဟာ သင့်ပါမည်လား စသည်ဖြင့် ယုံမှား တွေးတောစရာ မရှိပါဘူး။ ဆောက်တည်တဲ့သူ ပိုင်းခြားထား တဲ့ အတိုင်း သူ့သန္တာန်မှာ အဲဒီရှစ်ပါးသီလ တည်ပြီး စိတ္တ-ဝိသုဒ္ဓိ အထူးပြည့်စုံနေတယ်လို့သာ မှတ်ကြရမယ်။ အထူး ပြည့်စုံတယ် ဆိုတာကတော့ သီလဝိသုဒ္ဓိဆိုတာ လူများမှာ ငါးပါး သီလမျှနဲ့လဲ ပြည့်စုံပါတယ်၊ ရှစ်ပါးသီလနဲ့ ဆိုယင်တော့ ငါးပါးထက် ပိုလွန် ထူးကဲပြီး ပြည့်စုံပါတယ်။ ဒါကြောင့် သီလဝိသုဒ္ဓိ အထူး ပြည့်စုံတယ်လို့ ဆိုရပါတယ်။ တရား နှလုံး သွင်း အားထုတ်ရာမှာ ဒီသီလဝိသုဒ္ဓိဟာ မူလရင်း ဖြစ်လို့ အရေးကြီးပါတယ်၊ ဒီသီလဝိသုဒ္ဓိ ပြည့်စုံမှ စိတ္တဝိသုဒ္ဓိစသည် ဖြစ်နိုင်ပါတယ်။ အဲဒီအကြောင်းကိုတော့ တော်တော်ကြာမှ အကျယ် ပြောရမယ်။

မြတ်စွာဘုရား လက်ထက်တော် ကာလက အရိယ ဆိုတဲ့ ငါးမျှားသမား၊ တရားပွဲထဲမှာ ခိုးဘို့လာတဲ့ ခါးပိုက်နှိုက် သူခိုး တယောက်၊ အရက်တွေ အလွန်အကျွံသောက်ထားတဲ့ သန္တတိ

အမတ်ကြီး-ဒီလိုပုဂ္ဂိုလ်တွေဟာ တရားနာနေရင်း မဂ်ဖိုလ်တရားထူးကို ရသွားကြတယ်၊ သီလဆောက်တည်မှု မရှိဘူး၊ ဘယ်ပုံဘယ်နည်းဖြင့် သီလဝိသုဒ္ဓိ ဖြစ်ပါသလဲလို့ ဒီလို မေးစရာ ရှိပါတယ်။ အဲဒီအချက်ကိုလဲ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဝိပဿနာရှုနည်းကျမ်း ပဌမတွဲ သီလခဏ်းမှာ ရှင်းလင်းပြထားပါတယ်။ အဲဒီလို စောစောက သီလမစင်ကြယ်တဲ့ ပုဂ္ဂိုလ်တွေမှာ တရားနာနေရင်း သူတော်ကောင်း စိတ် ဝင်လာတယ်၊ ငါဟာ သတ်ခြင်း ခိုးခြင်း အစရှိတဲ့ မကောင်းမှုတွေကို ပြုလာခဲ့တယ်၊ ယခုအချိန်မှစပြီး နောင်အခါမှာတော့ ဒီလို မကောင်းမှု တွေကို မပြုတော့ပါဘူးလို့ စိတ်ဖြင့် နှလုံးသွင်း ဆုံးဖြတ်ပါတယ်၊ အဲဒီလို နှလုံးသွင်းဆုံးဖြတ်ခြင်းဖြင့် သီလဆောက်တည်ခြင်းကိုစ္စ သီလဝိသုဒ္ဓိကိုစ္စ ပြီးသွားတယ်လို့ ယူရမည့်အကြောင်း ဆရာတော်ဘုရားကြီးက နက်နက်နဲနဲ ဆုံးဖြတ်ထားပါတယ်။

အဲဒီတော့ ယခု တရားနာပရိသတ် ဒကာ ဒကာမတွေမှာ ငါးပါးသီလဆိုတာကတော့ စောစောကတည်းက ပြည့်စုံနေကြပါတယ်၊ သီလရှင်တွေ ရိပ်သာထဲမှာ နေတဲ့ ယောဂီတွေ ဒီလို ပုဂ္ဂိုလ်တွေမှာတော့ ရှစ်ပါးသီလတောင် စောစောကတည်းက ပြည့်စုံနေကြပါတယ်၊ ဒါပေမဲ့ ပြည့်စုံပြီးဖြစ်တဲ့ အဲဒီ သီလတွေလဲ ယခုလို တရားပွဲမှာ ထပ်ပြီးတော့ ဆောက်တည်ရပါတယ်၊ ဒီလို ဆောက်တည်တော့ သမာဒါနသီလ ဆောက်တည်မှုသီလ ကုသိုလ်ဟာ ထပ်ပြီး ဖြစ်ပွါးပါတယ်။ စောစောက မပြည့်စုံသေးတဲ့ ပုဂ္ဂိုလ်တွေမှာလဲ မိမိတို့ အလိုရှိတဲ့ ရှစ်ပါး ကိုးပါး ဆယ်ပါး သီလတွေကို မိမိ အလိုရှိသလောက် ကန့်သတ်ပိုင်းခြားပြီး ဆောက်တည်ရပါတယ်၊ ဒီလို ဆောက်တည်ပြီးတော့ အဲဒီသီလတွေကို အမှီပြုပြီး ဒါနကုသိုလ်ပြုယင်လဲ ထူးမြတ်တဲ့

ဒါနကုသိုလ် ဖြစ်ပါတယ်၊ ဘာဝနာ အားထုတ်ယင်လဲ စိတ္တ-ဝိသုဒ္ဓိအစရှိတဲ့ အထက်အထက် ဝိသုဒ္ဓိတရားတွေ တိုးတက်ဖြစ်ပွါးသွားနိုင်ပါတယ်၊ ကဲ ဆိုကြစမ်းပါ။

ငါး ရှစ် ကိုး ဆယ်၊ လူတို့ဝယ်၊ ကျင့်ဘွယ် သီလများ။

လူတို့ဆိုင်ရာ သီလကတော့ ငါးပါးသီလ ရှစ်ပါးသီလ ကိုးပါးသီလ ဆယ်ပါးသီလ ဒီလေးမျိုးပါဘဲ။ ဒီသီလတွေကို အမြဲတမ်းဖြစ်စေ၊ အခိုက်အတန့်ဖြစ်စေ ဆောက်တည်ပြီး ကျင့်ကောင်းတယ်၊ ဒါနပြုတဲ့အခါမှာလဲ ဒီသီလတမျိုးမျိုးနဲ့ ပြည့်စုံပြီးမှ ပေးလှူယင် သာပြီ အကျိုးကြီးတယ်၊ လူ့ချမ်းသာ ဖြစ်ဖြစ်၊ နတ်ချမ်းသာဖြစ်ဖြစ် ဘယ်ချမ်းသာမျိုးမဆို တောင့်တယင် အဲဒီလို ဒါနကုသိုလ်ဖြင့် ရနိုင်တယ်။ ဒါကြောင့်မြတ်စွာဘုရားက—

ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ-လို့ ဟောထားပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ သီလဝတော၊ သီလရှိသော ပုဂ္ဂိုလ်၏။ စေတောပဏိဓိ၊ စိတ်ဖြင့် တောင့်တခြင်းသည်။ ဝိသုဒ္ဓတ္တာ၊ သီလစင်ကြယ်သောကြောင့်၊ ဣဇ္ဈတိ၊ တောင့်တတိုင်း ပြည့်စုံပေ၏-တဲ့။

ဒါကြောင့် ပေးလှူတဲ့အခါ သီလဆောက်တည်ကြရတယ်။ ဘာဝနာ အားထုတ်ယင်လဲ ဒီသီလတမျိုးမျိုးနဲ့ ပြည့်စုံပြီးတော့ သီလဝိသုဒ္ဓိမှာ တည်ပြီး အားထုတ်ရတယ်၊ အဲဒါက အရေးကြီးပါတယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ—

သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ။—

ဆိုတဲ့ ဒီဂါထာကို အခြေခံ အဖြစ်ဖြင့် ထုတ်ပြပြီးတော့ အရဟတ္တဖိုလ် တိုင်အောင် သီလ သမာဓိ ပညာ ပွါးများပုံတွေကို ဖွင့်ပြတော်မူပါတယ်၊ အဲဒီ ဂါထာဟာ ဒေဝတာသံယုတ်မှာ ဘုရားကိုယ်တော်တိုင် ဟောထားတဲ့ ဂါထာဖြစ်ပါတယ်။ ကြည်ညိုကြရအောင် အနက်ပြန်ပြီး အဓိပ္ပါယ်အကျဉ်းချုပ် ပြောမယ်။

သပညော၊ တိဟိတ်ပဋိသန္ဓေ ကမ္မဇပညာ ပါရှိလာသော။ (ရှေးဘဝတခုခုက သံသရာမှ လွတ်မြောက်ဖို့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ ရည်ရွယ် ဆုတောင်းပြီး ပြုခဲ့တဲ့ ကုသိုလ်ကံကြောင့် ယခုဘဝမှာ လူ ဖြစ်လာတယ်၊ ဗုဒ္ဓသာသနာတော်ကို ယုံကြည်နိုင်တဲ့ အမျိုးထဲမှာ ဖြစ်လာတယ်၊ အဲဒီလို ဘဝသစ်စဖြစ်လာကတည်းက ဉာဏ်ပညာပါတဲ့ ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေလာခဲ့တယ်၊ အဲဒီလို ပဋိသန္ဓေပညာ ပါလာတဲ့ ပုဂ္ဂိုလ်လို့ ဆိုလိုပါတယ်။ ပဋိသန္ဓေပညာ ပါလာသလား မပါလာဘူးလားလို့ ဒီလိုတော့ စဉ်းစားနေဘို့ မလိုပါဘူး၊ နားလည်လောက်အောင် ဟောတဲ့တရားကို နားလည်တယ်၊ တရားကိုလဲ လိုလားတယ်ဆိုယင် ဒီပညာပါလာတယ်လို့ဘဲ မှတ်ယူရပါတယ်။) သပညော၊ တိဟိတ်ပဋိသန္ဓေ ကမ္မဇပညာ ပါရှိလာသော။ နရော၊ အမျိုးကောင်းသား အမျိုးကောင်းသမီး ဖြစ်သောပုဂ္ဂိုလ်သည်။ သီလေ၊ ငါးပါး ရှစ်ပါး စသည်ပြားသော ကိုယ်ကျင့်တရား သီလ၌။ ပတိဋ္ဌာယ၊ မကျိုး မပေါက် မပြောက်မကျားရအောင် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် တည်ပြီး၍။ (တရားအားထုတ်လိုတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်ကျင့်သီလနှင့် ရှေးဦးစွာ ပြည့်စုံရမယ်လို့ ဆိုလိုပါတယ်၊ အဲဒီလို သီလ၌ တည်ပြီးတော့ ဘာနဲ့ ပြည့်စုံရဦးမလဲ ဆိုယင်)

အာတာပီ၊ ကိလေသာကို ပူပန်စေတတ် ခြောက်သွေ့စေတတ်သော သမ္မပဓာန် လုံ့လ စတုရင်္ဂဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍။

ဒီလုံ့လ ဝီရိယနှင့်လဲ ပြည့်စုံရမယ်၊ နောက်ပြီးတော့—

နိပကော၊ ကိလေသာ၏ ဆန့်ကျင်ဘက်ဖြစ်သော ပါရိဟာရိယ ပညာရှိသည်ဖြစ်၍။

ပါရိဟာရိယပညာဆိုတာ အကျိုးရှိ မရှိ၊ သင့် မသင့် ဆင်ခြင်တိုင်းထွာနိုင်တဲ့ ပညာပါဘဲ၊ ကမ္မဋ္ဌာန်းအရာမှာတော့ ဘယ်လိုနှလုံးသွင်းအားထုတ်ယင် အကျိုးများမယ်၊ သင့်တော်မယ် စသည်ဖြင့် မြော်မြင်နိုင်တဲ့ ဆင်ခြင်ဉာဏ်ပါဘဲ၊ အဲဒါကို သာတ္ထကသမ္ပဇဉ် သပ္ပါယသမ္ပဇဉ်လို့လဲ ခေါ်ပါတယ်။ ဒါကြောင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကတော့ နိပစ္စတီတိ နိပကော-လို့ ဝစနတ္ထကို ကြံပြီးတော့-နိပကော၊ ဆင်ခြင်ဉာဏ်ရင့်ကျက်သည်ဖြစ်၍။ ဝါ၊ ရင့်ကျက်သော ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍-ဆိုတဲ့ ဒီအနက်က သာပြီးထင်ပေါ်တယ်လို့ မိန့်ဆိုပါတယ်၊ ဒါကြောင့် အဲဒီ ရင့်ကျက်တဲ့ ပါရိဟာရိယခေါ်တဲ့ ဆင်ခြင်ဉာဏ်နဲ့လဲ ပြည့်စုံပြီးတော့-စိတ္တဉ္စ၊ စိတ်ကို ခေါင်းတပ်၍ ပြအပ်သော သမာဓိကိုရင်း။ ဒီပုဒ်ကို ဝိသုဒ္ဓိမဂ်မှာ-သမာဓိဉ္စေဝ-သမာဓိကိုရင်း-လို့ ဖွင့်ပြပါတယ်။ ဒါကြောင့်—

စိတ္တဉ္စ၊ သမာဓိကိုရင်း။ ပညဉ္စ၊ ဝိပဿနာပညာကိုရင်း။ ဘာဝယံ ဘာဝယန္တော၊ ပွါးစေသည်ရှိသော်။ သော၊ ထိုသို့သော။ ဘိက္ခု၊ သံသရာဘေးကို ရှုမြင်သောရဟန်းသည်။ ဇဋံ ဇဋံ၊ ဤတဏှာတည်းဟူသော အရှုပ်အထွေးကို။ ဝိဇဋယေ၊ ဖြေရှင်းနိုင်ပေ၏-တဲ့။

တဏှာအရှုပ်ကို ဖြေရှင်းတယ် ပယ်တယ် ဆိုတာ အရဟတ္တမဂ်ဖိုလ်ရောက်မှ ဖြေရှင်းနိုင် ပယ်နိုင်ပါတယ်၊ အဲဒီ အရဟတ္တမဂ်ဖိုလ်ကို ရောက်အောင် အားထုတ်ရမည့် လုပ်ငန်းစဉ်က ဝိပဿနာဥာဏ်ကို ပွါးစေရတဲ့ အလုပ်ပါဘဲ၊ ဒါပေမဲ့ ဒီဝိပဿနာ ထူထောင်တဲ့ လုပ်ငန်းစဉ်မှာ သမာဓိကို ရှေးဦးစွာ ထူထောင်ပြီးမှ ဝိပဿနာရှုရတဲ့ သမထယာနိက၏ လုပ်ငန်းစဉ်က တမျိုး၊ သမာဓိကို သီးခြားမထူထောင်တော့ဘဲ ဝိပဿနာကိုဘဲ စပြီး ပွါးစေတဲ့ ဝိပဿနာယာနိက၏ လုပ်ငန်းစဉ်က တမျိုး ဒီလို နှစ်မျိုး ရှိပါတယ်၊ ဒီဂါထာမှာတော့ သမာဓိက စပြီး ပွါးစေရတဲ့ သမထယာနိက၏ လမ်းစဉ်ကို အရင်းခံပြုပြီး ပြထားပါတယ်၊ ဒါကြောင့် သမာဓိကိုရော ဝိပဿနာပညာကိုရော ဒီနှစ်ပါးလုံးကို ပွါးစေတဲ့သူသည် တဏှာအရှုပ်ကို ဖြေရှင်းနိုင်တယ်လို့ ဒီလို ဟောထားခြင်း ဖြစ်ပါတယ်။

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။—

ဆိုတဲ့ ဒီဂါထာမှာတော့ သမာဓိ မပါဘဲ ဝိပဿနာဥာဏ်သက်သက်ကို နိဗ္ဗာန်ရောက်ကြောင်း အကျင့်အဖြစ်ဖြင့် ဟောထားတဲ့အကြောင်း ဝိသုဒ္ဓိမဂ်မှာဘဲ "ဝိပဿနာမတ္တဝသေနေဝ ဒဿိတော"လို့ ပြဆိုထားပါတယ်၊ ဝိပဿနာမျှသက်သက်ဖြင့် ပြထားတယ်လို့ ဆိုပါတယ်။ ဒီနေရာမှာ အရေးကြီးသော မဟာဋီကာ အဖွင့်တရပ်ကို ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယမှာ ရှင်းပြထားတာ ရှိပါတယ်၊ ဘယ်လိုလဲဆိုယင် "ဝိပဿနာမတ္တဝသေနေဝ-ဌ် ဧဝဖြင့် သမာဓိကို နစ်စေ၏၊ မတ္တဖြင့် အထူးကို နစ်စေ၏၊ ထိုနှစ်ပုဒ်လုံးဖြင့်

ထူးခြားသော ဥပစာသမာဓိ အပ္ပနာသမာဓိကိုသာ နစ်စေသည်၊ မထူးခြားသော ဝိပဿနာသမာဓိကိုကား မနစ်စေဟု ဆိုလိုတယ်”လို့ ရှင်းပြထားပါတယ်၊ အဲဒါဟာ အင်မတန်လဲ နက်နဲပါတယ်၊ အင်မတန်လဲ အရေးကြီးပါတယ်။

အဲဒီမှာ အမျှားနားလည်အောင် ဘုန်းကြီးက ရှင်းပြပါဦးမယ်၊ အလုံးစုံသော သင်္ခါရတရားတွေကို မမြဲကြဟု ဝိပဿနာဉာဏ်ဖြင့် မြင်လျှင် ဆင်းရဲမှုဖြစ်သော သင်္ခါရတရား၌ ငြီးငွေ့လေတော့သည်၊ ဤသို့ ငြီးငွေ့ခြင်းသည် နိဗ္ဗာန်ရောက်ကြောင်း လမ်းဖြစ်သည်ဟု ဟောတော်မူရာမှာ “သင်္ခါရတရားတို့ကို အနိစ္စဟု မြင်သည် ငြီးငွေ့သည်”ဟု ဝိပဿနာဉာဏ်ဖြစ်ပုံသာပါတယ်၊ သမာဓိဖြစ်ပုံတော့ မပါဘူး၊ ဒါကြောင့် ဝိပဿနာမျှကိုသာ နိဗ္ဗာန်ရောက်ကြောင်းလမ်းဟု ပြထားပါတယ်၊ အဲဒီလို ပြရာမှာ ထူးခြားတဲ့ ဥပစာသမာဓိ အပ္ပနာသမာဓိ မပါသော်လဲ ဝိပဿနာဉာဏ်နှင့် ယှဉ်တွဲပြီးဖြစ်တဲ့ ခဏိကသမာဓိကတော့ ပါတယ်လို့သာ ယူရမယ်၊ ခဏိကသမာဓိ မပါယင်တော့ ဝိပဿနာဉာဏ်တောင် မဖြစ်နိုင်ဘူးလို့ ဆိုလိုပါတယ်။

ဒါကြောင့် မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကြံသိတိုင်း ထင်ရှားပေါ်ရာကစပြီး ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်မှာလဲ ရှုတိုင်းရှုတိုင်း ဝိပဿနာဉာဏ်နဲ့တွဲပြီး စူးစိုက်တည်ကြည်တဲ့ သမာဓိ ဖြစ်ပါတယ်၊ ဒီသမာဓိ အားမကောင်းသေးယင် ထိုထိုအာရုံတွေဆီကို ပြေးသွားတဲ့ နီဝရဏတွေက မကင်းသေးဘူး၊ ရုပ်နာမ်ကိုလဲ ပိုင်းပိုင်းခြားခြား မသိနိုင်သေးဘူး၊ဒီခဏိကသမာဓိအားကောင်းလာတဲ့ အခါမှာ နီဝရဏတွေ ကင်းသွားတယ်၊ ရှုမှတ်တဲ့ စိတ်ချည်း စင်ကြယ်နေတယ်၊ အဲဒီအခါမှာ

စိတ္တဝိသုဒ္ဓိဖြစ်တယ်၊ အဲဒီလို ခဏိကသမာဓိဖြင့် စိတ်စင်ကြယ်တဲ့အခါမှာ ရှုမှတ်မိတဲ့ ရုပ်နဲ့ သိတဲ့နာမ်တရားတွေကို ပိုင်းခြားပြီး သိတယ်၊ ဒိဋ္ဌိဝိသုဒ္ဓိဆိုတာလဲ ဖြစ်တယ်။

ဒါကြောင့် ခုနက ရွတ်ပြတဲ့ သံယုတ်ဂါထာထဲမှာ စိတ္တဥ္စ၊ သမာဓိကိုလဲ ပွါးစေရမယ် ဆိုရာမှာ သမထယာနိက ပုဂ္ဂိုလ်ဖြစ်ယင် ဥပစာသမာဓိ အပ္ပနာစျာန်သမာဓိကိုရအောင် ရှေးဦးစွာ သမထကမ္မဋ္ဌာန်းကို အားထုတ်ရပါတယ်၊ သမထကမ္မဋ္ဌာန်းဆိုတာက ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ အနုဿတိဆယ်ပါး၊ ဗြဟ္မဝိဟာရလေးပါး၊ အာရုပ္ပကမ္မဋ္ဌာန်းကလေးပါး၊ အာဟာရေပဋိကူလသညာကတပါး၊ စတုဓာတုဝဝတ္ထာန်က တပါး၊ အားလုံးပေါင်း ကမ္မဋ္ဌာန်းလေးဆယ် ဖြစ်ပါတယ်။

ဒီကမ္မဋ္ဌာန်းလေးဆယ်ထဲက စတုဓာတုဝဝတ္ထာန်မှတပါး ကျန်တဲ့ ၃၉-ပါးကတော့ သမာဓိကမ္မဋ္ဌာန်း သက်သက်ဖြစ်ပါတယ်၊ အဲဒီ ၃၉-ပါးထဲက တခုခုကို အားထုတ်ယင် သမာဓိသာ ဖြစ်နိုင်တယ်၊ ဝိပဿနာဉာဏ်တော့ မဖြစ်နိုင်ဘူး၊ ဝိပဿနာဉာဏ်ဖြစ်ချင်ယင် ဥပစာသမာဓိ အပ္ပနာသမာဓိကို ရပြီးတဲ့အခါမှာ ဝိပဿနာတဆင့် တက်ရတယ်။ ဘယ်လိုတက်ရသလဲ ဆိုယင် မိမိ ရထားတဲ့စျာန်ကို ရှေးဦးစွာ ဝင်စားပြီးတော့ အဲဒီစျာန်မှ ထတဲ့အခါ အဲဒီစျာန်စိတ်ကို ရှုရတယ်၊ ယခု ယောဂီတွေမှာ စဉ်းစားကြံစည်မိယင် အဲဒီ စဉ်းစားကြံစည်တဲ့စိတ်ကို ရှုမှတ်ရတာမျိုးပါဘဲ၊ ဒီလိုမှ မဟုတ်ယင်လဲ စျာန်မှ ထတဲ့အခါ ပေါ်ရာ ပေါ်ရာ ရုပ်နာမ်ကို ရှုရတယ်၊ အဲဒါကတော့ ယခု ယောဂီတွေမှာ မြင်တယ် ကြားတယ် ကွေးတယ် ဆန့်တယ် စသည်ဖြင့် ရှုမှတ်ပုံနှင့် အတူတူပါဘဲ၊ ဒါဖြင့် ဘာထူးသေးသလဲ

ဆိုယင် ဈာန်မှုထတဲ့အခါ စိတ်က ကောင်းကောင်း စူးစိုက် တည်ကြည်နေတယ်၊ ဒါကြောင့် ရှုရာ ရှုရာ အာရုံမှာ ရှုမှတ်တဲ့ စိတ်က တဲ့တဲ့မတ်မတ် ကပ်ကပ်ပြီး ကျကျသွားတယ်၊ ဒါ ကြောင့် ရှုမိတဲ့အာရုံကို ပိုင်းပိုင်းခြားခြား သိသိသွားတယ်၊ ဈာန်အခြေခံမရှိဘဲရှုတဲ့ ယောဂီမှာတော့ သမာဓိအားက ရှု ခါစမှာ မကောင်းသေးဘူး၊ ဒါကြောင့် ရှုမှတ်တဲ့ အာရုံဆီကို တဲ့တဲ့မတ်မတ် မသွားဘဲလဲ ရှိတတ်တယ်၊ အာရုံနဲ့ မှတ်စိတ်ဟာ ကောင်းကောင်းမကပ်ပဲလဲ ရှိတတ်တယ်၊ ဒါကြောင့် ရှုမိတဲ့ အာရုံကို ပိုင်းပိုင်းခြားခြား မသိပဲလဲ ရှိနေတတ်တယ်၊ အဲဒါ ဟာ ဈာန်အခြေခံရှိတာနဲ့ မရှိတာ ထူးခြားချက်ပါဘဲ။

ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ-စိတ္တံ ဘာဝယံ-အရ သမာဓိ ပွါး များပုံကို ဈာန်သမာပတ် ရှစ်ပါးလုံးရပြီး နိုင်နင်းအောင် လေ့ လာပုံများနှင့်တကွ အပြည့်အစုံပြသွားပါတယ်။ အဲဒီလို ပြပြီး တော့-ပညဥ္စ ဘာဝယံ-အရ ဝိပဿနာပွါးပုံကိုလဲ ယခု ပြောခဲ့တဲ့ အတိုင်း ဈာန်ဝင်စားပြီးတော့ ဈာန်မှုထပြီး ဈာန်တရားတွေကို ရှုပုံရော မဟာဘုတ်ရုပ်စသည်ကို ရှုပုံရော ပြသွားပါတယ်။

ခေါတ် ၄-ပါးကို ရှုရတဲ့ စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်း ကတော့ ဝိပဿနာက စပြီး ရှုရတဲ့ ဝိပဿနာ ကမ္မဋ္ဌာန်းပါဘဲ၊ ဒါပေမဲ့ အဲဒီလို ရှုနေရင်း နီဝရဏတွေကို ကင်းစေနိုင်တဲ့ ဥပစာ သမာဓိကို ရစေနိုင်တဲ့အတွက် အဲဒါကိုလဲ သမထ ကမ္မဋ္ဌာန်း လေးဆယ်ထဲမှာ ထည့်ပြီး ဝိသုဒ္ဓိမဂ်မှာ ပြထားပါတယ်။ အဲဒီ ဓာတ်-၄-ပါးကို ရှုနေရင်း ဥပစာသမာဓိကိုရသလို သတိပဋ္ဌာန သုတ်မှာ ပြထားတဲ့အတိုင်း ဣရိယာပုထ် ၄-ပါးကို ရှုနေရင်းလဲ ဥပစာသမာဓိကို ရနိုင်ပါတယ်၊ သမ္ပဇညပိုင်းအရ ရှုနေရင်းလဲ

ရနိုင်ပါတယ်၊ ဝေဒနာနုပဿနာ စိတ္တာနုပဿနာတို့အရ ရှုနေရင်းလဲ ရနိုင်ပါတယ်၊ ဓမ္မာနုပဿနာပိုင်းက ခန္ဓာ အာယတန စသည်ကို ရှုနေရင်းလဲ ဥပစာသမာဓိကို ရနိုင်ပါတယ်။ ဒါကြောင့် သတိပဋ္ဌာနသုတ်အဖွင့် အဋ္ဌကထာမှာ "သေသာနိ၊ အာနာပါနပိုင်းနှင့် ပဋိကူလပိုင်းမှ ကြွင်းသောအပိုင်းတို့သည်။ ဥပစာရကမ္မဋ္ဌာနာနေဝ၊ ဥပစာသမာဓိကိုသာ ရစေနိုင်သော ဥပစာကမ္မဋ္ဌာန်းတို့သာ ဖြစ်သည်"လို့ ပြဆိုထားပါတယ်။ မဟာသတိပဋ္ဌာနသုတ်မှာ အပိုင်း ၂၁-ပိုင်းရှိပါတယ်။ အဲဒီ ၂၁-ပိုင်းထဲက အာနာပါနပိုင်းနှင့် ပဋိကူလမနသိကာရပိုင်း ဆိုတဲ့ ဒီ ၂-ပိုင်းသာလျှင် အပ္ပနာစျာန်ကို ရစေနိုင်တဲ့ အပ္ပနာကမ္မဋ္ဌာန်းများ ဖြစ်ကြပါတယ်၊ ကျန်တဲ့ ၁၉-ပိုင်းကတော့ ဥပစာရသမာဓိလောက်သာ ရစေနိုင်တဲ့ ဥပစာရကမ္မဋ္ဌာန်းများ ဖြစ်ကြပါတယ်၊ ဒီလို အဋ္ဌကထာက ပြဆိုထားပါတယ်။

ဝိသုဒ္ဓိမဂ်မှာလဲ သမာဓိကို ရှေးဦးစွာ မပွါးစေဘဲ ဝိပဿနာက စ၍ ရှုပုံရှုနည်းကို ဓာတ်-၄-ပါး ရှုပုံက တနည်း၊ ခန္ဓာငါးပါး ရှုပုံက တနည်း၊ အာယတန ၁၂-ပါး ရှုပုံက တနည်း၊ ဓာတ် ၁၈-ပါး ရှုပုံက တနည်း၊ ရုပ်နာမ် ၂-ပါးကို ရှုပုံက တနည်း၊ ဒီလို ၅-နည်းခွဲပြီး ပြထားပါတယ်။ အဲဒီ ၅-နည်းထဲမှာ ဓာတ် ၄-ပါး ရှုပုံဟာ စတုဓာတုဝဝတ္ထာန်နဲ့ အတူတူပါဘဲ၊ အမည်မျှသာ ကွဲပါတယ်။ ဒါကြောင့် အဲဒီ ဓာတ် ၄-ပါးကိုရှုရင်း နီဝရဏတွေကို ကင်းစေနိုင်တဲ့ ဥပစာသမာဓိဖြစ်ပြီး စိတ္တဝိသုဒ္ဓိ ပြီးစီးကြောင်း ထင်ရှားပါတယ်၊ အဲဒီ ဓာတ် ၄-ပါးရှုတာလိုဘဲ ခန္ဓာစသည်ကို ရှုရာမှာလဲ အဲဒီ ဥပစာသမာဓိဖြစ်ပြီး စိတ္တဝိသုဒ္ဓိ ပြီးစီးတယ် ဆိုတာကိုလဲ မှတ်သားရပါတယ်။ ဘာကြောင့်လဲ ဆိုယင် သတိပဋ္ဌာနသုတ် အဋ္ဌကထာက အဲဒီ ခန္ဓာစသည်ကို

ရှုတာတွေကိုလဲ ဥပစာကမ္မဋ္ဌာန်းလို့ ဆိုထားတဲ့အပြင် အဲဒါတွေကို လက်တွေ့ရှုတဲ့ ယောဂီတွေမှာလဲ နိဝရဏကင်းပြီး ဥပစာသမာဓိဖြစ်ပုံ စိတ္တဝိသုဒ္ဓိ ဖြစ်ပုံတွေကို ထင်ရှားတွေ့ရတဲ့ အတွက်ကြောင့်ပါဘဲ။

ဘုန်းကြီးတို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဒီအချက်တွေကိုလဲ သေသေချာချာ နက်နက်နဲနဲ စိစစ် ဝေဘန်ပြီးတော့ မဟာသတိပဋ္ဌာနသုတ်ပါဠိတော်နှင့်အညီ ဒွါရ ၆-ပါးက ဖြစ်ပေါ်ဆဲ ရုပ်နာမ်ကို ရှုမှတ်ယင် သမာဓိဉာဏ် အားပြည့်လာသောအခါ ဥပစာသမာဓိနှင့် ညီမျှတဲ့ ဝိပဿနာခဏိက သမာဓိဖြစ်တယ်၊ အဲဒီသမာဓိဖြင့် စိတ္တဝိသုဒ္ဓိလဲ ဖြစ်တယ်၊ အဲဒီလိုအခါမှာ ရှုမှတ်မိတဲ့ ရုပ်နာမ်တွေကို ပိုင်းခြားသိတဲ့ နာမရူပ-ပရိစ္ဆေဒဉာဏ် ဖြစ်ပြီး ဒိဋ္ဌိဝိသုဒ္ဓိလဲ ဖြစ်တယ် စသည်ဖြင့် ဝိသုဒ္ဓိနှင့် ဝိပဿနာဉာဏ်များ ဖြစ်ပေါ်လာပုံတွေကို ပါဠိ အဋ္ဌကထာ ကျမ်းဂန်အရရော၊ ယောဂီတို့၏ ကိုယ်တွေ့ ဉာဏ်တွေ့အရရော ပြတ်ပြတ်သားသား ဟောကြား ပြဆိုတော်မူပါတယ်၊ အဲဒါ ကိုယ်တွေ့ ဉာဏ်တွေ့ ဖြစ်နေတဲ့ တပည့်ယောဂီတွေအတွက် အင်မတန် ဝမ်းမြောက်စရာ ကောင်းပါတယ်၊ ဘုန်းကြီးတို့လဲ ဒီလို ခိုင်လုံတဲ့ နည်း နိဿယကို ရ-ထားလို့ နည်းမှန် လမ်းမှန်တွေကို ပြတ်ပြတ်သားသား ဟောကြားနိုင်ပါတယ်၊ အဲဒီလို ဟောကြားနိုင်တဲ့အတွက် ဆရာတော်ဘုရားကြီးအား ကျေးဇူးတင်လို့ မဆုံးနိုင်အောင်လဲ ဖြစ်နေပါတယ်။

ကျေးဇူးရှင်ဆရာတော် ဘုရားကြီးက ယခုနေအခါမှာ ဈာန်ရအောင် အားထုတ်ဖို့ဆိုတာ အများအားဖြင့် မလွယ်ဘူးဆိုတာ သိမြင်တော်မူတာကလဲ တကြောင်း၊ ဈာန်ရအောင် ရှုမယ်ဆိုယင် အဲဒီလို ဈာန်ရအောင် ရှုနေရတာနဲ့ အချိန်ကုန်

ပြီး ဝိပဿနာရှုခွင့်မရဘဲ ဖြစ်သွားနိုင်တယ်လို့ မြင်တော်မူတာ ကလဲ တကြောင်း ဒီအကြောင်း နှစ်ပါးကြောင့် သမာဓိကို သီးသန့်မပွါးများဘဲ ဝိပဿနာက စပြီး အားထုတ်ရတဲ့ ဝိပဿ-နာယာနိကလမ်းကို ညွှန်ပြနေပါတယ်။ ဝိပဿနာဆိုတာ ထင်ရှားဖြစ်ပေါ်လာတဲ့ ရုပ်နာမ်ဟူသမျှကို ရှုရပါတယ်၊ ဘယ်နားအပိုင်းက ရုပ်တော့ မရှုကောင်းဘူးလို့ ဒီလို အကန့်အသတ်မရှိပါဘူး၊ ဒါကြောင့် မြင်ရာကဖြစ်စေ၊ ကြားရာကဖြစ်စေ၊ နံရာကဖြစ်စေ၊ စားသိရာကဖြစ်စေ၊ တွေ့ထိရာကဖြစ်စေ၊ ကြံသိရာကဖြစ်စေ ထင်ရှားပေါ်လာတဲ့တရားကို ရှုဘို့ ညွှန်ကြားပါတယ်၊ အဲဒီ တရားတွေထဲမှာလဲ ထင်ရှားပေါ်လာတဲ့ ဓာတ်ကြီး ၄-ပါး ရုပ်တရားတွေက စပြီး ရှုဘို့၊ အဲဒီမှာလဲ သွားလာလှုပ်ရှားနေဆဲမှာ အဲဒီ သွားလာလှုပ်ရှားတဲ့ ဝါယောဓာတ်ကို ရှုဘို့၊ လှုပ်ရှားခြင်းမရှိဘဲ ငြိမ်နေတဲ့အခါမှာ ဆိုယင် ဝမ်းပိုက်က တောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ်ဟာ အထင်ရှားဆုံး ဖြစ်တဲ့အတွက် အဲဒီ ဝါယောဓာတ်ကို ရှုဘို့ ညွှန်ကြားပါတယ်၊ အဲဒီမှာလဲ "ဝါယောဓာတ်, လေရုပ်, တွန်းကန်တယ်" စသည်ဖြင့် ကျမ်းဂန်ဝေါဟာရတွေနဲ့ ရှုရမယ်ဆိုယင် အများအားဖြင့် မလွယ်ကူပါဘူး၊ ဒါကြောင့် ရှုလို့ လွယ်ကူစေရန် (မြန်မာ) လူတိုင်းမှာနှုတ်တက်နေတဲ့ ဝေါဟာရဖြင့် (ဖောင်းတယ်-ပိန်တယ်)လို့ ဒီလို ရိုးရိုးကလေး ရှုမှတ်စေပါတယ်။

အဲဒါကို သဘောမပေါက် နားမလည်တဲ့ ပုဂ္ဂိုလ်တွေက ထွက်သက် ဝင်သက်လေကို နှာသီးဖျားကသာ ရှုကောင်းတယ်၊ ဝမ်းပိုက်က မရှုကောင်းဘူး၊ ဖောင်းတယ် ပိန်တယ် ဆိုတာလဲ ကျမ်းဂန်ထဲမှာ မရှိဘူး စသည်ဖြင့် အပြစ်ပြောနေကြပါတယ်၊ အဲဒါကတော့ ဝိပဿနာကမ္မဋ္ဌာန်း၏ သဘောကို ကျကျ

နန နားမလည်လို့ စာပေကျမ်းဂန်အရာမှာ ပြည့်ပြည့်စုံစုံ မတတ် မသိလို့ဘဲလို့ ဆိုရမှာဘဲ။ သတိပဋ္ဌာန်ပါဠိတော်မှာ "သွားယင် သွားတယ်လို့ သိတယ်၊ ကွေးယင် ဆန့်ယင် ကွေးတယ် ဆန့်တယ်လို့ သိတယ်" စသည်ဖြင့် ဟောထားတာနဲ့ "ဖောင်းတယ် ပိန်တယ်"လို့ မှတ်သိတာဟာ သဘောအားဖြင့် တူပါတယ်၊ အထူးအားဖြင့် ဓာတုမနသိကာရပိုင်းထဲမှာ အတွင်းဝင်နေပါတယ်၊ ဒါကြောင့် စာပေကျမ်းဂန်ထဲမှာ မရှိဘူးလို့လဲ မဆိုသင့်ပါဘူး၊ ကျမ်းဂန်ဆိုတာ နည်းရရုံလောက်ပဲ ပြဆိုရပါတယ်။ နောက်ပြီးတော့ ဖောင်းတယ် ပိန်တယ် လို့ ရှုမှတ်ရာမှာ တောင့်တဲ့သဘော တင်းတဲ့သဘော လှုပ်ရှားတဲ့သဘောကို သိတဲ့ အကြောင်း၊ အဲဒီလို သိရတာဟာ ဝါယောဖောဋ္ဌဗ္ဗရုပ်ဖြစ်တဲ့အကြောင်းများကိုလဲ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ဝိပဿနာရှုနည်းကျမ်း ဝိပဿနာအခြေခံကျမ်း စသည်မှာ ပြတ်ပြတ်သားသား ခိုင်လုံတဲ့ သာဓကများနှင့်တကွ ပြဆိုထားပါတယ်။

နောက်ပြီးတော့ ဥပစာသမာဓိ အပ္ပနာသမာဓိကိုရအောင် အာနာပါနကို သမထကမ္မဋ္ဌာန်းအဖြစ်ဖြင့် ရှုလိုလျှင် နှာသီးဖျားနှင့် အထက်နှုတ်ခမ်းဆိုတဲ့ တဋ္ဌာနတည်းကသာ ရှုအပ်ကြောင်း၊ ဝိပဿနာဉာဏ် ဖြစ်အောင် ရှုလိုလျှင်တော့ ဝင်သက် ထွက်သက်လေကို ဘယ်နေရာကမဆို ရှုအပ်ကြောင်းကိုလဲ ရှင်းလင်းပြတော်မူပါတယ်၊ စဉ်းစားကြည့်ပါ၊ ဝါယောဓာတ် ၆-မျိုးထဲက ဥဒ္ဓင်္ဂမခေါ်တဲ့ အထက်သို့တက်သောလေ၊ အဓောဂမခေါ်တဲ့ အောက်သို့စုန်သောလေ၊ ကုစ္ဆိသယခေါ်တဲ့ ဝမ်းထဲကလေ၊ ကောဋ္ဌာသယခေါ်တဲ့ အူထဲကလေ၊ အင်္ဂမင်္ဂါနုသာရီခေါ်တဲ့ အင်္ဂါကြီးငယ်လျှောက်ပြီး လှုပ်ရှားပုံပြင်တဲ့လေ ဆိုတဲ့

ဒီလေငါးမျိုးကို ဝိပဿနာရှုလျှင် ဘယ်နေရာက လေမဆို ရှုကောင်းပါတယ်၊ အဲဒါလိုဘဲ ဒီ ဝင်သက် ထွက်သက်လေကိုလဲ အနိစ္စ ဒုက္ခ အနတ္တ ထင်တဲ့ ဝိပဿနာဉာဏ်ဖြစ်အောင် ရှုလိုလျှင် ဘယ်နေရာက လေမဆို ရှုသင့်ကြောင်း သဘောပေါက်နိုင်ပါတယ်၊ သမာဓိဖြစ်အောင် ရှုရာမှာတော့ တနေရာတည်းက စူးစိုက်ပြီး ရှုနေမှသာ နိမိတ်ထင်ပြီး သမာဓိဖြစ်နိုင်တယ်၊ ဒါကြောင့် သမာဓိ သက်သက်ဖြစ်အောင် သမထကမ္မဋ္ဌာန်းအဖြစ်ဖြင့် ရှုလိုလျှင်တော့ နှာသီးဖျားနဲ့ အထက်နှုတ်ခမ်းဆိုတဲ့ တနေရာတည်းကသာ ရှုရတယ် ဆိုတဲ့ အကြောင်းကျေးဇူးရှင် ဆရာတော်ကြီးက အကျယ်ဝေဘန်ပြီး ရှင်းလင်းတော်မူပါတယ်၊ အဲဒါဟာ အင်မတန်ပြတ်သားပါတယ်၊ အင်မတန် ယုတ္တိရှိပါပေတယ်။

ဘုန်းကြီးအနေနဲ့ ပြောရမယ် ဆိုယင်တော့ မြတ်စွာဘုရား၏ သာသနာတော်မှာ ဝိပဿနာဉာဏ် မဂ်ဖိုလ်ဉာဏ်ဖြစ်အောင် ကမ္မဋ္ဌာန်းအာရုံ ယူပုံဟာ ကမ္မဋ္ဌာန်းလေးဆယ်မျှသာ မဟုတ်ပဲ အခြားနည်းများလဲ ရှိသေးတယ်လို့ ဆိုချင်ပါတယ်၊ ပဋာစာရာထေရီမမှာ ခြေဆေးရေသွားပုံကို အာရုံပြုပြီး ဝိပဿနာဉာဏ်ဖြစ်တယ်၊ ထေရိကာဆိုတဲ့ အမျိုးသမီးလဲ လောင်ကျွမ်းသွားတဲ့ ဟင်းရွက်ကို အကြောင်းပြုပြီး ဝိပဿနာဉာဏ်ဖြစ်တယ်၊ ဓမ္မပဒမှာ ရဟန်းငါးရာဟာလဲ မရီစိကမ္မဋ္ဌာန်း တံလှပ်ကမ္မဋ္ဌာန်းကို ယူလာခဲ့ကြတယ်၊ မိုးရွာတဲ့အခါ မိုးပေါက်တွေကြည့်ရင်း ဝိပဿနာဉာဏ်တွေ ဖြစ်ပြီး ရဟန္တာ ဖြစ်ကြတယ်လို့ ဆိုပါတယ်၊ ဒီလို ကမ္မဋ္ဌာန်းအထူးတွေလဲ ရှိပါတယ်၊ အထင်ရှားဆုံးကတော့ အရှင်စူဠပန်၏ ရဇောဟရဏံ-ဆိုတဲ့ ကမ္မဋ္ဌာန်းပါဘဲ၊ အရှင်စူဠပန်ဟာ ဂါထာတပုဒ်ကို လေးလပတ်လုံး ကျက်မှတ်လို့

မရနိုင်ဘူးတဲ့၊ ဒါကြောင့် သူ့အစ်ကို မဟာပန်မထေရ်က နှင်ထုတ်လိုက်တယ်၊ မြတ်စွာဘုရားက တံခါးမုခ်ဝမှ အရှင်စူဠပန်ကိုခေါ်လာပြီးတော့ အဝတ်ပိုင်းကလေးတခုကို ပေးပြီး ရဇော-ဟရဏံ ရဇောဟရဏံ-လို့ ရွတ်ပြီး အဲဒီ အဝတ်ပိုင်းကလေးကို လက်နဲ့ ဆုပ်နယ်နေရမယ်လို့ အမိန့်ပေးထားပါတယ်။

ရဇောဟရဏံ-မှုအညစ်အကြေးကိုဆောင်သည်တဲ့၊အဲဒါဟာ မြတ်စွာဘုရားကိုယ်တော်တိုင် ပေးတဲ့ ကမ္မဋ္ဌာန်းဘဲ၊ ကမ္မဋ္ဌာန်းလေးဆယ်မှာ ဘယ်ကမ္မဋ္ဌာန်းထဲ ထည့်ရမလဲ၊ စဉ်းစားကြစမ်း၊ တိုက်ရိုက်ဆိုယင်တော့ ဘယ်ကမ္မဋ္ဌာန်းထဲမှ မဝင်ပါဘူး၊ ဒါပေမဲ့ အရှင်စူဠပန်ဟာ ရဇောဟရဏံ ရဇောဟရဏံ-မှုအညစ်အကြေးကို ဆောင်သည် မှုအညစ်အကြေးကို ဆောင်သည်လို့ ရွတ်ရင်း လက်နဲ့ ဆုပ်နယ်နေရာက အဝတ်ကလေး ညစ်နွမ်းလာတာ တွေ့ရတယ်၊ အဲဒီအခါမှာ မိမိ၏ ရုပ်ကိုယ်ကြီးက မစင်ကြယ်လို့ ဒီအဝတ်ကလေး ညစ်နွမ်းရတယ်လို့ ဆင်ခြင်ပြီး မိမိ၏ကိုယ်အပေါ်မှာ အသုဘသညာ ဖြစ်လာတယ်၊ အဲဒီအခါ မြတ်စွာဘုရားကလဲ ရောင်ခြည်တော်လွှတ်ပြီး တရားဟောတယ်၊ အဲဒီတရားကိုနာပြီး နှလုံးသွင်းတဲ့အတွက် ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းဖြစ်ပြီး ရဟန္တာဖြစ်တော်မူပါသတဲ့။

အဲဒီ ရဇောဟရဏံ-လို့ ဆိုပြီး နှလုံးသွင်းရာက သမာဓိဉာဏ်ဖြစ်ပြီး အရှင်စူဠပန် ရဟန္တာဖြစ်တော်မူတယ် ဆိုတာကတော့ ဘယ်သူမှ မငြင်းနိုင်ဘူး၊ အဲဒါကို ထောက်ဆကြည့်မယ်ဆိုယင် ဝမ်းပိုက်၏ ဖောင်းရုပ် ပိန်ရုပ်ကို ရှုရာက သမာဓိဉာဏ် ဖြစ်နိုင်တယ်၊ ဖြစ်တယ် ဆိုတာလဲ ငြင်းစရာ မရှိပါဘူး၊ ဘာကြောင့်လဲဆိုယင် အမည်ဟာ ဝါယောဓာတ်လို့ခေါ်လဲ အမည်ပညတ်ပါ

ဘဲ၊ အမှန်သိဘို့ လိုတာကတော့ သူဖြစ်ပေါ်တဲ့အတိုင်း တောင့်တာ တင်းတာ လှုပ်တာ ဖြစ်ပြီး ပျောက်သွားတာ၊ ဒါတွေကို အမှန်အတိုင်းသိဘို့ လိုပါတယ်၊ ဖောင်းခိုက် ပိန်ခိုက်မှာ မပြတ် လိုက်ပြီးတော့ ရှုမှတ်နေယင် အဲဒီသဘောတွေကို ထင်ထင်ရှားရှားသိရပါတယ်၊ အားထုတ်သူတိုင်းပင် သိနိုင်ပါတယ်၊ ဒါကြောင့် ဖောင်းတယ် ပိန်တယ် ဆိုတဲ့ အမည်ကလေးလောက်ကိုစွဲပြီး အငြင်းမပွါးသင့်ဘူး ဆိုတာကိုလဲ ဘုန်းကြီးက ဒီပွဲတော်ကြီးကနေပြီး ထပ်မံသတိပေးလိုပါတယ်။

## ကိံသုကောပမသုတ်လာ ရဟန်းတပါး

## (၄)

အဲဒီလို အမည်လောက် ဝေါဟာရလောက်နဲ့ အငြင်းပွါးနေလျှင် ကိံသုကောပမသုတ်ထဲက ရဟန်းတပါးလို ဖြစ်နေပါလိမ့်မယ်၊ မြတ်စွာဘုရားလက်ထက်က ရဟန်းတပါးဟာ ရဟန္တာကြီး ၄-ပါးထံ ချဉ်းကပ်ပြီးတော့ မည်မျှ သိမြင်လျှင် အသိအမြင် စင်ကြယ်ပါသလဲ၊ ရဟန္တာ ဖြစ်ပါသလဲဆိုတဲ့ ပြဿနာကို မေးပါတယ်။

အဲဒီလို မေးတဲ့အခါ ပဌမရဟန္တာကြီးက မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဆိုတဲ့ ဒီအာယတန ၆-ပါး၏ အဖြစ်အပျက်ကို သိလျှင် အသိအမြင် စင်ကြယ်တယ်၊ ရဟန္တာ ဖြစ်တယ်လို့ ဖြေလိုက်တယ်၊ ဒုတိယရဟန္တာကြီးက ခန္ဓာ ငါးပါး၏ အဖြစ်အပျက်ကို မြင်လျှင် ရဟန္တာ ဖြစ်တယ်လို့ ဖြေလိုက်တယ်၊ တတိယရဟန္တာကြီးက မဟာဘုတ် ၄-ပါး၏ အဖြစ်အပျက်ကို မြင်လျှင် ရဟန္တာ ဖြစ်တယ်လို့ ဖြေလိုက်တယ်၊ စတုတ္ထ ရဟန္တာ

ကြီးက ဖြစ်သမျှ ပျက်တတ်တာချည်းဘဲလို့ မြင်လျှင် ရဟန္တာ ဖြစ်တယ်လို့ ဖြေလိုက်တယ်၊ အဲဒီ အဖြေ ၄-ခုဟာ ဖြေပုံ ဝေါ-ဟာရချင်းတော့ မတူဘူး၊ ဒါပေမဲ့ သဘောအားဖြင့်တော့ တူပါတယ်၊ အဖြေမှန်ချည်းပါဘဲ၊ ဒါပေမဲ့ မေးတဲ့ ရဟန်းကတော့ သူမှာ ကိုယ်တွေ့က မရှိတဲ့အတွက် သဘောမကျတတ်ဘူး၊ နားမလယ်ဘူး၊ ကွဲလွဲတယ်လို့ ထင်တယ်၊ ဒါနဲ့ သူက မြတ်စွာဘုရားထံ သွားပြီးလျှောက်တယ်၊ အဲဒီအခါ မြတ်စွာဘုရားက ပေါက်ပင်အကြောင်း မေးတဲ့သူနဲ့ တူနေတယ်လို့ မိန့်တော်မူပါတယ်။

လူတယောက်ဟာ ပေါက်ပင်ကို သိချင်လို့ လူ ၄-ယောက်ထံ သွားပြီး မေးတယ်၊ ပဌမလူက အရွက်ကျနေတုန်း မြင်ဘူးတဲ့အတွက် ပေါက်ပင်ဆိုတာ အရွက်မရှိဘူး မီးလောင်ငုတ်လိုဘဲ မဲနေတယ်လို့ ဖြေလိုက်တယ်၊ ဒုတိယလူက ပွင့်နေတုန်း မြင်ဘူးတဲ့အတွက် နီရဲနေတယ်လို့ ဖြေလိုက်တယ်၊ တတိယလူက အသီးရှိနေတုန်း မြင်ဘူးတဲ့အတွက် အသီးတွေ တိုးလိုတွဲလဲ ရှိနေတယ်လို့ ဖြေလိုက်တယ်၊ စတုတ္ထလူက အရွက်စည်ကားနေတုန်း မြင်ဘူးတဲ့အတွက် အရွက်တွေပိတ်ပြီး စိမ်းညိုနေတယ်လို့ ဖြေလိုက်တယ်၊ အဲဒီလို ဖြေပုံချင်း မတူတာနဲ့ မကျေနပ်လို့ မူလဆေးဆရာကြီးထံ သွားပြီး မေးပြန်တယ်၊ အဲဒီအခါမှာ ဟိုလူလေးယောက် ဖြေလိုက်တာတွေလဲ အမှန်ချည်းပါဘဲ၊ ဒီပေါက်ပင်ကို ပြောတာချည်းပါဘဲ၊ မြင်ဘူးတဲ့ အခါကာလချင်း မတူတဲ့အတွက် ဖြေပုံချင်းမတူပဲ ဖြစ်နေတယ်၊ အမှန်ချည်းပါဘဲလို့ ဆရာကြီးက ပြောလိုက်ရပါသတဲ့။

အဲဒါလိုဘဲ ရဟန္တာကြီးလေးပါး၏ အဖြေဟာ သူတို့မြင်တဲ့ အတိုင်း ဖြေကြတာတွေဘဲ၊ အဖြေမှန်ချည်းဘဲလို့ မြတ်စွာ

ဘုရားက မိန့်တော်မူလိုက်မှ အဲဒီရဟန်းက သဘောကျ နား လည်သွားပါသတဲ့။ အဲဒီမှာ ပေါက်ပင်တပင်တည်းကိုပင် မဲနေ တယ်၊ နီရဲနေတယ်၊ တိုးလိုတွဲလွဲ ကျနေတယ်၊ စိမ်းညိုနေတယ် လို့ လေးမျိုးလေးထွေ ပြောကြပေမဲ့ ပြောလိုရင်းကတော့ ဒီပေါက်ပင်တပင်တည်း ဖြစ်နေတာလို "ဝါယောဓာတ်၊ တွန်း ကန်တယ်၊ လှုပ်ရှားတယ်၊ ဖောင်းတယ်၊ ပိန်တယ်" ဆိုတာတွေ ဟာ ဝေါဟာရစကားလုံးတွေက ကွဲနေပေမဲ့ ဝိပဿနာဉာဏ် ဖြင့် သိရမည့် တရားကတော့ တောင့်တင်းလှုပ်ရှားတဲ့ သဘော တမျိုးတည်းပါဘဲ၊ ဒါကြောင့် အမှန်ချည်းဘဲ ဆိုတာကို မြဲမြံစွာ မှတ်ထားကြရမယ်။

နောက်ပြီးတော့ ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်ရတာကလဲ သမာဓိဉာဏ် အခြေပြုခါစလောက်ပါဘဲ၊ သမာဓိဉာဏ် အခြေ ပြုမိလို့ အားရှိတဲ့အခါကျတော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဒွါရ ၆-ပါးက ပေါ်လာသမျှကို အကုန်လုံးလိုက်ပြီး မှတ်သိနိုင်ပါတယ်၊ ဒွါရ ၆-ပါးက ပေါ်လာသမျှကို သိနေယင် သိစရာ ကုန်တော့တာဘဲ၊ သိစရာ မကျန်တော့ပါဘူး၊ ဒါ ကြောင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ၏ ရှုမှတ်နည်းဟာ အကုန်လုံး ထောင့်စေ့ပါတယ်၊ သဗ္ဗံ၊ အလုံးစုံကို။ အဘိညေယျံ၊ ဉာဏ်ဖြင့် ရှေးရှုပြုပြီး သိရမယ်-ဆိုတဲ့ ဒေသနာတော်နဲ့လဲ အံကျကိုက်ညီနေပါတယ်၊ သဗ္ဗံ၊ အလုံးစုံကို။ ပရိညေယျံ၊ ပိုင်း ခြား သိရမယ်-ဆိုတဲ့ ဒေသနာတော်နဲ့လဲ အံကျကိုက်ညီနေပါ တယ်။

တချို့ကမ္မဋ္ဌာန်းက ထိုင်နေတုန်းသာ ကမ္မဋ္ဌာန်းရှိတယ်၊ ထ သွားတဲ့အခါ ကမ္မဋ္ဌာန်းမရှိတော့ဘူး၊ သမာဓိခါးကျိုးသွား

တယ်၊ ဒါကြောင့် တိုးတက်သင့်သလောက် မတိုးတက်နိုင်ဘူး၊ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ညွှန်ပြနေတဲ့ သတိပဋ္ဌာန် ရှုမှတ်နည်းကတော့ လျှောင်း ထိုင် ရပ် သွား ဣရိယာပုထ် ၄-ပါးလုံးမှာ မပြတ်မစဲ အားထုတ်ရတယ်၊ သမာဓိ ခါးမကျိုး ဘူး၊ ဒါကြောင့် တိုးတက်သင့်သလောက် တိုးတက်သွားနိုင်ပါ တယ်။ ရှေးက အားထုတ်ကြတာဟာလဲ ဒီလို မပြတ်မစဲ အား ထုတ်ကြတာပါဘဲ၊ ဒါကြောင့် တချို့က ထိုင်နေရင်း တရားထူး ကို ရကြတယ်၊ တချို့က စားသောက်နေရင်း တရားထူးကို ရကြ တယ်၊ တချို့က ရပ်နေရင်း တရားထူးကို ရကြတယ်၊ တချို့က လဲလျောင်းရင်း တရားထူးကို ရကြတယ်၊ အရှင်အာနန္ဒာ မထေရ်ဟာ လျောင်းဘို့ ပြင်နေဆဲမှာ ရဟန္တာဖြစ်တော်မူ တယ်၊ အဲဒါဟာ ကမ္မဋ္ဌာန်းကိုမချဘဲ မပြတ်အားထုတ်နေလို့ပါ ဘဲ၊ တချို့က သွားနေဆဲမှာ တရားထူးကို ရကြတယ်၊ ဒီနေရာ မှာ မယ်ဓမ္မာရဲ့ သက်န်းကိုဝတ်ရုံပြီး တရားအားထုတ်တဲ့ ရဟန်း အကြောင်းကို ပြောချင်ပါတယ်။

သီဟိုဠ်ကျွန်းမှာ ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့နောက် နှစ်ပေါင်း လေးရာကျော်လောက်က ရောဟဏဇနပုဒ် သိဝဆိုတဲ့ရွာမှာ အ လွန်ဆင်းရဲနွမ်းပါးတဲ့ မယ်ဓမ္မာ ဆိုတဲ့ အမျိုးသမီး တယောက် ရှိတယ်၊ အဲဒီ မယ်ဓမ္မာက ပင်ပန်း ဆင်းရဲစွာ လုပ်ကိုင်ပြီးရတဲ့ ငွေနဲ့ အဝတ်အထည်တခုကို ဝယ်ယူပြီးတော့ တိရိတိမ္ဗလတိဿ တောင်ကျောင်း၌ ဝါကပ်သော ရဟန်းတော်ငါးရာ အပေါင်း သံဃာကို ရည်စူးပြီး အဲဒီကျောင်းက ရဟန်းတပါးထံမှာ လှူ လိုက်ပါတယ်၊ မိမိ၏ ဆင်းရဲနွမ်းပါးကြောင်း ခဲယဉ်းစွာ လှူရ ကြောင်း စသည်ကိုလဲ လျှောက်လိုက်ပါတယ်။

အဲဒီ သင်္ကန်း ခံယူလာတဲ့ ရဟန်းက သံဃာတော်အား သင်္ကန်းအကြောင်းကို ပြောကြားပြီးတော့ အဲဒီသင်္ကန်းကို ဝတ်ရုံပြီး ရဟန္တာဖြစ်အောင် အားထုတ်နိုင်မည့် ပုဂ္ဂိုလ်ထွက်ပါလို့ ကျေညာလိုက်ပါတယ်၊ အဲဒီအခါ ရဟန်းတပါးက အဲဒီသင်္ကန်းကို ဝါတွင်း သုံးလအတွင်း ဝတ်ရုံပြီး ရဟန္တာဖြစ်အောင် အားထုတ်ပါမယ်လို့ ဝန်ခံပါတယ်၊ နောက်တပါးက ၂-လနဲ့ ရဟန္တာဖြစ်အောင် အားထုတ်ပါမယ်လို့ ဝန်ခံပါတယ်၊ နောက်တပါးက တလနဲ့၊ နောက်တပါးက ဆယ့်ငါးရက်နဲ့၊ နောက်တပါးက ဆယ်ရက်နဲ့၊ ကိုးရက်နဲ့စသည်ဖြင့် ရက်လျော့၍ ဝန်ခံကြကာ နောက်ဆုံးကျတော့ တပါးက တရက်နဲ့ ရဟန္တာ ဖြစ်အောင် အားထုတ်ပါမယ်လို့ ဝန်ခံပါတယ်၊ အဲဒီ ရဟန်းကို သံဃာတော်က ဝတ်ရုံဘို့ ပေးလိုက်ပါတယ်။

အဲဒီ ရဟန်းဟာ သင်္ကန်းလျှာ အဝတ်ကို ချုပ်ဆိုးပြီး ဝတ်ရုံပါတယ်၊ ဝတ်ရုံပြီးတာနဲ့ စင်္ကြံသို့ သက်ပြီး တရားအားထုတ်ပါတယ်၊ ရှေးဦးစွာ မတ်တတ်ရပ်ပြီး မိမိ သီလကိုလဲ ဆင်ခြင်ပါတယ်၊ ငါဟာ ယခုအချိန်ကစပြီး ဒီသင်္ကန်းနဲ့ တရက်အတွင်း ရဟန်းကိစ္စ ပြီးအောင် အားထုတ်ရမယ်လို့ လေးလေးနက်နက် ထက်ထက်ငန်သန် နှလုံးသွင်းပြီး စင်္ကြံကြွရင်း အားထုတ်ပါတယ်၊ ယခု ဒီက ယောဂီတွေ ရှုမှတ်နေတာမျိုးပါဘဲ၊ ဗယ်လှမ်းတယ် ညာလှမ်းတယ်၊ ကြွတယ် လှမ်းတယ် ချတယ် ဆိုတဲ့ ဒီအမှတ်မျိုးနဲ့ စင်္ကြံလျှောက်ပြီး အားထုတ်လိုက်တာ အဲဒီ ရဟန်းတော်ကလေးဟာ ခုနစ်လှမ်းနဲ့ မဂ် ၄-ပါး ဖိုလ် ၄-ပါး အစဉ်အတိုင်း တက်ပြီး ရဟန္တာ ဖြစ်တော်မူပါတယ်။

## ကျောင်းရေစက်ချပွဲနှင့် စာဂါနုဿတိကမ္မဋ္ဌာန်း

## (၅)

အဲဒီလို ဖြစ်ပုံကို ထောက်ဆကြည့်ယင် ယခုနေအခါ အား ထုတ်လက်စရှိနေတဲ့ ပုဂ္ဂိုလ်တွေမှာ အင်မတန် အားတက်စရာ ကောင်းပါတယ်၊ စောစောကတည်းက ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် စသည်ဖြင့် ရှုမှတ်လို့ သမာဓိဉာဏ်အခြေခံ ရသင့်သလောက် ရထားတဲ့ သူတွေဟာ ယခု တရားနာနေခိုက် မှာ ပေါ်ရာ ပေါ်ရာ တရား တခုခုကို ရှုမှတ်လိုက်ယင် အဲဒီလို ရှုမှတ်နေရင်းလဲ ဉာဏ်ထူး တရားထူးကို ရနိုင်ပါတယ်၊ ယခု မဟာစည်ကျောင်းတော် ရေစက်ချပွဲတော်ကြီးနှင့် စပ်ပြီး သမာဓိ ပညာဘာဝနာ ထူထောင်ဘို့ အသင့်လျော်ဆုံးကတော့ အနုဿတိ ဆယ်ပါးထဲက စာဂါနုဿတိ ကမ္မဋ္ဌာန်းပါဘဲ၊ စာဂါနုဿတိ ဆိုတာ မိမိ စွန့်ကြဲ ပေးကမ်း လှူဒါန်းတာတွေ ပေးလှူနေပုံတွေကို အောက်မေ့ နှလုံးသွင်းရတာပါဘဲ။

ဒီမဟာစည် ကျောင်းတော်ကြီးနှင့် စပ်ပြီး ငါတို့ ငွေ ဘယ် လောက် လှူခဲ့တယ်၊ ဘယ်လို ပစ္စည်းတွေကို လှူခဲ့တယ်၊ ကျောင်းတော်ဆောက်ရာမှာ ဘယ်လို ကိစ္စတွေကို ဆောင်ရွက် ခဲ့တယ်၊ ကျောင်းရေစက်ချ ပွဲတော်ကြီးမှာ ဘယ်လို ဆောင်ရွက် ခဲ့တယ်၊ ဘယ်လို ရေစက်ချ လှူဒါန်းခဲ့တယ် ဆိုတာတွေကို အောက်မေ့ဆင်ခြင်နေယင် အဲဒါဟာ စာဂါနုဿတိဘဲ၊ အဲဒီလို အောက်မေ့ဆင်ခြင်ခိုက်မှာ လှူဒါန်းနေပုံ အခြင်းအရာတွေ စိတ်အာရုံထဲမှာပေါ်ပြီး ဝမ်းမြောက်တဲ့ ပီတိတွေ ဖြစ်တယ်၊ ဝိသာခါကျောင်းအမကြီးမှာ ဖြစ်တဲ့ ပီတိမျိုးပါဘဲ၊ အဲဒီလို ပီတိ ဖြစ်နေတဲ့အချိန်မှာ နီဝရဏ ကိလေသာတွေ ကင်းနေတယ်၊

ဘာဝနာကုသိုလ်စိတ်ချည်း စင်ကြယ်နေတယ်၊ အဲဒီလို ကုသိုလ်စိတ်ချည်း စင်ကြယ်နေတာကို ကေတ္တ ဖြစ်တယ်လို့ ပဋ္ဌိသမ္ဘိဒါမဂ်မှာ ဟောထားပါတယ်၊ ကေတ္တ ဆိုတာ ကိလေသာအဖော်တွေနဲ့ မတွဲဘဲ စိတ်တကိုယ်တည်းချင်း တည်နေတဲ့ သဘောပါဘဲ၊ အဲဒီ ကေတ္တ-က ၄-ပါးရှိပါတယ်၊ အဲဒီ ကေတ္တ ၄-ပါးကိုလဲ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက စိတ္တဝိသုဒ္ဓိဖြစ်ပုံနဲ့ စပ်ပြီး ဝိပဿနာရှုနည်းကျမ်းမှာ ဖော်ပြထားပါတယ်၊ ရှေးက ဆိုယင် ဘယ်ဝိပဿနာကျမ်းမှာမျှ မဖော်ပြဘူးသေးပါဘူး၊ အဲဒါဟာလဲ အင်မတန် အားရစရာ ကောင်းပါတယ်၊ ပြထားပုံကတော့-

တေ ကေတ္တာ၊ ထို စိတ်တခုတည်း အဖြစ်တို့သည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူ။ ဒါနဝေါသဂ္ဂုပဋ္ဌာနေကတ္တံ၊ ပေးလှူစွန့်လွှတ်မှုထင်သော ကေတ္တ တပါး။ သမထနိမိတ္တုပဋ္ဌာနေကတ္တံ၊ သမထအာရုံနိမိတ်ထင်သော ကေတ္တတပါး။ ဝယလက္ခဏုပဋ္ဌာနေကတ္တံ၊ ပျက်ခြင်းလက္ခဏာထင်သော ကေတ္တတပါး။ နိရောဓုပဋ္ဌာနေကတ္တံ၊ သင်္ခါရတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်ထင်သော ကေတ္တတပါး။ (ဤတိ၊ ဤလေးပါးတို့တည်း။) ဒါနဝေါသဂ္ဂုပဋ္ဌာနေကတ္တံ၊ ပေးလှူပုံ စွန့်လွှတ်ပုံထင်သော ကေတ္တသည်။ စာဂါဓိမုတ္တာနံ၊ ပေးလှူစွန့်ကြဲခြင်းကို နှလုံးသွင်းကုန်သော ယောဂီတို့၏။ ကေတ္တံ၊ စိတ်တခုတည်း အဖြစ်ပေတည်း-စသည်ဖြင့် ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်ကို မြန်မာပြန်ပြီး ပြထားပါတယ်။

အဲဒီမှာ နိမိတ်ထင်ကောင်းတဲ့ ကသိုဏ်း အသုဘ အာနာပါနပဋ္ဌိကူလ ဆိုတဲ့ ကမ္မဋ္ဌာန်းတွေကို နှလုံးသွင်းယင် ကသိုဏ်းအစရှိသော အာရုံနိမိတ် ထူးထူးခြားခြား ထင်တဲ့အခါမှာ ကေတ္တ ဖြစ်တယ်၊ စိတ္တဝိသုဒ္ဓိ ဖြစ်တယ်။ အာရုံနိမိတ် မထင်

ကောင်းတဲ့ ဗုဒ္ဓါနုဿတိ အစရှိတဲ့ ကမ္မဋ္ဌာန်းများကို နှလုံးသွင်းတဲ့ ပုဂ္ဂိုလ်မှာတော့ သူ့ဆိုင်ရာ အာရုံလောက်သာ ထင်တယ်၊ နိမိတ်တော့ မထင်ဘူး၊ အဲဒါဟာ စာဂါနုဿတိနှင့် တူတယ်လို့ သိစေလိုတဲ့အတွက် စာဂါနုဿတိကို သရုပ်အားဖြင့် ထုတ်ပြီး ပြထားပါတယ်၊ စာဂါနုဿတိကို နှလုံးသွင်းယင် ရက်ရက်ရောရောပေးလှူနေပုံ စွန့်နေပုံအခြင်းအရာတွေသာ ပေါ်နေတယ်၊ အဲဒီလို ပေါ်ပြီး ဝမ်းမြောက်တဲ့ ပီတိတွေ ဖြစ်နေယင် ကေတ္တာ ဖြစ်နေတာဘဲ၊ စိတ္တဝိသုဒ္ဓိဖြစ်နေတာဘဲ ဆိုတာကို ဆရာတော်ဘုရားကြီးက အဆုံးအဖြတ်ပေးသွားပါတယ်။

ဒါကြောင့် ဒီကျောင်းရေစက်ချ ပွဲတော်ကြီးနဲ့ စပ်ပြီး အောက်မေ့ဆင်ခြင်လို့ ဝမ်းမြောက်မှု ပီတိဖြစ်လာတဲ့အခါ အဲဒီ ပီတိကို ဝမ်းမြောက်တယ် ဝမ်းမြောက်တယ် စသည်ဖြင့် ရှုမှတ်ရမယ်၊ အဲဒီလို ရှုမှတ်လိုက်တဲ့အခါ အဲဒီ ဝမ်းမြောက်မှုကလေးဟာ ဝမ်းမြောက်ပြီးရင်း ပျောက်သွားရင်း ဝမ်းမြောက်ပြီးရင်း ပျောက်သွားရင်းနဲ့ ဒီလို ပျောက်ပျောက်သွားတာကို တွေ့ရလိမ့်မယ်၊ အဲဒီလို တွေ့တာဟာ ပီတိရဲ့ အပျက်လက္ခဏာကို တွေ့တာဘဲ။ ပီတိကို ခယ ဝယ-ကုန်ခြင်း ပျောက်ခြင်း သဘောအားဖြင့် သုံးသပ်တယ်ဆိုတာ ဒီသဘောကို ပြောတာပါဘဲ၊ အဲဒါဟာ ဝိပဿနာရှုတဲ့ ယောဂီတွေရဲ့ ကေတ္တာတဲ့၊ ဒါကြောင့် ဝယ-လက္ခဏုပဋ္ဌာနေကတ္တာဥ္စ-အပျက်လက္ခဏာထင်သော ကေတ္တာသည်ကား။ ဝိပဿကာနံ၊ ဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်တို့၏။ ကေတ္တာ၊ စိတ်တခုတည်း အဖြစ်ပေတည်း-လို့ ဆရာတော်ဘုရားကြီးက မြန်မာပြန်ပြထားပါတယ်။

အဲဒီလို ဝမ်းမြောက်တာကလေးကို ရှုလို့ အပျက်လက္ခဏာထင်ရာက သမာဓိဉာဏ်အားပြည့်လာယင် သခ်ါရချုပ်ငြိမ်းတဲ့

နိဗ္ဗာန်အာရုံလဲ ထင်ပေါ်လာတတ်ပါတယ်၊ အဲဒါကတော့ အရိယာမဂ်ဖိုလ်ရောက်သွားတဲ့ သဘောပါဘဲ၊ အဲဒါဟာ အရိ-ယာပုဂ္ဂိုလ်တို့၏ ကေတ္တလို့ ဆိုပါတယ်၊ ဒါကြောင့် အဲဒါကိုလဲ နိရောဓုပဋ္ဌာနေကတ္တဥ-သခ်ါရချုပ်ငြိမ်းရာ နိဗ္ဗာန်ထင်သော ဧကတ္တသည်ကား။ အရိယပုဂ္ဂလာနံ၊ မဂ်ဖိုလ်သို့ရောက်ဆဲ အရိယာပုဂ္ဂိုလ်တို့၏။ ဧကတ္တံ၊ စိတ်တခုတည်း အဖြစ်ပေတည်း-လို့ ဆရာတော်ဘုရားကြီးက မြန်မာပြန်ပြထားပါတယ်။

ဒါကြောင့် ဒီကျောင်းရေစက်ချပွဲတော်ကြီးနှင့် စပ်ပြီးတော့ ယခုလဲ ဆင်ခြင်ပြီး ဝမ်းမြောက်ကြရမယ်၊ နောင်လဲ ပြန်လည် အောက်မေ့ပြီး ဝမ်းမြောက်ကြရမယ်၊ အဲဒီလို ဝမ်းမြောက်တဲ့ အခါမှာ ဝမ်းမြောက်တယ် ဝမ်းမြောက်တယ် စသည်ဖြင့် ရှုမှတ် ကြရမယ်၊ အဲဒီလို ရှုမှတ်နေရင်း အကြောင်း ညီညွတ်ယင် အရိယာမဂ်ဖိုလ်ဉာဏ်တွေကို ရောက်သွားနိုင်ပါတယ်။ဒါကြောင့် ဒီပွဲတော်ကြီးကို သာမန်အနေလောက်သာ မယူဆကြဘဲ မဂ် ရောက်ဖိုလ်ဝင် ဖြစ်စေနိုင်တဲ့ ဝိသေသ အထူးပွဲတော်ကြီးလို့ ဒီ လို မှတ်ယူကြစေလိုပါတယ်၊ အဲဒီလို မဂ်ရောက်ဖိုလ်ဝင် ဖြစ် အောင်လဲ နှလုံးသွင်းအားထုတ်ကြဘို့ ဘုန်းကြီးက တိုက်တွန်း ပါတယ်။

## ကျောင်းရေစက်ချပွဲနှင့် ဒေဝတာနုဿတိကမ္မဋ္ဌာန်း

## (၆)

ဒါလောက်သာ မကသေးပါဘူး၊ ဒီ ကျောင်းရေစက်ချ ပွဲ တော်ကြီးနဲ့ စပ်ပြီး ဒေဝတာနုဿတိလဲ ဖြစ်နိုင်ပါတယ်၊ ဘယ် လိုလဲ ဆိုယင် ဘုရားလက်ထက်တော်ကာလက ကျောင်း

ဆောက်ပြီး လှူကြတဲ့ အနာထပိဏ်သေဋ္ဌေးကြီး ဝိသာခါ ကျောင်းအမကြီး နန္ဒိယသူကြွယ် အစရှိတဲ့ ကျောင်းဒကာ ကျောင်းအမတွေဟာ သဒ္ဓါ၊ သီလ၊ သုတ၊ ကျောင်းစသည်လှူတဲ့ စာဂ၊ ပညာ ဆိုတဲ့ သူတော်ကောင်း တရားတွေနဲ့ ပြည့်စုံကြလို့ သူတို့ဟာ နတ်ပြည်လောကရောက်ပြီး ယခုနေအခါမှာ နတ်စည်းစိမ်တွေကို ခံစားနေကြရတယ်၊ ငါတို့မှာလဲ အဲဒီ သဒ္ဓါ သီလ သုတ စာဂ ပညာ ဆိုတဲ့ သူတော်ကောင်းတရားတွေဟာ ရှိနေတာဘဲ၊ အထူးအားဖြင့် ယခု ရေစက်ချလှူမည့် မဟာစည် ကျောင်းတော် အလှူဒါန စာဂကုသိုလ်တွေ ရှိနေတာဘဲ၊ ငါ တို့လဲ နောင်တချိန်မှာ သူတို့လိုဘဲ နတ်ပြည်လောကရောက်ပြီး နတ်စည်းစိမ်ချမ်းသာတွေကို ခံစားကြရပေလိမ့်မယ်လို့ ဒီလို ဆင်ခြင်ယင် ဒေဝတာနုဿတိ ဖြစ်ပါတယ်၊ အဲဒီလို ဆင်ခြင်တဲ့ အခါလဲ ဝမ်းမြောက်မှု ပီတိ ဖြစ်ပါလိမ့်မယ်၊ အဲဒီ ပီတိကို ရှုမှတ်ပြီးတော့ ဝိပဿနာ ပွါးနိုင်ပါတယ်၊ အဲဒီလို ဝိပဿနာကို ပွါးစေခြင်းဖြင့်လဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ပါတယ်၊ဒါကြောင့်လဲ ဒီပွဲတော်ကြီးကို မဂ်ရောက် ဖိုလ်ဝင် ပွဲတော်ကြီးလို့ မှတ်ယူသင့်ပါတယ်။

နောက်ပြီးတော့ မြတ်စွာဘုရား လက်ထက်တော်ကာလ တုန်းက ဥဂ္ဂါ ဆိုတဲ့ အနာဂါမ် သေဋ္ဌေးကြီးဟာ မြတ်နိုးဘွယ်ကို လှူလျှင် မြတ်နိုးဘွယ်ကို ရတယ်လို့ဟောတဲ့ တရားကို ကြားနာ ရတဲ့အတွက် သူမြတ်နိုးတဲ့ အရဟတ္တမဂ်၊ ဖိုလ်ကို တောင့်တပြီး ဘုရားအမှူးရှိသော သံဃာတော်အား မြတ်နိုးဘွယ် အကောင်း အမြတ်တွေကို လှူပါတယ်၊ စားသောက်ဖွယ် အကောင်းတွေ၊ အဝတ်အထည် အကောင်းတွေ၊ နေရာထိုင်ခင်း အကောင်းတွေ စုံလို့ပါဘဲ၊ ယခု ကျောင်းရေစက်ချမှာ လှူတဲ့ စားသောက်

ဖွယ်ဒဘု အာတတ်အသည်တွေ ကျောင်းအသုံးအဆောင် ခုတင် ကုလားထိုင် စားပွဲ ဘော်ဇော အခင်းကြီးတွေမျိုးပါဘဲ၊ အဲဒီ လို လှူပြီးတဲ့နောက် အသက်အပိုင်းအခြား ကုန်တဲ့အခါ သုဒ္ဓါ ဝါသ ဗြဟ္မာ့လောကကို ရောက်သွားတယ်၊ အဲဒီကို ရောက်ပြီး မကြာခင်ဘဲ သူလိုသားတဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုလဲ ရပြီး ရဟန္တာ ဖြစ်သွားတယ်၊ အဲဒီအခါ ဥဂ္ဂါဗြဟ္မာကြီးက မြတ်စွာဘုရားထံ လာရောက်ပြီး ကန်တော့ပါတယ်၊ မြတ်စွာ ဘုရားက မြတ်နိုးဘွယ်ကို လှူလျှင် မြတ်နိုးဘွယ်ကို ရတယ်လို့ ငါဘောဘဲ့အတိုင်း ရပါရဲ့လားလို့ မေးတော်မူပါတယ်၊ ဥဂ္ဂါ ဗြဟ္မာကြီးက မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း ရပါ တယ်ဘုရားလို့ လျှောက်ထားပါတယ်။

အဲဒီ ဥဂ္ဂါ သေဌေးလိုဘဲ ယခု မဟာစည်ကျောင်းတော် ဆိုင်ရာ ကျောင်းဒကာ ကျောင်းအမတွေလဲ မြတ်နိုးဘွယ်တွေ ကို လှူကြဘဲ့အတွက် လောကီဘက်ကလဲ မြတ်နိုးဘွယ်တွေကို ရသွားကြပါလိမ့်မယ်၊ လောကုတ္တရာဘက်ကလဲ မိမိတို့ မြတ်နိုး တဲ့ တရားထူးတွေကို ရသွားကြပါလိမ့်မယ်၊ ယခု ကျောင်း အလှူနဲ့စပ်ပြီး ထူးခြားတာ တရပ်ကတော့ ယခု ဗုဒ္ဓသာသနာ- နုဂ္ဂဟာအဖွဲ့က မြတ်နိုးဘွယ် ကောင်းမြတ်တဲ့ ကျောင်းကို ဆောက်လုပ်ပြီး လှူရုံမျှတင် မဟုတ်သေးပါဘူး၊ နောင်အစဉ် တည်တံ့သွားရအောင် ထိန်းသိမ်းရေး ရံပုံငွေ သီးသန့် ဖွင့်ထား ပြီး စောင့်ရှောက်သွားပါမည်လို့လဲ အဖွဲ့၏ကိုယ်စား အကျိုး တော်ဆောင် ဦးသိမ်းအောင်က ကျေညာသွားပါတယ်၊ အဲဒါ ကတော့ မြတ်နိုးဘွယ်အကောင်းတွေကို ရရုံမျှ မဟုတ်ဘဲ မိမိတို့ ရရသမျှ စည်းစိမ်ချမ်းသာတွေ မပျက်မစီးနိုင်ပဲ အမြဲတမ်း တည်တံ့သွားခြင်း၏ အကြောင်းလဲ ဖြစ်ပါတယ်၊ နောက်ပြီး

တော့ ဒီကျောင်းတော်နှင့် စပ်ပြီး နောက်ထပ် ကုသိုလ် အဆက်ဆက် ပွါးများသွားဘို့ရာ လမ်းဖွင့်ထားခြင်းလဲ ဖြစ်ပါတယ်၊ ဒါကြောင့် ဒီကျေညာချက်ဟာ အင်မတန်ကို ဝမ်းမြောက်စရာ ကောင်းလှပါပေတယ်၊ ဒါလဲ ဒီပွဲတော်ကြီးနှင့်စပ်ပြီး ထူးခြားချက်တရပ်ပါဘဲ။

ယခု ကျောင်းရေစက်ချပွဲတော်ကြီးနှင့် စပ်ပြီး ဝမ်းမြောက်ဖွယ် ကုသိုလ်ဖြစ်ဖွယ်တွေကို ပြောလာတာ တော်တော်လဲ စုံသွားပါပြီ၊ အချိန်ကလဲ တော်တော်ကုန်သွားပြီ၊ နောက်ပိုင်းမှာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဟောဘို့လဲ အချိန်ကချန်ထားရဦးမယ်၊ ဘုန်းကြီးဟာ နယ်လှည့်ပြီး သွားနေရလို့ ဆရာတော်ဘုရားကြီး၏ တရားကို နာခွင့် မရတာ ကြာပါပြီ၊ ဒါကြောင့် ဘုန်းကြီးလဲ ဆရာတော်ဘုရားကြီး ဟောတဲ့တရားကို နာချင်ပါတယ်၊ ဘုန်းကြီးထက် ဒကာ ဒကာမတွေက သာပြီး နာချင်ကြပေလိမ့်မယ်၊ ဒါကြောင့် ဝမ်းမြောက်ဖွယ်ကို ဒီတွင်ရပ်ပြီး ဝိသုဒ္ဓိ(၇)ပါးဖြစ်စဉ် တရားကို အချိန်ရသလောက် ပြောသွားပါမယ်။

## ဝိသုဒ္ဓိ ၇-ပါးဖြစ်စဉ် တရား

## (၃)

ကော်၊ တပါးသော။ သမယံ၊ အခါ၌။ အာယသ္မာ သာရိပုတ္တော စ၊ အရှင်သာရိပုတြာ မထေရ်သည်၎င်း။ အာယသ္မာ ပုဏ္ဏော စ၊ အရှင်ပုဏ္ဏမထေရ်သည်၎င်း။ အန္ဓဝနေ၊ သူတော်ကောင်း သူမြတ်လောင်းတို့၏ တရားအားထုတ်ရာဖြစ်သော

အန္ဓဝနခေါ် အမိုက်တော၌။ ဝိဟရတိ၊ သမာပတ်ချမ်းသာဖြင့် မွေ့လျော်ကာ နေတော်မူလေသတည်း။

(သာဓု-သာဓု-သာဓု)

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရဲ့ မြောက်ဖက် မလှမ်းမကမ်းမှာ တရားအားထုတ်စရာ ကောင်းတဲ့ တောတန်းတခုရှိတယ်၊ အဲဒီ တောကို အန္ဓဝန အမိုက်အကန်းတောလို့ ခေါ်တယ်၊ အဲဒီတောထဲမှာ အရှင် သာရိပုတြာမထေရ်နဲ့ အရှင်ပုဏ္ဏမထေရ်တို့ဟာ နေ့သန့်စင်ပြီး ခေတ္တခဏ သီတင်းသုံးနေတော်မူကြပါတယ်၊ အဲဒါဟာ ရထဝိနီတသုတ်မှာ လာတဲ့စကားပါဘဲ၊ တပါးနှင့်တပါး မလှမ်းမကမ်း သစ်ပင်တပင်စီအောက်မှာ တနေ့လုံး သမာပတ်ဝင်စား နေတော်မူကြပါတယ်။ ညနေပိုင်းအချိန်မှာ အရှင်သာရိပုတြာက သမာပတ်မှ ထပြီး အရှင်ပုဏ္ဏရှိရာသို့ သွားပါတယ်၊ သင့်လျော်တဲ့အရပ်မှာ ထိုင်ပြီးတဲ့အခါ အရှင်ပုဏ္ဏကို ငါ့ရှင်ဟာ ဗုဒ္ဓမြတ်စွာ၏ သာသနာမှာ ကျင့်သုံးနေပါသလားလို့ စကားစပြီး မေးပါတယ်။ ဒီ အရှင်နှစ်ပါးဟာ အချင်းချင်း တခါမျှ မတွေ့ဘူးကြသေးဘူး၊ ဒါပေမဲ့ ငါ့ရှင်ဟာ ဘယ်အရပ်ကပါလဲ၊ ဘယ်လို အမည်ရှိပါသလဲ စသည်ဖြင့် လောကရေးရာတွေကို မမေးသေးဘဲ တရားဘက်က လိုရင်းကို စပြီး မေးပါတယ်၊ ဒါဟာ တရားကို အလေးပြုတဲ့ သဘောပါဘဲ။ အဲဒီ ခေတ်တုန်းက ကုရုတိုင်း ကမ္မာသဓမ္မ ဆိုတဲ့အရပ်မှာ လူတွေဟာ သတိပဋ္ဌာန်တရားကို အလေ့အကျင့် များကြတယ်၊ အမျိုးသမီးတွေဟာ ရေခပ်ရင်း ယက္ကန်းရက်ရင်း လောကီအလုပ်ကို လုပ်ကိုင်ရင်းတောင် အချင်းချင်း တွေ့ဆုံကြတဲ့အခါ ဘယ်တရားအားထုတ်သလဲ ဘယ်သတိပဋ္ဌာန်တရား နှလုံးသွင်းသလဲ စသည်ဖြင့် တရားအားထုတ်မှုကိုသာ အလေးပြုပြီး မေး

မြန်း ပြောဆိုလေ့ရှိကြတယ်၊ အဲဒါလိုဘဲ ယခုခေတ်မှာလဲ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဦးဆောင်မှုဖြင့် ပဋိပတ္တိ သာသနာတော်ကြီးက နေလနှစ်ပါးလို ထွန်းလင်းလာတော့ တဦးနဲ့ တဦး တွေ့ကြလို့ရှိယင် တရားအားထုတ်ပြီးပြီလား၊ ဘယ်ဌာနမှာ အားထုတ်ပါသလဲ၊ ဉာဏ်စဉ်တရား နာရပြီလား စသည်ဖြင့် မေးလေ့ရှိကြပါတယ်၊ ဒါလဲ တရားကိုအလေးပြုတဲ့သဘောပါဘဲ။

အဲဒီလို အရှင်သာရိပုတြာက မေးတော့ အရှင်ပုဏ္ဏက ဟုတ်ပါတယ် ငါ့ရှင်၊ ဗုဒ္ဓမြတ်စွာ၏ သာသနာမှာ ကျင့်သုံးနေပါတယ်လို့ ဖြေပါတယ်။

ဒါဖြင့် ငါ့ရှင်ဟာ သီလဝိသုဒ္ဓိ-သီလစင်ကြယ်ရန်အတွက် ကျင့်သုံးပါသလားလို့ ထပ်ဆင့်ပြီး မေးပြန်ပါတယ်။ အရှင်ပုဏ္ဏက သီလဝိသုဒ္ဓိအတွက် ကျင့်တာ မဟုတ်ပါဘူးလို့ ဖြေပါတယ်။

ဒါဖြင့် စိတ္တဝိသုဒ္ဓိ-စိတ်စင်ကြယ်ရန်အတွက်ပါလား။ မဟုတ်ဘူး ငါ့ရှင်။

ဒါဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ-ဉာဏ်အမြင် စင်ကြယ်ရန်အတွက်ပါလား။ မဟုတ်ဘူး ငါ့ရှင်။

ဒါဖြင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ-ယုံမှားကို လွန်မြောက်အောင် အသိစင်ကြယ်ရန်အတွက်ပါလား။ မဟုတ်ဘူး ငါ့ရှင်။

ဒါဖြင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ-လမ်းမှန် လမ်းမှားသိတဲ့ ဉာဏ်အမြင်စင်ကြယ်ရန်အတွက်ပါလား။ မဟုတ်ဘူး ငါ့ရှင်။

ဒါဖြင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ–အကျင့်လမ်းစဉ် အသိအမြင် စင်ကြယ်ရန်အတွက်ပါလား။ မဟုတ်ဘူး ငါ့ရှင်။

ဒါဖြင့် ဉာဏဒဿနဝိသုဒ္ဓိ-မဂ်ဉာဏ်အသိအမြင် စင်ကြယ်ရန် အတွက်ပါလား။ မဟုတ်ဘူးငါ့ရှင်လို့ အရှင်ပုဏ္ဏက ဖြေပါတယ်။

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မှာ သီလဝိသုဒ္ဓိမှ ဉာဏဒဿန ဝိသုဒ္ဓိတိုင်အောင် အစဉ်အတိုင်း ကျင့်ရပါတယ်၊ ဉာဏဒဿန ဝိသုဒ္ဓိဆိုဘာ အရိယမဂ်ဉာဏ် ၄-ပါးပါဘဲ၊ ဒါကြောင့် သာမန် ပုဂ္ဂိုလ်အနေနဲ့ဆိုယင် သီလဝိသုဒ္ဓိအတွက် ကျင့်ပါသလားလို့ မေးတဲ့ပြဿနာကို ဟုတ်ပါတယ်လို့ ဖြေဘို့ရှိပါတယ်၊ စိတ္တဝိသုဒ္ဓိ အတွက်လား စသည်ဖြင့် မေးရာတွေမှာလဲ ဟုတ်ပါတယ်လို့ ချည်း ဖြေဘို့ရှိပါတယ်။ ဒီမှာ အရှင်ပုဏ္ဏကတော့ မဟုတ်ဘူးလို့ ချည်း ဖြေထားပါတယ်၊ ဒီတော့ ဒီ ဝိသုဒ္ဓိခုနစ်ပါးအတွက် မဟုတ်ယင် ဘယ်အတွက် ကျင့်ပါသလဲလို့ မေးစရာအခွင့် ပေါ် လာပါတယ်၊ ဒါကြောင့် အရှင်သာရိပုတြာက ဒါဖြင့် ငါ့ရှင်ဟာ ဘယ်အတွက် ကျင့်သုံးနေပါသလဲလို့ မေးတော်မူပါတယ်။

အနုပါဒါပရိနိဗ္ဗာနတ္ထံ-အကြောင်းကင်းပြီး လုံးဝငြိမ်းရန် အတွက် ကျင့်သုံးပါတယ်လို့ အရှင်ပုဏ္ဏက ဖြေပါတယ်၊ အဝိဇ္ဇာ တဏှာ အစရှိသော အကြောင်း မကင်းသေးယင် တဘဝ တဘဝက သေတဲ့အခါ ဘဝအသစ် ရုပ်နာမ်ဆင်းရဲတွေ ထပ်ကာ ထပ်ကာ ဖြစ်ဖြစ်သွားတယ်၊ အကြောင်းအကျိုး ရုပ်နာမ် အစဉ်အဆက် မပြတ်ဖြစ်နေတယ်၊ ဒါကြောင့် ရုပ်နာမ် ဆင်းရဲ တွေဟာ မငြိမ်းဘူး၊ အဝိဇ္ဇာ တဏှာ အစရှိသော အကြောင်း ကင်းတဲ့ ရဟန္တာမှာ နောက်ဆုံး စုတိ ရုပ်နာမ်တွေ ပြတ်စဲသွား တဲ့အခါ နောက်ထပ် ရုပ်နာမ်ဆင်းရဲတွေ မဖြစ်လာတော့ဘူး၊ လုံးဝငြိမ်းသွားတယ်၊ အဲဒီလို လုံးဝ ငြိမ်းသွားအောင် ကျင့် တယ်လို့ ဆိုလိုပါတယ်။

ဒါကြောင့် အကြောင်းကင်းပြီး လုံးဝငြိမ်းရန်အတွက် ကျင့်ပါတယ် ဆိုတဲ့ ဒီအဖြေဟာ အင်မတန်လေးနက်ပါတယ်၊ ဒါပေမဲ့ သီလဝိသုဒ္ဓိ အစရှိတဲ့ ဝိသုဒ္ဓိခုနစ်ပါးအတွက် ကျင့်တာမဟုတ်ဘူးဆိုဘဲ့ အဖြေကို ထောက်ဆပြီးတော့ သုတနည်းတဲ့ သူတွေက ဝိသုဒ္ဓိခုနစ်ပါး မပါဘဲနဲ့ အကြောင်းကင်းပြီး လုံးဝ ငြိမ်းနိုင်တယ်လို့ အထင်လွဲသွားစရာ အကြောင်းရှိပါတယ်။ ဒါကြောင့် အရှင်သာရိပုတြာက ဝိသုဒ္ဓိ ခုနစ်ပါးနှင့် ကင်းပြီးတော့ အဲဒီ အနုပါဒါပရိနိဗ္ဗာန်ဆိုတာ ပြီးစီးနိုင်ပါသလားလို့ မေးစစ်ပြန်ပါတယ်၊ ဒီတော့ အရှင်ပုဏ္ဏက အဲဒီလို ဝိသုဒ္ဓိ ခုနစ်ပါးနှင့် ကင်းပြီးတော့လဲ မပြီးစီးနိုင်ဘူးလို့ ဖြေပါတယ်၊ အကြောင်းကတော့ ဝိသုဒ္ဓိ ခုနစ်ပါး ကင်းမဲ့နေတဲ့သူဟာ ဘာမျှ မသိမလိမ္မာတဲ့ ဗာလပုထုဇဉ်မျှသာ ဖြစ်သောကြောင့်ပါဘဲလို့ အကြောင်းလဲ ပြပါတယ်။

အဲဒီလို အကြောင်းပြပြီး ဖြေလိုက်တော့ သာမန်ပုဂ္ဂိုလ် အနေနဲ့ဆိုယင် ဝိသုဒ္ဓိခုနစ်ပါးအတွက်လဲ ကျင့်တယ်ဆိုတဲ့ အဖြေထွက်လာပြန်ပါတယ်၊ ဒါပေမဲ့ အရှင်ပုဏ္ဏရဲ့ အလိုကတော့ ဝိသုဒ္ဓိ ခုနစ်ပါးက လိုရင်းအကျိုးမဟုတ်ဘူး၊ အကြောင်း အထောက်အပံ့မျှသာ ဖြစ်တယ်၊ အနုပါဒါ ပရိနိဗ္ဗာန်သာလျှင် ကျင့်သုံးရခြင်း၏ လိုရင်း ရည်ရွယ်အပ်တဲ့ ပဓာနအကျိုးဖြစ်တယ်လို့ ဆိုလိုပါတယ်၊ ဥပမာအားဖြင့် ရောဂါရှိလို့ ဆေးစားတဲ့ သူကို ဆေးအရသာခံစားချင်လို့ စားသလားလို့ မေးယင် မဟုတ်ပါဘူးလို့ ဖြေရလိမ့်မယ်၊ ဘယ်အတွက် စားသလဲလို့ မေးယင် ရောဂါပျောက်ချင်လို့ပါလို့ ဖြေရလိမ့်မယ်၊ ဆေးအရသာကို မခံစားရဘဲနဲ့ ရောဂါပျောက်နိုင်ပါသလားလို့ မေးယင် အဲဒီလိုလဲ မပျောက်နိုင်ဘူးလို့ ဖြေရလိမ့်မယ်၊ အဲဒီမှာ ဆေး

အရသာ ခံစားရတာက လိုရင်း မဟုတ်ဘူး၊ ရောဂါပျောက်တာက လိုရင်း ဖြစ်တယ်၊ ဒါလိုပါဘဲ၊ အဲဒီ သဘောကို အများသိနားလည်ရအောင် အရှင်သာရိပုတြာက ငါ့ရှင်ဟာ ဝိသုဒ္ဓိ ခုနစ်ပါးအတွက် ကျင့်တာလဲ မဟုတ်ဘူး၊ အဲဒီ ဝိသုဒ္ဓိတွေနဲ့ ကင်းပြီးတော့လဲ အနုပါဒါပရိနိဗ္ဗာန်က မပြီးစီးနိုင်ဘူးလို့ ဆိုပါတယ်၊ အဲဒါ ဘယ်လိုသဘောပါလဲ၊ ရှင်းပြပါလို့ ပြောပါတယ်။

အဲဒီတော့ အရှင်ပုဏ္ဏက ဒီလို ရှင်းပြပါတယ်၊ သီလဝိသုဒ္ဓိ အတွက် ကျင့်တယ်လို့ ဆိုယင် သီလဝိသုဒ္ဓိမျှဖြင့် အနုပါဒါ ပရိနိဗ္ဗာန် ပြီးစီးတယ်၊ သီလဝိသုဒ္ဓိသည်ပင်လျှင် အနုပါဒါ ပရိနိဗ္ဗာန်မည်တယ်လို့ ဆိုရာရောက်ပါတယ်၊ အဲဒီလိုဆိုယင် သီလဝိသုဒ္ဓိဟာ အကြောင်း ဥပါဒါန် မကင်းသေးပါဘဲလျက် အကြောင်းကင်းတယ်လို့ ဆိုရာရောက်ပါလိမ့်မယ်။ ထို့အတူ စိတ္တဝိသုဒ္ဓိစသည်အတွက် ကျင့်တယ်လို့ ဆိုယင်လဲ အဲဒီ စိတ္တဝိသုဒ္ဓိစသည်ဖြင့် အနုပါဒါ ပရိနိဗ္ဗာန် ပြီးစီးတယ်၊ စိတ္တဝိသုဒ္ဓိ စသည်သည်ပင်လျှင် အနုပါဒါပရိနိဗ္ဗာန်မည်တယ်လို့ ဆိုရာ ရောက်ပါတယ်၊ အဲဒီလိုဆိုယင် အကြောင်း မကင်းသေးတဲ့ စိတ္တဝိသုဒ္ဓိ စသည်ကို အကြောင်းကင်းတယ်လို့ ဆိုရာ ရောက်ပါလိမ့်မယ်။ ဒီဝိသုဒ္ဓိ ခုနစ်ပါးနှင့် ကင်းပြီးတော့ အနုပါဒါ ပရိနိဗ္ဗာန် ပြီးစီးတယ်လို့ ဆိုယင်လဲ ဘာမျှ တရားမကျင့်ဘဲ အလကားနေတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ ဆင်းရဲခပ်သိမ်း ငြိမ်းလေရာပါတယ်၊ ဒါကြောင့် ဒီဝိသုဒ္ဓိ ခုနစ်ပါးနှင့်လဲ ကင်းပြီး အနုပါဒါ ပရိနိဗ္ဗာန်ဟာ မပြီးစီးနိုင်ပါဘူး၊ ဒါပေမဲ့ ဝိသုဒ္ဓိ ခုနစ်ပါးဟာ အနုပါဒါ ပရိနိဗ္ဗာန်တော့လဲ မဟုတ်ပါဘူးလို့ ရှင်းပြပြီးတော့ ဥပမာဖြင့်လဲ ရှင်းပြပါမယ်လို့ ဆိုပြီး ဥပမာဖြင့်လဲ ဒီလို ရှင်းပြပြန်ပါတယ်။

သာဝတ္ထိမြို့မှ ပသေနဒီကောသလမင်းဟာ အကြောင်းကိစ္စရှိလို့ သာကေတမြို့ကို သွားယင် မြင်းရထား ခုနစ်စင်းဖြင့် သွားရတယ် ဆိုပါတော့၊ အဲဒီလို သွားရာမှာ ပဌမရထား ခရီးဆုံးတဲ့အခါ ဒုတိယရထားကို ပြောင်းစီးရမယ်၊ အဲဒီ ရထား ခရီးဆုံးတဲ့အခါ တတိယရထားကို ပြောင်းစီးရမယ်၊ ဒီနည်းဖြင့် စတုတ္ထ, ပဥ္စမ, ဆဋ္ဌ ရထားတွေကို ပြောင်းပြီး စီးရမယ်၊ အဲဒီ ဆဋ္ဌရထား ခရီးဆုံးတဲ့အခါ သတ္တမရထားကို ပြောင်းပြီး စီးရမယ်၊ အဲဒီ သတ္တမရထားဖြင့် သာကေတမြို့ အိမ်တော်သို့ ရောက်ပါလိမ့်မယ်။

အဲဒီမှာ ပသေနဒီ ကောသလမင်း၏ လိုရင်း ရည်ရွယ်ချက်ဟာ သာကေတမြို့ အိမ်တော်ကို ရောက်ဖို့သာ ဖြစ်ပါတယ်၊ ရထား ခုနစ်စင်းကို စီးရတာက လိုရင်း မဟုတ်ပါ၊ သို့သော် အဲဒီ ရထား ခုနစ်စင်းကို အစဉ်အတိုင်း ပြောင်းလဲ မစီးဘဲနဲ့လဲ သာကေတမြို့ အိမ်တော်ကို မရောက်နိုင်ပါ၊ ရထားခုနစ်စင်းကို အစဉ်အတိုင်း ပြောင်းလဲ စီးသွားမှသာလျှင် ရောက်နိုင်ပါတယ်၊ အဲဒါလိုပါဘဲ ဗုဒ္ဓမြတ်စွာ၏ သာသနာမှာ တရားကျင့်တာဟာ အနုပါဒါ ပရိနိဗ္ဗာန်အတွက်သာ ဖြစ်ပါတယ်၊ ဒါပေမဲ့ သီလဝိသုဒ္ဓိအစရှိတဲ့ ဝိသုဒ္ဓိ ခုနစ်ပါးနှင့် ကင်းပြီးတော့ အနုပါဒါ ပရိနိဗ္ဗာန်ကို မရောက်နိုင်ပါ၊ အဲဒီ ဝိသုဒ္ဓိခုနစ်ပါးကို အစဉ်အတိုင်း ပြည့်စုံအောင် ကျင့်သွားမှသာလျှင် အနုပါဒါ ပရိနိဗ္ဗာန်ကို ရောက်နိုင်ပါတယ်လို့ ရှင်းပြတော်မူပါတယ်။

အဲဒီမှာ ဝိသုဒ္ဓိခုနစ်ပါးအစဉ်အတိုင်း ပြည့်စုံအောင်ကျင့်မှ နိဗ္ဗာန်ကို ရောက်နိုင်တယ်၊ ဝိသုဒ္ဓိ ခုနစ်ပါး လုံးလုံးမပါဘဲလဲ မရောက်နိုင်ဘူး၊ ခုန်ကျော်ပြီး တက်လို့လဲ မဖြစ်နိုင်ဘူးဆိုတာကို

အထူးသတိပြုကြရမယ်၊ စဉ်းစားကြည့်ပါ၊ ခုနက ပြောတဲ့ ဥပမာထဲမှာ ပသေနဒီကောသလမင်းဟာ သာဝတ္ထိမှ သာကေ-တ သွားရာမှာ ပဌမရထားကိုမစီးဘဲ ဒုတိယစခန်းက ရထားကို ခုန်ကျော်စီးလို့ ဖြစ်ပါမည်လား၊ ဒုတိယရထား တတိယရထား စသည်ကိုလဲ ခုန်ကျော်ပြီး နောက်နောက်စခန်းက ရထားတွေကို စီးလို့ ဖြစ်ပါမည်လား၊ မဖြစ်နိုင်ပါဘူး၊ အဲဒါလိုဘဲ သီလဝိသုဒ္ဓိ မရှိဘဲ စိတ္တဝိသုဒ္ဓိ ဖြစ်နိုင်ပါမည်လား၊ စိတ္တဝိသုဒ္ဓိ မရှိဘဲ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်နိုင်ပါမည်လား၊ ဒိဋ္ဌိဝိသုဒ္ဓိမရှိဘဲ ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်နိုင်ပါမည်လား၊ ကင်္ခါဝိတရဏဝိသုဒ္ဓိမရှိဘဲ မဂ္ဂါမဂ္ဂ-ဉာဏဒဿနဝိသုဒ္ဓိ ဖြစ်နိုင်ပါမည်လား၊ မဖြစ်နိုင်ပါဘူး၊ အဲဒါကို အထူး သတိပြုကြရမယ်။

တချို့က ရုပ်နာမ်တရားကို ပိုင်းခြားသိအောင်လဲ မရှုရသေးပါဘဲ အကြောင်းအကျိုး ဆက်စပ်ပြီး ဖြစ်နေပုံကိုလဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သိအောင် မရှုရသေးပါဘဲ ဖြစ်ပျက်က စပြီး ရှုတယ်၊ ဖြစ်ပျက်ကို သိမြင်တာက ဉာဏ်အစဉ်အားဖြင့် ဥဒယဗ္ဗယဉာဏ်ကျမှ ဖြစ်ပါတယ်၊ ဝိသုဒ္ဓိအားဖြင့် မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိကျမှ သိမြင်ပါတယ်၊ အဲဒီ ဖြစ်ရိုးအစဉ်နဲ့ မကိုက်ပဲ ဖြစ်နေပါတယ်၊ အဲဒါကို တိုတိုနဲ့ မှတ်ရအောင် ဒီက ဆောင်ပုဒ်ကလေးကို ဆိုကြရမယ်။

> ဝိသုဒ် ခုနစ်ဖြာ၊ ဖြစ်စဉ်မှာကား၊ ခုန်ကာကျော်လွှား၊ မဖြစ်ပွါးဘူး၊ တပါးပြီးလျှင်၊ တပါးပင်တည်း၊ အစဉ်မမှား၊ ရှုကာပွါးက၊ လိုလားနိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည်၊ ကျင့်ရန် ဝိသုဒ်ခုနစ်တည်း။

နိဗ္ဗာန် လိုလားတဲ့ ပုဂ္ဂိုလ် နိဗ္ဗာန်ကို ယခုလက်ငင်း မျက်မှောက် မြင်ချင် တွေ့ချင် သိချင်တဲ့ ပုဂ္ဂိုလ်ဟာ ရှေးဦးစွာ

သီလ စင်ကြယ်စေရမယ်၊ သီလဝိသုဒ္ဓိ ဖြစ်စေရမယ်၊ အဲဒီလို သီလစင်ကြယ်ပြီးယင် စိတ်စင်ကြယ်တဲ့ စိတ္တဝိသုဒ္ဓိဖြစ်အောင် အားထုတ်ရမယ်၊ အဲဒီလို အားထုတ်တာက ၂-နည်း ရှိတယ်၊ သမထလမ်းက ဥပစာသမာဓိ အပ္ပနာသမာဓိကို ရအောင် အားထုတ်တာက တနည်း၊ ဝိပဿနာလမ်းက ခါတ် ၄-ပါး စသည်ကို ရှုပြီး ဥပစာသမာဓိနဲ့ ညီမျှတဲ့ ဝိပဿနာခဏိက သမာဓိကို ရအောင်အားထုတ်တာက တနည်း၊ ဒီလို ၂-နည်းရှိ တယ်၊ ဒီ ၂-နည်းထဲက မိမိအလိုရှိတဲ့နည်းနဲ့ အားထုတ်နိုင်ပါ တယ်၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကတော့ ဝိပဿနာ လမ်းက ဝိပဿနာခဏိကသမာဓိ ထူထောင်တဲ့နည်းကို အလေး ပေးပြီး ညွှန်ကြားနေပါတယ်၊ အဲဒီလို ညွှန်ကြားရခြင်း၏ အကြောင်းကိုလဲ ရှေ့ပိုင်းက ပြောခဲ့ပါပြီ၊ တောင့်တင်းလှုပ်ရှား တဲ့ ဝါယောခါတ်ကို ဖောင်းတယ် ပိန်တယ်၊ ထိုင်တယ် ထိတယ်၊ ဗယ်လှမ်းတယ် ညာလှမ်းတယ်၊ ကွေးတယ် ဆန့်တယ် စသည်ဖြင့် ရှုမှတ်ဖို့ ညွှန်ကြားနေပါတယ်၊ အဲဒီလို ညွှန်ကြားတဲ့ အတိုင်း ရှုမှတ်နေယင် ဝိပဿနာ ခဏိကသမာဓိက အား ကောင်းလာတဲ့အခါ အပြင်ကို ပြေးသွားတဲ့ နီဝရဏတွေ ကင်းသွားတယ်၊ မှတ်စိတ်ချည်း စင်ကြယ်နေတယ်၊ အဲဒီအခါ မှာ စိတ္တဝိသုဒ္ဓိဖြစ်ပါတယ်၊ တရားအားထုတ်ဘူးတဲ့ ပုဂ္ဂိုလ်တွေ မှာ ဒီစိတ္တဝိသုဒ္ဓိ ဖြစ်ပုံဟာ ရှင်းနေပါတယ်၊ ဘာမျှသံသယ ဖြစ်စရာ မရှိပါဘူး။

အဲဒီလို စိတ္တဝိသုဒ္ဓိဖြစ်တဲ့အခါမှာ ရှုမှတ်မိတဲ့ ရုပ်နာမ်တွေကို ပိုင်းခြားပြီး သိတယ်၊ မှတ်သိရတဲ့ ရုပ်အာရုံက တခြား၊ မှတ်သိ တဲ့ စိတ်နာမ်က တခြား ကွဲပြားပြီး ထင်ပါတယ်၊ အဲဒီလို ရုပ်

နာမ် ၂-ပါးကို ပိုင်းခြား သိတာဟာ နာမရူပပရိစ္ဆေဒဉာဏ် ခေါ်တယ်။သမထလမ်းက ဈာန်ရအောင် အားထုတ်တဲ့ ပုဂ္ဂိုလ်လဲ ဈာန်ရပြီးတဲ့အခါ အဲဒီဈာန်ကို ဝင်စားပြီးတော့ အဲဒီဈာန်မှ ထတဲ့အခါ အဲဒီဈာန်စသည်ကို ရှုရတယ်၊ ရှေးနားပိုင်းကလဲ ပြောခဲ့ပါပြီ၊ အဲဒီလို ရှုရင်း ရုပ်နာမ်ကို ပိုင်းခြားသိတယ်၊ အဲဒါ နာမရူပပရိစ္ဆေဒဉာဏ်ပါဘဲ။

## ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ်စဉ်တက်ပုံ

## (ဂ)

「အဲဒီဉာဏ် ရင့်တဲ့အခါ ရုပ်နဲ့နာမ် ဒီ ၂-ပါးသာရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါကောင်မရှိဘူးလို့ အသိဉာဏ် ရှင်းလာပါတယ်၊ အဲဒါဟာ ဒိဋ္ဌိဝိသုဒ္ဓိဘဲ။ အဲဒီကနောက် ပေါ်ရာ ပေါ်ရာ ရုပ်နာမ်ကို ရှုမှတ်မြဲ ဆက်ပြီး ရှုမှတ်နေလျှင် အကြောင်းနဲ့ အကျိုးမျှ ဆက်စပ်ပြီး ဖြစ်နေတာကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိရတယ်၊ အဲဒါက ပစ္စယပရိဂ္ဂဟဉာဏ်ဘဲ။အဲဒီဉာဏ်ရင့်တဲ့အခါမှာ ငါဟာ ရှေးကတည်းက ရှိလာခဲ့လေသလား၊ ယခုမှဘဲ စပြီး ဖြစ်လာတာလေလား၊ ဘယ်အကြောင်းကြောင့် ဖြစ်လာပါလိမ့်မလဲ၊ နောင်လဲ ရှိနေဦးမှာလေလား စသည်ဖြင့် ဖြစ်တတ်တဲ့ ယုံမှားမှုဟာ ကင်းသွားတယ်၊ ဘာကြောင့်လဲဆိုယင် အကြောင်းနဲ့ အကျိုးမျှသာ ရှိတယ် ဆိုတာ အသိရှင်းသွားလို့ပါဘဲ၊ အဲဒီလို အသိရှင်းတာကို ကင်္ခါဝိတရဏဝိသုဒ္ဓိ ခေါ်ပါတယ်။

အဲဒီကနောက် ဆက်ပြီး ရှုမှတ်နေလျှင် ရှုတိုင်း မှတ်တိုင်း ဖြစ်ပြီး ပျောက်သွားတာကိုသာ တွေ့ရတယ်၊ ဒါကြောင့် အနိစ္စ မမြဲဘူးလို့လဲ သုံးသပ်ဆင်ခြင်ပါတယ်၊ ဒုက္ခ ဆင်းရဲတွေဘဲ၊

အနတ္တ – အတ္တကောင် မဟုတ်တဲ့ သဘောတရားမျှဘဲလို့လဲ သုံးသပ် ဆင်ခြင်ပါတယ်၊ အဲဒါက သမ္မသနဉာဏ်ဘဲ။ အဲဒီလို မဆင်ခြင်တော့ဘဲ ပေါ်လာသမျှကို ရှုမှတ်ရုံမျှ ရှုမှတ်နေယင် ခဏမစဲ လျင်မြန်စွာ ဖြစ်ပျက်နေတဲ့ သဘောတရားတွေကို တွေ့ရပါတယ်၊ မှတ်သိရတဲ့ အာရုံတွေလဲ တရိပ်ရိပ်နဲ့ဖြစ်ပြီး ချက်ခြင်း ပျောက်ပျောက်သွားတာကို တွေ့ရပါတယ်၊ ရှုမှတ်နှလုံးသွင်းတဲ့စိတ်လဲ ဖြစ်ပြီး ပျောက်ပျောက်သွားတာကို တွေ့ရပါတယ်၊ အဲဒီလို မတွေးမကြံရဘဲ ရှုမှတ်နေရုံမျှနဲ့ ဖြစ်ပေါ်လာပြီး ပျောက်ပျောက်သွားတာကိုတွေ့သိတာက ဉဒယဗ္ဗယဉာဏ်ဘဲ။ ဒီဉာဏ်ကျမှ ဖြစ်ပျက်ကို အမှန်အတိုင်း သိတာ၊ အားထုတ်ခါစကတဲက ဖြစ်ပျက်ဖြစ်ပျက်နဲ့ ရွတ်ဆိုပြီး ရှုနေကြတာကတော့ ဒီ ရထဝိနီတသုတ်ဒေသနာနဲ့ မညီဘူး၊ အဲဒါ သတိပြုကြရမယ်။

အဲဒီလို အဖြစ်အပျက်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်တဲ့အခါမှာ အရောင်အလင်းတွေကိုလဲ တွေ့ရတယ်၊ အလွန်အကဲ ဝမ်းမြောက်တဲ့ ပီတိတွေလဲ ဖြစ်လာတယ်၊ အလွန်ထက်မြက်တဲ့ သတိတွေ ဉာဏ်တွေလဲ ဖြစ်လာတယ်၊ အဲဒါတွေဟာ ဖြစ်ရိုးဖြစ်စဉ်တွေဘဲ၊ ဖြစ်ပျက် ဖြစ်ပျက် ဆိုနေရုံနဲ့တော့ ဒီလို အထူးတွေဟာ မဖြစ်ပေါ်နိုင်ပါဘူး၊ ဒီလို အထူးတွေ မဖြစ်ပေါ်လာယင်လဲ ဉဒယဗ္ဗယဉာဏ် မဟုတ်သေးဘူး ဆိုတာ မှတ်ထားကြရမယ်။ အဲဒီလို အရောင်အလင်း စသည်တွေ ပေါ်လာတဲ့အခါမှာ အဲဒါတွေကို တရားထူးလို့ အထင်မှားတတ်တယ်၊ အဲဒါတွေဟာ တရားထူးမဟုတ်ဘူး၊ အဲဒါတွေကို နှစ်သက်နေတာက လမ်းမှားဘဲ၊ ရှုမှတ်ရုံ မပြတ်မှတ်သိနေတာကမှ လမ်းမှန်ဘဲလို့ ဒီလို

ဆုံးဖြတ်ရပါတယ်၊ အဲဒီလို ဆုံးဖြတ်သိမြင်တာကို မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ ခေါ်တယ်။

ယခု ပြောခဲ့တဲ့ ဖြစ်စဉ်ဟာ ပုထုဇဉ်များ စပြီး ရှုတဲ့အခါ ဖြစ်ရိုး ဖြစ်စဉ်ဘဲ၊ ဝိသုဒ္ဓိ အစဉ်အားဖြင့် သီလဝိသုဒ္ဓိပြီးမှ စိတ္တဝိသုဒ္ဓိ၊ အဲဒါပြီးမှ ဒိဋ္ဌိဝိသုဒ္ဓိ၊ အဲဒါပြီးမှ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ အဲဒါပြီးမှ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ ဖြစ်တယ်၊ ဒီဝိသုဒ္ဓိရောက်မှ ဖြစ်ပျက်ကို သိနိုင်ပါတယ်၊ အဲဒါ ပုထုဇဉ်များမှာ ဖြစ်စဉ်ဘဲ။ သောတာပန် အစရှိတဲ့ အရိယာများမှာတော့ ဝိပဿနာရှုယင် ဥဒယဗ္ဗယဉာဏ်က စပြီး ဖြစ်ပါတယ်၊ ဘာကြောင့်လဲ ဆိုယင် အရိယာမှာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဆိုတာ မရှိတဲ့အတွက် ဒိဋ္ဌိဝိသုဒ္ဓိနဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဆိုတာတွေ ဖြစ်ဖို့မလိုပါဘူး၊ ဒါကြောင့်ပါဘဲ။ အဲဒီတော့ ယခုကာလ ဖြစ်ပျက်က စပြီး ရှုတာတွေဟာ အရိယာ ရှုပုံတွေ ဖြစ်နေပါတယ်၊ ပုထုဇဉ်က အရိယာရှုပုံရှုလို့ ဖြစ်နိုင်ပါမလား၊ အဲဒါကို လေးလေးနက်နက် စဉ်းစားကြရမယ်၊ သဘောကျကြရဲ့လား၊ ဒီအချက်ဟာ အရေးကြီးပါတယ်၊ ဘုန်းကြီးအမြင်နဲ့တော့ အင်မတန် အရေးကြီးပါတယ်။

နောက်တခုကတော့ ဖြစ်တယ် ပျက်တယ် ဆိုတာ သင်္ခတ ရုပ်နာမ်တရားတွေရဲ့ လက္ခဏာဘဲ၊ လက္ခဏာဆိုတာ အထည်ကိုယ်သဘောကို သိပြီးမှ ရှုမြင်နိုင်ပါတယ်၊ ဥပမာအားဖြင့် နွား၏ အမွေး ချို အစရှိတဲ့ လက္ခဏာဟာ နွားကောင်ကြီးကို မြင်ပြီးမှသာ သိနိုင်ပါတယ်၊ နွားကိုမှ မမြင်ရသေးဘဲနဲ့ အမွေး နီတယ်၊ ဖြူတယ်၊ ချိုထောင်တယ်၊ ကားတယ် အစရှိတဲ့ လက္ခဏာတွေကို သိနိုင်ပါမလား၊ မသိနိုင်ပါဘူး၊ အဲဒါလိုဘဲ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တွေရဲ့ အထည်ကိုယ်သဘောကို ရှေးဦး စွာ ရှုမှတ်ပြီး သိဖို့လိုပါတယ်၊ အဲဒီ သဘောရင်းကို သိပြီးတော့

မှု ဖြစ်ပေါ်လာတာ ပျောက်ပျက်သွားတာကို သိမြင်နိုင်ပါတယ်၊ အဲဒီမှာ သဘောရင်းကို သိတာက နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ဘဲ၊ အဖြစ်အပျက် လက္ခဏာကို သိတာက ဥဒယဗ္ဗယဉာဏ်ဘဲ၊ ဒီတော့ အဖြစ်အပျက်က စပြီး ရှုတာဟာ နာမရူပပရိစ္ဆေဒဉာဏ် စသည်ကို ခုန်ကျော်ပြီး ရှုရာ မရောက်ပေဘူးလား။

စပြီး ရှုလျှင် ရှုချင်း အဖြစ်အပျက်ကို သိမြင်တယ် ဆိုတာ အရိယာနဲ့သာ ဆိုင်ပါတယ်၊ ပုထုဇဉ်နဲ့ မဆိုင်ပါဘူး၊ ဒါကြောင့် ပုထုဇဉ်နဲ့ လုံးဝ မဆိုင်တဲ့ အရိယာတို့နှင့်သာ ဆိုင်တဲ့ မဟာပစ္စဝေက္ခဏာ ခုနစ်ပါးထဲက ပဌမ ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပုံကို ကောသမ္ဗိယသုတ်မှ ယူပြီး ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဆောင်ပုဒ် စီထားပါတယ်၊ အဲဒါကို လိုက်ဆိုကြစမ်းပါ။

ဆိတ်ငြိမ်ရာတွင်၊ ချဉ်းကပ်ဝင်၍၊ ဆင်ခြင်ရှုကြည့်၊ ဖြစ်ပျက်မီ၊ အသိရှင်းသည်သာ။

ယထာဘူတ၊ မသိရအောင်၊ ထကြွလွှမ်းမိုး၊ ကိလေဆိုး၊ ဖြစ်ရိုးမရှိပါ။

ဤသို့ သိရ၊ ပဌမ၊ ပစ္စဝေက္ခဏာ။

သောတာပန် အရိယာပုဂ္ဂိုလ်ဟာ တရားအားထုတ်လို့ ဖြစ်လောက်တဲ့ ဆိတ်ငြိမ်ရာ အရပ်မှာ ဝင်ပြီး မိမိသန္တာန်က ရုပ်နာမ်တွေကို ရှုမှတ်ကြည့်ယင် အဖြစ်အပျက်ကို ရှင်းရှင်းလင်းလင်း သိရပါတယ်တဲ့၊ အဲဒီလို မသိနိုင်အောင် လွှမ်းမိုးနှိပ်စက်တဲ့ ကိလေသာတွေ လွန်လွန်ကဲကဲ မရှိပါဘူးတဲ့၊ အဲဒီလို ဆိုယင် သောတာပန်ဘဲ ဆိုတာ ဆုံးဖြတ်နိုင်ပါတယ်တဲ့။ ဘယ်လောက်ရှင်းသလဲ၊ အဲဒီလို အဖြစ်အပျက်က စပြီး သိမြင်နိုင်တာဟာ

သောတာပန် အရိယာနဲ့သာ ဆိုင်ပါတယ်၊ ပုထုဇဉ်များနဲ့ မဆိုင်ပါဘူးတဲ့၊ ဒါလောက်ဆိုယင် ပုထုဇဉ်များဟာ ဖြစ်ပျက်က စပြီး မရှုကောင်းဘူး၊ အဲဒီလို ရှုလို့လဲ မဖြစ်နိုင်ဘူးဆိုတာ ဆုံးဖြတ်နိုင်လောက်ပါပြီ။ ကဲ ခုနက ဝိသုဒ္ဓိ ဖြစ်စဉ် ဆောင်ပုဒ် ကလေးကို ဆိုကြပါဦး။

ဝိသုဒ် ခုနစ်ဖြာ၊ ဖြစ်စဉ်မှာကား၊ ခုန်ကာကျော်လွှား၊ မဖြစ်ပွါးဘူး၊ တပါးပြီးလျှင်၊ တပါးပင်တည်း၊ အစဉ်မမှား၊ ရှုကာပွါးက၊ လိုလားနိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည်၊ ကျင့်ရန် ဝိသုဒ် ခုနစ်တည်း။

ဒါဟာ ဝိသုဒ္ဓိ ခုနစ်ပါး အစဉ်အတိုင်း တက်ရမယ်၊ ခုန်ကျော်ပြီး တက်လို့ မဖြစ်ဘူး ဆိုတာကို ရထဝိနီတသုတ်နှင့် အညီ စီထားတဲ့ ဆောင်ပုဒ်ကလေးပါဘဲ။ အဲဒီမှာ ခုနက ဥဒယဗ္ဗယ ဉာဏ်နဲ့ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ထိအောင် ဖြစ်စဉ်ကို ပြောခဲ့ပြီ၊ အဲဒီကနောက် ရှုမြဲ ရှုမှတ်နေလျှင် အသိဉာဏ်တွေဟာ လျင်မြန်လာပါတယ်၊ ရှုမှတ်ရတဲ့ အာရုံတွေရဲ့ ဖြစ်ပေါ်မှု ဆိုတဲ့ အစပိုင်း မထင်ရှားတော့ဘဲ ကုန်ဆုံးပျောက်ကွယ်သွားတဲ့ အဆုံးပိုင်းသဘောသာ ထင်ရှားတွေ့ရတယ်၊ မှတ်ရတဲ့ အာရုံရော မှတ်သိတဲ့စိတ်ရော ရိပ်ကနဲ ရိပ်ကနဲ လျင်လျင်မြန်မြန် ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်၊ အဲဒီလို ပေါ်လာတဲ့ အာရုံရော မှတ်သိတဲ့စိတ်ရော အတွဲလိုက် အတွဲလိုက် တစုံတစုံ ပျက်ပျက်သွားတာကိုချည်း တွေ့မြင်နေတာက ဘင်္ဂဉာဏ်ဘဲ။

အဲဒီလို အပျက်ချည်း တွေ့နေရတော့ ကြောက်စရာထင်လာတယ်၊ အဲဒါက ဘယဉာဏ်ဘဲ။ အပြစ်မြင်လာပြန်တယ်၊

အာဒီနဝဉာဏ်ဘဲ။ ငြီးငွေ့ဘွယ် ထင်လာပြန်တယ်၊ နိဗ္ဗိန္ဒဉာဏ်ဘဲ။ မှတ်သိရတဲ့ ရုပ်နာမ်တွေကို စွန့်လွှတ်လိုပြန်တယ်၊ မုဉ္စိတုကမျတာဉာဏ်ဘဲ၊ စွန့်လွှတ်နိုင်အောင် တဖန် ရှုပြန်တယ်၊ ပဋိသင်္ခါဉာဏ်ဘဲ။ ပေါ်လာသမျှ သင်္ခါရတွေကို သိရုံ သိရုံမျှ လျစ်လျူရှုနေနိုင်ပြန်တယ်၊ သင်္ခါရုပေက္ခာဉာဏ်ဘဲ။ အဲဒီ သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပုံကတော့ အင်မတန်လဲ ကောင်းပါတယ်၊ အင်မတန်လဲ ငြိမ်သက် သိမ်မွေ့ပါတယ်။ အဲဒီ သင်္ခါ-ရုပေက္ခာဉာဏ်က ရင့်သန်တဲ့အခါမှာ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာကို အထူး လျင်မြန်စွာသိတဲ့ အနုလောမဉာဏ် ဖြစ်ပြီး နိဗ္ဗာန်ဆီ ရောက်သွားတဲ့ ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုတာတွေ ဖြစ်ပါတယ်။ အဲဒီ ဉာဏ်တွေထဲမှာ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပြီးသည်မှ နောက်မှာ အနုလော-မဉာဏ်အထိ ဖြစ်ပေါ်လာတဲ့ ဉာဏ်တွေကို ပဋိပဒါဉာဏ-ဒဿနဝိသုဒ္ဓိ ခေါ်ပါတယ်။ နိဗ္ဗာန်ကို မျက်မှောက်တွေ့တဲ့ မဂ်ဉာဏ် ၄-ပါးကို ဉာဏဒဿနဝိသုဒ္ဓိ ခေါ်ပါတယ်။ အဲဒီလို ဉာဏ်စဉ် ဝိသုဒ္ဓိ အစဉ်အတိုင်း ဖြစ်အောင် အချိုးတကျ ကျင့်သွားလို့ရှိယင် မဂ်ဖိုလ် နိဗ္ဗာန်ကို လျင်မြန်စွာ ရပါလို၏ စသည်ဖြင့် လိုလားတောင့်တအပ်တဲ့ နိဗ္ဗာန်ကို ရောက်သွားပါလိမ့်မယ်၊ အဲဒါကြောင့်—

အစဉ်မမှား၊ ရှုကာပွါးက၊ လိုလားနိဗ္ဗာန်၊ ရောက်
ကြောင်း မှန်သည်၊ ကျင့်ရန် ဝိသုဒ်ခုနစ်တည်း—

လို့ ဆိုထားပါတယ်။

အဲဒီ ဉာဏ်စဉ် ဝိသုဒ္ဓိ အစဉ်အတိုင်း အချိုးကျအောင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ညွှန်ကြားပြသတော်မူပါတယ်၊

ဝိပဿနာရှုနည်းကျမ်း စသည်မှာလဲ အထင်အရှား ပြထားပါတယ်။ ယနေ့ည ဘုန်းကြီးဟောဘို့ အချိန်ကုန်ပါပြီ၊ ခေတ္တလောက် နားပြီးတော့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဆက်လက်ဟောတော်မူပါလိမ့်မယ်၊ ကဲ တရားသိမ်းကြစို့။

## တရားသိမ်း ဆုပေး

## (၉)

အားလုံးသော ဒကာ ဒကာမတွေ အားလုံးသော သူတော်စင်တွေ မိမိတို့ ပြုစုပွါးများ အားထုတ်အပ်သော ဒါနကုသိုလ် သီလကုသိုလ်အစရှိသော အရပ်ရပ်သောကောင်းမှု ကုသိုလ်ကံ စေတနာ၊ တရားနာရသော ဓမ္မသဝနကုသိုလ်ကံ စေတနာ၊ ထိုမှတပါး များပြားစွာသော ကုသိုလ်ကံစေတနာ၊ ဤသို့သော ကုသိုလ်ကံစေတနာ အဖြာဖြာတို့ကြောင့် မိမိတို့ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ် တောင့်တအပ်သော နိဗ္ဗာန်ကို မိမိတို့ လိုလားတောင့်တအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု-သာဓု-သာဓု။

ဝိသုဒ္ဓိ(၇)ပါး ဖြစ်စဉ်တရားတော်
ဤတွင် ပြီး၏။

ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌
မဟာစည်ကျောင်းတော် ရေစက်ချပွဲအတွက် ကျင်းပသော
အကြိုတရားပွဲ ၃-ညတွင် တတိယည ဒုတိယပိုင်း၌
အဂ္ဂမဟာပဏ္ဍိတ
**ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး**
ဟောကြားတော်မူသော

# ကျောင်းအလှူ အနုမောဒနာ တရားတော်

---

## တရားပလ္လင်

## (၁)

နက်ဖြန်ခါ ကျင်းပမည့် နှစ်ပတ်လည် ဩဝါဒခံယူ ပူဇော်ပွဲနှင့် မဟာစည်ကျောင်းတော် ရေစက်ချပွဲအတွက် အကြိုတရားပွဲအနေနဲ့ ၃-ည တိုင်တိုင် ဟောဘို့ရာ စီစဉ်ခဲ့တယ်၊ အဲဒီ ၃-ညထဲမှာ ဘုန်းကြီးကိုယ်တိုင် ဟောဘို့ မပါခဲ့ပါဘူး၊ အဲဒီ ၃-ညထဲက တတိယညဖြစ်တဲ့ ဒီကနေ့ညမှာ ဆိုလို့ရှိယင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင် ဝိစိတ္တသာရာဘိဝံသ ဟောဘို့ရာ ရည်ရွယ်လဲ ရည်ရွယ်ခဲ့ပါတယ်၊ စောစောက ကြိုတင်ပြီး ပင့်လဲ ပင့်ထားခဲ့ပါတယ်၊ ဒါပေမယ့်လို့ အရှင် ဝိစိတ္တာ-က အကြောင်းမညီညွတ်လို့ မလာနိုင်တာနဲ့ ဒီကနေ့ည နောက်ပိုင်းမှာ ဘုန်းကြီးကိုယ်တိုင်ဘဲ ဟောရတယ်။

## ဒါနကထာရော ဝိပဿနာ ဩဝါဒရော ဟောမယ်

ပြီးခဲ့တဲ့ နှစ်တိုင်းနှစ်တိုင်းက ဆိုယင်တော့ နှစ်ပတ်လည် ပူဇော်ပွဲ ဩဝါဒခံယူပွဲ သက်သက်ဖြစ်တဲ့အတွက် အချိန်ရသ လောက်ကလေးအတွင်းမှာ ဝိပဿနာပဋိပတ်နဲ့ စပ်ပြီးတော့ ဩဝါဒစကား သက်သက်ကိုဘဲ ဟောခဲ့ပါတယ်၊ ဒီနှစ်တော့ ကျောင်းရေစက်ချ အလှူဒါနပွဲနှင့်လဲ သက်ဆိုင်နေတဲ့အတွက် ဒါနအနုမောဒနာတရားကို ဟောဘို့ရာကလဲ အရေးကြီးလာပါ တယ်။ နက်ဖြန်ခါ ဝေမည့် အစီရင်ခံစာ စာအုပ်ထဲမှာ ဘုန်းကြီးဟောမည့် တရားခေါင်းစဉ်တွေလဲ ပါပါတယ်၊ ရေစက် ချ စာတမ်းလဲ ပါပါတယ်၊ အရှင်ဝိစိတ္တသာ လာနိုင်ခဲ့လို့ရှိယင် ဒီတရားတွေကို ဘုန်းကြီးက မတိုက်တွန်းတောင်မှ သူ ဟော မှာပါဘဲ၊ အဲဒီလိုဆိုယင် အရှင်ဝိစိတ္တ-က အကျယ်ဟောပြီးသား တွေကို ဘုန်းကြီးက အကျဉ်းချုပ်လောက် ညွှန်ပြပြီးတော့ အနုမောဒနာနဲ့ ဝိပဿနာတရားကို အကျဉ်းချုပ်လောက် ဟောဘို့ ရည်ရွယ်ထားခဲ့ပါတယ်၊ ဒါပေမယ်လို့ အရှင်ဝိစိတ္တ-က မကြွလာနိုင်တဲ့အတွက် ကနေ့ကစပြီး အနုမောဒနာတရားကို ဘုန်းကြီးကဟောမယ်။

## အရှင်သာရိပုတြာ အလှူထက် ဘုရားအလှူက သာပြီး အကျိုးကြီးတယ်

(၂)

အနုမောဒနာတရား ဆိုတာလဲ ဟောဘို့ ကြားနာဘို့ အရေး ကြီးပါတယ်။ ဘာကြောင့်လဲ ဆိုယင် ဒါန၏အကျိုးကို သိပြီး လှူလေလေ အကျိုးကြီးလေလေ ဖြစ်တဲ့အတွက်ပါဘဲ။ ဒီ

အကြောင်းကို နဲနဲချဲ့ပြီး ပြောချင်တယ်၊ ဒါနကုသိုလ် ပြုရာမှာ အကျိုးအာနိသင်ကို မသိဘဲ လှူတာထက် သိပြီးလှူတာက သာပြီး အကျိုးကြီးတယ်၊ နဲနဲပါးပါးလောက် သိပြီး လှူတာ ထက် များများ သိပြီး လှူတာက သာပြီး အကျိုးကြီးတယ်။ ဒီနေရာမှာ အဋ္ဌကထာက ဒီလို ပြဆိုထားတယ်၊ မြတ်စွာဘုရား က အရှင်သာရိပုတ္တာကို လှူတဲ့ဒါနက တမျိုး၊ အရှင်သာရိ- ပုတ္တာက မြတ်စွာဘုရားကို လှူတဲ့ဒါနက တမျိုး- ဒီနှစ်မျိုးထဲ မှာ ဘယ်ဟာက ပိုပြီး အကျိုးကြီးနိုင်သလဲဆိုတာ စီစစ်ပြီး ပြ ထားတယ်။ အလှူခံ ပုဂ္ဂိုလ်ဘက်ကကြည့်ပြီး ပြောမယ်ဆိုယင် မြတ်စွာဘုရားကို လှူတဲ့ဒါနက ပိုပြီး အကျိုးကြီးတယ်လို့ ဆို ဘွယ်ရာရှိပါတယ်၊ ဒါပေမယ်လို့ ဒီလိုမဟုတ်ဘူး၊ ဒါန၏ အကျိုး ကို အပြည့်အစုံသိပြီး လှူတာက ပိုပြီး အကျိုးကြီးတယ်၊ ဒါ ကြောင့် မြတ်စွာဘုရားကို အရှင်သာရိပုတ္တာလှူတဲ့ ဒါနထက် မြတ်စွာဘုရားက အရှင်သာရိပုတ္တာကို လှူတဲ့ဒါနက ပိုပြီး အကျိုးကြီးတယ်လို့ အဋ္ဌကထာဆရာက အဆုံးအဖြတ်ပေး ထားပါတယ်။ ဒါလဲ ပရိကပ္ပစကားမျှပါဘဲ၊ အကျိုးပေးနိုင်ခဲ့ လို့ရှိယင် လို့ ကြံဆပြီး ပြောတဲ့စကားမျှပါဘဲ။ အမှန်စင်စစ် ကတော့ မြတ်စွာဘုရားက လှူတဲ့ဒါနလဲ အကျိုးမပေးဘူး၊ အရှင်သာရိပုတ္တာကလဲ ရဟန္တာဖြစ်နေတဲ့အတွက် အရှင်သာရိ ပုတ္တာက လှူတဲ့ဒါနလဲ အကျိုးမပေးဘူး၊ ရဟန္တာပုဂ္ဂိုလ် ပြုတဲ့ အမှုဆိုတာ အကျိုးမပေးဘူး၊ ဘာကြောင့်လဲဆိုယင် ကိလေသ ဝဋ်တွေ ကင်းပြတ်နေလို့ပါဘဲ၊ ကိလေသဝဋ်ရှိမှ ကမ္မဝဋ်က အကျိုးပေးနိုင်တယ်၊ ကမ္မဝဋ်က အကျိုးပေးတော့ ဝိပါကဝဋ် ဆိုတဲ့ အကျိုးတရားတွေ ပေါ်လာရတယ်၊ လူရယ် နတ်ရယ် စသည်ဖြင့် ခေါ်ရတဲ့ ရုပ်နာမ်ခန္ဓာ အကျိုးတရားတွေ ပေါ်လာ

ရတယ်၊ အကုသိုလ် ကမ္မဝဋ်က အကျိုးပေးယင် အပါယ်၄-ပါး ရုပ်နာမ်ခန္ဓာတွေ ဖြစ်ပြီးတော့ ဒုက္ခတွေ ရောက်သွားရတယ်၊ ကုသိုလ်ကမ္မဝဋ်က အကျိုးပေးယင် လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ ဆိုတဲ့ ကောင်းမြတ်တဲ့ ဘဝတွေ ရောက်ပြီးတော့ ကောင်းကျိုး ချမ်းသာတွေကို ထိုက်သင့်သလောက် ခံစားရတယ်။ ရဟန္တာပုဂ္ဂိုလ်မှာတော့ လောဘ ဒေါသ မောဟ အစရှိတဲ့ ကိလေသဝဋ်က လုံးဝမရှိတော့ဘူး လုံးဝ မဖြစ်နိုင်တော့ဘူး၊ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်ပြုတဲ့ အမှုတွေဟူသမျှဟာ အကျိုးပေးတတ်တဲ့ ကံ မဖြစ်ဘူး၊ ကံ မဖြစ်တဲ့အတွက် ဘုရားရှိခိုးခြင်း တရားဟောခြင်း တရားနာခြင်း ပေးကမ်းခြင်း စသည်ဖြင့် ရဟန္တာ ပုဂ္ဂိုလ်ပြုတဲ့ ကောင်းမှုတွေကြောင့် ဘဝသစ် ရုပ်နာမ်ခန္ဓာဆိုတဲ့ အကျိုးတွေ မဖြစ်ပေါ်လာတော့ဘူး၊ အဲဒီလို ဘဝသစ် ရုပ်နာမ်ခန္ဓာ မဖြစ်ပေါ်လာတဲ့အတွက် မအိုရဘူး မနာရဘူး မသေရဘူး ဆင်းရဲဒုက္ခတွေ အကုန်ငြိမ်းတယ်။ အဲဒါဟာ အကြောင်း အကျိုး သဘာဝတရားတွေရဲ့ ဖြစ်ရိုးဖြစ်စဉ်ဘဲ၊ ဒီ ဖြစ်ရိုးဖြစ်စဉ်ကိုလဲ နားလည်ထားကြရမယ်။

## ကြောက်စရာ ကောင်းတဲ့တရား

တချို့က ဒီဖြစ်ရိုးဖြစ်စဉ်ကို နားမလည်တဲ့အတွက် ကုသိုလ်အမှုရှိယင်လဲ ဘဝအသစ် ဖြစ်တယ်၊ သံသရာရှည်တယ်၊ ဒါကြောင့် ကုသိုလ်အမှုကိုလဲ ပယ်ရမယ်လို့ ဒီလို မှားမှားယွင်းယွင်း ယူဆပြောဆိုကြတယ်၊ အဲဒီလို ပြောဆိုသံကိုလဲ ကြားရဘူးတယ်၊ တနေ့တော်တော်ဆီက တယ်မကြာသေးဘူး၊ ဂွတ္တာလိတ် ရုပ်ကွက်ဆီက အသံချဲ့စက်နဲ့ ဟောနေတာကို ကြားရတယ်၊ ဟောတဲ့သူက လူလား ရဟန်းလား မပြောတတ်ပါဘူး၊

သူဟောနေတဲ့တရားတွေက အလွန်ကြောက်စရာကောင်းတယ်၊ ဘယ့်နှယ်ဟောသလဲဆိုတော့ "ဒါန သီလ ကုသိုလ်ကို ပြုယင် သဿတဒိဋ္ဌိ ဖြစ်သည်"တဲ့၊ သူက ဒီလို ဟောတယ်။ သူ ဟောတဲ့အတိုင်းဆိုယင် ကုသိုလ်ကို မပြုမှ သဿတဒိဋ္ဌိ ကင်းမယ်၊ သဿတဒိဋ္ဌိကင်းကောင် ကုသိုလ်ကို မပြုကြနဲ့လို့ ဆိုရာရောက်တယ်၊ တော်တော်ကို ကြောက်စရာကောင်းတဲ့ တရားဘဲ၊ အဲဒီမှာ တရားနာပရိသတ်က ဘယ်လောက်ရှိသလဲ ဆိုတာတော့ မသိပါဘူး၊ ဘုန်းကြီးက ဒီရိပ်သာထဲကနေရင်း သူဟောတာကို ကြားနေရတယ်၊ တော်တော်ရက်ရက်စက်စက် ဟောတဲ့ပုဂ္ဂိုလ်ပါဘဲ၊ ကုသလဿုပသမ္ပဒါ-ကုသိုလ်အမှု ဟူသမျှကို ပြည့်စုံအောင် ပြုရမည် ဆိုတဲ့ ဘုရားအဆုံးအမ သာသနာတော်နဲ့ ပြောင်းပြန် ဆန့်ကျင်ဘက်ကို ဟောနေတာပါဘဲ။

နောက်ပြီးတော့ သူက "အကုသိုလ်ကို ကြဉ်ရှောင်ယင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သည်"လို့လဲ ဆက်ပြီး ဟောလိုက်ပြန်သေးတယ်၊ ဒီတော့ သူဟောတဲ့အတိုင်း ဆိုယင် သတ်ခြင်း ခိုးယူလုယက်ခြင်း လိမ်လည်ခြင်း အစရှိတဲ့ အကုသိုလ်ကို ကြဉ်ရှောင်တဲ့သူတွေမှာ ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်၊ အဲဒီလို အကုသိုလ်တွေကို မကြဉ်ရှောင်ဘဲ ပြုလုပ်နေတဲ့သူတွေမှာမှ ဥစ္ဆေဒဒိဋ္ဌိကင်းတယ်လို့ဆိုရာရောက်နေပါတယ်၊ အဲဒီလို အဓိပ္ပါယ် မရောက်ပေဘူးလား၊ စဉ်းစားကြည့်ပါ၊ အကုသိုလ် ကြဉ်ရှောင်ယင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သည်ဆိုတော့ ဥစ္ဆေဒဒိဋ္ဌိကင်းချင်ယင် အကုသိုလ်ကို မရှောင်ကြနဲ့၊ သတ်တန်ယင် သတ်ရမယ်၊ ခိုးတန်ယင် ခိုးရမယ်၊ လုတန်ယင် လုယက်ရမယ်၊ လိမ်တန်ယင် လိမ်ရမယ်၊ အခါအခွင့်ကြုံတိုင်း မကောင်းမှုတွေကို ပြုရမယ်၊ ဒါမှ ဥစ္ဆေဒဒိဋ္ဌိကင်းမယ်လို့ ဆိုရာရောက်တယ်၊ ဒါလဲ ပြောင်းပြန် ဆန့်ကျင်ဘက် ဟော

တာဘဲ၊ အမှန်ကတော့ သေပြီးတဲ့နောက် ဘာမျှ မရှိတော့ဘူး၊ နောက်ဘဝရယ်လို့ မရှိတော့ဘူးလို့ ယူတာကို ဥစ္ဆေဒဒိဋ္ဌိခေါ်တယ်။ အဲဒီလို နောင်ဘဝ မရှိဘူးလို့ ယူတဲ့သူမှာ ကုသိုလ်လဲ ပြုဘို့မလိုဘူး၊ အကုသိုလ်လဲ ရှောင်ဘို့မလိုဘူး၊ နောင်ဘဝ ရှိတယ်လို့ ယူတဲ့သူမှာသာ နောင်ဘဝ ဆင်းရဲဒုက္ခ မရောက်ရအောင် မကောင်းမှု အကုသိုလ်ကို ရှောင်ရတယ်၊ ဒီတော့ အကုသိုလ်ကို ရှောင်တဲ့သူမှာ ဥစ္ဆေဒဒိဋ္ဌိ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ မရှောင်တဲ့သူမှာသာ ဖြစ်နိုင်တယ်၊ ဒါပေမဲ့ အဲဒီ မဟုတ်မဟတ်ဟောတဲ့သူက "အကုသိုလ်ကို ကြဉ်ရှောင်ယင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သည်"လို့ ဇောက်ထိုး ပြောင်းပြန် ဟောတယ်၊ သူဟာ တော်တော်ကို မဟုတ်တဲ့ တရားတွေပါဘဲ၊ ဒီပြင်လဲ ဒီလို မဟုတ်တာတွေကို သူဟောနေတာ အများကြီးပါဘဲ၊ အဲဒီမှာ အလေးအမြတ်ပြုပြီး တရားနာနေတဲ့ လူကတော့ ဘယ်လောက်ရှိမယ် မသိပါဘူး၊ ဒီလို မဟုတ်မဟတ် ထင်ရာမြင်ရာ ဟောနေတာကို နာနေတဲ့ လူတွေလဲ တော်တော် အ-တဲ့ လူတွေလို့ ဆိုရမှာဘဲ၊ ဒါကြောင့် ဘုန်းကြီးစိတ်ထဲမှာ "ဒီလို တရားကို ဟောတဲ့လူကလဲ ဟောပါပေ့၊ နာတဲ့လူတွေကလဲ နာကြပါပေ့"လို့တောင် အံ့ဩမိပါသေးတယ်၊ အရူးတယောက်က ပြောသလိုပါဘဲလားလို့လဲ စဉ်းစားမိတယ်။

## ထောင်တဲ့သူကလဲ ထောင်ပါပေ့

တခါတုန်းက အရူးတယောက်ဟာ ကြိုးဆွဲချပြီး သေနေတဲ့ လူကို တွေ့ရတော့ မတော်တဆ ကြိုးကွင်းထဲမှာ တိုးမိပြီး သေနေတယ်လို့ သူကထင်တာနဲ့ "အင်း ထောင်တဲ့သူကလဲ သစ်ပင်ပေါ်မှာ တက်ပြီး ထောင်ပါပေ့ဗျာ၊ တိုးတဲ့လူကလဲ တိုးပါပေ့

မျှား”လို့ အံ့ဩပြီး ပြောသတဲ့၊ အဲဒါလိုဘဲ ဒီလို မဟုတ်မဟတ်တရားတွေကို ဟောတဲ့လူကလဲ ဟောပါပေရဲ့၊ အဲဒါကို တရားကောင်းမှတ်ပြီး နာတဲ့လူကလဲ နာပါပေရဲ့၊ ဖြစ်မှ ဖြစ်ရလေခြင်းလို့ ဘုန်းကြီးရဲ့စိတ်ထဲမှာ သံဝေဂတရားတွေ ပွါးများမိပါတယ်။ လောကမှာ လူတွေက စူးစမ်းဆင်ခြင်နိုင်တဲ့ အသိအလိမ္မာ ဉာဏ်နည်းကြပါတယ်၊ တယောက်ယောက်က နှုတ်စ လျှာစ ကောင်းကောင်းနဲ့ ရဲရဲတင်းတင်း ပြောနေယင် ဟုတ်လိမ့်နိုးနိုး ယုံလွယ်တတ်ကြပါတယ်၊ ဒီအထဲမှာ ကိုယ်တွေ့ ဉာဏ်တွေ့ပါလို့ ပြောယင် သာပြီး အထင်ကြီးတတ်သေးတယ်၊ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ရှေ့ကသွားသည့်သူ ရှိယင် နောက်ကလိုက်မည့် သူတွေကတော့ ရှိနေတာဘဲ၊ ဒါကြောင့် အဲဒီလို မဟုတ်မဟတ်ဟောနေတဲ့ တရားကိုလဲ နာတဲ့လူတွေက ရှိနေကြတာဘဲ၊ အရေးကြီးတာကတော့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ တရားနယ်ပယ်မှာဆိုယင် ဗုဒ္ဓမြတ်စွာဘုရား ဟောထားတဲ့ တရားတော်နဲ့ မဆန့်ကျင်ဘို့ ညီညွတ်ဘို့ လိုပါတယ်၊ ဒါကြောင့် ခုနက ဘုန်းကြီးပြောခဲ့တဲ့အတိုင်း ဗုဒ္ဓမြတ်စွာဘုရားရဲ့ တရားတော်နှင့်အညီ အကြောင်းအကျိုး သဘာဝတရားတွေရဲ့ ဖြစ်ရိုးဖြစ်စဉ်ကို သိနားလည်ထားဘို့ရာ လိုပါတယ်။

## ကုသိုလ်ကိုပယ်ယင် အကုသိုလ်ချည်း ဖြစ်သွားမယ်

## (၃)

ကံက အကျိုးပေးတယ် ဆိုတာ ကိလေသာ ရှိလို့ဘဲ၊ ကိလေသာကို အရိယာမဂ်ဖြင့် မပယ်နိုင်သေးလို့ ကိလေသာ မကင်းသေးတဲ့သူမှာ ကုသိုလ်ကိုပယ်ယင် အကုသိုလ်တွေချည်း ဖြစ်နေ

လိမ့်မယ်၊ ဥပမာ မြေကြီးပေါ် လမ်းလျှောက်နေတဲ့သူဟာ ခြေ နှစ်ဖက်ထဲက တဖက်ကတော့ မြေကြီးပေါ်မှာ နင်းလျက်ရှိနေမှာဘဲ၊ ဗယ်ဘက်ခြေထောက် ကြွထားယင် ညာဘက်ခြေ ထောက်က မြေကြီးပေါ်မှာ နင်းလျက် ရှိလိမ့်မယ်၊ ညာဘက် ခြေထောက်ကြွထားယင်လဲ ဗယ်ဘက်ခြေထောက်က မြေကြီး ပေါ် နင်းလျက်ရှိလိမ့်မယ်၊ ခြေထောက် နှစ်ဖက်စလုံး မြေကြီး ပေါ် မနင်းဘဲ ကြွထားလို့တော့ မဖြစ်ပေဘူး၊ အဲဒါလိုဘဲ ကိလေသာမကင်းသေးတဲ့ ပုဂ္ဂိုလ်တွေမှာ ကုသိုလ်ပြုယင် အဲဒီ အခိုက်မှာ ကုသိုလ် ဖြစ်တယ်၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရဘို့အကြောင်း တရားကောင်းတွေပေါ့၊ ကုသိုလ် ကို မပြုဘဲ ပယ်စွန့်ထားယင်တော့ အကုသိုလ်တွေချည်း ဖြစ်နေ တော့မှာဘဲ၊ အဲဒါတွေဟာ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် ဆိုတဲ့ အပယ် ၄-ပါးရောက်ပြီး ဆင်းရဲဘို့ချည်းပါဘဲ၊ ဒါကြောင့် ကိလေသာ မကင်းသေးပါဘဲနဲ့ ကုသိုလ်ကံကို ပယ်ယင် ဆင်းရဲ တွင်းနက်ဖို့ နစ်နာဖို့ချည်းဘဲ ဆိုတာ ကိန်းသေ မှတ်ထားကြရ မယ်။

## ပရိကပ္ပစကားမျှပါဘဲ

ခုနက ပြောခဲ့တဲ့ အလှူဒါန အကျိုးကြီးပုံအကြောင်းကို ပြန်ဆက်လိုက်ကြဦးစို့၊ အရှင်သာရိပုတြာမှာလဲ ဘုရားမှာလိုဘဲ ကိလေသဝဠ်မရှိလို့ ကံမဖြစ်တဲ့အတွက် အရှင်သာရိပုတြာက မြတ်စွာဘုရားကို လှူတာလဲ အကျိုးမပေးနိုင်ဘူး၊ ဒါပေမယ်လို့ အဋ္ဌကထာ ဆရာက ပရိကပ္ပအားဖြင့် ကြံဆပြီးတော့ ဒီပြဿ နာကို ဖြေရှင်းထားပါတယ်၊ အကယ်၍သာ အကျိုးပေးနိုင် မယ်ဆိုလို့ရှိယင် ဒါန၏အကျိုးကို အကြွင်းမဲ့သိတဲ့မြတ်စွာဘုရား

က လှူတဲ့ဒါနဟာ အကျိုးအကြီးဆုံးဘဲ၊ အရှင်သာရိပုတြာက မြတ်စွာဘုရားကို လှူတဲ့ဒါနဟာ အဲဒါလောက် အကျိုးမကြီးဘူး၊ အရှင်သာရိပုတြာလဲ ဒါန၏အကျိုးကို သိတန်သလောက်တော့ သိပါတယ်၊ ဒါပေမဲ့ မြတ်စွာဘုရားလောက် မသိဘူး၊ ဒါကြောင့် အရှင်သာရိပုတြာ၏ ဒါနဟာ အကျိုးပေးသင့်သလောက် မပေးနိုင်ဘူး၊ ဒါနကုသိုလ်၏အစွမ်းသတ္တိ ရှိသလောက် အကျိုးမပေးနိုင်ဘူး၊ ဥပမာ လောကမှာ စိုက်ပျိုးရေးတွေဆိုတာ ရှိကြပါတယ်၊ အစိုးရ စိုက်ပျိုးရေးဌာနတွေက စိုက်ပျိုးရေးပညာဘက်မှာ ကျကျနန ပြည့်ပြည့်စုံစုံ လေ့လာပြီးတော့ စိုက်ပျိုးပုံနည်းလမ်းတွေကို ညွှန်ပြကြတယ်၊ အဲဒီလို စံနစ်တကျ နားလည်ပြီး စိုက်တဲ့ အပင်တွေက သန်စွမ်းသင့်သလောက် အပြည့်အစုံ သန်စွမ်းတယ်၊ အပွင့်အသီးအနှံတွေကို ဖြစ်သင့်သလောက် ဖြစ်ပွါးစေတယ်၊ နားမလယ်တဲ့ ပုဂ္ဂိုလ်စိုက်တဲ့အပင်တွေကတော့ သန်စွမ်းသင့်သလောက် မသန်စွမ်းဘူး၊ အပွင့်အသီးအနှံတွေကိုလဲ ဖြစ်သင့်သလောက် မဖြစ်ပွါးစေနိုင်ဘူး၊ အဲဒါလိုပါဘဲ၊ အကယ်၍ အကျိုးပေးနိုင်မယ် ဆိုလို့ရှိယင် အရှင်သာရိပုတြာက မြတ်စွာဘုရားကို လှူတဲ့ဒါနထက် မြတ်စွာဘုရားက အရှင်သာရိပုတြာကို လှူတဲ့ဒါနဟာ သာပြီးတော့ အကျိုးကြီးတယ်လို့ ဆိုရမယ်တဲ့၊ အဲဒါဟာ ဒါန၏ အကျိုးကို သိပြီး လှူယင် သာပြီး အကျိုးကြီးတယ် ဆိုတဲ့ အကြောင်း သိနားလည်ကြဘို့ ကြံဆပြီးပြောတဲ့ ပရိကပ္ပစကားမျှပါဘဲ။

ယခု တရားနာနေကြတဲ့ ကျောင်းဒကာ ကျောင်းအမတွေကတော့ ဒါန၏အကျိုးကို သိကြပါတယ်။ ဒါပေမယ်လို့ သိသည်ထက် ပိုပြီးသိအောင်လို့ အနုမောဒနာ တရားဆိုတာ ထပ်ကာထပ်ကာ ဟောရ နာရတယ်။ ဒါကြောင့် နက်ဖြန်ခါ ကျင်းပ

မည့် ကျောင်းရေစက်ချပွဲနှင့် စပ်ပြီးတော့ ဝိဟာရဒါန ကျောင်း အလှူ့ရှင်ရဲ့ အကျိုးအာနိသင်ကိုဖော်ပြတဲ့ ဝမ်းမြောက်ဖွယ် အနု မောဒနာတရားကို ဒီကနေ့ကစပြီး ဟောရမယ်၊ အစပျိုးထား တဲ့သဘောပေါ့၊ နက်ဖြန်ခါကျတော့ အပြည့်အစုံဆက်ပြီး ဟောမယ်၊ ဒီတရားက ဒီကနေ့က စ-ထားမှ နက်ဖြန်ခါ ကုန် အောင် ဟောနိုင်မှာ၊ ဒါတောင်မှ ကုန်အောင် အတော်ကို ဟောရဦးမှာ။ ယခု ဝိဟာရဒါန ဖြစ်ပေါ်လာပုံက စပြီး ဟော ရမယ်။

## သာသနာတော် ထွန်းပေါ်ခါစက အခြေအနေ

## (၄)

ဘုန်းကြီးတို့၏ ဘုရားအလောင်းတော်ဟာ သိဒ္ဓတ္ထမင်းသား အဖြစ်မှ တောထွက်ပြီး ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ အကျင့်တွေကို ကျင့်ခဲ့တယ်၊ အဲဒီ အကျင့်နဲ့ တရားထူး တရား မြတ်ကို မရတဲ့အတွက် အဲဒီအကျင့်တွေကို စွန့်လွှတ်ပြီးတော့ မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်လမ်းအကျင့်ဖြင့် ကျင့်ပြီးတော့ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်၊ ဘုရားဖြစ်တော်မူပြီး တဲ့နောက် ဘုရားဖြစ်ရာ ဗောဓိပင်အောက်အရပ်နှင့် အဲဒီအနီး အပါးအရပ် ခုနစ်ဌာနမှာ ခုနစ်ရက်စီအားဖြင့် ခုနစ်ရက် ခုနစ် လီ ၄၉-ရက် ကာလပတ်လုံး သမာပတ်များကို ဝင်စားလို့ တရား တွေကို နှလုံးသွင်းဆင်ခြင်လို့ သီတင်းသုံးနေတော်မူခဲ့ပါတယ်။ အဲဒီလို ၄၉-ရက်ပတ်လုံး သီတင်းသုံးနေတော်မူပြီးတဲ့နောက်မှာ ကိုယ်တော်တိုင်သိထားတဲ့ တရားမြတ်ကို ဘယ်သူ့အား ရှေးဦး စွာ ဟောရမလဲလို့ ဆင်ခြင်တော်မူခဲ့ပါတယ်၊ နောက်ဆုံးမှာ ပဉ္စဝဂ္ဂီ ရဟန်းငါးပါးကို ဟောသင့်တယ်လို့ မြင်တော်မူပါတယ်။

## လက်ဦးတရားပွဲ၌ ကျွတ်တမ်းဝင်သူများ

အဲဒီလို မြင်တော်မူပြီးတဲ့နောက် မြတ်စွာဘုရားဟာ ပဉ္စဝဂ္ဂီတို့ နေရာ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တော ယခု ဆာရ်နတ်လို့ ခေါ်တဲ့ အရပ်သို့ ကြွတော်မူပါတယ်၊ အဲဒီမှာ ပဉ္စဝဂ္ဂီရဟန်း ငါးပါးအား ဓမ္မစကြာတရားတော်ကို ဝါဆိုလပြည့်နေ့မှာ ဟောကြားတော်မူပါတယ်၊ ဒါတွေက အများ သိပြီးသားတွေပါ။ အဲဒီတုန်းက လက်ဦးတရားပွဲမှာ ဓမ္မစကြာတရားတော်ကို နာကြားပြီးတော့ ဗြဟ္မာတွေ ၁၈-ကုဋေ တရားထူး တရားမြတ်ကို ရတယ်လို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်၊ နတ်တွေ တရားထူး ရတာကိုတော့ အဲဒီအဋ္ဌကထာမှာ ပြဆို မထားဘူး၊ မိလိန္ဒပဉှာကျမ်းမှာတော့ နတ်တွေလဲ အဲဒီတုန်းက မရေမတွက်နိုင်အောင် တရားထူးကို ရသွားကြသေးတယ်လို့ ပြဆိုထားပါတယ်၊ လူသားထဲကတော့ အဲဒီတုန်းက ပဉ္စဝဂ္ဂီငါးဦးဘဲ တရားနာရတယ်၊ အဲဒီ ငါးဦးထဲကလဲ အရှင်ကောဏ္ဍည တပါးတည်းဘဲ အဲဒီ ဓမ္မစကြာတရားကို နာနေရင်း မဂ်ဖိုလ်တရားထူးကိုရပြီး သောတာပန်ဖြစ်တော်မူခဲ့ပါတယ်၊ အဲဒီဓမ္မစကြာတရားကို နာရရုံနဲ့ တရားထူးရတာဟာ ပဉ္စဝဂ္ဂီငါးပါးထဲက အရှင်ကောဏ္ဍညတပါးတည်းဘဲ ဆိုတာကို အထူးသတိပြုထားကြရမယ်။

## အကြွင်းမဲ့ယုံကြည်လို့ ဘုရားသာသနာဝင်ပုံ

အဲဒီလို သောတာပန် ဖြစ်သွားတော့ အရှင် ကောဏ္ဍညဟာ ဗုဒ္ဓေ အဝေစ္စပသာဒေန သမန္နာဂတော-ဆိုတဲ့အတိုင်း မြတ်စွာဘုရားအပေါ်မှာ မတုန်မလှုပ် သက်ဝင် ယုံကြည်သွားပြီ၊ အကြွင်းမဲ့ လုံးဝ ယုံကြည်သွားပြီ၊ ဒါကြောင့် အရှင်ကောဏ္ဍည

က မြတ်စွာဘုရားထံမှာ“လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒံ-မြတ်စွာဘုရား၏ထံမှာ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါတယ်”လို့ လျှောက်ထားတောင်းပန်တယ်။ ပဉ္စဝဂ္ဂီတွေဟာ အစကလဲ ရသေ့ရဟန်းတော့ ဖြစ်နေကြတာပါဘဲ၊ ဒါကြောင့် မြတ်စွာဘုရားက စမ္မစကြာတရားကို ဟောတော်မူတဲ့အခါမှာ ဒွေမေ ဘိက္ခဝေ အန္တာ-စသည်ဖြင့် ဘိက္ခဝေ-ရဟန်းတို့-လို့ ခေါ်တော်မူခဲ့ပါတယ်။ ဒါပေမဲ့ အဲဒါက သာသနာတွင်း ဘိက္ခု-ရဟန်း မဟုတ်သေးဘူး၊ ကိုယ့်ဟာကိုယ် ပြုထားတဲ့ သာသနာပ ရသေ့ရဟန်းမျှသာ ဖြစ်နေသေးတယ်၊ အဲဒီ ရသေ့ ရဟန်းအဖြစ်က နေပြီးတော့ မြတ်စွာဘုရား၏ တပည့် သာသနာဝင်ရဟန်းအဖြစ် ရလိုပါတယ်လို့ လျှောက်ထား တောင်းပန်ပါတယ်။ အဲဒီလို တောင်းပန်တော့ မြတ်စွာဘုရားက ဧဟိ ဘိက္ခုခေါ်ပြီး ရဟန်းအဖြစ်ကို ပေးတော်မူပါတယ်။

## တရားနာရုံမျှနှင့် ပုဂ္ဂိုလ်တိုင်း သောတာပန်ဖြစ်သလား

## (၅)

ကျန်တဲ့ အရှင်ဝပ္ပ အရှင်ဘဒ္ဒိယ အရှင်မဟာနာမ် အရှင်အဿဇိ ဆိုတဲ့ ၄-ပါးကတော့ အဲဒီတုန်းက အရိယာမဂ်ဖိုလ်တရားထူးကို မရသေးလို့ အဝေစ္စပသာဒခေါ်တဲ့ အကြွင်းမဲ့လုံးဝယုံကြည်တဲ့ သဒ္ဓါတရားနဲ့ မပြည့်စုံကြသေးဘူး၊ ဒါကြောင့် သူတို့က ဘုရားထံမှာ ရဟန်းအဖြစ်ကို မလျှောက်တောင်းကြသေးဘူး၊ သူတို့ရဲ့ မူလက အခြေအနေအတိုင်း သာသနာပ ရသေ့ရဟန်း အဖြစ်နဲ့ နေမြဲဘဲ နေကြသေးတယ်။ ဒါပေမဲ့

မြတ်စွာဘုရား အပေါ်မှာ ယုံကြည်ကာမျှ သာမန် သဒ္ဓါ တရားနဲ့တော့ ပြည့်စုံနေကြပါတယ်၊ ဒါကြောင့် မြတ်စွာဘုရား ညွှန်ကြားတဲ့ အတိုင်း တရားတော့ အားထုတ်နေကြပါတယ်၊ အဲဒီလို အားထုတ်နေရင်း သူတို့ရဲ့ အတွေ့အမြင်များကို မြတ်စွာဘုရားထံ လျှောက်ထားကြတယ်၊ မြတ်စွာဘုရားက ကမ္မဋ္ဌာန်း အညစ်အကြေးများကို သုတ်သင် ရှင်းလင်း ပေး တယ်၊ ယခု ဒီသာသနာ့ရိပ်သာမှာ ယောဂီတွေကို ကမ္မဋ္ဌာနာ-စရိယများက စောင့်ရှောက် ပြုပြင်ပေးနေတာမျိုးပါဘဲ။ အဲဒီလို အားထုတ်ကြတဲ့အတွက် ဝါဆိုလဆုတ် ၁-ရက်နေ့မှာ အရှင်ဝပ္ပ သောတာပန် ဖြစ်တယ်၊ ၂-ရက်နေ့မှာ အရှင်ဘဒ္ဒိယ သောတာပန် ဖြစ်တယ်၊ ၃-ရက်နေ့မှာ အရှင်မဟာနာမ် သောတာပန် ဖြစ်တယ်၊ ဝါဆိုလဆုတ် ၄-ရက်နေ့မှာ အရှင် အဿဇိ သောတာပန် ဖြစ်တယ်။ အဲဒီလို သောတာပန် ဖြစ်ပြီး တဲ့ အခါကျတော့မှ အကြွင်းမဲ့ ယုံကြည်တဲ့ သဒ္ဓါတရားနှင့် ပြည့်စုံတဲ့ အတွက် သူတို့လဲ မြတ်စွာဘုရားထံမှာ ရှင်ရဟန်း အဖြစ်ကို အသီးအသီး လျှောက် တောင်းကြတယ်၊ မြတ်စွာ ဘုရားကလဲ အသီးအသီး ဧဟိဘိက္ခု ခေါ်ပြီး ရဟန်းပြုပေး တော်မူပါတယ်။

ဒီ ပဉ္စဝဂ္ဂီရဟန်းတော်များ တရားနာရုံနဲ့ တရားထူး ရပုံ၊ ၁-ရက် ၂-ရက် ၃-ရက် ၄-ရက် အားထုတ်ပြီးမှ တရားထူးရပုံတွေ အသေးစိတ် အကျယ် ဟောရတာက ဘာကြောင့်လဲဆိုယင်၊ သောတာပန်ဆိုတာ တရားနာရုံနဲ့ ဖြစ်တာလဲ ရှိတယ်၊ တရား အားထုတ်မှ ဖြစ်တာလဲ ရှိတယ် ဆိုတာ သဘောပေါက် နား လည်းစေချင်လို့ပါဘဲ။ တချို့က သောတာပန် ဆိုတာ တရား အားထုတ်ဖို့ မလိုဘူး၊ အားထုတ်နည်းကိုသိယင် ပြီးတာဘဲလို့

ပြောဟောနေကြပါတယ်၊ တရားအားထုတ်ရမှာ ပျင်းတဲ့လူ တွေ အလှူကြိုက်တဲ့ လူတွေအတွက် ဟောတဲ့ တရားလို့ ဆိုရ မှာဘဲ။ ဟုတ်တယ်၊ လူတွေက တရား အားမထုတ်ရဘဲနဲ့ အလှူတကူ တရားရတာကို ပိုပြီး ကြိုက်ကြတယ်၊ ဘုန်းကြီး တို့ကလဲ ဖြစ်နိုင်လို့ရှိယင် အဲဒါကို သဘောကျပါတယ်၊ အား မထုတ်ရဘဲနဲ့ တရားရတဲ့နည်းကို ဟောချင်ပါတယ်။ ဒါပေမဲ့ ပုဂ္ဂိုလ်တိုင်းမှာ အဲဒီလို တရားနာရုံနဲ့ သောတာပန်က မဖြစ် နိုင်ဘူး၊ ဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်တိုင်တောင်မှ အရှင်ဝပ္ပအစရှိတဲ့ ပဉ္စဝဂ္ဂီ ၄-ပါးကို တရားအားထုတ်စေခဲ့ရပါ တယ်၊ ဒီလို အားထုတ်ကြတာတောင် နာရီပိုင်းလောက်နဲ့ သောတာပန် မဖြစ်ကြသေးဘူး၊ ၁-ရက် ၂-ရက် ၃-ရက် ၄-ရက် ကြာမှ အသီးအသီး သောတာပန် ဖြစ်တော်မူကြတယ်။

အဲဒါကို လေးလေးနက်နက် စဉ်းစားကြည့်သင့်ပါတယ်။ အကယ်၍ တရားနာရုံမျှနဲ့ သောတာပန် ဖြစ်နိုင်မယ် ဆိုယင် အဲဒီ ၄-ပါးကို မြတ်စွာဘုရားက တရားအားထုတ်ခိုင်းပါ့မလား၊ တကြိမ်ဟောရုံနဲ့ သောတာပန် မဖြစ်သေးယင် နှစ်ကြိမ် ထပ် ပြီး ဟောလိမ့်မယ်၊ နှစ်ကြိမ်နဲ့ မဖြစ်သေးယင် ၃-ကြိမ် စသည် ဖြင့် ထပ်ကာ ထပ်ကာ ဟောလိမ့်မယ်။ ၁-ရက် ၂-ရက် ၃-ရက် ၄-ရက် တိုင်တိုင် ပင်ပန်းအောင် အားထုတ်ခိုင်းမှာ မဟုတ်ပေ ဘူး။ နောက်ပြီးတော့ အဲဒီအရှင် ၄-ပါးဟာ သာမန်အညံ့စား ပုဂ္ဂိုလ်တွေလဲ မဟုတ်ဘူး၊ မြတ်စွာဘုရား ဟောတဲ့ တရားကို သဘောမပေါက် နားမလည်တဲ့ အထူအထိုင်းတွေလဲ မဟုတ် ဘူး၊ သာသနာတော် အဦး အစက လက်ဦး ရဟန္တာ ဖြစ်ကြ မည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီ အရှင် ၄-ပါးဟာ တရားနာရုံနဲ့ သောတာပန် ဖြစ်ဖို့

ဣန္ဒြေနဲ့ ပါရမီက မရင့်ကျက်သေးလို့ အားထုတ်ကြရပါတယ်၊ အားထုတ်ပြီးမှ သောတာပန် ဖြစ်တော်မူကြပါတယ်။ ဒါကြောင့် ဘုရားလက်ထက်တော် ကာလကတည်းက တရားနာရုံနဲ့ သောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်လဲရှိတယ်၊ တရားအားထုတ်မှ သောတာန်ဖြစ်တဲ့ ပုဂ္ဂိုလ်လဲ ရှိတယ် ဆိုတာ မြဲမြဲ မှတ်ထားကြရမယ်။

## ရဟန္တာကြီးငါးပါး ပေါ်လာပုံ

ခုနက ပြောခဲ့တဲ့အတိုင်း ပဉ္စဝဂ္ဂီ ငါးပါးလုံး သောတာပန်ဖြစ်ပြီးတဲ့အခါ ဝါဆိုလဆုတ် ငါးရက်နေ့မှာ မြတ်စွာဘုရားက အနတ္တလက္ခဏသုတ်တရားကို ဟောတော်မူတယ်၊ အဲဒီတရားကို နာပြီး ပဉ္စဝဂ္ဂီ ငါးပါးလုံး ရဟန္တာဖြစ်တော်မူကြပါတယ်။ ဒီမှာလဲ ပဉ္စဝဂ္ဂီငါးပါးလုံး တရားနာရုံနဲ့ ရဟန္တာဖြစ်ကြတာကို ထောက်ပြီးတော့ ပုဂ္ဂိုလ်တိုင်းပင် တရားနာရုံနဲ့ ရဟန္တာ ဖြစ်နိုင်တယ် အားထုတ်ဖို့ မလိုဘူးလို့ ပြောယင် သဘာဝ မကျဘူး၊ အမှန်ကတော့ အဲဒီပဉ္စဝဂ္ဂီ အရှင်မြတ်တွေဟာ အဲဒီအချိန်မှာ ရဟန္တာ ဖြစ်နိုင်လောက်အောင် ဣန္ဒြေနဲ့ ပါရမီက ရင့်ကျက်ပြည့်စုံနေလို့ တရားနာရုံနဲ့ ရဟန္တာ ဖြစ်တော်မူကြတာ။ တချို့ ပုဂ္ဂိုလ်တွေမှာတော့ တရားနာရုံနဲ့ ရဟန္တာ ဖြစ်နိုင်လောက်အောင် ဣန္ဒြေနဲ့ ပါရမီက မရင့်ကျက် မပြည့်စုံသေးဘူး၊ ဒါကြောင့် အဲဒီလို ပုဂ္ဂိုလ်တွေမှာ တရားအားထုတ်ရတယ်၊ အပြည့်အစုံ အားထုတ်ပြီးမှ ရဟန္တာ ဖြစ်ကြရတယ်။

## အရှင်အာနန္ဒာ၏ ဖြစ်ပုံ

အရှင်အာနန္ဒာ ဆိုတာ အများဘဲ သိကြပါတယ်၊ သောတာပန်ဘဲ၊ မြတ်စွာဘုရားရဲ့ ဝတ်ကြီး ဝတ်ငယ်တွေ ပြုပြီး

မြတ်စွာဘုရားနောက်က အမြဲတမ်း လိုက်ပါနေခဲ့ပါတယ်၊ ဘုရားဟောတဲ့ တရားတွေကို အကုန်လုံးနီးပါးဘဲ သူက နာကြားရပါတယ်၊ နာကြားရုံတွင်တောင် မကသေးဘူး၊ နှုတ်တက်လဲ ဆောင်ထားပါတယ်၊ ဗဟုသုတ အများဆုံး ပုဂ္ဂိုလ်ပါဘဲ။ ဒါပေမဲ့ တရားနာရုံနဲ့တော့ ရဟန္တာ မဖြစ်ဘူး၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးတဲ့နောက် လေးလခန့်ကျမှ တရားအားထုတ်ပြီး ရဟန္တာ ဖြစ်တော်မူရတယ်။ ဒါကြောင့် တချို့ပုဂ္ဂိုလ်တွေမှာ တရားနာရုံနဲ့ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်ကြတယ်၊ တချို့ပုဂ္ဂိုလ်တွေမှာတော့ တရားနာရုံနဲ့ မဖြစ်ဘူး၊ တရားအားထုတ်မှ ဖြစ်တယ်၊ ဘုရား ပရိနိဗ္ဗာန် စံပြီးတဲ့ နောက်ကာလမှာဆိုယင် အများအားဖြင့် အားထုတ်မှ ဖြစ်တယ် ဆိုတာကို မြဲမြဲ မှတ်ထားကြရမယ်။

## ကျောင်းဒါယကာ မပေါ်သေးခင်က

## (၆)

ပဉ္စဝဂ္ဂီငါးပါး ရဟန္တာ ဖြစ်ပြီးတဲ့နောက် ယသသေဋ္ဌေးသား အမှူးရှိသော ငါးဆဲ့ငါးဦးလဲ မြတ်စွာဘုရားထံမှာ တရားနာပြီး ရဟန္တာ ဖြစ်ကြပါတယ်။ ပဉ္စဝဂ္ဂီ ငါးပါးနဲ့ တကွ ဆိုယင် အဲဒီ ပဌမဝါမှာ ရဟန္တာ ခြောက်ဆယ်ရပါတယ်၊ မြတ်စွာဘုရားပါ ဆိုယင်တော့ အဲဒီတုန်းက ရဟန္တာ ၆၁-ပါး လောကမှာ ထင်ရှား ပေါ်နေခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီတုန်းက ကျောင်းဆောက်ပြီး လှူမည့် ဒါယကာတော့ မပေါ်ခဲ့သေးဘူး။ ဒါကြောင့် အဲဒီရဟန္တာ အရှင်မြတ်တွေဟာ သစ်ပင်အောက် စသည်မှာ သင့်တော်သလို သီတင်းသုံးနေကြရမှာဘဲ။

## ဥရုဝေလတောသို့ ကြွတော်မူခြင်း

အဲဒီ ဝါကျွတ်တဲ့အခါ မြတ်စွာဘုရားက အဲဒီ ရဟန္တာ ခြောက်ဆယ်ကို ထိုထိုအရပ်ဒေသတွေလှည့်ပြီး တရားဟောဘို့ သာသနာပြုဘို့ စေလွှတ်တော်မူပါတယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင်လဲ ဥရုဝေလကဿပ အမှူးရှိသော ရသေ့ တထောင်ကို ချွတ်ဖို့ရာ ဥရုဝေလတောသို့ ကြွတော်မူပါတယ်။ ဥရုဝေလတောဆိုတာ ဘုရားအလောင်းတော်ဘဝက ဒုက္ကရ- စရိယာ အကျင့်ကို ကျင့်ရာအရပ် ဖြစ်ပါတယ်၊ ဘုရား ဖြစ် တော်မူရာ ဗောဓိမဏ္ဍိုင် အရပ်ဆိုတာလဲ အဲဒီ ဥရုဝေလ တောနယ်ထဲကပါဘဲ။ အဲဒီ ဥရုဝေလတောကို ကြွတော်မူပြီး တော့ အဲဒီမှာ နေရဌာ မြစ်အနီး နေကြတဲ့ ရသေ့တထောင်ကို တန်ခိုး အမျိုးမျိုးပြပြီး ချွတ်တော်မူပါတယ်၊ ဥရုဝေလကဿပ အမှူးရှိသော အဲဒီ ရသေ့တထောင်ဟာလဲ မြတ်စွာဘုရားထံ ရဟန်းပြုပြီးတော့ အာဒိတ္တသုတ်တရားကို နာရတဲ့အခါ ရဟန္တာ ဖြစ်ကြတယ်၊ အဲဒီ ရဟန္တာ တထောင် အခြံအရံနှင့်တကွ မြတ်စွာဘုရားဟာ ရာဇဂြိုဟ်မြို့ကို ကြွတော်မူပါတယ်။ အဲဒီလို ကြွလာတဲ့အခါမှာ ဗိမ္ဗိသာရမင်းကြီးက တသိန်းနှစ်သောင်း သော လူထုပရိသတ်နှင့်တကွ မြို့က ထွက်ပြီး ကြိုဆိုပါတယ်၊ အဲဒီ ကြိုဆိုတဲ့ ပွဲမှာ မြတ်စွာဘုရားက ဒါနကထာ သီလကထာ စသည်ဖြင့် သစ္စကထာတိုင်အောင် တရားကို ဟောတော်မူတဲ့ အတွက် အဲဒီတရားကို ကြားနာပြီး ဗိမ္ဗိသာရမင်းကြီးနှင့် တကွ တသိန်းတသောင်းသော လူတွေဟာ သောတာပန် ဖြစ်ကြပါတယ်။ အင်း သာသနာအဦးအစက ကျွတ်တမ်းဝင် မည့် ပုဂ္ဂိုလ်တွေ ဆိုတော့ ပါရမီထူးရှိတဲ့ ပုဂ္ဂိုလ်ထူးတွေဘဲ၊

ဒါကြောင့် တရားနာရုံနဲ့ တရားနာနေရင်း နှလုံးသွင်းရုံ ရှုရုံနဲ့ သောတာပန် ဖြစ်သွားကြပေတာဘဲ။ ကျန်တဲ့ လူတသောင်း ကတော့ သရဏဂုံလောက်ပဲ တည်ကြပါတယ် တဲ့။

## ပဌမဆုံးကျောင်းတိုက် အာရာမ်ပေါ်လာတယ်

အဲဒီလို ကြွရောက်တော်မူပြီးတဲ့နောက် ဗိမ္ဗိသာရမင်းကြီးက ဝေဠုဝန်ဥယျာဉ်တော်ကို လှူဒါန်းတဲ့အတွက် မြတ်စွာဘုရားဟာ အဲဒီ ဝေဠုဝန်ကျောင်းတိုက် အာရာမ် ဥယျာဉ်တော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီတုန်းက ဝေဠုဝန်ဥယျာဉ် ထဲမှာ အဆောက်အဦတွေတော့ ရှိကောင်း ရှိပါလိမ့်မယ်၊ ဒါပေမယ့်လို့ မြတ်စွာဘုရားက ကျောင်းအဆောက်အဦနဲ့နေဘို့ ခွင့်မပြုသေးတဲ့အတွက် ရဟန်းတော်တွေဟာ တောအရပ် သစ်ပင်အောက် အစရှိတဲ့ သင့်လျော်ရာ ဌာနတွေမှာ နေပြီး တရားကို နှလုံးသွင်း အားထုတ်နေကြတယ်၊ တချို့က တောင်စောင်းမှာ၊ တချို့က တောင်ချိုင့်ချောက်ထဲမှာ၊ တချို့က တောင်ခေါင်းထဲမှာ၊ တချို့က သုသာန်မှာ၊ တချို့က တောအုပ်တောနက်ထဲမှာ နေကြတယ်၊ တချို့ကတော့ အရိပ်အကာ မရှိတဲ့ ဟင်းလင်းပြင်အရပ်မှာ တချို့ကလဲ ကောက်ရိုးပုံမှာ နေကြတယ်၊ ယခုလို နေရာဌာနတွေ အသေးစိတ် ဖော်ပြရတာက တခြားကြောင့် မဟုတ်ဘူး၊ အဲဒီတုန်းက ယခုအခါလို နေစရာ ကျောင်းရယ်လို့ မရှိသေးတာ သရုပ်ပေါ်အောင်လို့ပါဘဲ။

## ကြည်ညိုဘွယ်တွေကို တွေ့ရတယ်

တနေ့သောအခါမှာ ရာဇဂြိုဟ်မြို့ထဲက သေဌေးတဦးဟာ ကိစ္စရှိတာနဲ့ နံနက်စောစော မြို့ပြင် ထွက်လာတယ်၊ ထွက်လာ

တော့ အဲဒီကိုယ်တော်တွေ သူတို့နေရာ အသီးအသီးမှ ဆွမ်းခံကြွမယ်လို့ ထွက်လာကြတာကို တွေ့ရတယ်၊ သင်္ကန်းကို သပ္ပါယ်စွာ ရုံလို့ သပိတ်ကို သင့်လျော်စွာ လွယ်ပြီး ကြည်ညိုဘွယ်အမူအရာတွေနဲ့ ထွက်လာကြတာကို တွေ့မြင်ရတယ်၊ ပါသာဒိကေန အဘိက္ကန္တေန-ရှေ့ကို တက်သွားရာမှာလဲ သိမ်သိမ်မွေ့မွေ့ ကြည်ညိုဘွယ်ကောင်းတယ်၊ ပါသာဒိကေန ပဋိက္ကန္တေန-အကြောင်းရှိလို့ နောက်ပြန်ဆုတ်ရာမှာလဲ သိမ်သိမ်မွေ့မွေ့ ကြည်ညိုဘွယ် ကောင်းတယ်၊ အာလောကိတေန-ရှေ့ကို တည့်တည့်ကြည့်ရာမှာလဲ ကြည်ညိုဘွယ်ကောင်းတယ်၊ အကြောင်းအထူးမရှိတဲ့အခါ ဆူးငြောင့် ခလုတ်ကို မြင်ရုံ လေးတောင်လောက်သာကြည့်တယ်၊ အကြောင်းအထူးရှိလို့ ရှေ့ကို မျှော်ကြည့်တဲ့အခါလဲ အမှတ်သတိနဲ့ ဣန္ဒြေရရဘဲ ကြည့်တယ်၊ ဒါကြောင့်ကြည်ညိုဘွယ် ကောင်းတယ်၊ ဝိလောကိတေန-အကြောင်းရှိလို့စောင်းငဲ့ကြည့်တဲ့အခါလဲ အမှတ်သတိနဲ့ ဣန္ဒြေရရကြည့်လို့ကြည်ညိုဘွယ်ကောင်းတယ်၊ပါသာဒိကေန သမိဉ္ဇိတေန ပသာ-ရိတေန-လက်ခြေများကို ကွေးရာ ဆန့်ရာမှာလဲ ကြည်ညိုဘွယ်ကောင်းတယ်၊ ကွေးချင်ဆန့်ချင်တဲ့ စိတ်ကလေးတွေကိုပါ မှတ်သိပြီးတော့ ကွေးတဲ့ဆန့်တဲ့အတွက် သိမ်မွေ့ပြီး ကြည်ညိုဘွယ်ကောင်းနေတာပါဘဲ၊ ယခု ဘုန်းကြီးတို့တပည့် ယောဂီတွေလိုနေမှာပေါ့၊ စိတ်အမူအရာတိုင်း ကိုယ်အမူအရာတိုင်းမှာ အမှတ်သတိက ပါနေတော့ ပြာရိပြာရာနဲ့ ဣန္ဒြေမဲ့တာရယ်လို့ မရှိဘဲ သိမ်သိမ်မွေ့မွေ့နဲ့ ဣန္ဒြေရပြီး ကြည်ညိုဘွယ်ချည်း ဖြစ်နေတာပေါ့၊ အဲဒီ ပါသာဒိကေန အဘိက္ကန္တေန-အစရှိတဲ့ ပါဠိတော်ဟာ ဒကာ ဒကာမတွေ အနေနဲ့လဲ အထူးသတိပြုစရာ ကောင်းတယ်။ ကြည်ညိုဘွယ်ဂုဏ်နှင့် ပြည့်စုံတဲ့ ရဟန်းတော်များကို ကြည်ညို

တတ်ဖို့ပါဘဲ၊ ရဟန်းတော်များ အနေနဲ့လဲ အထူးသတိပြုစရာ ကောင်းပါတယ်၊မိမိတို့မှာ ကြည်ညိုဘွယ်ဂုဏ်နှင့် ပြည့်စုံအောင် နေတတ် ထိုင်တတ်ဖို့ပါဘဲ။

အဲဒီလို ကြည်ညိုဖွယ် အမူအရာတွေနဲ့ သူနေရာမှာသူ အသီး အသီး ထွက်လာကြတဲ့ ရဟန်းတော်များကို မြင်တွေ့ရတော့ အဲဒီ ရာဇဂြိုဟ်သေဋ္ဌေးမှာ ကြည်ညိုတဲ့သဒ္ဓါတရားတွေ ဖြစ်လာ တယ်၊ ဘုရား တရား သံဃာအကြောင်းတော့ ဒီသေဋ္ဌေးဟာ ဘာမျှ သိပုံမရသေးပါဘူး၊ ဒါပေမဲ့ ရဟန်းတော်တွေရဲ့ ကြည် ညိုဘွယ် အမူအရာတွေကို မြင်ရတော့ သူက ကြည်ညိုတယ်။ ရှေးရှေးသော ဘဝတွေက ပါရမီအထုံကလေးတွေ ရှိခဲ့တဲ့ပုဂ္ဂိုလ် က ကြည်ညိုစရာတွေ့ယင် ကြည်ညိုတတ်တယ်၊ ပါရမီအထုံမရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ ကြည်ညိုစရာကို တွေ့ပေမဲ့ မကြည်ညိုတတ် ဘူး၊ တချို့ကတော့ မကြည်ညိုရုံတွင်တောင် မကသေးဘူး၊ ကဲ့ရဲ့ တောင် ကဲ့ရဲ့တတ်သေးတယ်၊ အဲဒါဟာ ပါရမီနည်းတဲ့ လက္ခဏာ တွေပါဘဲ။

## ကြည်ညိုဘွယ်နှင့် ပြည့်စုံကြောင်းအကျင့်

အဲဒီမှာ ကြည်ညိုဘွယ်တွေနဲ့ ပြည့်စုံနေတယ် ဆိုတာ တခြား ကြောင့် မဟုတ်ဘူး၊ မြတ်စွာဘုရားက ညွှန်ကြားဆုံးမထားတဲ့ အတိုင်း သတိပဋ္ဌာန် ၄-ပါးတရားတွေကို မပြတ်နှလုံးသွင်း အားထုတ်နေကြလို့ပါဘဲ၊ ယခု ဘုန်းကြီးတို့ဆီက တပည့် ယော ဂီကိုဘဲ စံနမူနာအဖြစ်နဲ့ ကြည့်ပါ၊ ကိုယ်အမူအရာ စိတ်အမူ အရာဟူသမျှကို အမြဲမပြတ် ရိရိသေသေနဲ့ ရှုမှတ်နေကြတဲ့အ တွက် သူတို့ဟာ သွားရာ လာရာမှာလဲ သိမ်သိမ်မွေ့မွေ့နဲ့ ဣန္ဒြေ ရနေတယ်၊ ကြည့်ရှုရာမှာလဲ ဣန္ဒြေရနေတယ်၊ ကွေးရာ ဆန့်ရာ

လှုပ်ရှားရာမှာလဲ ဣန္ဒြေရနေတယ်၊ စားသောက်ရာမှာလဲ ဣန္ဒြေရနေတယ်၊ ထိုင်နေရာမှာတော့ အထူးပြောဘို့ မလိုပါဘူး၊ အမှတ်ကောင်းနေတဲ့ ယောဂီတွေဟာ တနာရီ နှစ်နာရီ စသည် ကြာအောင် ငြိမ်ပြီး ထိုင်နေနိုင်ကြတယ်၊ ယခုလို တရားနာရာမှာ ဆိုယင် အင်မတန်ကို တည်ငြိမ်ပြီး ဣန္ဒြေနေကြပါတယ်။

## ကျောင်းဒါယကာ ပေါ်စက

## (၇)

ဒါကြောင့် ဒီလို သိမ်သိမ်မွေ့မွေ့နဲ့ ဣန္ဒြေရနေတဲ့ ရဟန်းတော်တွေကို မြင်ရတော့ အဲဒီ ရာဇဂြိုဟ်သေဋ္ဌေးက သဒ္ဓါတရား ဖြစ်ပေါ်ပြီး ကျောင်းဆောက် လှူဘို့ ကြံစည်တယ်၊ ပြောဘ်-ဒီရဟန်းတော်တွေဟာ အိုခြင်း နာခြင်း သေခြင်း အစ ရှိသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ တရားကျင့်သုံး အားထုတ်နေကြတာဘဲ၊ ဒါပေမဲ့ သူတို့မှာ နေထိုင်စရာက မပြည့်စုံရှာကြဘူး၊ တောထဲမှာ သစ်ပင်အောက်မှာ တောင်စောင်း တောင်ချိုင့် စသည်မှာ နေတယ် ဆိုတော့ အအေးအပူ အစရှိတဲ့ ဘေးရန်တွေလဲ ရှိနေတယ်၊ မြွေ ကင်း သစ် ကျား အစရှိတဲ့ ဘေးရန်တွေလဲ ရှိနေတယ်။ ကျောင်းခန်းထဲမှာ ဝင်ပြီး အားထုတ်နေယင်တော့ အဲဒီလို ဘေးရန် အန္တရာယ်တွေ ကင်းနိုင်တယ်၊ ဘေးရန်အန္တရာယ်ကင်းပြီး ချမ်းချမ်းသာသာနဲ့ တရားကျင့်ကြံ အားထုတ်နိုင်အောင် ကျောင်းတွေဆောက်လှူရယင် ကောင်းမှာဘဲလို့ အဲဒီသေဋ္ဌေးက စေတနာ သဒ္ဓါတရား ဖြစ်ပြီး ကြံစည်မိပါတယ်၊ ရှေးရှေးသော ဘဝတွေက ပါရမီ ကုသိုလ် အထုံပါလာတဲ့ ပုဂ္ဂိုလ်တွေမှာ ဒီလိုပါဘဲ၊ ကြည်ညို

ဘွယ်ကို တွေ့ရယင် ကုသိုလ်စေတနာ ဖြစ်လွယ်တတ်ပါတယ်၊ အဲဒါဟာ ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာနှင့် ပြည့်စုံလို့ပါဘဲ။

ပုဗ္ဗေ၊ ရှေးကာလ၌။ ကတပုညတာ စ၊ ပြုခဲ့ဘူးသောကောင်း မှုရှိသည်၏ အဖြစ်ဟာလဲ မင်္ဂလာတပါးပါဘဲတဲ့။ ရှေးဘဝ ရှေး ကာလတွေက ကောင်းမှုကိုပြုခဲ့ယင် နောက်ဘဝ နောက်ကာလ တွေမှာ ကောင်းကျိုးကိုရတယ်၊ ကောင်းမှုကုသိုလ် ပြုလိုတဲ့ စိတ်လဲ ဖြစ်လွယ်တတ်တယ်၊ သူတော်ကောင်း ပညာရှိတွေကို မှီဝဲလာခဲ့တဲ့သူဟာ သူတော်ကောင်းပညာရှိတွေကို တွေ့မြင် ယင် ကြည်ညိုတတ်တယ်၊ အလေ့အလာ ဆိုတာ အင်မတန် အရေးကြီးပါတယ်၊ အဲဒီလို ကောင်းတဲ့ အလေ့အလာတွေ ရှိလာခဲ့လို့ ဒီသေဋ္ဌေးမှာ ကျောင်းဆောက်လှူလိုတဲ့ စိတ် စေတနာတွေဖြစ်ပေါ်လာတာ။ အဲဒီလို စေတနာတွေ ဖြစ်ပြီး တော့ ဆက်စဉ်းစားပြန်တယ်၊ ဩော်-ငါက ကျောင်းဆောက် လှူပေမယ်လို့ ဒီကိုယ်တော်တွေက ကျောင်းနဲ့ နေမှ နေကြပါ မလား၊ စုံစမ်းမေးမြန်းဦးမှဘဲလို့ စဉ်းစားပြီးတော့ အဲဒီ သေဋ္ဌေးက ရဟန်းတော်များထံ ချဉ်းကပ်ပြီး မေးမြန်းပါတယ်၊ အရှင်ဘုရားတို့ တပည့်တော်က ကျောင်းဆောက်လှူချင်တယ်၊ အဲဒီ ကျောင်းများမှာ အရှင်ဘုရားတို့ သီတင်းသုံး နေကြပါ မည်လားလို့ မေးပါတယ်။

ဒကာ သေဋ္ဌေးကြီး ယခု ထိအောင်တော့ မြတ်စွာဘုရားက ကျောင်းနဲ့နေဘို့ ခွင့်ပြုချက် မရှိသေးဘူးလို့ ရဟန်းတော်များ က ဖြေကြားကြတယ်၊ ကျောင်းနဲ့နေကောင်းသလား မနေ ကောင်းသလား မသိဘူး၊ မြတ်စွာဘုရားထံ လျှောက်ထားပြီး တော့မှ ခွင့်ပြုယင်လဲ နေရမှာဘဲ ဆိုတဲ့ သဘောမျိုးနဲ့ ဖြေကြ တာပါဘဲ၊ အလိုရမက် နည်းကြတဲ့သဘောပါဘဲ၊ အလိုရမက်

ကြီးတဲ့ ပုဂ္ဂိုလ်တွေ ဆိုယင်တော့ ဘုရားကို ပန်ကြားဘို့ စဉ်းစားမယ် မဟုတ်ပါဘူး၊ ကျောင်းနဲ့နေယင် ကောင်းတာဘဲ ဆိုပြီးတော့ သူတို့သဘောနဲ့ သူတို့ လက်ခံကြဘွယ် ရှိပါတယ်၊ အဲဒီလို လက်မခံဘဲ ဖြေကြားကြတာဟာ သာသနာတော်အစပိုင်းက အရှင်မြတ်တွေရဲ့ ကြည်ညိုဘွယ်ဂုဏ်ပါဘဲ၊ နောက်ကာလမှာ ဆဗ္ဗဂ္ဂီရဟန်းတွေကျတော့ ဒီလို မဟုတ်ဘူး၊ သူတို့သဘောအတိုင်း ရဟန်းများနဲ့ မအပ်စပ်တာတွေကို လက်ခံပြီး သုံးဆောင်ကြလို့ မြတ်စွာဘုရားက သိက္ခာပုဒ်တွေ ပညတ်ပြီး တားမြစ်တော်မူရတာတွေ များစွာဘဲ ရှိပါတယ်၊ အဲဒါလဲ ရဟန်းတော်များဘက်က သိက္ခာပုဒ်တွေကို ရိုသေလေးစားပြီး အလိုနည်းအောင်ကျင့်ဘို့ အထူးသတိပြုစရာ အချက်တွေပါဘဲ။

## ဝမ်းမြောက်ဖွယ် ခွင့်ပြုတော်မူချက်

ဒီတော့ သေဋ္ဌေးက "အဲဒီ ကျောင်းဆောက်လှူလိုတဲ့ အကြောင်း မြတ်စွာဘုရားထံ လျှောက်ထားပြီးတော့ ခွင့်ပြု မပြုပြန်ကြားတော်မူကြပါ"လို့ လျှောက်ပါတယ်။ ကောင်းပါပြီလို့ လက်ခံပြီး ရဟန်းတော်များက အဲဒီ အကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြပါတယ်၊ ဒီတော့ မြတ်စွာဘုရားက—

> အနုဇာနာမိ ဘိက္ခဝေ ပဉ္စ လေဏာနိ ဝိဟာရံ အဍ္ဎ-
> ယောဂံ ပါသာဒံ ဟမ္မိယံ ဂုဟံ—

လို့ မိန့်တော်မူပြီး အခွင့်ပြုတော်မူလိုက်ပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝိဟာရံ၊ လေးဘက်မိုး ၂-ဘက်မိုးသော ကျောင်းကိုဋင်း၊ အဍ္ဎယောဂံ၊ တဖက်စောင်းမိုးသော

ကျောင်းကိုရင်း၊ ပါသာဒံ၊ ပြာသာဒ်ကိုရင်း။ ဟမ္မိယံ၊ ပြာသာဒ်ဦးပြီး တိုက်ကတုံးကိုရင်း။ ဂုဟံ၊ လိုဏ်ဂူကိုရင်း။ ဣတိ၊ ဤသို့အားဖြင့်။ ပဉ္စ လေဏာနိ၊ ငါးမျိုးသော ခိုအောင်းနေစရာ အဆောက်အဦတို့ကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏-တဲ့။

အဲဒါဟာ ကျောင်းအမျိုးမျိုး ဆောက်လှူဘို့ ဒကာက လှူတဲ့ကျောင်းမှာ နေလိုတဲ့ပုဂ္ဂိုလ်များ သိတင်းသုံးနေထိုင်ဘို့ ပဌမ အစဆုံး မြတ်စွာဘုရားက ခွင့်ပြုလိုက်တာပါဘဲ၊ ဒီလို ခွင့်ပြုတော်မူတဲ့အတွက် သဒ္ဓါတရားရှိတဲ့ ဒကာ ဒကာမတွေမှာ ကျောင်းဆောက်ပြီး လှူတဲ့ကုသိုလ်တွေ ဖြစ်ပွါးရတယ်၊ ရဟန်းတော်တွေမှာလဲ ကျောင်းခန်းထဲမှာ ချမ်းချမ်းသာသာနဲ့ နေထိုင်ကြရတယ်၊ ဒကာ ဒကာမများဘက်ကရော ရဟန်းတော်များဘက်ကရော အလွန်ဝမ်းမြောက်စရာ ကောင်းတယ်။ ဒါကြောင့် အဲဒီခွင့်ပြုတော်မူတဲ့ စကားကို သာဓု ခေါ်ကြရအောင် ဘုန်းကြီးက တခါထပ်ပြီး ရွတ်ပြလိုက်ဦးမယ်။ အဆုံးကျတော့ သာဓုသံ ကျယ်ကျယ် ခေါ်ကြရမယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝိဟာရံ၊ ကျောင်းကိုရင်း။ (ပ) ပဉ္စ လေဏာနိ၊ ခိုအောင်းနေစရာ ငါးဖြာသောကျောင်း အဆောက်အဦတို့ကို။ အဟံ၊ မဟာကရုဏာသခင် ငါဘုရားရှင်သည်။ အနုဇာနာမိ၊ ကျောင်းဒကာ ဒကာမတို့အား ကုသိုလ်ဖြစ်ပွါးရေး,ရဟန်းတော်တို့အား ချမ်းသာစွာနေရရေး, သာသနာတော် ရှည်စွာ တည်တံ့ရေးတို့ကို အလေးဂရု မြော်တွေးရှု၍ အခွင့်ပြုတော်မူလိုက်ပါသတည်း။

(သာဓု-သာဓု-သာဓု)

## ကျောင်းပေါင်းခြောက်ဆယ်

### (၈)

အဲဒါဟာ သစ်ပင်အောက် ဟင်းလင်းပြင်အရပ်များမှာ နေလို့ သပ္ပါယမဖြစ်တဲ့ ရဟန်းတော်များအတွက် အလိုရှိယင် ကျောင်း အဆောက်အဦထဲမှာ နေရန် မြတ်စွာဘုရားက သနား သဖြင့် ခွင့်ပြုတော်မူလိုက်ခြင်းပါဘဲ။ အဲဒီလို ခွင့်ပြုလိုက်တဲ့ အကြောင်းကို ရဟန်းတော်များက ရာဇဂြိုဟ် သေဋ္ဌေးအား ပြန်ကြားလိုက်တဲ့အခါ အဲဒီ သေဋ္ဌေးက တနေ့တည်းနဲ့ ကျောင်း ပေါင်း ၆၀ ပြီးအောင် ဆောက်လုပ်စေပါသတဲ့။ ကျောင်း ပေါင်း ၆၀-ကို တနေ့တည်းနဲ့ ပြီးအောင် ဆောက်နိုင်တယ် ဆိုတော့ အဲဒီ ကျောင်းတွေဟာ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပေဘူး၊ မနေ့က ရွှေစေတီဆရာတော် ပြောသွားတာလို မဒမဘိုင်ကလေးတွေနဲ့ နေို သက်ကာယ် မိုးကာဆားတဲ့ လယ် လုပ်သမား တဲကလေးများလို တော်ရုံ သင့်ရုံ ကျောင်းကလေး တွေ ဖြစ်မှာပေါ့။ အဲဒီ ကျောင်းကလေးမျိုးကတော့ လူ အား များယင် များသလောက် ပြီးနိုင်ပါတယ်။ ကျောင်း ကောင်းကြီးတွေ ဆောက်မယ် ဆိုယင်တော့ ရက်အနည်းငယ်နဲ့ မပြီးနိုင်ဘူး၊ လအနည်းငယ်နဲ့လဲ မပြီးနိုင်ပါဘူး၊ ယခုနေအခါ မှာဆိုယင် ၂-နှစ် ၃-နှစ်နဲ့တောင် ပြီးဘို့ရာ မလွယ်ပါဘူး၊ ဘုန်း ကြီးတို့ သာသနာ့ရိပ်သာထဲမှာ သုံးသောင်းခန့်တန်တဲ့ ဇရပ် ကလေးတွေဟာ တချို့က ၂-နှစ်လောက်ကြာမှ ပြီးတယ်၊ တချို့က ၃-နှစ်လောက်ကြာတာတောင် မပြီးသေးဘူး။ ဒါ ကြောင့် တသိန်းခွဲ ၂-သိန်းအကုန်ခံပြီး ဆောက်မည့် မဟာစည်

ကျောင်းတော်ဟာ ၃-နှစ်လောက်ကြာမှ ပြီးလိမ့်မယ်လို့ ဘုန်းကြီးက ခန့်မှန်း ထားခဲ့မိပါတယ်။

ဒါပေမဲ့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် လူကြီးတွေက အင်မတန် ထက်သန်တဲ့ သဒ္ဓါ ဆန္ဒ ဝီရိယ ဇွဲလုံ့လ စေတနာတွေနဲ့ ကြိုးကြိုးစားစား မနေမနား ဆောင်ရွက်ကြတဲ့ အတွက် တနှစ်အတွင်းမှာ ဒီကျောင်းတော်ကြီး ပြီးစီးသွားတယ်၊ တန်ခိုးနဲ့ ဖန်ဆင်းလို့ မြေပြင်က တခဏချင်း ဘုံဗိမာန်ကြီး ပေါက်လာသလိုဘဲ ခမ်းနား တင့်တယ်စွာနဲ့ ပြီးစီးသွားတယ်၊ အမိုက်ပုံထဲက နေပြီး ပဒုမ္မာကြာပန်းကြီး ပေါ်လာသလို ပတ္တမြားရတနာကြီး ပေါ်လာသလိုဘဲ၊ အင်မတန် အံ့ဩစရာ ကောင်းပါတယ်၊ ဒီလို တနှစ်အတွင်းမှာ ဒါလောက် ခမ်းနား ကြီးကျယ်ပြီး တင့်တယ်တဲ့ ကျောင်းကြီး ပြီးစီးသွားတာကို အများကလဲ အံ့ဩနေကြပါတယ်၊ အင်မတန်လဲ ဝမ်းသာစရာ ကောင်းပါတယ်။ ဒီလို ခမ်းနားကြီးကျယ်တဲ့ ကျောင်းထဲမှာ အလှူဒါန ပါဝင်ကြတဲ့ ပုဂ္ဂိုလ်တွေကတော့ ထောင်နဲ့ သောင်းနဲ့ ပါဝင်တဲ့ သူတွေလဲ အတော်အသင့်တော့ ရှိပါတယ်၊ ဒါပေမဲ့ အဲဒီလောက် များများ ပါဝင်နိုင်တဲ့သူတွေက သိပ်မများလှပါဘူး၊ ငါးကျပ် တဆယ် တရာ စသည် ပါဝင်နိုင်တဲ့သူတွေကဘဲ များပါတယ်၊ အဲဒီထက် နည်းပြီး ပါဝင်တဲ့သူလဲ ရှိပါတယ်။ အားလုံးကုသိုလ် ပါဝင်ကြတဲ့ ကျောင်းဒကာ ကျောင်းအမ ဦးရေဟာ တထောင့်ငါးရာမက ရှိပါတယ်။ အဲဒီကုသိုလ်ရှင်တွေ အားလုံးဟာ အင်မတန် ဝမ်းသာစရာ ကောင်းပါတယ်၊ ငါတို့ ထည့်ဝင်လှူဒါန်းတဲ့ တကျပ်နဲ့ ငါးကျပ်နဲ့ တဆယ်နဲ့ တရာနဲ့ တထောင်နဲ့ တသောင်းနဲ့ ဒါလောက် ကြီးကျယ်ခမ်းနားတဲ့ ခေတ်မှီ ကျောင်းတော်ကြီး ဖြစ်လာတယ်၊ ဒီကျောင်းတော်ကြီးထဲမှာ

ငါတို့၏ ကုသိုလ်လဲ ပါတယ်ယို့ အာရုံပြုပြီး ဝမ်းသာစရာ အင်မတန် ကောင်းပါတယ်။ ကျောင်းဆောက်ပုံချင်း နှိုင်းယှဉ်ပြီး ပြောနေတာနဲ့ စကားက တော်တော် ကျယ်ပြန့်သွားတယ်၊ ရာဇဂြိုဟ် သေဋ္ဌေး အကြောင်း ပြန်ဆက်ကြဦးစို့။

## ဘုရားအလိုတော်ကျ ကျောင်းရေစက်ချ

## (၉)

ကျောင်းပေါင်း ၆၀-ကို ဆောက်ပြီးတော့ အဲဒီ ရာဇဂြိုဟ် သေဋ္ဌေးဟာ ဘုရားအမှူးရှိတဲ့ သံဃာတော်ကိုပင့်ပြီး ဆွမ်းကပ် ပါတယ်၊ ဆွမ်းကပ်ပြီးတဲ့အခါမှာ ရာဇဂြိုဟ်သေဋ္ဌေးက မြတ်စွာဘုရားကို ဒီလို မေးမြန်း လျှောက်ထားပါတယ်။

> ဧတေ မေ ဘန္တေ သဋ္ဌိ ဝိဟာရာ ပုညတ္ထိကေန သဂ္ဂတ္ထိ-ကေန ကာရာပိတာ၊ ကထာဟံ ဘန္တေ တေသု ဝိဟာရေ-သု ပဋိပဇ္ဇာမိ။

ဘန္တေ၊ မြတ်စွာဘုရား။ မေ၊ တပည့်တော်သည်။ ပုညတ္ထိ-ကေန၊ ကောင်းမှုကို အလိုရှိသည်ဖြစ်၍။ သဂ္ဂတ္ထိကေန၊ နတ်ပြည် နတ်ချမ်းသာကို အလိုရှိသည်ဖြစ်၍။ ဧတေ သဋ္ဌိ ဝိဟာရာ၊ ထိုခြောက်ဆယ်သော ကျောင်းတို့ကို။ ကာရာပိတာ၊ ပြုစေအပ်ပါကုန်၏။ (ဒီ သေဋ္ဌေး လျှောက်တဲ့စကားထဲမှာ နတ်ပြည် ချမ်းသာလိုချင်လို့ဆိုတဲ့ အကြောင်းပြ စကားကလေး ပါတယ် နော်၊ အဲဒါကို အထူးသတိပြုကြရမယ်၊ အဲဒါဟာ လူအများ၏ ရည်ရွယ်ရိုးပါဘဲ၊ အဲဒါကို မြတ်စွာဘုရားကလဲ ပြင်ပြီး ဆု တောင်းဘို့ အမိန့်မရှိဘူး၊ ဒါကိုလဲ အထူးသတိပြုရမယ်၊)ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ တပည့်တော်သည်။ တေသု ဝိဟာရေသု၊

ထိုခြောက်ဆယ်သော ကျောင်းတို့၌။ ကထံ ပဋိပဇ္ဇာမိ၊ ဘယ်လို ပြုကျင့်ရပါမည်လဲ ဘယ်လို လှူရပါမည်လဲဘုရား-လို့ မေးလျှောက်ပါတယ်၊ ဒီတော့ မြတ်စွာဘုရားက—

တေန ဟိ တွံ ဂဟပတိ တေ သဋ္ဌိ ဝိဟာရေ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေဟိ—

လို့ ညွှန်ကြားတော်မူပါတယ်။

ဂဟပတိ၊ ဒါယကာ သေဋ္ဌေး။ တေန ဟိ၊ ထိုသို့ ဖြစ်ပါမူ။ တွံ၊ သင်သည်။ တေ သဋ္ဌိ ဝိဟာရေ၊ ထို ခြောက်ဆယ်သော ကျောင်းတို့ကို။ အာဂတာနာဂတဿ၊ ရောက်ပြီး ရောက်လာလတံ့ဖြစ်သော။ စာတုဒ္ဒိသဿ၊ အရပ်လေးမျက်နှာ၌ရှိသော။ သံဃဿ၊ ရဟန်းအပေါင်းသံဃာအား။ ပတိဋ္ဌာပေဟိ၊ တည်စေလော့၊ လှူလေလော့။မည်သည့်ပုဂ္ဂိုလ်ကိုမျှ မရည်ဘဲ အရပ်လေးမျက်နှာမှ ရောက်လာပြီးရော ရောက်လာလတံ့ရော ရဟန်းအပေါင်း သံဃာအားလုံးအား လှူရမယ်လို့ ညွှန်ကြားတော်မူပါတယ်။

အဲဒီ ညွှန်ကြားတဲ့ အတိုင်းဘဲ သေဋ္ဌေးက ကျောင်း ၆၀-ကို သံဃာအား လှူပါတယ်၊ အဲဒီ ကျောင်းအလှူဒါနကို အကြောင်းပြုပြီး မြတ်စွာဘုရားက ကျောင်းအလှူအနုမောဒနာ တရားကို ဟောတော်မူပါတယ်၊ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားတဲ့ အဲဒီ အနုမောဒနာတရားဟာ အကောင်းဆုံးဘဲ၊ အဲဒီ အနုမောဒနာတရားကို ယနေ့ညက စပြီး ဟောရမယ်၊ အဲဒါကို ဟောဘို့ရာ ဘုန်းကြီးက ဆောင်ပုဒ်ကလေးတွေလဲ ဘာသာပြန်အနေနဲ့ စီထားပါတယ်။

## ဘုရားဟောအနုမောဒနာ

သီတံ ဥဏှံ ပဋိဟန္တိ၊ တတော ဝါဠမိဂါနိ စ။
သရီသပေ စ မကသေ၊ သိသိရေ စာပိ ဝုဋ္ဌိယော—

စသည်ဖြင့် မြတ်စွာဘုရားက ဟောတော်မူပါတယ်၊ ဒီအနုမောဒနာတရားဟာ ယခု မဟာစည်ကျောင်းတော် အလှူဒါယကာတွေနဲ့လဲ သက်ဆိုင်ပါတယ်။

ဝိဟာရော၊ ကျောင်းသည်။ သီတံ၊ အအေးကိုငင်း။ ဥဏှံ၊ အပူကိုငင်း။ ပဋိဟန္တိ၊ ပယ်ရှားတတ် ကာကွယ်တတ်၏။ ကျောင်းအဆောက်အဦဆိုတာ အအေးကိုလဲ ကာကွယ်တတ် ပယ်ရှားတတ်တယ်၊ အပူကိုလဲ ကာကွယ်တတ် ပယ်ရှားတတ်တယ်။ အေးတဲ့ ဥတုရာသီ အခါကာလမှာ မအေးရအောင်၊ ပူတဲ့ ဥတုရာသီအခါကာလမှာ မပူရအောင် ကျောင်းက ကာကွယ်တတ်တယ်၊ ဘုန်းကြီးတို့ ဇာတိအရပ် ရွှေဘိုတို့ မန္တလေးတို့ဆိုတဲ့ ဗမာပြည်အလယ်ပိုင်း အရပ်တွေမှာ ယခုလို ဆောင်းဥတု ပြာသိုလ ဆိုယင် တော်တော်အေးပါတယ်၊ အဲဒါထက် ရှမ်းပြည်နယ် တောင်ပေါ် အရပ်တွေက ပိုပြီး အေးတယ်၊ အဲဒီလို အရပ်တွေမှာ အကွယ်အကာမရှိတဲ့ ဟင်းလင်းပြင်အရပ်တို့ သစ်ပင်အောက်တို့မှာ နေနိုင်ဘို့ တော်တော် ခဲယဉ်းပါတယ်၊ ဒီရန်ကုန်မှာတော့ အအေးက တော်တော်သက်သာနေပါတယ်၊ ဒါပေမဲ့ တခါတရံမှာတော့ အပြင်မှာ မနေနိုင်လောက်အောင် အေးတဲ့အခါတွေလဲ ရှိပါသေးတယ်၊ အဲဒီလို အေးတဲ့အခါ အအေးဒဏ်ကြောင့် တရားအားထုတ်ရာမှာ အနှောက်အယှက် ဖြစ်နိုင်ပါတယ်၊ ကျောင်းခန်းထဲမှာ ဝင်နေယင်တော့ အဲဒီလို အအေးဒဏ်က မနှိပ်စက် မနှောက်ယှက်နိုင်ဘူး၊ ယခု ဗုဒ္ဓ

သာသနာ့ဒုဂ္ဂဟာအဖွဲ့က ခေတ်မှီ ဆောက်လုပ်ထားတဲ့ ဒီမဟာစည် ကျောင်းခန်းထဲမှာ ဝင်နေမယ်ဆိုယင်တော့ အဲဒီ အအေးဓာတ်ဟာ နိုပ်စက်နိုင်တော့မှာ မဟုတ်ပါဘူး။ အင်မတန် လုံခြုံတဲ့ ကျောင်းပါဘဲ။

နောက်ပြီးတော့ အပူကလဲ ဘုန်းကြီးတို့ ရွှေဘို မန္တလေးဆီမှာ အလွန်ပြင်းထန်ပါတယ်။ ကဆုန် နယုန်လဆီမှာဆိုယင် အနေအထိုင်ကြပ်လောက်အောင်ကို ပူပါတယ်၊ ဒီရန်ကုန်မှာလဲ တပေါင်း တန်းခူး ကဆုန်လဆီမှာ တော်တော်ပူတတ်ပါတယ်၊ အဲဒီလို ပူနေတဲ့အခါမှာ အပူဒဏ်ကြောင့် တရားအားထုတ်လို့ မကောင်းဘဲလဲ ရှိတတ်ပါတယ်၊ ဒါကလဲ အားထုတ်ခါစ ယောဂီတွေအတွက်ပေါ့လေ၊ သမာဓိဉာဏ် ထက်သန်အားကောင်းပြီး အမှတ်ကောင်းနေတဲ့ ယောဂီတွေကျတော့လဲ အေးတာ ပူတာတွေက သိပ်အရေးမကြီးလှပါဘူး၊ အဲဒီလို အမှတ်ကောင်းနေတဲ့ ယောဂီတွေမှာတော့ ရာသီဥတုက အေးနေပေမဲ့ အေးမှန်းမသိဘူး၊ ရာသီဥတုက ပူနေပေမဲ့ ပူမှန်းမသိဘူး။

ဘုန်းကြီး ရွှေဘို ဆိပ်ခွန် မဟာစည် ကျောင်းမှာ နေတုန်းက ဝိပဿနာလုပ်ငန်းကို စပြီး ပြခါစတုန်းကပေါ့လေ၊ အဲဒီတုန်းက ကိုယ်တိုင်ဘဲ ကမ္မဋ္ဌာန်း မေးရ စစ်ရပါတယ်။ အဲဒီတုန်းက ကဆုန်လလား နယုန်လလားတော့ မပြောတတ်ဘူး၊ အလွန်ပူတဲ့ နေ့တနေ့မှာ ယောဂီတယောက်ကို ဘယ့်နှယ်လဲ ဒီကနေ့ မပူဘူးလား ကောင်းကောင်းမှ အားထုတ်နိုင်ပါရဲ့လားလို့ မေးကြည့်ပါတယ်။ အဲဒီ ယောဂီက တပည့်တော်မှာတော့ မပူပါဘူးဘုရား၊ ပူမှန်းလဲ မသိပါဘူး၊ တနေ့လုံးမှတ်ရတာ သိပ်ကောင်းနေတာဘဲ၊ အချိန်က ကုန်မှန်းမသိ ကုန်သွားပါတယ်လို့ ပြောပါတယ်။ အဲဒီတုန်းက တရားအားမထုတ်ပဲ အလွတ်နေတဲ့လူတွေ

အားထုတ်သော်လဲ အမှတ်မကောင်းသေးတဲ့ လူတွေမှာတော့ ပူလွန်းလို့ ညည်းလိုက်ကြတာ မပြောပါနဲ့တော့၊ အဲဒီ အမှတ် ကောင်းနေတဲ့ ယောဂီမှာတော့ တရားအရသာတွေနဲ့ သူမှာ အေးငြိမ်းနေတယ်၊ သူ့တရားနဲ့သူ နေသာထိုင်သာ ဖြစ်ပြီး ကောင်းနေတယ်၊ ဒါကြောင့် သမာဓိဉာဏ် အားကောင်းတဲ့ အခါကျတော့လဲ အအေးအပူတွေက သိပ်အရေးမကြီးလှပါ ဘူး၊ ဒါပေမဲ့ အားထုတ်ခါစ သမာဓိဉာဏ် အားမကောင်းသေး ခင်မှာတော့ အအေးအပူတွေကြောင့် တရားအားထုတ်ရာမှာ အနှောင့်အယှက်ဖြစ်တတ်ပါတယ်၊ ကျောင်းခန်းထဲ ဝင်နေယင် တော့ အပူလဲ သက်သာတတ်ပါတယ်၊ ယခု ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့က ခေတ်မှီနည်းဖြင့် ဆောက်လုပ်ထားတဲ့ ဒီမဟာစည် ကျောင်းတော်ကတော့ နွေရာသီအပူဓာတ်ကို ကောင်းကောင်း ကာကွယ်နိုင်မည့် လက္ခဏာရှိပါတယ်၊ ဒါကြောင့်-ဝိဟာရော၊ ကျောင်းသည်။ သီတံ၊ အအေးကိုင်း။ ဉဏှံ၊ အပူကိုင်း။ ပဋိဟန္တိ၊ ပယ်ဖျောက်တတ် ကာကွယ်တတ်၏-လို့ မြတ်စွာ ဘုရားက ဟောထားပါတယ်။

အဲဒီမှာ သီတံ-ပုဒ်ကို အချမ်းလို့လဲ ဘာသာပြန်ကြပါတယ်၊ ချမ်းတယ်ဆိုတာ အေးတဲ့ အနိဋ္ဌာရုံနဲ့ တွေ့ပြီး ဖြစ်ပေါ်လာတဲ့ ဒုက္ခဝေဒနာဘဲ၊ ယခု ဒီမှာ ဆိုလိုတာကတော့ အဲဒီ ဒုက္ခဝေဒနာ ကို မဆိုလိုပါဘူး၊ ဒုက္ခဝေဒနာဖြစ်ကြောင်း အေးတဲ့အနိဋ္ဌာရုံကို သာ ဆိုလိုပါတယ်၊ ဒါကြောင့်-သီတံ၊ အအေးကိုင်း-လို့ အနက် ပြန်ထားပါတယ်၊ ဆောင်ပုဒ်ထဲမှာလဲ-အေးပူစသား-လို့ စီထား ပါတယ်၊ အဲဒါဟာ-သီတံ ဉဏှန္တိ ဥတုဝိသဘာဂဝသေန ဝုတ္တံ-သီတံ ဉဏှံ-အအေး အပူ ဟူသော စကားကို ဥတုသဘောမတူ

သည့် အလိုအားဖြင့် ဟောအပ်သည်-လို့ ဖွင့်ပြတဲ့ အဋ္ဌကထာ နှင့်လဲ ညီပါတယ်။

နောက်ပြီးတော့ ကျောင်းက သက်မဲ့ဘေးရန်ကိုသာ ကာကွယ်တာတာ မဟုတ်သေးဘူး၊ သက်ရှိဘေးရန်တွေကိုလဲ ကာကွယ်တတ်သေးတယ်၊ ဒါကြောင့်-တတော၊ ထိမ္ပတပါး။ (ဒီပုဒ်ကိုလဲ ပဌမာဝိဘတ် အနက် ကြံဆပြီး ထိုကျောင်းသည် ဟူ၍လဲ အနက်ပြန်ကြပါသေးတယ်၊ ရှေး၌ ဝိဟာရော-ဆိုတဲ့ ပုဒ်ကို တိုက်ရိုက် မပြခဲ့သေးဘဲ အဲဒီပုဒ်ရဲ့အစား ဒီနေရာမှာ သဗ္ဗနာမ်ပုဒ်ကို ပြဆိုထားတယ်လို့ မယူသင့်ပါဘူး၊ ဒါကြောင့် ဒီနေရာမှာလဲ ဝိဟာရော-ပုဒ်ကို မြှုပ်ထားတယ်လို့ ယူပြီးတော့ ထိမ္ပတပါး လို့ အနက်ပြန်ပါတယ်။ နောက်ဂါထာမှာ တတော ကျတော့လဲ နည်းတူဘဲ မှတ်ရမယ်။) တတော၊ ထိမ္ပတပါး။ ဝါဠမိဂါနိ စ၊ သားရဲတို့ကိုလဲ။ ပဋိဟန္တိ၊ ကာကွယ်တတ်၏။

ရှေးတုန်းက ရဟန်းတွေ တရားအားထုတ်နေကြတယ် ဆိုတာဟာ ဇမ္ဗူဒီပ အိန္ဒိယနိုင်ငံမှာ လူသူမနီးတဲ့ တောအရပ်မှာဘဲ များပါတယ်၊ အဲဒီလို တောထဲမှာ ခြင်္သေ့တို့ ကျားတို့ သစ်တို့ ဝက်ဝံတို့ ဆိုတာတွေက ရှိတတ်ပါတယ်၊ ဗမာပြည်မှာလဲ တချို့ တောအရပ်တွေမှာ ကျားတို့ သစ်တို့ ဝက်ဝံတို့ ဆိုတဲ့ ဒီလိုသားရဲတိရစ္ဆာန်တွေဟာ ရှိပါတယ်၊ အဲဒီ သားရဲတွေက ဘေးရန်အန္တရာယ်ပြုတတ်ပါတယ်၊ ကျောင်းခန်းထဲ ဝင်နေယင်တော့ အဲဒီလို သားရဲဘေးရန်တွေဟာ ကင်းနိုင်ပါတယ်၊ အနှောင့်အယှက်မရှိဘဲ စိတ်ချလက်ချနဲ့ တရားကို အားထုတ်နိုင်ပါတယ်။

နောက်ပြီးတော့—

သရီသပေ စ၊ မြွေကင်းတို့ကိုငင်း၊ မကသေ စ၊ ခြင်မှက်တို့ကိုငင်း၊ ပဋိဟန္တိ၊ ကာကွယ်တတ်၏။ တောထဲက မြေပြင်မှာ

နေယင် မြွေတို့ ကင်းတို့ ဆိုတာ ကိုက်နိုင်ပါတယ်။ ကျောင်း
ပေါ် အခန်းထဲ ဝင်နေယင် အဲဒီ မြွေ ကင်း အစရှိတဲ့ ဘေးရန်
တွေမှ လွတ်ကင်းနိုင်ပါတယ်၊ စိတ်ချ လက်ချနဲ့ တရားကို အား
ထုတ်နိုင်ပါတယ်၊ နောက်ပြီးတော့ ကျောင်းခန်းထဲ ဝင်နေယင်
ခြင်တွေ မှက်တွေ ကိုက်ခြင်းမှလဲ လုံးလုံးမကင်းတောင် သက်
သာနိုင်ပါတယ်။ ယခု ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးက စံနစ်
တကျ ခေတ်မီ ဆောက်ထားတဲ့ မဟာစည်ကျောင်းတော်မှာ
တော့ ခြင်တွေ ယင်တွေ မဝင်နိုင်အောင် ခြင်ဆန်ကာတံခါး
တွေပါ တပ်ဆင်ထားတဲ့အတွက် ကောင်းကောင်းလုံခြုံပါတယ်၊
အဲဒီ ခြင်တွေ ယင်တွေ မှက်တွေဟာ မဝင်နိုင်တဲ့အတွက် သူတို့
ကြောင့် အနှောင့်အယှက် မဖြစ်ပဲ ကောင်းကောင်း အေး
ငြိမ်းနေမှာဘဲ၊ အဲဒီ ကျောင်းအောက်က ဓမ္မာရုံခန်းထဲမှာ
တရားနာနေကြတဲ့ ပရိသတ်တွေမှာလဲ အဲဒီ ခြင်ဘေးမှ ကင်း
ဝေးပြီး ချမ်းချမ်းသာသာနဲ့ တရားနာရ နှလုံးသွင်းကြရပါလိမ့်
မယ်၊ အလွန်ကောင်းတဲ့ ကျောင်းပါဘဲ။

နောက်ပြီးတော့-သိသိရေ စ၊ အလွန်အေးမြသော နှင်းလေ
တို့ကိုငှင်း။ ဝုဋ္ဌိယော စ၊ မိုးရေအယဉ်တို့ကိုငှင်း။ ပဋိဟန္တိ၊
ကာကွယ်တတ်၏။ ဆီးနှင်းတွေကျတဲ့ အရပ်ဒေသတွေမှာ
အမိုးအကာမရှိဘဲ အပြင်မှာနေမယ်ဆိုယင် အအေးမိပြီး
သေနိုင်ပါတယ်။ဒီရန်ကုန်လို မိုးများတဲ့အရပ်မှာလဲ ကျောင်း
မရှိဘဲ နေမယ်ဆိုယင် မိုးကာလမှာ မိုးစိုရွှဲပြီး ရောဂါဖြစ်
နိုင်ပါတယ်၊ သေလဲ သေနိုင်ပါတယ်။ ကျောင်းခန်းထဲမှာ
ဝင်နေယင်တော့ အဲဒီဘေးရန်တွေမှ ကင်းလွတ်နိုင်ပါတယ်။
အဲဒီ ဘေးရန်တွေမှကင်းပြီး ချမ်းချမ်းသာသာနဲ့ တရားကို
နှလုံးသွင်း အားထုတ်နိုင်ပါတယ်၊ အဲဒါတွေဟာ ကျောင်း

အလှူဒါနကြောင့် ရဟန်းတော်များမှာ လက်ငင်းရတဲ့ အကျိုး တွေဘဲ။ ကျောင်းဒကာ ကျောင်းအမတွေမှာလဲ အဲဒီလို အကျိုးတွေကို ရအောင်လှူဒါန်းတဲ့အတွက် အဲဒီလို ဘေးရန် အန္တရာယ်တွေကင်းပြီး မိမိတို့အလိုရှိတဲ့ ကောင်းကျိုးချမ်း သာတွေကို မကြောင့်ကြရ မတောင့်တရဘဲ ရသွားနိုင်ပါ တယ်။ လူတွေဟာ ဘေးရန်အန္တရာယ် ကင်းချင်ကြတယ်၊ ကိုယ် ချမ်းသာ စိတ်ချမ်းသာနဲ့ နေချင်ကြတယ်၊ စား ဝတ် နေ ရေး အစစ အရာရာ ပြည့်စုံပြီး နေချင်ကြတယ်၊ ဘေးရန် အန္တရာယ်ကင်းပြီး ချမ်းသာစေနိုင်တဲ့ ကျောင်းကို လှူတဲ့ အတွက် အဲဒီ မိမိတို့အလိုရှိတဲ့အတိုင်း ဘေးရန်အန္တရာယ်ကင်း ပြီး လိုလားအပ်တဲ့ စည်းစိမ်ချမ်းသာတွေနဲ့ ယခုမျက်မှောက် မှာရော နောင်သံသရာ ဘဝအဆက်ဆက်မှာရော ပြည့်စုံသွား နိုင်ပါတယ်၊ ဒီလို သင့်လျော်တဲ့ အကြောင်းအား လျော်စွာ သင့်လျော်တဲ့ အကျိုးတွေကို ရသွားတယ်ဆိုတာကို ဒီဒေသနာ တော်က သိစေပါတယ်။ အဲဒီ ပါဠိဂါထာကို ဘုန်းကြီးက– အေးပူစသား၊ ဘေးရန်များ၊ ပယ်ရှားကင်းစေသည်-လို့ ဆောင် ပုဒ်ကလေး စီထားပါတယ်၊ အအေး အပူအစရှိတဲ့ ဘေးရန် တွေကို ကျောင်းက ကာကွယ်တတ်တယ်၊ ကင်းစေတတ်တယ် လို့ ဆိုလိုပါတယ်။ အဲဒီမှာ စသား-အစရှိသော ဆိုတဲ့စကားဖြင့် သားရဲ မြွေ ကင်း ခြင် မှက် နှင်းလေ မိုးရေယဉ် အစရှိတဲ့ ဘေးရန်တွေကို အကျဉ်းချုံးပြီး ပြထားပါတယ်။ ကဲ အဲဒါကို ဆိုကြရမယ်။

အေးပူ စသား၊ ဘေးရန်များ၊ ပယ်ရှား ကင်းစေသည်။ (ဆို)

နောက်ပြီးတော့—

တတော ဝါတာတပေါ ဃောရော၊ သဋ္ဌာတော ပဋိ-

ဟညတိ-တဲ့

တတော၊ ထိုပြင်။ သဋ္ဌာတော၊ ဖြစ်ပေါ်လာသော။ ဃော-ရော၊ ကြမ်းတမ်းသော။ ဝါတာတပေါ၊ လေပြင်း နေပူကို။ ပဋိဟညတိ၊ ပယ်ဖျောက် ကာကွယ်အပ်သေး၏-တဲ့။ လေပြင်း လေကြမ်းတွေ, အလွန်ပူပြင်းတဲ့ နေရောင်ခြည် အပူတွေကိုလဲ ကျောင်းက ကာကွယ်ပေးတတ်ပါသေးတယ်-တဲ့။အဲဒါကတော့ အလွန်ဘဲ ထင်ရှားနေပါတယ်၊ ကျောင်းခန်းထဲ ဝင်နေယင် လေပြင်းဒဏ်မှလဲ လွတ်ကင်းတယ်၊ နေပူ ရောင်ခြည်ဒဏ်မှလဲ လွတ်ကင်းတယ်၊ ဒီနေရာမှာ ရှေ့ပိုင်းက ဆိုခဲ့တဲ့ ဥဏှ အပူနဲ့ ဒီက အာတပ နေပူဟာ ဘယ်လို ထူးသလဲ ဆိုယင် ဥဏှ အပူဖြင့် မြေမှတက်လာတဲ့ ရာသီဥတုအပူကို ဆိုလိုပါတယ်၊ အာတပ နေပူဖြင့် နေရောင်ခြည်နဲ့ ထိပြီး ပူတာကို ဆိုလိုပါတယ်၊ ဒီလို ထူးတယ်လို့ ယူသင့်ပါတယ်။ သုတ်အဋ္ဌကထာများမှာတော့ ဥဏှ အရ မီးပူကို ယူပြီး တောမီးလောင်တဲ့အခါ စသည်မှာ မီးပူကို ကျောင်းက ကာကွယ်တယ်လို့ ဒီလို ပြဆိုထားပါတယ်။ အဲဒါကတော့ တောမီးလောင်တာက ကြုံခဲတဲ့အတွက် နယ်ကျဉ်းလွန်းပါတယ်။ မြေကြီးမှ ဖြစ်ပေါ်လာတဲ့ ရာသီဥတု အပူတွေလဲ ကြွင်းကျန်နေပါတယ်၊ ဒါကြောင့် ဥတုဝိသဘာဂ-ဝသေန ဝုတ္တံ-လို့ ဖွင့်ပြထားတဲ့ ဒီဝိနည်းအဋ္ဌကထာနှင့်အညီ ရာသီဥတုအပူကို ဥဏှအရ ယူတာက ပိုပြီး သင့်လျော်ပါတယ်၊ အဲဒီ လေပြင်း နေပူ ဘေးရန်တွေကိုလဲ ဆောင်ပုဒ်မှာ စသား-အရဖြင့် ယူရမယ်။

နောက်ပြီးတော့—

လေဏတ္ထဉ္စ သုခတ္ထဉ္စ၊ ဈာယိတုဉ္စ ဝိပဿိတုံ-တဲ့။

လေဏတ္ထဉ္စ၊ ကိန်းအောင်းနေရန်လည်း ဖြစ်ပေ၏။ ကျောင်းဆိုတာ ဆိတ်ဆိတ် ငြိမ်ငြိမ် အေးအေး ချမ်းချမ်းနဲ့ ကိန်းအောင်းနေဘို့ရာလဲ ဖြစ်ပါတယ်တဲ့။ သုခတ္ထဉ္စ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရန်လည်း ဖြစ်ပေ၏။ နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ် ကျောင်းခန်းထဲ ဝင်နေလို့ရှိယင် ကိုယ်ရော စိတ်ရော ချမ်းသာနေပါတယ်၊ ဒါကတော့ အလွန်ထင်ရှားပါတယ်။ ယခု ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးက ခေတ်မှီ စံနစ်တကျ ဆောက်လုပ်ထားတဲ့ မဟာစည်ကျောင်းတော်ကတော့ ဘေးကနေပြီး မြင်ရရုံနဲ့တောင် ကြည့်ရှုတဲ့သူတွေမှာ စိတ်ရွှင်လန်းပြီး ချမ်းသာကြရတယ်၊ ကျောင်းခန်းထဲမှာဆိုယင်တော့ ထိုင်နေစရာတွေရော စင်္ကြံလျှောက်နေစရာတွေရော လဲလျောင်း နေစရာတွေရော ရေချိုးစရာတွေရော အကုန်လုံး စုံနေတာပါဘဲ။ ဒါကြောင့် ဝင်နေတဲ့ ပုဂ္ဂိုလ်မှာ ထိုင်နေယင်လဲ ချမ်းသာမယ်၊ စင်္ကြံလျှောက်နေယင်လဲ ချမ်းသာမယ်၊ စာကြည့် စာရေးနေယင်လဲ ချမ်းသာမယ်၊ လဲလျောင်းနေယင်လဲ ချမ်းသာမယ်၊ နေရာတကာမှာဘဲ ချမ်းသာနေမယ်၊ ဓမ္မာရုံခန်းထဲမှာ တရားနာကြတဲ့ ပုဂ္ဂိုလ်တွေလဲ ချမ်းသာမယ်၊ ခဏတဖြုတ် ဝင်ကြည့်တဲ့ ပုဂ္ဂိုလ်တွေတောင် ချမ်းသာကြမှာဘဲ။ ဒါကြောင့် ဒီကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းတာဟာ ချမ်းသာ အပင်ကြီး စိုက်ပေးထားသလို ချမ်းသာတွေကို အမြဲတမ်း လှူရာလဲရောက်ပါတယ်၊ အင်မတန် ဝမ်းသာစရာ ကောင်းပါတယ်။ အဲဒါကို ဘုန်းကြီးက-ကိန်းအောင်းနေရန်၊ ချမ်းသာရန်၊ အမှန်

ဖြစ်ပေသည်-လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

ကိန်းအောင်းနေရန်၊ ချမ်းသာရန်၊ အမှန် ဖြစ်ပေသည်။

နောက်ပြီးတော့-ဈာယိတုဥ္စ ဝိပဿိတုံ။

ဈာယိတုဥ္စ၊ သမထဈာန်ကို ဝင်စားရန် အလို့ငှာလည်း ဖြစ်ပေ၏။ အပြင်ဘက်မှာ ဆိုယင် ဟိုအာရုံ ဒီအာရုံတွေဆီကို ရောက်ပြီး စိတ်ပျံ့လွင့်တတ်တယ်၊ ကျောင်းခန်းထဲမှာ ဝင်ပြီး နှလုံးသွင်းနေယင်တော့ အပြင်အာရုံတွေကို မမြင်ရ မကြားရတဲ့အတွက် သမာဓိရလွယ်တယ်၊ ယခု ယောဂီတွေလဲ ဒီလိုပါဘဲ၊ အပြင်မှာ အားထုတ်တာနဲ့ ကျောင်းခန်းထဲမှာ အားထုတ်တာဟာ မတူဘူး၊ အခန်းထဲမှာ အားထုတ်နေလို့ရှိယင် စိတ်ပျံ့လွင့်မှု သက်သာပြီးတော့ သမာဓိ ရလွယ်တယ်။

နောက်ပြီးတော့-ဝိပဿိတုံ စ၊ ဝိပဿနာရှုရန် အလို့ငှါလည်း ဖြစ်ပေ၏။ ဝိပဿနာ ဆိုတာ ရုပ်နာမ် တရားတွေကို အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတို့ဖြင့် အမှန်အတိုင်း သိအောင် ရှုရတာဘဲ၊ အဲဒီလို သိတဲ့ဉာဏ်ကလဲ သမာဓိရမှ ဖြစ်တာ၊ အပြင်ဘက်မှာ ဆိုတော့ ဟိုမြင် ဒီမြင် ဟိုရောက် ဒီရောက်နဲ့ သမာဓိ မဖြစ်ပဲလဲ ရှိတတ်တယ်၊ သမာဓိ မဖြစ်တော့ ဉာဏ်ကလဲ ကောင်းကောင်း မဖြစ်ဘူး၊ နောက်ပြီးတော့ အပြင်ဘက်မှာ ဆိုယင် အအေး အပူ ခြင် ယင် အစရှိသော ဘေးရန်တွေကြောင့်လဲ ရှုမှတ်လို့ မကောင်းဘဲ ရှိနေတတ်တယ်၊ ကျောင်းခန်းထဲမှာတော့ အဲဒီအန္တရာယ်တွေ ကင်းနေတဲ့ အတွက် သာမာဓိရပြီး ဉာဏ်လဲ ဖြစ်လွယ်တတ်ပါတယ်၊ ဒါကြောင့် ဝိပဿနာ ရှုဘို့လဲ ဖြစ်တယ်လို့ ဆိုထားပါတယ်။

အဲဒီ နှစ်ပိုဒ်ကိုလဲ-စျာန်ဝင်စားရန်၊ ရှုမှတ်ရန်၊ ကေန် သင့်ပေသည်-လို့ ဆောင်ပုဒ် စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

စျာန်ဝင်စားရန်၊ရှုမှတ်ရန်၊ ကေန် သင့်ပေသည်။

သမထ ဝိပဿနာ အကြောင်းတွေကိုတော့ နက်ဖြန်ခါကျမှ အချိန်ရသလောက် ထည့်သွင်းပြီးတော့ ပြောရမယ်။

နောက်ပြီးတော့—

ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ-တဲ့။

သံဃဿ၊ သံဃာတော်အား။ ဝိဟာရဒါနံ၊ ကျောင်းလှူခြင်းကို။ အဂ္ဂံ၊ အမြတ်ဆုံးဟူ၍။ ဗုဒ္ဓေန၊ မြတ်စွာဘုရားက။ ဝဏ္ဏိတံ၊ ချီးကျူးတော်မူအပ်၏။ သံဃာတော်အား ကျောင်းဆောက်ပြီး လှူတာကို အမြတ်ဆုံးဘဲလို့ မြတ်စွာဘုရားက ချီးကျူးတော် မူပါတယ် တဲ့။ ရှေးရှေးက မရေမတွက်နိုင်သော ဘုရားရှင်တွေကလဲ ဒီအတိုင်းဘဲ ချီးကျူးတော် မူကြတယ်၊ နောင်ကာလမှာ ပွင့်တော်မူကြမဲ့ ဘုရားရှင်တွေကလဲ ဒီအတိုင်းဘဲ ချီးကျူးတော်မူကြမယ်၊ ဘုရားတိုင်းက အမြတ်ဆုံးလို့ ချီးကျူးအပ်တဲ့ အလှူဒါန ဖြစ်ပါတယ် တဲ့။ သင်္ကန်းလှူတာလဲ အကျိုးကြီးတာဘဲ၊ ဆွမ်း လှူတာလဲ အကျိုးကြီးတာဘဲ၊ ဆေးပစ္စည်း လှူတာလဲ အကျိုးကြီးတာဘဲ၊ ဒါပေမဲ့ ကျောင်းလှူတဲ့ ဒါနကိုတော့ အမြတ်ဆုံးလို့ ဘုရားရှင်တွေက ချီးကျူးတော်မူကြပါတယ် တဲ့။ အဲဒါကို နက်ဖြန်ခါကျမှ အကျယ်ချဲ့ပြီး ဟောရမယ်၊ ဒီကနေ့တော့ တရားအစဉ်ကလေး စဉ်မိရုံ အကျဉ်းလောက် ပြောသွားရမှာဘဲ။ အဲဒါကိုလဲ ဘုန်းကြီးက—

ကျောင်းလှူဒါန၊ ကျိုးကြီးလှ၊ ဗုဒ္ဓချီးကျူးသည်-လို့ ဆောင်ပုဒ် စီထားပါတယ်။ ကဲ အဲဒါကို ဆိုကြရမယ်။

ကျောင်းလှူဒါန၊ ကျိုးကြီးလှ၊ ဗုဒ္ဓ ချီးကျူးသည်။

## မြတ်စွာဘုရား ချီးကျူးတော်မူပုံ
## (၁၀)

အမြတ်ဆုံးဖြစ်ကြောင်း အကျိုးကြီးကြောင်း ဘယ်လို ချီးကျူးထားသလဲ ဆိုယင်—

သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ-လို့ ဒီလိုလဲ ချီးကျူးထားပါတယ်။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဥပဿယံ၊ မှီခိုနေထိုင်စရာ ကျောင်း အဆောက်အဦကို။ ဒဒါတိ၊ ပေးလှူ၏။ သော စ၊ ထိုပုဂ္ဂိုလ်သည်ကား။ သဗ္ဗဒဒေါ၊ အလုံးစုံကို ပေးလှူသည် မည်ပေ၏။ ဆွမ်းကို ပေးလှူယင် ခွန်အား ဗလကို ပေးလှူသည် မည်တယ်၊ သင်္ကန်းကို ပေးလှူယင် အရုပ်အဆင်း လှပ တင့်တယ်ခြင်းကို ပေးလှူသည် မည်တယ်၊ ယာဉ်ရထားကို ပေးလှူယင် ချမ်းသာကို ပေးလှူသည် မည်တယ်၊ ဆီမီးကို ပေးလှူယင် မျက်စိအမြင်ကို ပေးလှူသည် မည်တယ်၊ အဲဒီလို ပစ္စည်းတမျိုးတမျိုးကို လှူယင် အကျိုးတမျိုးတမျိုးကိုသာ လှူရာရောက်တယ်၊ ဟောဒီကျောင်းကို လှူလိုက်ယင်တော့ အဲဒီအကျိုးလေးမျိုးစလုံးကို အကုန်လုံး လှူရာရောက်ပါတယ်တဲ့၊ ဒီလိုလဲ ချီးကျူးထားပါတယ်။ အဲဒါကို–ကျောင်းလှူသူဟာ၊ လုံးစုံပါ၊ လှူရာရောက်ပေသည်- လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

ကျောင်းလှူသူဟာ၊ လုံးစုံပါ၊ လှူရာရောက်ပေသည်။

နောက်ပြီးတော့—

တေသံ ဒိဝါ စ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဍတိ—
လို့ ဒီလိုလဲ ချီးကျူးထားပါတယ်။

တေသံ၊ အစဉ်ထာဝရတည်သော ကျောင်းအဆောက်အဦ စသည်ကို လှူသော ထိုပုဂ္ဂိုလ်တို့အား။ ဒိဝါ စ၊ နေ့၌ရင်း။ ရတ္တော စ၊ ညဉ့်၌ရင်း။ သဒါ၊ အခါခပ်သိမ်း။ ပုညံ၊ ကောင်းမှု ကုသိုလ်သည်။ ပဝဍ္ဍတိ၊ တိုးပွါးလေတော့၏။ ကျောင်းကို လှူတဲ့သူတွေမှာ နေ့ရော ညရော အခါခပ်သိမ်း ကောင်းမှု ကုသိုလ်တွေ ဖြစ်ပွါးနေတယ်၊ ဘယ်အချိန်မဆို မိမိတို့ လှူထား တဲ့ ကျောင်းကို အာရုံပြုပြီး ကုသိုလ်တွေ ပွါးနေတယ်၊ အဲဒီ ကုသိုလ်တွေဟာ လူ့ချမ်းသာရဘို့ နတ်ချမ်းသာရဘို့ နိဗ္ဗာန် ချမ်းသာရဘို့ ဒီချမ်းသာ ၃-မျိုးကို ရဘို့ အကြောင်းတရားတွေ ဘဲ၊ ချမ်းသာဆိုတာ လူတိုင်း လူတိုင်း လိုချင်ကြတယ်၊ ချမ်း သာလိုချင်ယင် ချမ်းသာကြောင်းတရားကို အားထုတ်ရလိမ့် မယ်၊ အဲဒီ ချမ်းသာကြောင်းဆိုတာ တခြား မဟုတ်ဘူး၊ ကုသိုလ်တရားတွေဘဲ၊ ဒီကုသိုလ်တရားတွေဟာ ကျောင်းလှူ တဲ့သူမှာ နေ့ရော ညရော အခါခပ်သိမ်း သူ့အလိုလို ဖြစ်ပွါး နေတယ် ဆိုတော့ သိပ်နေရာကျတာဘဲ။ အဲဒါကိုလဲ-နေ့ညဉ့် မခြား၊ ကုသိုလ်များ၊ ဖြစ်ပွါးလေတော့သည်-လို့ ဆောင်ပုဒ် စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

နေ့ညဉ့် မခြား၊ ကုသိုလ်များ၊ ဖြစ်ပွါးလေတော့သည်။

အဲဒီလို ကျောင်းအလှူဟာ အကျိုးအကြီးဆုံး အမြတ်ဆုံး ဖြစ်တဲ့အတွက် သံသရာတလျှောက်လုံး ချမ်းသာဘို့အရေးကို မြော်တွေးသိမြင်နိုင်တဲ့ပုဂ္ဂိုလ်ဟာ ကျောင်းများကို ဆောက်

လုပ်ပြီး လှူရမယ်၊ အဲဒီ ကျောင်းတွေမှာ အကြားအမြင်များ ပြီး ကြည်ညိုဘွယ်ဂုဏ်တွေနှင့် ပြည့်စုံတဲ့ ရဟန်းတော်တွေကို ပင့်တင်ပြီး ကိုးကွယ်ရမယ်၊ ဆွမ်း အဖျော် သင်္ကန်း နေရာ အိပ်ရာတို့ကိုလဲ လှူရမယ်။ ဒါကြောင့်—

တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။

ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေတ္ထ ဗဟုဿုတေ။

တေသံ အန္နဉ္စ ပါနဉ္စ၊ ဝတ္ထသေနာသနာနိ စ။

ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ။

ဒီလိုလဲ တိုက်တွန်းတော်မူပါတယ်။

တသ္မာ၊ ထိုသို့ အမြတ်ဆုံးဒါန ဖြစ်သောကြောင့်။ ပဏ္ဍိ-တော၊ မြော်မြင်နိုင်တဲ့ ဉာဏ်ပညာရှိသော။ ပေါသော၊ ပုဂ္ဂိုလ်သည်။ အတ္တနော အတ္ထံ၊ မိမိ၏အကျိုးကို။ သမ္ပဿံ၊ မြော်မြင်လျက်။ ရမ္မေ၊ နှလုံးမွေ့လျော်ဘွယ်ရှိကုန်သော။ ဝိဟာရေ၊ ကျောင်းတို့ကို။ ကာရယေ၊ ဆောက်လုပ်စေ၍ ပေးလှူရာ၏။ ဧတ္ထ၊ ဤကျောင်းတို့၌။ ဗဟုဿုတေ၊ အကြားအမြင်များကုန်သော ရဟန်းတို့ကို။ ဝါသယေ၊ သီတင်းသုံး နေထိုင်စေရာ၏။ တေသံ၊ ထိုကျောင်းနေရဟန်းတို့အား။ အန္နဉ္စ၊ ဆွမ်းကိုရင်း။ ပါနဉ္စ၊ အဖျော်ကိုရင်း။ ဝတ္ထသေနာသနာနိ စ၊ သင်္ကန်း နေထိုင်စရာ အိပ်စရာ အသုံးအဆောင်တို့ကိုရင်း။ ဥဇုဘူတေသု ဝိပ္ပ-သန္နေန စေတသာ၊ ဖြောင့်စွာဖြစ်သော အရိယာတို့၌ ကြည်ညိုသော စိတ်ဖြင့်။ ဒဒေယျ၊ ပေးလှူရာ၏-တဲ့။ ဒါဟာ မြတ်စွာဘုရားက ကျောင်းဆောက်လှူဘို့ တိုက်တွန်းတဲ့ စကားဘဲ။

## ဗဟုသုတရှိတဲ့ဘုန်းကြီး ကိုးကွယ်ရမည်တဲ့

## (၁၁)

အဲဒီထဲမှာ အရေးကြီးတာက ဗဟုသုတနှင့် ပြည့်စုံတဲ့ရဟန်းများ ကိုးကွယ်ရမယ်ဆိုတဲ့ စကားကလေးဘဲ၊ အဲဒါက အရေးကြီးလို့ မြတ်စွာဘုရားကိုယ်တိုင်က ညွှန်ပြတော်မူခဲ့တာ။ ငွေတွေ အမြောက်အမြား အကုန်ခံပြီး ကျောင်းဆောက်၊ အဲဒီကျောင်းမှာ ပင့်တင်ပြီး ဆရာအဖြစ်နဲ့ ကိုးကွယ်တယ်ဆိုတာ အလွန် အရေးကြီးပါတယ်၊ လူ့ ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို ရချင်လို့၊ အဲဒီ ချမ်းသာတွေရကြောင်း ကုသိုလ်တည်းဟူသော ဥစ္စာတွေကို ရချင်လို့ ကိုးကွယ်ကြရတာ မဟုတ်လား၊ ဒီတော့ ကျောင်းဒကာ ကျောင်းအမတွေကို အသိအလိမ္မာပေးနိုင်တဲ့ ကုသိုလ်ဖြစ်ပွါးအောင် ညွှန်ကြားဟောပြနိုင်တဲ့ ဆရာရဟန်းကို ကိုးကွယ်ဘို့ရာ အလွန်ဘဲလိုပါတယ်။ ဒါကြောင့် အဋ္ဌကထာ ဆရာက ဒီနေရာမှာ-ပရိယတ္တိဗဟုဿုတေ စ၊ စာပေပရိယတ် အကြားသုတရှိသော ရဟန်းတို့ကိုငင်း။ ပဋိဝေဓဗဟုဿုတေ စ၊ ဉာဏ်တွေ့ အမြင်သုတရှိသော ရဟန်းတော်တို့ကိုငင်း။ ဝါသယေ၊ သီတင်းသုံးနေထိုင်စေရမယ်-လို့ ပေါ်ပေါ်လွင်လွင်ကြီး ဖွင့်ပြထားပါတယ်။

စာပေပရိယတ် ဗဟုသုတ ဆိုတာ စာပေကျမ်းဂန် တတ်သိတာကို ဆိုပါတယ်၊ အဲဒါဟာ ကိုယ်ပိုင်ဉာဏ်နဲ့ တွေ့တာ မဟုတ်သေးဘူး၊ တဆင့်ကြား သဘောမျှသာ ဖြစ်လို့ အဲဒါကို ရှေးဆရာတွေက အကြားလို့ ပြန်ဆိုခဲ့ကြပါတယ်။ ပဋိဝေဓသုတဆိုတာ ဉာဏ်ဖြင့် တွေ့သိတာကို ဆိုပါတယ်၊ အဲဒါဟာ အမြင့်အမြတ်ဆုံး ဆိုယင်တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် အတွေ့အမြင်ပါ

ဘဲ၊ ဩမကနည်းအရ ဆိုယင် ဥပစာ အပ္ပနာစျာန်သမာဓိတွေ ဝိပဿနာဉာဏ်တွေကိုလဲ ယူရပါတယ်၊ ဒါကြောင့် ကျောင်း ထိုင်ဘုန်းကြီး အဖြစ်ဖြင့် တင်ထားကိုးကွယ်ရမည့် ရဟန်းတော် ဟာ စာပေကျမ်းဂန်တတ်ဖို့လဲ လိုပါတယ်၊ သမထဝိပဿနာ တရားကို ထိထိမိမိ အားထုတ်ဘူးဘို့လဲ လိုပါတယ်၊ ပြည့်စုံနိုင် မယ်ဆိုယင် မဂ်ဖိုလ်ဉာဏ်နှင့် ပြည့်စုံဘို့လဲ လိုပါတယ်၊ အဲဒီ ထဲမှာ မဂ်ဖိုလ်ဉာဏ်နှင့် ပြည့်စုံတယ် မပြည့်စုံဘူး ဆိုတာကို တော့ သိဘို့ မလွယ်ပါဘူး၊ သမထဝိပဿနာအလုပ်ကို အချိုး တကျ အားထုတ်ဘူးတယ် အားမထုတ်ဘူးဘူး ဆိုတာကတော့ သိဘို့လွယ်ပါတယ်။ ဒါကြောင့် စာပေကျမ်းဂန်အရာမှာ လမ်း မှန်ကို ဟောနိုင်လောက်အောင် တတ်သိတဲ့ဂုဏ်, သမထ ဝိပဿ နာအလုပ်ကို ထိထိမိမိ ကျကျနန အားထုတ်ဘူးတဲ့ဂုဏ် ဒီဂုဏ် ၂-မျိုးနှင့် ပြည့်စုံတဲ့ ဆရာဘုန်းကြီးကို မိမိတို့ကျောင်းမှာ ပင့် တင်ပြီး ကိုးကွယ်ဘို့လိုပါတယ်၊ ဒါမှ-တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာပနူဒနံ-လို့ ဟောထားတဲ့ အကျိုးကိုလဲ ရနိုင်မှာ။

တေ၊ ထိုကျောင်း၌ နေထိုင်သော ဆရာရဟန်းတော်တို့ သည်။ တဿ၊ ထိုကျောင်းဒါယကာအား။ သဗ္ဗဒုက္ခာပနူဒနံ၊ အလုံးစုံသောဆင်းရဲကို ပယ်ဖျောက်တတ်သော။ ဓမ္မံ၊ တရား ကို။ ဒေသေန္တိ၊ ဟောကြားလေကုန်၏-တဲ့။ ကျောင်းနေဘုန်း ကြီးက ကျောင်းဒကာကို တရားဟောပါလိမ့်မယ်တဲ့။ ဘယ်လို တရားကို ဟောမလဲဆိုယင် ဆင်းရဲအလုံးစုံကို ပယ်ဖျောက်နိုင် တဲ့တရားကို ဟောပါလိမ့်မယ်၊ အင်း-ဒါဟာ တယ်မလွယ်ဘူး၊ တရားဟောတယ်ဆိုတာက ကိုယ်သန်ရာ ကိုယ်ဟောတတ်ကြ တာဘဲ၊ တချို့က ပေးလှူချင်အောင် ဒါနကထာလောက် ဟောတတ်ကြတယ်၊ သီလကျင့်သုံးချင်အောင်တောင် မဟော

တတ်ဘူး၊ တချို့က နာကြားကောင်းရုံလောက်သာ ဟောတတ် တယ်၊ တချို့က ဗဟုသုတဖြစ်ရုံသာ ဟောတတ်တယ်၊ အဲဒါ လောက်နဲ့တော့ ဆင်းရဲအလုံးစုံကို မပယ်နိုင်သေးပေဘူး၊ မဂ် ရောက် ဖိုလ်ရောက် သမထဝိပဿနာအလုပ်ကို ကျကျနန ဟောနိုင်ဘို့လိုပါတယ်၊ တချို့ကလဲ ကိုယ်တွေ့ဆိုပြီး ထင်ရာ မြင်ရာတွေကို ဟောတတ်ဘယ်၊ ဗုဒ္ဓစာပေနဲ့ မညီယင် ကိုယ်တွေ့ ဆိုတာတွေကလဲ အသုံးမကျဘူး၊ အရေးကြီးပါတယ်။

ဒီတော့ ကိုယ်တွေ့လဲ ရှိတန်သမျှ ရှိရမယ်၊ စာပေနဲ့လဲ ညီရ မယ်၊ အဲဒီလို တရားကိုဟောဘို့ လိုပါတယ်၊ အဲဒီလို ဟောတော့ ဆင်းရဲငြိမ်းကြောင်း တရားကိုလဲ ကျောင်းဒကာမှာ နာကြား ရပါတယ်တဲ့။ အဲဒါကိုလဲ-ဆင်းရဲပယ်ရှား၊မြတ်တရား၊ နာကြား ရပြန်သည်-လို့ ဆောင်ပုဒ်စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

ဆင်းရဲပယ်ရှား၊ မြတ်တရား၊ နာကြားရပြန်သည်။

## အမြင့်အမြတ်ဆုံးအကျိုး

အဲဒီလို တရားကောင်းကို နာကြားရတော့ ဘာဖြစ်တုံး ဆိုယင်—

**ယံ သော ဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာတိ နာသဝေါ-တဲ့။**

ယံ၊ ကျောင်းနေရဟန်းတော်တို့က ဟောသော ဆင်းရဲ ငြိမ်းကြောင်း ယင်းတရားကို။ သုတ္တွာ၊ ကြားနာရ၍။ သော၊ ထိုကျောင်းဒါယကာသည်။ ဓမ္မံ၊ သစ္စာလေးတန် တရားမှန်ကို။ ဣဓ၊ ဤမျက်မှောက်ဘဝ၌ပင်လျှင်။ အညာယ၊ သိ၍။ အနာ- သဝေါ၊ အာသဝေါကင်းကွာ ရဟန္တာဖြစ်၍။ ပရိနိဗ္ဗာတိ၊ ဆင်းရဲခပ်သိမ်း ငြိမ်းလေတော့၏-တဲ့။

ကျောင်းနေရဟန်းတော်က ဟောတဲ့ သမထဝိပဿနာ တရားကို ကြားနာပြီးတော့ ကျောင်းဒကာ ကျောင်းအမတွေဟာ တရားအားထုတ်မယ်၊ အဲဒီလို အားထုတ်တော့ ယခုဘဝ တွင်ဘဲ မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်တွေ့နိုင်လောက်အောင် ပါရမီ ဣန္ဒြေ ရင့်ကျက်နေတဲ့သူတွေဖြစ်လို့ ရှိယင် ယခုဘဝတွင်ဘဲ မဂ်ဖိုလ်တရားထူးကို ကိုယ်တိုင်တွေ့ သိမြင်ပါလိမ့်မယ်၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်ပြီး အာသဝေါကုန်ခန်း ရဟန္တာဖြစ်ပါလိမ့်မယ်၊ အဲဒီလို ရဟန္တာဖြစ်ပြီး ဆင်းရဲခပ်သိမ်း ငြိမ်းရပါလိမ့်မယ်- တဲ့။ ဒါက ဥက္ကဋ္ဌနည်းအားဖြင့် မြတ်စွာဘုရားက အမြင့်အမြတ်ဆုံး အကျိုးအထိ ဟောလိုက်ခြင်း ဖြစ်ပါတယ်၊ ရဟန္တာဖြစ်ဖို့ဆိုတာက တယ်မလွယ်ပါဘူး၊ ဒီတော့ ရဟန္တာမဖြစ်ယင် အနာဂါမ် ဖြစ်ပါလိမ့်မယ်၊ အနာဂါမ် မဖြစ်နိုင်ယင်လဲ သကဒါဂါမ် ဖြစ်ပါလိမ့်မယ်၊ သကဒါဂါမ်မဖြစ်ယင်လဲ သောတာပန်ဖြစ်ပါလိမ့်မယ်၊ ဒါလောက်တော့ ဖြစ်အောင် အားထုတ်ဖို့ လိုပါတယ်၊ သောတာပန်လောက် ဖြစ်ယင်လဲ အပါယ်ဆင်းရဲတွေ ခုနစ်ဘဝထက် ပိုလွန်ပြီး ဖြစ်မည့် ဆင်းရဲတွေ အများကြီး ငြိမ်းသွားပါပြီ၊ အဲဒါကတော့ ယခုခေတ် လူတွေရဲ့ အခြေအနေအရ လျှော့ပြီးယူတဲ့ ဩမကနည်း တဲ့။ သောတာပန်တောင် မဖြစ်နိုင်သေးယင်တော့ စူဠသောတာပန်လောက်ကတော့ အားထုတ်တဲ့သူမှာ ဖြစ်ဖို့ သေချာပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက—

ယံ၊ ကျောင်းနေရဟန်းတော်တို့က ဟောသော ဆင်းရဲ ငြိမ်းကြောင်း ယင်းတရားကို။ သုတွာ၊ ကြားနာရ၍။ သော၊ ထိုကျောင်းဒါယကာသည်။ ဓမ္မံ၊ သစ္စာ ၄-တန် တရားမှန်ကို။ ဣဓ၊ ဤမျက်မှောက်ဘဝ၌ပင်လျှင်။ အညာယ၊ သိ၍။ အနာ

သဝေါ၊ အာသဝေါကင်းကွာ ရဟန္တာဖြစ်၍။ ပရိနိဗ္ဗာတိ၊ ဆင်းရဲခပ်သိမ်း ငြိမ်းလေတော့သတည်း-လို့ ဟောတော်မူပါတယ်။ အဲဒါကိုလဲ–ကျောင်းအလှူ ရှင်၊ တရားမြင်၊ ခုပင် ငြိမ်းနိုင်သည်-လို့ ဆောင်ပုဒ် စီထားပါတယ်၊ ကဲ အဲဒါကို ဆိုကြရမယ်။

ကျောင်းအလှူ ရှင်၊ တရားမြင်၊ ခုပင် ငြိမ်းနိုင်သည်။

ကျောင်းဒကာ ကျောင်းအမ ဖြစ်တဲ့သူဟာ ဆရာဘုန်းကြီးထံမှ တရားနာပြီး နှလုံးသွင်း အားထုတ်သဖြင့် အဲဒီတရားကို ကိုယ်ဘိုင်တွေ့ သိမြင်ပြီး ယခုဘဝမှာဘဲ ဆင်းရဲငြိမ်းနိုင်ပါတယ်၊ အဲဒီအကျိုးကိုလဲ ရပါတယ်- တဲ့။ အဲဒီမှာ ခုပင် ငြိမ်းတယ် ဆိုတာကတော့- ဍ္ဃဋ အညာယ-ဆိုတဲ့ ပါဠိအရ ဥက္ကဋ္ဌနည်းပေါ့၊ ယခုဘဝတွင် မငြိမ်းနိုင်သေးယင် ခုနက ပြောခဲ့တဲ့ဩမကနည်းအရ ယခုဘဝက သိတန်သမျှ သိပြီး နောင်တခုခုသော ဘဝမှာ ငြိမ်းပါလိမ့်မယ်။ အဲဒါကတော့ ယခုယောဂီတွေမှာ ဆိုယင် ကိုယ်တွေ့သဘောဖြစ်ပြီး ထင်ရှားနေပါတယ်။

## ဝေလာမအလှူထက်လဲ အကျိုးကြီးတယ်

## (၁၂)

ဝေလာမသုတ်မှာ အဆင့်ဆင့် အကျိုးကြီးပုံတွေကို ဒီလိုဟောထားပါတယ်၊ ရှေးက ဝေလာမ ဆိုတဲ့ ဘုရားအလောင်းပုဏ္ဏားသေဌေးကြီးဟာ တဆယ့် နှစ်ယူဇနာကျယ်တဲ့ နယ်ပယ်အတွင်းမှာ ထမင်းချက်ရုံတွေ နေသားတကျ ပြုလုပ်ပြီးတော့ ၇-နှစ် ၇-လ ပတ်လုံး လာလာသမျှ လူတွေကို ချက်ပြုတ်ကျွေးမွေး လှူဒါန်းနေတယ်၊ နောက်ဆုံးမှာ ကုဋေကုဋာ များစွာသော ရွှေငွေ အဝတ်အထည် စသည်တွေကိုလဲ လှူဒါန်းတယ်၊

အင်မတန် ကြီးကျယ်တဲ့ အလှူကြီးပါဘဲ၊ အဲဒီ ဝေလာမအလှူထက် သောတာပန်တပါးကို ကျွေးလှူတာက သာပြီး အကျိုးကြီးတယ်၊ သောတာပန်တရာကို ကျွေးလှူတာထက် သကဒါဂါမ်တပါးကို ကျွေးလှူတာက သာပြီး အကျိုးကြီးတယ်၊ သကဒါဂါမ်တရာထက် အနာဂါမ်တပါးကို ကျွေးလှူတာက သာပြီး အကျိုးကြီးတယ်၊ အနာဂါမ်တရာထက် ရဟန္တာတပါးကို ကျွေးလှူတာက သာပြီး အကျိုးကြီးတယ်၊ ရဟန္တာတရာထက် ပစ္စေကဗုဒ္ဓါတပါးကို ကျွေးလှူတာက သာပြီး အကျိုးကြီးတယ်၊ ပစ္စေကဗုဒ္ဓါတရာထက် မြတ်စွာဘုရားကို ဆွမ်းကပ်လှူတာက သာပြီး အကျိုးကြီးတယ်၊ ဘုရားတပါးတည်း ကပ်လှူတာထက် ဘုရားအမှူးရှိသော သံဃာကို ဆွမ်းကပ်လှူတာက သာပြီး အကျိုးကြီးတယ်၊ အဲဒီ ဝေလာမအလှူမှ စပြီး ဘုရားအမှူးရှိသော သံဃာအထိ ကျွေးမွေးကပ်လှူတဲ့ ဆွမ်းအလှူဟူသမျှထက် လေးပင်တိုင်မျှ သံဃိကကျောင်းအလှူက သာပြီး အကျိုးကြီးတယ်လို့ ဟောထားပါတယ်၊ အဲဒါကို နက်ဖြန်ခါကျမှ အချိန်ရသလောက် အကျယ်ဟောရမယ်၊ ဒီကနေ့တော့ အဲဒီ အလှူတွေနဲ့ဆိုင်တဲ့ ဆောင်ပုဒ်ကလေးတွေကို ဆိုရုံဘဲ ဆိုသွားကြစို့။

ခုနစ်နှစ် ခုနစ်လ၊ ဝေလာမ၊ ကြီးစွ ပေးလှူသည်။
ဆယ့်နှစ်ယူဇနာ၊ ကျယ်ပြန့်စွာ၊ ချက်ကာ ကျွေးမွေးသည်။
ရှစ်သောင်းလေးထောင်စီ၊ ဝတ်ကိုးမည်၊ လှူသည် ရက်ရော
စွာ။
ရွှေခွက် ငွေခွက်၊ ကြေးစင်ခွက်၊ ဆင်နက် ရထားပါ။
နို့စား နွားမ၊ ပလ္လင်၊ ကညာ ဝတ်ထည်ပါ။

ထိုတွင် ဝတ်ထည်၊ ကုဋေချီ၊ လှူသည် များလှစွာ။
သောတာပန်တပါး၊ကျွေးလှူငြား၊ ကျိုးများ ထိုထက်သာ။

သောတာပန်တရာထက် သကဒါဂါမ်တပါး ကျွေးတာက သာ၍ အကျိုးကြီးသည်၊ သကဒါဂါမ် တရာထက် အနာဂါမ် တပါး ကျွေးတာက သာ၍ အကျိုးကြီးသည်၊ အနာဂါမ်တရာ ထက် ရဟန္တာတပါး ကျွေးတာက သာ၍ အကျိုးကြီးသည်၊ ရဟန္တာတရာထက် ပစ္စေကဗုဒ္ဓါတပါး ကျွေးတာက သာ၍ အကျိုးကြီးသည်၊ ပစ္စေကဗုဒ္ဓါတရာထက် မြတ်စွာဘုရား ဆွမ်း လှူတာက သာ၍ အကျိုးကြီးသည်၊ ဘုရားတပါးတည်းထက် ဘုရားအမှူးရှိသံဃာ ဆွမ်းလှူတာက သာ၍ အကျိုးကြီးသည်၊ ဘုရားအမှူးရှိ သံဃာ ဆွမ်းလှူတာထက် သံဃိက ကျောင်း အလှူက သာ၍ အကျိုးကြီးသည်။

အဲဒီမှာ သံဃိကကျောင်း ဆိုတာက ဘယ်လောက် ကြီး ကျယ်တဲ့ ကျောင်းပါလဲလို့ ဆိုယင် တိုင်ကလေး ၄-တိုင်နဲ့ ဆောက်ထားတဲ့ ၄-တောင်ခန့်သာကျယ်တဲ့ တပါးနေလောက်ရုံ ကျောင်းကလေး ဆိုယင်လဲ အဲဒီ ကျောင်းအလှူဟာ ခုနက ပြောခဲ့တဲ့ ဝေလာမ အလှူမှ ဘုရားအမှူးရှိတဲ့သံဃာ ဆွမ်း အလှူအထိ အားလုံးထက် အကျိုးကြီးပါတယ်လို့ အဋ္ဌကထာ က ဖွင့်ပြထားပါတယ်၊ ဘယ်လောက်အားရစရာ ကောင်းသလဲ၊ အင်မတန်ကို အားရစရာ ကောင်းပါတယ်။ ယခု ဗုဒ္ဓသာသနာ- နုဂ္ဂဟအဖွဲ့က ဦးဆောင်ပြီး အများကောင်းမှုဖြင့် ဆောက် လုပ်ပြီးလို့ နက်ဖြန်ခါ ရေစက်ချမည့် မဟာစည် ကျောင်းတော် ကတော့ မူလက တသိန်းခွဲနဲ့ ခန့်မှန်းပြီး ဆောက်လုပ်လာခဲ့တာ ယခုတော့ နှစ်သိန်းလောက် ကုန်နေပြီလို့ ဆိုပါတယ်၊ အဲဒီတော့

ဒီနှစ်သိန်းတန် အင်မတန် ခမ်းနားတင့်တယ်တဲ့ ကျောင်းတော်ကြီးကို လှူဒါန်းရတဲ့ ဒကာ ဒကာမတွေမှာ ကျောင်းအလှူဒါန၏ အကျိုးကြီးပုံတွေကိုတော့ ပြောလို့တောင် မကုန်နိုင်တော့ပါဘူး၊ အင်မတန် ဝမ်းသာစရာ ကောင်းပါတယ်။

ဒါပေမဲ့ တချို့က ဒီလိုလဲ စဉ်းစားကောင်း စဉ်းစားလိမ့်မယ်၊ ယခု ရေစက်ချမည့်ကျောင်းက မဟာစည်ကျောင်းတော်လို့ အမည်တပ်ထားတော့ သံဃိက ဖြစ်ပါမည်လားလို့ စဉ်းစားကောင်း စဉ်းစားလိမ့်မယ်။ အမည်ကတော့ ဝေါဟာရသုခတ္ထံ-ခေါ်လွယ်ခြင်း အကျိုးရှိတယ် ဆိုတဲ့ အတိုင်း ခေါ်လွယ်ရုံမျှသင့်လျော်အောင် တတ်ထားတာပါဘဲ၊ မဟာစည်ဆရာတော်သီတင်း သုံးဘို့လို့ ဒကာ ဒကာမအများက ရည်ရွယ်ရင်းရှိပေမဲ့ ရေစက်ချတဲ့အခါကျတော့ ဘုန်းကြီးက ပုဂ္ဂလိကအနေနဲ့ ရေစက်မချပါဘူး၊ ဘုန်းကြီးက ကျောင်းကို ပုဂ္ဂလိကအနေနဲ့ အလှူမခံပါဘူး၊ သံဃိကအနေနဲ့သာ ရေစက်ချ အလှူခံပါတယ်၊ ဘာကြောင့်လဲ ဆိုယင် ကျောင်းဒကာ ကျောင်းအမတွေ အကျိုးများသည်ထက် များစေချင်လို့ပါဘဲ၊ နက်ဖြန်ခါ ဝေငှမဲ့ အစီရင်ခံစာ စာအုပ်ထဲမှာ ကျောင်းရေစက်ချစာတမ်းလဲ ပါပါတယ်၊ အဲဒါ စောစောကတည်းက သေသေချာချာ စီစဉ်ထားပြီး ဖြစ်ပါတယ်၊ ကျောင်းအထက်ထပ်ကို သံဃိက-လှူရန် အောက်ထပ်ကျတော့ လူဝတ်ကြောင် ယောဂီများလဲ ချမ်းချမ်းသာသာနဲ့ နေခွင့်ရအောင် ဂဏိက လှူရန် စီစဉ်ထားပါတယ်။ ဒါကြောင့် ဒီကျောင်းအလှူဟာလဲ သံဃိ-ကပါဘဲ၊ သံဃိကဖြစ်တဲ့အတွက် ခုနကပြောခဲ့တဲ့ ဝေလာမအလှူကြီးအစ ဘုရားအမှူးရှိတဲ့ သံဃာ ဆွမ်းအလှူအထိ အလှူတွေထက် အကျိုးကြီးတယ် ဆိုတာ သေချာပါတယ်၊

အဲဒီလို အကျိုးကြီးတဲ့ အမြတ်ဆုံးဖြစ်တဲ့ ကျောင်းအလှူကို အောင်မြင်စွာလှူရတော့မယ်လို့ နှလုံးသွင်းပြီး ယနေ့ကတည်းက ဝမ်းမြောက်နေကြရမယ်၊ အဲဒီလို ဝမ်းမြောက်ဝမ်းသာနဲ့ အာရုံပြုနိုင်ကြရအောင် ဘုန်းကြီးက ယနေ့ညကတည်းက စပြီး အနုမောဒနာတရားကို ဟောပါတယ်။

နက်ဖြန်လဲ ထပ်ပြီး ဟောရဦးမယ်၊ အဲဒီအခါကျတော့ ကျောင်းအလှူထက် အကျိုးကြီးတဲ့ သရဏဂုံသီလ၊ အဲဒါထက် အကျိုးကြီးတဲ့ မေတ္တာ ဘာဝနာ၊ အဲဒါထက် အကျိုးကြီးတဲ့ အနိစ္စာနုပဿနာ အစရှိသော ဝိပဿနာ၊ အဲဒါတွေကိုလဲ အချိန်ရသလောက် ဟောရမယ်၊ ဒီကနေ့ညတော့ အချိန်က ကုန်နေပါပြီ၊ ဒါကြောင့် ယနေ့ပြုတဲ့ ကုသိုလ်ကောင်းမှုအဖို့ကို အမျှဝေပြီး တရားသိမ်းကြစို့၊ လိုက်ဆိုကြရမယ်။

## နိဂုံးချုပ် အမျှဝေခဏ်း

## ( ၁၃ )

ယနေ့ ယခု ကျွန်ုပ်တို့ ပြုစုပွါးများ အားထုတ်အပ်သော ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် တရားဟောရသောကုသိုလ် တရားနာရသောကုသိုလ် ဝေယျာဝစ္စ ဆောင်ရွက်ရသော ကုသိုလ် အစရှိသော ဤကောင်းမှုအပေါင်း၏ အဖို့ဘာဂကို အမိအဘ ဆရာသမားတို့အားရှင်း အဆွေအမျိုးတို့အားရှင်း ဤအရပ်၌ ရောက်ရှိနေသော လူပရိသတ် နတ်ပရိသတ်အပေါင်းအားရှင်း ရှေးဦးစွာ အထူးသဖြင့် အမျှ ပေးဝေပါကုန်၏၊ အမျှ ပေးဝေပါကုန်၏၊ သိကြားမင်းကြီးမှ စ၍ အလုံးစုံသော နတ်အပေါင်းတို့အားလဲ အမျှပေးဝေပါ

ကုန်၏၊ အမျှပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့အားလဲ အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏။ အမိအဘတို့မှ စ၍ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ကျွန်ုပ်တို့၏ ဤကောင်းမှုအဖို့ကို အညီအမျှ ရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု-သာဓု-သာဓု။

အကြိုတရားပွဲ တတိယည

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

အနုမောဒနာ တရားတော်

ဤတွင် ပြီး၏။

၁၃၃၀-ခုနှစ်၊ ပြာသိုလဆန်း ၄-ရက် တနင်္ဂနွေနေ့တွင်
ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ၌ ကျင်းပသော
ကျောင်းရေစက်ချပွဲနှင့် နှစ်ပတ်လည် ဩဝါဒ ခံယူပူဇော်ပွဲတွင်

**ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး**
ဟောကြားတော်မူသော

# အနုမောဒနာ နှင့် ဩဝါဒ တရားတော်

---

## ဩဝါဒအကျဉ်း

## (၁)

သာသနာ့ရိပ်သာမှာ နှစ်စဉ် ကျင်းပမြဲဖြစ်တဲ့ နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲနှင့် ကျောင်းသစ် ရေစက်ချပွဲ ဒီပွဲ နှစ်ခုကို ယနေ့ ပူးတွဲပြီး ကျင်းပတယ်။ ဒီပွဲမှာ ကျောင်းသစ် အလှူအတွက် အနုမောဒနာ တရားကိုလဲ တော်တော် များများ ဟောရဦးမယ်၊ ယခုအချိန်မှာတော့ ဩဝါဒစကားကို အနည်းငယ်လောက် ပြောပြီး, အနုမောဒနာတရား ဟောပြီး တဲ့နောက်ကျတော့မှ အချိန်ရှိယင် ရှိသလောက် အဲဒီ ဩဝါဒ စကားကို တခါ ထပ်ပြောဘို့ရာ အစီအစဉ် လုပ်ထားပါတယ်၊ ယခုတော့ အခါတိုင်း ပေးနေကျ ဩဝါဒ အကျဉ်း ၃-ပုဒ်ကို ရွတ်ဆိုပြီးတော့ ဒါလောက်ပဲ ဩဝါဒ ပေးမယ်။

ယခုနေအခါ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တွေမှာ အရေးကြီး တာက ဘာတုံး ဆိုလို့ရှိယင် အပါယ် ဘေးကြီး ငြိမ်းဘို့ရာဟာ

အရေးကြီးပါတယ်၊ ဒီအပါယ်ဘေးကြီး ငြိမ်းမှဘဲ ဘုရားသာသနာနဲ့ တွေ့တယ်လို့ ဆိုလောက်ပါတယ်၊ ဒီပြင် လူဖြစ်ကြောင်း နတ်ဖြစ်ကြောင်း ဗြဟ္မာဖြစ်ကြောင်း ဒါနကုသိုလ် သီလကုသိုလ် သာမန် ဘာဝနာ ကုသိုလ်တွေနဲ့ ဘယ်လောက်ပဲ ပြည့်စုံနေပေမဲ့ ဘုရားသာသနာနဲ့ တွေ့ရပြီလို့ အားရဘွယ် မဟုတ်သေးပါဘူး၊ ဘာကြောင့်တုံး ဆိုယင် လူ နတ် ဗြဟ္မာ ဖြစ်ကြောင်း ကုသိုလ်တွေဟာ သိန်း သန်း ကုဋေ အသချေ ရှိနေပေမယ်လို့ ဘဝပေါင်း များစွာကြာတော့ အဲဒီ ကုသိုလ် ကောင်းမှု အရှိန် အဝါတွေဟာ ကုန်သွားနိုင်တယ်၊ ကုသိုလ် အရှိန် ကုန်သွားတဲ့အခါမှာ အကုသိုလ်က အကျိုးပေးလို့ အပါယ်လေးပါးကိုလဲ ကျသွားနိုင်သေးတယ်။ ဒါကြောင့် အပါယ်ဘေး ငြိမ်းတဲ့ တရားကို မရသေးယင် သာမန်ကုသိုလ် ကောင်းမှု ပြည့်စုံရုံလောက်နဲ့တော့ အားရဘို့ မဟုတ်သေး ပါဘူး၊ မြတ်စွာဘုရား အလိုတော်အားဖြင့်လဲ အဲဒါလောက်နဲ့ တော့ အားရနေဘို့ မဟုတ်ဘူး။

ဒါကြောင့် အရေးကြီးတဲ့ အဲဒီဩဝါဒကို ရှေးဦးစွာ ပေးရမယ်။

အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့် ရောက်ပါစေ - တဲ့။

အပါယ်ဘေး ငြိမ်းတဲ့ ဉာဏ်အဆင့် ဆိုတာ ဘာတုံး ဆိုလို့ ရှိယင် သောတာပတ္တိမဂ်ဖိုလ် ဉာဏ်အဆင့်ပါဘဲ၊ အဲဒီ ဉာဏ် အဆင့်ကို ရောက်အောင် အားထုတ်ရမယ်၊ ဒါပါဘဲ။ ကဲ အဲဒါကို ဆိုကြရမယ်။

အပါယ်ဘေး ငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့် ရောက်ပါစေ။

( ဆို)

အပါယ်ဘေးငြိမ်းခွင့် ဥာဏ်အဆင့် ရောက်ပါပြီဘုရား။ တော်လောက်ပါပြီလားလို့ မေးစရာရှိပါတယ်။ ဘုန်းကြီး အနေ အားဖြင့်တော့ တော်လောက်ပြီလို့ဘဲ ဆိုချင်ပါတယ်၊ ဒါ လောက် အားထုတ်ယင်ကို ဘုန်းကြီးကတော့ ကျေနပ်လှပါပြီ၊ သဘောကျလှပါပြီ၊ ဒါပေမဲ့ မြတ်စွာဘုရားကတော့ ဒါလောက် နဲ့ အားရတော် မမူသေဘူး။

ဘိက္ခု ဝိဿာသ မာပါဒိ၊ အပ္ပတ္တော အာသဝက္ခယံ။

ဘိက္ခု၊ရဟန်း။ အာသဝက္ခယံ၊အာသဝေါတရားတို့၏ ကုန်ရာ အရဟတ္တဖိုလ်သို့။ အပ္ပတ္တော၊ မရောက်သေးပါဘဲ။ ဝိဿာသံ၊ စိတ်ချ လက်ချ အားရနေခြင်းသို့။ န အာပါဒိ၊ မရောက်လေ လင့်-တဲ့။ အနာဂါမိဖိုလ်ရလို့ အနာဂါမ် ဖြစ်နေစေကာမူ အား မရနဲ့ဦး၊ အရဟတ္တမဂ်ဖိုလ် မရောက်မချင်း အားမရနဲ့၊ မရပ် မနားနဲ့၊ အရဟတ္တဖိုလ် ရောက်အောင် အားထုတ်ပါလို့ မြတ်စွာ ဘုရားက တိုက်တွန်းထားပါတယ်၊ ဒီတော့ ဘုန်းကြီးကလဲ ဘုရား အလိုတော်ကျအတိုင်း တိုက်တွန်းရမှာဘဲ၊ မဖြစ်တာ ဖြစ်တာကတော့ ပါရမီအားလျော်စွာ ပေါ့လေ၊ ပါရမီ ပြည့်စုံ ယင် ဖြစ်မှာဘဲ၊ မပြည့်စုံသေးယင်လဲ ပါရမီ ပြည့်စုံကြောင်း တော့ ဖြစ်ပါတယ်။ ဒါကြောင့် ဘုရားအလိုတော်အတိုင်း-

ထိုဥာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲငြိမ်းပါစေ။

အဲဒီ အပါယ်ဘေးငြိမ်းတဲ့ သောတာပတ္တိမဂ်ဖိုလ် ဥာဏ် လောက်နဲ့လဲ အားမရပါနဲ့ဦး၊ ရပ်မနေပါနဲ့ဦး၊ သွားပါဦး၊ ဘယ်ထိအောင် သွားရမတုံးဆိုယင် ဆင်းရဲငြိမ်းပါစေ၊ ဆင်းရဲ ခပ်သိမ်းငြိမ်းတဲ့ အရဟတ္တဖိုလ် နိဗ္ဗာန်ရောက်အောင် သွားပါ

တဲ့၊ ဒါက ဒုတိယဩဝါဒ၊ အခါတိုင်း ပေးနေကျပါဘဲ၊ အဲဒါကို ဆိုကြရမယ်။

ထိုဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲ ငြိမ်းပါစေ။

အဲဒီတော့ အထက် မဂ်ဖိုလ်ဉာဏ်တွေ ရောက်အောင် တပည့်တော် အားထုတ်ပါပြီဘုရား၊ ဒါပေမယ့် မရောက်နိုင်ဘဲ ဖြစ်နေပါတယ်လို့ ဆိုခဲ့လို့ရှိယင် ဖြစ်နိုင်တဲ့အလုပ်ကို နောက်ဆုံး ညွှန်ကြားပါတယ်။ အေး ပါရမီ မပြည့်စုံသေးလို့ ဉာဏ်မရင့် သေးလို့ အထက် မဂ်ဖိုလ်ဉာဏ် မရောက်သေးယင်လဲ မတတ် နိုင်ဘူး၊ ဒါပေမဲ့ တတ်နိုင်တဲ့ ဥစ္စာတော့ အားထုတ်ပါဦး၊ ဘာလဲဆိုယင် မိမိသန္တာန်မှာ မကင်းသေးတဲ့ လောဘ ဒေါသ မောဟ အကြမ်းစားတွေ ဖြစ်ပေါ်လာယင် ပယ်ဘို့ရာပါဘဲ။ ဒါကတော့ တတ်နိုင်ပါတယ်၊ မပယ်ချင်ယင်သာဘဲ၊ ပယ်ချင် ယင် ပယ်လို့ရပါတယ်၊ လောဘတွေ ဒေါသတွေ မောဟတွေ ဖြစ်နေတာကို ကိုယ်ကကြိုက်လို့ လက်ခံထားတာဘဲ၊ ဒါတွေကို တမင်ခေါ်ယူနေသလို ဖြစ်နေတာ၊ ဖြစ်ပေါ်လာတဲ့ လောဘ ဒေါသတွေကို လက်မခံဘူး ပယ်မယ်ဆိုယင် ဖြစ်နိုင်ပါတယ်၊ ဘာနဲ့ ဘယ်လို ပယ်ရမတုံး ဆိုယင် သတိပဋ္ဌာန်မှာ မြတ်စွာ ဘုရား ပေးထားတဲ့အတိုင်း သိပြီးတော့ ပယ်ရမှာဘဲ၊ သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ-စသည်ဖြင့် ဟောထားတယ်၊ ရာဂစိတ် ဖြစ်ပေါ်လာယင် အဲဒီရာဂစိတ်ကို မှတ်၊ ဒေါသစိတ် ဖြစ်ပေါ်လာယင် အဲဒီဒေါသစိတ်ကို မှတ်၊ မောဟစိတ် ဖြစ်ပေါ် လာယင် အဲဒီမောဟစိတ်ကို မှတ်၊ မှတ်ယင် ပျောက်သွားတယ်၊ မရှုလို့ မမှတ်လို့ ဒီကိလေသာတွေဟာ ပွါးနေတာ၊ ရှုလိုက်ယင် ပျောက်သွားတာဘဲ၊ ဥပမာအားဖြင့် ဘာနဲ့တူသလဲဆိုယင် အ ရပ်ထဲမှာ ခိုးဆိုးနေတဲ့ သူခိုး သူဝှက်တွေ ဆိုတာ ရှိတယ်၊

အဲဒါ ရဲပုလိပ်နဲ့ မတွေ့လို့ရှိယင် သူတို့က ခိုးဆိုးနေတာဘဲ၊ ရဲပုလိပ်နဲ့တွေ့ယင် ချက်ခြင်း ပျောက်သွားတယ်၊ သူတို့ ဆက်ပြီး တော့ မခိုးနိုင်တော့ဘူး။ ဒါလိုဘဲ လောဘ ဒေါသ မောဟတွေ ဟာ ခိုးဆိုးနေတဲ့ သူခိုး သူဝှက်တွေ သဘောရှိပါတယ်၊ ရှုမှတ်တဲ့ စိတ်က ရဲပုလိပ်သဘောရှိပါတယ်၊ ရှုမှတ်တဲ့ စိတ်က ရှုမှတ်ပြီး သိလိုက်တာနဲ့ လောဘ ဒေါသ မောဟတွေက ပျောက်သွား တာဘဲ၊ မယုံယင် မှတ်ကြည့်ပါ၊ လောဘဖြစ်ယင် လောဘကို မှတ်ကြည့်၊ ဒေါသဖြစ်ယင် ဒေါသကို မှတ်ကြည့်၊ ချက်ခြင်းဘဲ ပျောက်သွားပါလိမ့်မယ်၊ မသိလို့ဖြစ်နေတာတွေဘဲ၊ ဒါကြောင့်- ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ-တဲ့။ လောဘ ဒေါသ မောဟ အကြမ်းစားစိတ်တွေကို ပြောပါတယ်၊ အနုစားတော့ ဘုန်းကြီးက မပြောပါဘူး၊ အနုစားတွေကတော့ ပုဂ္ဂိုလ်တိုင်း ပယ်နိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် ထင်ထင် ရှားရှား ဖြစ်ပေါ်လာတဲ့ လောဘ ဒေါသ မောဟ အကြမ်း စားတွေကို တခြားလူတွေက အရိပ်အခြေကြည့်ပြီးတော့ ဒီပုဂ္ဂိုလ်သန္တာန်မှာ လောဘ ဖြစ်နေပြီ၊ ဒေါသ ဖြစ်နေပြီလို့ သိနိုင်လောက်တဲ့ လောဘ ဒေါသ မောဟ အကြမ်းစားတွေ၊ အဲဒါတွေကို ရှုမှတ်ပြီးတော့ ပယ်ပါလို့ ဘုန်းကြီးက တတိယ ဩဝါဒ ပေးပါတယ်၊ အင်မတန်လဲကောင်းပါတယ်၊ ဆိုရမယ်။

ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ။

ဒီဩဝါဒ ၃-ချက်အတိုင်း ကျင့်ကြံအားထုတ်၍ မိမိတို့ အလို ရှိအပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေ။ (သာဓု-သာဓု-သာဓု)

## ကျောင်းအလှူ အနုမောဒနာတရားတော်

## (၂)

မြတ်စွာဘုရား၏ သာသနာတော်ကြီး တည်တံ့ရမှာ ဒကာ ဒကာမတွေက ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ရတယ်၊ ရဟန်းတော်တွေက ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ရတယ်၊ နှစ်ဦး နှစ်ဖက်လုံး ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်နေသမျှ ကာလပတ်လုံး မြတ်စွာဘုရား၏ သာသနာတော်ကြီးဟာ တည်မြဲတည်တံ့ပြီးတော့ နေတယ်၊ ထွန်းကားပြီးတော့လဲ သွားနိုင်ပါတယ်။

ဒကာ ဒကာမတွေက ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်တယ်ဆိုတာ ရဟန်းတော်များ အသုံးကျတဲ့ အကျဉ်းချုပ်အားဖြင့် ပစ္စည်းလေးပါး လှူဒါန်းတာပါဘဲ၊ သင်္ကန်းရယ် ဆွမ်းရယ် ကျောင်းရယ် ဆေးရယ်၊ ဒီ ပစ္စည်းလေးပါးကတော့ ရဟန်းတော်များမှာ ရှိမှဖြစ်မှာ၊ နေ့စဉ် နေ့စဉ် ဝတ်စရာ သင်္ကန်းလဲ ရှိမှ စားစရာ ဆွမ်းကလဲ ရှိမှ နေစရာ ကျောင်းကလဲရှိမှ နေမကောင်းထိုင်မသာရှိယင် ဆေးပစ္စည်းကလဲရှိမှ ဒီပစ္စည်းလေးပါး ပြည့်စုံမှဘဲ သာသနာ့ဓမ္မတွေကို ကောင်းကောင်း ကျင့်သုံးနိုင်ပါတယ်၊ ပစ္စည်းလေးပါး မပြည့်စုံလို့ ရရာနည်းနဲ့ ရှာဖွေရလို့ရှိယင် စားစရာ ရှာခြင်းကြောင့်လဲဘဲ ရဟန်းမှာ သိက္ခာပုဒ်တွေပျက်ပြီးတော့ သီလမစင်ကြယ်ဘဲ ဖြစ်နိုင်ပါတယ်၊ ဝတ်စရာ သင်္ကန်းရှာတဲ့အတွက်လဲ သီလမစင်ကြယ်ခြင်း ဖြစ်နိုင်တယ်၊ နေစရာကျောင်းကို မတရားသဖြင့် ရှာမှီးတဲ့အတွက်လဲ သီလမစင်ကြယ်ခြင်း ဖြစ်နိုင်တယ်၊ဆေးပစ္စည်းတွေကို မတရားသဖြင့် ရှာမှီးတဲ့အတွက်လဲ သီလပျက်စီးခြင်း ညှိုးနွမ်းခြင်း ဖြစ်နိုင်တာဘဲ၊

သီလမှ မစင်ကြယ်လို့ရှိယင် သမာဓိ ပညာတွေ အားထုတ်လို့ မဖြစ်နိုင်တော့ဘူး။

ဒါကြောင့် သဒ္ဓါတရားနဲ့ပြည့်စုံတဲ့ ဒကာ ဒကာမတွေက ပစ္စည်းလေးပါးဖြင့် လှူဒါန်းပြီးတော့ သာသနာတော်ကို ချီးမြှောက် ကြရတယ်၊ အဲဒီလို ချီးမြှောက်တဲ့ အခါကာလ မှာ ရဟန်းတော်တွေကလဲ တုံ့ပြန်ပြီးတော့ ဓမ္မာနုဂ္ဂဟာဖြင့် ချီးမြှောက်ရတယ်၊ အနုမောဒနာ တရားဆိုတာ ဟောရတယ်၊ အနုမောဒနာ တရားဆိုတာ ဟောကို ဟောရမယ်လို့ မြတ်စွာ ဘုရားကိုက တိုက်တွန်း ထားပါတယ်။ ယခုလို အင်မတန် ကြောင့်ကြ စိုက်ပြီးတော့ အင်မတန် အဖိုးတန်တဲ့ ကျောင်း အလှူဒါနကို မပြောနဲ့တော့ သာမန် စားဘွယ် သောက်ဘွယ် ကလေး လှူတဲ့အခါလဲ အကျဉ်းချုပ် အတိုချုပ်တော့ ဟော ရမယ်တဲ့။ ဒါကြောင့် ယခု အနုမောဒနာတရား ဟောဘို့ အချိန် ရောက်လာပါပြီ။

အဲဒီ အနုမောဒနာ တရားကတော့ ဟောမယ်ဆိုယင် တော် တော် ရှည်ရှည် ကျယ်ကျယ် ပြန့်ပြန့် ဟောဘို့ပါဘဲ၊ ဒါပေမဲ့ ပရိသတ်တွေ ထိုင်နေရတာကြာလို့ ညောင်းတာက အကြောင်း တခု၊ အစီအစဉ်အရ ပြောသင့်တာတွေ ပြောနေရလို့ အချိန် ကြာမြင့်သွားတာက အကြောင်းတခု၊ ဒီအကြောင်း ၂-ခု ကြောင့် အကျဉ်းချုံးပြီးတော့ ဟောရမယ်၊ ဘုန်းကြီး ဟောဘို့ ရာ စီစဉ်ထားတာကလဲ ဒီမှာ ဆောင်ပုဒ်တွေ ပေးထားတယ်၊ အဲဒါတွေဟာ အစီရင်ခံစာ စာအုပ်ထဲမှာ ပါပါတယ်၊ အဲဒါကို မနေ့ညက ဟောတာလဲ ဘာမှ မပြီးသေးဘူး၊ နဲနဲဘဲ ပြီးသေး တယ်၊ ဒီကနေ့ နေ့လယ်လဲ များများ ဟောလို့ ဖြစ်ပုံမရဘူး၊

အချိန်က အတော် ကုန်သွားပြီ၊ အဲဒီတော့ ခေါင်းစဉ်လောက် အတိုချုပ်ကလေး လျှောက်ပြီး ပြောသွားရမယ်။

ဒီလို အနုမောဒနာတရား ဟောရတာကလဲ အခြားကြောင့် မဟုတ်ပါဘူး၊ ဒကာ ဒကာမတွေမှာ မိမိတို့ ပြုလုပ်တဲ့ ကုသိုလ် ကောင်းမှုတွေရဲ့ အကျိုးအာနိသင်တွေ သိပြီးတော့ ကုသိုလ် ဇောတွေ ထက်သန်အောင်လို့ ဟောရပါတယ်၊ ဓားများဟာ ခုတ်စရာရှိယင် ခုတ်ရအောင် သွေးထားရတယ်၊ ကျောက် ကောင်းကောင်းနဲ့ သွေးထားရတယ်၊ အထူးအားဖြင့် ခေါင်း ရိတ်ဓားများ သာပြီး အရေးကြီးတာပေါ့၊ ခေါင်းရိတ်ဓား တုံးနေလို့ရှိယင် ဆံပင်မပြတ်တော့ဘူး၊ ရိတ်လို့ မဖြစ်တော့ဘူး၊ ကျောက် ကောင်းကောင်းနဲ့ သွေးလို့ ဓားဟာ ကောင်းကောင်း ထက်နေလို့ရှိယင် ခုတ်ချင်လဲ ခုတ်၊ ခေါင်းရိတ်ချင်လဲ ရိတ်၊ လွယ်လွယ်ကူကူနဲ့ ပြတ်ပြတ် သွားတယ်၊ အပြတ်ရဲတယ်လို့ ဆိုရတာပေါ့။

အဲဒါလိုဘဲ ကုသိုလ် ကောင်းမှု ပြုလုပ်ရာမှာ ထက်ထက် သန်သန်နဲ့ ပြုလုပ်တဲ့ ကုသိုလ်ဟာ အကျိုးပေးထက်သန်တယ်၊ ကုသိုလ် ကောင်းမှု ထက်သန်အောင်ဟာလဲ ကုသိုလ်ကောင်းမှု ရဲ့ အကျိုးအာနိသင်တွေကို သိမှ စေတနာက ထက်ထက်သန် သန် ဖြစ်တယ်၊ ဒါကြောင့် ကုသိုလ်ကောင်းမှုရဲ့ အကျိုးတွေကို သိသည်ထက် သိအောင် မြတ်စွာဘုရားက လှူဒါန်းတဲ့ ကာလ မှာ အနုမောဒနာတရား ဟောရမယ်လို့ ခွင့်ပြုထားပါတယ်၊ တိုက်တွန်းထားပါတယ်။

## ဘုရားဟော အနုမောဒနာ

သီတံ ဥဏှံ ပဋိဟန္တိ၊ တတော ဝါဠမိဂါနိ စ။
သရီသပေ စ မကသေ၊ သိသိရေ စာပိ ဝုဋ္ဌိယော။
တတော ဝါတာတပေါ ဃောရော၊ သဉ္ဇာတော ပဋိ-
ဟညတိ - တဲ့။

ဒါဟာ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောဟောထားတဲ့ ကျောင်း အနုမောဒနာ တရားတော်ပါဘဲ။ မနေ့ညက ပြောခဲ့တဲ့ အတိုင်း ရာဇဂြိုဟ်သေဋ္ဌေးက ကျောင်းပေါင်း ၆၀-ကို လှူတဲ့ အခါတုန်းကလဲ ဒီအနုမောဒနာကို ဟောခဲ့တယ်၊ အနာထပိဏ်သေဋ္ဌေးက ဇေတဝန်ကျောင်းတော်ကို လှူတဲ့ အခါလဲ ဟောခဲ့တယ်၊ ဝိသာခါ ဒကာမကြီးက ပုဗ္ဗာရုံကျောင်း တော်ကြီးကို လှူတဲ့ အခါလဲ ဒီ အနုမောဒနာကို ဟော ခဲ့တယ်။ ဒါကြောင့် ကျောင်းအလှူတိုင်းနဲ့ သက်ဆိုင် ပါတယ်၊ ယခု မဟာစည်ကျောင်းတော် အလှူနဲ့လဲ သက်ဆိုင် ပါတယ်၊ အဲဒါဟာ ဘုရား အမိန့်တော်လို့လဲ ဆိုနိုင်ပါတယ်။ ဘုရင့်အမိန့်တော်ကို အမတ်ကြီးများက ဖတ်ပြသလို အဲဒီ ဘုရားအမိန့်တော် အနုမောဒနာ တရားကို ဘုန်းကြီးက ရွတ်ပြပါတယ်၊ ဒါပေမဲ့ အဲဒီ ပါဠိ သက်သက်ကိုတော့ နားလည် ကြမှာ မဟုတ်သေးဘူး၊ မှတ်လဲ မှတ်မိမှာ မဟုတ်သေးဘူး၊ ဒါကြောင့် ဘုန်းကြီးက အဲဒီပါဠိကို မြန်မာလဲ ပြန်ပြမယ်၊ လွယ်လွယ်နဲ့ မှတ်ရအောင် ဆောင်ပုဒ်ကလေးတွေလဲ တော် တော်ကြာတော့ ရွတ်ပြမယ်။

သီတံ၊ အအေးကိုရင်း။ ဥဏှံ၊ အပူကိုရင်း။ ပဋိဟန္တိ၊ ကျောင်းက ပယ်ဖျောက်တတ် ကာကွယ်တတ်၏။ ကျောင်းက

အအေး အပူကို ပယ်ဖျောက်တတ် ကာကွယ်တတ်တယ်၊ အေးတဲ့အခါ မအေးရအောင် ပူတဲ့အခါလဲ မပူရအောင် ပယ်ဖျောက်တတ် ကာကွယ်တတ်တယ်။

တတော ဝါဠမိဂါနိ စ၊ ထိုပြင် သားရဲ ဘေးရန်တွေကိုလဲ ကာကွယ်တတ်တယ်၊ ကျားတို့ သစ်တို့ ဝက်ဝံတို့ အစရှိတဲ့ ဒီလို သားရဲတိရစ္ဆာန် ဘေးရန်တွေကိုလဲ ကျောင်းက ကာကွယ်တတ်တယ်၊ တောကျောင်းတွေကို ရည်ပြီး ဟောပါတယ်၊ ဒီလို မြို့ထဲမှာတော့ အဲဒီ သားရဲဘေးရန်တွေ မရှိပါဘူး။

သရီသပေ စ မကသေ၊ မြွေတွေ ကင်းတွေကိုလဲ ကျောင်းက ကာကွယ်တတ်တယ်၊ ခြင်တွေ မှက်တွေကိုလဲ ကာကွယ်တတ်တယ်၊ ယခု မဟာစည် ကျောင်းတော်ကတော့ ဒီက ဗုဒ္ဓသာသနာ့နုဂ္ဂဟ အဖွဲ့ဝင် ဒကာကြီးတွေက စံနစ်တကျ ခေတ်မှီ စီမံပြီး ဆောက်လုပ်ထားတဲ့အတွက် ခြင်တို့ ယင်တို့ ဒီလို အကောင်တွေဟာ ဝင်နိုင်မှာ မဟုတ်ပါဘူး၊ အဲဒီလို မဝင်နိုင်အောင် ခြင်ဆန်ခါ တံခါးတွေပါ တပ်ထားတယ်၊ အင်မတန် လုံခြုံတဲ့ ကျောင်းပါဘဲ၊ ရှေးတုန်းက ကျောင်းတွေကတော့ ဘယ်လို ကောင်းအောင် ဆောက်ပေမယ်လို့ ခြင်တွေ ယင်တွေကတော့ ဝင်နိုင်သေးတာဘဲ၊ ယခု ကျောင်းကတော့ တံခါးတွေကို ရိုရိုသေသေပိတ်ပြီး နေမယ် ဆိုယင် ခြင်တွေ ယင်တွေဟာ ဝင်လို့ကို မရနိုင်ပါဘူး၊ အင်မတန် ကောင်းတဲ့ ကျောင်းပါဘဲ၊ ယခုဟောတဲ့ ဒေသနာတော်နဲ့ အညီဆုံးလို့ ဆိုရမှာပေါ့။

သိသိရေ စာပိ ဝုဋ္ဌိယော၊ အလွန်အေးတဲ့ ဆီးနှင်းအေးနှင့် မိုးရေအယဉ်တို့ကိုလဲ ကာကွယ်တတ်ပါတယ်။ တတော ဝါတာ-တပေါ ဃောရော၊ သဉ္ဇာတော ပဋိဟညတိ၊ ပြင်းထန်တဲ့လေနှင့် နေပူရှောင်တို့ကိုလဲ ကာကွယ်တတ်ပါတယ်တဲ့။ ဒါတွေကတော့

ထင်ရှားပါတယ်။ အဲဒီလို ဘေးရန်အန္တရာယ် ဟူသမျှကို ကျောင်းက ကာကွယ်တတ်တယ် ဆိုတဲ့ အဓိပ္ပါယ်ကို ရည်ပြီးတော့—အေးပူ စသား၊ ဘေးရန်များ၊ ပယ်ရှား ကင်းစေသည်-လို့ ဆောင်ပုဒ် စီထားပါတယ်။ ကျောင်းက အအေး အပူ အစ ရှိတဲ့ ဘေးရန်ဟူသမျှကို ပယ်ရှားတတ်တယ် ကင်းစေတတ်တယ် လို့ ဆိုလိုပါတယ်။ ဒီလို ဘေးရန်တွေကို ပယ်ရှားတတ် ကင်းစေတတ်တဲ့ ကျောင်းကို လှူတဲ့ဒါယကာတွေမှာလဲ ဘေးရန်ကင်းတဲ့ အလားတူ အကျိုးတွေကို ရနိုင်ပါတယ်၊ သဒိသံ ပါကံ ဇနေတိ-တဲ့၊ သဒိသံ၊ ထပ်တူထပ်မျှ ဖြစ်သော။ ပါကံ၊ ကောင်းကျိုးကို။ ပုညံ၊ ကုသိုလ်ကံက။ ဇနေတိ၊ ဖြစ်စေတတ်၏-တဲ့။ ကုသိုလ်ဆိုတာ အလားတူ အကျိုးတွေကို များသောအားဖြင့် အကျိုးပေးပါတယ်၊ ဆုတောင်းမယ် ဆိုယင်တော့ အလားတူထက် ပိုပြီး တောင့်တတဲ့ အဘိုင်းလဲ အကျိုးတွေကို ရစေနိုင်ပါတယ်၊ ဒါကြောင့် ဝိဟာရ-ကျောင်းက ဒီဘေးရန်တွေကို ပယ်တတ်တယ် ဆိုတော့ ဒီဘေးရန်တွေကို ပယ်နိုင်တဲ့ကျောင်းကို လှူတဲ့ ဒကာ ဒကမတွေမှာ အဲဒီ ကုသိုလ်တွေကြောင့် ဘေးရန်အန္တရာယ်မှ ကင်းကွာတတ်ပါတယ်၊ ယခု မျက်မှောက်မှာလဲ ဘေးရန်အန္တရာယ် ကင်းတယ်၊ နောင်သံသရာဘဝတွေမှာလဲ ဘေးရန်အန္တရာယ် ကင်းသွားမယ်၊ ဒီလို အကျိုးတွေကို ရသွားပါတယ်၊ ကဲ ဆိုရမယ်။

အေး ပူ စသား၊ ဘေးရန်များ၊ ပယ်ရှား ကင်းစေသည်။

လေဏတ္ထဉ္စ သုခတ္ထဉ္စ၊ ဈာယိတုဉ္စ ဝိပဿိတုံ။

လေဏတ္ထဉ္စ၊ ကိန်းအောင်းမွေ့လျော်နေရန် အလို့ငှါလဲ ဖြစ်ပါတယ်တဲ့။ ကျောင်းခန်းထဲမှာ ဘာမှ မလုပ်နဲ့ဦးတော့၊ တရား

တွေ ဘာတွေ အားမထုတ်နဲ့ဦးတော့ ချမ်းချမ်းသာသာနဲ့ ကိန်းအောင်းပြီး နေဘို့ရာလဲ ကောင်းပါတယ်ဘဲ့။ သုခတ္ထဥ္စ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရန် အလို့ငှါလဲ ဖြစ်ပါတယ်တဲ့။ ကျောင်းခန်းထဲ ဝင်နေလို့ရှိယင် ကိုယ်ရော စိတ်ရော ချမ်းသာတယ်။ ဈာယိတုံ စ၊ သမထဈာန် ဝင်စားရန် အလို့ငှါလဲ ဖြစ်ပါ၏။ ဝိပဿိတုံ စ၊ ဝိပဿနာရှုရန်အလို့ငှါလဲ ဖြစ်ပါ၏။ ကျောင်းခန်းထဲ ဝင်ပြီးတော့ သမထကမ္မဋ္ဌာန်း ပွါးများလို့ရှိယင်လဲ သမာဓိ ရလွယ်တယ်၊ ဝိပဿနာ ပွါးများလို့ရှိယင်လဲ ဝိပဿနာဉာဏ်တွေ လွယ်လွယ်ကူကူနဲ့ ထက်ထက်သန်သန် ဖြစ်နိုင်တယ်၊ ဒါကြောင့် အရေးကြီးပါတယ်။ မနေ့ညက ပြောခဲ့တဲ့ ရာဇဂြိုဟ် သေဋ္ဌေးက ရဟန်းတော်တွေဟာ ထိုထိုအရပ်က အရှိုအရှို ထွက်လာတာ မြင်ရတော့ ဒီကိုယ်တော်တွေ တရားကျင့်သုံးနေတာ နေရာထိုင်ခင်းက မကောင်းသေးဘူး၊ ကျောင်းရှိယင် ကျောင်းနဲ့ အားထုတ်ရယင် ကောင်းမှာဘဲလို့ သဒ္ဓါတရားဖြစ်ပြီးတော့ ကျောင်းဆောက်ဖို့ရာ လျှောက်ထားတယ်၊ မြတ်စွာဘုရားက ခွင့်ပြုလို့ ကျောင်းတွေ ဆောက်လှူတယ်၊ တနေ့ထဲနဲ့ ကျောင်းပေါင်း ၆၀-ဆောက်လှူတယ် ဆိုတာ ညက ပြောခဲ့ပြီ။ အဲဒီ ကျောင်းတွေ လှူဒါန်းတဲ့အခါမှာ ဘယ်လိုလှူဒါန်းရမလဲလို့ လျှောက်ထားတော့ မြတ်စွာဘုရားက သံဃိက လှူရမယ်လို့ ညွှန်ကြားတဲ့အတိုင်း သံဃာအားလှူဒါန်းပါတယ်၊ ဒီကနေ့ လှူမည့်ကျောင်းကလဲ သံဃာလှူရမှာပါဘဲ၊ တော်တော်ကြာမှ အဲဒီအပိုဒ်ကျမှ ဘုန်းကြီးက ဒီအကြောင်းကို ပြောရမယ်၊ ဒါက အရေးကြီးတဲ့ အလှူဒါနဘဲ။

ဆောင်ပဒ်မှာ—ကိန်းအောင်းနေရန်၊ ချမ်းသာရန်၊ အမှန် ဖြစ်ပေသည်-တဲ့။ ကျောင်းဆိုတာဟာ ချမ်းချမ်းသာသာနဲ့ ကိန်းအောင်းနေဘို့ရာလဲ ဖြစ်ပါတယ်တဲ့။

ဈာန်ဝင်စားရန်၊ ရှုမှတ်ရန်၊ ဧကန် သင့်ပေသည်-တဲ့။ ကျောင်းဟာ သမာဓိဈာန် ဝင်စားဘို့လဲ အသုံးကျပါတယ်၊ ဝိပဿနာရှုမှတ်ဘို့လဲ အသုံးကျပါတယ်တဲ့၊ ဒါကတော့ တရား အားထုတ်နေတဲ့ ယောဂီတွေနဲ့ (ဒီဒေသနာဟာ) အင်မတန် ကိုက်ညီနေတာဘဲ၊ ကိုယ်ဘိုင်တွေဘဲ၊ ကျောင်းအဆောက်အဦ က ကောင်းလေလေ တရားအားထုတ်ရာမှာ အကျိုးများလေ လေဘဲ၊ ဒီသာသနာ့ရိပ်သာဟာ ၁၃၁၁-ခုနှစ်က စပြီးတော့ ဘုန်းကြီးတို့ တည်ထောင်လာခဲ့တယ်၊ အဲဒီ ၁၁-ခုနှစ် ရောက်ခါ စဘုန်းကတော့ စခါစမို့ ပြည့်ပြည့်စုံစုံ မဆောင်ရွက်နိုင်သေးဘူး၊ ပဌမ စခါစက ဘာနဲ့ စတည်ရတုံးဆိုတော့ ခနိတဲကြီးတွေနဲ့ စပြီး တည်ရတယ်၊ အောက်ဘက်က ယောဂီမတွေမှာ သီလရှင် ဒေါ်ဉာဏစာရီဘို့က ခေါင်းဆောင်ပြီးတော့ လာအားထုတ် ကြဘယ်၊ အဲဒီအခါတုန်းက ခနိတဲကြီးတွေနဲ့ လမ်းပန်းတွေက လဲ ရွှံ့တွေ ဗွက်တွေနဲ့ ဒီလို သွားလာနေကြရတယ်၊ ကုန်းပေါ် ဘက်မှာ ကိုယ်တော်တွေလဲ ခနိတဲကြီးတွေနဲ့ဘဲ အားထုတ်ကြရ တယ်၊ အဲဒီလို အခြေအနေက စလာတယ်၊ သစ်သားနဲ့ အုတ်နဲ့ အဆောက်အဦကလေးတွေကတော့ နဲနဲပါးပါး ၆-ခုလောက်ပဲ ရှိပါတယ်၊ နောက်တော့ ခနိတဲကြီးတွေနေရာမှာ အုတ်အင်- တေနဲ့ အဆောက်အဦတွေ ဆောက်ပြီးတော့ လာတယ်၊ ယခု အချိန်မှာတော့ သာသနာ့ရိပ်သာမှာ အဆောက်အဦတွေက အင်မတန် ကောင်းနေပါတယ်၊ အတော်ကို ကောင်းနေပါပြီ၊

အဆောက်အဦတွေ ကောင်းသလောက် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေကလဲ ချမ်းသာတယ်၊ သမာဓိဉာဏ်တွေ ဖြစ်လွယ်တယ်၊ အင်မတန် ကျေးဇူးများပါတယ်။ ဒါကြောင့်–ဈာန်ဝင်စားရန်၊ ရှုမှတ်ရန်၊ ကေန်သင့်ပေသည်-တဲ့။ ကဲ ဆို။

ဈာန်ဝင်စားရန်၊ ရှုမှတ်ရန်၊ ကေန်သင့်ပေသည်။

ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။

သံဃဿ၊ သံဃာတော်အား။ ဝိဟာရဒါနံ၊ ကျောင်းအလှူကို။ အဂ္ဂံ၊ အမြတ်ဆုံးဟူ၍။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဝဏ္ဏိတံ၊ ချီးကျူးတော်မူအပ်၏။ ဒါဟာ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတဲ့တရားဘဲ။ အဋ္ဌကထာဆရာ ဋီကာဆရာတွေ ရေးထားတာ မဟုတ်ဘူး၊ နောက်ပုဂ္ဂိုလ်တွေက ဖွဲ့နွဲ့ရေးထားတာ မဟုတ်ဘူး၊ ဘုရားကိုယ်တိုင် ဟောထားတဲ့ အနုမောဒနာ တရားဘဲ၊ အဲဒီ မြတ်စွာဘုရား ကိုယ်တိုင်ဟောထားတဲ့ တရားကို ဘုန်းကြီးက ရွတ်ဖတ်ပြပါတယ်၊ ဒါကြောင့် ဆောင်ပုဒ်မှာ–ကျောင်းအလှူဒါန၊ မြင့်မြတ်လှ၊ ဗုဒ္ဓချီးကျူးသည်-လို့ ဆိုထားပါတယ်၊ ဗုဒ္ဓမြတ်စွာဘုရားက ကျောင်းအလှူဒါနဟာ အမြင့်မြတ်ဆုံးလို့ ချီးကျူးတယ်၊ သင်္ကန်းလှူဒါလဲဘဲ အကျိုးကြီးတာပါဘဲ၊ သင်္ကန်းအလှူဘက်ကနေပြီး ပြောမယ်ဆိုလို့ရှိယင် အကျိုးကြီးတဲ့အကြောင်းတွေ ပြောလို့မကုန်နိုင်ဘူး၊ တနေ့တုန်းက ရွှေစေတီ ဆရာတော်က ဟောသွားတယ်၊ မဟာလတာ တန်းဆာ ဆိုတာ အမျိုးသမီးများမှာ အမြင့်မြတ်ဆုံး အကောင်းဆုံး အဆင်တန်းဆာဘဲ၊ စိန်တွေ ရွှေတွေ ပုလဲ ပတ္တမြားတွေ အဲဒါတွေနဲ့ လုပ်ထားတာ၊ ခုလို ချည်မျှင်တွေ ဘာတွေ မပါဘူး၊ ပိုးမျှင်တောင် မပါဘူး၊

ရွှေနန်းမျှင်တွေနဲ့ ယက်လုပ်ထားတာ၊ ဈေးက ဒီလိုလဲ လုပ်လေ့လုပ်ထလဲ ရှိပါတယ်။

အဲဒီ ဈေးခေတ် ဘုရားလက်ထက်က မပြောနဲ့တော့ ယခု ဗမာပြည်မှာကိုဘဲ တော်တော်ဆီတုန်းက ဘုန်းကြီး တောင်ကြီး သွားတုန်းက တွေ့ခဲ့တယ်၊ မြတဘက်တဲ့၊ သူတို့ ခေါ်တယ်၊ အမှန်ကတော့ ရွှေတဘက်ပါဘဲ၊ ရွှေနန်းချည်ကလေးတွေနဲ့ ခက်ပြီးတော့ လုပ်ထားတယ်၊ ဈေးက မဟာဒေဝီတွေရဲ့ အသုံးအဆောင် ဖြစ်ဟန် ရှိပါတယ်၊ ခုနေအခါမှာတော့ ဒါမျိုးကို ဘယ်သူမှ လုပ်ကြမှာမဟုတ်ပါဘူး၊ အဲဒါ တော်တော် အဘိုးတန်မဲ့ ရွှေတဘက်ကြီးပါဘဲ။

မြတ်စွာဘုရားလက်ထက်တော်က ဝိသာခါ ဒကာမကြီး ဝတ်ဆင်တဲ့ အဝတ်ဟာ မဟာလတာ တန်းဆာတဲ့။ အဲဒီတုန်းက ရွှေနန်းချည်တွေနဲ့ ခက်ပြီးတော့ စိန်တွေ ပုလဲတွေ ကျောက်ပတ္တမြားတွေ စီပြီးတော့ လုပ်ထားတဲ့ အထည်ဘဲ၊ သာမန်ပုဂ္ဂိုလ်တွေ ဝတ်လဲ မဝတ်နိုင်ပါဘူး၊ အလေးချိန်က အများကြီးပါ၊ သာမန် မိန်းမဆိုယင် အဲဒါကို မ-တောင် မမနိုင်ဘူး၊ သူ့မှာတော့ အင်အား အင်မတန်ကောင်းတဲ့ ဘုန်းကံရှိတဲ့ အမျိုးသမီးမို့ ဝတ်လို့ရတာ၊ အဲဒီလို အမြင့်ဆုံး အမြတ်ဆုံးဖြစ်တဲ့ မဟာလတာ တန်းဆာ ဝတ်နိုင်အောင် ဝတ်ရအောင်လို့၊ ဒီအခွင့်အရေးတွေ ရတာဟာ ဘာကြောင့်တုံး ဆိုတော့ သင်္ကန်း လှူခဲ့လို့တဲ့၊ ဒီလိုဟာတွေ လျှောက်ပြီးဟောမယ်ဆိုယင် သင်္ကန်းအကျိုးတွေကလဲ အင်မတန် ကြီးပါတယ်။

ဆွမ်းအကျိုးတွေကလဲဘဲ အင်မတန် ကြီးပါတယ်၊ ဆေးပစ္စည်းအကျိုးဆို ပြောစရာ မရှိဘူး၊ ဒါလဲ အကျိုးကြီးတာဘဲ။ ဒါပေမယ်လို့ အဲဒီလို အကျိုးကြီးတာတွေထဲမှ ဝိဟာရဒါန-

ကျောင်းအလှူကတော့ အကျိုးအကြီးဆုံး အမြတ်ဆုံးဘဲလို့ ဗုဒ္ဓမြတ်စွာဘုရားက ချီးကျူးထားပါတယ်၊ ဘယ်လို ချီးကျူး လဲဆိုယင်–ကျောင်းလှူသူဟာ၊ လုံးစုံပါ၊ လှူရာ ရောက်ပေ သည်-တဲ့၊ ကျောင်းလှူတဲ့ ပုဂ္ဂိုလ်ဟာ အလုံးစုံကိုလဲ လှူသည် မည်တယ်၊ ကျောင်းတမျိုးတည်းကိုသာ မဟုတ်ပဲ ကျောင်းမှ တပါး အခြားသော အသုံးကျတဲ့ ဝတ္ထုပစ္စည်းတွေလဲ အကုန်လုံး လှူရာ ရောက်ပါတယ်တဲ့၊ ဆွမ်းလှူလို့ရှိယင် ခွန်အားဗလကို လှူရာရောက်တယ်၊ သင်္ကန်းလှူလို့ရှိယင် အဆင်းကို လှူရာ ရောက်တယ်၊ သင်္ကန်းဝတ်ထားမှ တင့်တင့်တယ်တယ်၊ ကြည်ညို ဘွယ် ဖြစ်တယ်၊ သင်္ကန်း မဝတ်ပဲနဲ့ အခြားတပါးအဝတ် ဝတ် ထားမယ်ဆိုယင် ရဟန်းမှန်းတောင် သိမှာမဟုတ်ဘူး၊ သာမန် လူတယောက် ထင်မှာဘဲ၊ ဒါကြောင့် သင်္ကန်းလှူယင် ရုပ် အဆင်းကို လှူသည် မည်တယ်၊ ယာဉ်ရထား လှူလို့ရှိယင် ချမ်းသာကို လှူသည်မည်တယ်၊ ဆီမီးလှူလို့ရှိယင် မျက်စိ အမြင်ကို လှူသည်မည်တယ်၊ ကျောင်းလှူလို့ရှိယင်တော့ ကျောင်း လှူရုံတွင် မကဘူး၊ အဲဒီလေးပါးသော အကျိုးတွေ ကိုလဲ အကုန်လုံး လှူသည် မည်ပါတယ် တဲ့။ ဒါကြောင့်—

သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဥပဿယံ၊ နေရာကျောင်းကို။ ဒဒါတိ၊ ပေးလှူ၏။ သော စ၊ ထိုကျောင်းကို လှူသော ဒါယကာသည်ကား။ သဗ္ဗဒဒေါ၊ အလုံးစုံကို ပေးလှူသည် မည်သည်။ ဟောတိ၊ ဖြစ်၏-လို့ မြတ်စွာဘုရားက ချီးကျူး ထားပါတယ်၊ အဲဒါဟာ-ကျောင်းအလှူဒါန၊ မြင့်မြတ်လှ၊ ဗုဒ္ဓချီကျူးသည်-လို့ ဆိုရာမှာ မြင့်မြတ်ခြင်းတရပ်ပါဘဲ။

အဲဒီမှာ ဆောင်ပုဒ်က ဆိုထားပါတယ်။ ကျောင်းလှူသူဟာ၊ လုံးစုံပါ၊ လှူရာရောက်ပေသည်-လို့ ကျောင်းလှူတဲ့ ပုဂ္ဂိုလ်ဟာ ခန္ဓာအားကိုလဲ လှူပြီးသားဖြစ်ပါတယ်၊အရုပ်အဆင်းကိုလဲ လှူပြီးသား ဖြစ်သွားတယ်၊ ချမ်းသာကိုလဲ လှူပြီးသား ဖြစ်သွားတယ်၊ မျက်စိအမြင်ကိုလဲ လှူပြီးသား ဖြစ်သွားတယ်၊ အလုံးစုံကို လှူပြီးသား ဖြစ်သွားတယ်လို့ ဆိုပါတယ်၊ ကဲ ဒါလေး ဆိုရမယ်။ –

ကျောင်းလှူသူဟာ၊ လုံးစုံပါ၊ လှူရာရောက်ပေသည်။

တေသံ ဒိဝါ စ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ-လို့

ဒီလိုလဲ မြတ်စွာဘုရားက ချီးကျူးထားသေးတယ်။ တေသံ၊ ထို ထာဝရနိဗဒ္ဓ ဖြစ်သော ကျောင်း အဆောက်အဦစသည်ကို လှူသော အမျိုးသား အမျိုးသမီးတို့အား၊ ဒိဝါ စ၊ နေ့၌ရင်း။ ရတ္တော စ၊ ညဉ့်၌ရင်း။ သဒါ၊ အခါခပ်သိမ်း။ ပုညံ၊ ကုသိုလ်ကောင်းမှုသည်။ ပဝဍ္ဎတိ၊ တိုးပွါးလေတော့၏။အဆောက်အဦ လှူဒါန်းတဲ့ ပုဂ္ဂိုလ်မှာ အမြဲတမ်း ကုသိုလ် ပွါးနေတယ်၊ ဒါက ဘာကြောင့်တုံး ဆိုလို့ရှိယင် မိမိတို့ လှူထားတဲ့ အဆောက်အဦက အမြဲရှိနေတဲ့အတွက် စဉ်းစားတိုင်း စဉ်းစားတိုင်း ကိုယ့်ကုသိုလ်က ရှိနေတော့ အဲဒီမှာ ကုသိုလ်တွေ ပွါးနေတယ်၊ ယခု မဟာစည်ကျောင်းတော်ဆိုတဲ့ နာမည်နဲ့ ဆောက်ထားတဲ့ ဒီကျောင်းထဲမှာလေ ကုသိုလ်ပါဝင်ကြတဲ့ သူတွေဟာ ထောင်နဲ့ သောင်းနဲ့ ချီပြီး ပါဝင်တဲ့ ပုဂ္ဂိုလ်လဲ ရှိတန်သမျှ ရှိပါတယ်။ ဒါပေမဲ့ အဲဒါထက် ရာနဲ့ ဆယ်နဲ့ ပါဝင်တဲ့ ပုဂ္ဂိုလ်တွေကဘဲ များပါတယ်၊ ဒီအောက်လဲ ၁-၂-စသည် ပါဝင်တဲ့ပုဂ္ဂိုလ်တွေလဲ ရှိပါတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေ အားလုံးဟာ

ဒီကျောင်း အဆောက်အဦရဲ့ ကျောင်းဒကာ ကျောင်းအမတွေဘဲ၊ တကျပ်ထည့်တဲ့ ပုဂ္ဂိုလ်ကလဲ တကျပ်နဲ့ ဒီလို ကျောင်းကြီးဖြစ်လာတာ အင်မတန် ဝမ်းသာစရာ ကောင်းတယ်။ တကျပ် နှစ်ကျပ်နဲ့ ကျောင်းတခု ဖြစ်အောင်ဟာ ဘယ်တတ်နိုင်မှာတုံး။ ယခု ဒီက ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဝင် ဒကာကြီးတွေက အများသောပုဂ္ဂိုလ်တွေ ကုသိုလ်ကောင်းမှု ပွါးရအောင်လို့ အများစုပေါင်းပြီးတော့ ဘုံကျောင်း ဆောက်လိုက်လို့ ဒီလို ဒိ-နဲ့ ကျောင်းဒကာ ဖြစ်တာ၊ အကယ်၍ တဦးတယောက်က တတ်နိုင်သလောက်နဲ့ ဆောက်လို့ရှိယင် ဒီလို ဒိ-စသည်နဲ့ ကုသိုလ် ပါဝင်ရမှာ မဟုတ်ဘူး။ ယခု ကုသိုလ် ပါဝင်ခွင့် ရတော့ ၁၀ဝိ-လောက် ထည့်နိုင်တဲ့ ပုဂ္ဂိုလ်ကလဲ ဒီလို ကျောင်းကောင်းကြီး လှူရတယ်၊ အဲ ၅ဝိ-လောက် ထည့်နိုင်တဲ့ ပုဂ္ဂိုလ်ကလဲ လှူရတယ်၊ ၁ဝိ-လောက် ထည့်နိုင်တဲ့ ပုဂ္ဂိုလ်ကလဲ လှူရတယ်၊ ဒိ-လောက် ထည့်နိုင်တဲ့ ပုဂ္ဂိုလ်ကလဲ လှူရတယ်၊ ဒီကျောင်းကြီးဟာ မိမိတို့ ကျောင်းအဖြစ်နဲ့ လှူရတယ်၊ အင်မတန် ဝမ်းမြောက်စရာကောင်းပါတယ်၊ အဲဒါ နောက်ပြန်ပြီးတော့ စဉ်းစားတိုင်း စဉ်းစားတိုင်း ကုသိုလ် ကောင်းမှုတွေ ပွါးနေမယ်၊ နေ့လဲ စဉ်းစားမိယင် ကုသိုလ်ပွါးမယ်၊ ညလဲ စဉ်းစားမိယင် ကုသိုလ်တွေ ပွါးမယ်၊ စဉ်းစားမိတိုင်း စဉ်းစားမိတိုင်း နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကုသိုလ်တွေ ပွါးနေမယ်၊ ဘာကြောင့်တုံးဆိုယင် မိမိတို့ လှူထားတဲ့ ကုသိုလ်ဝတ္ထုက တည်ရှိနေလို့ပါဘဲ။

ဆွမ်းဆိုတာကတော့ စားပြီးတဲ့နောက် မရှိတော့ဘူး၊ သင်္ကန်း ဆိုတာလဲ မစုတ်ခင်ဘဲ ရှိတယ်၊ စုတ်လို့ စွန့်ပစ်လိုက်ယင် မရှိတော့ဘူး၊ ဆေးပစ္စည်း ဆိုတာလဲ သုံးစွဲတုန်းဘဲ ရှိ

တယ်၊ သုံးစွဲပြီးတဲ့နောက်ကျယင် မရှိတော့ဘူး၊ ကျောင်းက တော့ တော်တော်နဲ့ မပျက်နိုင်ဘူး၊ ဒီမဟာစည်ကျောင်း ဆိုလို့ ရှိယင် ဗိသုကာဆရာ ဗိုလ်ကြီး ကြူးကျော်ကလဲ အချိုးတကျ ပုံဆွဲလို့၊ အင်ဂျင်နီယာ ဦးဦးခိုင်ကလဲ နေ့ရော ညဥ့်ပါ ကြည့်ရှု စီမံလို့ သူ့ဘဲတတ်နိုင်ပေတယ်၊ ဘုန်းကြီးမြင်နေတယ်၊ မတ်တတ် မတ်တတ်နဲ့ အမြဲတမ်းလိုက်ကြည့်ပြီးတော့ စောင့်ရှောက်နေ တယ်၊လက်သမားဆရာတွေ အလုပ်သမားတွေကလဲဘဲ ကြိုးကြိုး စားစား အားထုတ်လို့ အင်မတန် ခိုင်ခံ့တဲ့ ကျောင်းပါဘဲ၊ တော်တော်နဲ့ ပျက်နိုင်မှာ မဟုတ်ပါဘူး၊ အင်မတန် ကြီးကျယ် တဲ့ ဘေးရန်တွေများ ပေါ်လာယင်ဖြင့် မပြောတတ်ဘူး၊ သူ့ သဘာဝအတိုင်း ဆိုလို့ရှိယင်ဖြင့် နှစ်ပေါင်း တရာနဲ့လဲ ဘာမှ ချို့ယွင်းမှာ မဟုဘ်ဘူး၊ နှစ်ပေါင်းတရာ ဆိုတော့ ဒီလူတွေ မရှိတော့ဘူး၊ ဘုန်းကြီးတို့လဲ ရှိမှာမဟုတ်ပါဘူး၊ နှစ်ပေါင်း နှစ်ရာ သုံးရာနဲ့လဲ ဘာမှ ဖြစ်မှာမဟုတ်ဘူး၊ အင်မတန် ခိုင်ခံ့တဲ့ ကျောင်းဘဲ၊ အဲဒီတော့ ယခု အလှူ့ဒကာ အလှူ့အမတွေ တသက်မှာ ဆိုလို့ရှိယင် ဒီကျောင်းဟာ တင့်တင့်တယ်တယ်နဲ့ သစ်သစ်လွင်လွင်နဲ့ ဒီလိုရှိနေမှာဘဲ။ နောက်ပြီးတော့ ဒီကျောင်း မှာ ဆိုင်ရာဖြစ်တဲ့ ရဟန်းတော် သံဃာတော်တွေကလဲ ထိုက် သည်အားလျော်စွာ သီဘင်းသုံးနေကြမယ်၊ ဒါတွေက အလ ကား အိပ်စားနေကြမှာ မဟုဘ်ဘူး၊ တရားဟောမယ်၊ လူတွေ အကျိုးများအောင် သီလ သမာဓိ ပညာတွေ ပွါးများအောင် တိုက်တွန်း နှိုးဆော် ဟောပြောပြီးတော့ နေမယ့် ပုဂ္ဂိုလ်ချည်း ဘဲ၊ ဘုန်းကြီးမရှိလဲဘဲ ဘုန်းကြီးနဲ့ အလားတူဖြစ်တဲ့ ပုဂ္ဂိုလ် တွေ ဆက်လက်ပြီးတော့ နေထိုင်သွားမှာဘဲ။ အဲဒီတော့ ဒကာ

ဒကာမတွေ အောက်မေ့တိုင်း အောက်မေ့တိုင်း ဆင်ခြင်တိုင်း ကုသိုလ်တွေပွါးမယ်။ ဒါကြောင့် မြတ်စွာဘုရားက·——

တေသံ ဒိဝါ စ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ-လို့ ဟောတော်မူပါတယ်။

ဩ ပါဠိလိုက ဘုန်းကြီးတို့အတွက် အနက်လဲ ထင်ရှားတယ်၊ ရွတ်လို့လဲ ကောင်းတယ်၊ နှုတ်တက်နေတယ်၊ မေ့လဲ မမေ့ဘူး၊ ဗမာလိုဆိုယင် ကိုယ့်ဟာကိုယ် ရေးထားတာပေမဲ့ တော်တော်ကြာ ပြန်ရွတ်ယင် တမျိုး ဖြစ်ချင် ဖြစ်နေတတ်တယ်၊ ပါဠိက ရွတ်လို့ နေရာကျတယ်၊ ဒါပေမဲ့ ပါဠိမတတ်တဲ့ ပုဂ္ဂိုလ်တွေအဖို့ကတော့ ဗမာလိုမှ နားလည်တယ်၊ ဒါကြောင့်-နေ့ညဥ့်မခြား ကုသိုလ်များ၊ ဖြစ်ပွါးလေတော့သည်-လို့ ဆောင်ပုဒ် စီထားတယ်၊ ကဲ အဲဒါကို ဆိုကြရမယ်။

နေ့ညဥ့်မခြား၊ ကုသိုလ်များ၊ ဖြစ်ပွါးလေတော့သည်။

ကျောင်းအလှူဟာ အမြင့်အမြတ်ဆုံးဖြစ်ပြီး အဲဒီလို အကျိုးကြီးတဲ့အတွက် ကျောင်းဆောက်လှူဘို့ရာလဲ မြတ်စွာဘုရားက ဒီလို တိုက်တွန်းတော်မူပါသေးတယ်။

တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။
ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေတ္ထ ဗဟုဿုတေ။

တသ္မာ၊ ထိုသို့ အမြတ်ဆုံး ဒါန ဖြစ်သောကြောင့်။ ပဏ္ဍိ-တော၊ မြော်မြင်နိုင်သည့် ဉာဏ်ပညာရှိသော။ ပေါသော၊ ပုဂ္ဂိုလ်သည်။ အတ္တနော အတ္ထံ၊ မိမိ၏အကျိုးကို။ သမ္ပဿံ၊ မြော်မြင်လျက်။ ရမ္မေ၊ နှလုံးမွေ့လျော်ဘွယ် ရှုံကုန်သော။ ဝိဟာရေ၊ ကျောင်းတို့ကို။ ကာရယေ၊ ဆောက်လုပ်စေ၍ ပေးလှူရာ၏။ ဧတ္ထ၊ ဤကျောင်းတို့၌။ ဗဟုဿုတေ၊ အကြား

အမြင့်များကုန်သော ရဟန်းတို့ကို။ ဝါသယေ၊ သီတင်းသုံးနေထိုင်စေရာ၏-တဲ့။

အဲဒါဟာ မြတ်စွာဘုရားကိုယ်တော်တိုင် တိုက်တွန်းတဲ့စကားပါဘဲ၊ ယခု ပြောခဲ့တဲ့အတိုင်း ကျောင်းအလှူဟာ အမြင့်အမြတ်ဆုံး အကျိုးအကြီးဆုံး ဖြစ်တဲ့အတွက် ကိုယ်ရေးကိုယ်တာ နောင်သံသရာအကျိုးကို မြော်မြင်နိုင်တဲ့ ပညာရှိသော ပုဂ္ဂိုလ်ဆိုယင် ကျောင်းဆောက်ပြီး လှူရမယ်တဲ့။ အဲဒါတောင် ရိုးရိုးကျောင်း မဟုတ်သေးဘူး၊ ရမ္မေ၊ စိတ်နှလုံး မွေ့လျော်ဘွယ်ကောင်းတဲ့ ကျောင်းကို ဆောက်ပြီး လှူပါတဲ့။ ယခု ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ က ကြီးမှူးပြီး ဆောက်လုပ်ထားတဲ့ မဟာစည် ကျောင်းတော်မျိုးကို ဆိုလိုတာပါဘဲ၊ ဒါပေမဲ့ ရှေးခေတ်တုန်းကတော့ ဒီလောက်ကောင်းတဲ့ကျောင်းကို ဆောက်ဖို့ သင့်လျော်တဲ့ ပစ္စည်းကောင်းတွေက မရှိသေးပေဘူး၊ ဒါကြောင့် သူ့ ခေတ်အလိုက် နှလုံးမွေ့လျော်ဘွယ်ကျောင်းကို ဆောက်ပြီး လှူဘို့ တိုက်တွန်းတာပါဘဲ။

နောက်ပြီးတော့ အဲဒီကျောင်းမှာ-ဗဟုဿုတေ-အကြားအမြင်များတဲ့ ရဟန်းတို့ကို သီတင်းသုံးပါစေတဲ့။ ဒါဟာ အရေးကြီးလို့ ပေါ်ပေါ် လွင်လွင် ညွှန်ပြထားတာဘဲ၊ အဋ္ဌကထာကလဲ ဒီနေရာမှာ ထင်ထင်ရှားရှားကြီး ဖွင့်ပြထားတယ်၊ ပရိယတ္တိ-ဗဟုဿုတေ စ၊ စာပေ ပရိယတ် အကြားသညာ ရှိသော ရဟန်းတို့ကိုရင်း၊ ပဋိဝေဓဗဟုဿုတေ စ၊ ဉာဏ်တွေ့ အမြင်သုတ ရှိသော ရဟန်းတို့ကိုရင်း။ ဝါသယေ၊ သီတင်းသုံးနေထိုင်စေရမယ်လို့ ဒီလို ဖွင့်ပြထားပါတယ်။ အဲဒါကို ညကလဲ ပြောခဲ့ပါပြီ၊ သုတ်အဋ္ဌကထာတွေမှာတော့ သုတကို အာဂမသုတ၊ အဓိဂမသုတလို့ ဒီလို ခွဲခြား ပြထားပါတယ်၊ အနက် အဓိပ္ပါယ်အားဖြင့်

တော့ အတူတူပါဘဲ၊ အာဂမသုတဆိုတာ စာပေပရိယတ် အကြား သုတကို ဆိုတာပါဘဲ၊ အဓိဂမသုတ ဆိုတာလဲ ဉာဏ်တွေ့ အမြင်သုတကို ဆိုတာပါဘဲ။ ဒီလို စာပေကျမ်းဂန် တတ်သိတဲ့ အကြားသုတ, တရားအားထုတ်ပြီး ဉာဏ်ဖြင့် ကိုယ်တိုင်တွေ့တဲ့ အမြင်သုတတွေနဲ့ ပြည့်စုံဘို့ရာဟာ ကျောင်းနေ ဘုန်းကြီး အတွက် အင်မတန် အရေးကြီးပါတယ်၊ စာပေကျမ်းဂန်လဲ အမှားအမှန်ဝေဘန်နိုင်အောင် တတ်သိဘို့ လိုပါတယ်၊ သမထ ဝိပဿနာ လုပ်ငန်းဘက်ကလဲ တပည့်ဒကာများကို လမ်းမှန် ညွှန်ကြားနိုင်လောက်အောင် လေ့လာအားထုတ်ထားဘို့ လိုပါတယ်၊ ဖြစ်နိုင်မယ်ဆိုယင်တော့ အဓိဂမ-ပဋိဝေဓလို့ ဆိုထားတဲ့ အတိုင်း မဂ်ဖိုလ်တရားထူးကို ရအောင်အားထုတ်ထားဘို့ လိုပါတယ်၊ ကျောင်းဒကာတွေဘက်ကလဲ မိမိတို့က ဆရာအဖြစ်ဖြင့် ကိုးကွယ်မည့် ရဟန်းကို ဒီအကြားအမြင် အင်္ဂါနှစ်ပါးနှင့် ပြည့်စုံ မပြည့်စုံ စုံစမ်းရွေးချယ်ဘို့လိုပါတယ်။ ဘာကြောင့်လဲဆိုယင်—

ဒကာ ဒကမတွေ ဆိုတာ များသောအားဖြင့် တရားကျမ်းဂန်တွေကို ကောင်းကောင်း မလေ့လာနိုင်ကြဘူး၊ လူနတ် နိဗ္ဗာန် ချမ်းသာ သုံးတန် ရစေနိုင်တဲ့ ကုသိုလ် ဖြစ်ပွါးရေး အတွက် ဆရာဘုန်းကြီးကိုဘဲ အားကိုးနေရတယ်၊ ဆရာဘုန်းကြီးက မတတ်မသိဘဲနဲ့ အလွဲကို ညွှန်ကြားလိုက်ယင် အကျိုးမဲ့တွေ အများကြီး ဖြစ်သွားနိုင်ပါတယ်၊ စာပေ ကျမ်းဂန် တတ်မတတ်ကတော့ သိလွယ်ပါတယ်၊ တရားထူးနှင့် ပြည့်စုံတယ် မပြည့်စုံဘူး ဆိုတာကတော့ သိဘို့ မလွယ်ဘူး၊ ဒါကြောင့် ဘာဝနာ အလုပ်ကို ဆရာနည်းနိဿယနှင့် ကောင်းကောင်း အားထုတ်ဘူးတယ်ဆိုယင် ယခုနေအခါမှာ သင့်တော်လောက်ပြီလို့ ဆိုရမှာဘဲ။

နောက်ပြီးတော့ ကျောင်းလှူတဲ့ ဒါယကာဟာ ကျောင်းနေရဟန်းကို လှူဒါန်း ထောက်ပံ့ဘို့ရာလဲ မြတ်စွာဘုရားက ညွှန်ကြားတော်မူပါသေးတယ်။

တေသံ အန္နဉ္စ ပါနဉ္စ၊ ဝတ္ထသေနာသနာနိ စ။

ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ-တဲ့။

တေသံ၊ ထို အကြား အမြင်နှင့် ပြည့်စုံသော ကျောင်းနေရဟန်းတို့အား။ အန္နဉ္စ၊ ဆွမ်းကိုင်၊ ပါနဉ္စ၊ အဖျော်ကိုင်၊။ ဝတ္ထသေနာသနာနိ စ၊ အဝတ် သင်္ကန်း နေထိုင်စရာ အိပ်ရာ အသုံးအဆောင်တို့ကိုင်၊။ ဥဇုဘူတေသု ဝိပ္ပသန္နေန စေတသာ၊ ဖြောင့်စွာဖြစ်သော အရိယာတို့၌ ကြည်ညိုသောစိတ်ဖြင့်။ ဒဒေယျ၊ ပေးလှူရာ၏-တဲ့။

ကျောင်းဒကာ ဆိုယင် ကျောင်းနေရဟန်းများကို ဆွမ်းစသည် ပေးလှူနေကြတာပါဘဲ၊ ဒါပေမဲ့ တချို့ကတော့ ကျောင်းဆောက်ပြီး သွားတောင်မကြည့်ဘဲ ဂရုမစိုက်ဘဲ နေတာလဲ ရှိပါတယ်၊ အဲဒီလို ဆိုတော့ ကိုယ့်အကျိုးရော သာသနာအကျိုးရော ဖြစ်သင့်သလောက် မဖြစ်ဘူးပေါ့၊ ဒါကြောင့် မြတ်စွာဘုရားက ဆွမ်း အဖျော် သင်္ကန်းနှင့် သေနာသန အသုံးအဆောင်တွေကိုလဲ လှူဘို့ ညွှန်ကြားတော်မူပါတယ်။ ယခု ရေစကြာ်ချမည်္တ မဟာစည်ကျောင်းမှာတော့ ခုတင် စားပွဲခုံ ကုလားထိုင် ကော်ဇော အစရှိတဲ့ ကျောင်းအသုံးအဆောင်တွေဟာ ဝင်းဝင်းတောက် ပြည့်နေတာပါဘဲ၊ ဒါလောက်ပြည့်စုံတဲ့ ကျောင်းဟာ ရှားပါလိမ့်မယ်၊ ဒီအတွက်လဲ ကျောင်းဒကာ ကျောင်းအမတွေမှာ ငါတို့ဟာ မြတ်စွာဘုရား၏ ညွှန်ကြားချက်နှင့်အညီ ပြည့်စုံစွာ လှူရပါပေတယ်လို့ အာရုံပြုပြီး ဝမ်းမြောက်စရာပါဘဲ။

နောက်ပြီးတော့ ကျောင်းနေရဟန်းများရဲ့ လုပ်ငန်းတာဝန် ကိုလဲ မြတ်စွာဘုရားက ဒီလို ညွှန်ကြားတော်မူခဲ့ပါတယ်။

တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာပနူဒနံ-တဲ့။

တေ၊ထိုကျောင်း၌ နေထိုင်သော ဆရာရဟန်းတော်တို့သည်။ တဿ၊ ထိုကျောင်းဒါယကာအား။ သဗ္ဗဒုက္ခာပနူဒနံ၊ အလုံးစုံ သော ဆင်းရဲကို ပယ်ဖျောက်တတ်သော။ဓမ္မံ၊ တရားကို။ ဒေသေန္တိ၊ ဟောကြားလေကုန်၏- တဲ့။ ကျောင်းမှာနေတဲ့ ရဟန်းတွေက အဲဒီလို လှူထားတဲ့ကျောင်းမှာ စားလိုက် သောက်လိုက် အိပ်လိုက်နဲ့ ဒီလို နေရုံမျှဆိုယင်တော့ တာဝန် ဝတ္တရား မကျေသေးပေဘူး၊ ဒကာ ဒကာမတွေမှာ ကျေးဇူး များသင့်သလောက် မများသေးပေဘူး၊ တရားကိုလဲ ဟောရ ပေလိမ့်မယ်၊ ဟောတော့လဲ ထင်ရာ မြင်ရာတွေ လျှောက်ဟော လို့ မဖြစ်ဘူး၊ ဘုန်းကြီး မနေ့ညက ပြောခဲ့တဲ့ ဂူဋ္ဌလိတ်မှာ ဟောနေတဲ့ ပုဂ္ဂိုလ်လို မဟုတ်တာတွေ အလွဲတွေ ဟောနေယင် အကျိုးမဲ့တွေ ဖြစ်သွားမယ်၊ ကုသိုလ်ရချင်လို့ တရားမှန်သိချင် လို့ တရားနာရာမှာ အကုသိုလ်တွေဖြစ်၊ အလွဲ အမှားတွေကို မှတ်စွဲသွားယင် သံသရာမှာ နစ်သွားလိမ့်မယ်၊ ဒါကြောင့် ဒီမှာ မြတ်စွာဘုရားအလိုတော်ကျ ဟောရမှာက သဗ္ဗဒုက္ခာပနူဒနံ- အလုံးစုံသောဆင်းရဲတွေကို ပယ်နိုင်တဲ့တရားကိုဟောရမယ်တဲ့။

အလုံးစုံသော ဆင်းရဲဆိုတာ မျက်မှောက်ဆင်းရဲနဲ့ သံသရာ ဆင်းရဲ ဒီနှစ်မျိုးပါဘဲ၊ ဒကာ ဒကာမတွေမှာ ဘေးရန်အန္တ ရာယ်တွေလို့ စိတ်ဆင်းရဲ ဒုက္ခရောက်နေယင် စိတ်ညစ်စရာတွေ တွေ့နေလို့ စိတ်ညစ်ပြီး ကျောင်းရောက်လာယင် စိတ်သက်သာ ရာ ရအောင် တတ်နိုင်သမျှ တရားဟောပေးရမယ်၊ အဲဒီလို တရားစကား ကြားနာရယင် စိတ်ညစ်ပျောက်သွားတတ်တယ်၊

အဲဒါဟာ မျက်မှောက်ဆင်းရဲကို ပယ်ပုံဘဲ၊ သံသရာ ဆင်းရဲတွေ ငြိမ်းအောင်ကတော့ သီလ သမာဓိ ပညာ အကျင့်တွေကို တတ်နိုင်သမျှ ညွှန်ကြားပေးရတယ်၊ အဲဒါက အင်မတန်ကျေးဇူးများပါတယ်၊ ဘုန်းကြီးတို့မှာ ဒိဋ္ဌလက်တွေ့ ဖြစ်နေပါတယ်၊ တချို့မှာ သောကပရိဒေဝ မီးတွေလောင်ပြီး သေတော့မလို ရူးတော့မလို အကြီးအကျယ် ဆင်းရဲဒုက္ခရောက်နေရာက ဘုန်းကြီးတို့ ကမ္မဋ္ဌာန်းဌာနကို ရောက်လာတယ်၊ ရောက်လာခါစတော့ စိတ်ညစ်စိတ်ပျက်ပြီး တမှိုင်မှိုင် တတွေတွေ ဖြစ်နေသေးတာဘဲ၊ ဒါပေမဲ့ ဘုန်းကြီးတို့ ဟောကြားညွှန်ပြတဲ့အတိုင်း တရားအားထုတ်လို့ လေးငါး ခုနစ်ရက်လောက် တော်တော်ကြာသွားတော့ သူတို့မှာ စိတ်ဆင်းရဲတွေ ပျောက်သွားတယ်၊ စိတ်ညစ်တာ စိတ်ပျက်တာတွေ မရှိတော့ဘူး၊ တခါထဲ စိတ်ချမ်းသာသွားတယ်၊ အဲဒါက လက်ငင်း သက်သေသာဓကပါဘဲ၊ အဲဒီလို အချိုးတကျ ပြည့်ပြည့်စုံစုံ အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေက သူတို့မှာ သေရမှာလဲ မကြောက်တော့ဘူး၊ အားကိုးစရာ ရသွားပြီလို့လဲ ဝန်ခံပြောဆိုကြပါတယ်။ အဲဒါဟာ အပါယ်ဆင်းရဲ စသည်ကို ရည်ပြီးပြောတာပါဘဲ၊ အဲဒါက ပိုပြီး အရေးကြီးပါတယ်၊ ဒါကြောင့် တတ်စွမ်းနိုင်လို့ရှိယင် ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ အရဟတ္တမဂ်ဖိုလ်အထိ ရောက်စေနိုင်တဲ့တရားကို လက်တွေ့ဖြစ်အောင် ဟောကြားရမယ်၊ အောက်ထစ်ဆုံးအားဖြင့် အပါယ်ဆင်းရဲ ငြိမ်းတဲ့ သောတာပတ္တိမဂ်ဖိုလ်ရောက်စေနိုင်တဲ့ တရားကို လက်တွေ့ဖြစ်အောင် ဟောကြားရမယ်၊ ဒါလောက်တောင် မတတ်နိုင်ယင်လဲ သုဂတိရောက်ကြောင်းကုသိုလ် ပါရမီကုသိုလ်ကို ပွါးများနိုင်အောင် ဟောရမယ်။ ဒါကတော့ ယခုခေတ်အခြေအနေအရ ဘုန်းကြီးက လျှော့ပြောတာပါ၊

မြတ်စွာဘုရား အလိုတော်ကတော့ အရိယာမဂ်ဖိုလ်ရောက်ကြောင်းတရားကို ဟောစေလိုပါတယ်၊ အဲဒီလို မဂ်ဖိုလ်ရောက်ကြောင်းတရားကို ကျောင်းနေရဟန်းက ဟောတော့ ကျောင်းဒကာမှာ အဲဒီ ဆင်းရဲငြိမ်းကြောင်း တရားကို နာရတယ်၊ အဲဒါဟာ အရေးကြီးပါတယ်၊ လူတွေက ဆင်းရဲကို အလိုမရှိကြဘူး၊ ဆင်းရဲကင်းချင်ကြတယ်၊ ဆင်းရဲ ကင်းချင်ယင် ဆင်းရဲကင်းကြောင်း နည်းလမ်းကို ရဖို့က အင်မတန်အရေးကြီးပါတယ်၊ အဲဒီလိုအရေးကြီးတဲ့ တရားနည်းလမ်းကို ကျောင်းဒကာမှာ နာကြားရတယ်၊ ဒါကြောင့်-ဆင်းရဲပယ်ရှား၊ မြတ်တရား၊ နာကြားရပြန်သည်-လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဆင်းရဲပယ်ရှား၊ မြတ်တရား၊ နာကြားရပြန်သည်။

## အမြတ်ဆုံးအကျိုး

## (၃)

အဲဒီလို ဆင်းရဲငြိမ်းကြောင်းတရားကို ကျောင်းနေရဟန်းတော်တွေက ဟောတော့ ကျောင်းဒကာမှာ အဲဒီတရားကို နာကြားရတယ်၊ အဲဒီလို နာကြားရတော့ ဘာဖြစ်သလဲ ဆိုယင်—

ယံ သော ဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာတိနာသဝေါ။

ယံ၊ ကျောင်းနေရဟန်းတော်တို့က ဟောသော ဆင်းရဲငြိမ်းကြောင်း ယင်းတရားကို။ သုတွာ၊ ကြားနာရ၍။ သော၊ ထိုကျောင်းဒါယကာသည်။ ဓမ္မံ၊ သစ္စာလေးတန် တရားမှန်ကို။

ဣမ၊ ဤမျက်မှောက်ဘဝ၌ပင်လျှင်။ အညာယ၊ သိ၍။ အနာ-
သဝေါ၊ အာသဝေါကင်းကွာ ရဟန္တာဖြစ်၍။ ပရိနိဗ္ဗာတိ၊
ဆင်းရဲခပ်သိမ်း ငြိမ်းလေတော့၏-တဲ့။

အဲဒါဟာ ကျောင်းဒကာမှာ ရနိုင်တဲ့ အကျိုးတွေ များစွာ
ထဲမှာ အမြင့်အမြတ်ဆုံး အကျိုးပါဘဲ။

ကျောင်းနေ ရဟန်းတော်တွေက ဟောတဲ့ တရားကို ကြား
နာပြီး တရားကို ကျင့်ကြံ အားထုတ်သောအားဖြင့် ကျောင်း
ဒကာဟာ မျက်မှောက်ဘဝမှာဘဲ တရားသိမြင်ပြီး အာသ
ဝေါကင်းတဲ့ ရဟန္တာဖြစ်မယ်၊ ရဟန္တာဖြစ်ပြီး ဆင်းရဲခပ်သိမ်း
ငြိမ်းသွားနိုင်ပါတယ်တဲ့။ အဲဒါက မြတ်စွာဘုရား ဟောတဲ့
တရားဘဲ၊ ယုံမှားစရာတော့ မရှိပါဘူး၊ ရဟန္တာ မဖြစ်တောင်
အနာဂါမ် ဖြစ်နိုင်တယ်၊ မာတိကမာတာ ဒကာမကြီးလိုပေါ့။

မာတိကမာတာဆိုတဲ့ ဒကာမကြီးဟာ အစပဌမက သာသန
ဓမ္မအကြောင်းကို ဘာမျှ မသိဘူး၊ အမျိုးသမီးများလဲ တရား
အားထုတ်ကောင်းတယ် ဆိုတာတောင် မသိဘူး၊ ဒါပေမဲ့
သူ့ကျောင်းမှာ တရားအားထုတ်နေကြတဲ့ ရဟန်းတော်များ
ထံမှ တရားအားထုတ်နည်းကို ကြားနာပြီး အားထုတ်လိုက်
တော့ သူက သူ့ဆရာ ရဟန်းတွေထက်တောင် အလျင်ကျပြီး
အနာဂါမ် ဖြစ်သွားတယ်၊ ဒါကြောင့် အဲဒီလို အနာဂါမ်
ဖြစ်ပြီးတော့လဲ ဆင်းရဲတွေ ငြိမ်းတန်သမျှ ငြိမ်းနိုင်ပါတယ်၊
အနာဂါမ် မဖြစ်နိုင်ယင်လဲ သကဒါဂါမ် သောတာပန်ဖြစ်ပြီး
ငြိမ်းနိုင်ပါတယ်၊ အဲဒီလို မဖြစ်တောင် အတော်အတန်တော့
ငြိမ်းနိုင်ပါတယ်၊ အဲဒါ ဘုန်းကြီးက လျှော့ပြောတာပါဘဲ၊
ဘာကြောင့် လျှော့ပြောရသလဲဆိုယင် ကြွားတယ် အပြော
ကြီးတယ် ဂုဏ်ဖော်တယ် လို့ အထင်လွဲကုန်မှာ စိုးလို့ပါဘဲ။

ဒါပေမဲ့ မြတ်စွာဘုရား ဟောထားတဲ့ ကိလေသာ ငြိမ်းကြောင်း တရားတွေဟာ တကယ်ကျင့်ယင် တကယ်ကို ငြိမ်းစေနိုင်တဲ့ တရားတွေပါဘဲ၊ စွန့်စွန့်စားစား အားထုတ်ဖို့တော့ လိုပါတယ်။ အဲဒီလို အားထုတ်လို့ ကိလေသာ ဆင်းရဲတွေ ငြိမ်းတန်သမျှ ငြိမ်းသွားတဲ့အတွက် စိတ်ရော ကိုယ်ပါ တခါထဲ ချမ်းသာနေတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီ သာသနာ့ရိပ်သာမှာကို များလှပါပြီ၊ အင်မတန် ကျေးဇူးများပါတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေဟာ ဘုရားဟောတဲ့ တရားတော်ကို ကိုယ်တွေ့ ဖြစ်နေကြပါတယ်၊ စာတွေ့မျှ မဟုတ်ပါဘူး။

တချို့က ဘုရားဟော တရားတွေဟာ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ဟောခဲ့တဲ့ ရှေးဟောင်းတွေဘဲ၊ ခေတ်မမှီတော့ဘူး စသည်ဖြင့် ပြောနေကြတယ်။ အဲဒီလို ယူဆတဲ့ ပုဂ္ဂိုလ်တွေအတွက်တော့ ခေတ်မမှီတာ ဟုတ်ပေလိမ့်မယ်။ ဘာကြောင့်လဲ ဆိုယင် သူတို့က တရားကို မယုံဘူး၊ မယုံတော့ မကျင့်ဘူး၊ မကျင့်တော့ သူတို့မှာ ကိုယ်တွေ့ မဖြစ်ဘူး။ ဒါကြောင့် အဲဒီလို လူတွေအတွက် ဆိုယင် ခေတ်မမှီဘူးလို့ ဆိုရမှာဘဲ။ ဒါပေမဲ့ တရားကျင့်တဲ့သူတွေမှာတော့ မြတ်စွာဘုရား တရားတော်ဟာ ဘယ်အခါကာလမဆို ခေတ်မှီနေတာပါဘဲ၊ ဟို နှစ်ပေါင်း နှစ်ထောင် အတွင်းကလဲ ခေတ်မှီတာဘဲ၊ ယခုနှစ်ပေါင်း နှစ်ထောင်ကျော် နှစ်ထောင့်ငါးရာကျော်မှာလဲ ခေတ်မှီတာဘဲ၊ နောက် နှစ်ပေါင်း သုံးထောင် လေးထောင် ငါးထောင် ကြာလဲ ဒီတရားကို ကျင့်ယင် ကျင့်တဲ့သူတွေမှာ ခေတ်မှီနေမှာဘဲ။ ကျင့်တဲ့သူတွေမှာ ကိုယ်တိုင်တွေ့ပြီး ခေတ်မှီပါတယ်၊ မမှီဘူးရယ်လို့ မရှိပါဘူး။ အဲဒါကတော့ ဒီသာသနာ့ရိပ်သာမှာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေအတွက် ကိုယ်တွေ့

ဖြစ်ပြီး ထင်ရှားနေပါတယ်။ ဒါကြောင့်-ကျောင်းအလှူရှင်၊ တရားမြင်၊ ခုပင် ငြိမ်းနိုင်သည် - လို့ ဆောင်ပုဒ် စီထားပါတယ်။ ကျောင်းအလှူရှင် ကျောင်းဒကာ ကျောင်းအမတွေဟာ မိမိတို့ ကျောင်းမှာ နေတဲ့ ရဟန်းများက ဟောလို့ အဲဒီ တရားကို ကျင့်ယင် ယခုဘဝတွင်ဘဲ ကိလေသာ ငြိမ်းတန်သမျှငြိမ်းမယ်၊ ဆင်းရဲ ငြိမ်းတန်သမျှ ငြိမ်းမယ်၊ အဲဒါ အားထုတ်ထားတဲ့ သူတွေမှာ ကိုယ်တိုင်တွေ့ပါဘဲ၊ အကောင်းဆုံး အမြင့်အမြတ်ဆုံး အကျိုးပါဘဲ။ ကဲ ဆိုကြရမယ်။

ကျောင်း အလှူရှင်၊ တရားမြင်၊ ခုပင် ငြိမ်းနိုင်သည်။

## ဝေလာမအလှူထက်လဲ အကျိုးကြီးတယ်

## (၄)

ခုနစ်နစ် ခုနစ်လ၊ ဝေလာမ၊ ကြီးစွ ပေးလှူသည် - တဲ့။ ဘုရားအလောင်းတော် ဝေလာမ ပုဏ္ဏားကြီးရဲ့ အလှူဒါနကြီးကျယ်ပုံကို ဟောပြီးတော့ အဲဒါထက် ကျောင်းအလှူက အကျိုးကြီးတဲ့ အကြောင်းလဲ ချီးကျူးတော်မူပါတယ်။ ဘယ်လိုလဲဆိုယင် - ရှေးတုန်းက ဝေလာမ ဆိုတဲ့ ပုဏ္ဏားကြီးဟာ ပစ္စည်းဥစ္စာတွေ အလွန်ပေါများ ကြွယ်ဝပါတယ်၊ ဘုရားအလောင်းတော်လဲ ဖြစ်တဲ့အတွက် အဲဒီပစ္စည်းတွေကို မတွယ်တာဘဲ ခုနစ်နစ် ခုနစ်လတိုင်အောင် အလှူကြီးပေးလှူခဲ့ပါတယ်။ အဲဒီအကြောင်းကို အကျယ်ပြောဘို့ပါဘဲ၊ ဒါပေမဲ့ အချိန်က မရှိလို့ မပြောနိုင်တော့ဘူး၊ ခေါင်းစဉ်ကလေးလောက်ပဲ ပြောသွားရတော့မယ်။

ဘယ်လိုလှူတုံး ဆိုလို့ရှိယင် - တဆဲ့နှစ်ယူဇနာ ကျယ်ပြန့်တဲ့ နယ်အတွင်းမှာ ထမင်းချက်ဌာနတွေ အကွက်ကျ နေရာချထားပြီးတော့ လာလာသမျှ လူတွေကို ထမင်းချက်ပြီး ကျွေးနေတယ်၊ တနေ့တရက်လဲ မဟုတ်ဘူး၊ ခုနစ်နှစ်နှင့် ခုနစ်လ ကြာသတဲ့။ ယခု ဒီကျောင်း ရေစက်ချ ပွဲမှာ လာလာသမျှ လူတွေကို ချက်ပြုတ် ကျွေးနေကြတာနဲ့ နှိုင်းစာကြည့်မယ်ဆိုယင် အလုပ်အကိုင်သမားတွေဟာ အတော် ပင်ပန်းကြမှာပါဘဲ။ အဲဒီလို ကျွေးမွေးပေးလှူနေပုံကို-ခုနစ်နှစ် ခုနစ်လ၊ ဝေလာမ၊ ကြီးစွ ပေးလှူသည်။ ဆဲ့နှစ်ယူဇနာ၊ ကျယ်ပြန့်စွာ၊ ချက်ကာ ကျွေးမွေးသည်-လို့ ဆောင်ပုဒ် စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

ခုနစ်နှစ် ခုနစ်လ၊ ဝေလာမ၊ ကြီးစွ ပေးလှူသည်။
ဆဲ့နှစ်ယူဇနာ၊ ကျယ်ပြန့်စွာ၊ ချက်ကာ ကျွေးမွေးသည်။

အဲဒီလို တဆဲ့နှစ်ယူဇနာ ကျယ်တဲ့ နယ်ပယ်အတွင်းမှာ လာလာသမျှ လူတွေကို ထမင်းချက်ပြီး ကျွေးမွေး ပေးလှူနေတာဟာ ခုနစ်နှစ်နဲ့ ခုနစ်လ ကြာသွားတယ်၊ ဒါပေမဲ့ ပစ္စည်းတွေက မကုန်နိုင်တဲ့အတွက် အားလုံးကုန်သွားအောင် တခါထဲအပြီး လှူလိုက်မယ်လို့ ကြံပြီးတော့ အလှူဝတ္ထု ၉-မျိုးကို ရှစ်သောင်းလေးထောင်စီ ပေးလှူပါတယ်။ ကဲ ဆောင်ပုဒ်ကို ဆိုကြရမယ်။

ရှစ်သောင်း လေးထောင်စီ၊ ဝတ်-ကိုးမည်၊ လှူသည်
ရက်ရောစွာ။

ဝတ်-ကိုးမည် ဆိုတာ အလှူဝတ္ထု ၉-မျိုးလို့ ဆိုလိုပါတယ်၊ အဲဒီ ၉-မျိုးထဲက တမျိုးတမျိုးမှာ ရှစ်သောင်းလေးထောင်စီ

အများကြီးပါဘဲ၊ ရက်ရက်ရောရော လှူပါတယ်၊ အဲဒီ အလှူ ဝတ္ထု ၉-မျိုးက ဘာတွေလဲ ဆိုယင်-ရွှေခွက် ငွေခွက်၊ ကြေးစင်ခွက်၊ ဆင်နက် ရထားပါ၊ နို့စားနွားမ၊ ပလ္လက်၊ ကညာ ဝတ်ထည်ပါ-တဲ့။ ရွှေခွက်က တမျိုး၊ ငွေခွက်က တမျိုး၊ ကြေးခွက်က တမျိုး၊ ဆင်က တမျိုး၊ ဆင်နက်ဆိုရာမှာ နက်-ဆိုတာက တော့ အက်ကာရန် ကိုက်အောင် ထည့်ထားပါတယ်၊ နောက်ပြီးတော့ ဆင်ဆိုတာ အဖြူက ရှားပါတယ်၊ အနက်ပဲ များပါတယ်၊ ဒါကြောင့် ဆင်နက်ဆိုတာလဲ မှန်နေတာပါဘဲ၊ နောက်ပြီးတော့ ရထားက တမျိုး၊ အဲဒီခေတ်တုန်းက မြင်းရထားဘဲ အသုံးများတဲ့အတွက် မြင်းရထားကိုဘဲ ယူရမယ်၊ နောက်ပြီးတော့ နို့စားနွားမက တမျိုး၊ ပလ္လင်က တမျိုး၊ ပလ္လင်ဆိုတာ လေးထောင့်အိပ်ရာ ခုံတမျိုးပါဘဲ၊ ယခုကာလ ရာဇပလ္လင်မျိုး မဟုတ်ပါဘူး၊ သတို့သမီးကညာက တမျိုး၊ ဟိုခေတ်တုန်းက လူတွေက သတို့သမီးကညာကိုလဲ ပစ္စည်းဥစ္စာအနေနဲ့ သူတို့ အပေး အယူ လုပ်လေ့ရှိကြပါတယ်၊ အဝတ်အထည်က တမျိုး၊ ဒီပစ္စည်း ၉-မျိုးပါဘဲ။

အဲဒီမှာ ရွှေခွက် ငွေခွက် ဆိုတာတွေဟာ သေးသေးမဟုတ်ပါဘူး၊ အင်မတန် ကြီးပါတယ်၊ ဘယ်လောက်ကြီးသလဲဆိုယင် တပယ် ခေါ်တဲ့ မြေကွက်အတွင်းမှာ အဲဒီ ရွှေခွက် ငွေခွက်ကြီးတွေကို ချထားမယ်ဆိုယင် ၄-ခွက်နဲ့ ပြည့်သတဲ့။ တပယ်က ဘယ်လောက်ကျယ်သလဲဆိုယင် မျိုးစပါး လေးအမ္ဗဏကြဲရတဲ့ လယ်ကွက်လောက်ရှိတယ်၊ တအမ္ဗဏမှာ တဆဲ့တစိတ် ရှိတယ်၊ ဒီတော့ မျိုးစပါး ၄၄-စိတ်၊ တင်းနဲ့ဆိုယင် တဆယ့်တတင်းကြဲရတဲ့ လယ်ကွက်ကို တပယ် ခေါ်တယ်။ ဧကနဲ့ ဆိုယင် ၉-ဧကလောက် ရှိမှာပေါ့၊ အဲဒီ ၉-ဧကလောက်ရှိတဲ့ မြေကွက်ထဲမှာ

အဲဒီ ရွှေခွက်ကြီး ၄-လုံးသာ ဆံ့တယ် ဆိုတော့ အင်မတန်ကြီးတဲ့ ခွက်ကြီးတွေပါဘဲ၊ အဲဒီ ရွှေခွက် ငွေခွက်တွေ ဆိုတာလဲ ခွက်ချည်း သက်သက် မဟုတ်ဘူး၊ ရွှေခွက်ထဲမှာ ငွေတွေအပြည့်၊ ငွေခွက်ထဲမှာလဲ ရွှေတွေအပြည့် ဒီလို ရတနာတွေ အပြည့်ထည့်ထားတဲ့ ခွက်ကြီးတွေ ဖြစ်တယ်၊ လှူတဲ့အခါကျတော့ အဲဒီ ခွက်ကြီးတွေထဲက ရတနာတွေကို လှူပြီးတော့ နောက်ဆုံးမှာ အဲဒီ ခွက်ကြီးတွေပါ ခွဲစိတ်ပြီး လှူတယ်။

အဲဒီလို ရွှေခွက်ကြီးတွေက ရှစ်သောင်းလေးထောင်၊ ငွေခွက်ကြီးတွေက ရှစ်သောင်းလေးထောင်၊ ကြေးခွက်ကြီးတွေက ရှစ်သောင်းလေးထောင်၊ ကကြိုးတန်းဆာ အပြည့်အစုံ ဆင်ထားတဲ့ ဆင်ကြီးတွေက ရှစ်သောင်းလေးထောင်၊ မြင်းရထားတွေက ရှစ်သောင်းလေးထောင်၊ အဲဒါတွေကို တိုတိုနဲ့ မှတ်ရအောင်-ရွှေခွက် ငွေခွက်၊ ကြေးစင်ခွက်၊ ဆင်နက် ရထားပါ-လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

ရွှေခွက် ငွေခွက်၊ ကြေးစင်ခွက်၊ ဆင်နက် ရထားပါ။

ဒီဆောင်ပုဒ်ထဲမှာ အလှူဝတ် ငါးမျိုး ရှစ်သောင်းလေးထောင် ငါးမျိုး ပါဝင်သွားပြီ၊ ပြီးတော့ နို့စားနွားမတွေကလဲ ရှစ်သောင်းလေးထောင်၊ ပလ္လင်တွေကလဲ ရှစ်သောင်းလေးထောင်၊ သတို့သမီးကညာတွေကလဲ ရှစ်သောင်းလေးထောင်၊ အဲဒီ သတို့သမီးတွေမှာလဲ အဝတ်အထည် လက်ဝတ်လက်စားပုတီး နားဒောင်း အဆင်တန်ဆာတွေ အပြည့်အစုံနဲ့ တကွဘဲ လှူပါတယ်၊ နောက်ပြီးတော့ အဝတ်အထည်တွေကတော့ ကုဋေပေါင်း ရှစ်သောင်းလေးထောင်တဲ့။ အဲဒါကိုလဲ-နို့စားနွားမ၊ ပလ္လင်၊ ကညာ ဝတ်ထည်ပါ။ ထိုတွင် ဝတ်ထည်၊ ကုဋေချီ၊

လျှုသည် များလှစွာ-လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

နို့စား နွားမ၊ ပလ္လင်၊ ကညာ ဝတ်ထည်ပါ။
ထိုတွင် ဝတ်ထည်၊ ကုဋ္ဌေချီ၊ လျှုသည် များလှစွာ။

အဲဒီလို အလှူဝတ္ထု ၉-မျိုး၊ တမျိုးတမျိုးမှာ ရှစ်သောင်းလေးထောင်စီ လှူပါတယ်၊ အင်မတန် ကြီးကျယ်တဲ့ အလှူကြီးပါဘဲ။

ဒီနေရာမှာ စောဒကတက်စရာတော့ ရှိပါတယ်၊ ဘယ်လိုလဲ ဆိုယင် သတို့သမီးကညာတွေကို မသမာတဲ့ လူတွေက အလှူခံယူသွားပြီးတော့ နှိပ်စက်ကြမယ် ဆိုယင် လှူတဲ့သူမှာ အပြစ်မဖြစ်ပေဘူးလားလို့ ဒီလို စောဒက တက်စရာ ရှိပါတယ်၊ အဲဒီလို နှိပ်စက်မှုမျိုး မဖြစ်နိုင်ဘူးလို့ ယူရပါမယ်၊ ဘာကြောင့်လဲ ဆိုယင် လှူတဲ့သူက တကယ့် ပညာရှိကြီးပါ၊ သေသေချာချာ စိစစ်ပြီးတော့ ထိုက်တန်တဲ့ သူကိုသာ လှူပါလိမ့်မယ်၊ အဲဒီအခါ ကာလတုန်းက ဝေလာမပုဏ္ဏားကြီးရဲ့ တပည့်မင်းတွေကိုက ရှစ်သောင်းလေးထောင် ရှိတယ်လို့ ဆိုပါတယ်၊ အဲဒီမင်းတွေရဲ့ စိုးစံရာ မြို့တော်တွေမှ မင်းသားတွေ သေဋ္ဌေးသားတွေဟာ ရှစ်သောင်းလေးထောင်မက အများကြီး ရှိပါလိမ့်မယ်၊ အဲဒီလို ထိုက်တန်တဲ့ မင်းသားတွေ သေဋ္ဌေးသားတွေကိုသာ ရွေးချယ်ပြီးလှူတယ်လို့ သင့်လျော်အောင် ယူသင့်ပါတယ်။ ဒီပြဿနာကို ထည့်ပြီး ရှင်းရတာက ဘာကြောင့်လဲ ဆိုယင် တချို့လူတွေက သူတို့ကိုယ်တိုင်က ဘာမျှမဟုတ်ပေမဲ့ ဗုဒ္ဓကျမ်းဂန်စာတွေကို ဂုဏ်ပျက်အောင် ကပ်ကပ်သပ်သပ် ရှာရှာဖွေဖွေ ဝေဘန်တတ်ကြပါတယ်၊ အလေးပြုအပ်တဲ့ ကျမ်းဂန်

ဆိုတာ သင့်လျော်အောင် ယောနိသောမနသိကာရနဲ့ ယူရတယ်၊ မသင့်လျော်အောင်တော့ မကြံရဘူး၊

အဲဒီမှာ အဝတ်အထည်ကုဋေ ရှစ်သောင်းလေးထောင်လို့ ဆိုရာမှာ ခါးဝတ်နှင့် ကိုယ်ရုံနှစ်ထည် အစုံ တဆယ်ကို တကုဋေ ခေါ်တယ်လို့ အဋ္ဌကထာက ဖွင့်ပြထားပါတယ်။ ဒါကြောင့် ဝတ်စုံ ကုဋေပေါင်း ရှစ်သောင်းလေးထောင် ဆိုရာမှာ ဝတ်စုံ ပေါင်း ရှစ်သိန်းလေးသောင်းလို့ ယူရပါမယ်။

အဲဒီ ဝေလာမ အလှူကြီးဟာ ခုနစ်နှစ် ခုနစ်လ ပတ်လုံး တဆယ့်နှစ်ယူဇနာ အတွင်းမှာ လာလာသမျှ လူတွေကို ချက်ပြုတ်ကျွေးမွေးတဲ့အတွက်လဲ အင်မတန် ကြီးကျယ်ပါတယ်၊ ရွှေခွက်ကြီး ရှစ်သောင်းလေးထောင် စသည်ဖြင့် အလှူဝတ္ထု ၉-မျိုးကို ရှစ်သောင်းလေးထောင်စီ လှူတဲ့အတွက်လဲ အင်မတန် ကြီးကျယ်ပါတယ်၊ အဲဒီလောက် ကြီးကျယ်တဲ့ ဝေလာမ အလှူကြီးထက် သောတာပန်တပါးကို ဆွမ်းကျွေးတာက သာပြီး အကျိုးကြီးပါတယ်တဲ့။ ဒါကြောင့်-ဣဒံ တတော မဟပ္ဖလတရံ-လို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်။ •

ဣဒံ၊ ဤသောတာပန်တပါးကို ဆွမ်းကျွေးခြင်းသည်။ တတော၊ ထိုဝေလာမ အလှူကြီးထက်။ မဟပ္ဖလတရံ၊ သာလွန်၍ အကျိုးကြီးလှပေ၏-တဲ့။

အဲဒါကို-သောတာတပါး၊ ကျွေးလှူငြား၊ ကျိုးများ ထိုထက်သာ-လို့ ဆောင်ပုဒ်စီထားပါတယ်။ သောတာပန် ပုဂ္ဂိုလ်တပါးကို ဆွမ်းတထပ် ကျွေးလှူတာက အဲဒီ ဝေလာမအလှူကြီးထက် အကျိုးကြီးတယ်လို့ ဆိုလိုပါတယ်။ ကဲ-အဲဒါကို ဆိုကြရမယ်။

သောတာတပါး၊ ကျွေးလှူငြား၊ ကျိုးများထိုထက်သာ။

နောက်ပြီးတော့ အဲဒီလို သောတာပန်တရာကို ကျွေးလှူ တာထက် သကဒါဂါမ် ပုဂ္ဂိုလ်တပါးကို ကျွေးလှူတာက သာပြီး အကျိုးကြီးတယ်၊ သကဒါဂါမ်တရာကို ကျွေးလှူတာထက် အနာဂါမ် တပါးကို ကျွေးလှူတာက သာပြီးအကျိုးကြီးတယ်၊ အနာဂါမ်တရာကို ကျွေးလှူတာထက် ရဟန္တာတပါးကို ကျွေး လှူတာက သာပြီး အကျိုးကြီးတယ်၊ ရဟန္တာတရာကို ကျွေး လှူတာထက် ပစ္စေကဗုဒ္ဓါတပါးကို ကျွေးလှူတာက သာပြီး အကျိုးကြီးတယ်၊ ပစ္စေကဗုဒ္ဓါတရာကို ကျွေးလှူတာထက် ဗုဒ္ဓ မြတ်စွာဘုရားကို ဆွမ်းလှူတာက သာ၍ အကျိုးကြီးတယ်၊ ဘုရားတပါးတည်းကို ဆွမ်းလှူတာထက် ဘုရားအမှူးရှိတဲ့ သံဃာတော်ကို ဆွမ်းလှူတာက သာပြီး အကျိုးကြီးတယ်-တဲ့။ အဲဒီလို အဆင့်ဆင့် အကျိုးကြီးသည်ထက် ကြီးပုံတွေကိုလဲ မြတ်စွာဘုရားက ဟောတော်မူပါတယ်။ တောင်ပေါ်တက်လာ ရသလိုပါဘဲ၊ တက်တိုင်းတက်တိုင်း တဆင့်ထက်တဆင့် မြင့်မြင့် လာသလို အလှူဒါနတမျိုးထက် တမျိုး အကျိုးကြီးလာပုံတွေ အင်မတန် အားရစရာ ကောင်းတယ်၊ အဲဒီ ဆွမ်းအလှူဒါနတွေ ထဲမှာ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို လှူတဲ့ဒါနဟာ အကျိုး အကြီးဆုံးဘဲ၊ အဲဒီ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို ဆွမ်းလှူ တဲ့ ဒါနထက် သံဃာအားလှူတဲ့ သံဃိကကျောင်းအလှူက သာပြီး အကျိုးကြီးတယ်လို့လဲ မြတ်စွာဘုရားက ဆက်ပြီး ဟောတော်မူပါတယ်၊ အဲဒါတွေကိုတော့ လင်္ကာမဟုတ်ပဲ စကား ပြေနဲ့ဘဲ ဆောင်ပုဒ်တွေ စီထားပါတယ်၊ အဲဒါတွေကို ဆိုကြရ မယ်။

သောတာပန်တရာထက် သကဒါဂါမ်တပါး ကျွေးလှူရ တာက သာ၍ အကျိုးကြီးသည်။

သကဒါဂါမ်တရာထက် အနာဂါမ်တပါး ကျွေးလှူတာက သာ၍ အကျိုးကြီးသည်။

အနာဂါမ်တရာထက် ရဟန္တာတပါး ကျွေးလှူတာက သာ၍ အကျိုးကြီးသည်။

ရဟန္တာတရာထက် ပစ္စေကဗုဒ္ဓါတပါး ကျွေးလှူတာက သာ၍ အကျိုးကြီးသည်။

ပစ္စေကဗုဒ္ဓါတရာထက် မြတ်စွာဘုရား ဆွမ်းလှူတာက သာ၍ အကျိုးကြီးသည်။

ဘုရားတပါးတည်းထက် ဘုရားအမှူးရှိ သံဃာဆွမ်းလှူတာက သာ၍ အကျိုးကြီးသည်။

ဘုရားအမှူးရှိ သံဃာဆွမ်းလှူတာထက် သံဃိကကျောင်းအလှူက သာ၍ အကျိုးကြီးသည်။

အဲဒီ နောက်ဆုံးအပိုဒ်ကတော့ ယခု ကျောင်းရေစက်ချအလှူနဲ့ သက်ဆိုင်နေလို့ လိုရင်းဖြစ်ပါတယ်၊ ဒါကြောင့် ဘုရားဟော ပါဠိကိုလဲ ရွတ်ပြဦးမယ်။

## သံဃိကကျောင်းအလှူသာလွန်အကျိုးကြီးပုံ

## (၅)

ယော စ စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ဝိဟာရံ ကာရာ-
ပေယျ၊ ဣဒံ တတော မဟပ္ဖလတရံ-တဲ့။

ယော စ၊ အကြင် ပုဂ္ဂိုလ်သည်ကား။ စာတုဒ္ဒိသံ သံဃံ၊ အရပ်လေးမျက်နှာရှိ သံဃာကို။ ဥဒ္ဒိဿ၊ ရည်စူး၍။ ဝိဟာရံ၊ ကျောင်းကို။ ကာရာပေယျ၊ ဆောက်လုပ်စေ၍ လှူရာ၏။

ဏ္ဍဒံ၊ ဤသံဃိကကျောင်းအလှူသည်။ တတော၊ ထိုဝေလာမ အလှူမှ စ၍ ဘုရားအမှူးရှိသော သံဃာအား ဆွမ်းအလှူ အထိ ထိုအလှူဟူသမျှထက်။ မဟပ္ဖလတရံ၊ သာလွန်၍ အကျိုးကြီးလှပါပေ၏-တဲ့။

သံဃာကို ရည်စူးပြီး ဆောက်လုပ်လှူဒါန်းတဲ့ သံဃိက ကျောင်းအလှူဟာ ဝေလာမအလှူကြီးထက်လဲ အကျိုးကြီး တယ်၊ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ပစ္စေက ဗုဒ္ဓါ အရှင်မြတ်တွေ ဆွမ်းလှူတာထက်လဲ အကျိုးကြီးတယ်၊ မြတ်စွာဘုရား ဆွမ်းလှူတာထက်လဲ အကျိုးကြီးတယ်၊ ဘုရား အမှူးရှိတဲ့ သံဃာ ဆွမ်းလှူတာထက်တောင် အကျိုးကြီးတယ် လို့ မြတ်စွာဘုရားက ချီးကျူးတော်မူပါတယ်၊ ဒီတော့ ကျောင်း ဆောက်လှူရတာဟာ အင်မတန်ကို ဝမ်းမြောက် ဝမ်းသာစရာ အားရစရာ ကောင်းပါတယ်။

အဲဒီလို အကျိုးကြီးတဲ့ကျောင်းက ဘယ်လောက် ကြီးကျယ် ရမှာပါလဲလို့ ဆိုတော့-အန္တမသော၊ အောက်ထစ်ဆုံး အပိုင်း အခြားအားဖြင့်။ စတုရတနိယာ၊ လေးတောင်ခန့်ကျယ်သော။ ပဏ္ဏသာလာပိ၊ သစ်ရွက်မိုးကာသော ကျောင်းသော်လည်း။ ဟောတု၊ ဖြစ်ပါစေ-လို့ အဋ္ဌကထာက ဆိုထားပါတယ်။ ဒါ ကြောင့် ၄-တောင်လောက်သာ ကျယ်တဲ့ ဖက်ရွက်မိုးကာထား တဲ့ ကျောင်းကလေးလဲ သံဃာလှူယင် အဲဒီလို အကျိုးကြီးတဲ့ သံဃိကကျောင်းအလှူ ဖြစ်တယ်လို့ မှတ်ရပါတယ်။ ဟိုတနေ့ ညက ရွှေစေတီဆရာတော်က အဲဒီအဋ္ဌကထာက ပြဆိုထားတဲ့ ကျောင်းကလေးကို သရုပ်ပေါ်အောင် ပြောသွားတယ်၊ မဒမ တိုင် ၄-ချောင်း ထောင်ပြီး ဓနိနဲ့ မိုးကာထားတဲ့ ကျောင်းက လေးလဲ သံဃာလှူလို့ရှိယင် သံဃိကကျောင်းဖြစ်ပြီး အကျိုး

ကြီးပါတယ်တဲ့၊ ယခု သာသနာ့ရိပ်သာမှာ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးက ကြီးမှူးပြီး ဆောက်လုပ်ထားတဲ့ မဟာစည် ကျောင်းတော်သစ်ကတော့ အထူးပြောစရာ မလိုပါဘူး၊ အင် မတန် ခမ်းနား ကောင်းမွန်တဲ့ ကျောင်းကြီးဘဲ။

ဒီနေရာမှာ မေးစရာ ရှိပါတယ်။ ယခု ရေစက်ချလှူမည့် ကျောင်းက မဟာစည်ကျောင်းတော်လို့ အမည်တပ်ထားတော့ မဟာစည်ဆရာတော်အား လှူတဲ့ ပုဂ္ဂလိကကျောင်း မဖြစ်ပေ ဘူးလား၊ သံဃိကကျောင်း ဖြစ်ပါမလားလို့ မေးစရာရှိပါတယ်၊ သံဃိကဖြစ်နိုင်ပါတယ်၊ မူလက မဟာစည်ဆရာတော် သီတင်း သုံးဘို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မဟာစည်ကျောင်းတော်လို့ အမည် တပ်ထားပေမဲ့ ငှရေစက်ချတဲ့ အခါကျတော့ သံဃိကရေစက်ချ ဘို့ စောစောကတည်းက စီစဉ်ထားပြီး ဖြစ်ပါတယ်၊ ဘုန်းကြီး က ပုဂ္ဂလိကအဖြစ်နဲ့ ကျောင်းကို အလှူမခံပါဘူး၊ ဟိုအယင်က ဘုန်းကြီးရဲ့ ဇာတိအရပ် ရွှေဘို ဆိပ်ခွန် မှာ ဘုန်းကြီးရဲ့ ရဟန်း ဒကာက ဘုန်းကြီးနေဘို့ ကျောင်းဆောက်ပြီး လှူပါတယ်၊ အုတ်တိုက်ကျောင်း တော်တော်ကောင်းပါတယ်။ ,ယခုအခြေ အနေနဲ့ဆိုယင် လေးငါးခြောက်သောင်းလောက် တန်ပါလိမ့် မယ်၊ အဲဒီတုန်းကလဲ ဘုန်းကြီးက သံဃိကလှူဘို့ တိုက်တွန်းပြီး သံဃိကဘဲ ရေစက်ချပေးခဲ့ပါတယ်၊ အဲဒီက နောက်လဲ အဲဒီ ရဟန်းတကာကဘဲ တိုက်ကျောင်းတခု ဆောက်လှူပြန်တယ်၊ အဲဒါလဲ သံဃိကဘဲ ရေစက်ချပေးပါတယ်၊ ဘာကြောင့် ပုဂ္ဂလိကအလှူမခံဘဲ သံဃိက လှူစေပါသလဲလို့ ဆိုယင်—

ငွေကြေး အမြောက်အမြား အကုန်ခံပြီး ဆောက်လုပ် လှူဒါန်းကြတဲ့ ကျောင်းဒကာ ကျောင်းအမတွေမှာ အကျိုး ကြီးတဲ့ ကုသိုလ်တွေ ဖြစ်စေချင်လို့ ပါဘဲ။ ဘုန်းကြီးတပါးထဲ

လှူယင် ဘုန်းကြီးတပါးထဲမှာရှိတဲ့ သီလအစရှိသော ဂုဏ်ကျေးဇူးလောက် အတွက်သာ အကျိုးပေးနိုင်တဲ့ ကုသိုလ်ဖြစ်မယ်၊ သံဃိကလှူလိုက်ယင်တော့ မြတ်စွာဘုရား၏ သာသနာတော်မှာ ရှိကြတဲ့ ရဟန်းသံဃာတော်အားလုံး၏ သီလ-အစရှိသော မရေမတွက်နိုင်သော ဂုဏ်ကျေးဇူးများကို အကြောင်းပြုပြီး အတိုင်းမသိ အကျိုးပေးနိုင်သော ကုသိုလ်တွေ ဖြစ်သွားမယ်။ ဥပမာအားဖြင့် မြေသြဇာ အတော်အသင့်သာရှိတဲ့ လယ်မြေတကွက်ထဲ စိုက်ထားယင် အဲဒီ မြေကွက်အတိုင်း အရှည်နဲ့ ညီမျှတဲ့ အပင် အပွင့် အသီးကိုသာ ရနိုင်တယ်။ မြေသြဇာ အလွန်ကောင်းတဲ့ မြေကွက်များစွာမှာ စိုက်ယင်တော့ များစွာသော အပင် အပွင့် အသီးတွေကို ရနိုင်ပါတယ်။ ဒါလိုပါဘဲ သံဃာတော်ဆိုတာ – အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။ လောကဿ၊ လောက၏။ အနုတ္တရံ၊ အလွန်အကဲမရှိ အမြင့်အမြတ်ဆုံးဖြစ်သော။ ပုညက္ခေတ္တံ၊ ကုသိုလ်ကောင်းမှု၏ဖြစ်ပွါးရာ လယ်ယာမြေကောင်းကြီးပါပေတည်း-လို့ ဟောထားတဲ့ ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံပါတယ်။ ဒါကြောင့် ဒကာ ဒကမတွေမှာ အကျိုးကြီးသည်ထက်ကြီးတဲ့ ကုသိုလ်ဖြစ်အောင်လို့ ပုဂ္ဂလိကအလှူမခံဘဲ သံဃိကအဖြစ်နဲ့သာ လှူစေခဲ့ပါတယ်။ ယခုလဲ ဒီအတိုင်းဘဲ ကျောင်းသစ် အပေါ်ထပ်ကို သံဃိကအဖြစ်နဲ့ ရေစက်ချ လှူရမယ်။ အဲဒီမှာ ဘုရားခန်းကလဲ ပါနေတော့ ဗုဒ္ဓပမုခသံဃိက အဖြစ်နဲ့ ရေစက်ချ လှူရမယ်။ အောက်ထပ်ကတော့ မူလရည်ရွယ်ချက်အတိုင်း လူတွေလဲ ချမ်းချမ်းသာသာ နေနိုင်အောင် မဟာစည်ဆရာတော် အမှူးရှိသော ယောဂီအပေါင်းအား ရေစက်ချ လှူရမယ်။ ဒါကြောင့် ဒီကျောင်းသစ်ဟာလဲ သံဃာအားလှူတဲ့

သံဃိကကျောင်း ဖြစ်ပါတယ်၊ သံဃိကကျောင်းအလှူဖြစ်တဲ့ အတွက် ခုနကပြောခဲ့တဲ့ ဝေလာမ အလှူမှစပြီး ဘုရားအမှူးရှိ သံဃာအား ဆွမ်းအလှူအထိ အလှူဒါနတွေထက် အကျိုး ကြီးတဲ့ အလှူဒါန ဖြစ်ပါတယ်၊ အင်မတန် ဝမ်းမြောက်စရာ ကောင်းပါတယ်။ ဒါကြောင့် ကျောင်းအလှူနဲ့ဆိုင်တဲ့ အပိုဒ် ၂၂-ဆောင်ပုဒ်ကို ဆိုကြရဦးမယ်။

ဘုရားအမှူးရှိသောသံဃာ ဆွမ်းလှူတာထက် သံဃိက ကျောင်းအလှူက သာ၍အကျိုးကြီးသည်။

အဲဒီမှာ အထက်ထပ်နဲ့ အောက်ထပ်ကို ခွဲပြီး ရေစက်ချတာနဲ့ စပ်ပြီး နဲနဲ ရှင်းပြောချင်သေးတယ်။ ဘုန်းကြီးတို့ ရွှေဘိုနယ် ဆီမှာ ရှေးတုန်းက အချို့ဆရာတော်များဟာ ကျောင်းရေစက် ချတဲ့အခါ ထုပ်မှ အထက်ပိုင်း သံဃိက, အောက်ပိုင်း ပုဂ္ဂလိက လို့ ဒီလိုခွဲပြီး ရေစက်ချတဲ့ အလေ့ရှိပါတယ်။ အောက်ပိုင်း ပုဂ္ဂလိက ရေစက်ချတာကတော့ နေထိုင်တဲ့ ပုဂ္ဂိုလ်တွေမှာ ချမ်းသာအောင်လို့ပါဘဲ၊ အထက်ပိုင်း သံဃိက ရေစက်ချတာ ကတော့ ကျောင်းဒကာတွေမှာ အကျိုးများစေချင်လို့ပါဘဲ၊ ရည်ရွယ်ချက်ကတော့ ကောင်းတယ်လို့ ဆိုရမှာဘဲ။ ဒါပေမဲ့ ထုပ်မှအထက် သံဃိကအပိုင်းမှာ သံဃာတွေလဲ သုံးလို့မဖြစ် နိုင်တဲ့အတွက် သဘာဝ ကျဟန် မတူပါဘူး။

ယခု မဟာစည် ကျောင်းတော်ကို အထက်ပိုင်း အောက်ပိုင်း ခွဲပြီး ရေစက်ချတာကတော့ သဘာဝကျပါတယ်။ ဥပမာ အားဖြင့် မြေကွက်ရှားတဲ့ မြို့ကြီးတွေမှာ အထပ်ပေါင်း များစွာ ရှိတဲ့ တိုက်ကြီးတွေ ရှိကြပါတယ်။ ဘေးကို မချဲ့နိုင်လို့ အထက် ကို ချဲ့ပြီး ဆောက်ထားကြတာပါဘဲ။ အဲဒီမှာ တချို့တိုက်တွေ ဟာ တဦးတည်းပိုင် မဟုတ်ပါဘူး၊ သူ့အထပ်နဲ့ သူသာ ပိုင်ကြ

ပါတယ်။ ဘုန်းကြီး ဟောင်ကောင် ရောက်ခဲ့တုန်းက တရုပ်ဘုန်းကြီးတပါးရဲ့ ကျောင်းကိုလဲ ရောက်ခဲ့ပါတယ်၊ သူ့ကျောင်းက အထပ်ပေါင်း ၁၄-ထပ်လောက်ရှိတဲ့ တိုက်ကြီးမှာ အလယ်ပိုင်းက အထပ်တထပ်သာ ဖြစ်ပါတယ်။ သူ့ရဲ့ အထက်နဲ့အောက် အထပ်ပေါင်း ၁၃-ခုလောက်ကတော့ ကျောင်းမဟုတ်ဘူး၊ အခြားသူတွေပိုင်တဲ့ လူနေအိမ်တွေသာ ဖြစ်ပါတယ်။ အဲဒီမှာ တိုက်အထပ်ပေါင်း များစွာထဲက တထပ်သာ ဘုန်းကြီးကျောင်း သာသနာ့အဆောက်အဦ အဖြစ်နဲ့ လှူထားပုံကို ထောက်ဆကြည့်ယင် ယခု မဟာစည် ကျောင်းတော်မှာ အထက်ထပ်ကို ဗုဒ္ဓပမုခသံဃိက၊ အောက်ထပ်ကို ယောဂီအပေါင်းနဲ့ ဆိုင်တဲ့ ဂဏိက ရေစက်ချလှူတာဟာ သဘာဝကျကြောင်း ထင်ရှားပါတယ်။

ဒါကြောင့် မဟာစည်ကျောင်းတော် အထက်ထပ်ကို ဘုရားအမှူးရှိသော သံဃာအား လှူတယ်လို့ နှလုံးသွင်းထားကြရမယ်၊ အဲဒီမှာလဲ ဘုရားခန်းကိုတော့ မြတ်စွာဘုရား၏ ရုပ်ပွါးတော် စသည် သိတင်းသုံးရန်၊ ကျန်တဲ့အပိုင်းကိုတော့ သံဃာတော်များ ထိုက်သည်အားလျော်စွာ သိတင်းသုံးရန် ဖြစ်ပါလိမ့်မယ်။ သံဃိကကျောင်းဆိုတာ အကြီးဆုံး ပဓာနဖြစ်တဲ့ မထေရ်ကို အကောင်းဆုံး နေရာပေးရတယ်၊ ဒီသာသနာ့ရိပ်သာမှာ ဘုန်းကြီးက အကြီးဆုံး ပဓာနဖြစ်နေတော့ သံဃိကဆိုပေမဲ့ အဲဒီအထက်ထပ်မှာ ဘုန်းကြီးဘဲ နေထိုင်သွားရမှာပါဘဲ၊ ဘုန်းကြီး မရှိတဲ့ နောက်ကာလကျတော့လဲ ဘုန်းကြီးနဲ့အလားတူ ပဓာနဖြစ်တဲ့ ပုဂ္ဂိုလ်ကို ဒကာတွေက ပင့်တင်ကြမှာပါဘဲ၊ ဒီသာသနာ့ရိပ်သာမှာ ပုဂ္ဂိုလ်ပိုင် မရှိစေရ၊ အဖွဲ့ပိုင်သာ ဖြစ်စေရမယ်ဆိုတဲ့ စည်းကမ်းလဲ ရှိပါတယ်၊ ယခု မဟာစည်

ကျောင်းတော်ကို သံဃိကရေစက်ချပြီးတော့ စောင့်ရှောက်ရန် အတွက် အဖွဲ့အား လွှဲအပ်ရမယ်၊ အဲဒါဟာ အဖွဲ့စည်းကမ်းနဲ့လဲ ညီတယ်၊ ဘုန်းကြီး၏သဘောကျလဲ ဖြစ်တယ်၊ ဘာကြောင့်လဲ ဆိုယင် ဒီအဆောက်အဦဟာ ဘုန်းကြီးပိုင်တာ မဟုတ်လို့ ဘုန်းကြီးမှာ ငါ့ဥစ္စာအနေနဲ့ သံယောဇဉ် အတွယ်အတာ မရှိဘူး၊ တစုံတခု ချွတ်ယွင်းပျက်စီးသွားယင်လဲ ပြုပြင်ဘို့ရာ တာဝန်မရှိဘူး၊ အဖွဲ့က ပြုပြင်သွားမှာဘဲ၊ ဘုန်းကြီးမှာ ချမ်းချမ်းသာသာနဲ့ နေသွားရမယ်၊ ဒါကြောင့် ဘုန်းကြီး၏ သဘောကျလဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီကျောင်းကို ရေစက်ချတဲ့အခါ အများချလေ့ရှိတဲ့ ကပ္ပိယကုဋိ အဖြစ်ကိုလဲ ထည့်ပြီး မချဘူး၊ ဘာကြောင့်လဲ ဆိုယင် ကပ္ပိယကုဋိဆိုတာ ဆွမ်းစားကျောင်းလို ပစ္စည်းသိုလှောင်ရာ ဌာနဖြစ်တယ်၊ ယခု ဆောက်လုပ်ထားတဲ့ မဟာစည်ကျောင်းတော်ကတော့ အင်မတန် သန့်ရှင်းစင်ကြယ်အောင် ဆောက်လုပ်ထားတဲ့အတွက် သန့်သန့်ရှင်းရှင်းနေထိုင်ဘို့သာ သင့်လျော်တယ်၊ အန္တောဝုတ္ထ ဖြစ်စေနိုင်တဲ့ ယာဝကာလိက ယာမကာလိကတွေကို သိုမှီးထားရန် မသင့်ဘူးလို့ ယူဆထားပါတယ်၊ ဒါကြောင့် ဇေတဝန်ကျောင်းတော်ကြီး ဝိသာခါ၏ ပြာသာဒ်ကျောင်းတော်ကြီးများကို ရေစက်ချသလို သံဃိကရိုးရိုးသာ ရေစက်ချဘို့ စီစဉ်ထားပါတယ်၊

ကျောင်းနဲ့စပ်ပြီး ပြောစရာကတော့ တော်တော်စုံသွားပါပြီ၊ ယခု ရေစက်ချတဲ့အခါ သံဃဂုဏ်ကို အာရုံပြုနိုင်အောင် သံဃာဂုဏ်တပုဒ်လောက် ဆိုကြဦးစို့၊ လိုက်ဆိုကြ။

သုပ္ပဋိပန္နော-လောဘ ဒေါသ မောဟကင်းကြောင်း ကောင်းမွန်စွာ ကျင့်ကြံတော်မူတတ်သော သံဃာတော်မြတ်ပါပေတကား။

## ကျောင်းအလှူထက် သရဏဂုံက သာ၍ အကျိုးကြီးပုံ

## (၆)

ယခု နှစ်ပတ်လည် ဩဝါဒ ခံယူပွဲအတွက် ဩဝါဒတရားကို ဟောမယ်၊ အဲဒီ ဝေလာမသုတ်မှာဘဲ ဒါနဟူသမျှထက် အကျိုးကြီးတဲ့ ကုသိုလ်တွေကိုလဲ ဟောကြားထားပါသေးတယ်။ ကျောင်းအလှူထက် သရဏဂုံက သာ၍ အကျိုးကြီးသည်-တဲ့။ ကဲ အဲဒါကို ဆိုကြရမယ်။

ကျောင်းအလှူထက် သရဏဂုံက သာ၍ အကျိုးကြီးသည်

ဒါကတော့ စရိတ်စက ဘာမျှ မကုန်ဘဲနဲ့ ပွါးများနိုင်တဲ့ ကုသိုလ်ဘဲ၊ ငါတို့မှာ သံဃိကကျောင်း ဆောက်လှူဘို့ရာ ငွေ မရှိဘူး၊ အဲဒီလို အကျိုးကြီးတဲ့ ကုသိုလ်ကို ငါတို့ မလုပ်နိုင်ဘူး လို့ အားငယ် မနေကြနဲ့။ အဲဒီ ကျောင်းအလှူထက် အကျိုး ကြီးတဲ့ ကုသိုလ်ကို မြတ်စွာဘုရားက ညွှန်ကြားထားပါတယ်၊ သရဏဂုံဆောက်တည်လိုက်ယင် အဲဒီ ကျောင်းအလှူထက် အကျိုးကြီးတဲ့ ကုသိုလ်တွေကို ရပါတယ်၊ သရဏဂုံ ဆိုတာ-ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ-လို့ ဆိုပြီး ဆောက်တည်ရတဲ့ ကုသိုလ်ပါဘဲ။ ဒါကတော့ ဗုဒ္ဓ သာသနာ့ဝင် ပုဂ္ဂိုလ်တွေဟာ နေ့စဉ်နေ့တိုင်းဆိုပြီး ဆောက် တည်နေကြတာဘဲ၊ ဒါပေမဲ့ မိရိုးဖလာအနေနဲ့ ဆိုရိုးဆိုစဉ် ဆိုနေကြတာကတော့ သိပ်ပြီးမလေးနက်ဘူး။

အရဟံ အစရှိသော ဂုဏ်တော် ၉-ပါးနှင့် ပြည့်စုံတော်မူ သော ဗုဒ္ဓမြတ်စွာဘုရားဟာ အမြင့်အမြတ်ဆုံးဘဲလို့ လေးလေး

မြတ်မြတ် အာရုံပြုပြီး အဲဒီ မြတ်စွာဘုရားကို ကိုးကွယ်ရာအဖြစ်နဲ့ ဆည်းကပ်ပါတယ်၊ အားကိုးပါတယ်လို့ ဒီလို လေးလေးနက်နက် အာရုံပြုပြီး ဆိုဘို့ လိုပါတယ်၊ ဆိုရုံတွင်လဲ မဟုတ်သေးဘူး၊ အမြဲတမ်းလဲ အလေးအမြတ်ပြုပြီး ယုံကြည် အားကိုးနေရမယ်။ ယခုတော့ တချို့က ခပ်ပေါ့ပေါ့ ဖြစ်နေကြဟန်တူပါတယ်၊ တချို့အိမ်တွေကို ဘုန်းကြီးများ ရောက်သွားတဲ့အခါ ဘိုးဘိုးအောင်တို့ ဘိုးမင်းခေါင်တို့ ဆိုတာတွေကို ရည်ပြီး ပြင်ထားတဲ့ ကန်တော့ပွဲတွေကို တွေ့ရတယ်၊ တချို့အိမ်မှာဆိုယင် အဲဒီ ဂိုဏ်းပွဲ နတ်ပွဲတွေက ဘုရားပွဲထက် သာနေတာကို တွေ့ရတယ်၊ ဘုရားထက် ဂိုဏ်းတွေ နတ်တွေကို အားကိုး ယုံကြည်တဲ့ သဘောပါဘဲ၊ အဲဒါတွေက သိပ်နေရာမကျဘူး။ ဒါကြောင့် အားမကိုးသင့်တာတွေကို အားမကိုးဘဲ ဘုရားကိုသာ အားကိုး ယုံကြည်ပြီး-ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-လို့ လေးလေးနက်နက် ဆိုပြီး ဆောက်တည် ကျင့်သုံးဘို့ လိုပါတယ်။ ထို့အတူ မြတ်စွာဘုရား၏ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန်၊ ဒေသနာဆိုတဲ့ ထရားတော်ကိုလဲ အမြတ်ဆုံးဘဲလို့ ယုံကြည်အားကိုးပြီးတော့-ဓမ္မံ သရဏံ ဂစ္ဆာမိ-လို့ လေးလေးနက်နက် ဆောက်တည်ဘို့ လိုပါတယ်။ ထို့အတူ မြတ်စွာဘုရား၏ တပည့်သားအစစ် ဖြစ်တဲ့ မဂ်ပုဂ္ဂိုလ် ၄-ပါး၊ ဖိုလ် ပုဂ္ဂိုလ် ၄-ပါး သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဆိုတဲ့ ဒီအရိယာပုဂ္ဂိုလ် ရှစ်ပါးအပေါင်း သံဃာတော်ကိုလဲ အမြတ်ဆုံးဘဲလို့ ယုံကြည် အားကိုးပြီးတော့-သံဃံ သရဏံ ဂစ္ဆာမိ-လို့ လေးလေးနက်နက် ဆောက်တည်ဘို့ လိုပါတယ်။ ဆောက်တည်ပြီးတဲ့နောက်လဲ အမြဲတမ်း အလေးအမြတ်ပြုနေဘို့ လိုပါတယ်၊ အဲဒီလို ရိုရိုသေသေ ဆောက်တည်ကျင့်သုံးနေတဲ့

သရဏဂုံကုသိုလ်ဟာ ကျောင်းအလှူကြီးထက် အကျိုးကြီးပါတယ်တဲ့။

## သရဏဂုံထက် ငါးပါးသီလက သာ၍ အကျိုးကြီးပုံ
## (၇)

အဲဒီ သရဏဂုံထက် ငါးပါးသီလက သာပြီး အကျိုးကြီးပါတယ်တဲ့။ အဲဒါကို ဆိုကြရမယ်။

သရဏဂုံထက် ငါးပါးသီလက သာ၍ အကျိုးကြီးသည်။

ငါးပါးသီလ ဆိုတာ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တွေ အမြဲဆောက်တည်နေကြတဲ့ သီလပါဘဲ၊ အဲဒါဟာ အများသိပြီးဖြစ်နေပါတယ်၊ အကျယ်ချဲ့ပြောနေဘို့ မလိုပါဘူး၊ ဒါပေမဲ့ အဲဒီငါးပါးသီလကလဲ လေးလေးနက်နက် ရိုရိုသေသေ ဆောက်တည်ပြီး ရိုရိုသေသေ စောင့်သုံးသွားဘို့ လိုပါတယ်။ ဒီ သိက္ခာပုဒ်ငါးပါး မပျက်အောင် စောင့်ရှောက်သွားမယ်လို့ ဒီလိုလေးလေးစားစား စောင့်ရှောက်သွားဘို့ လိုပါတယ်၊ သိက္ခာပုဒ်တခုခု မတော်တဆ ပျက်သွားယင်လဲ နောင်တဖန် မကျူးလွန်တော့ဘူးလို့ လေးလေးနက်နက် နှလုံးသွင်းပြီး ဆောက်တည်ကျင့်သုံးသွားရတယ်၊ အဲဒီလို လေးလေးနက်နက် ကျင့်သုံးသွားယင် နိစ္စသီလ အာစိဏ္ဏကံ ဖြစ်ပြီး အပါယ်လေးပါးမှ လွတ်မြောက်စေနိုင်ပါတယ်။ ဒါကြောင့် သရဏဂုံထက် ငါးပါးသီလက အကျိုးကြီးတယ်လို့ ဟောထားပါတယ်။ အဋ္ဌကထာမှာတော့ သရဏဂုံအရကို မဂ်ဖြင့်ပြီးတဲ့ သရဏဂုံလို့ ဆိုပါတယ်၊ ငါးပါးသီလအရကိုလဲ မဂ်ဖြင့်ပြီးတဲ့ သီလလို့ ဆိုပါတယ်။ အဲဒီလို ဆိုယင် သရဏဂုံနှင့် သီလဟာ တန်းတူဘဲဖြစ်နေဘွယ် ရှိပါတယ်၊ သိက္ခာပဒါနိ သမာဒိယေယျ-ဆိုတဲ့ ပါဠိ

တော်နှင့် ညီ မညီလဲ စဉ်းစားစရာ ရှိပါတယ်၊ မဂ်သီလဆိုတာ မဆောက်တည်ရဘဲ အလိုလိုပြီးစီးတဲ့ သီလဖြစ်ပါတယ်၊ ဒါကြောင့် လေးလေးနက်နက် ဆောက်တည်တဲ့ သရဏဂုံနှင့် သီလကိုဘဲ ယူတာက သာပြီးတော့ သင့်ပါတယ်၊ ကျင့်တဲ့သူများအတွက်လဲ သာပြီး အကျိုးရှိပါတယ်။

## ငါးပါးသီလထက် မေတ္တာဘာဝနာက သာ၍ အကျိုးကြီးပုံ

## (ဂ)

နောက်ပြီးတော့ ငါးပါးသီလထက် မေတ္တာဘာဝနာက သာပြီး အကျိုးကြီးတယ်လို့လဲ အဲဒီ ဝေလာမသုတ်မှာ ဟောထားပါတယ်၊ ကဲ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

ငါးပါးသီလထက် မေတ္တာဘာဝနာက သာ၍ အကျိုးကြီးသည်။

တဦးတယောက်ကို ဖြစ်စေ အများကိုဖြစ်စေ ရည်စူးပြီး ဘေးရန် ကင်းပါစေ၊ ချမ်းသာပါစေ-စသည်ဖြင့် စိတ်ပါ လက်ပါနဲ့ နှလုံးသွင်းနေတာကို မေတ္တာဘာဝနာလို့ ခေါ်ပါတယ်၊ စိတ်မပါဘဲ ပါးစပ်က ရွတ်ဆိုနေရုံနဲ့တော့ သဘာဝ မကျဘူး၊ ပါးစပ်က ချမ်းသာပါစေ ချမ်းသာပါစေ-လို့ ရွတ်ဆိုနေပြီးတော့ သူတပါးဆင်းရဲအောင် လုပ်နေယင်လဲ နေရာမကျဘူး၊ တကယ့်ကို ချမ်းသာစေလိုတဲ့စိတ်နဲ့ စူးစိုက်ပြီး ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ချမ်းသာစွာနဲ့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ၊ ချမ်းသာပါစေ-စသည်ဖြင့် လေးလေးနက်နက် နှလုံးသွင်းနေရတယ်၊ အဲဒီလို နှလုံးသွင်း ပွါးများနေတဲ့ မေတ္တာဘာဝနာဟာ ငါးပါးသီလထက် မြတ်ပါတယ် တဲ့။ ဒီနေရာမှာလဲ အဋ္ဌကထာက အပ္ပနာစျာန်လို့ ဆိုပြန်

တယ်၊ အပ္ပနာဈာန်လဲ သူ့ပြခဲ့တဲ့ မဂ်သီလထက်တော့ အကျိုး ကြီးဘူးဘူး မရှိပါဘူး၊ ဒါကြောင့် လောကီသီလနှင့် သာမန် မေတ္တာကို ယူတာက သာပြီး သင့်လျော်ဘွယ်ရှိပါတယ်။

## အနိစ္စာနုပဿနာ အကျိုးအကြီးဆုံး

## (၉)

ယခု နောက်ဆုံးအပိုဒ် ရောက်လာပါပြီ၊ ယော စ အစ္ဆရာ- သင်္ဃာတမတ္တမ္ပိ အနိစ္စသညံ ဘာဝေယျ၊ ဣဒံ တတော မဟပ္ဖလ- တရံ-တဲ့။

ယော စ၊ အကြင်ပုဂ္ဂိုလ်သည်ကား။ အစ္ဆရာသင်္ဃာတ- မတ္တမ္ပိ၊ လက်ဖျစ်တတွက်ကာလမျှသော်လည်း။ အနိစ္စသညံ၊ မမြဲဟု ထင်သော အမှတ်သညာကို။ ဝါ၊ မမြဲဟု သိသောဉာဏ် ကို။ ဘာဝေယျ၊ ပွါးစေရာ၏။ ဣဒံ၊ ဤမမြဲဟု သိသော ဉာဏ်သည်။ တတော၊ ထိုမေတ္တာဘာဝနာထက်။ ဝါ၊ ဝေလာမ အလှူမှစ၍ မေတ္တာဘာဝနာတိုင်အောင် ဆိုခဲ့ပြီးသော ထို ကုသိုလ်အပေါင်းထက်။ မဟပ္ဖလတရံ၊ သာလွန်၍ အကျိုးကြီး ပေ၏-တဲ့။ အဲဒါဟာ ယခု ပြောခဲ့တဲ့ ဝေလာမဒါနမှ မေတ္တာ- ဘာဝနာတိုင်အောင် အကုန်လုံးထက် အနိစ္စလို့ ရှုပြီး သိတဲ့ ဝိပဿနာဉာဏ်က အကျိုးကြီးတယ်လို့ နိဂုံးချုပ်ပြီး ဟောထား ပါတယ်၊ ဒီတော့ အနိစ္စာနုပဿနာကို အကျိုးအကြီးဆုံးလို့ မှတ်ရမယ်။

ဒါပေမဲ့ ကိုယ်ပိုင်ဉာဏ်ဖြင့် မသိပါပဲ မမြဲ မမြဲလို့ ဆိုနေရုံက တော့ အကျိုး သိပ်မကြီးလှပါဘူး၊ ကုသိုလ်ဖြစ် ပါရမီဖြစ် လောက်ပဲ ရှိမယ်၊ ယခု ဒီမှာ ဟောတဲ့ အနိစ္စာနုပဿနာကတော့ ရုပ်နာမ်တရားတွေကို အစဉ်အတိုင်း ရှုပြီးတော့ ခဏမစဲ ဖြစ်

ပျက်နေတာကို ဉာဏ်ဖြင့်တွေ့ရလို့ မမြဲဘူးလို့ သိတဲ့ ဉာဏ်ကို သာ ဆိုလိုပါတယ်၊ ပါဠိမှာ သညာ-အမှတ် ဆိုပေမဲ့ ဉာဏ်နဲ့ ယှဉ်တဲ့ သညာ ဆိုတော့ ဉာဏ်ကိုဘဲ ဆိုလိုရင်း ဖြစ်ပါတယ်။ ဝိပဿနာဆိုတာ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကြံသိတိုင်း ရှုမှတ်ပြီးတော့ သူ့သဘာဝအတိုင်း ဖြစ်ပေါ်လာတဲ့ တရားတွေကို အမှန်အတိုင်းသိတဲ့ ဉာဏ်ဘဲ ဆိုတာ ယခု တရားနာနေကြတဲ့ ယောဂီတွေဟာ သိပြီး ဖြစ်နေ ပါတယ်၊ ယခုအချိန်မှာ အဲဒီ ဝိပဿနာဉာဏ် ဖြစ်ပုံတွေကို အကျယ်ပြောလို့လဲ မဖြစ်ပါဘူး၊ ဒါကြောင့် အကျဉ်းချုပ်ပဲ ပြောရမယ်၊ အဲဒီလို မြင်တိုင်း ကြားတိုင်း စသည်ကို ရှုမှတ်လို့ သမာဓိဉာဏ် ရင့်လာတဲ့အခါမှာ မြင်တာကလေးလဲ မြင်ပြီး ပျောက်သွား၊ ကြားတာကလေးလဲ ကြားပြီး ပျောက်သွား စသည်ဖြင့် ချက်ခြင်း ပျောက်ပျောက်သွားတာကိုချည်း တွေ့ ရတယ်၊ အဲဒီ အခါမှာ-ဟုတ္တာ အဘာဝတော အနိစ္စာ-ဖြစ်ပေါ် လာပြီး မရှိတော့ဘဲ ပျောက်ပျောက်သွားသောကြောင့် မမြဲ ဘူး မမြဲဘူးလို့ သိသိလာပါတယ်၊ အဲဒါဟာ အနိစ္စာနုပဿနာ ဉာဏ်အစစ်ပါဘဲ။

အဲဒီလို သိတဲ့ ဉာဏ်ဟာ ထက်သန်လာယင် သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ ဖြစ်စေနိုင်တယ်၊ သကဒါဂါမိမဂ် ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ ဖြစ်စေနိုင်တယ်၊ အနာဂါမိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ ဖြစ်စေနိုင်တယ်၊ အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ် ကိုလဲ ဖြစ်စေနိုင်တယ်၊ ဒါကြောင့် အဲဒီ အနိစ္စာနုပဿနာဉာဏ် က သာပြီး အကျိုးကြီးတာ။ ဒီသာသနာ့ရိပ်သာမှာ အားထုတ် နေကြတဲ့ ယောဂီတွေ ဒီက ခွဲပြီး ဖွင့်ထားတဲ့ ကမ္မဋ္ဌာန်းဌာနခွဲ တွေမှာ အားထုတ်နေကြတဲ့ ယောဂီတွေ၊ အဲဒီ ယောဂီတွေ

အားလုံးဟာ ဒီအနိစ္စာနုပဿနာဉာဏ်အစစ် ဖြစ်အောင်လို့ အားထုတ်နေကြရတာဘဲ၊ အားထုတ်လို့ အဲဒီယောဂီတွေမှာ ဒီဝိပဿနာဉာဏ်အစစ်တွေ တကယ် ဖြစ်နေကြတာဘဲ၊ အင်မတန် ဝမ်းသာစရာ ကောင်းပါတယ်၊ ကဲ အဲဒီ ဆောင်ပုဒ်ကို ဆိုကြရမယ်။

မေတ္တာ ဘာဝနာထက် အနိစ္စာနုပဿနာက သာ၍ အကျိုးကြီးသည်။

အနုပဿနာ ၃-ပါးနှင့် ဝိမောက္ခ ၃-ပါး ဆိုတာတွေကိုတော့ ဆောင်ပုဒ်ကို ဆိုပြီး အကျဉ်းလောက် ပြောသွားရမယ်။ ကဲ ဆိုကြရမယ်။

မမြဲ ဟု မြင်တာက အနိစ္စာနုပဿနာ၊ အနိမိတ္တာနုပဿနာလဲ ခေါ်သည်၊ အနိမိတ္တမဂ်ကို ရကြောင်းလဲ ဖြစ်သည်။ ယင်း အနုပဿနာဖြင့် ရသောမဂ်ကို အနိမိတ္တဝိမောက္ခ ခေါ်သည်။

မြင်တာ ကြားတာ တွေ့တာ သိတာတွေကို မှတ်ရင်း မှတ်ရင်း ဖြစ်ပေါ်လာပြီး ချက်ခြင်း ပျောက်ပျောက်သွားတာကို တွေ့ရလို့ မမြဲဘူး မမြဲဘူးလို့ သိမြင်သဘောကျကျသွားတာက အနိစ္စာနုပဿနာ၊ အဲဒါကို အနိမိတ္တာနုပဿနာလို့လဲ ခေါ်သည်။ အဲဒီလို ခေါ်ရခြင်း၏ အကြောင်းကတော့ အဲဒီလို မမြဲတဲ့သဘောကို မသိခင်တုန်းက ဆိုယင် ကွေးတဲ့အခါ ဆန့်တဲ့အခါ လှုပ်ရှားတဲ့အခါ စသည်မှာ အမြဲတည်ရှိနေတဲ့ လက်ပုံသဏ္ဍာန် ခြေပုံသဏ္ဍာန် ခေါင်းပုံသဏ္ဍာန် ကိုယ်ပုံသဏ္ဍာန် အစရှိတဲ့ နိမိတ်ပုံသဏ္ဍာန်တွေနဲ့ ထင်ပေါ်နေခဲ့တယ်၊ အစဉ်ထာဝရ တည်မြဲနေတဲ့ အထည်ဒြပ်ကြီးအနေနဲ့ ထင်ပေါ်နေခဲ့တယ်။ ယခု အနိစ္စာနုပဿနာဉာဏ် ဖြစ်လာတဲ့အခါကျတော့ တရိပ်

တရိပ်နဲ့ ပျောက်ပျောက်သွားတဲ့သဘောသာ ထင်တော့တယ်၊ အမြဲတည်နေဟန် လက်ပုံသဏ္ဍာန် နိမိတ်စသည်တွေ မထင်တော့ဘူး၊ ဒီလို အမြဲတည်နေဟန် ပုံသဏ္ဍာန်နိမိတ်ကင်းတဲ့အတွက် အနိစ္စာနုပဿနာဉာဏ်ကို အနိမိတ္တာနုပဿနာလို့ ခေါ်ရပါတယ်။ အဲဒီ အနိမိတ္တာနုပဿနာ ထက်သန်ပြည့်စုံတဲ့အခါ အရိယာမဂ်ဉာဏ် ဖြစ်ပေါ်ပြီး သင်္ခါရနိမိတ် လုံးဝချုပ်ငြိမ်းတဲ့ ကင်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်တွေ့ရတယ်၊ ဒါကြောင့် အဲဒီမဂ်ကို အနိမိတ္တဝိမောက္ခ အနိမိတ္တမဂ် ခေါ်တယ်၊ အဲဒီ အနုပဿနာလဲ အနိမိတ္တမဂ်ကို ရကြောင်းဖြစ်တယ်၊ နောက် ၂-ပိုဒ်လဲ နည်းတူပါဘဲ၊ ဆိုရုံဘဲ ဆိုသွားကြစို့။

ဆင်းရဲဟု ရှုမြင်တာက ဒုက္ခာနုပဿနာ၊ အပ္ပဏိဟိတာနုပဿနာလဲ ခေါ်သည်၊ အပ္ပဏိဟိတမဂ်ကို ရကြောင်းလဲ ဖြစ်သည်။ ယင်းအနုပဿနာဖြင့် ရသောမဂ်ကို အပ္ပဏိဟိတဝိမောက္ခ ခေါ်သည်။

အတ္တမဟုတ် အတ္တမရှိ သဘောတရားမျှဟု ရှုမြင်တာက အနတ္တာနုပဿနာ၊ သုညတာနုပဿနာလဲ ခေါ်သည်၊သုညတမဂ်ကို ရကြောင်းလဲ ဖြစ်သည်။ ယင်းအနုပဿနာဖြင့် ရသောမဂ်ကို သုညတဝိမောက္ခ ခေါ်သည်။

ဒီကနေ့တော့ အချိန်ကကုန်နေပြီ၊ ဒါလောက်ပဲ ဟောနိုင်တယ်၊ ဒီအနုပဿနာ ၃-ပါးနဲ့ ဝိမောက္ခ ၃-ပါးအကြောင်းကို ယခု လာမည့် ပြာသိုလဆန်း ၈-ရက်နေ့ကျတော့ ကျောင်းသစ်အောက်ထပ် ဓမ္မာရုံသစ်မှာ မင်္ဂလာတရားနဲ့တွဲပြီး ဟောမယ်၊ အဲဒီကျမှ ဆက်ပြီး နာကြပေတော့။

ကဲ ယခု အစပိုင်းက ပြောခဲ့တဲ့ ဩဝါဒ အကျဉ်းချုပ် ၃-ပိုဒ်ကို ရွတ်ဆိုပြီး တရားသိမ်းကြစို့။

အဲဒီ ၃-ပိုဒ်ကို ရွတ်ဆိုပြီးယင် သာဓုခေါ်ကြရမယ်။ ကဲ ဆိုကြ။

အပါယ်ဘေးငြိမ်းခွင့်၊ ဥာဏ်အဆင့်၊ အသင့်ရောက်ပါစေ။
ထိုဥာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲငြိမ်းပါစေ။
ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ။
(သာဓု သာဓု သာဓု)

## ရေစက်ချစာတမ်းကို ရှင်းပြချက်
## (၁၀)

ယခုရေစက်ချ စာတမ်း ရောက်လာပြီ၊ အစီရင်ခံစာ စာအုပ် နံပါတ် ၂၉-မှာ ရှိပါတယ်၊ နောင်အစဉ်သဖြင့် မှတ်သား ထား ရအောင် ဓောဓောကတည်းက စီစဉ်ထားပါတယ်၊ စာအုပ် ထဲမှာ ထည့်ရိုက်ထားပါတယ်။

ရေစက်ချ ဆိုတာ ဒကာ ဒကာမတွေက မိမိတို့ လှူဒါန်းတဲ့ ဝတ္ထုပစ္စည်းကို ဘယ်ပုံ ဘယ်နည်းဖြင့် လှူဒါန်းပါတယ် ဆိုတာ ရဟန်းသံဃာတော်များ လျှောက်ထားတာပါဘဲ၊ အဲဒီလို သိ အောင် လျှောက်ထားတာ ဖြစ်တဲ့အတွက် သိဘို့က အရေးကြီး ပါတယ်၊ အလှူခံ ရဟန်းတော် သံဃာတော်တွေရော လှူတဲ့ ဒကာ ဒကာမတွေရော မြန်မာချည်း ဖြစ်နေတော့ မြန်မာလို လျှောက်ပြီး ရေစက်ချတာဟာ သဘာဝအကျဆုံးပါဘဲ။ နိဿယကျမ်းစာများလို ပါဠိတပိုဒ်၊ မြန်မာတပိုဒ် ဒီလို ရေစက် ချတာကတော့ အစဉ်အလာ ဖြစ်နေလို့သာဘဲ၊ သိပ်ပြီး သဘာဝ မကျဘူး၊ ဘာကြောင့်လဲဆိုယင် ဗမာက အင်္ဂလိပ်နဲ့ စကား ပြောယင် အင်္ဂလိပ်လိုသာ ပြောရတယ်၊ အင်္ဂလိပ်တပိုဒ် ဗမာ

တပိုဒ် ဒီလိုတော့ ပြောရိုးမရှိဘူး၊ ကုလားနဲ့ ပြောယင်လဲ ကုလားလိုသာ ပြောရတယ်၊ ကုလားတပိုဒ် ဗမာတပိုဒ် ဒီလို တော့ ပြောရိုးမရှိဘူး၊ ဗမာအချင်းချင်း ပြောယင်လဲ ဗမာလို သာ ပြောရတယ်၊ အခြား ဘာသာစကားတပိုဒ် ဗမာတပိုဒ် ဒီလိုတော့ ပြောရိုးမရှိဘူး၊ ဒါကြောင့် ပါဠိတပိုဒ် မြန်မာတပိုဒ် ဒီလို ရေစက်ချတာကတော့ သဘာဝမကျလှပါဘူး၊ ဒါပေမဲ့ ဆရာ့ဆရာတွေ ပြစ်မှားရာ ရောက်မှာစိုးလို့ အဲဒီလို ရေစက်ချ တာကို မှားတယ်လို့တော့ မဆိုပါဘူး၊ သဘာဝ မကျဘူးလို့ သာ ဆိုပါတယ်၊ ပါဠိသက်သက် ဆိုယင်လဲ သဘာဝ ကျပါတယ်၊ ဗမာသက်သက်ဆိုယင်တော့ အထူးပြောစရာ မလိုပါဘူး၊ အကောင်းဆုံးလို့ ဆိုရမှာဘဲ။

ဒါကြောင့် ယခု ကျောင်းရေစက်ချမှာ ပါဠိသက်သက်လဲ ချမယ်၊ ဗမာသက်သက်လဲ ချမယ်၊ အဲဒီမှာ ပါဠိရေစက်ချပါ ထည့်ထားတာကတော့ ခမ်းနားကြီးကျယ်တဲ့ ဝိဟာရဒါန ကျောင်းအလှူကြီး ဖြစ်တဲ့အတွက် နောင်အစဉ်လဲ မှတ်ရ အောင် ပါဠိလို ရေစက်ချကို ထည့်ထားခြင်း ဖြစ်ပါတယ်။ ဒကာ ဒကမတွေအနေနဲ့ကတော့ ဗမာလိုရေစက်ချသာ လိုရင်း ဖြစ်ပါတယ်။ ပဌမ ပါဠိလို ရေစက်ချကို ဘုန်းကြီးက ဒကာ ဒကမတွေရဲ့ ကိုယ်စားအနေဖြင့် ဆိုသွားမယ်၊ ဒကာ ဒကမ တွေက စိတ်နဲ့သာ အာရုံပြုပြီး ရေစက်ခွက်နဲ့ ရေစက်ချရမယ်၊ အဲဒီကနောက် ဗမာလို ရေစက်ချကိုတော့ ဒကာ ဒကမ တွေက လိုက်ဆိုရင်း ရေစက်ချသွားရမယ်၊ အဲဒီလို ရေစက်ချတဲ့ အခါမှာ လေးလေးနက်နက် အာရုံပြုနိုင်အောင် အဲဒီ ရေ စက်ချ စာတမ်းရဲ့ ရည်ရွယ်ချက်ကို ရှင်းပြဦးမယ်။

စာတမ်း အစမှာ (သံဃာတော်အရှင်မြတ်တို့ဘုရား) ဆိုတဲ့ စကားက ယခု မျက်မှောက်မှာ ရှိနေတဲ့ သံဃာတော်တွေကို တိုက်ရိုက်ခေါ်ပြီး လျှောက်တဲ့ စကားဘဲ။

(တူညီသော သဒ္ဓါ တူညီသောဆန္ဒ တူညီသောစိတ်အကြံ ရှိကြသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်များ မဟာစည်သြဝါဒခံ ယောဂီများနှင့် အခြားစေတနာရှင်များဖြစ်ကြသော တပည့်တော်တို့သည်) ဆိုတဲ့ ဒီအပိုဒ်ကတော့ ကျောင်းဒကာ ကျောင်း အမတွေကို ပြတဲ့စကားဖြစ်တယ်၊ ဒီကျောင်းဒကာ ကျောင်း အမတွေဟာ သဒ္ဓါတရားလဲ တူညီကြတယ်၊ အားလုံးဘဲ ကံ ကံ၏ အကျိုးကို ယုံကြည်ကြတယ်၊ ဒီသာသနာ့ရိပ်သာမှာ ဒီလို ကျောင်းကို ဆောက်လုပ်ပြီး လှူလိုက်ရလို့ရှိယင် သာသနာ တော်မှာလဲ အကျိုးများမယ်၊ မိမိတို့မှာလဲ ကုသိုလ်ပွါးပြီး အကျိုးများမယ်၊ မိမိတို့၏ သားသမီး မြေးမြစ် အစဉ်အဆက် တွေမှာလဲ အကျိုးများသွားမယ်လို့ ဒီလို ယုံကြည်တဲ့ သဒ္ဓါ တရားရှိကြတယ်၊ ဒီလို သဒ္ဓါတရား ရှိကြလို့ ဒီကျောင်းဆောက် ဖို့အတွက် ရာနဲ့ ထောင်နဲ့ ချီပြီးတော့လဲ လှူနိုင်ကြတယ်၊ သောင်းနဲ့လဲ လှူနိုင်ကြတယ်၊ စိတ်ဆန္ဒလဲ တူညီကြတယ်၊ ဒီကျောင်းမျိုးကို ဆောက်ချင်နေကြတာ ကြာပါပြီ၊ ကျောင်း ဆောက်ဖို့ရာ ခဏခဏစုံစမ်းနေကြပါတယ်၊ တဦးတည်းတောင် ဆောက်ချင်တဲ့သူ ရှိပါတယ်၊ ဒါပေမဲ့ အကြောင်း မညီညွတ်လို့ မဆောက်ခဲ့ကြရဘူး၊ ယခုမှ ဆောက်ရတယ်၊ ဒုတိယ ညက ရွှေစေတီ ဆရာတော်က ဝိသာခါကျောင်းအမကြီး အကြံအစည် ဖြစ်ပုံနဲ့ ကျောင်းဆောက်လှူရလို့ ဝမ်းမြောက်ပုံတွေကို ဟော သွားတယ်။

ကဒါပဟံ ပါသာဒံ ရမ္မံ၊ သုဓာမတ္တိကလေပနံ။
ဝိဟာရဒါနံ ဒဿာမိ၊ သက်ပွေါ မယှံ ပူရိတော-တဲ့။

ဝိသာခါ ကျောင်းအမကြီး ကျောင်းအလှူထမြောက် အောင်မြင်တဲ့အတွက် ဝမ်းမြောက်လွန်းလို့ ဥဒါန်းကျူးတဲ့ ဂါထာ။ ဂါထာ ဆိုတာ စနစ်ဘကျ ဆွဲငင်ဆိုယင် ပါဠိလို ဂီတ သီချင်းပါဘဲ။

သုဓာမတ္တိကလေပနံ၊ အင်္ဂတေ မြေညက်တို့ဖြင့် လိမ်းကျံ အပ်သော။ ရမ္မံ၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။ ပါသာဒံ၊ ပြာ သာဒ်ကို။ ကာရေတွာ၊ ဆောက်လုပ်စေ၍။ ဝိဟာရဒါနံ၊ ကျောင်းအလှူကို။ အဟံ၊ ငါသည်။ ကဒါ၊ အဘယ်အခါ ကာလ၌။ ဒဿာမိ၊ ပေးလှူရပါအံ့နည်း။ ဣတိ၊ ဤသို့ ဖြစ် ပေါ်နေသော။ မယှံ သင်္ကပ္ပေါ၊ ငါ၏ အကြံအစည်သည်။ ပူရိတော၊ ကောင်းကောင်းလှလှ ပြည့်ဝလေပြီတကား-တဲ့။

အဲဒါ ဝိသာခါကျောင်းအမကြီးက အင်္ဂတေ မြေညက်တွေနဲ့ လိမ်းကျံတဲ့ ပြာသာဒ်ကျောင်းကြီးကို ဆောက်လုပ်ပြီး လှူချင် တယ်၊ ဘယ်တော့ လှူရပါမည်လဲလို့ အကြံအစည် ဖြစ်ခဲ့တာ ကြာပြီတဲ့၊ ဘယ်လောက် ကြာပြီလဲ ဆိုယင် ကမ္ဘာတသိန်း တောင် ကြာပြီတဲ့၊ အဲဒါဟာ ယခု အကြံအောင်မြင်သွားပြီလို့ ဝမ်းမြောက် ဝမ်းသာ ဥဒါန်းကျူး သီဆိုပါတယ်၊ ရွှေစေတီ ဆရာတော်က ယခု ကျောင်းဒကာ ဒကာမတွေကိုလဲ ဥဒါန်း ကျူးဘို့ ကဗျာကလေးတခု စီပေးသွားသေးတယ်၊ မှတ်မိကြ သေးရဲ့လား။

အဲဒီ ဝိသာခါကျောင်းအမကြီးလိုဘဲ ယခု ကျောင်းဒကာ ကျောင်းအမတွေလဲ သာသနာ့ရိပ်သာမှာ ဒီကျောင်းမျိုး

ဆောက်လုပ်ပြီး လှူချင်နေတာ ကြာပါပြီ၊ ယနေ့တော့ အောင်မြင်သွားပြီ၊ ဒါကြောင့် တူညီသောဆန္ဒ တူညီသော စိတ်အကြံ ရှိကြတယ်လို့ ဆိုထားပါတယ်။

အဲဒီကနောက် (အညီအညွတ် စုပေါင်းကြပြီးလျှင် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်၍ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှါ ရည်သံတောင့်တ၍ ဤသာသနာ့ ရိပ်သာ အာရာမ် ကျောင်းတိုက်၌ နှစ်သိန်းများသော ကျပ်ငွေတို့ဖြင့် ရှုချင်စဖွယ် အလွန်တင့်တယ်၍ ကြည်နူးဘွယ် နှလုံးမွေ့လျော်ဘွယ် ကောင်းလှစွာသော မဟာစည်ကျောင်းတော်မည်သော ကျောင်းကို ဆောက်လုပ်စေပြီးလျှင် ယခုအခါ၌ ကျောင်းရေစက်ချ ပူဇော်ပွဲခေါ်သော မဟာဒါနအလှူပွဲကြီးကို ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပပါကုန်၏။) ဆိုတဲ့ ဒီစကားတွေကတော့ ထင်ရှားနေပါတယ် အထူးပြောဘို့ မလိုပါဘူး။

အဲဒီကနောက် (အရှင်မြတ်တို့ဘုရား ဤကျောင်းရေစက်ချ ပူဇော်ပွဲကို ကျင်းပသောအခါ ရှေးဦးစွာ သံဃာတော်အား ဆွမ်းကပ်လှူခြင်း, လာလာသမျှ အလုံးစုံသော ပုဂ္ဂိုလ်တို့အား တရားဟော လှူခြင်းတို့ကို ယင်းရေစက်ချပွဲ၏ အကြိုပူဇော်ပွဲ အဖြစ်ဖြင့် ၃-ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပါကုန်၏) ဆိုတဲ့ ဒီအပိုဒ်လဲ ထင်ရှားပါတယ်၊ လဆန်း ၁-ရက် ၂-ရက် ၃-ရက်က သုံးရက်လုံးလုံး သံဃာကုန် ဆွမ်းကပ်ခဲ့တယ်၊ တရားပွဲကျင်းပပြီး ဓမ္မဒါနပြုခဲ့တယ်၊ အဲဒါကို ပြောတာပါဘဲ။

အဲဒီကနောက် ယနေ့ ကျွေးမွေးလှူဒါန်းပုံကို ပြထားပါတယ်၊ မူလက သံဃာတရာကျော်လောက် ရှိလိမ့်မယ်လို့ ခန့်မှန်းပြီး (တရာကျော် အရေအတွက်ရှိသော ရဟန်းသံဃာတော်

အား)လို့ ရေးထားပါတယ်၊ ယခုတော့ နှစ်ရာကျော်လောက် ရှိကောင်း ရှိပါလိမ့်မယ်၊ လူပရိသတ်တွေတော့ ဘယ်နှစ်ထောင် လာမယ်လို့ စောစောက မခန့်မှန်းနိုင်ဘူး၊ ယခုလဲ အတိအကျ မပြောနိုင်ဘူး၊ လေးငါးထောင်ထက် နည်းပုံမရပါဘူး၊ အဲဒါကို တော့ (ထောင်ပေါင်းများစွာသော)လို့ ပြထားပါတယ်၊ အဲဒါ တွေကတော့ ထင်ရှားပါတယ်။

အဲဒီကနောက် သံဃာတော်၏ မျက်မှောက်၌ သရဏဂုံ ၃-ပါး နှင့်တကွ ငါးပါးသီလ ရှစ်ပါးသီလတို့ကို ဆောက်တည်ကြတဲ့ အကြောင်း ပြထားပါတယ်၊ ဒါတွေကတော့ ကျောင်းရေစက် ချ မဟုတ်သေးဘူး၊ ကျောင်းရေစက်ချ၏ အခြေခံတွေဘဲ ရှိပါ သေးတယ်။

အဲဒီကနောက် (ယခုဘွင်ပင် လျှောက်ထားအပ်ပြီးသော) ဆိုတာကတော့ ဒီရေစက်ချစာတမ်း အစနားက ဆောက်လုပ်ပုံ နှင့်တကွ လျှောက်ခဲ့တာကို ရည်ညွှန်းပါတယ်။ အဲဒီကနောက် (မဟာစည်ကျောင်းတော်ခေါ် သော ဤကျောင်း၏ အထက် ထပ်ဟု ဆိုအပ်သော အထက်ပိုင်းအဖို့ကို ရည်ညွှန်းပိုင်းခြား ရင်းရှိသည့်အတိုင်း မြတ်စွာဘုရားအားရင်း သံဃာတော်အား ရင်း မြတ်သောအလှူရေစက်ကို သွန်းချ၍ ကောင်းမှုရှိသေ စွာ လှူဒါန်းပါကုန်၏)တဲ့။ ဒီအပိုဒ်က အရေးအကြီးဆုံး အပိုဒ်ပဲ။ မဟာစည်ကျောင်းတော်ကို အထက်ပိုင်းနဲ့အောက်ပိုင်း ၂-ပိုင်း ခွဲခြားပြီးတော့ အထက်ပိုင်းကို ဘုရားအမှူးရှိသော သံဃာအား လှူဘို့ အောက်ပိုင်းကို ယောဂီအပေါင်းအား လှူဘို့ ဆိုတာ ခုနက တရားထဲမှာလဲ ပြောခဲ့ပါပြီ၊ အဲဒီက ပြောခဲ့တဲ့အတိုင်း အထက်ထပ်ကို မြတ်စွာဘုရားအားရင်း သံဃာတော်အားရင်း လှူဘို့ နှလုံးသွင်းထားကြရမယ်၊ သက်

တော်ထင်ရှား မြတ်စွာဘုရား ရှိစဉ်က အနာထပိဏ် ဝိသာခါ တို့ဟာ ဇေတဝန်ကျောင်း ပုဗ္ဗာရုံကျောင်းတော်ကြီးတွေကို လှူတဲ့အခါ မြတ်စွာဘုရားအားလဲ လှူရလို့ ဘုရား၏ ကျောင်း ဒကာ ကောင်းအမတွေ ဖြစ်ကြတယ်၊ သံဃာအားလဲ လှူလို့ သံဃိကကျောင်းဒကာ ကျောင်းအမတွေ ဖြစ်ကြတယ်၊ အဲဒီ လိုဘဲ ယခု မဟာစည်ကျောင်းတော်ထဲမှာ ကုသိုလ်ပါဝင်ထား ကြတဲ့ ကျောင်းဒကာ ကျောင်းအမတွေဟာ ရည်မှန်းထား သည့်အတိုင်း ဘုရားခန်းကို မြတ်စွာဘုရားအား လှူဒါန်းကြရ မယ်၊ အဲဒီလို လှူဒါန်းတဲ့အတွက် မြတ်စွာဘုရား၏ ကျောင်း ဒကာ ကျောင်းအမတွေ ဖြစ်ကြပါတယ်၊ ကျန်တဲ့အထက်ထပ် အပိုင်းကို သံဃာအားလှူဒါန်းကြရမယ်၊ အဲဒီလို လှူဒါန်းတဲ့ အတွက် သံဃိကကျောင်းဒကာ ကျောင်းအမတွေ ဖြစ်ကြပါ တယ်၊ ဒါကြောင့် ငါတို့ ယခု ကျောင်းရေစက်ချ လှူရတာဟာ ဟိုတုန်းက အနာထပိဏ် ဝိသာခါတို့လိုပါဘဲလားလို့ နှလုံးသွင်း ပြီး ဝမ်းမြောက်ဝမ်းသာစရာပါဘဲ။

အဲဒီကနောက် ရည်ရွယ်ရင်း ရှိသည့်အတိုင်း ဘုရားခန်း၌ မြတ်စွာဘုရား၏ ကိုယ်တော်စား ရုပ်ပွါးဆင်းတုတော် ကိန်း အောင်း တည်နေရန် လျှောက်ပုံကို ပြထားပါတယ်၊ အဲဒီက နောက် ကျန်တဲ့ သံဃိက အပိုင်းကို သံဃာတော်များ သုံး ဆောင်ရန် လျှောက်ပုံကို ပြထားပါတယ်။ သံဃိကကျောင်းဆို တာ သီလစသည်နှင့် ပြည့်စုံတဲ့ ရဟန်းပေမဲ့ ခြေမဆေးဘဲလဲ မနင်းကောင်းဘူး၊ ရေစိုနေတဲ့ ခြေနဲ့လဲ မနင်းကောင်းဘူး၊ လက်ဖဝါး ခြေဖဝါးမှ တပါးသောကိုယ် အင်္ဂါတို့ဖြင့်လဲ ထိပါး ပြီး မသုံးဆောင်ကောင်းဘူး၊ ချောညက်နေတဲ့နေရာမှာ ဘိနပ် မစီးကောင်းဘူး၊ ဒါပေမဲ့ ဒါယကာများက အဲဒီ ခြေလက် ကိုယ်

အင်္ဂါတွေနဲ့ အလိုရှိတိုင်း ထိပါးပြီး သုံးဆောင်ဘို့လျှောက်ထားယင်တော့ သုံးဆောင်ကောင်းပါတယ်။ ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ–ဒါယကာများက လျှောက်ထားသည့်အတိုင်းဘဲ ကျင့်သုံးရမယ်လို့ ပြဆိုတဲ့ ဝိနည်းအဆုံးအဖြတ်နှင့်အညီ သူတို့လျှောက်တဲ့အတိုင်း ချမ်းသာစွာ သုံးဆောင်နိုင်ပါတယ်၊ ဝစ္စကုဋိ ပဿာဝကုဋိ အဖြစ်ဖြင့် သုံးဆောင်ရန် လျှောက်ထားယင် ဘယ်လောက်ပဲ ကောင်းစေကာမူ အဲဒီ အဆောက်အဦကို ဝစ္စကုဋိ ပဿာဝကုဋိ အဖြစ်ဖြင့် သုံးဆောင်ရပါတယ်၊ ဒါကြောင့် ယခု ကျောင်းမှာလဲ သံဃာတော်များ ချမ်းချမ်းသာသာ သုံးဆောင်နိုင်အောင် လျှောက်ပုံများကိုလဲ ပြထားပါတယ်၊ ဒါပေမဲ့ ဒါယကာများက သန့်သန့်ပြန့်ပြန့်နေဘို့ ရည်ရွယ်ပြီး ဝင်းဝင်းတောက် ပြောင်နေအောင် ဆောက်လုပ်လှူတဲ့ကျောင်းကို ဆွမ်းစားကျောင်းကဲ့သို့ ယာဝကာလိက ယာမကာလိက စားဘွယ် သောက်ဘွယ်များကိုတော့ သိုမှီးသိမ်းဆည်းထားရန် မသင့်ပေဘူးလို့ နှလုံးသွင်းမိတဲ့အပြင် အနာထပိဏ်၏ ဇေတဝန်ကျောင်းတော် ဝိသာခါ၏ ပုဗ္ဗာရုံကျောင်းတော်များကို ရေစက်ချစဉ်က ကပ္ပိယကုဋိအဖြစ် ရေစက်မချခဲ့တာကိုလဲ သတိပြုမိတဲ့အတွက် ယခု မဟာစည်ကျောင်းကို ကပ္ပိယကုဋိအဖြစ်ဖြင့် ရေစက်ချဘို့တော့ ညွှန်ကြားမထားဘူး၊ ဘုန်းကြီးကစပြီး ဒီကျောင်းမှာနေတဲ့ ပုဂ္ဂိုလ်များဟာ အန္တောဝုတ္ထ ဖြစ်နိုင်တဲ့ စားသောက်ဖွယ်များကို ဒီကျောင်းထဲမှာ ညဥ့်သိပ်မထားဘဲ ရိုရိုသေသေ နေထိုင်သွားဘို့ပါဘဲ။ နောက်ပြီးတော့-လေဏတ္ထဉ္စ သုခတ္ထဉ္စ ဈာယိတုဉ္စ ဝိပဿိတုံ-ဆိုတဲ့ ဒေသနာတော်နှင့်အညီ သမထဝိပဿနာရှုဘို့လည်း ရည်ရွယ်ပြီး လှူကြောင်း ဖော်ပြထားပါတယ်၊ ကမ္မဋ္ဌာန်းဌာနမှာလှူတဲ့

ကျောင်းဆိုတော့ ဒီရည်ရွယ်ချက်က အရေးအပါဆုံးလို့ ဆိုရမှာဘဲ။

အဲဒီကနောက် ဓမ္မာရုံခန်းနှင့်တကွ အောက်ပိုင်း အောက်ထပ်ကို မဟာစည် ဆရာတော် အမှူးရှိသော ရဟန်း ရှင်လူ ယောဂီအပေါင်းအား ဂဏိကအဖြစ်ဖြင့် လှူဘို့ ဖော်ပြထားပါတယ်။ အဲဒီ ရဟန်း ရှင်လူ ဆိုတဲ့ စကားထဲမှာ ရဟန်းရော ရှင်ဆိုတဲ့ ရှင်သာမဏေနဲ့ သီလရှင်ရော လူဝတ်ကြောင်ရော ပါပါတယ်၊ ဒါကြောင့် သတိပဋ္ဌာန်တရားကို ပွါးများအားထုတ်နေတဲ့ အဲဒီ ယောဂီအပေါင်းအား လှူဘို့ပါဘဲ၊ သံဃိက မလှူဘဲ အဲဒီယောဂီအပေါင်းအား ဂဏိကအဖြစ်ဖြင့် လှူစေတာကတော့ အဲဒီ အောက်ထပ်မှာ တရားနာတဲ့အခါ အလှူကိစ္စနဲ့ လာတဲ့အခါ ဒကာ ဒကမတွေမှာ အပြစ်ကင်းပြီး ချမ်းချမ်းသာသာနဲ့ နေထိုင်ခွင့်ရအောင်လို့ပါဘဲ၊ အဲဒီလို ချမ်းချမ်းသာသာနဲ့ နေထိုင်နိုင်အောင် လျှောက်ပုံကိုလဲ ပြထားပါတယ်။ နောက်ပြီးတော့ အဲဒီမှာ တရားဟောခြင်း တရားနာခြင်းစသော သာသနကိစ္စများကို ဆောင်ရွက်ဖို့လဲ ညွှန်ပြထားပါတယ်၊ အာသီသကိုလဲ ပြထားပါတယ်။

အဲဒီကနောက် (ထိုပြင်လည်း ဤမဟာစည်ကျောင်းတော်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှါ မဟာစည် သြဝါဒခံ သာသနာ့ရိပ်သာ အာရာမ်၏ အစောင့်အရှောက် ဝေါပကာ ဖြစ်သော ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်အားလည်း အပ်နှင်းပါကုန်၏ အရှင်မြတ်တို့ဘုရား) ဆိုတဲ့ အပိုဒ်ကလဲ အရေးကြီးပါတယ်၊ အင်မတန်ကောင်းတဲ့ ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းပြီး မစောင့်ရှောက်ပဲ အစောင့်အရှောက်မရှိပဲ ပစ်ထားလို့ မဖြစ်ပေဘူး၊ နေချင်တဲ့ပုဂ္ဂိုလ်တိုင်း တက်နေလို့လဲ မဖြစ်ပေဘူး၊

ဒါကြောင့် ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဒီအဖွဲ့ကို အပ်ရပါတယ်၊ ဒီလို အပ်ထားတဲ့အတွက် သုတ်သင်စရာ ရှိသမျှကို ဒီဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့က သုတ်သင်သွားရမယ်၊ ပြုပြင်စရာရှိယင်လဲ ဒီအဖွဲ့ကဘဲ ပြုပြင်သွားရမယ်၊ အဲဒါ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်ရေးဘဏ္ဍာငွေ သီးသန့်ထားပြီး စောင့်ရှောက်သွားမယ်လို့ ကျေညာထားပြီး ဖြစ်ပါတယ်၊ နောက်ပြီးတော့ ဒီကျောင်းမှာ အဲဒီ ထိန်းသိမ်းစောင့်ရှောက်တဲ့ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့က ကြည်ညိုတဲ့ပုဂ္ဂိုလ်သာ နေထိုင်ခွင့် ရမယ်။

အဲဒီကနောက်တော့ သီးသန့် ပင့်ထားတဲ့ ၆၅-ပါးသော အရှင်မြတ်တို့အား လှူဘွယ်ဝတ္ထုများကို လှူဒါန်းပုံနဲ့ဆုတောင်းအမျှဝေပုံတွေပါဘဲ၊ အဲဒါကတော့ အထူးရှင်းပြနေဘို့ မလိုပါဘူး။

ဒါကြောင့် ယခု ရေစက်ချရမယ်၊ ရေစက်ခွက်ကိုင်ကြ။ ရှေးဦးစွာ ပါဠိလို ရေစက်ချစာတမ်းကို ဘုန်းကြီးကဘဲ ရွတ်ဆိုသွားမယ်၊ ဒကာ ဒကာမတွေက လိုက်မဆိုကြနဲ့၊ မှန်အောင်ဆိုဘို့ မလွယ်ဘူး၊ ဒါကြောင့် ပါဠိလို ရွတ်ဆိုနေတဲ့အခါ စိတ်နဲ့သာ အာရုံပြုကြပေတော့။ ဗမာလို ရေစက်ချစာတမ်းကျတော့ လိုက်ပြီးတော့လဲ ဆိုကြရမယ်။ ကဲ ယခု ဘုန်းကြီးက ပါဠိလို ရေစက်ချကို ဆိုတော့မယ်။

## ပါဠိရေစက်ချ စာတမ်း

## (၁၁)

မယံ ဘန္တေ သမသဒ္ဓါ သမဆန္ဒာ သမစိတ္တာ သင်္ဂမ္မ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမသ္မိံ သာသနာ့ရိပ်သာအာရာမေ ဒွိသတမတ္တေဟိ

ကဟာပဏသဟဿေဟိ မဟာဘောရိဝိဟာရဝရနာမကံ ဝိဟာရံ အတိသောဘိတံ ဒဿနီယံ ပါသာဒိကံ မနောရမံ ကာရာပေတွာ ဣဒါနိ ဝိဟာရမဟံ နာမ မဟာဒါနသဘံ ကရောမ။ ဣမသ္မိံ စ ဘန္တေ ဝိဟာရမဟေ ကရိယမာနေ ပဌမံ တယော ဒိဝသေ ဘိက္ခုသံဃဿ ဘတ္တဒါနဉ္စ ဗဟုဇနဿ ဓမ္မဒါနဉ္စ တဒုပစာရဘာဝေန ကရိမှာ။ အဇ္ဇ ပန သာဓိကသတသင်္ချဿ ဘိက္ခုသံဃဿ အရုဏုဂ္ဂမနကာလေ စ မဇ္ဈန္ဟိကာသန္နကာလေ စာတိ ဒွိသု ကာလေသု ဒွိက္ခတ္တုံ ပဏီတာနိ ပိဏ္ဍပါတခါဒနီယဘောဇနီယဝိသေသပါနာနိ သက္ကစ္စံ အဒမှာ၊ အနေကသဟဿေ စ ဥပါသကောပါသိကာဇနေ ပဏီတေဟိ ခါဒနီယဘောဇနီယပါနဝိသေသေဟိ ဘောဇယိမှာ။

ဧဝဉ္စ ဘန္တေ ဒတွာ ဘောဇေတွာ စ ဒါနိ ဘိက္ခုသံဃဿ သမ္မုခေ သရဏသီလာနိ ပုန သမာဒိယိတွာ တေဿ ယထာဝုတ္တဝိဟာရဿ မဟာဘောရိဝိဟာရဝရနာမကဿ ဥပရိမဘူမိသင်္ခါတံ ဥပရိမဘာဂံ ယထာဒိဋ္ဌပရိစ္ဆိန္နံ ဗုဒ္ဓဿ စ ဘိက္ခုသံဃဿ စ ဒက္ခိဏောဒကံ ဩသိဉ္စိယ သက္ကစ္စံ ဒေမ၊ ဧတ္ထ ဘန္တေ ယထာပရိစ္ဆိန္နေ ဗုဒ္ဓပဋိမာဂဗ္ဘေ ဗုဒ္ဓပဋိမာ ဒေဝမနုဿာနံ ဝန္ဒနာမာနနပူဇာသက္ကာရေ သမ္ပဋိစ္ဆမာနာ ပတိဋ္ဌာတု။ တဒညဋ္ဌာနာနိ ပန သီလာဒိဂုဏသမ္ပန္နာ ဘိက္ခူ အဓောတေဟိ ဓောတေဟိ စ သောဒကေဟိ ပါဒေဟိ အက္ကမိတွာ သဗ္ဗကာယင်္ဂေဟိ စ ဖုသိတွာ နဟာနကောဋ္ဌကဂဗ္ဘေ ပန သဥပါဟနာပိ ဟုတွာ ယထာသုခံ ပရိဘုဉ္ဇန္တု လေဏတ္ထာယ စ သုခတ္ထာယ စ ဈာယိတုဉ္စ ဝိပဿိတုဉ္စ။

ဟေဋ္ဌိမဘူမိသင်္ခါတံ ပနဿ ဟေဋ္ဌိမဘာဂံ သဓမ္မဒေသနာမဟာဂဏ္ဍံ မဟာစည်ထေရပ္ပမုခဿ ဂဟဋ္ဌပဗ္ဗဇိတယောဂါဝစရ-

ဂဏာသ သတိပဋ္ဌာနဓမ္မပရိပူရကာသ ဒေမ အခေါတေဟိ ခေါတေဟိ စ သောဒကေဟိ ပါဒေဟိ အက္ကမိတွာ သဗ္ဗ- ကာယင်္ဂေဟိ စ ဖုသိတွာ ယထာသုခံ ပရိဘုဉ္ဇိတုံ၊ တွေ ဘန္တေ သီလာဒိဂုဏာသမ္ပန္နာ ဘိက္ခုသာမဏေရာ စ ဂဟဋ္ဌယောဂါဝစရာ စ ဓမ္မမာမကာ ဥပါသကဥပါသိကာယော စ ယထာနိယမိတံ ယထာသုခံ ဝသမာနာ ဓမ္မဒေသနာဓမ္မသဝနာဒိသာသန- ကိစ္စာနိ ကရောန္တု၊ ဘာဝနဉ္စ အနုယုဉ္ဇန္တု၊ ဓမ္မံ သုဏိတွာ ဘာဝနဉ္စ အနုယုဉ္ဇိတွာ မဂ္ဂဖလနိဗ္ဗာနံ ခိပ္ပံ ပါပုဏန္တု။

အထောပေတံ ဝိဟာရံ မဟာစည်ထေရောဝါဒပဋိဂ္ဂါဟ- ကာသ သာသနာ့ရိပ်သာအာရာမရက္ခကဂေါပကဘူတာသ ဗုဒ္ဓ- သာသနာနုဂ္ဂဟာသမဂ္ဂုက္ကဋ္ဌာသ စ နိယျာတေမ ယထာနိယမိတံ ရက္ခဏဂေါပနတ္ထာယ။

ဣမာနိ စ စီဝရာဒိနာနာဒေယျဓမ္မဝတ္ထူနိ သီလာဒိဂုဏာ- သမ္ပန္နာနံ ပဉ္စသင်္ဃာယာ ထေရာနံ ယထာဥဒ္ဒိဋ္ဌာနံ ဝိသုံ ဝိသုံ ပရိစ္စိဇ္ဇ သက္ကစ္စံ ဒေမ ပူဇေမ။

ဣဒံ နော ပုညံ အာသဝက္ခယာဝဟံ ဟောတု၊ ဣမဿ ပုညဿ ပတ္တိံ သဗ္ဗေသံ သတ္တာနံ ဒေမ။ သဗ္ဗေပိ တေ ဣမဿ ပုညဿ ပတ္တိံ လဒ္ဓါ သုခိတာ ဟောန္တု။

ပါဠိရေစက်ချက ပြီးသွားပြီ။ ယခု ဗမာလို ရေစက်ချမယ်၊ ရေစက်ခွက် ကိုင်ကြ။ အားလုံး လိုက်ဆိုကြရမယ်။

## မြန်မာသက်သက် ရေစက်ချစာတမ်း

## (၁၂)

သံဃာတော်အရှင်မြတ်တို့ဘုရား တူညီသောသဒ္ဓါ တူညီ သော ဆန္ဒ တူညီသောစိတ်အကြံ ရှိကြသော ဗုဒ္ဓသာသနာ-

နဂ္ဂဟာအဖွဲ့ဝင်များ မဟာစည်ဩဝါဒခံ ယောဂီများနှင့် အခြား စေတနာရှင်များ ဖြစ်ကြသော တပည့်တော်တို့သည် အညီ အညွတ် စုပေါင်းကြပြီးလျှင် သံဃာ ဝင္ဂဆင်းရဲမှ လွတ်မြောက် ၍ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှါ ရည်သံတောင့်တ၍ ဤသာသနာ့ရိပ်သာ အာရာမ်ကျောင်း တိုက်၌ နှစ်သိန်းမျှသော ကျပ်ငွေတို့ဖြင့် ရှုချင်စဖွယ် အလွန် တင့်တယ်၍ ကြည်နူးဘွယ် နှလုံးမွေ့လျော်ဘွယ် ကောင်းလှစွာ သော မဟာစည်ကျောင်းတော်မည်သော ကျောင်းကို ဆောက် လုပ်စေပြီးလျှင် ယခုအခါ၌ ကျောင်းရေစက်ချ ပူဇော်ပွဲခေါ် သော မဟာဒါန အလှူပွဲကြီးကို ခမ်းနားသိုက်မြိုက်စွာ ဆင် ယင်ကျင်းပပါကုန်၏။ အရှင်မြတ်တို့ဘုရား ဤ ကျောင်းရေ စက်ချ ပူဇော်ပွဲကို ကျင်းပသောအခါ ရှေးဦးစွာ သံဃာတော် အား ဆွမ်းကပ်လှူခြင်း, လာလာသမျှ အလုံးစုံသော ပုဂ္ဂိုလ် တို့အား တရားဟောလှူခြင်းတို့ကို ယင်းရေစက်ချပွဲ၏ အကြို ပူဇော်ပွဲအဖြစ်ဖြင့် သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပါကုန်၏၊ ယနေ့အဖို့၌မူကား တရာကျော် အရေအတွက်ရှိသော ရဟန်း သံဃာတော်အား အရုဏ်ဆွမ်းတကြိမ်, နေ့ဆွမ်းတကြိမ်အား ဖြင့် ၂-ကြိမ်တိုင်တိုင် မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ်နှင့် သောက်ဖွယ်အထူးတို့ကို ရိုသေစွာ ဆက်ကပ် လှူဒါန်း ကျွေး မွေး ပူဇော်ခဲ့ပါကုန်ပြီ၊ ထောင်ပေါင်းများစွာသော ဥပါသကာ ဥပါသိကာ လူပရိသတ်တို့ကိုလည်း မွန်မြတ်သော ခဲဘွယ် ဘော ဇဉ် သောက်ဖွယ်အထူးတို့ဖြင့် ကျွေးမွေးခဲ့ပါကုန်ပြီ။

အရှင်မြတ်တို့ဘုရား ဤသို့ ဆက်ကပ်လှူဒါန်း ကျွေးမွေး ကြပြီးလျှင် ယခုအခါ ရဟန်းသံဃာတော်၏ မျက်မှောက်၌ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ ရှစ်ပါးသီလတို့ကို ထပ်မံ

ဆောက်တည်ကြပြီးလျှင် ယခုတွင်ပင် လျှောက်ထားအပ်ခဲ့ပြီးသော မဟာစည်ကျောင်းတော်ခေါ်သော ဤကျောင်း၏ အထက်ထပ်ဟု ဆိုအပ်သော အထက်ပိုင်းအဖို့ကို ရည်ညွှန်းပိုင်းခြားရင်း ရှိသည့်အတိုင်း မြတ်စွာဘုရားအားရင်း သံဃာတော်အားရင်း မြတ်သော အလှူရေစက်ကို သွန်းချ၍ ကောင်းမွန်ရိုသေစွာ လှူဒါန်းပါကုန်၏ အရှင်မြတ်တို့ဘုရား။ ဤကျောင်းအထက်ထပ်၌ ရည်ညွှန်းပိုင်းခြားထားအပ်သော ဘုရားခန်း၌ မြတ်စွာဘုရား၏ ကိုယ်တော်စားဖြစ်သော ဘုရား၏ ရုပ်ပွါးဆင်းတုတော်သည် နတ်လူတို့၏ ရှိခိုးခြင်း မြတ်နိုးခြင်း ပူဇော်ခြင်း အရိုအသေပြုခြင်းတို့ကို ခံတော်မူကာ ကိန်းအောင်းတည်နေပါစေသတည်း။ ထိုဘုရားခန်းမှတပါးသော ဌာနတို့ကိုမူ သီလအစရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူကြသော ရဟန်းတော်တို့သည် မဆေးအပ်သောခြေ ဆေးပြီး၍ ရေစိုနေသော ခြေတို့ဖြင့် နင်း၍ရင်း အလုံးစုံသော ကိုယ်အင်္ဂါတို့ဖြင့် ထိပါးသုံးသပ်၍ရင်း ရေချိုးခန်း၌မူ ဘိနပ်စီး၍ရင်း ကိန်းအောင်းရန်အလို့ငှါရင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရန်အလို့ငှါရင်း သမထအာရုံကို ရှုရန်အလို့ငှါရင်း ဝိပဿနာရှုရန် အလို့ငှါရင်း ချမ်းသာသည့်အလျောက် အလိုရှိတိုင်း သုံးဆောင်တော်မူကြပါစေကုန်သတည်း။

ထို့ပြင် တရားဟောရန် ဓမ္မာရုံ ခန်းမကြီးနှင့်တကွ ယင်းမဟာစည်ကျောင်းတော်၏ အောက်ထပ်ဟု ဆိုအပ်သော အောက်ပိုင်းအဖို့ကိုမူ မဟာစည်ဆရာတော်အမှူးရှိသော သတိပဋ္ဌာန်တရား ပွါးများဖြည့်ကျင့်သော ရဟန်းရှင်လူ ယောဂီအပေါင်းအား မဆေးအပ်သောခြေ ဆေးပြီး၍ ရေစိုနေသော ခြေတို့ဖြင့် နင်း၍ရင်း အလုံးစုံသော ကိုယ်အင်္ဂါတို့ဖြင့် ထိပါး

သုံးသပ်၍၎င်း ချမ်းသာသည့် အလျောက် အလိုရှိတိုင်း သုံးဆောင်ရန်အလို့ငှါ မြတ်သော အလှူရေစက်ကို သွန်းချ၍ လှူဒါန်းပါကုန်၏ အရှင်မြတ်တို့ဘုရား။ ဤမဟာစည်ကျောင်းတော်အောက်ထပ်၌ သီလအစရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံကုန်သော ရဟန်းသာမဏေတို့သည်၎င်း လူဝတ်ကြောင်ယောဂီတို့သည်၎င်း တရားကို မြတ်နိုးသော ဥပါသကာ ဥပါသိကာတို့သည်၎င်း ပိုင်းခြားသတ်မှတ်ထားသည့်အတိုင်း ချမ်းသာသည့်အလျောက် အလိုရှိတိုင်း သီတင်းသုံးနေထိုင်ကုန်လျက် တရားဟောခြင်း တရားနာခြင်း အစရှိသော သာသနာနှင့် စပ်ဆိုင်သော ကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ကြပါစေ၊ ဘာဝနာအလုပ်ကိုလည်း အားထုတ်ကြပါစေ၊ တရားနာကာ ဘာဝနာကို အားထုတ်ကြ၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ လျင်မြန်စွာ ဆိုက်ရောက်ကြပါစေ။

ထို့ပြင်လည်း ဤမဟာစည်ကျောင်းတော်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှါ မဟာစည်သြဝါဒခံ သာသနာ့ရိပ်သာအာရာမ်၏ အစောင့်အရှောက် ဂေါပကဖြစ်သော ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်အားလည်း အပ်နှင်းပါကုန်၏အရှင်မြတ်တို့ဘုရား။

ထို့ပြင် ဤသင်္ကန်း ခြင်ထောင် အစရှိသော လှူဘွယ်ဝတ္ထုတို့ကိုလည်း သီလအစရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူကြသော ရည်ရွယ်အပ်သော ၆၅-ပါးသော မထေရ်တို့အား အသီးသီး ပိုင်းခြား၍ ရိုသေစွာ လှူဒါန်းပူဇော်ပါကုန်၏ အရှင်မြတ်တို့ဘုရား။

သံဃာတော်နှင့် လူပရိသတ်များစွာတို့အား ကောင်းစွာကျွေးမွေးခြင်း, ကျပ်ငွေ နှစ်သိန်းတန် မဟာစည်ကျောင်းတော်

ကို ရေစက်သွန်းချ လှူဒါန်းခြင်း, ၆၅-ပါးသော အရှင်မြတ်တို့အား သင်္ကန်း ခြင်ထောင် အစရှိသော အမျိုးမျိုးသော လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်းခြင်း အစရှိသော တပည့်တော်တို့၏ ဤကောင်းမှုအပေါင်းသည် အာသဝေါတရား ၄-ပါးတို့၏ ကုန်ရာ ကုန်ကြောင်း ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွက်ဆောင်ပါစေသတည်း။

မဟာစည်ကျောင်းတော်ကို ရေစက်ချ လှူဒါန်းခြင်း အစရှိသော ဤကောင်းမှုအပေါင်း၏ အဖို့ဘာဂကို ကွယ်လွန်လေသော ဤမဟာစည်ကျောင်းတော်၏ အရင်းခံ မ-တည် ဒါယကာဖြစ်သူ ဆာဦးသွင်နှင့်တကွ ကျွန်ုပ်တို့၏ အသီးအသီးသော အမိအဘ အဆွေအမျိုး ဤအာရာမ်၌ ရောက်ရှိသော ပရိသတ်အပေါင်းတို့မှစ၍ အလုံးစုံသော သတ္တဝါအပေါင်းတို့အား အမျှအမျှ-အမျှ ပေးဝေပါကုန်၏၊ အလုံးစုံသော ထိုသတ္တဝါတို့သည် ဤကောင်းမှု၏ အဖို့ကို အညီအမျှ ရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေသောဝ်။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့ ။

သာဓု-သာဓု-သာဓု။

ကျောင်းတော်ရေစက်ချနှင့် အနုမောဒနာတရား အလုံးစုံ ဤတွင် ပြီး၏။

ပ-မ-ဗ-သ-စ—၉၀၂—၁၀-၇-၇၀—၅၀၀၀-အုပ် (၂)။